

ဝင်းငြိမ်း

www.foreverspace.com.mm

ဝင်းငြိမ်း စီစဉ်သည်

# အမှတ်တရ ရွှေ ၆၀

## ရွှေအမြုတေဝတ္ထုတို ၆၀ စုစည်းမှု

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.foreverspace.com.mm


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၅၁၀၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၈၀၆၀၅

♦

## ပုံနှိပ်ခြင်း

ပထမအကြိမ် - ၂၀၀၆ ခုနှစ်၊ မေလ။
အုပ်ရေ - (၅၀၀)

♦

## မျက်နှာဖုံး

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊
၉၆ (ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။

♦

## အတွင်းပုံနှိပ်သူ

ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်၊
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

♦

## ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

♦

## မျက်နှာဖုံးပန်းချီ

မြင့်မောင်ကျော်

♦

## တန်ဖိုး

၄၀၀၀ ကျပ်

www.foreverspace.com.mm

# မာတိကာ


| | | |
|---|---|---|
| ၁။ လွမ်းသလားမေပျို | ခြိမ့်သဲ | ၁၁ |
| ၂။ လူကောင်းလူချွန် | ညီပုလေး | ၁၉ |
| ၃။ အစိမ်းကြွေ | မရွှေစု | ၃၁ |
| ၄။ သူ…သူ…သူ…သူ… | ခင်ပန်နှင်း(မြောင်းမြ) | ၃၉ |
| ၅။ အပြာရင့်သမိုင်း | ခက်မာ | ၄၅ |
| ၆။ မြတ်နိုးစိမ်း | ကိုချို | ၅၉ |
| ၇။ သင်းကွဲငှက် မဟုတ်တဲ့… | လူပန့်ငယ် | ၇၉ |
| ၈။ ရေ | မသီတာ(စမ်းချောင်း) | ၉၉ |
| ၉။ မဂ်အမတာ တက်ခါနီးချိန်မို့ | အောင်ကျော်ဆန်း(မန္တလေး) | ၁၀၅ |
| ၁၀။ ကြက်ဥစားသူများ | ရဲနန္ဒာမိုး | ၁၁၅ |
| ၁၁။ ရောဂါနံပါတ် (၉၇) | ဝင်းစည်သူ | ၁၂၇ |
| ၁၂။ ရေမြောင်းထဲက ည | ဇေယျာလင်း | ၁၃၇ |
| ၁၃။ စိတ်တစ္ဆေ | လွန်းထားထား | ၁၅၃ |
| ၁၄။ ဖိနပ်ကလေးတစ်ဖက် | ခင်ညိမ်းဆက် | ၁၆၃ |
| ၁၅။ လူမွဲတွေက မနေး ခေတ်မီ | မိုးချိုသင်း | ၁၇၃ |
| ၁၆။ နှလုံးသားစမ်းချောင်းလေး | မိုးချော့ | ၁၈၁ |
| ၁၇။ ဒီဇိုင်းမဲ့ မျက်နှာဖုံး | နေထွန်းသစ် | ၁၉၇ |
| ၁၈။ ရွှေအဖျား | မြတ်ပွင့် | ၂၀၅ |
| ၁၉။ ငွေ့ပျံအောင်းသူ | သိုက်ထွန်းသက် | ၂၁၃ |

www.foreverspace.com.mm


| | | |
|---|---|---|
| ၂၀။ ဗူး | နေဝင်းမြင့် | ၂၂၃ |
| ၂၁။ ရေထဲကငှက် | ဆွေဦးမြင့် | ၂၃၅ |
| ၂၂။ ဉာဉ် | မြနှောင်းညို | ၂၄၅ |
| ၂၃။ ကျွန်မချစ်သူ | သံဇင်ဦး | ၂၅၃ |
| ၂၄။ စာတန်းစိတ္တဇ | ကျော်ရင်မြင့် | ၂၆၁ |
| ၂၅။ တစ်သိန်းခွဲ+၀=၀ | မောင်တင်ဆင့် | ၂၆၇ |
| ၂၆။ ရေခဲမုန့်တိုင်း | အာကာ | ၂၇၃ |
| ၂၇။ တိုက်စားခြင်း | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၂၈၇ |
| ၂၈။ ဒိုဗာမင် | မောင်စိန်ဝင်း(ပုတီးကုန်း) | ၂၉၉ |
| ၂၉။ အဖေ မဟုတ်ပါဘူးနော် | နုနုရည်အင်းဝ | ၃၀၇ |
| ၃၀။ ဝတ္ထုဖတ်သူများ | မိုးနီလွင် | ၃၁၇ |
| ၃၁။ ဖောက်သည် | အောင်ကျော်တိုး | ၃၂၉ |
| ၃၂။ မိန်းမတစ်ယောက်၏ ဆန်းကြယ်သောအချစ် | နှင်းဆီနီ | ၃၃၇ |
| ၃၃။ ဟိုတုန်းက မိဂဒါဝုန် | အဏ္ဏဝါစိုးမိုး | ၃၄၇ |
| ၃၄။ သမိုင်းဦးဝေဒနာ | ကိုချစ် | ၃၅၃ |
| ၃၅။ ပိုးစားခြင်း | ကိုဆွေ | ၃၆၃ |
| ၃၆။ သူ့ဇာတာ | မဝင့်(မြစ်ငယ်) | ၃၇၁ |
| ၃၇။ ဖိုးမောင်ကြီး | ဇင်ဝိုင်း | ၃၈၁ |
| ၃၈။ မပျော်ခြောက်လ ပျော်ခြောက်လ | ဆောင်းဝင်းလတ် | ၃၈၉ |
| ၃၉။ အသံမဲ့သွားတဲ့သီချင်း အလင်းမဲ့သွားတဲ့ကြယ် | သူညို | ၃၉၇ |

www.foreverspace.com.mm


| | | |
|---|---|---|
| ၄၀။ ရန်ဖြစ်နေသော ခြေလှမ်းများ | မီမိုး | ၄၁၁ |
| ၄၁။ ပုဆိုးပုခက် လတက်ချိတ်မယ် | ကိုငြိမ်း(မန္တလေး) | ၄၁၉ |
| ၄၂။ ဘိသိက်ကျော် | ဆူးငှက် | ၄၃၅ |
| ၄၃။ ခဲတံနှင့်လူ | နီသွေး | ၄၄၅ |
| ၄၄။ ရေတိမ်ကြာသို့ တမ်းတခြင်း | နန်းကူး | ၄၅၁ |
| ၄၅။ ကြည်လင်သောရေ | မျိုးငြိမ်းဆွေ | ၄၅၇ |
| ၄၆။ ပန်းဆန္ဒ | ခိုင်နွယ်သန့်(မန္တလေး) | ၄၇၃ |
| ၄၇။ ဇော | တင်မြင့်ဦး(သံတွဲ) | ၄၉၁ |
| ၄၈။ နာရီထဲက တံလျှပ်များ | ဂျူဇော် | ၅၀၁ |
| ၄၉။ ဦးရဲ့ကိုကို | ညိုထွန်းလူ | ၅၁၁ |
| ၅၀။ အာဒံသီး | မြဒင် | ၅၂၃ |
| ၅၁။ နှံ့သာကုန်းမှာ | ဒေါင်းနေမင်း | ၅၃၁ |
| ၅၂။ ကညာမေ ဗျာကေဝိုက်ကယ်က | ချစ်စရာ | ၅၄၁ |
| ၅၃။ အောင်ဘာလေနှင့် ရွှေငါးလေးငါးကောင် | မောင်ကိုကို(အမရပူရ) | ၅၅၁ |
| ၅၄။ ကွေ့သောမြစ်တွင် မျှောပါခြင်း | မေသက်စု | ၅၅၉ |
| ၅၅။ ပုံဆိုးမ | ခင်ခင်ထူး | ၅၇၃ |
| ၅၆။ ဆင်ဆယ်တန် | ကံချွန် | ၅၈၃ |
| ၅၇။ မြူမှုန်တစ်ခု၏ထုထည် | မောင်ကျော်သာ(ပဲခူး) | ၅၈၉ |
| ၅၈။ မို့မို့မြင့်အောင်နတ် | သုမောင် | ၅၉၉ |
| ၅၉။ ပျို့ခန်းသာ ဝိုက်ကာ မွှေးတယ် | ကြူးနစ် | ၆၀၉ |
| ၆၀။ ဆုံးသွားတဲ့အကြွေး | ဇင်သန့် | ၆၂၅ |

www.foreverspace.com.mm

# စီစဉ်သူရဲ့ အမှာစကား

ရွှေအမြုတေမဂ္ဂဇင်းကို စီစဉ်တည်းဖြတ်လာခဲ့တာ ၁၆ နှစ်ကျော်၊ ၁၇ နှစ်အတွင်း ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။ ပထမပိုင်းမှာ လူငယ်ပရိသတ်ကို ဆွဲဆောင်နိုင်ဖို့အတွက် ရွှေအမြုတေမဂ္ဂဇင်းကို ပေါ့ပ်ဆောင်းပါး ခပ်များများနဲ့ ဖန်တီးခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ရသစာပေကို ချစ်မြတ်နိုးကြတဲ့ စာဖတ်ပရိသတ်များအတွက် ဖောင်းပေးခဲ့ပါတယ်။ ဒါကြောင့်လည်း စာဖတ်ပရိသတ်များက ရွှေအမြုတေမှာ ပါတဲ့ ဝတ္ထုတိုအများစုကို နှစ်ခြိုက်အားပေးခဲ့ကြပါတယ်။

၂၀၀၆ ခုနှစ် မေလ ၂၈ ရက်နေ့မှာ ကျွန်တော် အသက် ၆၀ ပြည့်ပါတော့မယ်။ အဲဒီနေ့မှာ ရွှေအမြုတေစာပေဆုကို တစ်နှစ်အတွင်း ထွက်ရှိတဲ့ မဂ္ဂဇင်းများထဲက ရွေးချယ်ပြီး ဆု ၇ ဆု ချီးမြှင့်မယ်လို့ စာပေကျွမ်းကျင်သူ ပညာရှင်များနဲ့ တိုင်ပင်ပြီး ရွေးချယ်နေပါတယ်။ အဲဒါအပြင် အမှတ်တရအဖြစ် ရွှေအမြုတေရဲ့ ဝတ္ထုတိုတချို့ကိုလည်း ရွေးချယ်စုစည်း ထုတ်ဝေမယ်လို့ စဉ်းစားတဲ့အခါ မဂ္ဂဇင်း အမှတ် (၁) ကနေစပြီး ပြန်ဖတ်ဖြစ်ပါတယ်။ ကျွန်တော်ကြိုက်လို့ ဖော်ပြခဲ့တဲ့ ဝတ္ထုတွေဖြစ်တာကြောင့် ဝတ္ထုတိုင်းဟာ ကျွန်တော့်အတွက်

www.foreverspace.com.mm

အမှတ်တရတွေချည်း ဖြစ်နေပါတယ်။ အားလုံးကို စုစည်းဖို့ဆိုတာ မဖြစ်နိုင်တာကြောင့် ဖော်ပြခဲ့တဲ့ ဝတ္ထုများထဲက စိတ်ကြိုက်ဝတ္ထု (၆၀) ကို ရွေးချယ်ပါတယ်။ ရွေးချယ်တဲ့နေရာမှာ စာရေးဆရာတစ်ဦးလျှင် တစ်ပုဒ်သာ ရွေးချယ်မယ်လို့ ဆုံးဖြတ်ထားတာကြောင့် ကျွန်တော့်စိတ်ထဲမှာ စွဲစွဲထင်ထင်ရှိတဲ့ ဝတ္ထုတွေ အများကြီး ရှိပေမယ့် ချန်လှပ်ထားခဲ့ရပါတယ်။ အဲဒီလို စုစည်းဖြစ်တဲ့ ဝတ္ထု အပုဒ် (၆၀)ကိုလည်း စာဖတ်ပရိသတ်များလက်သို့ 'အမှတ်တရ ရွှေ (၆၀)' အဖြစ် တင်ဆက်ပေးလိုက်ပါပြီ။

ကျွန်တော့်နည်းတူ စာဖတ်ပရိသတ်များ နှစ်ခြိုက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစုစည်းမှုမှာ အချို့ဝတ္ထုများဟာ ရှေ့က ထုတ်နှင့်ပြီးကြတဲ့ ဝတ္ထုတိုပေါင်းချုပ်များထဲမှာ ပါပြီးသား ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ကြိုက် ဖြစ်ခြင်းကြောင့် အခုစုစည်းမှုမှာ ထည့်သွင်းထားခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။

**လေးစားစွာဖြင့်**



**ဝင်းငြိမ်း**

www.foreverspace.com.mm

# ဖောက်သည်

**နေအောင်ကျော်ထိုး**

ရုံးတော်က သူ့အမှုသည်ကို
တရားသေလွှတ်တယ်လို့ အမိန့်ချတာ
ဦးသာအေး ဘယ်လိုကြားတယ် မသိပါဘူးကွာ
တရားသူကြီးမင်း ခင်ဗျား
ကျွန်တော်မျိုး ရှိသေစွာ လျှောက်ထားပါရစေ
ကျွန်တော်မျိုးရဲ့ အမှုသည်ကို
ထောက်ထားစာနာသောအားဖြင့်
ကြိမ်ဒဏ်များ ပေးသနားသင့်ပါ တယ်လို့ လျှောက်လို့
တစ်ရုံးလုံး ရယ်လိုက်ကြတာ

# ဖောက်သည်

**အောင်ကျော်ထိုး**

အဲဒီပက်လက်ကုလားထိုင်က ဦးလျှောင်တိတ် ထိုင်နေတဲ့ ကောင်တာရဲ့ ညာဘက်ဘေးမှာ။ ကောင်တာက ဆိုင်ခန်းရဲ့ အလည်မကျတကျဆိုတော့ ပက်လက်ကုလားထိုင်က လျှောင်တိတ်စားတော်ဆက်ရဲ့ အလယ်တည့်တည့်မှာပဲ။ ကုလားထိုင်ပေါ်က ထိုင်ရင်း ကြည့်ရင်း စားသောက်နေတဲ့သူတွေ အားလုံးကို မြင်ရတယ်။ ပက်လက်ကုလားထိုင်ဆိုပေမယ့် သိပ်သားသား နားနားကြီးလည်း မဟုတ်ပါဘူး။ သစ်မာသားနဲ့ လုပ်ထားပြီး ကုလားထိုင်အခင်းကိုတော့ ခဏခဏ မပြဲမစုတ်အောင် တာလပတ်စနဲ့ လုပ်ထားတယ်။ ကျွန်တော် ဆိုင်ထဲဝင်သွားတော့ လူတော်တော် များနေပြီ။ စားပွဲတိုင်း လူတွေရှိတယ် ဆိုပါတော့။ အရက်ပုလင်းတွေ ထောင်လို့။ ဦးလျှောင်တိတ်ဆိုင်က အရက်ပါ ရောင်းတာကိုး။ အရက်ဆိုပေမယ့် ရမ်တို့၊ ဂျော်နီ လမ်းလျှောက်တို့ မဟုတ်ပါဘူး။ လာသောက်တဲ့လူတွေကလည်း မသောက်နိုင်ကြဘူးလေ။ နွားဈေးပြန်တဲ့ တောက လူတွေနဲ့ မြို့ပေါ်က အရက်သမားလို့ သတ်မှတ်ထားကြတဲ့သူတွေပဲ လာတတ်ကြတာပဲ။ (မြို့ကငယ်တော့ ဘယ်သူအရက်စွဲနေပြီ၊ ဘယ်ဝါရဲ့သားက အရက်သောက်တတ်နေပြီဆိုတာ သိကြတယ်) ဒါကြောင့် လျှောင်တိတ်ဆိုင်ထဲ ဝင်သွားပြီဆိုရင် ပတ်ဝန်းကျင်က စူးစမ်းတဲ့မျက်လုံးတွေနဲ့ ကြည့်နေတတ်တယ်။ အရက်သောက်နေတာများ မြင်လို့ကတော့ နောက်နေ့ဈေးထဲမှာ ဘယ်သူ့သား အရက်သောက်တတ်နေပြီတော့။ အင်းလေ၊ မထူးဆန်းပါဘူး။ သူ့အဖေကလည်း အရက်သမားပဲ။ ဒါမှမဟုတ် ဖြစ်မှဖြစ်ရပလေ။ သူ့အဖေ ဒီအရွယ်က အားကစားသမားပါ။ ဘာလို့များ

www.foreverspace.com.mm



မဆုံးမကြပါလိမ့်နဲ့ သတင်းထူး သတင်းဆန်းကြီးကို ဖြစ်လို့။ ဒါ့ကြောင့် လျောင်တိတ်ဆိုင်ထဲ အကြော်အလှော်တစ်ခုခု ဝယ်ဖို့သွားရင် ဆိုင်ဝက အကျယ်ကြီး အော်မှာရတယ်။ ဒါမှ ပတ်ဝန်းကျင်က အရက်သောက်ဖို့ လာတာမဟုတ်မှန်း သိမှာ။ ကျွန်တော်လည်း အဲဒီနည်းအတိုင်း ခေါက်ဆွဲကြော် ကြက်သားနဲ့ တစ်ထုပ်လို့ လှမ်းအော်လိုက်တယ်။ ဒါပေမယ့် ဆိုင်ထဲမှာ လူတွေစည်ပြီး အသံတွေက ကျယ်နေတော့ ဦးလျောင်တိတ် ကြားဟန်မတူဘူး။ ဒါကြောင့် ကောင်တာနားအထိ သွားပြီး ပြောရတယ်။ ဦးလျောင်တိတ်က နောက်ဖေးမီးဖိုဆီကို လှမ်းအော်ရင်း ရွှေသွားတွေ အဝင်းသားနဲ့ ပြုံးပြီး သူ့ရှေ့က ထိုင်ခုံမှာ ထိုင်ခိုင်းတယ်။ ကျွန်တော်လည်း ခေါက်ဆွဲကြော်စောင့်ရင်း ဆိုင်ထဲကို လျှောက်ကြည့်မိတယ်။ ဆိုင်ထဲမှာ စားပွဲဝိုင်းလေးလုံး၊ ဝိုင်းတိုင်းမှာ ထိုင်နေတဲ့သူတွေက တောက လူတွေများတယ်။ ပက်လက်ကုလားထိုင်ပေါ်မှာတော့ ဦးဘိုနီ ထိုင်နေတယ်။ မြင်တာနဲ့ အရက်ချိုးကြီးမှန်း သိသာပါတယ်။ မျက်နှာက နီစပ်စပ် ပွယောင်းယောင်း၊ မျက်လုံးတွေကလည်း နီကြောင်ကြောင်၊ လျှာနဲ့နှုတ်ခမ်းကို သတ်နေတာလည်း ခဏခဏ။ သူ့လက်ထဲမှာ အရက်ဖြူထည့်ထားတဲ့ ဖန်ခွက်ကို ကိုင်ရင်း ကျွန်တော့်ကို မျက်လုံး မှေးကြည့်နေတယ်။

'ဟေ့·· ကလေး၊ မင်း ဘယ်သူ့သားလဲကွ'

'ဦးအုန်းမြင့် ဒေါ်လေးမူ သားပါဗျ'

'သြော်··· အုန်းမြင့်သားလား။ မင်းအဖေ နေကောင်းလား ကလေး'

'ဟုတ်'

သူက ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး ရှေ့က စားပွဲဝိုင်းအသေးကလေးပေါ် တင်ထားတဲ့ ပန်းကန်ပြားထဲက ဝက်အူချောင်းတစ်ဖတ်ကို ခရင်းနဲ့ထိုးပြီး တခမ်းတနား ယူစားလိုက်တယ်။

သူမေးတဲ့အသံနဲ့ ကျွန်တော်ဖြေတဲ့အသံက သိပ်မကျယ်လှပေမယ့် တခြားစားပွဲဝိုင်းတွေက လူတွေအားလုံး သူနဲ့ကျွန်တော် ပြောနေတာတွေကို ငြိမ်ပြီး နားထောင်နေကြတယ်။

'ဘယ်နှတန်း ရောက်ပြီလဲကွ'

အရက်ကို အရသာခံသောက်ရင်း ဦးဘိုနီက ကျွန်တော့်ကို လှမ်းမေးလိုက်ပြန်တယ်။

'ရှစ်တန်း ဖြေထားပါတယ် ခင်ဗျ'

www.foreverspace.com.mm

'အေးအေး စားကြိုစားကွ ကြားလား။ လောကမှာ ပညာတတ်မှကွ၊ ပညာမတတ်လို့ကတော့ ဓားမနောက်ပိတ်ခွေး ဖြစ်မှာ ကြားလား'

'ဟုတ်'

'ပညာတတ်ပြီးရင် လုပ်ချင်တာလုပ်၊ အကုန်တင့်တယ်တယ် ဟုတ်လား ကလေး'

ကျွန်တော် ခေါင်းပဲ ညိတ်ပြလိုက်ပါတယ်။ ကျွန်တော် ဆိုင်ထဲက ပြန်ထွက်ချင်ပြီ။ မနေချင်တော့ဘူး။ ဦးဘိုနီ ကြည့်ရတာလည်း တစ်မျိုးကြီးပဲ။ ယဉ်ယဉ်ကျေးကျေးတော့ ပြောနေပါရဲ့။ သူ့ပက်လက်ကုလားထိုင်ပေါ် ထိုင်နေတဲ့ ပုံကြီးကိုလည်း မကြိုက်ပါဘူး။ သူက ဘာလို့ သူများတွေလို စားပွဲမှာ သွားမထိုင်ဘဲ ဒီပက်လက်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေရတာလဲ။ ဦးလျောင်တိတ်ကလည်း သူ့ကို ဘာမှမပြောဘူးလား။ တခြားစားပွဲက လူတွေကလည်း သူ့ကို ဘာလို့ အထင်ကြီးတဲ့မျက်လုံးတွေနဲ့ ကြည့်နေရတာလဲ ကျွန်တော် မသိဘူး။

ဦးဘိုနီက စကားတစ်ခွန်းမှ ဆက်မပြောဘဲ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ပြီးမှ သူ့အိတ်ထဲက စီးကရက်ဘူးကို ထုတ်၊ တစ်လိပ်ယူပြီး သူ့ရဲ့ မီးခြစ်နဲ့ ခြစ်တယ်။ မီးခြစ်ဆံယမ်းအား မကောင်းလို့နဲ့ တူပါရဲ့။ မီးမတောက်ဘူး။ ဦးဘိုနီက မီးခြစ်ဘူးကို လက်နဲ့တောက်ပြီး ဆိုင်အပြင်ဘက်ရောက်အောင် လွှင့်ပစ်လိုက်တယ်။ ပြီးမှ သူ့ညာဘက်စားပွဲဝိုင်းက လူတစ်ယောက်ဆီကို လှမ်းပြီး...

'ဟေ့... မီးတစ်တို့လောက် ပေးစမ်းပါကွာ' တဲ့။

တောက လူကလည်း ရိုရိုသေသေပဲ။ သူ့ဆီကို လာပြီး ဓာတ်မီးခြစ် အနီလေးကို ခြစ်ပြီး ပေးရှာတယ်။ ပက်လက်ကုလားထိုင်ပေါ်က မထ။ သူ့စီးကရက်ကို မီးညှိပြီး...

'သင့်ကယူးကွာ' တဲ့။

တောက လူကတော့ သူ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောတာ နားလည်လား၊ မလည်လားတော့ မသိဘူး။ သူ့နေရာသူ ပြန်ထိုင်ပြီး အရက်သောက်ရင်း မြည်းဖို့ချပေးတဲ့ ဇီးသီးလေးတစ်လုံး ကောက်ဝါးနေတယ်။

တော်ပါသေးရဲ့။ မှာထားတဲ့ ခေါက်ဆွဲကြော်ရလာလို့ ဦးလျောင်တိတ်ကို ပိုက်ဆံပေးပြီး ဆိုင်ထဲက ကျွန်တော် မြန်မြန်ပြန်ထွက်ခဲ့တယ်။ ဆိုင်ပြင်ရောက်လို့ ဆိုင်ထဲ အသာလှည့်ကြည့်လိုက်တော့ ဦးဘိုနီ ပက်လက်ကုလားထိုင်

www.foreverspace.com.mm



ပေါ်မှာ လက်နှစ်ဖက်ကွေးပြီး ခေါင်းအောက်မှာ ခံရင်း ဇိမ်ယူနေတဲ့ပုံကို မြင်လိုက်ရသေးတယ်။

အိမ်ရောက်လို့ ခေါက်ဆွဲထုပ်ဖြေရင်း အဖေ့ကို ပြန်ပြောပြတော့ အဖေက ရယ်တယ်။

'အဲဒါ သူ့အဖေ ဦးသာအေးနဲ့ တစ်ပုံတည်းကွ။ သူ့အဖေတုန်းကလည်း ငါ့သားပြောတဲ့ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး အရက်သောက်ခဲ့တာပဲ။ ဦးသာအေးက အောက်တန်းရှေ့နေ။ အဖေတို့ခေတ်က ခုနစ်တန်းအောင်ရင် အောက်တန်းရှေ့နေ ဖြေလို့ရတယ်။ ဦးသာအေးက ရှေ့နေသာ လုပ်တာ။ နားက အင်မတန်လေးတာ။ တစ်ခါ ရုံးတော်က သူ့အမှုသည်ကို တရားသေလွှတ် တယ်လို့ အမိန့်ချ တာ ဦးသာအေး ဘယ်လိုကြားတယ် မသိပါဘူးကွာ။ တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်မျိုး ရိုသေစွာ လျှောက်ထားပါရစေ။ ကျွန်တော်မျိုးရဲ့ အမှုသည်ကို ထောက်ထားစာနာသောအားဖြင့် ကြိမ်ဒဏ်များ ပေးသနားသင့်ပါတယ်လို့ လျှောက်လို့ တစ်ရုံးလုံး ရယ်လိုက်ကြတာ။ တောက အမှုသေး အမှုမွှား တွေ လာအပ်ကြတာပေါ့ကွာ။ ညနေ ရုံးဆင်းရင် လျှောင်တိတ်ဆိုင် ဦးသာအေး ရောက်ပြီ။ ငါ့သားပြောတဲ့ ပက်လက်ကုလားထိုင်ကြီးပေါ် ထိုင်ပြီး တစ်ဆိုင်လုံး လာသမျှသူတွေကို အပေါစီးကြီးနဲ့ပေါ့ကွာ'

'ဦးလျှောင်တိတ်က စားပွဲမှာထိုင်ဖို့ မပြောဘူးလား အဖေရ'

'ဘယ်ပြောမလဲကွာ။ သူ့ အမြဲတမ်း ဖောက်သည်ကြီးပဲ။ နောက်ပြီး ယစ်မျိုးလေး ဘာလေးဆိုရင်လည်း သူရှိတော့ အားကိုးရတာပေါ့။ အမိန့်တော်ရမင်း ကိုယ်တိုင် သောက်နေတဲ့ ဆိုင်ပေါ့ကွာ။ ဦးသာအေးကလည်း လျှောင်တိတ်ပက်လက်ကုလားထိုင်ကို ထိုင်ပြီးတော့ အရက်သောက်ရတာကို ဂုဏ်သိပ်ယူတာကွ ငါ့သားရ။ လျှောင်တိတ်ရဲ့ အထူးဧည့်သည်တော်ပေါ့ကွာ။ တောက လူတွေကလည်း ပက်လက်ကုလားထိုင်ကြီးနဲ့ ဆိုင်အလယ်မှာ အရက်သောက်နေတဲ့ အမိန့်တော်ရကြီးဆိုပြီး အထင်ကြီးဟန်ရှိပါတယ်။ အမယ် တစ်ခါတစ်ခါ ဆိုင်ထဲမှာတင် အမှုလက်ခံလိုက်ရတာတွေ ရှိတယ်။ ဆိုင်ထဲမှာ အမှုအပ်လို့ကတော့ လျှောင်တိတ်ဆိုင် အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် အကုန်ကြားရတယ်။ အော်ပြောရတာကိုးကွ။ ဦးသာအေး သေတော့လည်း ဒီအရက်နဲ့ သေတာပါပဲ။ ဆိုင်က အပြန် လမ်းဘေးလဲသေတာပဲလေကွာ။ အဲဒီတုန်းက ဘိုနီက အသက်အစိတ်လောက် မိန်းမ မရသေးဘူး။ ဒါပေမယ့် အဖေတို့ ဘောကန်နေတဲ့အချိန်

www.foreverspace.com.mm



သူက ခွက်ပုံးဖြစ်နေပြီ’

‘ဦးဘိုနီသား အငယ်က ကျွန်တော်နဲ့ တစ်တန်းတည်းအဖေ စိုးနီတဲ့’

‘သြော်…သြော် ဆယ့်လေးနှစ်လောက် ရှိပြီပေါ့’

❑

ဘယ်ရောက်ရောက် ဘယ်အစာ စားရစားရ ဦးလျှောင်တိတ် ခေါက်ဆွဲကိုတော့ ကျွန်တော် စွဲတယ်။ ရန်ကုန်ရောက်လို့ စားပွဲရုံမှာ ခေါက်ဆွဲစားတိုင်း ဦးလျှောင်တိတ် ခေါက်ဆွဲ သတိရတော့တာပဲ။ အသားနိုင်းချင်း ဘဲဥကြီး တစ်လုံးလုံး အပြားလိုက် ကြော်ပြီး အုပ်ထားတဲ့ ဦးလျှောင်တိတ် ခေါက်ဆွဲဟာ ကျွန်တော် စားဖူးသမျှ ခေါက်ဆွဲထဲမှာတော့ အကောင်းဆုံးလို့ ထင်တာပဲ။ ဒါကြောင့် ရန်ကုန်က အရပ်ပြန်ရောက်တိုင်း ဦးလျှောင်တိတ် ခေါက်ဆွဲကြော် စားဖြစ်အောင်ကို စားတယ်။ ဒီတစ်ခေါက်တော့ ခေါက်ဆွဲဆိုင်ထဲ ထိုင်ပြီး စားမယ်လို့ စိတ်ကူးမိတာနဲ့ အစ်ကိုနဲ့ကျွန်တော် လျှောင်တိတ်ဆိုင်ထဲ ဝင်သွားလိုက်တယ်။ ဦးလျှောင်တိတ်တော့ မရှိတော့ဘူး။ ဆိုင်ကလည်း တော်တော်သားသားနားနား ပြင်ထားတယ်။ ဖော်မိုက်ကာ စားပွဲဝိုင်းတွေ ဘာတွေနဲ့ အခန်းလေးတွေ ဖွဲ့လို့။ အခန်းဖွဲ့ထားတယ်ဆိုပေမယ့် ဦးလျှောင်တိတ်သား ကိုကျိတိတ် ထိုင်တဲ့ကောင်တာကတော့ အကုန်လှမ်းမြင်ရပါတယ်။

‘ဟော့ကောင် မင်းအောင်ကြီးပါလား။ ဘယ်တုန်းက ပြန်ရောက်သလဲ’

ဟင်… ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတာ စိုးနီပါလား။ သူ့အဖေ ဦးဘိုနီလိုပဲ မျက်နှာပွယောင်းယောင်း၊ နီစပ်စပ်၊ သူ့အမေးကို ကျွန်တော် တော်တော်နဲ့ မဖြေနိုင်သေးဘဲ သူ့ကို သေသေချာချာ ကြည့်ပြီးမှ…

‘အေး… သူငယ်ချင်း။ မနေ့ကပဲ နေကောင်းတယ်နော်’

‘အိုကေပါပဲကွာ။ ဘာလဲ မင်းသောက်တတ်နေပလား’

‘မသောက်ပါဘူးကွာ။ ခေါက်ဆွဲလာစားတာပါ’

‘အေးအေး မသောက်တတ်ရင် မသောက်နဲ့။ သောက်ရင်လည်း မရမ်းနဲ့။ အဲ… သောက်ပြီးရမ်းရင် ကိုယ့်အမှုဖြစ်ပြီး အဲဒီထက်ဆိုးပြီး လူတွေဘာ တွေ သတ်မိပြီဆိုရင်တော့ ပုဒ်မ ၃၂၀ ပဲ။ ဆေးရုံရောက်မှ သေလည်း ၃၀၄ လို့ ရဲက အမှုဖွင့်တာ မဟုတ်ဘူး။ ၃၂၀ က လူသတ်မှုလေကွာ။ နေရာတင် သေတာပေါ့ကွာ။ ၃၀၄ က လူသေမှု ချက်ချင်း မသေဘူးပေါ့ကွာ’

ကျွန်တော်က ခေါင်းတစ်ချက် ညိတ်ပြီး သူနဲ့အဝေးဆုံး စားပွဲဝိုင်းကို

www.foreverspace.com.mm



သွားထိုင်လိုက်တယ်။ တစ်ဆိုင်လုံး သူပြောနေတဲ့ ပုဒ်မတွေကို နားထောင်နေလိုက်ကြတာ ငြိမ်လို့။

'စိုးနီ အရက်ချိုး ဖြစ်နေပြီပဲ'

ကျွန်တော်က အစ်ကို့ကို တိုးတိုးလေးပြောလိုက်တော့ အစ်ကိုက တူဘူးထဲက တူနှစ်စုံကို လက်သုတ်ပဝါနဲ့ သုတ်ရင်း…

'မင်းမြင်တဲ့အတိုင်းပဲ။ ညနေဆို အဲဒီပက်လက်ကုလားထိုင်ကြီးပေါ်မှာ ထိုင်ပြီး အရက်လာသောက်တဲ့ တောက လူတွေကို ဥပဒေအကြောင်းတွေ ရွတ်ပြနေတော့တာပဲ။ အမယ် သူ့အရပ်နဲ့ သူ့ဇာတ်တော့ ကိုက်လို့ပဲဟေ့။ တောက လူတွေကလည်း သူရွတ်ပြတဲ့ ဥပဒေတွေကို တလေးတစား နားထောင်ကြတာကွ။ စိုးနီကတော့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း အရက်ကလေး သောက်လိုက်၊ ဝက်အူချောင်းလေး ခက်ရင်းနဲ့ ထိုးစားလိုက်၊ ဒူးယားစီးကရက်လေး ဖွာလိုက်နဲ့'

'ခု သူက ဘာအလုပ်လုပ်နေလဲ'

'သူ့အဖေ ဦးဘိုနီ သေသွားတော့ သူ့အဖေနေရာပေါ့။ တရားရုံးမှာ လျှောက်လွှာစာရေးပေါ့ကွာ။ တောက လူတွေကတော့ သူ့ကို ဗဟိုတရားရုံး ရှေ့နေလောက် ထင်နေတာ'

'သူကလည်း အဲဒီ ပက်လက်ကုလားထိုင်ကြီးပေါ် ထိုင်ပြီး ဘီအီးဒီစီ တစ်ဆယ်ဖိုးသောက်ရတာ ရန်ကုန်က ဟိုတယ်တက်ရသလို ဂုဏ်ယူနေတာဗျ။ မင်းကြည့်ပါလား သူ့ပုံကို'

အစ်ကိုပြောတာ ဟုတ်တယ်။ စိုးနီက အရက်ကလေး သောက်လိုက်၊ ဝက်အူချောင်းလေး စားလိုက်၊ ဘေးဝိုင်းက တောသားတွေကို ဥပဒေအကြောင်း ပြောလိုက်၊ လက်နှစ်ဖက်ကွေးပြီး ခေါင်းခု ပက်လက်လှန်လိုက်နဲ့ အတော် သဘောကျနေပုံ ရတယ်။

'အင်း… စိုးနီလည်း သူ့အဖေလို လာတာပဲနော်'

'သူ့အဘိုးလို့ ပြောပါကွာ။ သူ့အဘိုးအမွေ သူ့အဖေ ဦးဘိုနီက ရပြီး ဦးဘိုနီအမွေ စိုးနီရတာပဲ။ ကျိတိတ်တို့ကတော့ မျိုးစဉ်ဘောင်ဆက် ဖောက်သည် ရတာပဲကွ'

'အဲဒီကုလားထိုင်ကြီးပေါ်မှာပဲနော်'

ကျွန်တော်က စိုးနီကို လှမ်းကြည့်ရင်း အစ်ကို့ကို ပြန်ပြောပြတော့

www.foreverspace.com.mm



အစ်ကို ပြုံးတယ်။

'ဘာပြုံးတာလဲဗျ'

'အဲဒီ ပက်လက်ကုလားထိုင်ကြီးပေါ်ကို မကြာခင် ဖောက်သည် အသစ် ကလေးတစ်ယောက် ရောက်လာတော့မယ်လေကွာ။ စိုးနီသားလေ။ ငါ့သားနဲ့ ရွယ်တူပဲ။ ခုဆို ကျောင်းပြေးပြီး ထန်းရည်တွေ ဘာတွေတောင် သောက်တတ် နေပြီ'တဲ့။

■

**အောင်ကျော်တိုး**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၃၈၊ ဒီဇင်ဘာလ၊ ၁၉၉၂**

www.foreverspace.com.mm

# မိန်းမတစ်ယောက်၏
# ဆန်းကြယ်သော အချစ်

**နှင်းဆီနီ**

“မိန်းကလေးတွေဟာ မေးခွန်းသုံးခုကို
အမှန်မဖြေကြဘူး
ဆံပင်အရောင်အစစ်ရယ်
အသက်ရယ်
ရည်းစားရှိလားဆိုတဲ့ မေးခွန်းရယ်’ တဲ့လေ
သူနဲ့စကားပြောရတဲ့အခါ
အဲလိုပျော်ရွှင်စရာကောင်းတဲ့ အချိန်တွေ
အမြဲရှိခဲ့ပါတယ်

www.foreverspace.com.mm

# မိန်းမတစ်ယောက်၏ ဆန်းကြယ်သော အချစ်

**နှင်းဆီနီ**

'မိန်းမတစ်ယောက်ရဲ့ ယောကျ်ားတစ်ယောက်အပေါ် အတွင်းကျကျ ခင်မင်မှုဟာ သူမရဲ့ အထင်ကြီးခြင်း အတိမ်အနက်နဲ့ တိုင်းတာပိုင်းဖြတ်တယ်' ဆိုတဲ့ ကျွန်မကြားဖူးသော စကားဟာ မှန်များနေသလား မသိပါဘူး။ ဘာလို့လဲ ဆိုတော့ ကျွန်မ သူ့ကို အထင်ကြီးသဘောကျမိလို့ပါပဲ။ ကျွန်မနဲ့ သူ သိပ်မတွေ့ စကားမပြောရပေမယ့် ကျွန်မ၏ အရင်းနှီးဆုံးနှင့် အယုံကြည်ရဆုံးသူအဖြစ် သတ်မှတ်ထားမိလို့ပေါ့။ ဒါကလည်း သူ့ရုပ်ရည်ချောမောမှု၊ ပညာတတ်မှုတို့ ကြောင့် မဟုတ်တာလည်း သေချာပါတယ်။ သူ့ရဲ့ အခြားယောကျ်ားအတော်များ များနဲ့ ကွာခြားတဲ့ ထင်ရှားချက်တွေကြောင့်ပဲ ဖြစ်မယ် ထင်ပါတယ်။ သူ့မှာ ကျွန်မကို အံ့သြသွားစေတဲ့ အရည်အချင်းမျိုးတွေ ရှိနေတယ်။ ကျွန်မ တွက်ဆ မိထားတာမျိုးနဲ့ ကွာခြားလှစွာ သူက ထက်မြက်ပြီး ဘဝင်မြင့်တယ်။ စကားပြော လည်း သိပ်ကောင်းတယ်။ သီချင်းဆိုတဲ့အသံလည်း အလွန်ကောင်းပါတယ်။ အဓိက ကျွန်မ အနှစ်ခြိုက်ဆုံးကတော့ သူ့ရဲ့ လျှို့ဝှက်တတ်မှုနှင့် နှုတ်လုံမှုပဲ ဖြစ်ပါတယ်။ ကျွန်မရယ်၊ သူရယ်၊ ကျွန်မအချစ်ဆုံး သူငယ်ချင်း အိမ့်ရယ် ဒီသုံးယောက်အကြား ဖြစ်ပျက်ခဲ့သမျှ ဇာတ်လမ်းမှာ သူ့ရဲ့ အဲဒီဖော်ထုတ်မပြော တတ်မှုနဲ့ လျှို့ဝှက်မှုအတွက် ကျွန်မ သူ့ကို သိပ်ကျေးဇူးတင်ရပါတယ်။ (တစ်ပြိုင် တည်းမှာ အိမ့်ကတော့ သူ့ကို လျှို့ဝှက်ရကောင်းလားလို့ မကျေမနပ် ရှိနေခဲ့ပါ တယ်) ကျွန်မကိုလည်း ဝင်ရောက်စွက်ဖက်ခြင်း (ထိုကဲ့သို့ အိမ့်က စွပ်စွဲခဲ့တယ်) အတွက် မုန်းတီးသွားခဲ့တယ်။ အိမ့်က သူ့ကို အရမ်းပဲ ချစ်ခင်စွဲလမ်းနေလို့ပေါ့။

www.foreverspace.com.mm



တကယ်တော့လေ… သူက ကျွန်မအပေါ် သစ္စာစောင့်ထိန်းခဲ့တာ မဟုတ်ပါဘူး။ သူ့ရဲ့ ပင်ကိုယ်စရိုက်ကိုက မလိုအပ်ဘူးလို့ ယူဆရင် ဘယ်သူ့မှ ထုတ်ဖော်မပြော တတ်တာမျိုးပါ။

အိမ့်ကတော့ သူ့အကြောင်း ကျွန်မ သိပ်မသိပါဘူးလို့ အမြဲပြောပါ တယ်။ ကျွန်မ အထင်ကတော့ သူ့ကို ကျွန်မက အိမ့်ထက် ပိုမသိရင်သာနေမယ်။ ပိုတော့ နားလည်တယ်လို့။ သူ့ကို ပိုသိလာအောင် ပိုနားလည်လာအောင် ကျွန်မ ဘယ်တုန်းကမှ ကြိုးစားဖို့ မလိုခဲ့ပါဘူး။ ဒါပေမယ့် တဖြည်းဖြည်းချင်းတော့ လည်း သူဟာ ဘယ်လိုလူဆိုတာကို တွေးကြည့်တတ်လာတာပေါ့။ သူနဲ့ မဆုံ တွေ့ဖူးခင် အိမ့်က သူ့အကြောင်းကို ထပ်ခါတလဲလဲ ပြောပြခဲ့စဉ်ကတော့ သူဟာ ဘယ်လိုလူစားပါလိမ့်လို့ ခွဲခြားပိုင်းဖြာ ကြည့်မိချင်တဲ့စိတ် ဖြစ်ခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ့်ပြောတာ နားထောင်ကြည့်ရတာ သူဟာ အနည်းငယ် ထူးဆန်းပြီး ဆွဲဆောင်မှု အလွန်ရှိမယ့် လူတစ်ယောက်လို့ နားလည်ခဲ့လို့ပါပဲ။ (နောက်ပိုင်း သူ့ကို ကျွန်မက နားလည်ရအခက်ဆုံး လူလို့ အမည်တပ်တော့ သူ့ရဲ့ အိပ်ချင်နေပုံပေါက်တဲ့ Garfield လို ရီဝေဝေမျက်လုံးတွေကို မှေးစင်းလို့ ညင်သာတိုးညှင်းစွာ ရယ်မောနေခဲ့ဖူးတယ်။ အဲဒီပုံစံကလည်း သိပ်ကို စွဲမက် စရာ ကောင်းတာပေါ့) အပြီးသတ်ကျတော့ သူဟာ မာနကြီးသော၊ ခပ်တည် တည်နေတတ်သော၊ သူတစ်ပါးပေါ် လွှမ်းမိုးချင်တဲ့ စိတ်ရှိသော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားထားလွန်းသော လူတစ်ယောက် သက်သက်မျှသာ ဖြစ်ပါတယ်။

တစ်ခါကတောင် သူကိုယ်တိုင် ဝန်ခံဖူးသေးတယ်။ သူဟာ အလွန် တစ်ကိုယ်ကောင်း ဆန်တာလို့။ ကျွန်မက သူငယ်ချင်းဆိုရင် ရွေးပေါင်းတတ် လို့ သူငယ်ချင်း သုံးလေးယောက်ထက် ပိုရှိတော့မှာ မဟုတ်ဘူးလို့ ဝေဖန်ခဲ့ ပါတယ်။ ကျွန်မကတော့ လူတွေကို သိပ်အဆင်ပြေအောင် ပေါင်းတတ်တာ မဟုတ်ပေမယ့် ခင်မိသွားရင်တော့ တမ်းတမ်းစွဲ ခင်တတ်တဲ့ စိတ်ရှိပါတယ်။

သူကတော့ သိပ်ခင်တယ်ဆိုတဲ့ အိမ့်ကိုတောင်မှ တည့်တည့်တွေ့တာ တောင် တစ်ချက်ပဲ ကြည့်ပြီး နှုတ်မဆက်ဘဲ ဆက်လျှောက်သွားတတ်သူမျိုးပေါ့။ အိမ့်က လိုက်ခေါ်ရတယ်။ ဘာလဲဆိုတော့ စပြီး နှုတ်ဆက်ရတာကို အောက်ကျ တယ်လို့ မာနမောက်တဲ့သူပေါ့။ အဲဒီလို လူကိုပဲ ဘာလို့ ထူးထူးခြားခြား ခင်မင်နေမိသလဲလို့ တွေးလို့မရဘူး။ ကျွန်မရဲ့မိတ်ဆွေ အပေါင်းအသင်း လုပ်ဖော် ကိုင်ဖက်တွေဟာ ကျွန်မစိတ်ဝင်စားတဲ့ အကြောင်းအရာ တော်တော်များများမှာ

www.foreverspace.com.mm



စိတ်ဝင်စားမှု မရှိကြတဲ့အပြင် စိတ်ဝင်စားတာချင်းလည်း မတူလှဘူး။

(ဥပမာ- အသေးအမွှားကိစ္စတစ်ခုဖြစ်တဲ့ သီချင်းနားထောင်တဲ့ ကိစ္စမှာ ဆိုကြပါစို့။ သူငယ်ချင်းတော်တော်များများက ကျွန်မကြိုက်တဲ့ အဖွဲ့တွေ၊ အဆိုတော်တွေ၊ သီချင်းတွေကို တချို့ကဖြင့် ကြားတောင်မကြားဖူးဘူး။ ကြားဖူးတဲ့ သူကလည်း ဘာမှမခံစားမိဘူး။ မကြိုက်ဘူးပေါ့) သူကတော့ အဲဒီအကြောင်း အရာတွေနဲ့ ပတ်သက်လာရင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆွေးနွေးနိုင်တဲ့သူ ဖြစ်တယ်။ အကြိုက်ချင်းလည်း တူနေတတ်ပြန်တယ်။ တူခဲ့ရင်လည်း သူ့ယူဆချက်ကသာ မှန်ကန်ကြောင်း မဖြစ်မနေ ချိုချိုသာသာနဲ့ပဲ အနိုင်ပိုင်းရှင်းပြဝေဖန်တတ်တဲ့ အကျင့်ရှိတယ်။ ကျွန်မကတော့ သူနဲ့စကားပြောတဲ့အခါ ရိုးသားပွင့်လင်းစွာ ပြောလေ့ရှိပေမယ့် သူကတော့ ကျွန်မရဲ့ True Colour(စရိုက်မှန်)ကို ဘယ်တော့မှ သိမှာမဟုတ်ဘူးလို့ ပြောတယ်။ ‘မိန်းကလေးတွေဟာ မေးခွန်းသုံးခုကို အမှန်မဖြေကြဘူး။ ဆံပင်အရောင်အစစ်ရယ်၊ အသက်ရယ်၊ ရည်းစားရှိလားဆိုတဲ့ မေးခွန်းရယ်’ တဲ့လေ။ သူနဲ့စကားပြောရတဲ့အခါ အဲလိုပျော်ရွှင်စရာကောင်းတဲ့ အချိန်တွေ အမြဲရှိခဲ့ပါတယ်။ သူဟာ ကျွန်မကို ဘယ်လိုစကားပြောရမယ်ဆိုတာကို သိနေသလို ဆွဲဆောင်နေတဲ့အသံမျိုးနဲ့လည်း တမင်လုပ်ပြောတတ်သေးတယ်။ ကိုယ့်ဘက်ကို ယက်တယ်လို့တော့ မထင်မိပါဘူး။ ဒါပေမယ့် သူ့မှာ မိန်းကလေး အပေါင်းအသင်းရှားမယ်လို့ ယူဆနိုင်တဲ့အတွက် ဒီလိုလေသံမျိုးနဲ့ လူတိုင်းကို ပြောမယ်လို့တော့ မထင်ပါဘူး။

တကယ်တော့ ကျွန်မထက် သူဟာ အသက် ၁၀ နှစ်လောက်တောင် ငယ်တယ်။ ဒီအချက်ကိုလည်း သူက ၈ နှစ်လို့ အတိအကျပြန်ပြင်ပေးလေ့ ရှိတယ်။ ဒါပေမယ့် သူက သိပ်ရင့်ကျက်တဲ့သူပါ။ သူနဲ့စကားပြောရတာ ကျွန်မရဲ့ ရည်းစားတွေနဲ့ စကားပြောရတာထက်တောင်မှ ကြည်နူးစရာကောင်းသေးတယ်။ ကျွန်မရဲ့ရည်းစားတွေအကြောင်းတော့ သူ လုံးဝမမေးပါဘူး။ ပြီးတော့ ကျွန်မက လေ လူတွေရဲ့အသံကို သိပ်မမှတ်မိတတ်ဘူး။ သူ့ရဲ့အသံကိုတော့ မြန်မာလိုပဲ ဖြစ်ဖြစ်၊ အင်္ဂလိပ်လိုပဲဖြစ်ဖြစ် လုံးဝမမှားယွင်းပါဘူး။ စွဲလမ်းမှုဖြစ်မယ် ထင်တယ်။ အိမ့် မသိခဲ့ဖူးတဲ့ မသိစေချင်တဲ့အကြောင်းတွေ (သူ့အိမ်မှာ ကျွန်မတို့ ဆုံတွေ့ခဲ့တာရယ်၊ Scorpions သီချင်းခွေရယ်၊ ကျွန်မသူငယ်ချင်းရေးတဲ့ On wings of magic ဝတ္ထုစာအုပ်ရယ်၊ အမည်မဖော်တဲ့ မွေးနေ့လက်ဆောင်ပေး တာရယ်) အားလုံးဟာလည်း ပျော်စရာပါပဲ။ ကျွန်မပေးတဲ့လက်ဆောင်တွေကို

www.foreverspace.com.mm



တခြားလူ တွေကို နှစ်သက်ကြောင်း တိကျစွာ ထုတ်ဖော်မပြောပေမယ့် ကျွန်မ သိသာအောင် သွယ်ဝိုက်ပြောခဲ့တုန်းကဖြင့် သိပ်ကို ပျော်ခဲ့ရတာပေါ့။ ကျွန်မရေးတဲ့ စာ ကြောင်းလေးတွေကိုလည်း လေ့ချွန်ပြီး ချီးကျူးခဲ့တယ် (အမေရိကန်လူမျိုးတွေ လိုပေါ့)

အိမ့် မနာလိုဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်စရာပါပဲ။ ကျွန်မချိန်းတဲ့ လက်ဖက်ရည်ဆိုင်ကို အရောက်လာတာရယ်၊ အိမ့်ကိုဆိုရင် အကြာကြီး ဖုန်း မပြောတတ်တာတွေရယ် စသဖြင့်ပေါ့။ ကျွန်မနဲ့ဆိုရင်တော့ ကျွန်မက မိုးလည်း ချုပ်၊ ပြောတာလည်း ကြာလှပြီဆိုရင် တစ်ခုခုလုပ်ဖို့ အချိန်တန်ပြီလို့ (ဥပမာ- စာကျက်ဖို့၊ အိပ်ရာဝင်ဖို့ စသဖြင့်) သွယ်ဝိုက်ပြောရင် သူ လုံးဝမကြိုက်ပါဘူး။ ‘သူ ဖုန်းချချင်ရင် ဒီလိုပဲ’ လို့ လေသံခပ်မာမာနဲ့ ပြန်ပြောရင် ကျွန်မ သိပ်နောင်တ ရသွားတာပေါ့။ ဖုန်းချဖို့လည်း ဝန်လေးသွားတော့တယ်။ အဲဒီအခါမှာ သူက ခပ်လျောင်လျောင် နူးနူးညံ့ညံ့ ရယ်မောတတ်ပါတယ်။ ကျွန်မရဲ့အားနည်းချက် တွေကို သူကောင်းကောင်း သိထားသလိုပဲ။

ကျွန်မတို့ သုံးဦးအကြား ခုလိုဖြစ်ခဲ့တာတွေကို သူ အတော်စိတ်ပျက် သွားခဲ့တာ သေချာတယ်။ ‘ဒီကိစ္စဟာ ဘာမှမဖြစ်လောက်တဲ့ အသေးအဖွဲ့တစ်ခု’ ‘သူက ကျွန်မတို့နှစ်ယောက်လုံးရဲ့ မိတ်ဆွေ’ လို့ သူက သဘောထားခဲ့တာကိုး။ ကျွန်မဘက်က ကြည့်ပြန်ရင်လည်း ကျွန်မရဲ့အချစ်ဆုံး သူငယ်ချင်းအိမ့်၊ သူ့ကြောင့် ခံစားနေရတာတွေ၊ စွဲလမ်းနေတာတွေကို သိနေခဲ့လို့ သနားစာနာမိတာပေါ့။ ဒီလို စာနာမှုကပဲ  သူတို့နှစ်ယောက် ပိုမိုခင်မင်နီးစပ်လာဖို့ ကြံဖန်ပေးတဲ့ ဝင် ရောက်စွက်ဖက်မှုကို လုပ်ဖြစ်အောင် ကျွန်မကို တွန်းပို့ခဲ့တယ် ထင်ပါတယ်။ အိမ့် ယုံကြည်နေတာကတော့ ကျွန်မကြောင့် သူက အိမ့်အပေါ် အထင်သေးသွား တယ်။ တစ်မျိုးဖြစ်သွားတယ်။ သို့မဟုတ်ရင်လည်း အခင်လျော့သွားတယ်။ အရင်လို ယုံကြည်တိုင်ပင်မှု မရှိတော့တာလိုပါပဲပေါ့။ အိမ့်ရဲ့စွပ်စွဲချက်တွေက ကျွန်မကို သိပ်အနေရခက်စေတယ်။ ဘာလို့လဲဆိုတော့ အဲဒါတွေဟာ မမှန်ဘူး လို့ သေချာသိနေပေမယ့် ထုတ်မပြောသာလို့ပါဘဲ)။

ကျွန်မ တွေးကြည့်လို့ ရသလောက်ကတော့ သူဟာ ရှယ်တူယောက်ျား လေး သူငယ်ချင်းတွေနဲ့ ပေါင်းသင်းသွားလာရတာကို ပိုပြီး စိတ်သက်သာသလို ခံစားရတဲ့သူမျိုးပါ။ ဘာသာရေးနဲ့ ထိန်းကွပ်မှုလည်း ပါမယ်ထင်တယ်။ သဝန် လည်း ခပ်ကြောင်ကြောင်ပဲ။ တစ်ခါက သူ့ကို ဖုန်းဆက်တာ သူ အပြင်သွားနေ

www.foreverspace.com.mm

လို့ သူ့အစ်ကိုကြီးက ကျွန်မနဲ့ ဖော်ဖော်ရွေရွေ ပြောတာကို ပြန်သိသွားသလား မသိဘူး။ စိတ်ဆိုးပုံရတယ်။ သူ့အစ်ကိုလတ်ကလည်း ကျွန်မမောင်လေးနဲ့ ငယ်သူငယ်ချင်းဆိုတော့ ကျွန်မအပေါ် သံယောဇဉ်တစ်စွန်းတစ်စ ရှိပုံပဲ။ သူတို့ညီအစ်ကို လေးယောက်လုံးဟာ တစ်နှစ်စီသာ ကွာခြားကြပြီး ဆေးကျောင်းသားများ ဖြစ်ကြသလို English လည်း သိပ်ကောင်းကြပါတယ်။ ဒါကိုလည်း ကျွန်မအထင်ကြီးမိတာ အမှန်ပါပဲ။

နောက်ဆုံးမှာတော့ ကျွန်မ သူနဲ့ ဖုန်းပြောခြင်း၊ တွေ့ဆုံဖို့ ကြိုးစားခြင်းအားလုံးကို ရပ်ဆိုင်းခဲ့တယ်။ အိမ့်ရဲ့ စိတ်ထိခိုက်ကြေကွဲမှုကို မလိုလားလို့ပါ။ ဒီအတွက် ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ထားခံရသူလို ခံစားရပါတယ်။ တစ်ခါတစ်ခါ ကိုယ့်ရဲ့ဆန္ဒတွေကို မျိုသိပ်ရလွန်းလို့ ကျိတ်ငိုမိတာပေါ့။ သူ့ကိုလေ ကျွန်မရဲ့စိတ်ညစ်ရတာတွေ၊ အလုပ်မှာ အဆင်မပြေတာတွေ၊ ပျော်ရွှင်ရတာတွေ၊ အောင်မြင်မှု ဆုံးရှုံးမှုတွေနဲ့ လျှို့ဝှက်ချက်တွေကို ပြောပြရဲခဲ့တယ်။ သူက ကျွန်မရဲ့ မပျော်ရွှင်နိုင်မှုနဲ့ ဆုံးရှုံးမှုများအတွက် အထင်သေး နှိမ့်ချမှုမရှိသလို အောင်မြင်မှုများအတွက်လည်း ဂုဏ်ယူစကား ပြောတတ်သူပါ။ စိတ်ပျော်လာအောင်လည်း ပြောင်းလဲဖြေသိမ့်ပေးနိုင်စွမ်း ရှိသူပေါ့။ ကျွန်မ စိတ်ပျော်နေတာကို စိတ်ညစ်သွားအောင်လည်း စက္ကန့်ပိုင်းအတွင်း အရူးလုပ်တတ်တာလည်း တစ်ခါတလေ ရှိသေးတယ်။

ကျွန်မနဲ့ သူ အချိန်တော်တော်ကြာဝေးနေခဲ့ရာက စကားပြန်ပြောဖြစ်တော့လည်း ကျွန်မအပေါ်ထားတဲ့ သူ့ရဲ့စိတ်ဓာတ်ကို ပြောင်းလဲသွားခဲ့ပုံ မရပါဘူး။ အရင်ကလို ချိုသာစွာနဲ့ လွတ်လပ်ပေါ့ပါးစွာ ပြောနေခဲ့တာပဲ။ ကျွန်မဘက်ကတော့ ရိုးသားစွာ စကားပြောတာလို့ပဲ တွေးမိပေမယ့် သူ့ကို ဖုန်းခေါ်ဖို့တော်တော်ဝန်လေးမိတယ်။ အိမ့်အပေါ် သစ္စာဖောက်မိသလို ခံစားမိလို့ပေါ့။ ကျွန်မကိုယ်တိုင်ကို ဆက်လက်ဒဏ်ခတ်ထားပေမယ့်လည်း သူက ကျွန်မရဲ့ရင်ထဲမှာ အတွေးထဲမှာ ရင်းနှီးတဲ့သူတစ်ဦးအနေနဲ့ အမြဲရှိတာပါပဲ။ တစ်ခါတစ်ခါတော့ ကိုယ့်ကိုယ်ကိုယ်လည်း သူ့သွားရည်နဲ့သူ ကျေနပ်နေတဲ့ ခွေးကလေးလို ခံစားမိပါတယ်။

သူ့အကြောင်း စိတ်ကူးနေခြင်းဖြင့် သူ့အပေါ် ခင်မင်စွဲလမ်းမှုကို အမြဲထိန်းသိမ်းထားနိုင်တယ်ဆိုလည်း မမှားပါဘူး။ အထီးကျန်ဘဝမျိုး ခံစားနေရတဲ့အခါမှာတော့ ကျွန်မရဲ့ရည်းစားတွေကို လုံးဝမေ့နေတတ်ပြီး သူ့ကိုပဲ တမ်းတမိ

www.foreverspace.com.mm



ပါတယ်။ သူ့ကို တွေ့ချင်ပေမယ့်လည်း ဆုံနိုင်ဖို့ကတော့ မတောင်းဆိုမိပါဘူး။ ဘာလို့လဲဆိုတော့ သိပ်လိုချင်တဲ့အရာတစ်ခုကို အရယူနိုင်တဲ့အခါ မရယူသင့်တဲ့အခါမှာ အဓမ္မနည်းနဲ့ မရယူဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ မရပေမယ့်လည်း ရောင့်ရဲနေနိုင်တဲ့စိတ်ဓာတ်ကို မွေးမြူပိုင်ဆိုင်နိုင်ခဲ့လို့ပါပဲ။ အိမ့်ကတော့ ကျွန်မကို ကိုယ်ချင်းမစာနာတတ်သူလို့ ထင်နေတာမို့ ကျွန်မ ခုလိုဖြစ်နေခံစားနေရတာတွေကို သိခဲ့ရင် ဝမ်းသာကောင်း သာပါလိမ့်မယ်။ တကယ်တော့လည်း စာနာလို့ ဝင်ရောက်စွက်ဖက်မိခြင်းက အချစ်ဆုံးသူငယ်ချင်း အိမ့်ကို ဆုံးရှုံးသွားတဲ့ ရလဒ်ရခဲ့ခြင်းပဲ ရှိခဲ့ပါတယ်။ ထိုစဉ်ကတော့ အိမ့်ကလည်း ဝင်ရောက်ကူညီစေချင်ခဲ့တာကိုး။ အိမ့်တစ်ခု သဘောပေါက်မိနေတာကတော့ အချစ်ဆိုတာ ကိုယ်လိုချင်တိုင်းလည်း ဖန်တီးယူလို့ မရဘူးဆိုတာပါပဲ။ အိမ့်အပေါ်မှာ သူဟာ သွေးအေးတယ်။ သူမနဲ့ပတ်သက်တဲ့ စိတ်ပိုင်းဖြတ်မှုမှာလည်း ပြတ်သားလွန်းတယ်ဆိုတဲ့ အချက်ပါပဲ။ အိမ့်ကို သူ မချစ်ပါဘူး။

ကျွန်မကိုလည်း သူ မချစ်ပါဘူး။ ကျွန်မဘက်ကတော့ သူ့အပေါ်ထားရှိနေမိတဲ့ ထူးခြားစွာ ခင်မင်စွဲလမ်းမှုကို အချစ်လို့ သတ်မှတ်ခံရမယ်ဆိုရင် 'ဆန်းကြယ်သော အချစ်' လို့ အမည်တပ်ရမလိုပါပဲ။ သူဟာ ကျွန်မအချစ်ကိုလည်း ဘယ်တော့မှ နားလည်လာမည့်သူ မဟုတ်လေတော့ သူ့ရဲ့တုံ့ပြန်အချစ်ကို မရလည်းဘဲ ကျွန်မ ရပ်တည်နေနိုင်တယ်။ ဒီလိုနေရလို့လည်း အမြဲတမ်း ကြေကွဲမနေမိပါဘူး။ ဒါ့အပြင် သူ့ကို ချစ်နေမိတာကိုလည်း သေသည့်တိုင်အောင် မပြောင်းလဲဘဲ ထိန်းသိမ်းသွားနိုင်မှာမို့လို့ ဖြစ်ပါတယ်။

❑

တစ်မနက်လုံး စိတ်တွေ ဆင်းရဲနေမိတယ်။ Computer Class သွားခါနီးမှ ကားက ပျက်နေလို့ ဘတ်စ်နဲ့ သွားရတယ်။ ခရီးသည်တွေကလည်း Personal Hygene သိပ်မရှိကြလို့ စိတ်ပျက်စရာ။ မိုးကလည်း စွတ်ရွဲသာရွာထားလို့ လမ်း လျှောက်တိုင်း ဗွက်ကစင်တော့ အလှ အသန့်ကြိုက်တဲ့ ကျွန်မ စိတ်တွေတိုနေမိ တော့တယ်။ Class ရောက်ပြန်တော့လည်း လူပြည့်နေလို့ အပေါ်ထပ်မှာ တစ်ယောက်တည်း သွားလေ့ကျင့်ရတယ်။ Class လည်း ဆင်းရော ရုံးသွားဖို့ အလုပ်မှာ မိုးက သဲကြီးမဲကြီး ရွာချလိုက်တော့ ထီးပါပေမယ့်လည်း နီးရာဆိုင် NASA တေးသံသွင်းထဲကို ခွင့်တောင်းပြီး ခဏဝင်ခိုလိုက်ရတယ်။ အဲဒီအချိန် မှာ ဆိုင်ထဲ အပြေးဝင်လာတာ တွေ့လိုက်ရတယ်။

www.foreverspace.com.mm



ကျွန်မရဲ့ ကိုယ်ပိုင်မျက်လုံးတွေတောင် မှားများနေသလားလို့ မယုံနိုင်ဖြစ်သွားရတယ်။ ကျွန်မ အမြဲတွေ့ချင်နေတဲ့ စိတ်ကူးနေရတဲ့ သူကို တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေလို့ပေါ့။ ရက်စက်စိမ်းကားလွန်းသူကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်လိုက်ရတော့ ဘာမှမပြောနိုင်အောင် ဆွံ့အသွားမိတယ်။ သူကတော့မရယ်မပြုံး မျက်နှာထားနဲ့ "Hi" လို့ စတင်နှုတ်ဆက်ပါတယ်။ သူ့မျက်နှာကိုမြင်လိုက်ရတာနဲ့ သူဟာ ကျွန်မကို စိတ်ဆိုးနေတယ်။ မကျေမနပ် ဖြစ်နေတယ်ဆိုတာကို သိလိုက်ရလို့ အပိုစကားတွေ ဘာမှမပြောနေတော့ပါဘူး။ တကယ်တော့သူ့ကို သိပ်တွေ့ချင်၊ သိပ်စကားပြောချင်တာပါ။ ဖုန်းခေါ်လို့ သူ မရှိရင် ဖုန်းဘေးမှာ ငူငူငိုင်ငိုင်ထိုင်ပြီး ဘာမှ လုပ်ချင်စိတ်မရှိတော့အောင် နုံးချိတွေဝေသွားလေ့ရှိတဲ့ ကျွန်မက ခုတော့ သူ့ရဲ့မျက်လုံးစိမ်းတွေကိုပဲ ငေးနေမိပါတယ်။ သူကတော့ပြတ်သားပါတယ်။

သူ့ရဲ့ Jet Hair တွေကို တစ်ချက်သပ်လိုက်ပြီးတော့ 'ပြောစရာရှိလို့တစ်နေရာခဏသွားမယ်' လို့ ခပ်ပြတ်ပြတ်ပဲ ပြောပါတယ်။ ကျွန်မက အားနာတတ်သူ မဟုတ်သလို စိတ်ပျော့လွန်းသူလည်း မဟုတ်ပါဘူး။ အမိန့်ပေးတတ်သူကို မကြိုက်သလို ကျွန်မကိစ္စကိုသာ ရှေ့တန်းတင်တတ်မှုကို မကြာခဏ ဂုဏ်ယူလေ့ ရှိပါတယ်။ သူနဲ့ဆိုရင်တော့ Lionel Richie ရဲ့ သီချင်းထဲကလို My wish is your Command လို့ပဲ ပြောရမလားပဲ။ သူကတော့ ရှင်းစရာရှိရင် ချက်ချင်းရှင်းမယ်ဆိုတဲ့ ပုံစံနဲ့ မိုးစဲအောင်လည်း မစောင့်ပါဘူး။ မမီတဲ့အရပ်နဲ့ သူ့ကိုထီးမိုးပေးတော့လည်း ကျွန်မ စိတ်ကူးယဉ် အိပ်မက်ထဲကလို Lady First ဆိုတဲ့ပုံစံနဲ့ ထီးယူမိုးပေးဖို့တော့ ဝေးလို့ပေါ့။ ကျွန်မရဲ့တိတ်ဆိတ်နေမှုဟာ အဆမတန်စိတ်လှုပ်ရှားမှုလို့ သူ နည်းနည်း သတိပြုမိသွားသလားတော့ မသိဘူး။ 'ပြောစရာတွေ ရှိနေတယ် ဘာတွေလဲလို့ မမေးတော့ဘူးလား' လို့ ပြောပါတယ်။ ကျွန်မကတော့ သူ ရန်တွေ့မှာ၊ မုန်းတီးမှုတွေ ထပ်ဆောင်းလာတာ စသဖြင့်တွေကိုသို့လော သို့လော တွေးနေမိလို့ ဦးတည်ရာမဲ့ တိမ်တိုက်ထဲ လမ်းလျှောက်နေရသလို ဖြစ်နေပါတယ်။ သူ ပြောတာကိုတောင် မကြားနိုင်ဖြစ်နေလို့ သူ ရိပ်မိသွားပါတယ်။ ကျွန်မကို လှမ်းကြည့်လိုက်စဉ်မှာ သူ့ရဲ့သနားရိပ် သမ်းသလိုမျက်ဝန်းကို လှစ်ခနဲ မြင်လိုက်မိသလိုပဲ။ ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ရင်ထဲမှာ ဝမ်းနည်းမှုနဲ့ လှိုက်ဆို့လာတော့တယ်။ မျက်ဝန်းက မျက်ရည်တွေပြည့်လျှံလာတာ သူ မမြင်အောင် ခေါင်းကို ငုံ့ထားမိတယ်။ သတိရတဲ့အခါမှာ

www.foreverspace.com.mm



တော့ အခန်းတစ်ခန်းကို ရောက်နေကြတယ်။ သူက 'ဒါ ကိုယ်ပြောတဲ့အိမ်ပေါ့။ ဒီမှာ ကိုယ်တစ်ယောက်တည်း စာကျက်တယ်။ အိပ်တယ်'တဲ့။ သူက ပြောစရာတွေကို မပြောသေးဘဲ Kitchen လို့ ယူဆရတဲ့ အနောက်ဘက်ကို ဝင်သွားပြီး Coffee ဖျော်သလို အသံကြားရပါတယ်။ သတိပြုမိတဲ့တိုက်ခန်းဟာ ကျယ်ဝန်းပြီး ရှင်းလင်းနေတာပဲ။ ကျွန်မရှိနေတဲ့ ဧည့်ခန်းဆက်တီနဲ့ ကပ်လျက်မှာ စေ့ရုံစေ့ထားတဲ့ တံခါးနဲ့ အခန်းကို ခြေလှမ်းများက အလိုလို ဦးတည်မိသွားပါတယ်။ တံခါးကို အသာတွန်းလိုက်တော့ ကျယ်ပြန့်တဲ့ ခုတင်ပေါ်မှာ သန့်ရှင်းတဲ့ အိပ်ရာနဲ့ အိပ်ရာဘေးက စာကြည့်စားပွဲနဲ့ မှန်တင်ခုံကို တွေ့ရတယ်။ မှန်တင်ခုံနားသွားမိတော့ ခေါင်းအုံးဘေးမှာ ရှိနေတဲ့ မဂ္ဂဇင်းစာအုပ်ကို တွေ့လိုက်ရတာ ကျွန်မတုန်လှုပ်သွားရတော့တယ်။ သေချာအောင် သိနေတဲ့စာမျက်နှာကို လှန် လိုက်တော့ ကျွန်မနာမည်နဲ့ ရေးထားတဲ့ဝတ္ထုတိုကို မမှားနိုင်အောင် တွေ့လိုက်ရ တယ်။ အဲဒီအခိုက်မှာ တံခါးဝမှာ လက်ပိုက်ပြီး တံခါးဘောင်မှာ ကိုယ်ကို လျော့မှီ၍ ကျွန်မ၏ လုပ်ရပ်ကို အေးလူစွာ ရပ်ကြည့်နေတဲ့ သူ့ကို မြင်လိုက်ရ တော့ သူခိုးမိသလို ခံစားလိုက်ရပြီး ဟန်မပျက် စာအုပ်ကိုသာ အသာချလိုက် ပါတယ်။ အခန်းထဲက ထွက်မယ် ကြိုးစားဖို့ကြံလိုက်တော့ ကျွန်မ စိတ်ကူးကို ကြိုသိနေပုံရတဲ့ သူက တံခါးကို ပိတ်လိုက်ပါတယ်။ အဲဒီအတွက် ကျွန်မစိတ်တွေ သိပ်လှုပ်ရှားသွားရတာပေါ့။ သဘာဝကျကျ ပြောရရင်တော့ သူ အခွင့်ကောင်း ယူမှာကို စိုးရိမ်လို့ မဟုတ်ဘူး။ ထိပ်တိုက်ရင်ဆိုင်ရမယ့် အချိန်ကျနေပြီဆိုတာ သိလို့ပါ။ ကျွန်မလည်း အပြင်မှာ ကော်ဖီသွားသောက်ရအောင်လို့ ခြောက်သွေ့သွေ့ အသံနဲ့ ပြောလိုက်မိတယ်။ ဒါကို သူက မထီသလို ဟက်ခနဲတစ်ချက် ရယ် လိုက်ပြီး ကော်ဖီကို ကျွန်မ စိတ်မဝင်စားပါဘူးလို့ ဆိုလာတယ်။ ပြီးတော့ ကျွန်မရဲ့အပြစ်ရှိသလို ခံစားနေရတဲ့ ပုံစံကို ထပ်ဟပ်စေတဲ့ မျက်ဝန်းတွေကို စေ့စေ့ကြည့်ပြီးတော့ Am I the Character? ကျွန်မဝတ္ထုထဲက ဇာတ်ကောင်ဟာ သူပါလားလို့ ပွင့်လင်းစွာ မေးလာပါတော့တယ်။ ကျွန်မ ဖြေရခက်မယ် ဆိုတာကိုလည်း သိနေရက်၊ ကျွန်မချစ်တာကိုလည်း သိနေရက်နဲ့ ဒီလို မေးလာတော့ ရက်စက်လွန်းတဲ့ သူ့ကို ဖြေစရာမရှိဘဲ ရှက်စိတ်၊ ဝမ်းနည်းစိတ်ကသာ မွှန်ထူနေလို့ 'ရှင် သိပ်ရက်စက်တာပဲ'လို့ ပြောရင်း သူ့ကို စွဲချက်တင်မိပါတယ်။ သူက ကျွန်မကို ဘာမှပြန်မပြောပေမယ့် သိမ်းဖက်ပြီး သူ့အိပ်ရာဆီကို ခေါ်ယူသွားပါတယ်။ ပြီးတော့ မယုံနိုင်လောက်အောင်ဘဲ မွတ်သိပ်စွာ ကျွန်မရဲ့နှုတ်ခမ်း

www.foreverspace.com.mm

တွေကို နမ်းနေတာကို သိလိုက်ရတော့ ကျွန်မကို ဒဏ်ခတ်သလားလို့ သံသယ စိတ်တွေ ဝင်လာပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့ချိုမြိန်လွန်းတဲ့ အနမ်းတွေကို လည်း ငြိမ်သက်စွာ တုံ့ပြန်ခံယူနေမိတယ်။ စိတ်နှစ်ခုက လွန်ဆွဲနေတယ်။

ဒါပေမယ့် သာယာနေမိတဲ့ စိတ်ကို သံသယစိတ်က အနိုင်ယူသွားတဲ့ အခါကျတော့ သူ့ကို တွန်းဖယ်ထုတ်မိပါတယ်။ သူ့ကို နာကြည်းစွာ ကြည့်လိုက် မိပြီး စိတ်ထဲမှာလည်း သူ့ရဲ့နှုးညံ့လှပသော ပါးပြင်တွေကို သွေးထွက်အောင် လက်သည်းရှည်နဲ့ ကုတ်ခြစ်နေမိတယ်။ သူက ဘာမှဖြစ်သွားပုံ မပေါ်ပါဘူး။ ပြီးတော့ အေးအေးဆေးဆေးပဲ ပြောတယ်။ ကျွန်မဟာ နောက်ဆက်တွဲတွေကို မစဉ်းစားတတ်သောသူ၊ စာကျက်နေတဲ့ သူ့ကို စိတ်ဒုက္ခရောက်အောင် လုပ်သော သူလို့ စွပ်စွဲပါတယ်။ ကျွန်မကို သနားဖို့ဝေးလို့ သူ့ကိုပဲ ပြန်တောင်းပန်ရမလို ဖြစ်နေတာပေါ့။

သူ ဘာကို ဆိုလိုသလဲတော့ တိတိကျကျ မသိပါ။ သို့ပေမယ့် ကျွာပ တဲ့ အသက်ကို ဆိုလိုတယ်လို့ ယူဆရတာပါပဲ။ ကျွန်မလည်း ရှန်းထွက်လိုက်ပြီး ရှင့်မေးခွန်းကို ရှင်းရှင်းဖြေရရင်တော့ 'ရှင်ကို ကျွန်မ ချစ်နေတယ်။ ရှင် မချစ် တာကိုလည်း သိနေတယ်' လို့ ပြောပြီး ထွက်သွားဖို့ လုပ်တော့ 'ကိုယ်ကလည်း မင်းကို ချစ်တယ်ဆိုတာရော နားမထောင်သွားတော့ဘူးလား' လို့ မေးလိုက်တာကို ကိုယ့်နားကို မယုံနိုင်အောင် ကြားလိုက်ရတယ်။

ကျွန်မပျော်လွန်းလို့ မရှက်မိတော့ပါဘူး။ သူ့ကို တင်းကျပ်စွာ ဖက် လိုက်မိတယ်။ သူကလည်း ကျွန်မရဲ့ဆံနွယ်တွေကို နှုတ်ခမ်းနဲ့ အသာအယာ ဖိတို့ ကစားနေတယ်။ လောကကြီးဟာလည်း ကျွန်မအတွက် အလှဆုံးဖြစ်သွားတော့ တယ်။ ကျွန်မဟာ အရာရာ ပြီးပြည့်စုံသွားသူတစ်ယောက်လို ခံစားနေရပြီး လူတွေပြောနေကြတဲ့ ရှူးကြောင်ကြောင် အချက်တစ်ခုဟာ အမှန်ဆုံးပဲလို့ စိတ်ထဲ မှာ ထောက်ခံနေမိတော့တယ်။

■

**နှင်းဆီနီ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၃၈၊ ဒီဇင်ဘာလ၊ ၁၉၉၂**

www.foreverspace.com.mm

# ဟိုတုန်းက မိဂဒါဝုန်

**အဏ္ဏဝါစိုးမိုး**

ဒီပြဿနာရဲ့အကြောင်းရင်းကို စိစစ်ရှာဖွေလိုက်တော့
လူတွေကလည်း လူတွေပါပဲဗျာ
ပြောရတာ ခက်ပါတယ်
အားအားယားယားရှိတိုင်း
မယား ယူကြ၊ လင်ယူကြတော့
လူဦးရေတွေက မတိုးသင့်ဘဲ တိုးလာတော့တာပေါ့
မြို့သစ်တွေမှာ ခြင်တွေက တစ်အားကိုက်တော့
မိုးမချုပ်ခင်တည်းက
ခြင်ထောင်ထဲ ဝင်နေကြရတော့ ပိုဆိုး

www.foreverspace.com.mm

# ဟိုတုန်းက မိဂဒါဝုန်

**အဏ္ဏဝါစိုးမိုး**

အန္တရာယ်ကင်းအတွက် သံဃာတော်ငါးပါးပင့်ပြီး ဆွမ်းလေး တစ်နပ် ကျွေးချင်၍ ဇနီးသည်နှင့်အတူ ဈေးခြင်းကူဆွဲရန် ဈေးထဲလိုက်သွားမိသည်။ လိုအပ်သည့် သားငါးနှင့် ဟင်းသီးဟင်းရွက်များ ဝယ်ပြီးသောအခါ ကန်တော့ပွဲအတွက် ငှက်ပျောသီး၊ အုန်းသီးနှင့် ကွမ်းဆေးအစုံ ဝယ်ရပြန်သည်။

နေ့စဉ် စားနေသော ဆန်၊ ဆီ၊ ဆားနှင့် သား၊ ငါး ဈေးနှုန်းတွေကိုသာ ဇနီးသည်၏ ညည်းသံကြောင့် သိနေသည်။ ငှက်ပျောသီး၊ အုန်းသီး ဈေးနှုန်းတွေကိုမူ သိစရာအကြောင်း သိပ်မရှိ၍ မသိပါ။ ကျွန်တော်တို့ မျိုးရိုးကိုက အုန်းလည်းမဆွဲ၊ ပွဲလည်းမထိုး၊ နတ်ကိုလည်း မကိုးကွယ်တော့ ငှက်ပျောသီး၊ အုန်းသီးနှင့် သိပ်မရင်းနှီးဖြစ်နေသည်။ အခု အကြောင်းရှိ၍ ဝယ်ကြည့်တော့မှ သိရသည့် ဈေးနှုန်းတွေက ငှက်ပျောတစ်ဖီး ၂၅ ကျပ်၊ ကြွက်မြီးပါ အုန်းသီး တစ်လုံး ၄၅ ကျပ်၊ ကွမ်းတစ်ပိဿာ ၁၀၀ ကျပ်၊ ကွမ်းသီး တစ်ပိဿာ ၁၅၀ ကျပ်ဟု သိလိုက်ရသောအခါ ကျွန်တော် ဘုရားတလိုက်မိပါသည်။ ကိုယ့်နားကိုပင် ကိုယ်မယုံဖြစ်သွားပါသည်။ ဇနီး မဖြူတုတ်က ယုံပါသည်ဟု ဆိုပါသည်။

'မယုံမရှိနဲ့ သုံးကျပ် ပြားနှစ်ဆယ်ကနေ သုံးဆယ့်ငါးကျပ် ဖြစ်နေတာ ရှင်သိတယ် မဟုတ်လား'တဲ့။

မှန်၏။ အကုန်တက်နေတော့ မယုံလို့ မဖြစ်၊ တစ်ပက်ကို ပြားသုံးဆယ်ခေတ်ကတည်းက သောက်လာခဲ့တာ အခု တစ်ကျပ်ခွဲဆိုတော့ ရံဖန်ရံခါ လောက်သာ မှီဝဲနိုင်တော့သည်။ ဒီကြားထဲ ဆိုင်ဝန်ထမ်းတွေက ပုလင်းခေါင်းချိုး၊

www.foreverspace.com.mm



ပက်ချင်ခိုးဆိုတော့ အရက်သောက်ရတာ ရင်နာလွန်းလို့ ပြတ်လုနီးပါး ဖြစ်နေပါပြီ။ ငှက်ပျောသီး၊ အုန်းသီးနှင့် စားသုံးကုန်၊ သောက်သုံးကုန်၊ လူသုံးကုန် ပစ္စည်းအမျိုးမျိုးတို့၏ ဈေးနှုန်းတွေ ကြီးမြင့်နေတာကို သိလိုက်ရသောအခါ ဟိုတုန်းက မိဂဒါဝုန် တရားပွဲကြီးကို ပြန်လည် မြင်ယောင်မိပါတော့သည်။

ကြာတော့ ကြာပါပြီ။ ၁၉၅၀ ခုနှစ်လောက်က ဆိုတော့ ကျွန်တော့် အသက် ၈ နှစ်အရွယ်တုန်းက ဖြစ်ပါသည်။ ကျွန်တော့်အဘိုး၏ ဇာတိဖြစ်သော ကြာညိုတောရွာတွင် ကြံတောင့်ကြံခဲ ကထိန်ပွဲကြီးတစ်ခု ပြုလုပ်ခဲ့ဖူးသည်။ (ကြာညိုတောရွာ ဆရာတော်ဘုရားကြီးသည် မိဂဒါဝုန်တောကြီးထဲတွင် တပည့်ဒါယကာ ဒါယိကာမများကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူမည်)ဆိုသည့် သတင်းစကားကြောင့် မိဂဒါဝုန်တောကြီးဆိုတာ ဘယ်လိုဟာများပါလိမ့်ဟု သိချင်သူများမှာ ကထိန်ပွဲ ကျင်းပမည့် ရွာဦးကျောင်းဝင်းကြီးထဲတွင် ဆောက်လုပ်ထားသော တရားဟောမဏ္ဍပ်ကို ပြေးကြည့်ကြရတော့သည်။

ကြာညိုတော ရွာဦးကျောင်းကြီးသည် ဘောလုံးကွင်း ငါးကွင်းစာမျှ ကျယ်သော စားပင်သီးပင်ဥယျာဉ်ကြီးအတွင်းမှာ လည်ပေါ် ဘုံအဆင့်ဖြင့် တင့်တယ်စွာ ဆောက်ထားသော နှစ်ထပ်ကျောင်းကြီး ဖြစ်ပါသည်။ ကျောင်းကြီး၏ ရှေ့နောက်ဝဲယာမှာတော့ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သြဇာ၊ ဥသျှစ်၊ သရက်၊ မာလကာ၊ ရောက်သံပရာပင်ပျိုတို့ဖြင့် စိမ်းစိုညို့မှိုင်း အုပ်ဆိုင်းနေပြီး ရွက်လှပွင့်လှ အရောင်မျိုးစုံသည့် ပန်းပင် ပန်းအိုးတို့ဖြင့် လှပနေပါသည်။

ကျောင်းကြီး ရှေ့မျက်နှာစာရှိ တရားဟောမဏ္ဍပ်ကြီးကို ဆောက်လုပ်ရာတွင် မဏ္ဍပ်တိုင် သီးခြားမစိုက်ဘဲ အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်များကိုပင် မဏ္ဍပ်တိုင်တွေအဖြစ် အသုံးပြုထားပါသည်။ အုန်းပင်၊ ကွမ်းသီးပင်တို့၏ လူတစ်ရပ်ကျော် အမြင့်တွင် ဝါးလုံးရှည်များကို စီတန်းယှက်သွယ် ချည်နှောင်၍ အုန်းလက်များ၊ ငှက်ပျောလက်များ၊ သစ်ကိုင်းသစ်ခက်များ၊ ပန်းချုံပန်းနွယ်များကို မဏ္ဍပ်ကြီး၏ အမိုးအဖြစ် အသုံးပြုထားပါသည်။ အမိုးအောက်ရှိ အုန်းပင်မဏ္ဍပ်တိုင်များတွင် အလုံးကြီးပြီး အသီးလှသည့် အုန်းသီးခိုင်ကြီးများကို လည်းကောင်း၊ ကွမ်းသီးပင် မဏ္ဍပ်တိုင်များတွင် ပြွတ်သိပ်ပြီး သီးနေကြသည့် ကွမ်းသီးခိုင်အစိမ်း၊ အမှည့်ရောင်စုံများကိုလည်းကောင်း၊ ကြိုးဖြင့်စည်းထားသလား၊ သံနဲ့ကပ်ရိုက်ထားသလား မမှတ်မိတော့ပါ။ အနိမ့်လေးမှာ သဘာဝအတိုင်း သီးနေသကဲ့သို့ လှပနေသည်ကိုသာ မှတ်မိပါသည်။ သီးခိုင်ကြီးများ၊ အဖူးကြီးများပါ

www.foreverspace.com.mm



သည့် ငှက်ပျောပင်များကိုလည်း အရင်းမှ ဖြတ်ယူပြီး မဏ္ဍပ်ကြီး၏ မုခ်ဦးအဝင်နှင့် တရားဟောစင်မြင့် မျက်နှာစာတွင် ညီညာစွာ စီတန်းစိုက်ထူထားသည်။ ရောင်စုံ ရွက်လှပန်းပင် ပန်းအိုးများကိုလည်း မဏ္ဍပ်ကြီးအတွင်း တရားနာသူတို့အကြား နေရာအနှံ့အပြားတွင် ချထားပါသည်။ မဏ္ဍပ်ကြီးကို စီစဉ်ဖန်တီးသူ ဗိသုကာ ပညာရှင်သည် အတော်စိတ်ကူးကောင်းသူ ဖြစ်သည်။ မဏ္ဍပ်ကြီးကို လာကြည့်သူ များမှာ ဗုဒ္ဓမြတ်စွာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောကြီးအတွင်း ရောက် လာသည်သို့ ခံစားရမည် ထင်ပါသည်။

တရားနားသူများမှာလည်း မိဂဒါဝုန်တောကြီးအတွင်း တောပန်း တောင် ပန်းတွေအကြားမှာ တရားနာနေကြရသကဲ့သို့ ခံစားကြရပေလိမ့်မည်။ မိဂဒါဝုန် ဆိုတာက ရှင်တော်ဗုဒ္ဓရဲ့ ကရုဏာတော် အရိပ်အောက်မှာ သားသမင် တို့ကို ဘေးမဲ့ပေးရာ သီးစုံ ပန်းစုံပေါ်သည့် မေတ္တာတော်ကြီးပေကိုး။

အဲဒီတုန်းက ကျွန်တော်က ငယ်သေးသမို့ ဘာမှမခံစားတတ်၊ မဏ္ဍပ် ကြီး လှတာပဲ သိသည်၊ ငှက်ပျောခိုင်ကြီးတွေက မှည့်လာတဲ့ ငှက်ပျောသီးတွေ ဖြုတ်စားလို့ ရတာပဲ သိသည်၊ ကိုယ့်ဟာ ကိုယ်တောင် ခေါင်းတုံးလေးနဲ့လား၊ ဘိုကေနဲ့လား၊ ဆံရစ်ဝိုင်းနဲ့လား မမှတ်မိတော့ပါ။ ဖြစ်နိုင်တာကတော့ ခေါင်းတုံး လေး ပြောင်စစ၊ လုံချည်ခါးပုံစ တွဲလောင်းကျ၊ အင်္ကျီလက်တို အဖြူပွပွလေးနဲ့ဟု ထင်ပါသည်။ ခုနစ်ရက်တိုင်တိုင် တရားပွဲ ကျင်းပရာ ကျောင်းဝင်းကြီးထဲက စတုဒိသာမဏ္ဍပ်ကို နေ့တိုင်းသွားပြီး ဝက်သားဟင်းနဲ့ ထမင်းစားခဲ့သော်လည်း ဆရာတော်ဘုရားကြီး ဘာတရားတွေ ဟောတော်မူခဲ့သည်ကို မသိပါ။ သစ္စာ လေးပါးနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဖြစ်မည် ထင်ပါသည်။

အဲဒီတုန်းက ကျွန်တော့်အဘိုးတို့ရွာမှာ ငှက်ပျောတစ်ဖီးကို နှစ်ပြားနဲ့ ဝယ်စားမည့်သူ မရှိ၊ ကျွန်တော့်အဘွားမှာ ခြံထွက်အုန်းသီးတွေကို အခြောက်ခံ ပြီး လျှောင်ကုန်အဖြစ်နဲ့ ရောင်းတာတောင် ခြောက်လုံးမှ တစ်ကျပ်ပဲ ရသည်။ ကွမ်းသီးဆိုတာကတော့ ရောင်းစားလို့ရတဲ့ ပစ္စည်းမဟုတ်၍ စီးပွားရေးလုပ်ငန်း ထဲ ထည့်စဉ်းစားလို့ရတဲ့ အသီးလည်းမဟုတ်၊ သရက်သီး၊ မရမ်းသီး၊ မာလကာ သီးတွေဆိုတာများ ကျွန်တော်တို့ အိမ်နောက်က အပင်တွေ အောက်မှာ မှည့်ပြီး ကြွေကျနေတာ ဘယ်သူမှ ကောက်စားမည့်သူ မရှိ၍ ညစဉ်လာပြီး အားပေး နေကြသည့် လင်းနို့ကြီးတွေကို ကျေးဇူးတင်နေရတော့သည်။

အဲဒီတုန်းကပဲ ဆိုပါတော့။ ငှက်ပျောသီး၊ အုန်းသီးနှင့် ကွမ်းသီးတွေ

www.foreverspace.com.mm



ဟာ ဘာတန်ဖိုးမျှ မရှိသလောက် ပေါများလွန်း၍ မိဂဒါဝုန်တောကြီးအဖြစ် မဏ္ဍပ်ကြီးကို သရုပ်ဖော်ရာမှာ အထောက်အကူပစ္စည်းတွေအဖြစ် ပေါပေါသီသီ အသုံးပြုနိုင်ခဲ့ကြသည်။

အော်…ခုများတော့လည်း ရှားပါးပစ္စည်းတွေ ဖြစ်နေပါရောလားဟု သတိထားလိုက်မိပါသည်။ ကြာလည်း ကြာခဲ့ပြီကိုး။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ လူဦးရေ သန်းနှစ်ဆယ်ခန့်သာ ရှိဦးမည် ထင်ပါသည်။ အမိမြေပဒေသာက ဝေဆာစွာ ဖူးပွင့်ပေးနေသည့် သယံဇာတနှင့် သဘာဝ စားသုံးသီးနှံတွေက အလျှံပယ်ပေါကြွယ်လွန်း၍ လူ သန်းနှစ်ဆယ်အတွက် လုံလောက်ရုံသာမက ပြည်ပသို့ပင် တင်ပို့ရောင်းချပေးနေရသည်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေ လေးဆယ့်နှစ်သန်းခန့် ရှိရော့မည်။ စားသုံးသူ လူဦးရေနှင့် သီးနှံသယံဇာတ ထွက်နှုန်းတို့ အချိုးမညီ၊ မမျှမတ ဖြစ်နေပြီ ထင်ပါသည်။ ဘာကြောင့်များ ကုန်ဈေးနှုန်းတွေ ဤမျှ မြင့်တက်လာပါလိမ့်။

ဒီပြဿနာရဲ့အကြောင်းရင်းကို စိစစ်ရှာဖွေလိုက်တော့ လူတွေကလည်း လူတွေပါပဲဗျာ။ ပြောရတာ ခက်ပါတယ်။

ကဲ…အဲဒီတော့ ဘာများတတ်နိုင်ကြပါဦး မည်နည်း။ ကျွန်တော်သည် ကြွက်မြီးပါသည့် ၄၅ကျပ်တန် အုန်းသီးကြီးကို ကျွန်တော့်နဖူးပြောင်ကြီးနဲ့ ဆောင့်ဆောင့်ပြီး ဈေးကြီးဦးဟာ ဈေးကြီးဦးဟာဟု အော်ပစ်လိုက်ချင်ပါတော့သည်။

အော်…ဟိုတုန်းကတော့ မိဂဒါဝုန်ပါ ခင်ဗျာ။

**သဗ္ဗေသတ္တာအဝေရာဟောန္တု။**

■

**အဏ္ဏဝါစိုးမိုး**

**SEATTLE, U.S.A 4th SEPT, 1992**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၄၃၊ မေလ၊ ၁၉၉၃**

www.foreverspace.com.mm

# သမိုင်းဦးဝေ ဒနာ

**ကိုချစ်**

လူတွေကို ဂူထဲကနေ ကွင်းပြင်ထွက်ပြီး
အိမ်နဲ့ရာနဲ့ ဆောက်လုပ်နေထိုင်တတ်လာအောင်
ဘယ်သူက●ပြီး တွေးခေါ်ဦးဆောင်ခဲ့တာလဲ
သူ ဘယ်သူလဲ
ထွေးမောင် သိပ်သိချင်တယ်
ဖြ●်နိုင်ရင် ဒီပုဂ္ဂိုလ်ကို တွေ့ချင်တယ်

www.foreverspace.com.mm

# သမိုင်းဦးဝေဒနာ

## ကိုချစ်

၁။

မြို့မရောက်ခင်က ရွာတွဲဖက်အလယ်တန်းကျောင်းမှာ ထွေးမောင် ခုနစ်တန်းအထိ နေခဲ့သေးတယ်။ ခုနစ်တန်းနှစ်ဝက်လောက်မှာပဲ မန္တလေးကို ထွက်လာခဲ့တာဆိုတော့ ကမ္ဘာ့သမိုင်းကို သင်ခဲ့ဖူးတာပေါ့။ လူ့သမိုင်းအစမှာ လူတွေဟာ ကျောက်လိုဏ်၊ ကျောက်ဂူတွေထဲမှာ အုပ်စုဖွဲ့နေခဲ့ကြတယ်။ နောက်တော့ အသိဉာဏ်မြင့်မားလာပြီး ယဉ်ကျေးမှုဆိုတာကလည်း တိုးတက်လာတော့မှ ဂူထဲကနေ ကွင်းပြင်တွေပေါ် တက်လာပြီး အိမ်ရာဆောက်လုပ်နေထိုင်လာတတ်ကြတယ်။ ထွေးမောင်ရင်ထဲမှာ သိချင်တာတစ်ခု ရှိတယ်။ ကျောင်းဆက်မနေတော့လို့ မသိတာများလားလို့ စနိုးစနောင့်လည်း ဖြစ်မိတယ်။ လူတွေကို ဂူထဲက ထွက်ပြီး ကွင်းပြင်မှာ အိမ်နဲ့ရာနဲ့ နေတတ်လာအောင် ဘယ်သူကစပြီး တွေးခေါ်ဦးဆောင်ခဲ့တာလဲ။ အဲဒီပုဂ္ဂိုလ် ဘယ်သူလဲ။ ဒါကို ထွေးမောင် သိပ်သိချင်နေတယ်။

၂။

တစ်မိုးလုံး မှောင်လာပြီ။ လျှပ်တဝင်းဝင်း မိုးသံတဂျိမ်းဂျိမ်းကြားမှာ လေကလည်း တစ်ချက်ဝှေ့လိုက်သေးတယ်။ လေထဲမှာ မိုးနံ့ပါလာတယ်။ စဉ့်ကိုင်ဒါမှမဟုတ် မြစ်ငယ်လောက်ဆီမှာ ရွာနေလောက်ပြီ။

ထွေးမောင် ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်ပြီး ကားဂိတ်နဲ့ မျက်နှာချင်းဆိုင်က ကွမ်းယာဆိုင်ကို ခပ်သုတ်သုတ် လှမ်းခဲ့တယ်။ ကွမ်းယာ

www.foreverspace.com.mm



ဆိုင်နောက်မှာ ထောင်ထားတဲ့ စက်ဘီး ကယ်ရီယာပေါ်ကို လက်ပွေ့ဆွဲခြင်း တင်လိုက်ပြီး ဆွဲခြင်းထဲက ပလတ်စတစ်တစ်စကို ဆွဲထုတ်လိုက်တယ်။

ဆွဲခြင်းထဲက ထွေးမောင်ရဲ့ ရောင်းကုန်ပစ္စည်းတွေက မိုးထိလို့ မဖြစ်ဘူး။ ထိုးမုန့်၊ ဇလေမုန့်၊ ဒူးယားဘူး၊ မီးခြစ် ပြီးတော့ ခရီးသွားရင်းဖတ်ဖို့ ရုပ်ပြစာအုပ်၊ စတီရီယိုသီချင်းစာအုပ်၊ ဘုရားရှိခိုးနည်း၊ အန္တရာယ်ကင်း ဂါထာစာအုပ်အမျိုးမျိုး၊ နောက် အိပ်ချင်ပြေ အချဉ်ထုပ်မျိုးစုံ၊ အချဉ်ထုပ်တွေကတော့ ကြိုးနဲ့သီပြီး ကိုယ်မှာ စလွယ်သိုင်းထားရတယ်။

အောင်သူ ကားထွက်သွားရင် မုံရွာကားဂိတ်ကို ဆက်ကူးပြီး ရောင်းဖို့ စိတ်ကူးရှိပေမယ့် မိုးက စိတ်မချရတော့ဘူး။ အောင်သူ ဂိတ်ကနေပဲ လှည့်ပြန်ရတော့မယ့် အခြေအနေပဲ။ မနက်အစောကြီးထ ဇန်းမော်သဘော်အမီ ရောင်းပြီး ဒါးတန်းက လားရှိုးဂိတ်၊ မိုးကုတ်ကားဂိတ်၊ နောက် တောင်ကြီးကားဂိတ်၊ အဲဒီကမှ ညောင်ဦးနဲ့ ကျောက်ပန်းတောင်းဂိတ်၊ ထမင်းပြန်စားပြီး အခု အောင်သူ ဂိတ်၊ ဒီနေ့အဖို့ သိပ်တော့ မဆိုးလှဘူး။

ဆွဲခြင်းကို ကယ်ရီမှာ သေချာအောင် ညှပ်လိုက်ပြီး ပလတ်စတစ်နဲ့ လုံအောင်ပတ်လိုက်တယ်။ ပြီးမှ အပေါ်ကနေ နိုင်လွန်ကြိုးနဲ့ ပတ်ချီပြီး သော့ဖွင့်လိုက်တယ်။ မိုးကလည်း မည်းသထက် မည်းလာပြီ။ အိမ် အမြန်ရောက်မှဖြစ်မယ်။

ဆေးရုံက ဆင်းခဲ့တာ သုံးရက်ပဲ ရှိသေးတဲ့ နုရီတို့သားအမိအတွက် ရင်ထဲမှာ အတော်ပူသွားတယ်။ နုရီက သွေးနုနုနဲ့ မိုးရေ လုံးဝထိလို့ မဖြစ်ဘူး။ အိမ်ကလည်း မိုးမလုံဘူး။ ညဆိုရင် ကြယ်မြင်လမြင်။ ပြီးတော့ သားဦးဆိုတော့ နုရီ နားလည်ပါ့မလား။ မိုးရေတို့ ဆပ်ပြာတို့နဲ့လည်း မတည့်ဘူးဆိုတာကို ဆေးရုံကလည်း ကျန်းမာရေးကောင်းလို့ကတော့ မွေးပြီး နောက်တစ်ရက် ဆင်းတော့ပဲ။ ဆေးရုံမှာဆိုရင် စိတ်ချသေးတယ်။

ထွေးမောင် စက်ဘီးခွထောက်ကို မ,တင်လိုက်ပြီး သုံးဆယ့်နှစ်လမ်း အတိုင်း အနောက်တည့်တည့် သွက်သွက်နင်းလိုက်တယ်။

❑

ထွေးမောင်တို့ရွာက ပခုက္ကူနယ်ဘက်မှာ။ မိုးခဏခဏခေါင်တော့ ဘာမှ လုပ်စားလို့ မရတော့လောက်အောင် ဖြစ်တဲ့ပြင် နွားစာတောင်မှ အနိုင်နိုင်။ ဒီတော့ ကျောင်းထွက်ပြီး မြို့တက်လာခဲ့တယ်။ မန္တလေးဒေးဝန်းရပ်ထဲမှာ ရွာခံ

www.foreverspace.com.mm

ဆွေမျိုးနီးစပ်တစ်ဦး ရှိတယ်။ သူတို့က ထိုးမုန့်၊ လမုန့် လုပ်တော့ သူတို့ဆီကနေ မုန့်ယူရောင်းကြရတာပေါ့။ ရောင်းပြီး ငွေချေပေးတဲ့အပြင် ရွာက တက်လာတဲ့ လူကို ဆွဲခြင်းတစ်လုံး ဆီးပေးလိုက်တာပဲ။ သူတို့လည်း အဆင်ပြေ၊ ရွာသား အချင်းချင်း ကူညီစောင်မရာလည်း ရောက်တယ်လေ။ ထွေးမောင်လို လူပေါင်း အစိတ်သုံးဆယ်လောက် ရှိတယ်။ အားလုံး အဲဒီအိမ်ပေါ်မှာပဲ အိပ်ကြတယ်။ မနက်လင်းတာနဲ့ ထွက်၊ လမ်းမှာစား၊ ညမိုးချုပ်မှ ပြန်အိပ်ရုံသက်သက်အတွက် နေရာလည်း ပေးထားတယ်။ တစ်လနှစ်ဆယ်တော့ ပေးရတယ်။ သူတို့အခေါ် တော့ တစ်ကျော့နှစ်ဆယ်။

မန္တလေးရောက်ပြီး သုံးနှစ်လောက်အကြာမှာ နုရီနဲ့တွေ့ကြတယ်။ ရတနာဂူပွဲနေ့ကပေါ့။

အဲဒီနေ့ဆိုရင် မန္တလေးမြို့ပေါ်မှာ ခြောက်ကပ်သွားတော့တာပဲ။ အားလုံး က ဦးပိန်တံတား၊ တောင်သမန်အင်းစပ် မယ်စယ်ပင်တန်း၊ အထက်နန်း အောက် နန်း အဲဒီနေရာတွေမှာ အကုန်ရောက်ကုန်ကြတယ်။ တချို့က ဘတ်စ်ကားနဲ့ တချို့က ကိုယ်ပိုင်ကား၊ ဆိုင်ကယ်၊ တချို့က စက်ဘီးနဲ့ ပိုပျော်စရာကောင်းတာ က လှည်းတန်းရှည်ကြီးပဲ။

ထွေးမောင်တို့က ကြေးရွှန်းခတ်တန်းလောက်ကနေ စောစော သွားစောင့် ကြတယ်။ လာသမျှလှည်းတွေထဲက ကိုယ်သဘောကျတဲ့ လှည်းနောက်က ကပ် လိုက်ကြတာပဲ။ နုရီတို့လှည်းကို စတွေ့တော့ လှည်းမြီးမှာ ခြေတွဲလဲချပြီး ထိုင် လိုက်တဲ့ လေးယောက်ထဲမှာ နုရီကို မျက်စိကျခဲ့တယ်။

လှည်းတန်းတစ်လျှောက်လုံး စပီကာသံ၊ ကိုယ့်တီးဝိုင်းနဲ့ကိုယ် တီးကြ မှုတ်ကြတဲ့ အသံတွေ၊ စကြ နောက်ကြတဲ့ အသံတွေက ထောင်းထနေတဲ့ ဖုန်လုံးကြီးတွေနဲ့ လုံးထွေးရစ်ပတ်နေတယ်။

'အိမ်ကို မြန်မြန်ပြန်ပါ၊ ကလေးတွေ ငိုကုန်ပြီ'

'သြော်··· မင်းကတော့ ဒီမှာပျော်လို့ပေါ့။ ငါ့မှာတော့ ကလေးမနေ လို့ လိုက်လာခဲ့ရတာ၊ ရော့··· ကလေး'

ပလတ်စတစ် ရုပ်ကလေးတစ်ရုပ်ကို တုတ်ရှည်ရှည်တစ်ချောင်းမှာ ကြိုးနဲ့ချိတ်ဆွဲထားပြီး ရှေ့လှည်းမြီးကို လှမ်းစသူ စတယ်။

'ကျုပ် မမြသွေးကို စောင့်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ် ရှိသွားပြီ'

ရီဝေနေတဲ့ ဘိုးတော်ကလည်း လှည်းပေါ် မတ်တတ်ရပ်ပြီး ရှေ့က

www.foreverspace.com.mm



လှည်းကို လှမ်းပြောလိုက်သေးတယ်။ ဂျင်းဘောင်းဘီ၊ တီရှပ်နဲ့ လူငယ်တစ်စုက အင်္ဂလိပ်သီချင်းကို ဖွင့်ပြီး တစ်လမ်းလုံး လှည်းပေါ်မှာ ကကြတယ်။

'အမေ့သမီး အမေ ကြည့်ပြောနော်။ ကျွန်တော် အတန်တန်တားရက်နဲ့ သူသွားတာ ဒါမျိုးတွေ ကျွန်တော် မကြိုက်ဘူး'

'ဟေ့…ချာတိတ်'

ဘယ်သူတွေ ဘယ်လိုအော်နေနေ ထွေးမောင်ကတော့ နုရီတို့လှည်း နောက်နားက ရိုရိုကျိုးကျိုး ကပ်လိုက်နေခဲ့တယ်။ မျက်လုံးချင်းဆုံအောင် ကြည့်ဖို့ထက် ပိုမရဲခဲ့ဘူး။ မယ်စယ်ပင်တန်းမှာ ထမင်းစားကြတော့လည်း နုရီနဲ့ မလှမ်းမကမ်းမှာ ထွေးမောင် ရှိနေတယ်။ ဦးပိန်တံတားပေါ် လျှောက်တော့လည်း နုရီတို့နောက်မှာ ထွေးမောင်ပါတယ်။ ချောင်းထဲငှက်စီးပြီး အထက်နန်း အောက်နန်းကူးတော့လည်း ထွေးမောင်တို့ငှက်က သူတို့နောက်မှာ။ နောက်ဆုံး ညနေစောင်းလို့ ပြန်ကြတော့ နုရီတို့လိပ်တဲ့ မြင်းညိုဆေးလိပ်ခုံရောက်သည်ထိ ထွေးမောင် ကပ်ပါနေဆဲပဲ။ လူတွေ အကုန်ဆင်း၊ ပစ္စည်းတွေချပြီး နုရီတို့ သားအဖနှစ်ယောက် လှည်းမောင်းပြန်သွားတော့မှ ထွေးမောင် အိမ်ပြန်တယ်။

ရတနာဂူက စခဲ့တဲ့ ထွေးမောင် နုရီဇာတ်လမ်းက နုရီကို ဆေးလိပ်လိပ်သင်ပေးတဲ့ အပျိုကြီးမအုန်းရဲ့ ကူညီစောင်မမှုကြောင့် အဆင်ပြေခဲ့တယ်။

နုရီ ညလိပ်လိပ်ရင် ထွေးမောင် ဈေးမထွက်တော့ဘူး။ နုရီအပြန်ကို ဘေးမဲ့ ဘုန်းကြီးကျောင်းထောင့်က စောင့်ရတယ်။ နုရီတို့အိမ်နဲ့ မလှမ်းမကမ်း ရောက်သည်ထိ လိုက်ပို့ပေးရတယ်။ နောက်တော့ နုရီအဖေက သတင်းသဲ့သဲ့ ကြားတာနဲ့ နုရီကို အမြဲလာကြိုတော့တာပဲ။

ထွေးမောင်ကတော့ သူ့အဖေကြီး မမြင်နိုင်တဲ့နေရာကနေ ချောင်းကြည့်ပြီး ပြန်လှပ်နေရတော့တယ်။ အဘိုးကြီး လှည်းထွက်သွားတဲ့အချိန်ကို ဈေးရောင်း အပျက်ခံပြီး တွေ့ရတယ်။ ဒီလိုနဲ့ တစ်နှစ်လည်လာခဲ့ပြီ။ ရတနာဂူပွဲ ကျင်းပတဲ့ ဝါခေါင်လကို တစ်ကျော့ပြန်ရောက်လာတယ်။

နုရီတို့ အိမ်နောက်ဖေးကို ဝင်းထရံအပြဲကနေ တိုးဝင်လိုက်တယ်။ နွားတင်းကုပ်အောက် ခပ်မှောင်မှောင်နေရာမှာ အသာထိုင်လိုက်တယ်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေပြီး မိုးသံတွေ ကြားနေရတယ်။ မိုးသံတွေကြားထဲမှာ နုရီအဖေ ဘုရားရှိခိုးသံကိုလည်း မသဲမကွဲ ကြားရတယ်။ မိုးက တဖြောက် ဖြောက်ကျလာပြီ။ နွားမြီးခတ်သံ တဖျတ်ဖျတ်ကို မိုးပေါက်သံကြားက ကြားနေ

www.foreverspace.com.mm



ရတယ်။

နုရီတို့အိမ်ထဲက ကြေးစည်သံကြားရပြီး ထရံကြားက မြင်ရတဲ့ မီးရောင် လက်လက်ကလေး ပျောက်သွားတယ်။ အိပ်ရာဝင်သွားပြီ။ မိုးက ပိုသည်းလာ တယ်။ နွားတင်းကုပ်က မိုးသိပ်မလုံတာနဲ့ လှည်းပေါ် တက်ထိုင်နေလိုက်တယ်။

မနက်ကို ရတနာဂူ ပို့ရမှာဆိုတော့ လှည်းကပ်ကြမ်းပေါ်မှာ ကောက်ရိုး ထူထူခံပြီး ဖျာကြမ်းတစ်ချပ် ခင်းထားတယ်။ နေမပူအောင် လှည်းပေါင်းမိုးက လည်း အဆင်သင့် တပ်ပြီးသား။ ပေါင်းမိုးဖျာကြမ်းပေါ်မှာ ပလတ်စတစ်အုပ် ပြီး ကြိုးနဲ့သိုင်းထားပြီးသားဆိုတော့ မိုးလည်း စိတ်ချရတယ်။

‘နုရီကလည်း ကြာလိုက်တာ’

ကင်းတဲက သံချောင်းခေါက်သံ ကြားရတယ်။ ထွေးမောင်စိတ်ထဲက လိုက်ရေကြည့်တယ်။ ဆယ့်တစ်ချက်။ မိုးက သည်းသထက် သည်းလာတယ်။ လှည်းအောက်မှာ ချွတ်ထားတဲ့ ရာဘာဖိနပ်ကို မိုးရေစီးထဲ ပါမသွားအောင် ကုန်းကောက်ပြီး လှည်းရုံတိုင်မှာ ချိတ်ထားလိုက်တယ်။

တအောင့်လောက်ကြာမှ နုရီ အိမ်နောက်ဖေး တံခါးပွင့်လာတယ်။ နုရီ ခမောက်တစ်ချပ် ခေါင်းပေါ်တင်ပြီး ထွက်လာတယ်။ ထွေးမောင်ကို နွား တင်းကုပ်ထဲ လှမ်းကြည့်ပြီး ရှာသေးတယ်။

‘နုရီ… ဟေ့… နုရီ ငါ ဒီမှာ၊ လှည်းပေါ်မှာ’

နုရီ လှည်းမြီးကို ရောက်လာပြီး အပေါ်တက်လိုက်တယ်။ ခမောက်ကို ပေါင်းမိုးပေါ် လှမ်းတင်လိုက်တယ်။ ထွေးမောင်ပေးထားတဲ့ ရှင်မတောင်သနပ် ခါးနံ့က မွှေးကြိုင်လို့။

‘စောင့်လိုက်ရတာ နုရီရာ’

‘ရှူး… တိုးတိုး၊ အဖေက စောစောလေးကမှ အိပ်ပျော်သွားတာ အိပ်ရာထဲ ရောက်ပေမယ့် တော်တော်နဲ့ အိပ်တာမဟုတ်ဘူး’

‘နင် မနက် ရတနာဂူ လိုက်ဦးမှာ မဟုတ်လား’

‘အေး… နင်လည်း လာမှာမဟုတ်လား’

‘လာတော့လာမှာပေါ့။ တော်ကြာ နင်တို့ဆေးလိပ်ခုံက ကောင်မလေး တွေ ငါ့မျက်စိကျနေရင် နက်ခက်မယ်’

‘အောင်မာ… အရူး၊ လူကြည့်တော့ ရိုးပုံရိုးလက်နဲ့’

‘ငါ့ကို နင်က လူရိုးလို့ ထင်တယ်ဟုတ်လား’

www.foreverspace.com.mm



ပြောပြောဆိုဆို နုရီကို သိုင်းဖက်ပြီး ဖျာကြမ်းပေါ် လှဲချလိုက်တယ်။

'ထွေးမောင်၊ နင်နော် မကဲနဲ့၊ ငါအော်မှာ'

'နုရီကလည်းဟာ...'

'ကောင်စုတ် ငါပြောတာ မရဘူးလား။ မျက်နှာရှုး လွှတ်ဟာ'

'နင်နဲ့ငါ စတွေ့တာ ဘယ်နှရက်ရှိပလဲ။ တွေ့တုန်းလေးကို မဟုတ်လည်း ယူကြမှာပဲ ဥစ္စာ'

'......'

'......'

လှည်းပေါ်မှာ လုံးထွေးရုန်းကန်နေကြတော့ လှည်းကို ထောက်ထားတဲ့ လှည်းထောက်ခွက ရွှံ့ထဲကျသွားတယ်။ ဝုန်းခနဲ လှည်းထမ်းပိုး ပြုတ်ကျသွားတဲ့ အသံက မိုးသံထဲမှာ ဟိန်းထွက်လာတယ်။

ထွေးမောင်လည်း လှည်းပေါ်က ဒလိမ့်ခေါက်ကွေး ရှေ့စိုက်ကျသွားရင်း နောက်စေ့နဲ့ လှည်းထမ်းပိုးနဲ့ ရိုက်မိပြီး မျက်စိထဲမှာ ပြာသွားတယ်။

ထွေးမောင် နားထဲမှာ သူခိုး သူခိုးလို့ အော်တဲ့ အသံတွေလည်း ကြားရတယ်။ ဝင်းခနဲ လက်ခနဲ လက်နှိပ်ဓာတ်မီးအလင်းရောင်ကိုလည်း မျက်စိထဲမှာ ရဲခနဲ မြင်လိုက်ရသလိုပဲ။ ပြီးတော့ နောက်ဆုံး ကြားလိုက်တာ နုရီအသံ။

'အဖေ မလုပ်နဲ့၊ မလုပ်ပါနဲ့... သမီးတို့ပါ'

ထွေးမောင်လည်း သတိလစ်သွားတယ်။

❑

ဝါကျွတ်တော့ ဘုန်းကြီးဆယ်ပါး၊ အရပ်ထဲက လူကြီးတချို့နဲ့ မင်္ဂလာဆွမ်းကျွေးလိုက်ကြတယ်။ ထွေးမောင်လည်း တစ်ကျော့နှစ်ဆယ် အိမ်ကြီးကနေ နုရီတို့အိမ်ကို ရောက်သွားတယ်။ ထွေးမောင်တို့ ရပြီး သုံးလလောက်မှာ နုရီအဖေ ဆုံးတယ်။

ထွေးမောင် ဒီအိမ်ပေါ်ရောက်ကတည်းက ကျိုးတိုးကျဲတဲ အိမ်အမိုးကို သတိထားမိတယ်။ နောက်တစ်မိုးဆိုရင် နေမဖြစ်ဘူးဆိုတာလည်း တွက်မိတယ်။ ဝန်နဲ့အား မမျှလို့ကို ကြည့်နေရတာ။

တွက်ကြည့်လေ၊ နှစ်ခန်းပတ်လည်အိမ်ဆိုတော့ ကပ်နှစ်ရာ့ငါးဆယ်လောက် မိုးရမယ်။ ကပ်တစ်ချပ်ကို ပေါက်ဈေးက ခြောက်ကျပ်ခွဲ။ ဒါတောင် မရမ်းခြံကပ်ပဲ ရမယ်။ အကောင်းစား မရနိုင်ဘူး။ ကပ်ဖိုးတင် ထောင့်ငါးရာ။

www.foreverspace.com.mm



သံက တစ်ပိဿာ တစ်ရာလောက်ရှိတယ်။ တစ်ပိဿာတော့ ကုန်မှာပဲ။ ပြီးတော့ ဖျက်ချလိုက်တဲ့ ကပ်အဟောင်းတွေ စွန့်ပစ်ခ ပေးရသေးတယ်။ အရပ်ထဲ ပုံထားလို့ရတာ မဟုတ်ဘူး။ ဒီတော့ လက်ထဲ နှစ်ထောင်လောက်ရှိမှ ကပ်မိုးနိုင်မှာ။

ထွေးမောင်ရတာက တစ်နေ့ကုန် ရောင်းနိုင်မှ တစ်နေ့ခြောက်ဆယ် ပတ်ဝန်းကျင်ရတယ်။ ဒါက လူနှစ်ယောက်စားဖို့ကိုပဲ အတော်ချွေတာနိုင်မှ။ နုရီကလည်း ကိုယ်ဝန်နဲ့ဆိုတော့ အလုပ်လုပ်ဖို့ မခိုင်းရက်ဘူး။ နုရီအဖေ သေပြီးလှည်းနဲ့ နွားရောင်းတာကလည်း အသုဘစရိတ်နဲ့ ရက်လည်ဆွမ်းကပ်တာနဲ့။ ပြီးတော့ သံသရာကြွေးလွတ်အောင်လို့ ဆိုပြီး သူ့အဖေ ယူခဲ့တဲ့ အကြွေးတွေ အကုန်ထိုးဆပ်လိုက်တယ်။ အပိုမကျန်ခဲ့ဘူး။

မိုးမလုံရင် မဖြစ်တဲ့အကြောင်း နုရီက ပြောတော့ ထွေးမောင် ထုံးစံအတိုင်း ခတ်ရွတ်ရွတ် ပြန်ဖြေတတ်တယ်။

'မပူပါနဲ့ကွာ။ ဒီတစ်သက် မိုးနိုင်ဖို့ မလွယ်ပါဘူး'

❑

၃။

စက်ဘီးကို အိမ်ဝင်းထဲ ချိုးဝင်လိုက်တော့ မိုးတစ်ပေါက်စ၊ နှစ်ပေါက်စ ကျစပြုလာပြီ။ စက်ဘီးကို ယိုင်ရွဲ့နေတဲ့ နွားတင်းကုတ်တိုင်ကို မှီလိုက်တယ်။ ကယ်ရီယာအပေါ်က ခြင်းတောင်းကို ဖြုတ်ပြီး အိမ်ထဲကို ဝင်လိုက်တယ်။

နုရီကတော့ တစ်ဖက်တစ်ထည်ခေါင်းပေါင်းထားပြီး ကလေးကို နို့တိုက်နေတယ်။

'ထွေးမောင်၊ မိုးရွာတော့မယ်။ ဘယ့်နှယ်လုပ်မလဲ'

ထွေးမောင် ပြန်မဖြေဘူး။ ခြင်းတောင်းပေါ်က နိုင်လွန်ကြိုးတွေနဲ့ အလုပ်ရှုပ်နေတယ်။

'ကလေးအိပ်ပြီလား'

'အင်း... အိပ်ပြီ'

ထွေးမောင် နောက်ဖေးကို ကတန်းကမန်း ထွက်လာခဲ့တယ်။ နွားတင်းကုပ်စင်ပေါ်က ဝါးတစ်လုံးယူပြီး ခွဲစိတ်ပစ်လိုက်တယ်။ နောက် စိတ်ပြီးသား ဝါးခြမ်းတွေ ယူပြီး အိမ်ထဲပြန်ဝင်လာတယ်။

ဝါးခြမ်းထိပ်တစ်ဖက်ကို ခုတင်ဘောင်နဲ့ ချည်လိုက်တယ်။ နောက် ဝါးခြမ်းကို ကွေးပြီး ကျန်တဲ့ထိပ်တစ်ဖက်ကို ကျန်တဲ့ခုတင်ဘောင်နဲ့ တွဲချည်

www.foreverspace.com.mm



လိုက်တယ်။ ခေါင်းရင်းကနေ ခြေရင်းထိ ငါးချောင်းချည်ပြီး သွားတဲ့အခါ ခုတင်ပေါ်မှာ ပေါင်းမိုးလေးတစ်ပုံ ပေါ်လာတယ်။ အဲဒီငါးချောင်းကို ကန့်လန့်ဖြတ်ပြီး ဝါးခြမ်းသုံးချောင်းနဲ့ တွဲချည်လိုက်ပြန်တယ်။ တော်တော်လေး တောင့်သွားပြီ။

နုရီကတော့ ကလေးဘေးမှ လှဲနေပြီး နားမလည်တဲ့မျက်နှာနဲ့ ထွေးမောင်ရဲ့ လှုပ်ရှားမှုတွေကို လိုက်ကြည့်နေတယ်။

မိုးကလည်း နည်းနည်းပိုစိပ်လာတယ်။ ဖျာကြမ်းအစုတ်တစ်ချပ်ကို ပေါင်းမိုးပေါ်အုပ်ပြီး ချည်လိုက်ပြန်တယ်။ ဖျာကြမ်းပေါ်ကို ပလတ်စတစ် ဖြန့်အုပ်လိုက်တယ်။ ခြေရင်းက နည်းနည်းလိုနေတာကို မြွေရေခွံအိပ်ခွံနဲ့ အုပ်လိုက်တယ်။ ပြီးမှ နိုင်လွန်ကြိုးတွေနဲ့ အပေါ်ကနေ သိုင်းပြီး ချည်လိုက်တယ်။

ဈေးခြင်းတောင်း၊ ဆီအိုး၊ ဆားအိုး၊ ဆန်ပုံးတွေကို ခုတင်အောက် သွင်းလိုက်တယ်။ အဝတ်အစားထည့်တဲ့ သံချေးတက်သေတ္တာကိုတော့ ခုတင်ခြေရင်းပေါင်းမိုးအောက် သွင်းလိုက်တယ်။ ပြီးတော့ နုရီ ဘေးကို ဝင်လှဲလိုက်တယ်။ မိုးက တကယ်ရွာနေပြီ။

'ကဲ… လုံသွားပြီ မဟုတ်လား'

'ကြံကြံဖန်ဖန် လုပ်လည်းလုပ်တတ်တယ်'

'ခုလိုဆိုတော့ နင်နဲ့ငါ ချိန်းတွေ့တဲ့ညကို သတိမရဘူးလား'

'သွား… မျက်နှာရှူး'

နုရီရဲ့ ပြုံးစစမျက်နှာကို ကြည့်ရင်း ထွေးမောင် ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။

ဒါပေမယ့် ထွေးမောင်ရင်ထဲမှာ သိပ်သိချင်နေတာ တစ်ခုရှိတယ်။ လူတွေကို ဂူထဲကနေ ကွင်းပြင်ထွက်ပြီး အိမ်နဲ့ရာနဲ့ ဆောက်လုပ်နေထိုင်တတ်လာအောင် ဘယ်သူကစပြီး တွေးခေါ်ဦးဆောင်ခဲ့တာလဲ။ သူ ဘယ်သူလဲ။ ထွေးမောင် သိပ်သိချင်တယ်။ ဖြစ်နိုင်ရင် ဒီပုဂ္ဂိုလ်ကို တွေ့ချင်တယ်။ တွေ့ရရင် ထွေးမောင် ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိတယ်။

■

**ကိုချစ်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၄၄၊ ဇွန်လ၊ ၁၉၉၃**

# ပိုးစားခြင်း

**ကိုဆွေ**

ဖူးချစ်၏ ကြိုးစင်ပေါ်မှ မှတ်တမ်းစာအုပ်
ပွင့်လျက်အနေအထားတွင် ရှိနေ၏
မီးရောင်အောက်မှာတော့
မှင်နီတားထားတဲ့ စာကြောင်းတွေဟာ
အထင်းသား ပေါ်နေတာပဲ
နှစ်နာရီ။ ။

*ပရာဟာမြို့တော်ကား၊ အိပ်ပျော်လေပြီ*
*တစ်နေရာတွင် ကလေးတစ်ယောက်သည်*
*အိပ်ရင်းက အီကောင်းအီနေလိမ့်မည်*
*တစ်နေရာတွင် ယောကျ်ားတစ်ယောက်သည်*
*ဇနီးသည်ကို ပွတ်သပ်ကောင်း ပွတ်သပ်နေပေလိမ့်မည်*

www.foreverspace.com.mm

www.foreverspace.com.mm

# ပိုးစားခြင်း

**ကိုဧဆွေ**

၁။

အခန်းကျဉ်းကလေး၏ အလင်းရောင် မရောက်နိုင်သော၊ ခပ်မှောင်မှောင်၊ ထောင့်ချိုးကွေ့ထဲမှ၊ တောက်တဲ့အော်သံ ထွက်ပေါ်လာ၏။ ညောင်ပင်ပေါ်က ညောင်ရွက်တေးသံလည်း တရှဲရှဲအသံပေးလို့၊ ကြောက်မက်ချောက်ချားဖွယ်။ ညရဲ့ နောက်ခံတီးလုံးတွေလား။

ခုတင်တစ်ခုပေါ်၌ မေ့လျော့ခြင်း ရှိ၏။ လောကကြီးနဲ့ အဆက်ပြတ်လို့၊ အခြားကုတင်တစ်ခုပေါ်၌ စောင့်ကြိုခြင်း ရှိ၏။ လူ့ဘဝရဲ့ နောက်ဆုံးထွက်ပေါက်တစ်ခုဖြစ်တဲ့ သေခြင်းအကြောင်းတရား။ ဆေးရုံအပြင်ဘက်၌ သွေးလှူမည့်သူနှင့် လူနာရှင် ဈေးစကားပြောနေဆဲ ပုလင်းထဲမှ သွေးများမှာ အော့အန်ပြီး အော်နေကြ၏။ ငွေ၊ ငွေ၊ ငွေ။ ဟိုဘက်နားမှာတော့ ခုတင်ပေါ်က လူနာဟာ မျက်ဖြူဆိုက်နေရှာပေါ့။

ထဘီနီဝတ် ကြတ္တိယလေးရဲ့ လက်ထဲမှာ ဆေးထိုးအပ်တစ်ခုကို ကိုင်ထားတယ်။ နောက်ဆုံး သက်စောင့်ဆေး ထိုးတော့မယ်တဲ့လား။ ကျွန်တော်၏ သက်ပြင်းချသံ၌ တုန်ခါနှုန်း ဘယ်လောက်ပါသလဲ ဆိုသည်ကိုပင် မသိနိုင်တော့။ ဇနီးဖြစ်သူမှာ ငိုရလွန်းသော၊ အိပ်ပျက်သော မျက်နှာဖြင့် ဖြူဖျော့နွမ်းလျနေ၏။

'သားကလေး၊ အမေ့သားကလေး၊ ကြည့်ပါဦး မောင်ရယ်။ အိပ်နေတာမှ ဟုတ်ရဲ့လား'

အမှန်တော့ သားကလေးမှာ မသေသေး။ ပင်ပန်းကြီးစွာ အသက်ရှူ

www.foreverspace.com.mm



နေတုန်းပါပဲ။ ဖဝ ဝပ်အား၊ မီးလုံးနား၌ လိပ်ပြာကြီးတစ်ကောင် ရစ်ဝဲပျံသန်းနေ၏။ ဟော… တဖြည်းဖြည်းနဲ့ အောက်ကို နိမ့်လာပြီ။ အခန်းရဲ့အောက်ခြေမှာ ကပ်ပြီး တိုးဝှေ့သွားနေတုန်း ကျွန်တော့်ခြေထောက်နဲ့ နင်းသတ်လိုက်မိတယ်။

'အို… ဘာပြုလို့ သတ်လိုက်ရတာလဲ မောင်ရယ်။ ဒီမှာ ကိုယ့်သားသမီးက နေမကောင်း ဖြစ်နေရတဲ့အထဲ'

'အေးကွာ၊ မောင်လည်း ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ စိတ်ထဲမှာ မကောင်းဆိုးဝါးတွေ၊ လိပ်ပြာယောင်ဆောင်ပြီး သားကလေးကို ခြောက်ဖို့ လှန့်ဖို့ လာတယ် အောက်မေ့လို့'

ကျွန်တော့်ဇနီးမှာ ပိတ်ထားသော တံခါး၏ သံဆန်ခါကွက်များကြားမှ အပြင်ဘက်သို့ အဓိပ္ပာယ်မဲ့ ငေးကြည့်နေလေသည်။ ပိတ်ထားတဲ့တံခါးဟာ ဒီအတိုင်းပဲ ပိတ်နေပါစေလေ။ ဒါမှ သားကလေးဝိညာဉ်ဟာ သူ့ကိုယ်ထဲမှာ တည်နေမှာ။ ဒါမှ အပြင်ထွက်လို့ မရမှာ။ ကျွန်တော်ဟာ ပြားချပ်ပိန်ကပ်နေတဲ့ ခပေါင်းစီးရက်ကို သောက်ပြီး အဆက်အစပ်မရှိ တွေးရင်းနဲ့ အိပ်ချင်စိတ်ကို အန်တုနေရတယ်။ သူငယ်ချင်း ကဗျာဆရာ မောင်ချောနွယ်ရဲ့ 'ခပေါင်းတစ်လိပ်နဲ့ ကောင်းနိမိတ်မျှော်ကြစို့' ဆိုတဲ့စကား ကြားယောင်ပြီး ကုန်လွန်လာခဲ့ရတဲ့ ညတွေလည်း မနည်းတော့ဘူး။

နောက်နေ့ မနက်ပိုင်း လူနာလိုက်ကြည့်သော ဆရာဝန်မလေး ခုတင်အနီးသို့ ရောက်လာ၏။ နောက်က ပါလာတဲ့ သူနာပြုဆရာမလေးတွေ တချို့ ဖော်ရွေတဲ့ မျက်လုံးနဲ့၊ တချို့ မာနတံခွန်ထူလို့။

'ကလေးက ရေဓာတ်အား နည်းလွန်းလို့ အသားဝါရောဂါ ရတာပဲ။ ဖြစ်နိုင်ရင် ရန်ကုန်သွားကုကြည့်ပါလား။ ဟိုမှာ ပစ္စည်းစုံ၊ ဆေးစုံတော့ ကျွန်မတို့ နယ်မှာကုတာထက် ပိုကောင်းမယ် ထင်တယ်။ ဒီနေ့ အိမ်ပြန်ခေါ်ချင်ရင်လည်း ခေါ်နိုင်ပါပြီ။ အိမ်ကျရင် ဂလူးကို့စ်နဲ့ရေ ခဏခဏ တိုက်ပေးနော်'

ဆရာဝန်မလေးမှာ သူနာပြုဆရာမများ ခြံရံလျက် ဆေးရုံ ရုံးခန်းသို့ ပြန်သွားလေပြီ။ ကျွန်တော်သည် ဇနီးသည်၏ မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ မျက်ရည်ပေါက်ကြီးနှစ်ပေါက် ယိုစီးကျလာသည်။ ပါးပေါ်မှာ အစင်းကြောင်းကြီးတွေနဲ့ ပူနွေးသော မျက်ရည်များပင် ဖြစ်မည်ထင်၏။

'မငိုပါနဲ့ကွာ။ တိုင်းရင်းဆရာနဲ့ ပြောင်းကုသေးတာပေါ့။ သိမ်းသင့်တာ သိမ်းထား။ မောင်မြင်းလှည်း သွားခေါ်လိုက်ဦးမယ်'

www.foreverspace.com.mm



ဤဆေးရုံမှာပင် သားကလေးကို မွေးခဲ့သည်။ ရက်သတ္တပတ်ပြည့်ပြီး အိမ်ပြန်ခဲ့၏။ အိမ်မှာ နှစ်ရက်လောက်နေပြီး ဤဆေးရုံသို့ ရောက်ခဲ့ရပြန်သည်။ ဒီနေ့ဆိုရင် တစ်လပြည့်ပြီပေါ့။ ဤတစ်လသား ကလေးလေး၏ ပိန်ရှုံ့နေသော တင်ပါးကလေးတွင် ဆေးအလုံးပေါင်း သုံးဆယ်ကျော်မက ထိုးခဲ့ရသည်။ ဘာမှ မထူးခြားခဲ့။ ဤသို့ဖြင့် ကျွန်တော်တို့ မိသားစု အိမ်ပြန်ခဲ့ကြရသည်။

၂။

အဝေးပြေးလမ်းမကြီးပေါ်တွင် အလွန်လျင်မြန်စွာ ပြေးနေသော မော်တော်ကားကို နှေးသည်ဟုပင် ထင်နေကြသည်။ အသံထက်မြန်သော အလင်းထက် မြန်သောယာဉ်များကို လူနှင့်လူမဟုတ်သော အဆင့်မြင့်သူများက တီထွင် ဖန်ဆင်းနိုင်ခဲ့ကြပေလိမ့်မည်။ စိတ်ဆိုတာမျိုးကိုတော့ ဘယ်ယာဉ်က မီအောင် ပြိုင်မောင်းနိုင်မှာလဲ။

သားကလေးမှာ စောင်ခြုံအောက်၌ တအင်အင်ညည်းလျက်။ ခြုံထားတဲ့ စောင်ထဲမှာ အုပ်ဆေးနံ့ သင်းပျံ့နေ၏။ လမ်းဘေးလယ်ကွင်းထဲ၌ ခြေတံရှည် ဗျိုင်းသုံးလေးကောင်၊ အစာရှာနေသည်။ နွားကျောင်းသားလေး တစ်ယောက်၊ လောက်လေးခွကို ကိုင်လို့။ သူ့မှာတော့ အပူအပင်မရှိ ပျော်နေလိုက်တာ။ ကျွန်တော်တို့ စီးလာသော ကားလေးမှာ ရုတ်တရက် ထိုးရပ်သွား၏။ ကျွန်တော့် ဇနီးမှာ သားကလေးကို ငုံ့ကြည့်နေရာမှ မျက်နှာကို မော့လိုက်ရင်း 'ကားပျက်တာ၊ နိမိတ်မကောင်းဘူး မောင်ရယ်' ဟု တိုးတိုးလေး ပြောနေသည်။ နာရီဝက်မျှ ပြုပြင်ပြီး ဆက်မောင်းလာခဲ့ရင်း လမ်းမကြီးပေါ်မှ ဖဲ့ဆင်းသွားသော လှည်းလမ်းကြောင်းအတိုင်း လိုက်ခဲ့ရာ ရွာအနီးသို့ ရောက်လာ၏။ လမ်းမှာ ကြမ်းတမ်း လွန်းလှသည်ဖြစ်ရာ ကားမောင်း၍ပင် မရတော့။ ခြေလျင်ဆင်းလျှောက်ရင်း တိုင်းရင်းဆေးဆရာ နေထိုင်ရာအိမ်သို့ ရောက်ခဲ့လေသည်။

(ဓာတ်နက္ခတ်ဆရာထို)

ဒီမှာလည်း လူတွေ ပြည့်ကျပ်လို့။ မစည်ကားအပ်တဲ့နေရာတွေမှာ စည်ကားနေလို့ပါလား။ အလှည့်ကျသော် ကျွန်တော်တို့သားကလေးကို ဆရာက စစ်ဆေး၏။ ဆေးတိုက်ဆေးလိမ်းရန် ညွှန်ကြား၍ သုံးရက်ခွာချိန်းပြီး သူ့ထံ ပြန်လာပြရန် ပြောသည်။ ကျွန်တော်တို့မိသားစုမှာ ပြုတ်ကျလုတဲတဲ မျှော်လင့်ချက်ကလေးကို ဖိတ်စဉ်လွင့်ကျမသွားအောင် သတိကြီးစွာ ထိန်းချုပ်ဆုပ်ကိုင်ရင်း အိမ်သို့ ပြန်လာခဲ့ကြရပြန်သည်။

www.foreverspace.com.mm



၃။

ရုံးရဲ့ပြတင်းပေါက်က ကြည့်လိုက်တော့ ကွန်ကရိပိုက်လိုင်းတွေရဲ့ ဟိုဘက်နားမှာ တံလျှပ်တွေ တရိပ်ရိပ်လှုပ်ခတ်နေ၏။ ပြီးတော့ ဓာတ်တိုင်လေး တစ်တိုင်မြင်ရတယ်။ အဲဒီဓာတ်တိုင်ရဲ့ ဟိုးအရှေ့ဘက်က သစ်ပင် အုပ်အုပ်တွေကိုတော့ ကောင်းကောင်း မမြင်ရဘူး။ မှုန်မှုန်ရီပြာ၊ မြူတွေဖုံးလို့ သြော်··· နွေဦးကာလ မြူထသောခါ။

တစ်ဖက်ခန်းမှ လက်နှိပ်စက်သံ ထွက်ပေါ်လာပြီး ငြိမ်သက်ခြင်းကို ဖျက်ဆီးနေပြန်၏။ (ငြိမ်သက်ခြင်းဟာ ရွှေထက်တန်ဖိုးရှိတယ်) ဆိုတာ လက်နှိပ်စက်ရိုက်နေတဲ့ မမကြီး မသိလေရော့သလားဟု ကျွန်တော် တွေးနေဆဲမှာပင် တစ်ကိုယ်လုံး မီးခိုးရောင်ဝတ်စုံ ဝတ်ထားသော စာရေးမတစ်ယောက် အခန်းရှေ့မှ ဖြတ်လျှောက်သွား၏။ ရုံးရဲ့ စကြံလမ်းပေါ် သူမရဲ့ဖိနပ်က ပွဲတင်သံ ဝေ့ဝဲနေတုန်းမှာပဲ နေရဲ့ ကျေးကျွန်ဖြစ်တဲ့ နာရီက မွန်းတည့်ဆယ့်နှစ်ဂဏန်းကို ညွှန်ပြနေပြီ။

ကျွန်တော် နေ့ဝက်ခွင့်ယူပြီး အိမ်ပြန်ခဲ့မည်ဟု ပြောထားခဲ့ရာ အလုပ်များကို လက်စသတ်နေရ၏။ ရုံးရှေ့မှ ယူကလစ်ပင်များမှာ ယိမ်းနွဲ့နေကြလေသည်။ လေပူတိုက်ခတ်လာ၏။ ကျွန်တော့်စိတ်တွေလည်း ရေဆူအမှတ်ရဲ့အမြင့်ဆုံးကို ရောက်နေပြီ။ ရုံးရယ်၊ ရုံးထဲက ရန်းထွက်လိုက်ချင်တယ်။ အသားဝါရောဂါရနေတဲ့ သားကလေး ဘယ်လိုနေသေးလဲ။ စိတ်သည် အလုပ်မှ အိမ်သို့ တစ်ဟုန်ထိုး ထွက်ပြေးသွားတော့၏။ ခန္ဓာကိုယ်ဟာ တောင့်တောင့်ကြီး အနေအထားမှာ။

နေရောင်အောက်မှာတော့ ယူကလစ်ပင်တွေဟာ လှပစိမ်းစိုနေတာပဲ။ ရပ်ရှင်ထဲမှာ မြင်ဖူးတဲ့ သဲကန္တာရထဲက စွန်ပလွန်ပင်တွေ ဝိုင်းရံထားသော အိုအေစစ်ကလေးနှင့် တူနေ၏။ သားကလေးရေ၊ သားသားဟာလည်း ကျွန်တော်တို့ ဇနီးမောင်နှံရဲ့ အိုအေစစ်ကလေးပါပဲ။

ဆေးပေါ့လိပ်မှ မီးခိုးငွေ့များ ထွက်လာသည်။ တယ်လီဖုန်းသံ မြည်လာပြန်ပေါ့။ ရေနံရောင် အသားပိုင်ရှင် ချောက်သူစာရေးမလေးသည် တယ်လီဖုန်းကို မနှစ်မြို့သော အကြည့်ဖြင့် ကြည့်ရင်း 'ဒုက္ခပါပဲ။ တယ်လီဖုန်းကြောင့် ဒီနေ့ အလုပ်ပြီးမှာ မဟုတ်တော့ဘူး'ဟု အပြစ်တင်လိုက်၏။ တယ်လီဖုန်းမှာ ကျွန်တော့်အတွက် ဆို၍ စကားပြောခွက်ကို ကိုင်လိုက်ရသည်။ သားကလေး တက်နေသတဲ့။ ရုံးကားကြုံဖြင့် အိမ်သို့ အမြန်ပြန်ခဲ့ရ၏။

www.foreverspace.com.mm

၄။

၁၉၇၃၊ ပူနွေးသော မတ်လ နေ့ရက်များ အိမ်မှာ လူတွေဝိုင်းအုံနေ၏။ ကျွန်တော့်အတွက် လမ်းဖယ်ပေးကြသည်။ ရှေ့သို့တိုး၍ ကြည့်လိုက်မိ၏။ မျက်စိမှိတ်လျက် ဖုတ်လှိုက်ဖြင့် ပင်ပန်းကြီးစွာ အသက်ရှူနေရသော သားကလေး၏ ဝေဒနာခံစားမှုမှာ ကြည့်ရက်စရာပင် မရှိ။

အိမ်နီးချင်းမိန်းမကြီးတစ်ယောက်က ပြောလိုက်သည်။ ဆရာဝန် ခေါ်ပါလားတဲ့။ လခမထုတ်ရသေးတဲ့ ၃ ကျပ် ၈၅ ပြားပဲ ရတဲ့ နေ့စား ရုံးအကူစာရေးလေးဟာ သမားတော်ရဲ့ခြေကြွခကို ဘယ်လိုပေးနိုင်မှာတဲ့လဲ။ ကျွန်တော်တို့ အိမ်နောက်ဘက်တွင် ရွှေဘုန်းပွင့်ဘုရား ရှိ၏။ ဘုရားအုတ်တံတိုင်းတွင် တွယ်ကပ်နေသော ရေညှိများကို ခွာပြီး ကျောက်ပြင်မှာ သွေး၍ သားကလေး၏ ဆီးအိမ်အထက်နားကိုသာ လိမ်းပေးကြရသည်။ ပိုက်ဆံမရှိတဲ့ လူတစ်ယောက်အဖို့ ဗမာဆေးမီးတိုမှတစ်ပါး အားကိုးရာ မရှိဘူး။

သားကလေးမှာ တစ်ခါနှစ်ခါမျှ တက်ပြီးသော် ငြိမ်ကျသွားတော့၏။ အသက်ဝိညာဉ် ကင်းမဲ့သွားပြီ။ နှုတ်ခမ်းနုနုလေး၊ ခရမ်းပြာရောင် ဖြစ်နေပြီ။ ဆွေမျိုးမိတ်သင်္ဂဟတွေရဲ့ မျက်နှာများပေါ်မှာ အပူရုပ်မျက်နှာဖုံးတွေ တပ်ဆင်ထားကြတယ်။ ငိုသံ ကျိတ်ပြီး ရှိုက်လိုက်တဲ့ အသံ၊ ဒီအသံတွေဟာ ဘဝရဲ့ ဈာပနတေးတစ်ပုဒ်အတွက် သံပြိုင်လိုက်ပေးနေကြတာများလား။

သေသွားသောကလေး၏ အောက်၌ နောက်ထပ်ကလေးအငယ် မရှိလျှင် ကျောနွေးအောင် မထားရဟူသော ကျွန်တော်တို့ မြန်မာလူမျိုးများ၏ အရိုးစွဲ အယူဝါဒကြောင့် သားကလေးကို ဝအောင်မှ မကြည့်ရခင် ဆိုက်ကားငှားကာ သုသာန်သို့ ပို့လိုက်ရတော့သည်။

သုဘရာဇာ မြေကျင်းတူးနေစဉ် ဖုံးထားသော အနီးကို ဖွင့်လျက် သားလေးမျက်နှာကို ကြည့်နေမိပြန်သည်။ တစ်ကိုယ်လုံး ဝါထိန်နေလျက် မျက်နှာနေရာ၌ ပိုဝါပြီး လှပလွန်းနေ၏။ သေပန်းပွင့်တယ်ဆိုတာ ဒါများလား သားရယ်။

မြေကျင်းတူးပြီးပြီ။ နောက်ဆုံး နှုတ်ဆက်ခြင်းအဖြစ် နမ်းလိုက်မိ၏။ ယောကျ်ားတန်မယ့် မျက်ရည်ကျသည်။ ခန္ဓာကိုယ်ထဲမှာ စကားလုံးတွေဟာ အသံမမြည်ဘဲ ထွက်ပေါ်နေတယ်။

'သားလေးရေ၊ တကယ်တော့ အေးငြိမ်းခြင်းဆိုတာ ဟိုးမိုးကောင်းကင်

www.foreverspace.com.mm



ပေါ်မှာ ရှိတာ မဟုတ်ဘူး။ မြေကြီးထဲမှာပဲ ရှိတယ်ဆိုတာ အဖေ နားလည်ခဲ့ပြီ'

အုတ်ဂူများကြားမှ ဖြတ်သန်းလာသည့် မသန့်ရှင်းသော လေသည် ပုပ်ဟောင်ညှီနံ့သင်းလျက် ဂန္ဓာရုံ၌ လာထိ၏။

၅။

ရုပ်ရှင်ပြီးချိန် အိမ်ပြန်လာသူတွေရဲ့ ခြေသံ၊ စကားပြောသံတွေဟာ လှိုင်းတို၊ လှိုင်းရှည်တွေဖြစ်ပြီး ပိတ်ထားတဲ့တံခါးကို ကျော်ဖြတ်ခါ အိမ်ထဲကို ဝင်လာကြ၏။ ကျွန်တော့်မှာ အိပ်ချင်စိတ်မရှိ။ တစ်ကိုယ်လုံး ဝါထိန်နေသော အသက်မရှိတော့ပြီ ဖြစ်သော သားကလေးကိုသာ မြင်ယောင်နေမိတော့သည်။ စားပွဲပေါ်၌ ခုနဖတ်ပြီး ချထားသည့် ဖူးချစ်၏ ကြိုးစင်ပေါ်မှ မှတ်တမ်းစာအုပ် ပွင့်လျက်အနေအထားတွင် ရှိနေ၏။ မီးရောင်အောက်မှာတော့ မှင်နီတားထားတဲ့ စာကြောင်းတွေဟာ အထင်းသား ပေါ်နေတာပဲ။

*နှစ်နာရီ။ ။ ပရာဟာမြို့တော်ကား၊ အိပ်ပျော်လေပြီ။ တစ်နေ့ရာတွင် ကလေးတစ်ယောက်သည် အိပ်ရင်းက အီကောင်း အီနေလိ့်မည်။ တစ်နေ့ရာတွင် ယောက်ျားတစ်ယောက်သည် ဇနီးသည်ဂို ပွတ်သပ်ကောင်း ပွတ်သပ်နေပေလိ့်မည်။*

■

**ကိုဆွေ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၄၆၊ ဩဂုတ်လ၊ ၁၉၉၃**

www.foreverspace.com.mm

# သူ့ဇာတာ

**မဝင့်၊ မြစ်ယော်၊**

ကိုအောင်သိန်းက သူ့ဖခင်အကြောင်း

စားအကြောင်း

တော်လှန်ရေးအကြောင်း

အားပါးတရ ပြောသည်ကို ကြားရတိုင်း

ဦးဘစံမှာ

သူ့အား တမင်စောင်းချိတ်ပြောနေသည့်အလား

ခံစားရလေသည်

www.foreverspace.com.mm

# သူ့ဇာတာ

**မဝင့်၊ မြစ်ငယ်၊**

ကိုအောင်သိန်းသည် ဗေဒင်ယတြာများကို သိပ်ပြီး စွဲစွဲလမ်းလမ်း ယုံတတ်သူ မဟုတ်ချေ။ သည်ကြားထဲ သူနှင့်မျက်နှာကြော မတည့်လှသော ယောက္ခမဖြစ်သူ ဦးဘစံက ရွာထဲမှာ ဗေဒင်ဆရာ တစ်ဆူဖြစ်နေလေတော့ ဗေဒင်ကိုပါ ရောပြီး အထင်သေးသလို ဖြစ်မိတာလည်း ပါသည်။

ဦးဘစံမှာလည်း ကိုအောင်သိန်းအား သမီးပေးလိုက်ရသဖြင့် သမက်တော်နေရသော်လည်း နည်းနည်းမျှ ကြည့်ရသည် မဟုတ်ချေ။ သို့ငြား…။

သူတတ်ထားတဲ့ ဗေဒင်ပညာဖြင့် သမက်၏ဇာတာကို စစ်ကြည့်လိုက်တော့ ကောင်းစားမည့် ကိန်းတွေ ပါနေသည်ကို တွေ့ရလေသည်။

'အောင်သိန်းဆိုတဲ့ ကောင်ကွာ။ လူကသာ သောက်သုံးမကျတာ။ ဇာတာခွင်အရ သူဌေးဖြစ်ကိန်းကွ။ ဒီကောင် လူက ပျင်းသလောက် သက်သက်သာသာ နေနိုင်တာကျတော့ သူ့မိဘမျိုးရိုးထက်တောင် သာသေး'

ကိုအောင်သိန်းသည် မိမိအား အသုံးမကျတာရော၊ ပျင်းတာတွေပါ ပေါ်ပေါ်သီသီ သုံးထားသော သူဌေးဖြစ်ကိန်း ဗေဒင်ဟောတရားကို နားကလောစွာ ငြိမ်နေလိုက်ရသော်လည်း နည်းနည်းမျှ မကျေနပ်ပေ။

'ညည်းအဖေက ငါ့ကို သူဌေးဖြစ်ကိန်းရှိတယ်လို့ ဟောချင်မှာပေါ့။ ညည်းတို့ကို လုပ်ကိုင်ကျွေးမွေးနေတဲ့ ငါ သူဌေးဖြစ်ပါမှ ညည်းတို့သားအမိ တစ်တွေလည်း ချမ်းသာကြမှာကိုး'

ယောက္ခမကို မကျေနပ်သမျှ ဇနီးသည်မတင်မိအား ဤသို့ စကားနာ

www.foreverspace.com.mm



ထိုးတတ်သည်။

'ဘာလဲကွ၊ ငါက မိဘထက်တောင် ကောင်းစားဦးမတဲ့။ ထွီ… ဒါ သက်သက် ငါ့မိဘတွေကို နှိမ်တာ။ မြေရှိရင် ထမင်းရှိတဲ့ လယ်သမားကွ။ ဘယ်တုန်းကမှ မဆင်းရဲခဲ့ဘူးမှတ်'

ကိုအောင်သိန်း၏ စကားလုံးပေါင်းများစွာကို အေးအေးနေတတ်သော မတင်မိ၏ 'တော်ပါတော့တော်' ဆိုသော စကားလုံးများက ရပ်တန့်စေ၏။ ဇနီးဖြစ်သူ၏ မျက်နှာကြောင့် ကျေအေးလိုက်ရသော်လည်း သူ့ရင်ထဲ သိပ်ပြီး ကြည်ကြည်လင်လင် မရှိလှ။

စင်စစ် ကိုအောင်သိန်းသည် မစားရဝခမန်း စိတ်ကူးယဉ်အတွေးအခေါ်များကို လက်မခံတတ်ချေ။ မစားရမှတော့ ငတ်ရုံပေါ့ကွာဆိုတဲ့ စကားက ကိုအောင်သိန်း၏ လက်တွေ့ဝါဒစကားသာ ဖြစ်သည်။

ကိုအောင်သိန်းတွင် လက်တွေ့မဆန်နိုင်သော ခြွင်းချက်တစ်ခုတော့ ရှိ၏။ အဲသည်ခြွင်းချက်ကို သူ့အိမ်က ဘုရားစင်အောက်တွင် ခံ့ညားစွာ ချိတ်ဆွဲထားသော ငှက်ကြီးတောင် ဓားတစ်လက်က သက်သေခံလေသည်။

'ဟောသည်ဓားက အဘိုးတို့ခေတ် ချစ်တီးပြန်ချတုန်းက ကျုပ် အဘိုးကိုင်ခဲ့တဲ့ ဓားပေါ့။ လယ်သမားသမိုင်း စခဲ့တဲ့ ဓားလို့ ခေါ်ရမှာပေါ့ဗျာ။ ဓားအကြောင်း ပြောရရင် ကြွားရာကျမယ်။ ကျုပ်တို့အဖေ လက်ထက်ကျပြန်တော့လည်း ဂျပန်တွေကို ခံချခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေးဓား ဖြစ်သွားပြန်ရော ဗျား'

ကိုအောင်သိန်း၏ ဓားဇာတ်လမ်းကို ယာတော်တစ်ရွာလုံး သိကြ၏။ ကိုအောင်သိန်း ကိုယ်တိုင်က ရွာထဲက လူတွေကို မလွတ်တမ်းပြောထားသောကြောင့် ဖြစ်လေသည်။

စင်စစ် ယောက္ခမဖြစ်သူနှင့် မသင့်မမြတ်ဖြစ်ရခြင်းမှာလည်း သည်ဓားပယောဂ မကင်းပေ။ ဦးဘစံမှာ ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းက ဗေဒင်ဆရာ ယောင်ယောင်၊ ဆေးဆရာလိုလိုနှင့် ကိုယ်နှင့်မဆိုင်သလို အနေချောင်လာခဲ့သူ ဖြစ်လေသည်။ ကိုအောင်သိန်းက သူ့ဖခင်အကြောင်း၊ ဓားအကြောင်း၊ တော်လှန်ရေးအကြောင်း အားပါးတရ ပြောသည်ကို ကြားရတိုင်း ဦးဘစံမှာ သူ့အား တမင်စောင်းချိတ်ပြောနေသည့်အလား ခံစားရလေသည်။

သည်တော့လည်း ဦးဘစံမှာ သမက်ဖြစ်သူအား အလိုလိုနေရင်း မုန်းလာတော့သည်မှာ မဆန်းချေ။

www.foreverspace.com.mm



စေတနာအရင်းအတိုင်းသာ ဆိုလျှင် ကိုအောင်သိန်းအား ဗေဒင်ဟောရင်း ရောပြီး ခပ်နှိပ်နှိပ်ကလေး တွယ်ပစ်မိမှာ သေချာသည်။ ခက်သည်က ကိုအောင်သိန်း၏ ဇာတာမှာ သိပ်ကောင်းနေခြင်းပင်။ သူ့ဇာတာ ကောင်းကြောင်း အရှိးခံအတိုင်း ပြောလိုက်ပြန်လည်း ရွှေသမက်တော်က သွေး နားထင်ရောက်ပြီး မာနကြီးနေပေတော့မည်။

နောက်ဆုံးတော့ ဗေဒင်လည်း မမှားအောင် သမက်လည်း မကြွားအောင် ကိုအောင်သိန်းအား နှိပ်ကွပ်ထားသော ကံကောင်း ဗေဒင်ဟောစာတမ်း တစ်ခု ထွက်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။

❑

ကိုအောင်သိန်းတစ်သက် ညက အိပ်မက်လောက် ထင်ထင်ရှားရှားကြီး တစ်ခါမျှ မမက်ဖူးဘူးချေ။ အိပ်ရာမှနိုး၍ အိပ်မက်ကို ပြန်စဉ်းစားလိုက်တိုင်း ဗီဒီယိုကြည့်နေရသလို တစ်ကွက်ပြီးတစ်ကွက် စီကာ စဉ်ကာ ပေါ်လာ၏။

အိပ်မက်ထဲမှာ သူ့အိမ်က တိုက်နှင့်တာနှင့် ဖြစ်နေသည်။ ရွာလယ်လမ်းတွေကလည်း မြို့မှာလို ကတ္တရာလမ်းတွေ ဖြစ်ပြီး မဲပြောင်လို့။ အငယ်ဆုံးကောင်လေးကို မြို့က လူတွေရှင်ပြုသလို အမိုးဖွင့်ကားဖြူဖြူလေးမှာ ရွှေထီးဆောင်းပြီး ရှင်လောင်းလှည့်လို့။

အိပ်မက်ထဲမှာကိုပဲ အတော်ပျော်စရာကောင်းသည်။ ကိုအောင်သိန်း စိတ်ထဲ ဗေဒင်မယုံပေမယ့် အိပ်မက်နိမိတ်ကိုတော့ ယုံချင်သလိုလို ဖြစ်လာသည်။ အိပ်မက်ကို တွေးရင်း ပြုံးစိပြုံးစိဖြစ်နေသဖြင့် မတင်မိကပင် ရူးများနေသလားလို့ အငေါက်ခံရသည်။

မတင်မိနှင့် စကားဖက်ပြိုင်ပြောနေလျှင် ပျော်ရွှင်နေတဲ့ အရသာလေး ပျောက်ဆုံးသွားမည် စိုးသဖြင့် ရွာထဲထွက်လာပြန်တော့လည်း ခြေထောက်တွေက မြောက်ကြွ မြောက်ကြွ။ သူ့စကားနားထောင်မည့်သူ တွေ့ပါက ရွာထိပ်ကားလမ်းဘေးက လက်ဖက်ရည်ဆိုင်တွင် ဒကာခံရင်း အိပ်မက်အကြောင်း ပြောပစ်လိုက်မည်ဟု အားခဲထား၏။ ဟော… ဟိုမှာ ထွန်းသောင်ကြီးပါလား။ ကိုအောင်သိန်း ဝမ်းသာသွားသည်။

'ဟေ့ကောင်… အောင်သိန်း။ ရွာထဲ ရုံးမှာ မြေဖိုးတွေ အမ်းနေတာ သွားမထုတ်သေးဘူးလား'

ကိုအောင်သိန်း၏ ယောင်နန မျက်နှာကြောင့် ကိုထွန်းသောင် ထပ်

www.foreverspace.com.mm



ပြောသည်။

'ဟေ့ကောင်… ဘာကြောင်နေတာလဲ။ မြို့ချဲ့တော့မှာမို့ လယ်ဖိုးတွေ အမ်းနေတာ သွားထုတ်ချေ'

ကိုအောင်သိန်း၏ ခြေလှမ်းများက ဒယီးဒယိုင်။ ရုံးရောက်တော့ စာရေးလေး၏…

'ဒါက လျှောက်လွှာစာရွက်ကြေး၊ ဒါက အလှူထည့်ဝင်ရငွေ တစ်ဧကလေးထောင်ထဲက ပြန်နုတ်တော့' စသည်ဖြင့် တွက်ချက်ပေးနေခြင်းများတွင်လည်းကောင်း၊ အိပ်မွေ့ချခံထားရသူပမာ ငေးကြောင်ခြင်းဖြင့် တုံ့ပြန်ဖြစ်လေသည်။ အိမ်ပြန်ရောက်ပြီး မတင်မိလက်ထဲ ငွေစက္ကူထုပ်ကလေး ထည့်ပေးတော့မှ…

'ငါ အိပ်မက် မက်နေတာလား ဟင်'လို့ လေးတွဲ့စကား ဆိုဖြစ်သည်။

'ဒါ အိပ်မက်မဟုတ်ဘူး။ မနက်က တော် ပြောနေတာတွေကမှ အိပ်မက်'

ဘာကြောင့်မသိ။ မတင်မိတစ်ယောက် ကိုအောင်သိန်းကို ကြည့်ပြီး တဟားဟား ရယ်နေသည်။ ဆယ်တန်းနှစ်ခါကျ သားကြီးကတော့ စိုးရိမ်မကင်း အမူအရာဖြင့် ဖခင်ဖြစ်သူအား ကြည့်သည်။

'တော် အသာနေပါ။ ကျုပ်တို့သားအမိ ဈေးထွက်ရောင်းကြမယ်'

သားကြီးက သူ့အမေစကား ထောက်ခံတဲ့အနေဖြင့် ခေါင်းညိတ်ပြသည်။ ဘာပဲဖြစ်ဖြစ် သည်တစ်ကြိမ်မှာလည်း မတင်မိ၏ အသာနေပါဆိုတဲ့ စကားတစ်ခွန်းကို အသေအချာ နားထောင်ဖို့ လိုအပ်မှန်း နားလည်လိုက်သည်။

❑

ကိုအောင်သိန်း ရွာ့အပြင် မထွက်ဖြစ်သည်မှာ ကြာပြီ။ မနက်လင်းလျှင် ထွန်းသောင်တို့၊ ဘကြီးမှတ်တို့နှင့် လက်ဖက်ရည်ကြမ်းဝိုင်း ထိုင်ရင်း စကားကောင်းလိုက်ကြ။ အချိန်တန်လျှင် အသင့်ခူးထားတဲ့ ထမင်းပွဲတွင် ဝင်စားလိုက်နှင့် သက်သာချင်တိုင်း သက်သာနေ၏။

မတင်မိတို့ သားအမိကလည်း သူ့ကို မငြိုစူကြ။ သူတို့ လုပ်ကိုင်နေတဲ့ စီးပွားရေး အဆင်ပြေသလားလို့ မမေးမိအောင် သူ တာဝန်မဲ့နေသည်။ ကြာတော့လည်း သူများရှာကျွေးတဲ့ ထမင်း အချောင်ဝါးနေရသည်ကို မျိုမကျချင်တော့။ သူနှင့် လက်ဖက်ရည်ဝိုင်း ထိုင်နေကျလူတွေကလည်း အလုပ်ထွက်လုပ်သူ လုပ်၊

www.foreverspace.com.mm

တခြားရွာများသို့ ပြောင်းသူပြောင်းနှင့် အဖော်မဲ့နေပြီ။

သူ အလုပ်တစ်ခုခုတော့ လုပ်ချင်ပါပြီ။ သည်မနက်တော့ မတင်မိက သူ့အား ထူးဆန်းစကား ပြောလာ၏။

သားကြီးလုပ်တဲ့ စက်ရုံမှာ ညစောင့်အလုပ် ဝင်လုပ်ပါလားတဲ့။ စိတ်ထဲ မပျော်တော့မှ ထွက်ပေါ့တဲ့။ ခပ်ချော့ချော့ပြောသည်။ သည်တော့မှ သားကြီးက ဘယ်စက်ရုံမှာ လုပ်သလဲ မေးဖြစ်တော့သည်။

'ဆပ်ပြာစက်ရုံဆိုလား၊ နို့မှုန့်စက်ရုံ ဆိုလား'

'ညည်းစကားက မဟုတ်သေးပါဘူး။ ကိုယ့်သားလုပ်နေတဲ့ စက်ရုံမှ တိတိကျကျ မသိဘူးလား'

'စက်ရုံဆိုပေမယ့် လောလောဆယ် ဆောက်လက်စမို့ မသိသေးတာ ပါတော်'

မတင်မိသည် ကလေးဆိုးကြီးတစ်ယောက်ကို ထိန်းကျောင်းနေရသူလို စိတ်ရှည်သည်းခံသည့် မျက်နှာနှင့် ပြောသည်။

'ဒီနေ့တော့ ကျုပ်နဲ့ လိုက်ခဲ့ပါဦးနော်။ ကျုပ်တို့ရဲ့ ကွမ်းယာဆိုင်လေး လည်း ရောက်ဖူးသွားတာပေါ့။ ခုဆိုရင် ကျုပ်တို့ရွာလေးက မြို့ဖြစ်သွားပြီတော့။ ပြည်ကြီးတံခွန် ဆိုလား'

မတင်မိသည် သူ့အား ကလေးငယ်တစ်ယောက်သဖွယ် လက်ဆွဲပြီး မလာရုံတစ်မည် ဂရုစိုက် ခေါ်ခဲ့သည်။ ရွာ့အပြင် ရောက်တော့ ဆောက်လက်စ စက်ရုံကြီးများ၊ ခင်းလက်စ ကတ္တရာလမ်းကြီးများက ကိုယ့်မျက်စိကိုယ် မယုံချင်စရာပင်။

မတင်မိနှင့် သမီးနှစ်ယောက်က လမ်းဘေးမှာ ကွမ်းယာဆိုင်ကလေး ဖွင့်ကြသည်။ ကွမ်းယာဆိုင်နှင့်အတူ ကာလသားတွေ ကစားလေ့ရှိတဲ့ ဇယ်တောက်ခုံကလေးပါ ထားပြီး တစ်ပွဲတစ်ကျပ် အကောက်ယူသည်ကပင် တစ်နေ့ လေးငါးဆယ်တော့ အစီသား။ သူတို့ဆိုင်ဘေးမှာ ဝါးကပ်ဆိုင်၊ ဟိုဘက်မှာ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်၊ စက်ဘီးပြင်ဆိုင်၊ မုန့်ဟင်းခါးဆိုင်။

'တစ်ရွာလုံး ဈေးသည်ချည်းပါလား ဟရို့'

ကိုအောင်သိန်း လွတ်လပ်စွာဟစ်၍ ရယ်ပစ်လိုက်သည်။ အဟုန်ပြင်းစွာ စီးဆင်းနေသော ရေစီးကြောင်းကြီးတစ်ခုအတွင်းသို့ ရေစက်ကလေး တစ်ပေါက် ခုန်ဆင်းမျောပါသွားလေပြီ။

www.foreverspace.com.mm



ထိုစဉ် သားကြီးသည် မော်တော်ဆိုင်ကယ် တစ်စင်းနောက်မှ ပါလာ၏။ ဆိုင်ကယ်မောင်းလာတဲ့ အသားဖြူဖြူ လူသည် သူလုပ်ရမည့်စက်ရုံက သူဌေးပဲ ဖြစ်မည်လို့ သူ တွက်ဆမိ၏။

'အဖေ၊ ဒါက ကျွန်တော်တို့ရဲ့ဘော့စ်ပါ။ ဘော့စ်၊ ဒါက ကျွန်တော့် အဖေပါ။ အဖေ့ကို ညစောင့်ခန့်ရင် ကောင်းကောင်းရပါတယ် ခင်ဗျာ'

သူဌေးက သူ၏မျက်လုံးကျဉ်းကလေးများ ပိတ်သွားအောင် ပြုံးပြ နှုတ်ဆက်သည်။

'ကောင်းတီ ကောင်းတီ၊ ခီများတို့ သိစာရှိရင် စီများတို့ပဲ ကောင်းစား မှာ သိလား'

ကိုအောင်သိန်း ဘာပြန်ပြောရမှန်း မသိ။ ရင်ထဲ လှပ်ခနဲ ဖြစ်သွားတာ ပင် သူတို့မရိပ်မိအောင် ဟန်ဆောင်ပြုံးပြလိုက်ရသည်။ ဧည့်သည် သူဌေးပြန် သွားမှ။

'နေပါဦးကွ၊ မင်းက အဲသည်စက်ရုံမှာ ဘာလုပ်ရတာတုံး'

'စာရေးပေါ့ အဖေရာ။ သူက စာမှကောင်းကောင်း မတတ်တာ။ သူတို့ကလည်း ကျွန်တော်တို့ဘက် စက်ရုံဆောက်ဖို့ ရောက်ခါစ အသိအကျွမ်း ကလည်း သိပ်မရှိ။ ကျွန်တော်ကလည်း ကွမ်းယာရောင်းရင်း သူတို့လိုအပ်တဲ့ လက်တိုလက်တောင်း အလုပ်ကလေးတွေ လုပ်ပေးရင်းနဲ့ ဘောက်ဆူးလေး ဘာလေးရ။ သည်လိုကနေပြီး စာရေးခန့်လိုက်တာဗျ'

သားကြီးက ပြောပြောဆိုဆို ထမင်းစားပြန်ဖို့ ဟန်ပြင်သည်။ သူ့မေး ခွန်းတွေက မဆုံးသေး။

'သူ့နာမည်က ဘော့ဆိုတော့ ဘောလုံးလို့ အဓိပ္ပာယ်လား။ ဘောလုံး များ တစ်ချက်လောက် ရိုက်ချလိုက်ရင် အထက်ကို ပိုပြီး မြောက်မြောက်တက် သွားသလို သူတို့လည်း ချမ်းသာလာ'

'အဖေကလည်း နေရင်းထိုင်ရင်း မြို့သားပဲ ဖြစ်တော့မယ်။ ဘော့စ် ဆိုတာ ဘိုစကားဗျ။ အလုပ်ရှင် အကြီးအကဲပေါ့ အဖေရာ။ ဒါတောင် သူက ဘော့စ်အစစ် မဟုတ်သေးဘူး။ ဘော့စ်အစစ်က တစ်ခါတစ်ရံမှ မှန်အမည်းကြီး တပ်ထားတဲ့ ကားသေးသေးလေးနဲ့ လာတာ။ သူကမှ စကားဝဲတာ လွန်တယ်။ အဖေသာဆိုရင် ဘာမှတောင်မှ နားလည်မှာ မဟုတ်ဘူး'

သားကြီး ပြန်သွားသည်အထိ သူငေးကျန်ရစ်သည်။ မတင်မိက သူ့ကို

www.foreverspace.com.mm



အရိပ်တကြည့်ကြည့် အကဲခတ်သည်။ 'ညစောင့်အလုပ်က သက်သာပါတယ်တော်။ လုပ်မယ်မဟုတ်လားဟင်' လို့ တတွတ်တွတ်မေးသည်။

သူ လေးတွဲ့စွာပင် ခေါင်းညိတ်လိုက်သည်။

❑

တံတိုင်းခတ်ထားသော အဆောက်အအုံများကြားတွင် ညစောင့်တစ်ဖြစ်လဲ ကိုအောင်သိန်းတစ်ယောက်အဖို့ အမွေစားထမ်းရင်း ကျင်လည်လေပြီ။

နေ့ရက်များမို့ ညသည် တိုတောင်းမှန်း ကိုအောင်သိန်း သိပါ၏။ အိပ်စက်ချိန် မရှိ။ တစ်ယောက်တည်း တာဝန်ထမ်းဆောင်နေရသော ကိုအောင်သိန်းအတွက်တော့ ညသည် ကုန်ခဲလှ၏။

'အဖေ သတိထားဗျနော်။ ဟောသည် ဂိုဒေါင်ထဲမှာ စက်ရုံဆောက်ဖို့ထားတဲ့ ဘိလပ်မြေအိပ်ချည်းက နှစ်ထောင်ကျော် ရှိတာ။ တစ်အိတ်ပါသွားရင် အဖေ့လခ နှစ်လစာ ချော်ပြီ'

သား၏ သတိပေးစကားများက ကိုအောင်သိန်း၏ ညမျက်လုံးများကို ကျယ်စေသည်။ လယ်သမားဘဝက လာတဲ့ကောင်ပါကွ။ အအိပ်မမက်ပါဘူးလို့ သားကို ချေပရင်း အမှုတော်ထမ်းမြဲခဲ့သည်။

အပျိုမ၏ မျက်ခုံးသဏ္ဌာန် လသည် တဖြည်းဖြည်း ဝိုင်းစက်ပြည့်ဝန်းလာခဲ့သလို တရိရိ သေးကွေးမှိန်ပျောက်သွားခြင်းတို့သာ ပြောင်းလဲခြင်း ဖြစ်လိမ့်မည်။

အဲသည် လမင်းငွေရောင်အောက်တွင် ငှက်ကြီးတောင် ဓားတစ်လက်ကို ပခုံးမှာထမ်းရင်း ဟိုလျှောက်ဒီလျှောက် မိုးသောက်စေခဲ့သော ကိုအောင်သိန်း၏ တာဝန်များကား ပြောင်းလဲသွားခြင်း မရှိ။ ပျက်ကွက်ခြင်း မရှိပါချေ။

လမိုက်ညများဆိုလျှင်တော့ ကိုအောင်သိန်း သတိဝီရိယ ပိုထားရသည်။

မသမာသူ လာလျှင်တော့ ပခုံးထက်မှာ ထားတဲ့ ငှက်ကြီးတောင်ဓားချက်မှာ ဖွေးခနဲ လက်သွားစေရမည်။

အဲဒီလို တွေးမိလိုက်တိုင်း ဓားပိုင်ရှင် အဘိုးကို သတိရသည်။ အဖေ့ကို သတိရသည်။ အဘိုးနှင့်အဖေသည် ညစောင့်ဖြစ်လာမည့် ကိုအောင်သိန်းအတွက် ဓားတစ်လက် အမွေပေးခဲ့လေသလား။

တွေးရင်း ဝမ်းနည်းလာသည်။ အဘိုးနှင့်အဖေကို လွမ်းလာသည်။ အမျှဝေချင်သည်။ တောင်းပန်ချင်သည်။ သူ ကုသိုလ်ပြုချင်တဲ့အကြောင်း မတင်မိ

www.foreverspace.com.mm



နှင့် တိုင်ပင်ကြည့်တော့ မယ်မင်းကြီးမကလည်း သဘောတူရှာသည်။

ကိုအောင်သိန်းတစ်ယောက် ကုသိုလ်ရေး စီစဉ်ရသည်။ ဘုန်းကြီးငါးပါး ပင့်မည်။ ရွာထဲက ဘကြီးဟန်တို့ ဆရာကြီး ဦးကျော်မြတို့ကို ဖိတ်ရမည်။ ထွန်းသောင်ကြီးတို့၊ မောင်ကျော့တို့ကိုကား ဖိတ်ရတော့မည် မဟုတ်တော့။ စဥ့်ကိုင်ဘက်က ရွာတွေမှာ လယ်ကူလီလုပ်ဖို့ ပြောင်းရွှေ့ကုန်ကြပြီ။ စေတနာ ရှိတာ မရှိတာ အပထား။ မတင်မိ ကျေနပ်အောင် သူ့ဖခင် ဦးဘစံကိုလည်း ဖိတ်ရမည်။

ဦးဘစံကလည်း ယခုတလော သူ့ကို သာယာစွာ ဆက်ဆံနေတတ်သည်။ သူ့ထံမှ တိတ်ဆိတ်သွားသော ဓားဇာတ်လမ်းကြောင့် မေတ္တာတွေ ပြန်ဝင်လာတာလည်း ဖြစ်နိုင်သည်။ ဆရာတော်တွေ ဆွမ်းဘုဉ်းပေးပြီး ရေစက်ချ တရားနာတော့လည်း ဦးဘစံနှင့်အတူ ကပ်လျက် ထိုင်မိကြပြန်သည်။

'လူ့ကံဇာတာများ အလွန်ဆန်းကြယ်တာ။ ကြည့်ပါလား။ အောင်သိန်းတို့ ကံကောင်းချင်တော့ ဆရာဘော့တို့လို ကူညီမယ့်လူ အဆင်သင့် တွေ့ရတယ်။ သူတို့ဘာသာ ရှာစားရမယ်ဆိုရင် ခုလိုဆွမ်းကျွေးဖို့ မပြောနဲ့။ ထမင်းနပ်မှန်ဖို့ ခဲယဉ်းသား'

ရေစက်ချ တရားမနာမီ အချိန်ရခိုက်လေးအတွင်း ပြောလိုက်တဲ့ ဦးဘစံရဲ့စကားက ကိုအောင်သိန်းရင်ထဲ ဒိန်းခနဲ ဝင်ဆောင့်သည်။ ဆရာတော်၏ တရားနာနေရင်းလည်း သည်စကားက ရင်ထဲ ပွဲတင်ထပ်နေ၏။ အဘိုးတို့အတွက် ရေစက်ခွက်ကိုင်ရင်း အမျှဝေမည်လုပ်တော့လည်း တစ်ဆို့နေသဖြင့် တော်တော်နှင့် အသံမထွက်ချေ။

ဆရာတော်များ ပြန်ကြွသွားတော့ ဦးဘစံအား အလျင်စလိုဖြင့် မေးခွန်းတစ်ခုကို မေးဖြစ်သည်။

'ဘကြီးစံ၊ ကျုပ် ဇာတာက တကယ်ကောင်းမှာလားဗျ'

'သိပ်ကောင်းတာပေါ့ဗျာ'

'ကျုပ်လေ၊ ကျုပ်ရဲ့အဘိုးအမွေ ဓားကြီးကို ထက်နေအောင် သွေးထားရကောင်းမလား။ ဘုန်းကြီးကျောင်းကိုပဲ လှူပစ်လိုက်ရ ကောင်းမလား ဝေခွဲမရဖြစ်နေလို့ပါဗျာ'

ကိုအောင်သိန်း၏ စကားကြောင့် ဦးဘစံ ထိတ်လန့်သွား၏။ ပြီးတော့ သမက်ဖြစ်သူကို ပြုံးပျာစွာ ကြည့်ဖြစ်သည်။

www.foreverspace.com.mm



ကိုအောင်သိန်းကား အဝေးတစ်နေရာသို့ ငေးရီစွာ မျှော်ကြည့်နေ၏။ သူ့မျက်လုံးတွေမှာ မျက်ရည်များဖြင့် စိမ့်ပြည့်လျက်။

ဦးဘစံသည် သက်ပြင်းတစ်ချက်ကို စိတ်ချလက်ချ မှုတ်ထုတ်လိုက်၏။ ပြီးတော့ ကိုအောင်သိန်းအား နားမလည်စွာ နောက်တစ်ကျော့ ပြန်ကြည့်လိုက်ပြန်သည်။

သူ ငိုနေတာ သေချာပါသည်။

■

**မဝင့်၊မြစ်ငယ်၊**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၄၉၊ နိုဝင်ဘာလ၊ ၁၉၉၃**

www.foreverspace.com.mm

# ဖိုးမောင်ကြီး

**ဇင်ပိုင်း**

အမေအပျိုဘော်ဝင်လို့ မိန်းမတို့ဘာဝ
ပထမဆုံး ရာသီပန်းပွင့်တဲ့ အချိန်ပေါ့
အမေကလည်း
သိဖူး ကြားဖူးတာ မဟုတ်လေတော့
ကြောက် ကြောက်လန့်လန့်နဲ့
အစ်ကိုကို ဖက်ပြီး ငိုရှာတယ်
ဘာပြောကောင်းမလဲ
ဖိုးမောင်ကြီးတစ်ယောက် ညီမကို ပွေ့ပြီး
ရွာဦးကျောင်းက ဦးဇင်းမောင်မောင် ဆီ ပြေးတော့တာပဲ
ဦးဇင်းမောင်မောင်က
ဆေးလေးဝါးလေးလည်း
မတောက်တစ်ခေါက် ကုတတ်တာကိုး

www.foreverspace.com.mm

# ဖိုးမောင်ကြီး

## ဇင်ပိုင်း

ဖိုးမောင်ကြီးအကြောင်းသာ ပြောရမယ်ဆိုရင် ကျွန်တော်တို့ရွာမှာ ပြောချင်သူက အများသား။ အရပ်ထဲက အိမ်တကာလှည့်ပြီး အနှိပ်သည် လုပ်တဲ့ (အဓိကကတော့ ရွာထဲက အတင်းအဖျင်း သတင်းစုံကို ဖြန့်ဝေပေးတဲ့) ဒေါ်စိန်လည်း ပါရဲ့။

တစ်နေကုန် မြင်းလှည်းမောင်း၊ ညနေစောင်းကျ ဦးဝေလာဆိုင်မှာ တစ်ခွက်တစ်ဖလား မော့တတ်တဲ့ ကိုကျော်မြင့်လိုလူကလည်း ဖိုးမောင်ကြီး အကြောင်းသာဆိုရင် အရက်နဲ့မြည်းရင်း အဆီတစ်ထပ်၊ အသားတစ်ထပ်ပါပဲ။ ကိုကျော်မြင့်တစ်ယောက် ပြောလည်းပြော၊ သောက်လည်းသောက်နဲ့ နားထောင်တဲ့ လူတွေမှာတော့ ခေါင်းတမော့မော့နဲ့ပေါ့။

ကျောင်းဆရာလေး ကိုလေးလွင်ကလည်း မှတ်ချက်တစ်ခု ချဖူးတယ်။ ‘ရှားတယ်’တဲ့။ ရှားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ ဆိုတာကိုတော့ ဆရာလေးပဲ အသိဆုံး ဖြစ်မှာပါ။

ဖိုးမောင်ကြီးအကြောင်း လူတကာ ပါးစပ်ဖျားမှာ ဒီလောက်ရေပန်းစားနေတော့ ကျွန်တော်က ရယ်ချင်မိတယ်။ အဟုတ်လေ။ အကြောင်းက သူတို့ပြောနေတဲ့ ဖိုးမောင်ကြီးဆိုတာက ကျွန်တော့်ဘကြီး အရင်းကိုး။

ဒါပေမယ့် ကျွန်တော်ကလည်း သူများခေါ်သလို ဖိုးမောင်ကြီးလို့ပဲ ခေါ်တာပါပဲ။ သူကလည်း အဲ့လိုခေါ်မှ ကြိုက်တယ်လေ။ သူ့နာမည်ရှေ့မှာ ‘ဦး’တို့၊ ‘ကို’တို့ တတ်ခေါ်ရင် သူက စိတ်ဆိုးတယ်။

www.foreverspace.com.mm



တကယ်တော့ အမေတို့၊ ဖိုးမောင်ကြီးတို့က ဒီရွာဇာတိ မဟုတ်ပါဘူး။ ဒီရွာမြောက်ဘက် နှစ်တိုင်လောက်က ကန်ကြီးကုန်းရွာ ဇာတိပါ။ အမေတို့ မိဘများက အမေတို့ ငယ်ငယ်ကတည်းက တိမ်းပါးသွားရှာကြပါတယ်။ ကျွန်တော့် အဘိုးအဘွား ဆုံးချိန်မှာ အမေက ခုနစ်နှစ်သမီးပဲ ရှိသေးတယ်ဆိုပဲ။ အဲဒီကတည်းက လူပျိုပေါက်ဖြစ်နေတဲ့ ဖိုးမောင်ကြီးက ညီမလေးဖြစ်တဲ့ အမေ့ကို ပြုစုလုပ်ကျွေးခဲ့တာ။ အမေ အိမ်ထောင်ကျတဲ့အထိ ဆိုပါတော့။ အမေ့ကို လည်း တုန်နေအောင် ချစ်ရှာတယ်။ ဖိုးမောင်ကြီးတစ်ယောက် ညီမကို ချစ်တာ တစ်ရွာလုံးက သြချယူရတယ် ဆိုပဲ။

မိဘတွေ တိမ်းပါးပြီး နောက်ပိုင်းမှာ အမေတို့မောင်နှမ မချောင်လည် ကြရှာပါဘူး။ ဒါပေသည့် ဆင်းရဲပေမယ့် ဖိုးမောင်ကြီးက အမေ့ကို ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင် ထားတယ်။ အမေဆိုရင် အိမ်ထောင်ကျမှ ထမင်းချက်သင်ရတယ်လို့ ကျွန်တော့်ကို အမေက ပြောဖူးတယ်။

မနက်အရုဏ်တက်တာနဲ့ ထမင်းဟင်း အပြည့်အစုံ ချက်ပြီးမှ ဖိုးမောင် ကြီး ကိုင်းထဲကို သွားတယ်။ သူ့ဆီ မနက်စာထမင်းတောင်း လာပို့ရင် သူ့ညီမ လေး နေပူစပ်ခါးမှာ ပင်ပန်းရှာမယ်ဆိုပြီး မနက်အစောကြီးထဲက ထမင်းကို ထုတ်ပြီး ယူသွားတတ်တာ။ ကုန်ကုန်ပြောရရင် ညီမလိမ်းဖို့ သနပ်ခါးတောင် ကိုယ်တိုင်သွေးပေးရှာသတဲ့။

ရယ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းတဲ့ အဖြစ်တစ်ခု ရှိသေးတယ်။ အမေအပျိုဘော်ဝင်လို့ မိန်းမတို့ဘာဝ ပထမဆုံး ရာသီပန်းပွင့်တဲ့ အချိန်ပေါ့။ အမေကလည်း သိဖူး ကြားဖူးတာ မဟုတ်လေတော့။ ကြောက် ကြောက်လန့်လန့်နဲ့ အစ်ကို့ကို ဖက်ပြီး ငိုရှာတယ်။ ဘာပြောကောင်းမလဲ။ ဖိုးမောင်ကြီးတစ်ယောက် ညီမကို ပွေ့ပြီး ရွာဦးကျောင်းက ဦးဇင်းမောင်မောင် ဆီ ပြေးတော့တာပဲ။ ဦးဇင်းမောင်မောင်က ဆေးလေးဝါးလေးလည်း မတောက် တစ်ခေါက် ကုတတ်တာကိုး။ ဦးဇင်းခမျာလည်း မိန်းမကိစ္စဆိုတော့ ပြောဖို့က ခက်နေတုန်း ဦးဇင်းမယ်တော် ဒေါ်ရွှေဥက ဝင်ရှင်းတော့မှ ပြဿနာ ငြိမ်းတော့ ဆိုပဲ။

အဖေနဲ့အကြောင်းပါလို့ ဒီရွာကို သျှောင်နောက်ဆထုံးပါ ဆိုသလို အမေ လိုက်လာတော့ ဖိုးမောင်ကြီးတစ်ယောက် မျက်ရည်တုတ်တုတ်ကျပြီး ကန်ကြီးကုန်းမှာ ကျန်ခဲ့ရှာတယ်။ အဖေ့ကိုလည်း မှာရှာတယ်။ သူ့ညီမလေးကို

www.foreverspace.com.mm



ဘာအကြောင်းကြောင့်မှ မရိုက်ပါနဲ့တဲ့။ အမှားအယွင်းရှိရင် သူ့ကို ပြောပါ။ သူ ဆုံးမပေးပါ့မယ်လို့ တောင်းပန်ရှာတယ်။

အဲ… အမေတို့ ဒီရွာရောက်ပြီး တစ်ပတ်လောက်ပဲ ကြာမယ်။ ဖိုးမောင်ကြီး ပေါက်ချလာရော။ အမေတို့နဲ့ အတူနေတော့မလို့တဲ့လေ။ ကန်ကြီးကုန်းမှာရှိတဲ့ လယ်တွေ၊ ကိုင်းတွေလည်း ရောင်းခဲ့ပြီ ဆိုပြီး ပါသမျှငွေစတွေကို အဖေ့ကို အပ်တယ်။ သူ့ကိုလည်း ခိုင်းချင်ရာ ခိုင်းတဲ့။ အဖေကလည်း မွေးချင်းက မရှိ။ ဖိုးမောင်ကြီးကိုလည်း အစ်ကိုရင်းလို ချစ်တာကြောင့် အိမ်တစ်မိုးအောက်ထဲ အတူနေသွားကြတာ ဖိုးမောင်ကြီး သေတဲ့အထိပါပဲ။ ❑

အဲဒါတွေက သူများတွေပြောပြလို့ ကျွန်တော် ကြားဖူးတဲ့ ဖိုးမောင်ကြီး အကြောင်းတွေပေါ့။ ကျွန်တော်ကိုယ်တိုင် ကြုံခဲ့၊ သိခဲ့ရတဲ့ ဖိုးမောင်ကြီးအကြောင်းက အခုမှ လာမယ်။

ကျွန်တော် လူမှန်းသိကစလို့ ဆယ်နှစ်သားလောက်အထိ ဖိုးမောင်ကြီး ဂုတ်ပေါ်မှာပဲ ကြီးခဲ့ရတာ။ မနက်မိုးလင်းတာနဲ့ ကျွန်တော့်ကို ဂုတ်ပေါ်တင်ပြီး ရွာထဲလျှောက်သွားတော့တာပဲ။ ထမင်းကျွေးလည်း သူ၊ ရေချိုးပေးလည်း သူပါပဲ။ တစ်ခါတလေ ကျွန်တော် အဆော့လွန်လို့ အဖေက ငေါက်ရင် ဖိုးမောင်ကြီးက မကြိုက်ချင်ဘူး။

အမေ့ကို ချစ်သလို ကျွန်တော့်ကိုလည်း အရမ်းချစ်တယ်။ ကိုယ့်တူ ကိုယ့်သားကို ချစ်တာ ဆန်းတယ်လို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ကျွန်တော် သိတတ်လာတဲ့အချိန်မှာ ဖိုးမောင်ကြီးရဲ့ အပြုအမူတွေက တော်တော့်ကို ဆန်းတယ်။

သာရေး၊ နာရေးနဲ့ပတ်သက်လာရင် အားတက်သရော လုပ်ကိုင်ပေးတတ်တဲ့ လူမျိုး လောကကြီးမှာ အများသားပါ။ ဒီအထဲမှာ ဖိုးမောင်ကြီးလည်း တစ်ယောက်အပါအဝင်လို့ ဆိုရမယ်။ ဒါပေမယ့် သူက တစ်မူဆန်းတယ်။ အလှူအတန်း၊ မင်္ဂလာဆောင်၊ ရှင်ပြု စတဲ့ စတဲ့ သာရေးကိစ္စတွေကို သူ စိတ်မဝင်စားဘူး။ အတင်းအကျပ် ခေါ်လွန်းမက ခေါ်ရင်တော့ သွားပါတယ်။ ကျွန်တော် သိတတ်တဲ့အရွယ်မှာ ဖိုးမောင်ကြီး အသက်ငါးဆယ်ကျော်ပြီ။

ဒါပေမယ့် ခုနကလို သာရေးကိစ္စမျိုး သွားရရင် ဘယ်တော့မှ အိမ်ဦးခန်း တက်မထိုင်ဘူး။ ချက်ပြုတ်၊ ကြော်လှော်၊ ထင်းခွဲ၊ ရေခပ် စတဲ့ အောက်ခြေသိမ်း အလုပ်တွေကို လူငယ်တွေနဲ့အတူ ဝင်လုပ်တော့တာပါပဲ။ အလှူ့ရှင်

www.foreverspace.com.mm



က အားနာလို့ မလုပ်ပါနဲ့လို့ တောင်းပန်ရင် ‘ကုသိုလ်ယူပါရစေလို့’ ပြုံးပြုံးကြီး ပြန်ပြောတတ်တယ်။

ရွာဦးကျောင်းက ဆရာတော် ဦးမှိုဆိုရင် ဖိုးမောင်ကြီးကို ဖူးဖူးမှုတ်ပေါ့။ ကျောင်းဝိုင်းထဲ တံမြက်လှည်းတာကအစ၊ ကျောင်းက ကုဋီတွေ၊ အိမ်သာတွေ အားလုံး ရေဖြည့်၊ သန့်ရှင်းရေးလုပ်၊ ဒုတ်ခနောင်းဆေး စတဲ့ကိစ္စတွေ အားလုံး သူ့တာဝန်လို့ ဖိုးမောင်ကြီးက သူ့ကိုယ်သူ သတ်မှတ်ထားတာကလား။

ကဲ… ဖိုးမောင်ကြီးရဲ့ အထူးဆန်းဆုံး ဝါသနာကို ခုမှ ပြောမယ်။ သာရေးကိစ္စမှာ သိပ်အားတက်သရော မရှိလှတဲ့ ဖိုးမောင်ကြီးတစ်ယောက် ရွာထဲမှာ နာရေးများ ရှိပြီဆိုရင် အဲဒီအိမ်ကို သူ အရင်ဆုံးရောက်တော့တာပဲ။

အလောင်းရေချိုး၊ အသုဘပြင်ကအစ မြေကျတဲ့အထိ သူ အကုန်လုပ်တာ။ သက်ပျောက်ဆွမ်းတို့၊ ရက်လည်ဆွမ်းတို့ စတာတွေ ချက်ပြုတ်လုပ်ကိုင်တဲ့ နေရာမှာလည်း သူ့ခြေ သူ့လက်ချည်းပဲ။

အလောင်းရေချိုးတာတို့၊ အလောင်းပြင်တာတို့ကို ကာယကံရှင်က အကူအညီတောင်းလို့ လုပ်တာမဟုတ်ဘူး။ သူ့သဘောနဲ့သူ ဝင်လုပ်တာ။ ရွာထဲက ချောင်လည်တဲ့ အတန်းမျိုးမှာလည်း ပါ၊ သူကြီးယောက်ဖလည်း ဖြစ်တဲ့ (အဲဒီအချိန်မှာ အဖေက သူကြီးဖြစ်နေပြီ) ဖိုးမောင်ကြီးတစ်ယောက် ဒီလိုကိစ္စတွေ ဝင်လုပ်တော့ အမေက နည်းနည်းရှက်ချင်တယ်။ ဒီတော့ ဖိုးမောင်ကြီးကို ဟန့်တယ်ပေါ့။ ဒီအခါမျိုးမှာ ‘ငါ စိတ်ချမ်းသာသလို နေပါရစေ လုံမရယ်’လို့ ခွင့်တောင်းသလိုလို တောင်းပန်သလိုလိုနဲ့ ပြောတတ်ရှာတယ်။ ဖိုးမောင်ကြီးက အမေ့ကို လုံမလို့ ခေါ်တတ်တယ်လေ။

အဲလိုနဲ့ ကြာလာတော့ ရွာထဲက လူတချို့က ဖိုးမောင်ကြီးကွယ်ရာမှာ မသာကန်ထရိုက်လို့ သူ့ကို ခေါ်ကြတယ်။ သူ့လည်း ပြန်ကြားတာပဲလေ။ ဒါပေမယ့် စိတ်မဆိုးတဲ့အပြင် ကျေကျေနပ်နပ်ကြီး ပြုံးနေတတ်တယ်။

တစ်ခါက ရေဆိပ်ဝက ဘကြီးခို ဆုံးတယ်။ ကျွန်တော်တို့ ရွာနာမည်က သခွပ်ချောင်းလို့ ခေါ်တယ်။ ရွာဘေးက ပတ်စီးနေတဲ့ ချောင်းကလည်း ဒီနာမည်ပါပဲ။ အဲ… ရွာမြောက်ဘက်ကနေ ချောင်းထဲကို ဆင်းတဲ့နေရာကို ရေဆိပ်ဝလို့ ခေါ်ကြတယ်။

အဲဒီရေဆိပ်ဝက ဘကြီးခိုဆုံးတော့ ကျန်ခဲ့တဲ့ သားသမီးတွေက အမွေလုကြရော။ ကျွန်တော်တို့ အရပ်မှာရှိတဲ့ ထုံးစံတစ်ခုက လူတစ်ယောက်သေရင်

www.foreverspace.com.mm



ကျန်ရစ်တဲ့ သားသမီးတွေ အမွေခွဲပြီးမှ အလောင်းမြေချရတယ်။ ဒီဓလေ့မျိုး အညာက အချို့အရပ်တွေမှာလည်း ရှိတယ်လို့ ကြားဖူးတာပဲ။

ဒီလိုနဲ့ အမွေခွဲလိုက်ကြတာ ဆယ်ရက်၊ ဆယ့်နှစ်ရက် ကျော်လာတယ်။ အလောင်းကိုတော့ အိမ်ရှေ့မှာ စင်ထိုးပြီး ပြင်ထားကြတာပေါ့။ ရက်က ကြလာတော့ အလောင်းက ပုပ်ပွပြီး အပုပ်ရည်တွေ ယိုကျတာ မြင်မကောင်း၊ ရှုမကောင်းဘဲ။ အနံ့အသက်ကလည်း တစ်ရွာလုံး မခံနိုင်တော့ဘူး။ နောက်ဆုံး မတတ်သာလို့ အဖေတို့ ရွာလူကြီးတွေ ဝင်ရှင်းမှ အမွေကိစ္စ ပြတ်တော့တယ်။

အဲဒီမှာ အလောင်းမြေချဖို့ ကိစ္စပေါ်လာပြီ။ ဒီလောက် ပုပ်ပွနံစော်နေတဲ့ အလောင်းကြီးကို ဘယ်သူမှ မကိုင်ချင်ကြဘူး။ ဒီတာဝန်ကို ကျေကျေနပ်နပ်ကြီး ယူတဲ့သူကတော့ ဖိုးမောင်ကြီးပဲပေါ့။

အလောင်းကို ခေါင်းထဲရောက်တဲ့အထိ သူတစ်ယောက်တည်း လုပ်တယ်။ ပြီးတော့ သင်္ချိုင်းအရောက် ဘကြီးခိုသား အငယ်ကောင် ကိုတိုးနဲ့ နှစ်ယောက်တည်း ထမ်းချတယ်။ တခြားလူတွေက မထမ်းချင်ဘူးလေ။

နှစ်ယောက်တည်းဆိုတော့ ပခုံးနဲ့ ထမ်းမဖြစ်တော့ ခေါင်းနဲ့ရွက်ပြီး သယ်ရတယ်။ အလောင်းက အတော်ပုပ်နေလေတော့ အရည်တွေက ခေါင်းကြားက စိမ့်ပြီး ဖိုးမောင်ကြီးပေါ် စီးကျတာ ပုဆိုးထိအောင် စိုတယ်ဆိုပဲ။ အဲ့လောက်အထိ နာရေးကိစ္စမှာ ဖိုးမောင်ကြီးတစ်ယောက် အားသန်ရှာတယ်။

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဖိုးမောင်ကြီး မျက်ရည်ကျတာ တစ်ခါပဲ ကြုံဖူးတယ်။ အဲဒီတုန်းက ကျွန်တော်က ကိုရင်ဝတ်ကြီးနဲ့။ တောင်ပိုင်းက ဒေါ်ဖွားရှင်သမီးလေး အေးဘုံ ရေနစ်သေတယ် ကြားတော့ ကျွန်တော်လည်း ဖြစ်တဲ့နေရာကို သွားစပ်စုတာပေါ့။ ကောင်မလေးက ခုနစ်နှစ်သာသာလောက်ပဲ ရှိသေးတာ။ သေတဲ့သူက သေပြီ။ ဒါပေမယ့် ပြဿနာက မပြီးဘူး။ ဘာလဲဆိုတော့ ခုနင်က ကျွန်တော်ပြောခဲ့တဲ့ ကျွန်တော်တို့အရပ်ရဲ့ ဓလေ့။

ကျွန်တော်တို့အရပ်က ရွာပြင်သေတဲ့ မသာ ရွာထဲမသွင်းဘူး။ ရေမှာ သေတဲ့သူ မြေပေါ်မမြှုပ်ရဘူး။ ဘာမှမပြင်မဆင်ဘဲ ဒီအတိုင်း ရေမှာ မျှောရတယ်တဲ့။ ဒီလိုမှမဟုတ်ရင် ရွာနာတယ်ဆိုပဲ။ ကဲ… မခက်လား။ အဲဒီတော့ အေးဘုံအလောင်းကို ထုံးစံအတိုင်း ရေမျှောရတာပေါ့။ ကာယကံရှင် ဖြစ်တဲ့ ဆွေမျိုးတစ်သိုက်ကတော့ ငိုကြယိုကြနဲ့ ဝက်ဝက်ကို ကွဲရော။ ဒီအထဲ ဆွေမျိုး တစ်သိုက်နဲ့အတူ ရှိုက်ကြီးတငင် ဝင်ငိုနေတာက ဖိုးမောင်ကြီးပဲပေါ့။

www.foreverspace.com.mm



သူ့မျက်စိအောက်တင် ဆော့ကစားနေတဲ့ ကလေးမလေး။ ဒီကလေးမလေး နောက်ဆုံးခရီးမှာ လှလှပပဖြစ်အောင် သူ လုပ်ပေးချင်ရှာမှာပေါ့လေ။ ငိုတာမှ အဆွေအမျိုးတစ်ယောက် သေသလို ထိထိခိုက်ခိုက်ကြီးကို ငိုတာ။ ကျွန်တော့်ဘကြီး ဖိုးမောင်ကြီးဆိုတာ အဲလိုလူမျိုး။ ❑

နောက်ဆုံးပြောချင်တာက အဲ…နောက်ဆုံးဆိုတာက ကျွန်တော်ပြောနေတဲ့အကြောင်းအရာရဲ့ နောက်ဆုံးရော၊ ဖိုးမောင်ကြီးဘဝရဲ့ နောက်ဆုံးအချိန်ရော ဆိုပါတော့။

အဲဒီနေ့က ကျွန်တော်တို့ရွာ အထက်ဘက် လက်ပံလှက ချောင်းအတိုင်း စုန်လာတဲ့ ဘောက်တူတစ်စီး။ ကျွန်တော်တို့ရွာနားအရောက် ဝမ်းကွဲပြီး လှေနစ်ကော။ ကူးကြ ခတ်ကြ၊ အော်ကြဟစ်ကြနဲ့ပေါ့။ နောက်ဆုံး စာရင်းချုပ်တော့ လှေပေါ်က လူတစ်ယောက်မှ အသေအပျောက်မရှိဘဲ ဖိုးမောင်ကြီးတစ်ယောက်ပဲ ထူးထူးခြားခြား သေရရှာတယ်။

ဖြစ်ပုံက ဒီလို။ လှေကွဲပြီး ကယ်ပါယူပါနဲ့ အော်နေတဲ့ အချိန်၊ ချောင်းစပ်မှာ ရေချိုးနေတဲ့ ဖိုးမောင်ကြီးက ရေထဲမှာ မြုပ်ချီပေါ်ချီ ဖြစ်နေတဲ့ ကိုယ်ဝန်သည်တစ်ယောက်ကို ဆင်းကယ်တယ်။ နောက်ဆုံး ကမ်းနားအရောက် ကိုယ်ဝန်သည်ကို မသေမပျောက် ပို့ပေးပြီးရော ခြေမျက်စိလောက်ရှိတဲ့ ရေထဲမှာ ဖိုးမောင်ကြီး လဲကျသွားတော့တာပဲ။ အဲဒီမှာတင် အသက်ထွက်ရှာတယ်။ အမောဆို့တာမျိုး ဖြစ်မယ် ထင်ပါရဲ့။

ဒီမှာတင် ပြဿနာ စတော့တာပဲ။ ဖိုးမောင်ကြီး ရေထဲမှာ သေတာလား၊ ကုန်းပေါ်မှာ သေတာလား။ ရေထဲမျှောမလား၊ မြုပ်မလား။ ဝိဝါဒတွေ အမျိုးမျိုးကွဲကြ၊ ငြင်းကြခုန်ကြပေါ့။ ဖိုးမောင်ကြီး အလောင်းကို တောကမ်းစပ်တင် ၄တ်ရိုက်ပြီး လက်နဲ့ ၄တ်တိုကြိုးနဲ့ တွဲချည်ထားရတယ်။

လူဆိုတာမျိုးက သေမျိုးချည်း မဟုတ်လား။ အဲတော့ လူထဲက လူတွေဖြစ်တဲ့ ကျွန်တော်တို့ရွာက လူတွေလည်း သေခြင်းတရားနဲ့ မကင်းနိုင်ကြပါဘူး။ သေခြင်းတရားနဲ့ မကင်းတဲ့ ကျွန်တော်တို့ရွာသားတွေအဖို့ ဖိုးမောင်ကြီးနဲ့လည်း ဘယ်ကင်းနိုင်ပါ့မလဲလေ။ သူတို့အဆွေအမျိုးထဲက တစ်ယောက်ယောက်ရဲ့ နာရေးနဲ့ ပတ်သက်လို့ ဖိုးမောင်ကြီး အကူအညီကို ခံခဲ့ရသူချည်းပါ။

ကဲ… အခု ဖိုးမောင်ကြီးနာရေးနဲ့ ကြုံပြီ။ ဘာလုပ်ကြမလဲ။ လူကြီးတွေကလည်း ပြောကြဆိုကြ၊ လူငယ်တွေကလည်း ငြင်းကြခုန်ကြ၊ ရေမျှောမလား၊

www.foreverspace.com.mm



မြေမြှုပ်မလား။

သူများအသုဘမှာ လှလှပပဖြစ်အောင် လုပ်ပေးခဲ့တဲ့ ဖိုးမောင်ကြီးကို သူ့နောက်ဆုံးခရီးမှာလည်း လှလှပပ ဖြစ်စေချင်တဲ့ဆန္ဒက တစ်ရွာလုံးရဲ့ ရင်ထဲမှာ ရှိကြမှာပါ။ ဒါပေမယ့် ဓလေ့ထုံးစံဆိုတာကလည်း ရှိသေးတယ်မို့လား။ တချို့ကလည်း ရွာနာမယ်၊ ခိုက်မယ်ဆိုပြီး ရေမှာပဲ မျှောစေချင်ကြတယ်။ ရေထဲသေသလား၊ ကုန်းပေါ်သေသလားနဲ့ ငြင်းခုန်နေကြတာ ဖိုးမောင်ကြီးအလောင်းလည်း ရုပ်ပျက်ဆင်းပျက်ကို ဖြစ်နေပြီ။ နောက်ဆုံး အဖေကပဲ သူကြီးအနေနဲ့ဝင် အဆုံးအဖြတ်ပေးရတယ်။ ရေထဲမှာ သေတယ်၊ ရေမှာမျှောစေ။ ယောက်ဖဖြစ်နေတော့ လက်ရင်း နာနာထောင်းတဲ့သဘောပါ။ ကျွန်တော် မှတ်မိတယ်။ အဖေ ဒီစကားကို ပြောတဲ့အချိန်မှာ အဖေ့မှာ မျက်ရည်တွေ ပေါက်ပေါက်ပေါက်ပေါက်နဲ့။

❑ 🕯

ဖိုးမောင်ကြီး အသုဘဟာ ရွာမှာတော့ အစည်ကားဆုံးပဲလို့ ဆိုစမှတ်ပြုကြပါတယ်။ ကမ်းလုံးညွတ်နေအောင် ရွာသူရွာသားတွေ လာကြတာ။ ရွာလုံးကျွတ်ပဲလို့တောင် ကျွန်တော် ထင်မိတယ်။

သရဏဂုံတင်တဲ့ အချိန်ကျတော့ ဆရာတော်ဦးမို့ဟာ ကမ်းနဖူးပေါ်မှာရွာက ပြင်ဆင်ထားတဲ့ သံဃာစင်ပေါ်မှာ မထိုင်ဘူး။ ဖိုးမောင်ကြီးအလောင်းရှိနေတဲ့ ရေစပ်စပ် ဗွက်တောထဲမှာ ထိုင်ပြီး နောက်ပါသံဃာတွေနဲ့အတူ သရဏဂုံတင်ပေးရှာတယ်။ သိပ်ကို တည်ကြည်ခံ့ညားတဲ့ ဆရာတော့်မျက်နှာဟာ အဲဒီနေ့က သိသိသာသာကြီး ညှိုးနေပါတယ်။

အမေဆို မြေမှာလိမ့်နေတာပဲ။ နောက်ဆုံးမတော့ ဖိုးမောင်ကြီးအလောင်းကို ချည်ထားတဲ့ ကြိုးဖြတ်၊ ဝါးလုံးနဲ့ထိုးပြီး ရေမှာ မျှောလိုက်ကြတယ်။ အသုဘရှုပရိသတ်ကတော့ ငိုသူငို၊ ရှိုက်သူရှိုက်နဲ့ပေါ့။ ဖိုးမောင်ကြီးခမျာမတော့ ကားကားရားရားကြီးနဲ့ ပေါလောကြီး ရေထဲမှာ မျှောသွားရှာတယ်။

အင်းလေ... ဒါက ဓလေ့ထုံးစံပေပဲကိုး။

■

**ဇင်ဝိုင်း**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၅၀၊ ဒီဇင်ဘာလ၊ ၁၉၉၃**

www.foreverspace.com.mm

# မပျော်ခြောက်လ ပျော်ခြောက်လ

## ဆောင်းဝင်းလတ်

"မသာမ၊ သောက်ကန်းမ
နောက်လင်ယူပြီး
ကလေးတွေ ခွေးဖြစ်စအောင် လုပ်ဖို့
တာစူနေတဲ့ကောင်မ
မှတ်ထား ·နင့်ကို ဒီအိမ်ရောင်းဖြစ်ရင်လည်း
ဘယ်တော့မှ ဝေစုမပေးဘူးဆိုတာ မှတ်ထား'

www.foreverspace.com.mm

# မပျော်ခြောက်လ ပျော်ခြောက်လ

## ဆောင်းဝင်းလတ်

မနက် မိုးစင်စင်လင်းခဲ့လျှင်ဖြင့် အိမ်သာရေဆေးရမည် ဆိုသည်ကို မောင်ဖုန်းမြင့် သိပြီးသား။ ညက ဟိုဘက်ခန်းမှ အသံတွေ ကြားရသည်။ အိမ်ရှင်၏သားအကြီးကောင် အောင်စိုးဦး အရက်သောက်လာသည့် အကြောင်း။ အိမ်သာထဲမှာ အော့အန်ထားသည့်အကြောင်း၊ ဒီကောင်လေး အသက်က အလွန်ဆုံးရှိမှ ၁၇ နှစ်ပေါ့။ ရှစ်တန်းနှင့် ကျောင်းထွက်ထားသည်။ ကျဲဘမ်းရရာ အလုပ် လုပ်နေသည်။ သူနှင့်တွဲ၍ အလုပ်လုပ်နေသည့် ကောင်လေးကလည်း သူနှင့် အရွယ်ချင်း မတိမ်းမယိမ်း။ နာမည်တော့မသိ။ သန်လျင်မှာနေသော အောင်စိုးဦးတို့ အဒေါ်၏သား၊ အောင်စိုးဦးနှင့် ညီအစ်ကို ဝမ်းကွဲဟု သိရသည်။ ညက အောင်စိုးဦး အရက်သောက်လာသည်ကို ဖိုးတင်အေးက တတွတ်တွတ် ပြောနေသည်။ ဖိုးတင်အေးက အောင်စိုးဦး၏ ဦးလေးအလတ်။ အောင်စိုးဦး အမေ မပြုံး၏မောင်။

မပြုံးတို့က မောင်နှမ ၄ ယောက်ရှိသည်။ မိဘမရှိကြတော့။ တိမ်းပါး သွားကြပြီ။ မပြုံးက မုဆိုးမ။ အသက် ၃၀ ကျော်။ သူ့ခင်ပွန်းလည်း တိမ်းပါး တာ ကြာပြီတဲ့။ မပြုံးက အိမ်မှာ ပုစွန်တောင်က တရုတ်မတစ်ယောက်၏ စက်ကို ယူကာ ဓားစက်လိုက်ရသည်။ အထည်တွေကို ဓားစက်လိုက်ပေးရသည်။ မနက်စောစောပိုင်းတွင် ရေကျော်မှာ ပဲပြုတ်သွားရောင်းရသေးသည်။ မပြုံးအောက်က မောင်ပဲလျော်က အထည်ဟောင်းရောင်းသည့် ဆိုင်တန်းမှာ ဈေးခေါ်လုပ်ပေး ရသည်။ ရလာလျှင်လည်း အိမ်ကို ကောင်းကောင်းမပေး။ အရက်စွဲနေသူ။ သူ့

www.foreverspace.com.mm



အောက်က ဖိုးတင်အေးက ပထမရပ်ကွက် သမဝါယမဆိုင်မှာ အရောင်းသမား။ ပြီးခဲ့သည့် သင်္ကြန်တွင်းက ဆိုင်တာဝန်ခံနှင့် ပဋိပက္ခဖြစ်ကာ အလုပ်နားရသည်။ အလုပ်နားနေဆဲတွင် တခြားရပ်ကွက်မှ ကောင်လေးတစ်စုနှင့် စကားများ ရန်ဖြစ်ကြရာ ပဲလှော်ကပါ ဝင်ကူရင်း ညီအစ်ကိုနှစ်ယောက် အင်စိန်ထောင်မှာ ၁၀ ရက် အချုပ်ခံခဲ့ကြရသည်။ ပြန်လာတော့ ခေါင်းတုံးတွေနှင့်။ ဖိုးတင်အေးက လေဟာပြင်ဈေးမှာ ကုန်ထမ်းအလုပ် သွားလုပ်သည်။ သူတို့နှစ်ယောက်အောက်က ညီအငယ်ဆုံးလေး မိုးကျော်။ သူ့ကို သိပ်ကျပ်မပြည့်ဘူးဟု သဘောထားကာ ညီအစ်ကိုမောင်နှမများက 'မိုးကြောင်'ဟု နောက်ပြောင်ခေါ်ဝေါ်ကြသည်။ မိုးကျော်ကို ရပ်ကွက်က ချစ်သည်။ သူက အရန်မီးသတ်တပ်ဖွဲ့ဝင်လည်း ဖြစ်သည်။ ညဘက်မီးကင်းလည်း စောင့်သည်။ မြို့နယ်လူကြီးများမှ စီမံကိန်းချဆောင်ရွက်နေသော ယာခင်းကလေးတွင်လည်း မိုးကျော် စိုက်ပျိုးရေးအလုပ်သမားဝင်လုပ်ခွင့်ရသည်။

မပြုံးက အောင်စိုးဦးအပါအဝင် သားသမီး သုံးယောက်ရှိသည်။ အောင်စိုးဦးအောက်က ဆန်းထွဋ်ဝင်းက ငါးတန်းကျောင်းသား။ နွေတုန်းက ရပ်ကွက်ထဲက ဗီဒီယိုပြသည့်ရုံမှာ ရေခဲထုပ်သွားရောင်းရသေးသည်။ သူ့အောက်က ဇင်မင်းကြူက တစ်တန်း။ ကျန်းမာရေးမကောင်း။ အဆုတ်နာရောဂါ ကုနေရသည်။ တစ်တန်းကျသည်။ လက်မောင်းလေးတွေက တစ်ကျပ်လုံးပင် မပြည့်ချင်။ မနက်အိပ်ရာထသည်နှင့် အော်ငိုတတ်သည်။ ကလေးသာ ဆိုသော်လည်း အသံက လူကြီးအသံ။ သူ့အမေ ပြောပုံဆိုပုံအတိုင်း လိုက်နေသည်။ လိုက်ပြောသည်။ မျက်နှာကလည်း ကလေးမျက်နှာမျိုး မဟုတ်။ ရင့်နေသည်။ သူ့အမေကလည်း အိပ်ချိန် အလုပ်သွားချိန်မှလွဲ၍ ပါးစပ်က တတွတ်တွတ်။ အခု သံဗုဒ္ဓေသီချင်းဆိုသည်။ တော်တော်ကြာ ဗီဒီယိုအကြောင်း ပြောသည်။ ဈေးအကြောင်း၊ ရပ်ကွက်အကြောင်း၊ မောင်နှမတွေအကြောင်း၊ မိဘ၊ လင်သားအကြောင်း၊ ဆွေမျိုးတွေအကြောင်း၊ ပုစွန်တောင်မှ တရုတ်မအကြောင်း။ အိမ်ကို အဖော်အပေါင်းခေါ်၍ ပြောသည်။ မလာလျှင် သူက သွားပြောသည်။ အိမ်မှာလည်း ဆန်းထွဋ်ဝင်း၊ ဇင်မင်းကြူတို့နှင့် ပြောသည်။ ပျင်းသလားတော့ မမေးနှင့်။ အိုးတိုက်တာ၊ တံမြက်စည်းလှည်းတာ၊ အိမ်ရှင်းတာ၊ အဝတ်လျှော်တာ မတွေ့ရသလောက်။ လျှော်တော့လည်း စုလျှော်သည်။ ရေထည့်သော စဉ့်အိုး နှစ်အိုးရှိသည်။ အဝီစိရေစက်အိမ်မှ ရေပိုက်နှင့် ရေလာထည့်လျှင် တစ်ခါတလေ တစ်အိုးထည့်သည်။

www.foreverspace.com.mm

တစ်ခါတလေ တစ်ဝက်စီ ထည့်သည်။ အိမ်သာရေအိုးထဲလည်း ရေမထည့်။ တစ်ခါမှမထည့်။ မိန်းမသားတန်မဲ့ ပဲပြုတ်ရောင်းက ပြန်လာလျှင်ပဲဖြစ်ဖြစ်၊ ပုစွန်တောင်ကို အထည်ပို့ပြီး ပြန်လာလျှင်ပဲဖြစ်ဖြစ်၊ ဈေးက အပြင်က ကိစ္စတစ်ခုခုနှင့် ပြန်လာလျှင်ပဲဖြစ်ဖြစ် ပါးစပ်က တတွတ်တွတ်ပြောရင်း အိမ်သာတန်းဝင်သည်။

'ဟယ်... ရေကလည်း မရှိဘူးတော့'

သူ့အသံကြားမှ ဒီဘက်ခန်းက အိမ်ငှား မောင်ဖုန်းမြင့်တို့က ရေမရှိတော့ကြောင်း သိရသည်။ ထည့်သလား။ မထည့်ပါ။ သည်အတိုင်း အပေါ့အပါးသွားပြီး ပြန်ထွက်လာတတ်သည်။ ကလေးသွားလျှင်လည်း ဝတ်ကျေတန်းကျေ အိမ်ရှေ့စဥ့်အိုးထဲက ရေတစ်ခွက်သွားခပ်ပြီး လောင်းချသည်။ ပြီးပြီ။ မနက်မိုးလင်းလျှင် အိမ်သာရေထည့်ရသည်က သည်ဘက်ခန်းမှ အိမ်ငှား၊ သူတို့ထက်လည်း အသက်ကြီးသူ မောင်ဖုန်းမြင့်။ တစ်နေ့လုံးတော့ ဘယ်စောင့်ထည့်နေနိုင်ပါ့မလဲ။ အလုပ်သွားရသေးသည်။

'ဟေ့ကောင် အောင်စိုးဦး၊ ညက မင်းများပြီး အိမ်သာထဲမှာ အန်ထားတာ မှတ်မိလား'

သန်လျင်က ကောင်လေးက သည်မနက်စောစောမှာ အောင်စိုးဦးကို မေးနေတာ မောင်ဖုန်းမြင့် အိပ်ရာထဲက ကြားရသည်။

'အေး... အဲဒါဘာဖြစ်လဲ'

ဒါပဲ ကြားရသည်။ ကိုယ့်အန်ဖတ် ကိုယ်ဆေးဖို့ တာဝန်မသိ။ အိပ်ရာက ထပြီး မောင်ဖုန်းမြင့် ရေဆွဲ၊ ရေထည့် သန့်ရှင်းရေး လုပ်နေတာ နောက်ဖေးတံခါးဝမှာ လုံချည်ကို ခြုံ၍ရပ်ပြီး ကြည့်နေသည်။ သူနှင့်ဘာမှ မဆိုင်သလို။ ပြီးတော့ အိမ်ရှေ့စဥ့်အိုးမှာ ရေသွားချိုးတာ တွေ့ရသည်။ ရှေ့နောက် မချန်။ ရေကလည်း မရှိ။ ရေသုံးကလည်း ကြမ်းချင်သည်။ သူတို့အတွက်တော့ မပန်းမကြီး။ ရေကုန်လျှင် မောင်ဖုန်းမြင့်တို့ ရေတိုင်ကီ သုံးလုံးကို မျက်စောင်းထိုးသည်။

'ရေနည်းနည်းယူမယ်နော်'

ဟုတော့ ဝတ်ကျေတန်းကျေပြောပြီး ခပ်ယူတော့သည်။ အဲဒါက မပြီး။ ရေယူသည်။ အဝတ်လျှော်သည်။ ချိုးကြသည်။ တံခါးဖွင့်တာလည်း ကြမ်းလိုက်တာ။ မောင်ဖုန်းမြင့်တို့ ဘုရားစင်ရိုက်ထားသော နံရံပင် တုန်ဟီးသွားသည်။

www.foreverspace.com.mm



တစ်ခါတစ်ရံ ထိုနံရံပေါ်တွင် ရေလဲပိုင်းလုံချည်၊ အတွင်းခံဘောင်းဘီ၊ ဘရာစီယာ လာလှမ်းတင်ထားတတ်သေးသည်။ ဝယ်ပါလား ဝါယာကြိုးလေး ၂ ကိုက်၊ ၃ ကိုက်လောက်ဝယ်ပြီး လျှပ်စစ်မီးဖိုကို မီးဖိုခန်းထဲရွှေ့ပါလား။ မဟုတ်။ ပလပ်ပေါက်နှင့် အနီးဆုံး နံရံနားမှာ မီးဖိုကို ကြိုးတိုတိုနှင့်ထားပြီး ချက်ကြသည်။ ထိုနေရာမှာ မောင်ဖုန်းမြင့်တို့ ဧည့်ခန်းဘုရားစင်အောက်တည့်တည့် နံရံ။ တစ်ချပ်ခြား။ ဆင်ခြေဖုံးရပ်ကွက်ဆိုတော့ ညဘက်မီး ခဏခဏ ပျက်သည်။ မီးမလာမှ ဆူကြပူကြ ဖယောင်းတိုင် တစ်တိုင်ပြေးဝယ်ကြ။

'ဦး… မီးခြစ်လေး ခဏလောက်'

လာပြီ၊ ဆန်းထွဋ်ဝင်း။ အဲဒါက မီးပျက်သည့် ညတိုင်း။ ဝယ်ထားပါလား သစ်သားမီးခြစ်လေး တစ်လုံးလောက်။ မဟုတ်။ မဝယ်ကြ။ အပြင်သွားဖို့ မိုးရွာနေရင်လည်း ထီးခဏလောက် ငှားပါဦးဆိုတာ ခဏခဏ။ သူတို့အိမ်ခန်းကို မောင်ဖုန်းမြင့်ငှားတုန်းက စဘော် နှစ်သောင်းခွဲ၊ အိမ်လခ သုံးရာ၊ မီတာခ တစ်ယောက်တစ်ဝက်တဲ့။ စာချုပ်သည်။ စဘော်ရတော့ ဖွာရာကျဲနေသော ခေါင်းမိုးကို သွပ်ပြားအသစ်မိုးပေးသည်။ အိမ်ရှေ့ အတက်အဆင်းဆင့်ကလေး ကျိုးတိုးကျဲတဲ ယိုင်နဲ့နဲ့ဖြစ်နေတာတောင် ပြင်မပေး။ အိမ်သာတော့ အသစ်ဆောက်ပေးသည်။ အိမ်သာက ဝါးထရံအစတွေ ကျတော့လည်း သန်လျင်က ကောင်လေးက အိမ်သာဝင်တိုင်း ချိုးဖွဲ့ပြီး စက္ကူအစား သုံးနေတော့ ကြာရင် ကုန်တော့မည်။ သတင်းစာမယူ၊ ဗလာစာအုပ်မရှိ။ ဗလာစာအုပ်အဟောင်းရှိတော့လည်း ဆန်းထွဋ်ဝင်းတို့၊ ဇင်မင်းကြူတို့ ဟာတွေ ကုလားဆိုင်မှာ ရောင်းစားသည်။ စာအုပ်၊ စာရွက်၊ စာတမ်းအဟောင်း မရှိရင်လည်း ရေသုံးပါလား။ ခုတော့ တုတ်မှတဲ့။ တုတ်သုံးရမှတဲ့။ သွားကောက်ပါလား။ လမ်းမှာ တုတ်တိုတုတ်စ။ ဝါးခြမ်းပြား။ ခုတော့ အိမ်သာနံရံထရံက ဝါးစတွေကို နေ့စဉ် ချိုးဖွဲ့သုံးနေတာ။ ကောင်းမလား။

အပြုံးကတော့ တကယ့်ကို မလွယ်။ လကုန်၌ အိမ်လခသုံးရာပေးပြီး (တစ်ပတ်မျှ)အကြာဆိုလျှင် နောက်လအတွက် အိမ်လခ ကြိုတင်ဟုဆိုကာ ပေးပါဦး တစ်ရာ။ ပေးပါဦး ငါးဆယ်။ ရှိနေရင်တော့ အကြောင်းမဟုတ်။ မောင်ဖုန်းမြင့်မှာကလည်း လစာနှင့် မိသားစုသုံးယောက် စားရေးသောက်ရေးက မနည်း ရုန်းနေရတာ။ မရှိလို့ မရှိဘူးပြောတော့ ပညာပေးသည်။ သည်ဘက်ခန်းက ကက်ဆက်ဖွင့် သီချင်းနားထောင်နေလျှင် စက်ကို ကြမ်းကြမ်းချုပ်သည်။ မနက်အိပ်နေတုန်း ခေါင်းရင်းကြမ်းပြင်မှာ ဇင်မင်းကြူလေးက တဒုန်းဒုန်းမြည်အောင်

ခေါက်တုံ့ခေါက်ပြန် ပြေးနေတာ မတား။ မောင်ဖုန်းမြင့်က အိမ်ရှေ့ခန်း ဘုရားစင်အောက် ကြမ်းပြင်မှာ အိပ်တာ။ သူတို့ အိပ်ရာထချိန် ဖျာတွေလိပ်ပြီး ကြမ်းပြင်ကို ဆောင့် ဖုန်ခါ၊ ကြမ်းပိုးခါတာကလည်း တဒုန်းဒုန်း။ မီတာခဖြတ်ပိုင်းလာလျှင် ၅၁ ကျပ် ကျသည် ဆိုပါတော့။

'အစ်မရေ၊ မီတာခ ၁၉ ရက်နေ့ နောက်ဆုံးဆောင်ရမယ်၊ ပေး' အပြုံး၏ အသံ။ ပေးပေတော့ ၅၁ ကျပ်။ သူက တစ်ဝက်မထုတ်။ သည်ဘက်ခန်း အိမ်ငှားက အပြည့်ပေး။ လကုန်အိမ်လခပေးတော့မှ ၂၅ ကျပ်လျှော့၍ သူ့ကိုပေး။ မောင်ဖုန်းမြင့်ဇနီးကတော့ ကျိတ်၍ခံနေရရှာသည်။

မိသားစု ချွေးနည်းစာလေးစုပြီး အဖြူအမည်း နစ်ပွန်အမျိုးအစား ၁၄ လက်မ ရုပ်မြင်သံကြားစက်ကလေး ဝယ်ပြီး မောင်ဖုန်းမြင့်တို့ အပျင်းပြေကြည့်ကြသည်။ သူတို့ကို လာကြည့်ချင် ကြည့်ဖို့ တံခါးဖွင့်ပေးထားသည်။ ဖျာခင်းပေးထားသည်။ အောက်ကျတယ်လို့များ ထင်လို့လား၊ ဘာကြောင့်လားတော့ မဆိုတတ်။ အငယ်ဆုံး ဇင်မင်းကြူလေးက လွဲ၍ တစ်ယောက်မှ လာမကြည့်။ ဇင်မင်းကြူကလည်း လာတော့ ကောင်းကောင်းထိုင်မကြည့်။ အိမ်ခန်းထဲ ဝင်သည်။ မီးဖိုချောင်ဝင်သည်။ ကစား၍ ကောင်းသော အသေးအမွှားလေးများတွေ့လျှင် လက်ဖဝါးလေးမှာ ဆုပ်၍ ဝှက်ထားတတ်သည်။ မောင်ဖုန်းမြင့်တို့ ဘာမှမပြောပါ။ ဇင်မင်းကြူ လာမကြည့်သည့် ညမျိုးဆိုလျှင် ဆန်းထွဋ်ဝင်းက နောက်သလို ပြောင်သလိုနှင့် ပင်မ မီးခလုတ်ကို ရုတ်တရက် ထပိတ်ပစ်တတ်ပြီး 'ဩော်... မတော်လို့... မတော်လို့... ကန်တော့...ကန်တော့'ဟု အော်ကာ ပြန်ဖွင့်ပေးတတ်သည်။

ဖိုးတင်အေးကတော့ ညည အိပ်ရာဝင် ဘုရားရှိခိုးချိန်တော့ မှန်တတ်သည်။ ငါးပါးသီလခံတော့ အစီအစဉ်တွေ ရှေ့နောက်ပြောင်းပြန်။

'နတ် လူ ဗြဟ္မာ သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ'

မေတ္တာပို့ကတော့ မပျက်။ သူ ဘုရားရှိခိုးပြီး ခဏအကြာ သူ့အစ်ကို ပဲလှော်မှုးပြီး အိမ်ပေါ်တက်လာတော့ မအေနှမနှင့် ဆဲရပြန်တော့သည်။

'ဟေ့ကောင် ငမှူး၊ ဒီအိမ်မှာ မင်းအကြီးဆုံး၊ အသုံးမကျဆုံး။ အိမ်ရောင်းပြီး ဝေစုခွဲပြီး စီးပွားရေး လုပ်ဦးမတဲ့။ ဟေ့ကောင် မြဲမြဲမှတ်ထား၊ ငါ မသေမချင်း ဒီအိမ်ကို ဘယ်တော့မှ မရောင်းဘူး။ ဘယ်နှသိန်းရရ မရောင်းဘူး မှတ်ထား'

www.foreverspace.com.mm



တစ်ခါတစ်ခါ မပြုံးနှင့် စကားများတော့လည်း အစ်မကို ဘာပြောလဲ ဆိုတော့…

'မသာမ၊ သောက်ကန်းမ၊ နောက်လင်ယူပြီး ကလေးတွေ ချေးဖြစ်အောင် လုပ်ဖို့ တာစူနေတဲ့ကောင်မ။ မှတ်ထား နင့်ကို ဒီအိမ်ရောင်းဖြစ်ရင်လည်း ဘယ်တော့မှ ဝေစုမပေးဘူးဆိုတာ မှတ်ထား' တဲ့။ ဆင်ခြေဖုံးရပ်ကွက်ကလေးဆိုပေမယ့် ပျဉ်ထောင်သွပ်မိုး မီးပါသည့် အိမ်လေးဆိုတော့ သူတို့စိတ်ထဲ ၁၀ သိန်း ပတ်ဝန်းကျင်မှန်းထားဟန် တူသည်။ သစ်တွေကတော့ မကောင်းတော့။ မီးကျွမ်းသစ်တွေ။ ဟိုးတစ်ချိန် မောင်ဖုန်းမြင့်တို့ လာမနေမီ ၃ နှစ်လောက်က သူတို့တစ်အိမ်တည်း မီးလန့်ဖူးသည်တဲ့။ မီးလောင်ဖူးသည်တဲ့။ အရပ်က နိုင်၍ မီးငြိမ်းသွားပြီး သူတို့ ၁ လ အပြစ်ဒဏ်ခံရဖူးသည်တဲ့။ စိတ်ထိခိုက်စရာ။

လူမှုရေးအရ တွေးဆကြည့်မိသည်။ အိမ်ပိုင်မြေပိုင် ရှိသည်ကလွဲ၍ မိဘမဲ့ အုပ်ထိန်းသူကင်းမဲ့။ အိမ်ထောင်ဦးစီးကင်းမဲ့သော သနားစရာ မောင်နှမတစ်တွေ ပါလား။ စီးပွားရေးကလည်း မပြေလည်ကြရှာ။ ရပ်ကွက်မှာ၊ လူမှုပတ်ဝန်းကျင်မှာ အားငယ်စိတ်၊ မခံချင်စိတ်ကလေးတွေ ရှိနေကြရရှာသော မောင်နှမများ။

ဘဝအပေးအခြေအနေက သည်လိုဖြစ်လာတော့လည်း သူတို့ စိတ်နေစိတ်ထားတွေ သွင်ပြင်လက္ခဏာတွေ၊ ပြုမူကျင့်ကြံ နေထိုင်ပြောဆိုပုံတွေက အရောင်အသွေးတစ်မျိုး ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

မနက်အိပ်ရာထ၊ ရေမိုးချိုး၊ ဈေးသွားပေးပြီး လွယ်အိတ်လွယ်ကာ အိမ်မှထွက်၊ ညမိုးချုပ်မှ အိမ်ပြန်ရောက်တာက မောင်ဖုန်းမြင့်။ သူတို့နှင့် နေ့စဉ်ထိတွေ့ခံစားနေရတာက မောင်ဖုန်းမြင့်၏ဇနီးနှင့်သား။ သည်တော့ မိသားစု ၃ ယောက် ဆုံစည်းမိချိန် တနင်္ဂနွေနေ့မျိုးမှာ တိုးတိုးသက်သာ ကျိတ်၍ ဆွေးနွေးကြသည်။

'ကျွန်မလည်း ကိုယ်ချင်းစာပါတယ်။ ကျွန်မတို့သာ သူတို့လို ဘဝကံက ပေးခဲ့ရင် သူတို့လို ဖြစ်နေမှာပဲ။ ဒါကြောင့် သားလေးကိုလည်း ဖျောင်းဖျရတယ်။ သားရယ်၊ သူတို့ သနားပါတယ်လို့။ သားက ကလေးဆိုတော့ တစ်ခါတစ်ခါလည်း ဒေါသထွက်တာပေါ့။ ဒါပေမယ့် သားက နားလည်ခွင့်လွှတ်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီက ပြောင်းတဲ့ထိ သူတို့ကို ဘာမှမပြောဘူးလို့ ဆုံးဖြတ်ထားပါတယ်'ဟု ဇနီးသည်က မောင်ဖုန်းမြင့်ကို ပြောသည်။ သားက

www.foreverspace.com.mm



လည်း ‘သားတို့က အိမ်ငှားပဲ ဖေဖေရယ်။ သူတို့ရပ်ကွက်ထုံးစံ အိမ်ရှင်အိမ်ငှား စာချုပ်ချုပ်တုန်းက သူတို့လမ်းထဲက လူကြီးတစ်ယောက်ပြောတာ သား မှတ်မိပါတယ်’ဟု ပြောတော့ မောင်ဖုန်းမြင့်က ဘာများပါလိမ့်ဆိုပြီး မေးမိသည်။

‘အိမ်ရှင်နဲ့ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ အိမ်ငှားတွေဘက်က မပျော်ခြောက်လ ပျော်ခြောက်လ ပျော်ရင် ခြောက်လ၊ တစ်နှစ် စာချုပ်ဆက်ချုပ်ရမယ် ဆိုတာလေ’ တဲ့။ သားပြောမှ မောင်ဖုန်းမြင့် ပြုံးမိသည်။

အိမ်ငှားဘဝ ပြန်တွေးဆကြည့်တော့ သူတစ်ပါး အရိပ်အာဝါသမှာ ပျော်ခြောက်လဆိုတာ ရှိနိုင်ပါ့မလား။

ဟောအခု ပဲလှော်သာမက ဟိုကောင်လေး အောင်စိုးဦးပါ သောက်တတ်လာပြီ။ အိမ်သာထဲမှာ အန်တတ်လာပြီ။ နေ့စဉ် အိမ်သာဆေး၊ အိမ်သာရေအိုး ရေဖြည့်နေရတဲ့ အိမ်ငှားတစ်ယောက်ရဲ့ ဘဝကိုလည်း (ငယ်သူကြီးသူအသာထား) အိမ်ကြီးရှင်များ သနားညှာတာတတ်ကြပါစေ။

■

**ဆောင်းဝင်းလတ်**

**အမှတ် ၅၆၊ ဇွန်လ၊ ၁၉၉၄**

**ရွှေအမြုတေ**

www.foreverspace.com.mm

# အသံမဲ့သွားတဲ့သီချင်း
# အလင်းမဲ့သွားတဲ့ကြယ်

**သုညီ**

ဝါဝါဟာ နူးနူးညံ့ညံ့လေးပြုံးပြီး
သူ့ပိုက်ဆံအိတ်ထဲက
လက်ကိုင်ပုဝါကို ထုတ်တယ်
ပြီးတော့ ကိုယ်ဆီလျှောက်လာပြီး
ကိုယ့်ကို မျက်ရည် သုတ်ပေးတော့တာပဲ
ပြီးတော့ မေးတယ်
“မျိုးမင်း ငါ့ကို တကယ်ချစ်သလား” တဲ့

www.foreverspace.com.mm

# အသံမဲ့သွားတဲ့သီချင်း
# အလင်းမဲ့သွားတဲ့ကြယ်

## သူညို

သူ ဆုံးပြီ…တဲ့။

❑

‘ရုပ်ကြယ်နားမှာ မြင်နေရတဲ့ ခပ်မှိန်မှိန် ကြယ်လေးဟာ ကိုယ့်ရဲ့ကြယ်လေးပေါ့။ သူမနှစ်တုန်းက အဲဒီမှာ မဟုတ်ဘူး။ ပြီးတော့ ဒါထက်လည်း လင်းသေးတယ်။’

…ထိုသို့ ပြောဆိုပြီးသောအခါ တိမ်စင်သော ညကောင်းကင်၏ လင်းလက်နေသော ကြယ်ပွင့်များကို မော့မျှော်ကြည့်လျက် သူဂစ်တာကို တီးသံ့စွာ တီးခတ်ပါသည်။ ပြီးတော့ တည်ငြိမ်အေးချမ်းသော သူ့အသံဖြင့် နှစ်လေးဆယ် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ဆိုသည်။ သီချင်းနာမည်က "Look for a star"။

‘ဘဝနဲ့ ရှင်သန်နေရခြင်းဟာ အဓိပ္ပာယ်မဲ့လာတဲ့အခါ….

ဘဝရဲ့ ရေစုန်မှာ မင်းကိုမင်း မျှောပစ်လိုက်ချင်လာတဲ့အခါ…

မင်းအနားမှာ အားလုံးမရှိကြတော့တဲ့အခါ…မင်း

ကြယ်လေးတစ်ပွင့်ကိုကြည့်လိုက်ပါ…’

ငြိမ်းချမ်းသော ညတစ်ည။ ရန်ကုန်မြို့လယ်ကောင်က ရှစ်ထပ်တိုက် ခေါင်မိုးတစ်ခုပေါ်မှာ၊ အပူငွေ့နွေးနွေး ကျန်နေသေးသည့် သွပ်ပြားပေါ်လှဲလျောင်းရင်း သူ့သီချင်းကို ခံစားလျက် ကြယ်ပွင့်များကို ငေးမောကြည့်နေသည်က ဘာမှန်းမသိခဲ့သော အဓိပ္ပာယ် ရှိနေခဲ့သည်။

ထိုစဉ်က ကျွန်မ ဆယ့်ငါးနှစ်မပြည့်သေးခဲ့။ ထိုညက ခေါင်မိုးပြင်ပေါ်

www.foreverspace.com.mm

မှာ ကျွန်မတို့နှင့်အတူ ဖေဖေလည်း ရှိနေခဲ့သည်။

'တစ်ယောက်တည်း ကျန်ရစ်ပြီလို့ မင်းသိလိုက်ရတဲ့အခါ...

အားလုံးက မင်းကို စွန့်သွားကြတဲ့အခါ...

မင်းလမ်းကို လမ်းပြဖို့တစ်ယောက်တော့ ရှိနေပါသေးတယ်...

မင်း...ကြယ်လေးတစ်ပွင့်ကို ကြည့်လိုက်ပါ..'

... ... ...

'မင်း အလုပ်အဆင်မပြေဘူးလား..။ တကယ်ဆို မင်းက ဂစ်တာ တီးစားဖို့ကောင်းတာ'

ဖေဖေပြောတော့ သူကြေကွဲစွာ ရယ်မော၏။ သွပ်ပြားချပ်ပေါ် ဂစ်တာချလိုက်တော့ ထိသံ လုံးဝမကြားလိုက်ရ။ တန်ဖိုးကြီးမားလှသော ယာမာဟာဂစ်တာက နှစ်အတော်ကြာခဲ့ပြီ ဆိုသော်လည်း အသစ်အတိုင်း တောက်ပြောင်နေသည်။

'ကျွန်တော်က ဘာမှမဟုတ်တဲ့ကောင်ပဲ အစ်ကိုရာ ဘာမှမဟုတ်တဲ့ လူတစ်ယောက်က ဘယ်သူမှမဟုတ်တဲ့ လူတွေနဲ့ပေါင်းပြီး ဂစ်တာတီးတောင်း စားဖို့နည်းလမ်း တစ်ခုတည်းရှိတော့တာပဲ။ တကယ်တော့ ကျွန်တော်က ဂစ်တာမှာ လူတစ်ယောက် မဟုတ်သေးပါဘူး။ အသံကလည်း အဆိုတော်ဖြစ်ဖို့ မတန်မှန်း ကျွန်တော် ကိုယ့်ကိုယ်ကိုတောင် သိနေတာ...'

'ငါသိသလောက်တော့ မင်းတို့ ဒီဇိုင်းသမားတွေ အဆင်ပြေနေတာ ပါပဲ..'

'ဒါတော့..ဟုတ်ကဲ့..ပြေသလိုလိုပါပဲ အစ်ကို...။ ဒါပေမယ့်ဗျာ... နေရာတကာ အနှိမ်ခံရတာနဲ့။ ခေါင်းပုံဖြတ်ခံရတာနဲ့။ ခုတုံးအလုပ်ခံရတာနဲ့..'

သူ ဆေးပေါ့လိပ် မီးညှိသည်။ ငွေတောင်တံဆိပ် ဆေးပေါ့လိပ်ကို ပန်းရောင် ဂက်စ်မီးခြစ်ကလေးနှင့် မီးညှိခြင်းဖြစ်၍ မီးခိုးငွေ့တွေက ညလေညင်း ထဲမှာ ရုတ်ခြည်းကစဉ့်ကလျား လွင့်ပါပျောက်ဆုံးသွားကြ၏။

'...ကျွန်တော် စိတ်ဓာတ်ကျနေခဲ့တာ နှစ်နဲ့ချီပြီ'။

'ဒါနဲ့ အဘွားကြီး နေကောင်းတယ် မဟုတ်လား။ ငါညဘက် ချောင်းသံမကြားရတာ အတော်ကြာပြီ'

'အစ်ကို သတိမထားမိလို့နေမှာပါ။ မေမေ့ အခြေအနေက ပိုဆိုးလာ တယ်ဗျ။ အားလည်းနည်းသည်ထက် နည်းလာတယ်။ ချောင်းဆိုးတဲ့အခါ သွေး

www.foreverspace.com.mm



လည်း ပိုများလာတယ်…ဆေးဖိုးကလည်း တော်တော်ထောင်လာတာပဲ‥ပြီးတော့ ကျွန်မဘက်လှည့်၍'အေးလာပြီ ကလေး‥အောက်ဆင်းတော့လေ'ဟု ဆိုပါသည်။ လေးနက်သောအကြင်နာတရား အပြည့်ပါသည့်အသံ။

သူက ကျွန်မကို 'ကလေး'ဟုပဲ ခေါ်သည်။ သူက ဖေဖေထက် ရှစ်နှစ်သာငယ်၏။ အသက်နှစ်ဆယ့်ခြောက်နှစ် ရှိပြီဖြစ်သော သူ့ကိုကျွန်မက စိတ်ထဲ၊ ကျွန်မထက် လေးငါးနှစ် ပိုကြီးသူ တစ်ယောက်လိုသာ သဘောထား နေမိသည်။ ဒါက‥အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့်၊ လေးနက် တည် ကြည်သော သူ့မျက်နှာတို့ကြောင့် မဟုတ်။ ရူပဗေဒဘာသာတွဲဖြင့် သိပ္ပံဘွဲ့ရခဲ့ပြီး မြို့ထဲ သုံးဆယ့်နှစ်လမ်းမှာ ဒီဇိုင်းရေးသက် လေးနှစ်သာရှိသေးသောကြောင့်လည်း မဟုတ်။ အဝေးရောက်နေသော မောင်နှမများ စွန့်ပယ်ထားရစ်သည့် အဆုတ် ကင်ဆာ ဖြစ်နေသော်လည်း အသက်သိပ်မကြီးသေးသော မိခင်ကို တစ်ယောက် တည်း ပြုစုလုပ်ကျွေးနေရခြင်းကြောင့်လည်း မဟုတ်။ သူက အပြင်မှာ သူ့အရွယ် ထက် ဆယ်နှစ်လောက် ပို၍ လူကြီးဆန်သော်လည်း သူ့ အမေရှေ့မှာ ဆယ်နှစ် လောက် ပို၍ကလေးဆန်သည်ကို ကျွန်မ မြင်တွေ့နေရလေ့ ရှိခြင်းကြောင့်လည်း မဟုတ်။

ဘာအကြောင်းကြောင့်ဟု မသေချာသော်လည်း ထိုစဉ်က ကျွန်မစိတ်ထဲ မှာ 'အရွယ်'ဟူသော ကန့်သတ်ချက်ကြောင့် သူနှင့်ဝေးကွာ မသွားလိုပါ။ ကျွန်မတွေးနေတုန်း။ ဖေဖေက ခပ်ဝေးဝေးမှာ မြင်နေရသော ရွှေတိဂုံစေတီ တော်ကြီးဆီ မျှော်ငေးနေတုန်း။ သူက ကျွန်မကို ပြုံးလျက် ထပ်ပြောသည်။

'ကလေး…၊ သွားအိပ်တော့လို့ ကိုယ်ပြောနေတယ်'

အဲဒီနှစ်မှာ။ (သူနှင့် ဘေးချင်းကပ်လျက် အခန်းသို့ ကျွန်မတို့ ပြောင်း လာပြီး သူနှင့် ရင်းနှီးခင်မင်ခဲ့ရသောနှစ်) ဇူလိုင်လလောက်က ကျောင်းမှ အိမ်အပြန် လမ်းလျှောက်လာရာမှ ကျွန်မဘဝ၏ ပထမမြောက်ဖြစ်သော ရည်းစား စာတစ်စောင်ကို စတင်ရရှိခဲ့သည်။ ကျွန်မ သူငယ်ချင်းတစ်ယောက် အကူအညီဖြင့် ကျွန်မမသိအောင် လွယ်အိတ်ထဲ ထည့်ပေးခဲ့ခြင်းဖြစ်၏။ ဤစာနှင့် ပတ်သက်၍ မေမေ့ အပြင်းအထန် ဆူပူစကားကြောင့် ကြေကွဲခြင်းတစ်ခုသာ ခံစားခဲ့ရသည်။

ကျွန်မငိုသည်။ အိမ်ရှေ့ ဝရန်တာကြမ်းပြင်မှာ ထိုင်လျက် ဝမ်းနည်းဆို့နစ်စွာ ငိုကြွေးခဲ့ခြင်းဖြစ်၏။ ဘယ်မျှကြာသွားသည်မသိ။

'ကလေး…စာတစ်စောင်မိသွားလို့ အဆူခံရတယ်ဆို'

www.foreverspace.com.mm



နူးညံ့ တည်ငြိမ်သော အသံကို ကြားလိုက်ရသည်။ တစ်ဖက်ဝရန်တာမှာ သူ။ ရှက်ခဲ့သင့်သည် ထင်သော်လည်း ထိုစဉ်က ရှက်ရွံ့ဖို့ ကျွန်မ သတိမရခဲ့ပါ။

'အင်း··ဟုတ်တယ် ဦးမျိုးရာ··။မေမေက သိပ်လွန်တာပဲ။ သမီး မဟုတ်တာ လုပ်တာလည်း မဟုတ်ဘဲနဲ့'

'မဟုတ်တာလုပ်မှ အဆူခံရကြေးဆိုတာ မဟုတ်သေးပါဘူး ကလေးရဲ့။ ရှေ့လျှောက် လောကကြီးမှာ ညည်းဟုတ်တာလုပ်တာလုပ်လုပ်၊ မဟုတ်တာဘဲ လုပ်လုပ် အဆူခံရမှာ အများကြီးပါ။ ညည်းအမေက မဆူလည်း လောကကြီးက ဆူမှာပဲ။ ···ပြီးတော့လည်း မဟုတ်တာလုပ်မှ ထိုက်ထိုက်တန်တန် အဆူခံရမယ် ဆိုရင်ရော··ညည်းက မငိုဘဲ နေမှာတဲ့လား'

သူ ပြုံးလျက် ပြောသည်။ မချောမောသော မျက်နှာသည် ဘာကြောင့် သည်မျှ ကြည့်လို့ ကောင်းသွားလဲမသိ။ သူ့ စကားကြောင့် ကျွန်မ 'တွေ'သွား သည်။

'ဟုတ်တယ်နော်··ဦးမျိုးပြောတာ ဟုတ်တယ်။ ဒါပေမယ့် အဲဒီလိုဆို သမီးက ငိုစရာရှိတာတောင် မငိုရတော့ဘူးလား'

'ငိုရပါတယ် ကလေး···ဒါပေမယ့် တတ်နိုင်ရင်တော့ မငိုတာ အကောင်းဆုံးပေါ့။ မငိုဘဲ မနေနိုင်လို့ ငိုတယ်ဆိုလည်း တတ်နိုင်ရင် ကိုယ်ငိုတာ လူမသိစေနဲ့ပေါ့'

'မငိုဘဲမနေနိုင်လို့ ငိုလိုက်ရပြီပဲ ဦးမျိုးရ။ ကိုယ်ငိုတာ လူသိတော့လည်း ဘာဖြစ်သလဲ'

'···ညည်းပျော့ညံ့တယ်ဆိုတာ လူသိသွားမှာပေါ့ ကလေးရယ်။ သိတော့ ညည်းရဲ့ပျော့ညံ့မှုကို အခွင့်အရေး တစ်ခု အနေနဲ့ အသုံးချသွားကြတော့ မှာပေါ့···။ ကိုယ်ငိုတာလည်း လူသိသွားခဲ့ဖူးတယ် သမီး။ အဲဒီသိသွားတဲ့လူက ကိုယ့်ကို ထပ်ခါထပ်ခါ ငိုရအောင် လုပ်တော့တာပဲ···'

မေမေ ဆူခဲ့သမျှကို ကျွန်မ မေ့သွားပြီ။ စိတ်ဝင်တစားဖြင့် သူ့ အနီး ဝရန်တာ အစွန်းသို့ ကျွန်မ ရွှေ့ထိုင်၏။ သူ ကျွန်မမျက်နှာကို အကြည့်ဖြင့် စူးစမ်းရင်း···

'ညည်းက သိချင်လို့လား ကလေး'

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။

'အင်း···ဟိုးရှေးရှေးတုန်းက···လို့ အစချီရလောက်နီးပါး တစ်ချိန်တုန်း

က ကိုယ်တို့ မိသားစုနဲ့ ခင်တယ်ဆိုရုံ ခင်ခဲ့ကြတဲ့ မိသားစု တစ်စုထဲ မှာ ကိုယ်ထက် သုံးနှစ်လောက်ကြီးတဲ့ ကိုတိုးနဲ့ ရွယ်တူလောက်ရှိတဲ့ ဝါဝါဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးတယ်။

ကိုတိုးက အာရ်အိုင်တီ တက်နေတုန်း။ အောင်စာရင်း ထွက်တိုင်းမှာ ရိုးလ်ဝမ်းတူ ဖိုက်ကြား အမြဲရတဲ့ အနာဂတ်အတွက် အလားအလာ အများကြီး ရှိနေတဲ့ လူချွန် လူကောင်းလေး ဖြစ်နေတုန်းမှာ ဝါဝါနဲ့ သူ့မိဘတွေက ကိုတိုးကို စိတ်ကူးယဉ်ခဲ့ကြတယ်။

အဲဒီတုန်းက ဝါဝါက အီးမေဂျာနဲ့ကျောင်းတက်နေတုန်း။ ကိုယ်က ဆယ်တန်းရောက်ပြီ။ အဲဒီမှာ ဝါဝါက ကိုယ့်ကို အင်္ဂလိပ်စာလာသင်ပေးပြီး ကိုတိုးနဲ့ နီးစပ်ဖို့ ကြိုးစားခဲ့တယ်။

ဝါဝါက လှတယ်။ အရပ်မြင့်မြင့်။ ဆံပင်အရှည်ကြီးနဲ့။ အဝတ်အစား အနေအထိုင်ကတော့ ရှေးမဆန်ပါဘူး။ ဝါဝါနဲ့ သူ့ မိဘတွေက ဘာစိတ်ကူးယဉ် ခဲ့ကြသလဲဆိုတာ ကိုယ်ကတော့ ဘယ်သိမှာလဲ။ ကိုယ်… ဝါဝါကို ချစ်မိ သွားတယ်။

ကျွန်မရင်ထဲ နွေးသွားသည်။ သူ့စကားကို ဝင်ထောက်ပေးမိ၏။

'ဒါနဲ့…'

'ဒါနဲ့ ကိုယ်သီချင်းတွေ ရေးတတ်လာတော့တာပေါ့။ မပြောရဲပေမယ့် သူ သိလိုသိငြား ဆိုပြီး အဲဒီသီချင်းတွေကို ခဏခဏ ဆိုပြတာပေါ့။

ဝါဝါက သွားစရာလာစရာ ရှိရင် ကိုတိုးကို အဖော်ခေါ်တယ်။ ကိုယ်ကလည်း ကြံဖန်ပြီး သူတို့နဲ့ မရမက လိုက်တာပဲ။

ဒါပေမယ့် ကိုတိုးနဲ့ဝါဝါ နှစ်ယောက်တည်း လမ်းထွက်တာ ခဏခဏ ပဲ။ ကိုယ်နဲ့ဝါဝါ နှစ်ယောက်တည်း လမ်းထွက်ရတယ်ဆိုတာ မရှိသလောက်ဘဲ။ ဒီမှာ ပတ်ဝန်းကျင်က ကိုတိုးနဲ့ဝါဝါကို တစ်မျိုးတစ်မည် သတ်မှတ်နေကြပြီ။ ကိုယ်ကတော့ ဘာမှမသိဘူး။ ဝါဝါက ဒါတွေကို သဘောကျနေတုန်းမှာ ကိုတိုး က ကိုယ့်မရီးနဲ့ ရည်းစားဖြစ်သွားတော့တယ်။

အမှန်မှာ သူက ရိုးသားပါတယ်။ ဝါဝါ့ကို တကယ်ကို မိတ်ဆွေ တစ်ယောက်လို သဘောထားခဲ့တာ အသေအချာပဲ။

အဲဒီမှာ ဝါဝါ ရှက်သွားတယ်။ သူက သူ့စိတ်ကူးတွေနဲ့ကို ကိုတိုး သိသွားတယ်ထင်ပြီး ရှက်တယ်။ ပတ်ဝန်းကျင်က သူ့ကို ကိုတိုးအိမ် နေ့တိုင်းလာ

www.foreverspace.com.mm



နေတာတွေ၊ ကိုတိုးနဲ့ တွဲသွား တွဲလာလုပ်နေတာတွေ ဒီလောက် မြင်ထားပြီးမှ သိက္ခာကျတယ်ဆိုပြီး နာကြည်းသွားတယ်။

ဒီတုန်းက ဒါတွေကို ကိုယ်ရော၊ ကိုတိုးပါ မသိခဲ့ကြပါဘူး။

ဒါပေမယ့် ဝါဝါနဲ့ကိုယ်တို့၊ ကိုတိုးတို့ အခြေအနေက ဘာကိုမဆို မသိချင်ယောင်ဆောင်ပြီး ပုံမှန်အတိုင်း ဆက်နေလို့ရတဲ့ အခြေအနေဆိုတော့..'

သူ ကျွန်မဘက် လှည့်ပြီး...'ကိုယ်ကံဆိုးသွားတယ်...အဲဒီ အဖြစ်အပျက်တွေကြားထဲ၊ ကိုယ်က ဆယ်တန်း စာမေးပွဲကြီးမဖြေခင် တစ်ပတ် အလိုမှာ အရဲစွန့်ပြီး ဝါဝါကို ရည်းစားစာ ပေးခဲ့မိတယ်လေ'ဟု ပြောသည်။ ဘာဆက်ဖြစ်သည် မသိရသေးဘဲနှင့် ဤစကား တစ်ခွန်းကြောင့် ကျွန်မ နောက်တစ်ကြိမ် ငိုချင်လာပါပြီ။

'ဝါဝါက သူ့ ပိုက်ဆံအိတ်နဲ့ စာအုပ်တွေကို စားပွဲပေါ် ပြန်ချလိုက်တယ်..' ပြီးတော့ စားပွဲမှာ ပြန်ထိုင်ပြီး ကိုယ့်စာကို ကိုယ့်ရှေ့မှာ ချက်ချင်း ဖတ်တော့တာပဲ။ ဝါဝါ သိပ်ရက်စက်တာပဲ။ ကိုယ့်စာကို အသံထွက် ဖတ်တယ်ကွာ။ ပြီးတော့ စာဆုံးတော့ မျက်နှာတည်တည်နဲ့ ကိုယ့်ကို စိုက်ကြည့်ပြီး 'ငမျိုး၊ မင်းဟာ တော်တော်စော်ကားရဲပါလား။ ဗမာစကားပုံ တစ်ခုက ခွေးသည် ထမင်းကျွေးသော လက်ကို မကိုက်လို့ ဆိုထားတယ်။ မင်းက ခွေးထက်တောင်မှ နိမ့်သေးတဲ့ ကောင်ပဲတဲ့။

တောက်... (သူ တက်တစ်ချက် ခေါက်သည်။) ကိုယ်ရှက်လိုက်တာ။ ကိုယ်သိပ်ချစ်ရတဲ့သူက အဲဒီလို ပြောလိုက်လို့ ဝမ်းနည်းလိုက်တာ။ စိတ်ထဲမှာ နာကြည်းဖို့တော့ နည်းနည်းမှ သတိမရဘူး။ သူ့ရှေ့မှာတင် စားပွဲပေါ် မှောက်ချပြီး ကိုယ်အားရပါးရ ငိုပစ်လိုက်တော့တာပဲ။

..အေး။ အဲဒီတုန်းက သူ့မျက်နှာဟာ စဉ်းစဉ်း လဲလဲနဲ့ ပြုံးနေမှာပဲ။ ကိုယ်က ခေါင်းငုံ့နေတော့ မမြင်လိုက်ရဘူးလေ။

ကိုယ်ငိုတာ အတော်ကြာတယ်။ နာရီဝက်လောက် ကြာမလားပဲ။ သူက ကိုယ့်ရှေ့မှာ အေးအေးဆေးဆေး ထိုင်စောင့်နေခဲ့တယ်။

အင်း..အားလုံးပြီးလို့ ကိုယ်ခေါင်းပြန်မော့လိုက်တဲ့ အခါမှာ ဝါဝါက ကိုယ်ဘယ်လိုမှ ထင်မထားတာ တစ်ခုကို ထလုပ်တော့တာပဲ။...မင်းဘယ်လို ထင်သလဲ ကလေး...။ ဝါဝါဟာ နူးနူးညံ့ညံ့လေးပြုံးပြီး သူ့ပိုက်ဆံအိတ်ထဲက လက်ကိုင်ပုဝါကို ထုတ်တယ်။ ပြီးတော့ ကိုယ်ဆီလျှောက်လာပြီး...ကိုယ့်ကို

www.foreverspace.com.mm



မျက်ရည် သုတ်ပေးတော့တာပဲ။ ပြီးတော့ မေးတယ်။

'ငမျိုး...မင်း ငါ့ကို တကယ်ချစ်သလား' တဲ့။

သူ့အသံတွေက ငိုနေသလို ဖြစ်နေခဲ့ပါပြီ။ ကျွန်မကတော့ ဘယ်အချိန်ကတည်းက စငိုနေမိသလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိတော့။ ကျွန်မ ကြေကြေကွဲကွဲ ငိုနေမိခဲ့ပြန်ပြီ။

သူ့စကားသံက ငိုသံနှင့်ရော၍ လုံးထွေးထွက်ပေါ်လာပြန်သည်။ ဤစကားကိုတော့ သူအလွန့်အလွန် အားယူပြီး ပြောလိုက်ရသည်မှာ အလွန်သေချာပါ၏။ ထိုစကားကတော့...

'ကိုယ် ဝမ်းသာအားရ ပြောလိုက်တယ်...မဝါကို..ကျွန်တော်...အရမ်းချစ်..တာ..ပါ..လို့'

မိနစ်အနည်းငယ်ကြာအောင် ကျွန်မတို့ အတူငိုခဲ့ကြသည် ထင်သည်။ နောက်တော့ သူ ကျွန်မကို လှည့်ကြည့်တော့ သူ့မျက်နှာမှာ အရှက်ရိပ်ကို မြင်ရ၏။ သို့သော် ဟန်မပျက်စွာပင် နူးနူးညံ့ညံ့ ဆိုရှာသည်။

'တော်ပြီကွာ..ကိုယ့်ကို ခွင့်လွှတ်နော်ကလေး' တဲ့

နောက်တော့ ထိုအကြောင်းကို ဘယ်တော့မှ စကားမဆက်ဖြစ်ခဲ့ကြတော့ပါ။ မြန်မာဗွီဒီယိုကားများလို ဇာတ်သိမ်းကို မှန်း၍ရခဲ့ပြီ ဖြစ်သလို သူ့စိတ်ကို ပြန်လည် အနှာတရ မဖြစ်စေလိုသောကြောင့် ဖြစ်၏။ ပြီးတော့ ကျွန်မနှလုံးသားကိုလည်း နောက်တစ်ကြိမ် ဒဏ်ရာ ထပ်မရချင်တော့ပါ။

ဤအဖြစ်အပျက် ဖြစ်ပွားခဲ့ပြီးနောက်မှာ သူနှင့် ကျွန်မ အလွန့်အလွန် ရင်းနှီး သွားခဲ့ကြပါတော့သည်။

❑

သူ့ဖခင် ကွယ်လွန်ခဲ့အပြီး နှစ်လတိတိ အကြာမှာ သူနောက်ဆုံးနှစ်စာမေးပွဲကြီးဖြေဆို ပြီးစီးခဲ့၏။ သူ အောင်ကြောင်း အောင်စာရင်းထွက်ပြီး ငါးလကျော်၊ ခြောက်လလောက်မှာ သူ့တစ်ဦးတည်းသောညီမလေးက လက်ထပ်ပြီး မကွေးမြို့သို့ ပြောင်းရွှေ့သွားသည်။ နောက်တော့ သူ့ သူငယ်ချင်းတစ်ယောက်၏ အော့ဖ်ဆက်ဖလင် အလုပ်တိုက်သို့ ဒီဇိုင်းဆရာအဖြစ် အလုပ်ဝင်ခဲ့၏။

သူတို့အိမ် ဧည့်ခန်းထဲက သူ့အလုပ်စားပွဲဘေးမှာ ကျွန်မ ရပ်ကြည့်နေတုန်းက သူ 'ရွှေနဂါး မုန့်တိုက်' ဆိုသော မုန့်တိုက်တစ်ခု၏ ဘူးခွံ၊ အိတ်တံဆိပ်၊ ပိုစတာတို့ကို ရေးနေခဲ့သည်။ အဖြူရောင်၊ အနက်ရောင်တို့ဖြင့် ရေးသော ကတ်ထူ

www.foreverspace.com.mm

ဒီဇိုင်းစာရွက်ပေါ်မှာ ဆီစိမ်စက္ကူပါးကို ကပ်ပြီး အရောင်တွေ လျှောက်ခြယ်သည်။

'အဲဒီတုန်းက ကိုယ်အနှိမ်ခံလိုက်ရတာ‥ကလေးရေ။ ဒီကောင်က သူငယ်ချင်း ဆိုပေမယ့် သိပ်အရင်းနှီးကြီးတော့ မဟုတ်ဘူး။ ဒါပေမယ့် တော်တော့်ကို မိုက်ရိုင်းတာပဲ။ သည်းမခံနိုင်တော့တဲ့ အဆုံးမှာ ကိုယ်အလုပ်ထွက်ဖြစ်ခဲ့တယ်'တဲ့။

နောက်တော့ ပုံနှိပ်တိုက်တစ်ခုမှာ မြို့နယ်မဂ္ဂဇင်း စာအုပ် အတွက် သူ ဒီဇိုင်းလုပ်ခဲ့ပြန်ပါသည်။ တိုက်ရှင်က လက်သပ်မွေးထားသော ဒီဇိုင်းဆရာကို သူ အလုပ်သင်ပေးခဲ့သလို ဖြစ်သွား၏။

ကိုယ့်လူ အတွေ့အကြုံရပြီဆိုတော့ တိုက်ရှင်က သူ့ကို ကန်ထုတ်ခဲ့သည်။ ငွေကြေးအရလည်း သူများစွာ ခေါင်းပုံဖြတ် ခံခဲ့ရပါသည်။ နောက်တော့ သူကျော်လည်း မကျော်ကြား၊ မျှတသော လုပ်ခလည်း မရသော လုပ်ငန်းဒီဇိုင်းများ ရေးသည့် လောကထဲမှာ 'ရပ်တည်ဖြစ်ရုံ'အခြေအနေလေးဖြင့် ရပ်တည်ခဲ့ရပြန်ပါသည်။

မင်ထည့်ရေးရသော ငှက်နှုတ်သီးပုံ ကလောင်သွားမျိုးပါသည့် ကွန်ပါချွန်ကိုသုံးပြီး စာလုံးများဖြစ်လာအောင် ကျွန်မလှည့်ကြည့်သည်။ ကျွန်မ လက်ဖမိုးပေါ် အုပ်ကိုင်ထားသော သူ့လက်များက နွေးထွေးနူးညံ့နေ၏။ စာလုံးလှည့်သောအခါ ရရစ်၊ ယပင့် စသော မျဉ်းဖြောင့်များနှင့် ဝစ္စပေါက်တို့ကဲ့တို့သော အစက်များကို ချန်လုပ်ထားခဲ့ရသည်။ ကျွန်မက 'ဦးမျိုး အဘိုးကြီးဖြစ်နေပြီ'ဟူသော စာကြောင်းကို ရေးလိုက်သည်။ သူက 'ကလေးကတော့ တကယ့် ချာတိတ်ကလေးပဲ ဖြစ်နေသေးတယ်'ဟု ပြန်ရေးပြ၏။ ပြီးတော့ ခပ်တည်တည်ဖြင့် . . .

'ရက်ပေါင်းလေးထောင်လောက် ဝေးနေသေးတယ် ကလေးရာ။ ရှေ့ရောက်နေတဲ့ လူက အကြောပေးချင်လို့ ဒါမှမဟုတ် စောင့်ခေါ်ချင်လို့လည်း မရ။ နောက်လူကလည်း ရှေ့လူကို မီဖို့ဆိုပြီး ဒုန်းစိုင်းပြေးလို့ မရတဲ့ တစ်ခုတည်းသော ပြေးပွဲဟာ 'အရွယ်'ပဲနော် . . .'ပြောသည်။

❑

မည်သို့ဆိုစေ တက္ကသိုလ်ရောက်တော့ ကျွန်မ အင်္ဂလိပ်စာ အဓိကဘာသာတွဲယူဖြစ်ခဲ့ခြင်းကတော့ သူ့အပေါ် မရိုးဖြောင့်သော သဘောထား ရှိ၍ မဟုတ်ပါ။ သူကတော့ 'ကလေးလည်း ဒီပုတ်ထဲ ရောက်သွားပြီ။ ဒီပဲဖြစ်

www.foreverspace.com.mm



လာမှာ…’ဟု ဘာလိုလို ကျီစယ်လေသည်။ သူ့ ကိုယ်ရေးသမိုင်းထဲက ‘ဝါဝါ’ဆိုသော အမျိုးသမီးကို သူရော ကျွန်မပါ မမေ့ကြသေးကြောင်း အလိုလို သိနေခဲ့ကြ၏။

ကျောင်းတက်ပြီး နှစ်ပတ်လောက်အကြာမှာတော့ သူ လာလည်သည်။ လူမျိုးစုံ၊ အရောင်အသွေးစုံ ရောရှုပ်နေသော ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ကျောင်းဝန်းထဲမှာ သူ့ကို ဘယ်သူမှ သတိမထားမိကြ။ ကျွန်မ လိုက်လိုက်လှဲလှဲ ပျော်သွားခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။ အဲဒီမှာ သူစပြောသည့် ပထမဆုံး စကားက ‘ကလေး ဒီမှာပျော်ရဲ့လား’တဲ့။ ကျွန်မ ဘယ်လိုအဖြေပေးခဲ့သည် ဆိုတာ သေချာမမှတ်မိသော်လည်း အဲဒီနေ့က သူ ကျောင်းကို ဘာဖြစ်လို့လာသလဲ ဆိုသည့်ကိစ္စနှင့် ပတ်သက်၍ သူနှင့်ကျွန်မ ဘာမျှမပြောဖြစ်ကြတာတော့ သေချာမှတ်မိနေသည်။ အစပိုင်းအချိန်မှာတော့ တစ်ပတ် တစ်ကြိမ်၊ နှစ်ကြိမ်။ နောင်းပိုင်း ကာလများမှာတော့ သူ နေ့စဉ် ကျောင်းအပြန် လာကြိုတော့သည်။

‘ကိုယ်လာတာ ကလေး ကျေနပ်ရဲ့လား’ဟု သူ ခဏခဏမေးတိုင်း ခဏခဏ ခေါင်းညိတ်ဖြေခဲ့ရ၏။

… … …

‘Look for a star သီချင်းထဲကလို၊ ကိုယ်ကြယ်လေးကြည့်ပြီး ဆုတောင်းလိုက်တာ…’

၁၉၈၄ မေလလောက်မှာ ဖြစ်သည်။ အဲဒီစကား ကြားရတော့ ကျွန်မ ရင်ခုန်မိခဲ့တာ။ တစ်ပြိုင်တည်းမှာ တစ်ခုတစ်ခု ပြန်ပြောလိုက်ရမှာကို ဘာကြောင့် မှန်းမသိ၊ ကြောက်နေခဲ့မိတာ။

‘ဒါပေမယ့် ကိုယ် ပြန်ဆုတောင်းပါတယ်။ ‘ကိုယ်ဆန္ဒတွေ မပြည့်ရပါစေနဲ့’လို့’

သူ့မေမေ ဆုံးတော့ သူတို့အခန်းမှာ သူ တစ်ယောက်တည်း ကျန်တော့၏။ မသင့်တော်တော့သောကြောင့် သူနှင့်ကျွန်မ ကျောင်းအပြန်လမ်းမှာ သာ တွေ့ကြရတော့သည်။ နှစ်ခုနှစ်ဆယ် လှူသက်တမ်းနှင့်စာလိုက်လျှင် တကယ့် ကာလတိုလေး။..အဲဒီကာလတိုလေး အဆုံးမှာ…

‘ကိုယ်ဒီက ပြောင်းရတော့မယ် ကလေး’

စီးဆင်းနေသောသွေး၊ ရွေ့လျားနေသော အချိန်တို့ကို ရပ်တန့်စေသော မိုးခြိမ်းသံ မဟုတ်ခဲ့သည့် မိုးခြိမ်းသံ။

www.foreverspace.com.mm



'ကလေး…ကလေး'

ညအချိန်ဖြစ်ခဲ့လျှင် ကြွေကျလာသော ကြယ်ကလေး တစ်ပွင့်တောင်မှ လမ်းမှာ တန့်ရပ်ဆဲ ရှိဦးမည်။ အချိန်ကာလနှင့် ကျွန်မကို သူ လှုပ်နိုးတော့ 'ကလေး…ဘာဖြစ်သွားတာလဲ' သူ့စကားအဆုံးမှာ မျက်ရည်များအားတားမရ ချေတော့။ အခန်းရောင်းဖြစ်ပြီပေါ့။ ဦးမျိုး မန္တလေးပြောင်းဖြစ်ပြီပေါ့။ သမီးကို ဘာဖြစ်လို့ ကြိုမပြောခဲ့တာလဲ။ ဘာဖြစ်လို့…။ မေးခွန်းများ မလိုအပ်တော့ပါ။

'ဒီလိုနဲ့ပဲ ခွဲခွာကြရမှာပဲ ကလေးရယ်··ဘဝမှာ တစ်ကြိမ်မက ရှိခဲ့သလို ရှိလည်းရှိလာဦးမှာပါ…'

သူ့နှစ်သိမ့်စကားက ဝတ္ထုတွေထဲမှာသာ ရှိဖို့ကောင်းသည့် ပုံစံမျိုး။ ကျွန်မက ရှူးမိုက်စွာ…

'ဟင့်အင်း…သမီးက ဒီတစ်ခါပဲ ရှိတာပါ'

ကျွန်မစကားကို ကျွန်မချက်ချင်း ပြန်ပြင်မိသည်။

'ဟင့်အင်း…မရှိရပါဘူး…မရှိချင်ဘူး'

စကားဆက် စက္ကန့်အနည်းငယ် ပြတ်သွားပြီးမှ…

'မရှိလိုက်ပါနဲ့ ဦးမျိုးရယ်…'

'… … …

… … …'

'ဟင်··(သူ့ပုခုံးကို ကိုင်လှုပ်မိလျက်)မရှိဘူး မဟုတ်လား ဦးမျိုးရယ်·· သမီးကို မရှိဘူးလို့ ပြောစမ်းပါ··'

ကျွန်မ သူ့မျက်နှာကို စိုက်ကြည့်မိသည်။ ကျွန်မ အကြိမ်ကြိမ်မြင်ဖူး၊ စွဲလမ်းဖူးသော တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း။

'ကလေး…ကိုယ်တို့က လမ်းလျှောက်ရင်းနဲ့ လမ်းမကြည့်ဘဲ အိပ်မက်မက်နေခဲ့တာ··မက်ဖို့မကောင်းတဲ့ အိပ်မက်ရှည်ကြီး။ အသုံးမကျတဲ့ အိပ်မက်အစုတ်အပြတ်ကြီးပါ။ ကိုယ်တို့အတူ မက်ခဲ့ကြသလို အတူ လန့်နိုးလာကြဖို့ ကောင်းပါပြီ။'

မကောင်းပါဘူး။ လုံးဝမကောင်းပါဘူး။ လန့်နိုးတော့လည်း ဘာဖြစ်သလဲ။ ဒါ အိပ်မက်မှ မဟုတ်တာဘဲ ဦးမျိုးရဲ့။ အိပ်မက်မရှိရင်တောင်မှ ထည့်မက်ရမှာ။ တခြားအိပ်မက်တွေ မက်နေရင်တောင်မှ ဖျက်ပြီး ပြောင်းမက်ရ မှာ။ ဘယ်ကလာ အစုတ်အပြတ်ကြီးရမှာလဲ။ အဲဒီလောက်မက်ဖို့ ကောင်းတဲ့ အိပ်မက်

www.foreverspace.com.mm



မျိုးဟာ ဘယ်မှာမှ ရှိမှာမဟုတ်···အစချီသော ပြောစရာ စကားများကို အစီအစဉ် ပြုနေရင်းနှင့် ပြောဖို့အချိန်၊ ပြောဖို့စုယူခဲ့သော အင်အားများသာ လျင်စွာပါးလျ ပျောက်ဆုံးခဲ့သည်။

သူ··လေးကန်စွာပင့်သက်ရှိုက်၍···

'သတ္တိမရှိချင်ပါနဲ့···ကိုယ်လည်း သတ္တိမရှိချင်ဘူး ကလေး··'

အိမ်ရှေ့လှေကား အကွယ်လေးရောက်တော့မှ ခြေစုံရပ်ပြီး ကျွန်မ မျက်နှာကို သူ့လက်နှစ်ဖက်ဖြင့် ထိန်းကိုင် တည့်မတ်စေပြီး အေးချမ်း တည်ငြိမ်စွာ စိုက်ကြည့်သည်။

'ကလေး··မင်း လူကြီးဆန်တော့ကွာ။ ကလေးနဲ့ကိုယ်နဲ့က မိတ်ဆွေတွေပဲ။ သူငယ်ချင်းတွေပဲ။ ဘာမှလည်း၊ ဟုတ်တာလည်း မဟုတ်ဘဲနဲ့။ ··သွားရမယ့် ရက်ကလည်း လိုပါသေးတယ်···'

'··အင်းပါ ဦးမျိုးရယ်။ သမီး မငိုတော့ပါဘူး' သူ ကျေနပ်သွားပုံပါပဲ။ ကျွန်မက···

'ဦးမျိုးလည်း ခဏခဏလာလည်ပေါ့။ သမီးလည်း လာလည်မှာပဲ'

သူပြုံးသည်။ ဤအပြုံး၏ အနက်အဓိပ္ပာယ်ကို နောက်မှ ကျွန်မ နားလည်ရ၏။ ထိုစဉ်က···

'ကလေး ကိုယ့်ကို သတိရရင် ကိုယ်ပြောခဲ့တဲ့ ကြယ်လေးတွေကို ကြည့်ပြီး တ,လိုက်ပေါ့···'

'ဟင်···ဒါဆို ဦးမျိုး ရောက်လာမှာလား···'

ကျွန်မ အားတက်သရော ရှိသွားတာ အမှန်ပါ။

သူ ရယ်သည်။

'အင်း··တစ်ယောက်ယောက်ပေါ့ကွာ'

အထိုက်အလျောက် စိတ်လက်ပေါ့ပါးစွာ တစ်ညတာ ခွဲဖြစ်ခဲ့ကြပြီးသည့် နံနက် မိုးသောက်မှာ သူ ခရီး ထွက်သွားခဲ့ပါပြီ။ ကျွန်မ ဆက်သွယ်ရန် လိပ်စာ အဖြစ်တောင်မှ သူ ညွှန်ပြခဲ့ဖူးတာ ကြယ်လေးတစ်ပွင့်သာ ထားရစ်ခဲ့ပါ၏။ ဆို့နှစ်ကြေကွဲစွာဖြင့် မနေ့ညက သူ့ အပြုံးကို ကျွန်မ တကယ် နားလည်ခွင့် ရလိုက်ပါသည်။

❑

သူ ဆုံးပြီတဲ့။

www.foreverspace.com.mm



မေမေက ဘာမှ မဖြစ်သလိုပင်...

'ဟိုဘက်အခန်းမှာ နေသွားတဲ့ မောင်မျိုးတောင် ဆုံးသွားရှာပြီ ဆိုပဲ။ ကျောက်တူးရင်းငှက်ဖျားဖြစ်လို့ဆိုလား။..တစ်လနှစ်လလောက် ရှိသွားပြီတဲ့'

အိမ်ခေါင်မိုး လေ့ခါးထစ်တွေကို ကျွန်မ ရုတ်တရက် နင်းတက်သွားမိခဲ့ပြီး ညဦး မိုးကောင်းကင်ကို မောပန်းတကြီး မော့ကြည့်တော့ ကောင်းကင်မှာ မိုးတိမ်တွေ ထူထပ်စွာ ဖုံးပိတ်နေသည် မိုးဖွဲလေးများတောင် ကျလို့။ သူ့ကြယ်လေးက ဘယ်မှာလဲ။

"....  ...  ...
...When the life dosen't seem worth the leaving
And you don't really care who you are
When you feel there is no one beside you look for a star.

When you know you're alone and so lonely
And your friends have travelled a far
There is some one waiting to guide you
Look for a star.
For everyone has a fucky star that Shines in the sky up-above
If you wish on you lucky star you're sure to find someone to love

A rich man, a poor man, a begger
No metter who ever you are
There's a friend who's waiting to guide you look for a star.

Hm...look for a star....

■

သူညို

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၅၈၊ သြဂုတ်လ၊ ၁၉၉၄

www.foreverspace.com.mm

# ရန်ဖြစ်နေသော ခြေလှမ်းများ

**စီမိုး**

ဘိန်းဘုရင် အက်(စ်)ကိုဘာရဲ့ မိခင်က
အခင်း ဖြစ်ပွားရာကို ရောက်လာပြီး
အက်(စ်)ကိုဘာ၏ ရုပ်အလောင်းကို ကြည့်လျက်
"အင်းဘုရားရဲ့ ကျေးဇူးတော်ပါပဲ
အခုမှပဲ သားလေး အနားရရှာတော့တယ်' လို့ ပြောတယ်

www.foreverspace.com.mm

# ရန်ဖြစ်နေသော ခြေလှမ်းများ

**ဓနိမိုး**

ဒေါ်ရီရီ နောက်ဆုံးဆုတောင်းတစ်ခု အာရုံပြု ဆုတောင်းပြီးချိန်မှာတော့ လက်အုပ်ချီလျက်သား မြတ်စွာဘုရား သခင်အား မော့ကြည့်မိ၏။ ပြုံးတော်မူနေသော ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရချိန် မိမိ၏ အတ္တများအတွက် ရှက်မိသလိုလို၊ မဆုံးနိုင်သောဆုတောင်းများ၊ မိမိအတွက်တောင် တစ်ခုမှမပါနိုင်ဘဲ ဒင်းအတွက်ချည်းသာ ဆုတောင်းတို့သည် ထပ်လျက်၊ ဟိုနေ့ကလည်း ဘုန်းဘုန်းကတောင် ပြုံးပြုံးကြီးလုပ်၍ 'ဒကာမကြီး သေချာရဲ့လား'တဲ့၊ 'သေချာပါတယ်ဘုရား သေချာပါတယ်'ဟု တွင်တွင်ပြန်လျှောက်ခဲ့မိပေမယ့် ဘုန်းဘုန်းမျက်နှာကို ရဲရဲမကြည့်ရဲခဲ့ပါ၊ ရင်ထဲက မျှော်လင့်ချက်တွေ ကတော့ဖြင့် ရာနှုန်းပြည့် နီးပါးပင်၊

'ဒေါက်ဒေါက်'

'ဗုဒ္ဓေါ၊ မြတ်စွာ'

ပါးစပ်က ရောင်ရမ်းတရင်း တံခါးပေါက်ရှိရာသို့ လှမ်းလာသော ခြေလှမ်းတို့ ယိုင်ချင်နေပြီ၊ ရင်တွေတလုပ်လုပ် တုန်လျက်နဲ့ပင် ချောင်းကြည့်ပေါက်မှ တစ်ဆင့် ကြည့်လိုက်မိတော့ မျက်စိတွေ ပြာကာ မိုက်ခနဲ၊ သပိတ်ကို ကြည့်ကာ ငုံ့နေသော ဦးပြည်းစိမ်းက ထောင်မတ်လာချိန်မှာတော့ မြင်ကွင်းက အရှင်းသား ဖြစ်သွား၍ ရင်ထဲမှာ အလုံးကြီးသည်လည်း ဂလုဟု မြည်တော့မတတ် အပူလုံးကျသွားခဲ့ကာ ခပ်မြန်မြန် တံခါးဖွင့်ပေးလျက် နေရာပေးမိ၏။

ဩော်… ဆွမ်းခံကြွသော ကိုယ်တော်ကိုတောင်မှ မမှတ်မိနိုင်အောင်

www.foreverspace.com.mm



စိတ်မျက်စိမှာ ဒင်းရုပ်သွင်က စွဲထင်နေပါပေါ့လား။

၂။

အိမ်ထဲရှိ ပက်လက် ကုလားထိုင်တွင် ထိုင်၍ ပုတီးစိပ် နေရသည်မှာ အညောင်းမိလှသည်မို့ ဝရန်တာထွက် လမ်းလျှောက် စိပ်လိုက်ခြင်းမှာ မဟာ အကုသိုလ် ဝင်ခြင်းပင်။ အာရုံတွေ ထွေထွေပြားပြားနှင့် အိမ်ဘက်ကို စောင်းငန်း ငန်း ကြည့်နေသော မည်းမည်းပိန်ပိန်ကောင်ထံမှာသာ မျက်လုံးတွေက မခွာနိုင်၊ နမောတေ ဂါထာတော်ကို စိပ်နေသော ပုတီးလုံးများသည် အခုန်ခုန်ကျော်ကျော် လွဲမှားလို့ရယ်။

အစောကတည်းက မြင်နေသည်။ ပထမ လက်ဖျောက်တီးလို့ နောက် တော့ ပါးစပ်က တကျွတ်ကျွတ် အသံပေးခေါ်လို့၊ နောက်တစ်ကြိမ် အလျှောက် မှာတော့ ဝီးဟို၊ ဝီးဟိုနဲ့ လေချွန်သံပေးတော့ သေချာပေါက် သိလိုက်ပြီ။ ‘ဖိုးချို၊ ဖိုးချို’ ဟူသော အမည်ကို လေချွန်သံပေးခေါ်သည့် အကုသိုလ်တုံး သိကြ ပေရှော့ ကြံလျက် ဒေါ်ရီရီ ပုတီးလွတ်ကာ လက်အစုံက ခါးပေါ်ထောက်ပြီး သား ဖြစ်သွား၏။ အိမ်ရှေ့တည့်တည့် ရောက်နေပြီဖြစ်သော ငမည်းကြုတ်ကို ‘ဘာလဲ’ ဟူသော အမေးသဘောဖြင့် အသံတိတ် မေးဆတ်ပြလိုက်တော့၊ သူခိုး လူမိသွားသလို မျက်နှာနှင့် ‘ဖိုးချို ရှိလား’ ဟု မရဲတရဲ လှမ်းမေးတော့သည်။ ထောင်းခနဲထသွားသော ဒေါသစိတ်နှင့်အတူ ပက်ပက်စက်စက် ပြောလိုက်မည် ကြံရွယ်လိုက်ချိန်မတော့ ဘေးခန်းမှ အရိပ်တစ်ရိပ်ကို မျက်လုံးထောင့်က မြင်ဖြစ်အောင် မြင်လိုက်မိ၏၊ ကျွန့်ပြန်ဆည်ကာ မျက်နှာ ခပ်တင်းတင်းဖြင့် ခေါင်းခါပြလိုက်အပြီး အိမ်ထဲ ပြန်လှည့်ဝင်ခဲ့မိသည်။ ငမည်းကြုတ်ကတော့ ဘယ်လိုပုံစံနှင့် ကျန်ခဲ့မည်မသိ။

သွားပြီ။ တစ်နေ့လုံးယူခဲ့သော ဥပုသ်၊ ထိန်းခဲ့သော သီလတို့မှာ တထိတ်ထိတ် ခုန်နေသော သွေးလည်ပတ်နှုန်းနဲ့အညီ တရိပ်ရိပ် ပျက်စီးတော့ တာပင်။ ‘ဘာဖြစ်လို့လဲ အမေ’ ဟု မေးနေသော သားကြီးကို ‘ယမမင်းတွေ ဟိုကောင်ကို လာခေါ်နေလို့ သားရေ’ ဟု ပြော၍ မျက်စိမှိတ်ရန် ပြင်နေချိန် ‘ငါ့သားရေ… ဒါလေး ဖေ့ကို လုပ်ပေးစမ်းပါကွာ’ ဟု စာရွက်လေးကိုကိုင်ကာ အခန်းထဲမှ ထွက်လာသောသူ့ကိုမြင်တော့ မျက်လုံးက အလိုလိုပြန်ပွင့်သွား၏။ ပန်းနုရောင်ရုပ်အစင်းနှင့် မြူးကြွသွက်လက်နေသော သူ့ရုပ်သွင်က ဘာပရိဒေဝ သောကမှ မရှိ။ ဩော်… တစ်ဝမ်းထဲမှ ဆင်းသက်လာသော သွေးချင်း အတူတူ

www.foreverspace.com.mm



ငါ့သား၊ မင်းသားဟု ခွဲခြမ်းကာ မျက်နှာလွှဲနေနိုင်ပြီမို့ စိတ်ပျိုကာ ကိုယ်နုနေသည်ပေါ့။ အပြစ်မရှိပါ။ သူလည်းပဲ မျက်ဝန်းထဲမှ မျက်ရည်တွေ ကုန်ခန်းတော့ မတတ်၊ ရင်ကွဲလုမတတ် ဆုံးမခဲ့ အသနားခံခဲ့ နည်းမျိုးစုံ သုံးပြီးမှ လက်ကုန်လက်လျှော့သွားသော ဖခင်တစ်ယောက်ပဲ။ ဖခင်တစ်ယောက်ရဲ့ တာဝန်ဟာ အတိုင်းအတာ တစ်ခုအထိပဲ ရှိနိုင်ပြီး မိခင်တစ်ယောက်ရဲ့ တာဝန်ဟာတော့ သူ့ရဲ့သွေးတစ်စက် ကမ္ဘာမြေပြင်ကနေ ပျောက်ကွယ်မသွားမချင်း အဆုံးမဲ့ မေတ္တာတွေနဲ့ မဆုံးသော သောကမြစ်ကို လက်ပစ်ကူးလို့ လူးကာလိမ့်ကာ ရှိကြရမှာပေါ့။ ဒီသွေးက ချိုသည်၊ ဟိုသွေးက ခါးသည်ဟု ရွေးချယ်ပိုင်ခွင့်၊ ရွေးချယ်ကြရိုး ဘယ်မိခင်မှ ပြုလုပ်ကြမှာ မဟုတ်ပေ။

ဒေါ်ရီရီ သက်ပြင်းချလျက် ပုတီးကို ပြန်ကိုင်မိသည်။ 'နမောတေ' ဂါထာတော်၊ အကျဉ်းအကျပ်မှ လွတ်သတဲ့လေ၊ နှုတ်ဖျားမှ စတင်ရွတ်ကာ ပုတီးတစ်လုံး ချ၏၊ တစ်ပတ်…

နှစ်ပတ်…

သုံးပတ်…

…….

…….

နှစ်ဆယ့်ငါးပတ်… နှစ်ဆယ့်ငါးနှစ်တိုင်အောင် မိုက်လုံးကြီးနေသေးသော ခါးသည့်သွေးအတွက်…

၃။

'ဦးပဉ္စင်းရယ် ဘယ်လို လုပ်လာတာလဲ'

'ဒကာမကြီးကလည်း… ကျောင်းမှာ ဒီအသီးကြီးတွေ မြင်နေရတော့ ဒကာမကြီးကြိုက်တာ သတိရပြီး လာပို့တာလေ၊ ဘုန်းဘုန်းလည်း ခွင့်ပန်ပြီးပါပြီ'

'ကြိုက်တယ်မလား ဒကာမကြီး၊ စားနော်၊ အိမ်နီးချင်းတွေလည်း ဝေပေါ့'

'တင်ပါ'

'ဪ..ဒါနဲ့ ဆိုက်ကားခ သွားပေးချည်ဦး၊ ဦးပဉ္စင်း ဆိုက်ကားနဲ့ ကြွလာတာ'

ပိုက်ဆံအိတ်ကို ခပ်သွက်သွက် ဆွဲယူအပြီး ဆိုက်ကားခ သွားချေရသေး၏၊ ပြန်လာတော့ မွေးပွလက်ကိုင်ပဝါနဲ့ မျက်နှာမှ ချွေးများကို သုတ်နေသော

www.foreverspace.com.mm



ဦးပဥ္စင်းကို မြင်ရကာ ရင်မှာနင့်ခနဲ၊ ချစ်ပါသည်ဟု ဆိုသော ခင်ပွန်း၊ လိမ္မာပါသည် ဆိုသော သားကြီး ဒီလို လုပ်ရပ်မျိုး ဘယ်နှစ်ခါ လုပ်ပြဖူးလဲဟုသာ သူတို့ကို ပြေးမေးကာ ကြွားလိုက်ချင်သေးတော့။

အောက်မှာ ခပ်ကျုံ့ကျုံ့လေး ထိုင်လျက် ကြည့်လို့မဝနိုင်။ အဲ… ကြည်ညိုလို့ မဝနိုင်။ မျက်ခုံးမည်းမည်းကြီးတွေက ဉာဏ်အတွေးအခေါ် ထက်မြက်မှုကို ပြမည့်ပုံရိပ်။ မဖြစ်လို့သာ မဖြစ်ခဲ့တာ သူငယ်စဉ်ကဆိုရင် 'တို့ဗိုလ်ကစားဆွဲလို့ ရှေ့က တိုက်ပါမယ်' ဆိုတဲ့ သီချင်းကို ဆိုမှ အိပ်တော့တာ၊ တွေးခဲ့တာပေါ့၊ မျှော်လင့်ခဲ့တာပေါ့လေ၊ သူ့အတိတ် နမိတ်ကို သူဆောင်တဲ့ ကလေးပဲလို့ ဒေါ်ရီရီ ကြုံးဝါးခဲ့ဖူးတာပေါ့။ ဒါပေမယ့် ကြီးလာတော့လည်း အင်း… ကြည့်ပါဦး။ မျက်လုံးတောက်တောက် ဝိုင်းဝိုင်းကြီးနဲ့ အသားအရေတွေကလည်း စိုပြည်လို့ပါလား။ ဘုရားသားတော် အဖြစ်နဲ့သာ တစ်သက်လုံး ခံယူလိုက်ပါတော့ မေ့သားရယ်။ ဒေါ်ရီရီ ဝဲတက်လာသော မျက်ရည်စများကို အသာသိမ်းကာ

'ဦးပဥ္စင်း၊ ဆွမ်းစားခဲ့ပြီးပြီလား'

'ပြီးပါပြီ မေ၊ အဲ… ဒကာမကြီး စားစေချင်လို့ လာပို့တာ။ ဒါနဲ့ ဦးဥ္စင်းလှူဖို့ ပေးလိုက်ပါဦး'

ရုတ်တရက် ဖြစ်ပေါ်လာသော စိုးရိမ်စိတ်ကို ကြည်နူးစိတ် ကြည်ညိုစိတ်တို့က ဖုံးလွှမ်းကာ နှစ်ရာတန် တစ်ရွက်ကို ခပ်သွက်သွက်ပင် ထုတ်မိ၏။

'ဦးဥ္စင်း၊ လမ်းမကြီးက ပြန်ကြွနော်၊ တပည့်တော် အိမ်ပေါ်ကနေ ကြည့်နေမယ်၊ ဒီဘက်ဖြတ်လမ်းက ပြန်ရင်မကောင်းတဲ့ သူတွေနဲ့ တွေ့နေမှာစိုးလို့'

'သြော်… ဒကာမကြီးကလည်း ဦးဥ္စင်းအတွက် ဘာမှမပူပါနဲ့။ ဦးဥ္စင်း လိမ္မာနေပါပြီ။ တစ်သက်လုံး ဝတ်နိုင်အောင်တောင် ဦးဥ္စင်းက ကြိုးစားနေတာ။ သိပ်အေးချမ်းတယ် ဒကာမကြီးရဲ့'

ဒေါ်ရီရီ ဝမ်းသာလွန်းလို့ စကားတောင်မပြန်နိုင်။ ခေါင်းတညိတ်ညိတ်သာ လုပ်ပြရင်း ဦးဥ္စင်းပြန်ကြွရာ လမ်းတစ်လျှောက် ငေးမျှော်ကြည့်မိ၏။ ကြည့်နိုင်သရွေ့ အမြင်အာရုံအတွင်းမှာ အဝါရောင်အစက်ကလေး ကွယ်ပျောက်သွားချိန်မှာ အိမ်ထဲလှည့်ဝင်လိုက်တော့ ဧည့်ခန်းမှာ ပိန္နဲသီးကြီးနှစ်လုံးက ဆီးကြိုလျက်သား။ မှည့်တောင်နေပြီ။ အိမ်နီးချင်း အရင်ဝေရလျှင် ကောင်းမည်လား။ သြော်… ငါ့နှယ် ဘုရားအရင်ကပ်မှပေါ့။ ဘုရားကပ်ပြီးရင်တော့ စိတ်အေးချမ်းသာစွာနဲ့ ဘုရားရှိခိုးပစ်လိုက်ဦးမယ်။ ဘုရားရှိခိုးပြီးရင်တော့… ပြီးရင်တော့

www.foreverspace.com.mm

ထုံးစံအတိုင်း သားပဋ္ဌင်းအတွက် ဆုတောင်းရဦးမှာပေါ့လေ။

၄။

'ဟဲ့··· ညည်းဆီလာတာ ဘယ်နေ့ကလဲ' ဟု ဒေါ်ရီရီ ရင်ဘတ်ဖိကာ မေးမိ၏၊ သနားစဖွယ် မျက်နှာလေးဖြင့် 'မနေ့ကပါအမေ' ဟု ပြန်ဖြေသံ အကြား ဒေါ်ရီရီ တကယ်ပင် မိုက်ခနဲ ဖြစ်သွားတော့သည်။ 'သူကပြောတယ်။ အမေက ပြန်လာနေဖို့ ခေါ်တယ်လို့ ပြောလို့ သမီး အမေ့ဆီ လာတာပါ' တဲ့။ 'ဟော့အေး ငါ မပြောမိပေါင်အေ။ ညည်းသာ ညည်းလင်စကားကို သေအောင်ယုံ' ဟု ဘယ်လို မျက်နှာထားမျိုးနှင့် ပြောထွက်ရက်ပါ့မလဲ။ နေပူထဲမှ လာသူကိုလည်း ဆီးမကန် ရက်ပါ၊ သူက ယောကျ်ားဝဋ်ခံနေရသူ၊ ကိုယ်တိုင်က သားဝဋ်ခံနေရသူဟုသာ ဒေါ်ရီရီ ကြေကြေကွဲကွဲ တွေးမိတော့၏။

ဒေါ်ရီရီမှာ သမီးမရှိပေမယ့် ရှိခဲ့ရင် ဟူသော အတွေးဖြင့် ကိုယ်ချင်း စာပါသည်။ ဘာမှ မစဉ်းစား မဆင်ခြင်ဘဲ မိန်းကလေးကလည်း ဒီလိုလူမျိုးကို ယူခဲ့၏။ ပြီးတော့ ယောကျ်ားပီပီ လုပ်မကျွေးဘဲ အိမ်ပေါ်ခေါ်တင်လာကာ နောက်ဆုံး ဒင်းဆိုးလွန်း၍ မိန်းကလေးကို မိဘအိမ်ပြန်နေပါတော့ဟု ဒေါ်ရီရီ မျက်စိမှိတ်ကာ ပြန်လွှတ်ခဲ့ရတာပင်။ အခု တစ်ဖက်လှည့်ဖြင့် ဒေါ်ရီရီကပဲ အခေါ်လွှတ်သယောင်နှင့် လှည့်ဖြားခဲ့ပြန်ပြီ။

ထားပါတော့၊ ဒီထက် အရေးကြီးတာက မိန်းကလေးဆီ မနေ့က ရောက်လာတာဆိုတော့ အိမ်ကို ပိန္နဲသီးလာပေးတာက လွန်ခဲ့တဲ့ သုံးရက်က။ ဘုရား··· ဘုရား··· ဘယ်အချိန်ကများ လူထွက်သွားလဲ။ ဒါနဲ့များ တစ်သက်တာ ဝတ်ဦးမယ်တဲ့။ ဘုန်းဘုန်းကို ဒေါ်ရီရီ ဘယ်လိုမျက်နှာပြရပါ့မလဲ။ ဒေါ်ရီရီ စိတ်တွေ ထုံပေပေ ဖြစ်နေလျက် ငူငူကြီး ထိုင်နေမိတော့၏။ စိတ်ထဲမှာ နွေးခနဲ ဖြစ်သွားသလို ခံစားမှုကြောင့် ပါးပြင်ကို စမ်းကြည့်မိတော့မှ မိမိ ငိုနေမှန်း သိလိုက်ရတော့သည်။

'မကောင်းဘူး ဒကာမကြီးရေ၊ စိတ်နိုင်မှ သင်္ကန်းဝတ်ခိုင်း။ နို့မို့ဆို သူ ငရဲဖြစ်မယ်။ ဘုန်းဘုန်း အကြံပေးချင်တာကတော့ တစ်ခုကို စိတ်ပြတ်မှ တစ်ခုကို လုပ်ခိုင်း။ ဒါ အကောင်းဆုံးပဲ။ ဒါကြောင့်လည်း ဘုန်းဘုန်း လူဝတ်လဲ ပေးလိုက်တာ'

'တင်ပါဘုရား' ဟုသာ တွင်တွင်ဆိုလျက် ဒေါ်ရီရီ ခေါင်းပင် မဖော်ရဲ တော့ပါ။ ဘုန်းဘုန်း စကားအဆုံးမှာ 'ပြန်ခွင့်ပြုပါဦး ဘုရား' ဟု ခပ်သွက်သွက်

www.foreverspace.com.mm



လျှောက်လျက် အမြန်ဆုံး ထွက်ခဲ့မိတော့၏။

ကျောင်းဝင်းအပြင်တွင် နေသည် ချစ်ချစ်တောက် ပူလျက်။ ကိစ္စမရှိပါ။ လေကြောင့် မျက်နှာပူရသည်ထက်စာရင် နေကြောင့် တစ်ကိုယ်လုံး ပူလောင်ရသည်က အနေရ သက်သာလိမ့်မည်ဟု ဒေါ်ရီရီ ထင်မိတော့သည်။

၆။

မိနစ်နှစ်ဆယ်အကြာမှာ ဘိန်းဘုရင် အက်(စ်)ကိုဘာရဲ့ မိခင်က အခင်းဖြစ်ပွားရာကို ရောက်လာပြီး အက်(စ်)ကိုဘာ၏ ရုပ်အလောင်းကို ကြည့်လျက် 'အင်း‥ဘုရားရဲ့ ကျေးဇူးတော်ပါပဲ။ အခုမှပဲ သားလေး အနားရရှာတော့တယ်' လို့ ပြောတယ်။

ဒေါ်ရီရီ ဖတ်လက်စ မဂ္ဂဇင်းကို ပစ်ချလိုက်အပြီး နာရီကို မော့ကြည့်မိ၏။ လေးရက်ရှိပြီ၊ ပြန်လာသင့်ပြီပေါ့။ ဒေါ်ရီရီပေးလိုက်သည့် ငွေနှစ်ရာရယ် သူ့မိန်းမထံမှ ယူသွားသော ငွေလေးတွေရယ် ဘယ်လောက်ခံမှာမို့လဲ။ အင်း‥‥ ညဆယ်နာရီထိုးနေပြီပဲ။ ညအမှောင်က ရင်ကို ပိုပူစေတော့၏။

ဒေါ်ရီရီ ဘုရားစင်ရှေ့ ထိုင်မိသည်။ မေတ္တာသုတ်ရွတ်ဆိုလျှက် မေတ္တာပို့ကာ စိတ်ဖြင့် ခေါ်ယူနေမိသည်။ ဓာရဏ ပရိတ်ရွတ်ကာ အန္တရာယ်ကင်းအောင်ဆုတောင်း၏။ နာရီသံက ဆယ့်တစ်နာရီရှိပြီဖြစ်ကြောင်း ပြောနေပြီ။ စိတ်လျှော့ကာ ခြေလှမ်းများကို အိပ်ခန်းဆီသို့ လှမ်းလုဆဲမှာပဲ 'ဒေါက်ဒေါက်'

ဟော‥ တံခါးခေါက်သံ၊ ဒေါ်ရီရီခြေလှမ်းတစ်လှမ်းက နောက်ကိုဆုတ်၏၊ တစ်လှမ်းက ရှေ့သို့တိုး၏။ ရွှေ့လျားမှုတို့ချက်ချင်း ဖြစ်ပေါ်မလာခဲ့ပါ။ ■

**မီမိုး**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၀၊ အောက်တိုဘာလ၊ ၁၉၉၄**

www.foreverspace.com.mm

# ပုဆိုးပုခက် လာတက်ချိတ်မယ်

**ကိုငြိမ်း၊ မန္တလေး၊**

နာရီစင်က ပြောတယ်

ငါငုံ့ပေးနေတာတောင်စ်တဲ့

အာသာ မပြေလို့ပါတဲ့

ငါ့ကို အရသာရှိရှိ ထိပ်ပုတ်ခေါင်းပုတ်လုပ်ဖို့

ငါကိုယ်တိုင် ခုံတစ်ခုလုပ်ပြီး

သူတို့ ခြေအောက် "ခု"ပေးပါတဲ့။

www.foreverspace.com.mm

# ပုဆိုးပုခက် လတက်ချိတ်မယ်

## ကိုငြိမ်း၊ မန္တလေး၊

**ငါ့မန္တလေး အနာဂတ်**
**ပုဆိုးပုခက်မှာ ခေါက်ခွေထည့်**
**အမေတို့ အလုပ်ဝင်ပြီ...။**

ကဗျာဆရာသည် သူ့ကဗျာကို ရပ်ပစ်လိုက်၏။ ရပ်ဆို...ဆက်လက်ရေးဖွဲ့ခြင်းငှါမစွမ်းတော့။ ပင်ပန်းလှပြီပဲ။ သူကပြောသည်..'မန္တလေးအနာဂတ်'တဲ့။ ထိုစကားလုံးကို သူပြုံးမိ၏။ ရည်ညွှန်းတာက မန္တလေးမက။ ထိုစကားလုံးတွင်လေးနက်သော အခြားအဓိပ္ပာယ်ပွားများ ရှိသည်ဟုသူယုံကြည်သည်။ မျက်ပေါက်ကျဉ်းသူများနှင့် တမင် မေးကြည့်တတ်ကြသောမျက်ပေါက်ကျယ်များကိုတော့ သူဘာမှ ပြောစရာ ရှိမှာမဟုတ်။ 'အမှိုက်'နှင့်'ပြဿဒ်'တို့ ဆက်စပ်တတ်ကြောင်းကို သမိုင်းတွေက သူ့ကို ပြောပြဖူး၏။ သူသည် ဖွာပြန့်နေသော အတွေးစများကို လိုက်လံစုထုပ်လိုက်ပြီး အဝေးရောက်မျက်လုံးများကိုပါ ရေးလက်စ ကဗျာပေါ်သို့ ပြန်တင်လိုက်သည်။

**မြေပါးပျဉ်းပေါ်က ယိုးဒယားပန်းစက်မျိုးဖော်ထားတဲ့**
**ငှက်ကြီးတောင် ဓားတစ်လက်ကိုတော့ တစ်ဝက်တပျက် ချစ်လို့...။**

ကဗျာဆရာသည် လက်ထဲမှ ဘောလ်ပင်ကို လက်ညှိုး လက်မတို့ဖြင့်ပွတ်လှည့် ဆော့ကစားရင်း ရေးပြီးသားကဗျာကို အသံထွက်၍ ဖတ်ကြည့်နေပြန်သည်။ 'နား'နှင့် 'ချော'နေတာ ဖြစ်မည်။ နောက် ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်းမီးခိုးများ အကြားမှ သူ့ကဗျာကို ပန်းချီကား တစ်ကားကြည့်သလို ကြည့်၏။

www.foreverspace.com.mm



ပထမအပိုဒ် ပြန်ဖတ်ကြည့်ရင်း မကြိုက်သလို ဖြစ်လာသည်။ ထိုကြောင့် ပြန်ရေးဖို့ အားထုတ် ပြန်သည်။

**အမေတို့ အလုပ်ဝင်ကြပြီ…**
**ပုဆိုးစုတ် ပုခက်ထဲမှာတော့**
**ငါ့မန္တလေးရဲ့ အနာဂတ်ကို ထည့်လို့။**

ပြန်ရေးပြီး ပြန်ဖတ်ကြည့်သည်။ သည်လိုဆိုကောင်းမလား၊ လုလုပပမှ ဖမ်းမိရဲ့လားဟု အထပ်ထပ် စစ်ရင်းမှာပဲ၊ အာရုံခံစားမှုသည် 'ထစ်' သွားတော့၏။ ကဗျာရေးရာ၌ တစ်ခါတစ်ရံ သည်လိုဖြစ်သွားတတ်သည်ကို သူသိ၏။ 'ဆွံ့' သွားခြင်း မဟုတ်၍ တော်သေးသည်ဟု အောင့်မေ့ရသည်။ သြော်··ကဗျာ ဆိုသည်မှာ တစ်လုံးပြီးလျှင် နောက်တစ်လုံးကို ထပ် 'တို့' ဖို့ပင် မလွယ်လှပါလား။

ကဗျာဆရာသည် ရေးဆဲကဗျာပေါ်၌ ပုံချထားသော မိမိ၏ အာရုံပြန်မ၍ တစ်နေ့က ကမ္ဘာပေါ်၌ အမှန်တကယ် ဖြစ်ထွန်းခဲ့သော 'ပုလဲညနေ' ပေါ်သို့ အာရုံကို ပြန်ချလိုက်ရာ… ပုလဲ အရက်ဆိုင်တွင် လူသားသုံးဦး ပေါ်လာတော့၏။ ရက်နုသော အဖြစ်အပျက် တစ်ခုဖြစ်၍ ထိုသူသုံးဦး၏ အရုပ်သည် ပီပီပြက်ပြက် ရှိလှသည်။ ရက်ရင့်သော အဖြစ်အပျက်များ ဖြစ်ပါက 'အာရုံပြား' သည် အစွန်းအကျွတ် ရှိနိုင်၍ အရုပ်များ ဝေဝါးနိုင်သည်။ တုန်ခါနိုင်သည်။ အခုတော့ သူ့အာရုံပြားက တွန့်ခေါက်ခြင်း အစင်းထင်ခြင်း မရှိသေး။ ထို့ကြောင့် အရုပ်များ ပီပီပြင်ပြင် ရှိနေခြင်းဖြစ်သည်။

လူသုံးယောက်၊ တစ်ယောက်က ကိုယ်လုံးသေးသေး နှာခေါင်းလွင်လွင် နှင့် ဓာတ်ပုံဆရာလေး၊ နောက်တစ်ဦးက အေးစက်ပျဉ်းတွဲသော အမူအရာရှိသည့် ဗွီဒီယို ဒါရိုက်တာ တစ်ဦးနှင့်မိမိ၊ ဒါရိုက်တာမှာ အေးစက်စက် အမူအရာရှိသော်လည်း အနုပညာနှင့် ပတ်သက်လျှင် ခေါင်းမာသူ တစ်ဦးဖြစ်သည်။ ဓါတ်ပုံဆရာလေးကလည်း အမည်တစ်လုံးနှင့် နေသူပင်၊ ဓာတ်ပုံကို ဓာတ်ပုံ မဖြစ်အောင် ရိုက်ကူးခြင်း၌ ထူးချွန်သူပင်။ သင်ယူထားသော ဓာတ်ပုံဆိုင်ရာ ပုံသေနည်းများဖြင့် ခလုတ်ကို နှိပ်ပစ်ခြင်းသည် အနုပညာမဟုတ်ဟု ခံယူဟန်တူသည်။ ဓာတ်ပုံဆရာနှင့် ဒါရိုက်တာတို့က ကင်မရာအကြောင်းများ ပြောဆိုနေကြသောအခါ··သူက နိုင်ငံခြား မဂ္ဂဇင်းတစ်စောင်တွင် တွေ့ဖူးသော ကင်မရာ ကြော်ငြာကို သွားသတိရနေသည်။ ကြော်ငြာသူက သူတို့ ကင်မရာကို ရိုက်ကူးအသုံးပြုရာ၌ အလွန်လွယ်ကူကြောင်းကို ထိထိမိမိ ကျစ်ကျစ်လျစ်လျစ် ကြော်ငြာထားသည်။

www.foreverspace.com.mm

ဆေးဝယ်ရင် ဒီဇူဇာမှာ စိတ်ချရတယ်…ဆိုတာထက် ကောင်းသေး။ ကင်မရာ ကြော်ငြာပုံက ‘ဒီကင်မရာကို အရူးတောင် ရိုက်လို့ရတယ်…’ဟူ၍ ဖြစ်သည်။

သူ့ခန္ဓာကိုယ်က ရေးဆဲ ကဗျာနှင့် အတူရှိနေပေမင့် စိတ်ကတော့ ‘ပုလဲညနေ’နှင့် ရေးဆဲကဗျာဆီကို ကူးချည်သန်းချည် လုပ်နေ၏။ သူက ရေးလက်စ ကဗျာပေါ်သို့ ဘောလ်ပင်ကို ပြန်တင်လိုက်သည်။ စာရွက်ပေါ်မှာ အလွန်သေးငယ်သော မင်စိုဘောလ်ပင်ဆံကလေး လိမ့်ပြေးတော့၏။

**အမေတို့ အားကိုးနဲ့**
**မိုးကို…**
**တိုက်တွေ တက်ထိုးကြ။**

ချရေးပြီးမှ သူ ပြန်ဖတ်ကြည့်သည်။ စကားလုံးများ အငွေ့ထသွားပြီလား မသိ၊ ဒေါသရောသည် ထင်၏။ ‘အမေတို့ အားကိုးနဲ့’ဆိုသော စကားလုံးကို သူကြိုက်သော်လည်း‘တိုက်တွေနဲ့ တက်ထိုးကြ’ဆိုသော စကားလုံးကိုတော့ အကြိုက်ကြီး မဟုတ်။ သူလိုချင်တာ မရသေးမှန်းသိ၏။ သို့သော် လောလော ဆယ်ဆယ်တော့ ဒီအတိုင်းထားလိုက်ဦးမည်။ ကဗျာကိုတော့ ဆက်ရေးမည် ဟုဆုံးဖြတ်၍ အတွေးပိုက်ကွန်အား ဟင်းလင်း ကောင်းကင်ဆီသို့ ပစ်တင် နေပြန်သည်။

ဆယ့်နှစ်ထပ်မျှ မြင့်သော တိုက်ကြီးတစ်လုံး၏ ပြိုလဲသံမျိုးကို ရုတ်တရက် သူကြားလိုက်ရရာ ကဗျာအတွေးပင် ပျောက်သွားတော့သည်။ ပျာပျာသလဲ ဖြစ်ကာ ပတ်ဝန်းကျင်ကို အထိတ်တလန့် ကြည့်လိုက်မိသည်။ သည်တော့မှ သူ့အဖြစ်ကိုသူ ပြုံးမိသည်။ အမှန်တော့ ဘယ်တိုက်ကြီးမှ ပြိုလဲ မသွား။ သူ့ပတ်ဝန်းကျင်တွင်လည်း တိုက်နှင့်တူတာဆိုလို့ သံချိုင်းဟောင်း တစ်ခု၏ အုတ်ဂူငယ်အချို့သာ ရှိသည်။ နောက် ချောင်းကလေး တစ်ခုရှိသည်။ ပြီးတော့ လယ်ကွင်းများ တိတ်ဆိတ်လွန်းသော ပတ်ဝန်းကျင်ကြောင့် သူ့လက်ထဲမှ ဘောလ်ပင်လွတ်ကျသွားခြင်း အသံကို သူ ပြန်လန့်နေခြင်း ဖြစ်သည်။

‘အခုနေများ…တစ်ဆယ်ဖိုးလောက် ထပ်ကျားကန်လိုက်ရင် ငါ့ တည်ဆောက်မှုဟာ တော်တော်နဲ့ ပြိုလဲမယ် မထင်ဘူး’

ပြုံစ အမူးကြားမှ သူ့မိတ်ဆွေ နှစ်ယောက်ကို သတိရသွားသည်။

‘အင်း…ဒီအချိန်ဆို ဟိုခပ်ညံ့ညံ့ ကင်မရာနှစ်လုံး ပုလဲ ရောက်နေရော ပေါ့’

www.foreverspace.com.mm



ပြောသာ ပြောရတာပါ။ ဒီနေ့ သူတို့နဲ့ မသောက်ချင်လို့ ကိုယ့်ဘာသာ တစ်ယောက်တည်း ဒီတောဆိုင်ကလေး လာတာဥစ္စာ။ ဒီနေ့သာ ကင်မရာ နှစ်လုံးနှင့် အတူအရက်သောက်ဖြစ်ရင် ပြဿနာဖြစ်မှာ သေချာသည်။ ပြဿနာကို ပိုက်ဆံနှင့် လိုက်ဝယ်သလိုဖြစ်မည်။ ပြီးတော့ ပြဿနာကလည်း ဈေးပေါပေါနှင့် ဝယ်လို့ရမည် မဟုတ်။ ထိုဆိုင်က အမြည်းကလည်း စုံပါဘိသနဲ့။

တော်ပြီ။ ကင်မရာနှစ်လုံးစလုံးကလည်း သံချေးတက် ခလုတ်တွေနဲ့ ချည့်။ အဖျင်းပြိုင်ရင် ဘယ်သူ့ကို အနိုင်ပေးရမယ်ဆိုတာ ဘုရားသခင်တောင် ခေါင်းကိုက်လောက်မယ့် အကောင်တွေ၊ ကိုင်း··· ဒီအခွင့်အရေးမျိုးက လွယ် လွယ်ရနိုင်လို့လား။ ဆင်ရိုက်ရင်ကော 'အရှင်ဖမ်း'တာမျိုးမဖြစ်နိုင်တော့ အတုပဲရ မယ် အသေအသေ။ အဲဒီနေ့ ပြောတော့ မနက်ဖြန် သွားရိုက်လိုက်ပါ့မယ်' ပြောရဲ့။ တကယ်တော့ မရိုက်ဖြစ်ဘူး။

သူ နှမြောနေမိသည်။ ကင်မရာဖြင့် အလွယ်တကူ ဖမ်းနိုင်သော 'ရင်ခုန်မြင်ကွင်း'ကလေးကို။ မြင်ကွင်းကလေးက ကင်မရာမှန်ဘီးလူးများ၏ လက်မှ ထွက်ပြေး လွတ်မြောက်သွားပြီ။ သူလိုချင်သော ရင်ခုန်မြင်ကွင်းကလေး အား အရှင်ဖမ်းမိရန် ကဗျာဖြင့် ဆင်းဖမ်းနေခြင်း ဖြစ်သည်။

ကြိုးကွင်းကိုင်သော လက်တွေက သိပ်မငြိမ်လှ။ သည်ထဲ သားကောင် က ခုန်နေသေးသည်။ ဖမ်းရခက်ဘိခြင်း။ သို့သော်လည်း ကျောက်စက်ရေ စိမ့်သကဲ့သို့ ရင်မှ နှလုံးသွေးတစ်ပေါက်သည် အားယူစိမ့်ရာမှ အစုအဝေးတစ်ခု ဖြစ်ကာ ရေးဆဲ ကဗျာများပေါ်သို့ ယိုကျလာတော့၏။

**အနီရောင်ဝတ်ရုံ ခြုံထားတဲ့**

**အလျားမျောမျော ဆိုင်းဘုတ်တို့**

**ငါ့ကို လျှာထုတ်ပြလို့···။**

မြင်းစီးသမားသည် မြင်းကို ဒုန်းစိုင်းရင်းဖြင့် လက်ထဲမှ ကြိုးခွေကို တဝှီးဝှီးမြည်အောင် လှည့်ပတ်လှုပ်ယမ်းပြီး ပစ်လွှတ်လိုက်သောအခါ၊ ကြိုးခွေ ပြေပြန့်၍ မြင်းရိုင်းတစ်ကောင်၏ လည်တိုင်ကို ခွင်ကျစွပ်ဝင်သွားသကဲ့သို့ ဝင်သွားသည်ဟု သူထင်၏။ အမြန်တစ်ခုကို ရပ်တရက် 'တန့်'စေနိုင်သဖြင့်၊ အရိုင်းတစ်ခုကို တစ်မုဟုတ် 'ဟန့်'စေနိုင်သဖြင့်၊ သဖြင့်···သဖြင့်···သဖြင့် မေးဖျားကျော့သော လည်တိုင် တစ်ခုကို သူရလိုက်၏။

အမှန်တော့ ဒါတွေဟာ သူ့အထင်သာဖြစ်ပြီး၊ ဟုတ်ခြင်း မဟုတ်ခြင်း

www.foreverspace.com.mm



ကိုတော့ သူကိုယ်တိုင်ပင် သိမည့်ပုံ မပေါ်ချေ။ သို့သော် ကျေနပ်မှု အနည်းငယ်တော့ ရပေသည်။ သူ ကင်မရာနှင့် ဖမ်းယူထားစေချင်သော ရင်ခုန်မြင်ကွင်းကလေးကို အရှေ့ဘက်မှ ကြည့်လျှင် ပြာသာဒ် ဦးထုပ်ဆောင်းထားသည့် မြို့သင်္ကေတ နာရီစင်ပါရောၮ မြင်ရသည်။ အဲဒီနေ့က သူကိုယ်တိုင်လည်း လမ်းဘေးမှ တယ်ပင်ပုံများနှင့် ရော၍ အမြင်စွဲခဲ့သည်ပင်။ ယခု အာရုံပြန်ယူကြည့်တော့ နာရီစင်ကို ပြန်ရသည်။ သို့သော် သူပြန်ရသည်က 'ပစ်ဂမီ နာရီစင်ကလေး'။ ကဗျာဆရာသည် သူရေးဆဲ ကဗျာထဲ၌ နာရီစင်နှင့် စကားလက်ဆုံ ကျနေပြန်သည်···

**နာရီစင်က ပြောတယ်···**

**ငါ···ငုံ့ပေးနေတာတောင်···တဲ့**

**အာသာ မပြေလို့ပါ···တဲ့**

**ငါ့ကို အရသာရှိရှိ ထိပ်ပုတ်ခေါင်းပုတ်လုပ်ဖို့**

**ငါကိုယ်တိုင် ခုံတစ်ခုလုပ်ပြီး···**

**သူတို့ ခြေအောက် 'ခု'ပေးပါ···တဲ့။**

အအေးဓာတ်ကြောင့် ဖြစ်မှာပါ။ သူ့ကျောထဲ၌ ချမ်းစိမ့်စိမ့်ဖြစ်လာသည်။ ထိုအပိုဒ်ကို အကြိမ်များစွာ ပြန်ဖတ် ကြည့်နေမိသည်။ ဆဆကြည့်ရင်း သူ့ခေါင်းပေါ်သို့ ဆံပင်ဖြူများ ထပ်၍ထပ်၍ စိုက်ပျိုးနေမိ၏။ ရိုးသားခြင်း ဈေးကွက်ကို ဈေးပျက်အောင် ဘယ်သူ ဈေးကစားနေလဲ။ သူသည် သူ့မျက်နှာပေါ်က မျက်နှာ အရေပြားကို ခွာလှန် ပစ်လိုက်ချင်လှသည်။

သူစိတ်ရှုပ်လာ၏။ ကဗျာဆရာဆိုတာ ဘာလဲ၊ ကဝေလား၊ ကဝေဆိုတောက်စားမှု သစ်ရဲ့လား၊ ပြုစားမှု အသစ်တွေနဲ့ နေထိုင်နိုင်ရဲ့လား။ ဖင်ဖျာကပ်လုပ်တတ်တာလေး တွေနဲ့တော့ ကဝေ မလုပ်နဲ့···သွား။ သူကော ကဝေလား။ မဟုတ်ဘူးလား။ ဟုတ်ရင်ကော ခပ်ညံ့ညံ့ ကဝေလား။ ဤသို့ ကိုယ့်ကိုယ်ကိုယ် တိုက်ချွတ်မိသော အခါ ဟို ကင်မရာနှစ်လုံးကို သူပြန်၍ သတိရလာပြန်သည်။ တကယ်ဆို ဗီဒီယိုလေး တစ်ကွက်လောက်ဖြစ်ဖြစ်၊ ဓါတ်ပုံလေး နှစ်ကွက်လောက် ဖြစ်ဖြစ် ယူထားသင့်တာပေါ့။ အခုတော့···

အခုတော့ 'ရင်ခုန်မြင်ကွင်းကလေး'ကို ကဗျာနှင့် လိုက်ဖမ်းရသည်မှာ 'ဖမ်းကားဖမ်း၏' ဆိုတာမျိုး ဖြစ်နေသည်။ မိမိကိုယ်တိုင် အရှိန်ပြင်းပြင်း ပစ်လွှတ်လိုက်သော 'မြား'ကို ပစ်မှတ်ဆီ မရောက်မီ မိမိဘာသာ လိုက်ဖမ်းနေခြင်းနှင့်

www.foreverspace.com.mm



တူနေပြီ။ သို့သော် ကဗျာရေးချင်သော စိတ်ကို ချိုးနှိမ်ဟန့်တားရသည်မှာ ပေါက်ကွဲလုလု မီးတောင်ဝကို ပေါက်ပြဲထွက် မသွားအောင် ရင်ဝဖြင့် ပိတ်၍ တားဆီးထားရသကဲ့သို့ ကဗျာဆရာအတွက် အန္တရာယ်များလှ၏။ ဒါ… ကဗျာဆရာများပဲ သိနိုင်မည်။

သည်လိုနှင့် ပြီးဆုံးခြင်းကို မရောက်သေးမီ ကဗျာက ရပ်သွားပြန်သည်။ ကဗျာစျာန်သည် ကဗျာဆရာထံမှ ခြေသံလုံစွာ အငွေ့ပျံသွားပြီ။ သူသည် မတ်တတ်ရပ်လိုက်ကာ ကဗျာထွက်ပြေးရာ အရပ်ဟု ယူဆသော အရှေ့ဘက် တောင်တန်းအထပ်ထပ်များကိုကြည့်ရင်း အဆုတ်ထဲမှ ကဗျာကြောင့် စိုခဲ့သော ချွေးနံ့များကို နေကြာခင်းကြီး ဖြတ်လာသော လေဖြင့် လှည်းကျင်းပစ်လိုက်၏။ အတော်အသင့် ပေါ့ပါးသွားသောအခါ သူ့မျက်နှာ၌ အပြုံးတစ်ခုထွက်လာ၏။

မကြာမီ ပရန္နဝါချောင်း ဘောင်ပေါ်မှာပဲ နှင်းကွင်းစင်တဲ့ နွေသစ်စ ညကလေးကို သူ လက်ခံလိုက်တယ်။ ညနေ ဆိုတာကလည်း တကယ်တော့ ညနုနုကလေး မဟုတ်လား။ နွေကလည်း နွေသင်စနွေ။ သူပေါ့ပါးစွာ လမ်းလျှောက်လာရင်း တစ်ယောက်တည်း စကားပြောမိ၏။ ချောင်းကလေးကတော့ ဘာထူးလို့လဲ။ ချောင်းကလေးက 'ချောင်းသီချင်း'နှင့်။ ထို့ကြောင့် ချောင်းကလေးကို မနာလို မရှုစိမ့် ဖြစ်သွား၏။

**'ဟော့ ချောင်းကလေး…မြို့တော်အင်္ဂါရပ်နဲ့**
**မကိုက်ညီတဲ့ အဆင်အပြင်ရှိတဲ့ ကဗျာဆရာတွေဟာ…**
**အမှန်တရားကို အလန့်တကြား ချစ်နေကြတဲ့ လူတွေပါ…လို့**
**မင်းက ပြောခဲ့ဖူးတယ်…ဆို..'**

ချောင်းကလေးက မဖြေ။ ကဗျာဆရာကို အဖက်လုပ် မပြော။ သီချင်းဆိုမြဲပင်။ တောင်ပေါ်က တွန်းချလိုက်သော ရေအရိုင်းများကို သူမို့ ယဉ်ပါးအောင် လုပ်နိုင်သည်ဟု ထင်နေပြီလား မသိ။ သူသည် ချောင်းရိုးကလေး ဆက်လျှောက်လာပြီးမှ ခန္ဓာကိုယ်ကို ဘယ်ကွေ့ ကွေ့ပြီးအနောက်ဘက် ကုန်းဆင်းကလေးအတိုင်း ဆင်းချလိုက်သည်။ ယခင်က ဒီလမ်းကလေးဟာ ရွာဟောင်းကလေးရဲ့ မြောက်ဘက်စည်းရိုးဘေးက တောလမ်းကလေးတစ်ခု ဖြစ်ခဲ့ဖူးသည်။ ရင်ခုန်စရာ မကောင်းတော့မှန်း သိပေမယ့်လည်း ဒီလမ်းကလေးကို မကြာမကြာ သူလျှောက်ဖြစ်ခဲ့။ လမ်းမြောက်ဘက်မှ ချုံနွယ်ပိတ်ပေါင်း အချို့တွင် တောငှေ့တို့ ခိုတတ်သည် မဟုတ်ပါလား။ မြို့လည်း မဟုတ်ဘဲ တောနေပြီး

www.foreverspace.com.mm

တောပျောက်ရတဲ့ အဖြစ်။

သူ ဆက်လျှောက်လာရင်း ရွာလယ်လမ်းနှင့် တည့်တည့်လောက် အရောက်တွင် မျက်စိက တောင်ဘက်သို့ အမှတ်တမဲ့ ရောက်သွား၏။

'ဩော်… ယုဒသန်… ယုဒသန်…'

သူ့နှုတ်မှ ယောင်ရမ်းထွက်သွား၏။ သူရပ်နေသော နေရာမှ တောင်ဘက် ပေနှစ်ရာခန့်လောက်တွင် 'ယုဒသန် အထိမ်းအမှတ် ဘုရားကျောင်းကလေး ရှိ၏။ လှမ်းမြင်နေရ၏။ သည်တော့မှ သူက ဆက်စပ်၍ အတွေးနယ် ဖြန့်နေမိပြန်သည်။ အို… ငါရပ်နေသော နေရာသည် ဆရာယုဒသန် အကျဉ်းခံခဲ့ရသော အကျဉ်းထောင်ဟောင်း နေရာများလားဟု။ ကြက်သီးဖြန်းဖြန်း ထသွား၏။ ကျွန်းဦးတည့် သံလျက်ခုံ၏ သံလျက်သည် အောင်ပင်လယ်ရောက် အောင် 'ခုန်' နိုင်ပါလား။ အင်းဝ အာဏာသည် အောင်ပင်လယ်ကို သံလျက်ဖြင့် မိုး၏။ နှစ်ချင်းဘုရားကျောင်းကလေးမှာ ရေးထိုးထားသော ဝါကျကလေးကို သူ ရုတ်တရက် ပြန်သတိရလိုက်သည်။

**'ဤကျောင်းပေါ်၌ ငါ့သာသနာကို တည်ဆောက်မည်'**

စကားလုံးပဲ လွဲချင်လွဲမည်။ အဓိပ္ပာယ်ကတော့ မလွဲ။ ဒါ အင်းဝ အာဏာကို အာခံလိုက်တာလား။ ဒါမှမဟုတ် ကိုယ့်အလုပ်ပဲ ကိုယ်လုပ်မယ်လို့ ပြောချင်တာလား။ ယုဒသန်ပဲ သိမည်။

အင်းဝခေတ်က အကျဉ်းသားတစ်ဦးဦး အောင်ပင်လယ် အပို့ခံရပြီ ဆိုလျှင် မျှော်လင့်ချက် သိပ်မရှိတော့ဘူး ဆိုလား သူ ဖတ်ဖူး၏။ သမိုင်းကြောင်းကိုမူ ကဗျာဆရာ ဝေဝေဝါးဝါးရှိလှ၏။ တစ်ချိန်မှာ ခိုင်မာမှု အားပြုတတ်သော ထိုသမိုင်းစာအုပ်ကို တွေ့ရှိပါက လိုလိုလားလား ပြန်ဖတ်မိမှာ သေချာ၏။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်လည်း အောင်ပင်လယ် အပို့ခံရသူ တစ်ယောက်ပဲ မဟုတ်လား။

သူ ဘုရားကျောင်းကလေးကို ထပ်ကြည့်လိုက်သည်၊ ဘုရားကျောင်း ကလေးမှာ ခပ်ပျစ်ပျစ်၊ သို့သော် သပ်သပ်ရပ်ရပ်နှင့် အသရေရှိလှ၏။ အင်းဝခေတ်က 'အောင်ပင်လယ် အကျဉ်းသားများ'၏ ဘဝကိုလည်း စဉ်းစား စာနာမိ၏။ တစ်ဆက်တည်းမှာပင် မြန်မာဘုရင်၏ သဘောထားမြင့်မြတ်မှုပါ တွေ့ရသည်။

ဆရာယုဒသန် အောင်ပင်လယ် အကျဉ်းစခန်းတွင် အကျဉ်းခံနေရစဉ်

www.foreverspace.com.mm



အတွင်း ၄င်း၏ဇနီးသည် ခင်ပွန်းရှိရာ အောင်ပင်လယ်သို့ လိုက်ပါခွင့် မြန်မာဘုရင်သို့ တောင်းခံခဲ့ရာ မြန်မာဘုရင်သည် ခွင့်ပြုခဲ့သည် ဆို၏။ လူသားနှလုံးနှင့် ဘုရင်ပါတကား။

ထိုကြောင့် ကဗျာဆရာ၏ 'ရင်ဧည့်ခန်း'၌ လူသုံးဦး ရှိလာပြန်သည်။ တစ်ဦးကလူသား နှလုံးသားနှင့် ဘုရင်၊ နောက်နှစ်ဦးက နိုင်ငံခြားသား သာသနာပြု ဇနီးမောင်နှံ။

ထိုလူသားသုံးဦးသည် သူ့ရင်ထဲမှ ဧည့်ခန်းကို သူတို့ပိုင်သောအိမ် ထင်နေပြီလား မသိ။ ပိုင်စိုးပိုင်နင်း ထိုင်ရုံမက၊ နိုင်ငံခြားရေးကိစ္စ တစ်ခုကိုပင် အေးအေးဆေးဆေး ဆွေးနွေးနေကြ၏။ အိမ်ရှင်ဖြစ်သောသူကတော့ ထိုပုဂ္ဂိုလ်သုံးဦး၏ ဆွေးနွေးချက်များကို စိတ်မဝင်စားဘဲ ညနေတုန်းက တိုက်ခဲ့သော လေညင်းကလေးအရောင်ဟာ မြေရောင်ပျော့ပျော့ ဖြစ်မလား။ တိမ်ရောင် ပျော့ပျော့ ဖြစ်မလား။ လေညင်းကလေး၌ အရောင်တစ်ခုခု ရှိရမည်။ လူတွေ မကြည့်တတ်သော 'မရှိရောင်'ဆိုတာ ရှိနိုင်သည် စသဖြင့် တွေးနေမိ၏။

ထိုစဉ်က သူ့ ဧည့်ခန်းဝ၌ ဖျင်ကြမ်းဝတ်စုံဝတ် အသက်သုံးဆယ်ဝန်းကျင် မိန်းမတစ်ဦး ရောက်လာသည်။ ထိုမိန်းမသည် ခေါင်းတွင်ပေါင်းထားသော ပုဆိုးဟောင်းကို ဖြေ၍ မျက်နှာ၌ရှိသော ချွေးစများကို သုတ်ရင်း ဧည့်ခန်းတွင်းမှ လူသုံးဦးကို လှမ်းကြည့်ပြီး အခန်းဝမှာပင် ရပ်နေ၏။ ဝင်သင့် မဝင်သင့် ချိန်ဆနေဟန် တူသည်။

ထိုမိန်းမသည် ပိုင်ရှင်ဖြစ်သော သူ့ကို ခွင့်တောင်းရမှန်း သိပုံမပေါ်။ အခန်းတွင်းသို့သာ ကြည့်နေ၏။ ခဏကြာသော အခါမှ ဆရာယူဒသန်က ထိုမိန်းမကို မြင်သွားသည်။

'လာ....လာ..'

ယုဒသန်က ဖိတ်ခေါ်လိုက်သောအခါ ထိုမိန်းမသည် အခန်းအတွင်းသို့ ဝင်လာ၏။ သူကပိုင်ရှင်ကို ဧည့်သည်လုပ်၍ ဧည့်သည်ကို ပိုင်ရှင်လုပ်သော ထိုမိန်းမအား စိတ်ပျက်စွာ ကြည့်နေမိ၏။ သူ့အတွက် ထူးဆန်းနေမိ၏။ လူသားနှလုံးသားနှင့် ဘုရင်ကလည်း ကြောင်အမ်းအမ်း ဖြစ်နေ၏။ သို့သော် သာသနာပြု ဇနီးမောင်နှံကတော့ အံ့ဩဟန်လည်း မပြ၊ ထူးခြားဟန်လည်း မပြဘဲ ပုံမှန်နေမြဲပင် ရှိနေသည်။

ထိုမိန်းမရောက်လာ၍ ၄င်းတို့ ဆွေးနွေးမှုများကို ခေတ္တ ရပ်ပေးကြ၏။

www.foreverspace.com.mm



ထိုမြင်ကွင်းကို အလွန်အမင်း သူ စိတ်ဝင်စားသွား၏။ ဆွေးနွေးနေသော ပုဂ္ဂိုလ်များကား နယ်နယ်ရရ မဟုတ်။ ဆွေးနွေးသော အကြောင်းအရာကလည်း ပေါ့ပေါ့တန်တန် မဟုတ်။ ရုပ်သွားပုံကလည်း တိုင်းပြည်၏ အရေးကြီးသော အချက်ကို သတင်းပေါက်ကြားမည်စိုး၍ ရုပ်သွားပုံနှင့် မတူဘဲ သူတို့ ငယ်ငယ်က အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် ဥဩသံကြားလျှင် ကြားသော နေရာ၌ပင် လှမ်းဆဲခြေထောက်များ ရပ်သွားသကဲ့သို့ မောင်းဆဲယာဉ်များ ရပ်သွားသကဲ့သို့ပင် ဖြစ်သည်ဟု သူထင်သည်။

ထိုအထင်ကြောင့်လား မသိ။ ဧည့်ခန်းအတွင်း၌ရှိသော လူသားလေးဦး အနက်၊ ယင်းသာမန်မိန်းမသည် သူ့ အတွက်အဓိက ဇာတ်ကောင် ဖြစ်လာသည်မှာ ငြင်း၍မရတော့။

ထိုမိန်းမဝင်ပြီး ပြန်ထွက်သွားသောအချိန် သိပ်အကြာကြီး မဟုတ်သော် လည်း ဤအချိန် အနည်းငယ်အတွင်းမှာပဲ 'ရိုးသားကြီးကျယ်ခြင်း' အမှုကြီးကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်သည်ကို သူမျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။

အကျဉ်းချုပ် ပြန်ပြောရအောင်…ထိုမိန်းမ အခန်းတွင်း ဝင်လာ၏။ ယုဒသန်၏ဇနီး ရင်ခွင်ထဲမှ ကလေးငယ်ကို ယူချီ၏။ နောက်ခုံလွတ် တစ်ခုတွင် ဝင်ထိုင်၏။ ပြီးတော့ 'နို့' လှန်၏။ ပြီးတော့ ကလေးငယ်ကို နို့တိုက်၏။ ပြီးတော့ ပြန်၏။ ဒါပဲဖြစ်၏။

သူက ထိုမိန်းမသားကြီး အလွန်လေးစားမိ၍ 'ဘယ်အရပ် နေသလဲ'ဟု အိမ်မှ အထွက်တွင် မေးရာ မိန်းမသားကြီးက 'အောင်ပင်လယ်က ပေါ့တော်'ဟု ပြန်ပြောသွားသည်။ ရင်သွေးငယ်၏ မိခင်ရင်းသည် စိတ်လှုပ်ရှားမှုကြောင့် နို့ခန်း သွားပြီလား။ ဒါမှမဟုတ် အခြားအကြောင်း တစ်ခုခု ရှိသည်လားတော့ သူ မသိချေ။ ထိုမိန်းမ၏ နို့တစ်စက်သည် ဘုရင်၏ ရင်သို့သွား'မှန်'ခဲ့ပြီလား မသိချေ။

သူ သိသည်မှာ သည်ဖြစ်ရပ် ဖြစ်ပြီးသည့် နောက်တွင် သာသနာပြု ဇနီးမောင်နှံ အင်းဝပြန်ရန် အထုပ်အပိုး ပြင်ခွင့် ရသွားပြီဆိုသော သတင်းပင်၊ ထိုဇနီးမောင်နှံ အင်းဝပြန်ရောက်သွားသော်လည်း 'အောင်ပင်လယ်က ပေါ့တော်' သည် သူ့ထံ၌ ငြိကျန်နေဆဲ‥။ ယင်းအသံနှင့် အတူ သူဘယ်လို ဆက်စပ်ရမှန်း မသိသော အကျဉ်းထောင်နှင့် အမေ့နို့ရည်…အမေ့နို့ရည်နှင့် အကျဉ်း ထောင်‥အကျဉ်းထောင်နှင့် အမေ့နို့ရည်…အမေ့နို့ရည်…အမေ့နို့ရည်

**'တောက်‥ဟိုကင်မရာ နှစ်လုံးသာ ငါပြေးပြီး ရိုက်ခွဲလိုက်ချင်တယ်'**

www.foreverspace.com.mm



အောင်ပင်လယ် အမေ၏နို့ရည်နေရာတွင်၊ ပန်းရန်သမအမေများ၏ နို့ရည်များက သူ့ကိုပြန်၍ ရွဲနစ် စေပြန်တော့၏။ သည်တော့ သူရေးဆဲ ကဗျာလေးကို ပြန်သတိရပြန်သည်။ ကင်မရာများ၏ မှန်ဘီလူး တစ်ကမ်း ဟိုဘက်ရောက်သွားသော 'ရင်ခုန်မြင်ကွင်း' ကလေးကို ကဗျာဖြင့် အရှင်ဖမ်းရဦး မည်။ မှန်ဘီလူးက လွတ်အောင် ပြေးနိုင်မယ် မထင်ချေ။

'အမေ့နို့ရည်...'

'အမေ့နို့ရည်...'

'အမေ့နို့ရည်...'

အမေ့နို့ရည် ဆိုတော့ ဂုဏ်တော်များကို၊ ညာလက်ချောင်း လက်ဆစ်များ ပေါ်သို့ လက်မ ထိပ်ဖျားဖြင့် ထောက်ကာ ထောက်ကာ ပုတီးစိပ်သကဲ့သို့ သူ ပြုလုပ်နေမိ၏။ လက်ချောင်းလေးချောင်းက လက်ဆစ်ဆယ့်နှစ်ဆစ် ဆစ်ပြီးသော အခါ လက်နှစ်ဆစ်ကိုတော့ လက်သန်းများဖြင့် လှမ်းထောက်ကာ 'စိပ်' လိုက်၏။ ထိုစိတ်နည်းသည် သူငယ်ငယ်က သူ့မေမေ သင်ပေးခဲ့သော ပုတီးစိတ်နည်းပင် ဖြစ်သည်။ ဂျပန်ခေတ်နောက်ပိုင်းလောက်က သူမွေးလာစဉ် သွားငုတ်တုတ် တစ်ချောင်းပါလာ၍ ရိုးသားလွန်းသော အမေက သူ့ကို 'ဘီလူး' ထင်ပြီး တော် တော်နှင့် နို့မတိုက်ရဲကြောင်းကို ပြန်၍ အမှတ်ရသည်။

**'ကလေးတွေကို နို့စို့ချိန် အလုံအလောက်ပေးပါ...'**

သူကျုံး၍ အော်ပစ်လိုက်မိသည်။ သူ့အသံကြီးက ကောင်းကင်က တိမ်မျောသံပင် ကြားရလောက်သည့် တိတ်ဆိတ်မှု ကြီးကျယ်သည့်ညဦး ဟိန်းချင်တိုင်း ဟိန်းထွက်သွားတော့၏။ အသံကြောင့် မလှမ်းမကမ်းတွင် ရှိသော အိမ်ကလေးတစ်အိမ်မှ ပြတင်းရွက်နှစ်ရွက် အလန့်တကြား ကန်ထွက်လာပြီး အိမ်တွင်းမှ လျှပ်စစ်မီးရောင် အလင်းတန်းတစ်ခု ဆောင့်ထွက်လာကာ သူ့အပေါ်သို့ ပိုင်စိုးပိုင်နင်း ခုန်အုပ်လိုက်တော့၏။ အဖြစ်အပျက် မြန်ဆန်လှ၍ ရှောင်တိမ်းချိန်ပင် မရလိုက်။ သူ့နှုတ်က စကားတချို့ ထွက်ကျလာ၏။

**'ဒါ...အမှောင်တိုက်ထဲက**

**'စပေါ့လိုက်' တစ်ခုမှာ**

**သန့်သန့်ရှင်းရှင်း နေထိုင်မှုတစ်ခု**

**လက်ပူးလက်ကြပ် မိသွားတာပဲ...'**

ပြတင်းရှင် အမျိုးသမီးသည် 'ဩော်..ရှာထဲက ကဗျာပါလား။

www.foreverspace.com.mm

မူးလာပြန်ပြီထင်တယ်···'ဟု ရေရွတ်၍ ပြတင်းတံခါးများ ဝုန်းခနဲ မြည်အောင် ဆွဲပိတ်လိုက်ရာ သူသည် အမှောင်တိုက်ထဲသို့ ပြန်ရောက်သွားပြန်၏။

သည်တော့မှ သူ ပြုံးမိ၏။ အတွေးကဘေးချော်သွားသည်ကိုး၊ သည်တော့ ရေးဆဲကဗျာပေါ်က ချော်ကျသွားသော အတွေးစကို သူ့နေရာ သူ ပြန်ရောက်ရန် ပြန်၍ ဆွဲမရ၏။

သူ ကဗျာဖွဲ့နေသည်က ၂၆လမ်းပေါ်က ကျောက်သေးလောင်းနေကြသော ပန်းရန်သမအမေများ၏ နို့ရည် အကြောင်းပင်။ ဟို ကင်မရာနှစ်လုံးကို ပြောပြခဲ့သည့် 'ရင်ခုန်မြင်ကွင်းကလေး'။ အဲဒီနေ့က သူ အလုပ်လုပ်သော ပိုက်ကျုံးကွေ့မှ အလုပ်ပြီးချိန်မှာ ၂၆ လမ်းအတိုင်း စက်ဘီးဖြင့် ပြန်လာသည်။ နာရီစင်ကို ကျော်ပြီး နင်းလာရင်း၊ ဟော··· တောင်ဘက် ပလက်ဖောင်းပေါ်က တယ်ပင်တစ်ပင်မှာ 'ပုဆိုးပုခက်ကလေး'တစ်လုံး ချိတ်ဆွဲထားသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။ ပုခက်ကလေး ပြုလုပ်ထားသော ပုဆိုးမှာ ဟောင်းနွမ်းသော ချည်ကြမ်းကလေး ဖြစ်သည်။ အစကတော့ သူက ခဏတစ်ဖြုတ် နားနေသော ကိစ္စဟုထင်ကာ တယ်ပြီး ဂျစ်ပစီ ဆန်လိုက်ပါလား··ဟု အောက်မေ့လိုက်သေးသည်။ စက်ဘီးကို ဆက်နင်းရင်း အရှေ့ဝါးနှစ်ရိုက်လောက်က တယ်ပင်နှစ်ပင် သုံးပင်မှာတော့ အားပါး··· နည်းတဲ့ ပုဆိုးပုခက်တွေလား။ အမေတွေက နို့စို့အရွယ်ကလေးငယ်တွေကို ပုဆိုးပုခက်ကလေးတွေဖြင့် တယ်ပင်ပုကလေးတွေမှာ ချိတ်ချိတ်ထားကြသည်ကို ရင်ခုန်စွာ သူတွေ့ရသည်။ တချို့ သားတို့ အိပ်လို့။ တချို့ သမီးတို့ တွန့်လိမ်လို့။ တချို့တချို့ သားသား မီးမီးတို့ ပုဆိုးပုခက် လွှဲလမ်းအတိုင်း ရှုံးရှုံးများပေါက်၏။ ပလက်ဖောင်း ကျောက်သင်ပုန်းပေါ်သို့ အခြေခံမျဉ်းဖြောင့်ရေးနည်းကို လေ့ကျင့်နေကြ၏။ အရှေ့ဆုံး ပုဆိုးပုခက်ကလေး ထဲမှ တွန့်လိမ်နေသော သမီးကတော့ 'ဝ'လုံးရေးဖို့ ကြိုးစားသော သမီးကို ပြိုင်ချင်လို့လား မပြောတတ်။ သုံးဦးသား ပုခက်ချင်း ရိုက်၍ ပလက်ဖောင်းပေါ်သို့ ဘာသာဗေဒ အသစ်ဖြစ်သော 'ဘူးသီးငပေါင်းကြော်'ကို စမ်းသပ်နေဟန် ရှိသည်။ တဖြန်းဖြန်းမြည်လို့။

ထိုပုဆိုးပုခက်ကလေးများ သီးသော တယ်ပင်တစ်ပင်အောက်တွင် သူက အမြစ်စွဲနေရင်း 'အို အိုး အေ'ကို လိုက်ရှာနေမိ၏။ မိတ္ထီလာ ကန်တော် အောက်မှာ ဖားတွေ ပျောက်ကုန်ပြီလားဟု တွေးသည်။ ပြီးတော့ ကြောင်ပါးရယ် မြီးတံတို··· ခိုဖြူ ခိုပြာနက်···ဘယ်ထွက်ပြေးကုန်ပြီလဲ။ ဒါနဲ့များ··ဒါနဲ့များ···

www.foreverspace.com.mm



'ဟဲ့ကောင်မ… မြန်မြန်လုပ် ဟိုက ကြည့်နေတယ်…'

'အေးပါ…'

တိုက်ကြီးနှင့်အမျှ ဆင်ထားသော ဝါးငြမ်းပေါ်မှ ကျောက်သေးထည့် ဒယ်အိုးကို ရွက်ထားသော အမေတစ်ဦး၏ သတိပေးသံနှင့် နို့တိုက်နေသော အောက်မှ အမေ၏ ပြန်ဖြေသောအသံကြောင့် သူ့အတွေးစ ပြတ်သွားသည်။ အပေါ်က အမေ၏ 'ဟိုက…'ဆိုသော ရည်ညွှန်းချက်ကိုမူ သူ မသိ။ လူတွေကလည်း အများသား မဟုတ်လား။

ဝါးငြမ်းကြီးကို ကြည့်ရသည်မှာ ပျားအုံကြီးတစ်ခုကို အလွန်အမင်း အကျယ်ချဲ့ကြည့်ရသည်နှင့် တူ၏။ ပျားများနှင့် တူသော ပန်းရန်သမများက သူ့မျက်လုံးတွင် ရွရွရွေ့ရွေ့ ရှိလှသည်။ နေရာလပ်ကားရှားပါဘိ။ အတက်တွင် 'အပေါ်ခြေအောက်ခေါင်း' အဆင်းတွင် 'အောက်ခေါင်း အပေါ်ခြေ'နှင့် ဂဏန်း ပေါင်းစက်မှ နံပါတ်များ အားလုံး တစ်ပြိုင်တည်း ဖြိုးဖြိုးဖြောက်ဖြောက် 'လက်' နေသကဲ့သို့ ဖြစ်ပြီး လူများစွာပါဝင်ပြီး ကပြနေသော ကရင်ဝါးညှပ် ကပွဲကြီးကို အပေါ်စီးအမြင်မှ မြင်နေသလို ဖြစ်နေသည်။

သတိပေးခံရသော အမေသည် နီတာရဲကလေး၏ နှုတ်မှ သူမ၏ နို့ကို ဆွဲဖြုတ်လိုက်၏။ ပြီးတော့ နို့ဝဟန်မတူသော တအင်းအင်း မြည်နေသည့် ကလေး နီတာရဲလေးအား ပုဆိုးပုခက် တစ်ခုအတွင်းသို့ ထည့်လိုက်သည်။ ထိုအခါမှ ကလေးငယ်၏ ငိုသံသည် ပို၍ ကျယ်လောင်လာတော့၏။

ထိုငိုသံကြားမှပင် ကလေးအမေသည် အင်္ဂတေ ဒယ်အိုးကို ရွက်၍ ငြမ်းပေါ်၌ ပျားတစ်ကောင် ဖြစ်လိုက်၊ ဂဏန်းပေါင်းစက်ပေါ်မှ ကိန်းဂဏန်း တစ်လုံး ဖြစ်လိုက်နှင့် ဝါးညှပ်အက 'စည်းဝါးအမေ'ဖြစ်သွားတော့သည်ကို သူ တွေ့လိုက်သည်။ သူက တဝေါဝေါမြည်၍ လှည့်ပတ်နေသော အင်္ဂတေ ဖျော်စက်ကြီးကို ကြည့်မိသည်။ ထိုစက်သည် မီးနေသယ်များကိုပါ ကြိတ်ခွဲ၍ လှည့်ပတ်ရွေ့ပစ်နေသည်နှင့်ပင် တူတော၏။

ဤဆောက်လက်စ တိုက်ကြီး၏ ပိုင်ရှင်မှာလည်း ဝေးဝေးလံလံမှ မဟုတ်။ ဤတိုက်ကြီးနှင့် မျက်နှာချင်းဆိုင် ဒေါင်းတိ မောင်းတိ တိုက်ကြီးမှ ဖြစ်သည်ဟု သိရသည်။ ထိုတိုက်ကြီး၏ မြေညီထပ်တွင် နာမည်ပေး ပုခက်တင် ပွဲကြီးတစ်ခုကို ခြိမ့်ခြိမ့်သဲသဲ တွေ့ရ၏။ လက်ဆောင်ပစ္စည်းများကို မနိုင်မနင်း ထမ်းပိုးထားသော အလူမီနီယံ ပုခက်ကလေး တစ်လုံးကိုလည်း သူ အမြစ်စွဲနေ

www.foreverspace.com.mm

သော နေရာမှ လှမ်းမြင်နေရသည်။ ပုခက်ကလေးက ငယ်သော်လည်း ဇာဖြူ ရင်ကွဲ ခြင်ထောင်ကလေးနဲ့မို့ လူကြီးသမူရှိလှ၏။ ကြည့်လေ၊ ရင်ကွဲစနစ်စကို အလယ်မှသိမ်း၍ ဘေးနှစ်ဘက် ပုခက်တိုင်များမှ ဖဲကြိုးဝါဖြင့် ရွရွစည်း၍ လိပ်ပြာပုံပုံကို တင်ဆက်ပြလိုက်သေးသည်။

ကလေးငယ်၏ မိဘများဖြစ်ဟန်တူသော အသက်လေးဆယ်ဝန်းကျင် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးကတော့ တစ်စားပွဲမှ တစ်စားပွဲ ကူးချည် သန်းချည်ဖြင့် ဧည့်ခံနေကြသော်လည်း မောပုံပန်းပုံ မတွေ့ရ။ အတော်လိုက်ဖက် အတွဲညီသော ဇနီးမောင်နှံ ဖြစ်သည်ဟု သူ မှတ်ချက်ချမိသည်။

အဆိုပါ ဇနီးမောင်နှံသည် 'အကြိုက်ဆုံးအရောင်'၌လည်း တူညီပုံရ သည်။ လင်ရော မယားရော အဝါနုနုအင်္ကျီရောင်ကို ဆင်ထားကြ၏။လှလိုက် တာ။ သူတို့အသားကလေးတွေနဲ့ကို ရောလို့… ရောလို့။ အဲဒီနေ့က သူပြန်လာ တော့ 'ပုလဲညနေ'အထိရောက်အောင် ပုဆိုးပုခက် နာရီစင်နဲ့ အလူမီနီယံ ပုခက်ကလေးတို့ကို ဆွဲလာခဲ့၏။ ထိုပစ္စည်းများကို ပုလဲအရက်ဆိုင်ထဲမှာပဲ ဟိုကင်မရာနှစ်လုံးကို ပုံပေးလိုက်သည်။ အမှန်တော့ အခွံနွာရတာလွယ်တယ် လို့ ပြောဖို့ ငှက်ပျောပင် စိုက်ပေးလိုက်ခြင်းဖြစ်သည်ပဲ။ ထိုငှက်ပျောပင်ကို သူ မေ့ချင်ပြီ။

အောင်ပင်လယ်၏ ကောင်းကင်ယံတွင် ဆန်းစလကလေးတစ်ခု လာ တင်နေပြီ။ သည်အကျဉ်းထောင်ဟောင်း နေရာမှ ဆရာယုဒသန်၏ အထိမ်းအမှတ် ဘုရားကျောင်းကို လှမ်းကြည့်လိုက်သောအခါ စောစောကကဲ့သို့ ပြက်ပြက် ထင်ထင် မမြင်ရတော့။ ပျပျသာ။

သူသည် အဆိုပါ ဘုရားကျောင်းကလေးဘေးမှ ဖြတ်၍ သူ၏ 'လရောင်ပင်လယ်'အိမ်ကလေးဆီသို့ ပြန်လာခဲ့သည်။ ညဉ့်ကား အနက်လွန်ပြီ။ အိမ်အပြန်လမ်းတွင် ခွေးနှစ်ကောင် သုံးကောင်ကသာ သူတို့၏ ဘာသာစကားဖြင့် ရန်ထောင်ဖော် မရဘူးဆိုပါက ထိုညတွင် အသက်ရှင်နေထိုင်သူမှာ သူ တစ်ယောက်တည်းသာ ဖြစ်မည်ဟု ပြော၍ရနိုင်ပေသည်။

ရပ်နေပုံကလည်း အိမ်ပြန်လာခြင်းကိစ္စကို မေ့လျော့နေပုံမျိုးနှင့် တူလှပေသည်။ သူဘာလုပ်ချင်မှန်း သူကိုယ်တိုင်မေ့နေပြီလား မသိ။ အရေးထဲ အအေးဓာတ်က ပိုလာပြန်သည်။ တောင်တန်းတွေပေါ်က လျောဆင်းလာတဲ့ လေတွေထင်ပါရဲ့။ လယ်ကွင်းယာခင်းတွေကိုလည်း ဖြတ်ခဲ့ကြဟန်တူရဲ့။

www.foreverspace.com.mm



လေညင်းတွေက လယ်နံ့သင်းသင်းတွေ ယာခင်းနံ့မွှေးမွှေးတွေ သူ့ကို ဝင်ဝင်ပေးသွားကြ၏။

သူသည် သူ့ အိမ်ဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။ နေ့လယ်က လှမ်းထားသော ရေလဲပုဆိုးကလေး တစ်ထည်ကို ဝါးလုံးတန်းပေါ်တွင် လှမ်းမြင်လိုက်သည်။ သူ ဘာလုပ်ရမှန်း မသိဖြစ်နေပြီးမှ ဝင်းထရံ အနီးသို့ကပ်သွားကာ ဝင်းအတွင်း၌ လှန်းထားသော ပုဆိုးကို လှမ်း၍ ဆွဲယူလိုက်သည်။ မရ။ ခြေဖျားထောက်၍ ဆွဲကြည့်ပြန်သည်။ နောက်တော့ အကြံရသည်။ ထရံပေါ်တွင် တင်ထားသော အဝတ်လှန်းဝါးလုံးကို သူ့ဘက်ပါလာအောင် ဖြည်းဖြည်းဆွဲလိုက်သည်။ တယောကြိုးပေါ် ဘိုးတံဆွဲသလိုမျိုး၊ အိမ်ကလူတွေ နိုးလာရင် ဘယ့်နှယ့်လုပ်မလဲ၊ ပုဆိုးကို လက်နှင့်မီလာတော့ အသာဆွဲယူလိုက်သည်။ ပုဆိုးက ချည်သား ထူထူနှင့် နှစ်နံစပ် ပုဆိုးကလေးပင်။ ပုဆိုးကြမ်းကလေးကို ခြုံလိုက်သောအခါ အချမ်းဒဏ်က နည်းနည်းသက်သာသွား၏။ အိမ်ကို နှိုးဖို့ မနှိုးဖို့ကတော့ ဆုံးဖြတ်ချက် မကျသေး။ တစ်ယောက်တည်း ဆွေးနွေးဆဲဖြစ်သည်။ သည်လိုနှင့် သူ့အစည်းအဝေးသည် အတော်ကြာသွား၏။

အိမ် နံရံတွင် ချိတ်တွယ်ထားသော 'လရောင်ပင်လယ်'ဆိုင်းဘုတ်ကလေးကတော့ လေဖိအားကြောင့် ကြိုးများ တလွဲလွဲယမ်းရင်း နံရံကို တဗျပ်ဗျပ် ရိုက်လို့၊ အရှေ့ဘက် ကန်ဟောင်းပေါင်ကြီးပေါ်က ကားလမ်းကလေးကို လှမ်းကြည့်လိုက်သောအခါ အလွန်အားနည်းသော မီးရောင်လေး တစ်ခုကို လင်းလိုက်ပျောက်လိုက်နှင့်တွေ့နေရ၏။ ဒါဆို··ဟိုအဝေးကြီးက ကားတစ်စီး လာနေလို့ဖြစ်မည်။ ကားလာရာ လမ်းက ကွေ့ကွေ့ကောက်ကောက် မောက် မောက်ချိုင့်ချိုင့် ရှိမည်မို့ အလင်းရောင်က လာထိုးလိုက် မထိုးလိုက် ဖြစ်နေတာ ဖြစ်မည်။

သူ့ ခြေထောက်က ပုန်းလိုက် ပေါ်လိုက်ဖြစ်နေသော အလင်းရောင် ရှိရာဘက်သို့ ရွေ့နေမိပြန်သည်။

မကြာမီ ချောင်းကလေးတစ်ခု ရှိရာသို့ ရောက်လာ၏။ ချောင်းကလေးပေါ်မှ သစ်တံတားလေးကို ကျော်လိုက်သောအခါ ကုန်းမော့မော့ကလေးတစ်ခု တွေ့ပြန်သည်။ ထိုကုန်းမော့မော့ပေါ်သို့ တက်ကာ အရှေ့စူးစူးဆီသို့ သူ ဆက်လျှောက်သွားတော့လေ၏။ အဝေးမှ သူ့ဆီသို့ မီးရောင်တွေ လှမ်းပို့ပေးနေသော ကားကိုပင် လှမ်းမြင်နေပြီ။ အရှိန်ပြင်းပြင်း မောင်းလာပုံရ၏။ အင်ဂျင်က အော်ဟစ်နေ၏။ သို့သော် ကားသည် မြို့အဝင်ကို မမောင်းဘဲ ဘယ်ဘက်

ကုန်းအဆင်းတစ်ခုမှာ ကွေ့ချနေသည်ကို လှမ်းမြင်နေရသည်။ ဂျပန်လုပ် ကုန်ကားအရှည်ကြီးပါလား။ ကားနောက်ပိုင်းကိုတော့ ထူထဲသော မိုးကာကြီးဖြင့် အလုံအခြုံ အုပ်ဆိုင်းပေးထား၏။ ကား ချမ်းလို့နေမှာပေါ့။

သူ အံ့သြနေသည်။ လမ်းကောင်းမကြိုက်သော ကားဆိုတာလည်း ရှိပါသေးလား။ ကားက လယ်ကွင်းများအတွင်းဖြတ်ကာ လမ်းမမည်သော လမ်းပေါ် လိမ့်လိမ့်လူးလူး ခုန်ခုန်တွန့်တွန့် သွားနေသည်။ ကားနောက်ပိုင်းမှ မီးနီကလေးနှစ်ပွင့် ဖန်ခုန်တမ်းကစားနေပုံက ကြည့်၍လှလှ၏။ ခဏကြာသောအခါ အကစားမက်သော မီးနီကလေးနှစ်ပွင့်သည် လှုပ်လှုပ်ရှားရှား လုပ်မပြတော့ဘဲ ငြိမ်ငြိမ်နှင့် လင်းပြနေပြန်သည်။ နောက်မီးနီလေးနှစ်ပွင့်သည် 'အိပ်'သွားတော့၏။ အို… မီးနီကလေးနှစ်ပွင့် အိပ်သွားတော့ ကားကြီးကိုလည်း မမြင်ရတော့ပါလား။

သူ့မျက်နှာပေါ်၌ အပြုံးတစ်ခုလာ 'ခို'သေး၏။ သူ လမ်းလျှောက်နိုင်သေးသည်။ ဆက်လျှောက်၏။

ပထမတွင် လယ်ကွင်းတွေကို ကျော်ရင် လယ်ကွင်းတွေ မဲ့လာ၏။ ချောင်းတွေ မြောင်းတွေကို ကျော်ရင် ချောင်းတွေ မြောင်းတွေမဲ့လာ၏။ တောင်တန်းတွေကိုကျော်ရင် တောင်တန်းတွေ မဲ့လာ၏။ နောက်ဆုံး သစ်ပင်မဲ့၊ ငှက်မဲ့၊ ငှင်းအပြင် ကင်မရာ နှစ်လုံးမဲ့။

အံ့သလောက် မဲ့သော အဖြစ်တွင်ပင်။ 'ပုဆိုးပုခက်'တော့မမဲ့။ သူ၌ ပုဆိုးအဟောင်းတစ်ထည် အပိုပါသည်။ မဲ့ခြင်းခရီးသည်သည် အရှေ့ဘက် ကောင်းကင်အခြေအထိ လျှောက်ရင်း 'ကိုယ်ပိုင်ဟင်းလင်းပြင်'တစ်ခုကို ရရှိတော့၏။ ထိုဟင်းလင်းပြင်တွင် ဆက်လျှောက်ရင်း သူသည် သူ့သမဂ္ဂ၌ အရေးမကြီးသော အစက်အပြောက် တစ်ခုသဖွယ် ခေတ္တပျောက်ကွယ် သွားဦးမည်မှာ သေချာသည်။

သို့သော် တစ်ညည တစ်ချိန်ချိန် ပုဆိုးပုခက်ကလေး လွယ်ထားသူ တစ်ဦးဦး ကောင်းကင်ကြီးအား တွယ်တက်နေသည်ကို လူအများ မြင်ကြရငြားအံ့။ ထိုသူသည် အဘယ်သူမျှ မဖြစ်နိုင်။ အောင်ပင်လယ်က ကဗျာဆရာပင် ဖြစ်မည်။

သူက ပုဆိုးပုခက်ကို လ တက်ချိတ်ချင်လို့… တဲ့။

■

**ကိုငြိမ်း၊မန္တလေး၊**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၀၊ အောက်တိုဘာလ၊ ၁၉၉၄**

www.foreverspace.com.mm

www.foreverspace.com.mm

# ဘိသိက်ကျော်

**ဆူးငှက်**

“အဲသလိုနဲ့ ရတနာဂီရိ အရှင်နှ●ပါးရှေ့မှောက်
အာဘရွှာ●ား ●န်ဗေဒါ ကြီး ရောက်သွားတာကိုး
ဒီတင် သီပေါ်အရှင်က ဟဲ့ နင် မောင်လေးလားဟဲ့ လို့
မေးတယ်
မှန်လှပါ ဘုရား
ကျွန်တော်မျိုးဟာဖြင့် ဆရာဖေကြီး သားမောင်လေးပါ
ဘုရားလို့ ပြန်အလျှောက်
ကိုယ်တော်ကြီးက ဒါဖြင့် နင် ဒီကို ဘယ်လမ်း က
လာခဲ့သလဲဟဲ့လို့  အမေး ကျွန်တော်မျိုး “ရေရိုး’က
လာခဲ့တာပါဘုရားတဲ့
ဒီတင် သီပေါ်အရှင်က “ကိုင်း ရေရိုးက လာတဲ့အတွက်
နေမျိုးဗလကျော်သူ ဘွဲ့အပ်နှင်းေ●ဗျားဆိုပြီး
အဲသလို ဘွဲ့ချီးမြှင့်ခဲ့တာကိုးဗျ’
ပတ်မချောင်က ပတ်မကြီးကို “ဂျိ’ကနဲ မြည်အောင်
ဆို့ပေးလိုက်တယ်
ရွာပရိသတ်ကလည်း သဘောကျလွန်းလို့
“ဘိသိက်ကျော်’ကွလို့ ဩဘာပေးတဲ့ အထိ

www.foreverspace.com.mm

# ဘိသိက်ကျော်

**ဆူးငှက်**

တော်တော်ဆန်းတဲ့ ရွာကလေး။

တစ်ရွာလုံး ဒီပညာကို ဝါသနာပါလိုက်ပုံက စားလည်းဒီစိတ်၊ သွားလည်း ဒီစိတ်၊ ထယ်ထိုးလည်း ဒီစိတ်၊ ပေါင်းပေါက်လည်း ဒီစိတ်၊ ထန်းတက်လည်း ဒီစိတ်။

ကုန်ကုန် ပြောပါရစေဗျာ။ အိပ်တောင် ဒီစိတ်နဲ့မို့ အိပ်မက်ထဲထိ ပါနေဦးမှာ။ ရွာတင်လားဆိုတော့လည်း မဟုတ်ပေါင်။ အရှေ့ကျောင်းဘုန်းကြီး၊ အလယ်ကျောင်း ဘုန်းကြီး၊ အနောက်တိုင်း ဘုန်းကြီး မထူးပါဘူး။

ဟော… အခုလည်းကြည့်။ ကဆုန်လ ချမ်းသာကြီးပွဲမှ ပြီးကာရှိသေး။ ဝါဆိုမှာ အနောက်ကျောင်းက ဝါဆိုပန်းကပ်ပွဲ ထည့်ဦးမှာတဲ့။ အလယ်ကျောင်းက အုတ်တိုက်ရေစက်ချက တော်သလင်းမှာ စီစဉ်ပြီးသားနော်။ နောက်လတွေ၊ နောက်လတွေ ရှိသေးတယ်။ ရွှေတောင်ဦးပွဲ၊ ရွှေမြင်တင်ပွဲ၊ သိမ်တော်ပွဲ…တဲ့။

တပေါင်းလမှာလည်း အလှူက နှစ်လှူ။ ဒီတော့ ပြည်တော်သာကွင်းထဲက ဇာတ်စင်ကို အခိုင်အမာ ဆောက်ထားကြရပြီပေါ့။ အမြဲတမ်း ဇာတ်ရုံပေါ့လေ။ ဒီလောက် ပွဲတွေလမ်းတွေ များနေတော့ ပွဲငှားခ၊ ဇာတ်ငှားခနဲ့ နာလန်ထူပါ့မလားလို့ မေးဖို့ကောင်းပါတယ်။ ဟုတ်ကဲ့။ ဒီလောက် ပွဲများပေမယ့် ဘယ်ဇာတ်၊ ဘယ်အငြိမ့်၊ ဘယ်ဆိုင်းမှ ငှားစရာ မလိုဘူးခင်ဗျ။ ရွာလေးက အိမ်ခြေတစ်ရာကျော်ရှိပေမယ့် အရှေ့ရပ်၊ အနောက်ရပ်က ကွဲနေသေးတော့ အရပ်

www.foreverspace.com.mm



ဇာတ်က နှစ်ဇာတ်တောင် ရှိတာကလား။ ဒီတော့ ဘယ်ဇာတ်၊ ဘယ်အငြိမ့်မှ ငှားစရာ မလိုဘူးပေါ့။

ငှားစရာ မလိုဘူးဆိုတော့ မှသားပြောရာ ကျဦးမယ်။ မုံရွာက မင်းသမီး အုံးကျင်၊ အုံးခင် ညီအစ်မနဲ့ သူ့အဖေ မင်းသားကြီး သလ္လာစိန်တော့ ငှားရတယ်။ အုံးကျင်၊ အုံးခင်က နောက်ပိုင်းနဲ့ ပြဇာတ်အတွက် မင်းသမီးပေါ့။ သလ္လာစိန် ကတော့ ဇာတ်လေးဘာလေး စီပေးဖို့တင်ပါ။ ဒါပေမယ့် ကဆုန်ပွဲကတည်းက သလ္လာစိန် မလိုတော့ဘူး။ ရွာမှာက ဝါသနာပိုး အခံတင်မကဘူး၊ လေ့လာလိုက် စားမှုကလည်း အားကောင်း၊ ဘုန်းကြီး သုံးပါးစလုံးကလည်း ဝါသနာပါ၊ သွန်သင် ပြသဆိုတော့ ရွာက နှစ်ဇာတ်စလုံးက ဇာတ်ဆရာတွေက တော်ရုံတန်ရုံ ဇာတ် ဆရာ မင်းသားကြီးလောက်တော့ မမှုဘူး။

မနှစ် သိမ်တော် ဆွမ်းလောင်းပွဲတုန်းကပဲ ကြည့်လေ။ ဇာတ်အဖွင့် ပဏာမ စကားမှာ မင်းသားကြီး သလ္လာစိန်က…

'အဟမ်း… အဟမ်း ယနေ့ကြွလာ မိတ်သဟာ ချမ်းသာကိုယ်စိတ် မြဲပါစေ။ သဘင်သဘင်နဲ့ အမြင်လွယ်ပေမယ့် အဟုတ်ခက်တာကိုးဗျ' လောက် သင်ပြနေချိန်မှာ အရှေ့ရပ်ဇာတ် ဇာတ်ဆရာက လက်တန်းကောက်ထည့်ပြီး…

'အဟမ်း… အဟမ်း… သဘင်လာသမျှ၊ ပဏာသရုမှာဖြင့် ပညာ ကတော့ အရပ်သားတွေကိုဗျ။ အရပ်သားပေမယ့် မှတ်သားစရာ နည်းအဖုံဖုံ၊ ကဇာတ်၊ ပြဇာတ်၊ အော်ပရာအဆန်းတွေနဲ့ အရပ်ရပ် ကြော်ငြာကမ်းစရာတောင် မလိုပါဘူး။ ကြော်ငြာ ကမ်းစရာ မလိုတဲ့ သဘောမတော့။ အဆို၊ အပြော၊ အမူအရာသင်တာက ကိုတောလူ ဆရာတင်ပြီး မဟာသဘင် စာတင်လို့ ကကြ စို့ရဲ့' အစချီကာ ရွတ်သွားလိုက်တာကိုး။ ဒီတင် မင်းသားကြီး သလ္လာစိန်ကလည်း လက်မြှောက်သွားရတော့တာပေါ့။

ရွာကလူတွေက ဇာတ်ပညာတင်ပဲလားဆိုတော့ မဟုတ်ဘူး။ ဆိုင်း ကလည်း ရွာဆိုင်း။

အရပ်သား၊ ရွာသားဆိုင်းမို့ ပေါ့ပေါ့ မထင်နဲ့။ ကိုငွေစည်ကို မုံရွာ စိန်ရာထွန်းဆိုင်းကတောင် ခေါ်တာ။ ရွာသံယောဇဉ်နဲ့မို့ မလိုက်တာ။

ရွာဆိုင်းက စိန်ဗေဒါလက်ပေါက်၊ ဦးဟန်ပလက်ပေါက် အကုန် ရ တယ်။ ဧည့်ခံဆိုင်း၊ ဇာတ်ပို့ဆိုင်း အကုန်ရတယ်။ မရရှိရိုးလား။ ရွာသုံးကျောင်း စလုံးမှာက ဓာတ်စက်ရှိတယ်။ ကိုယ်ဖွင့်နားထောင်ချင်တဲ့ ဓာတ်ပြားဖွင့် နား

www.foreverspace.com.mm

ထောင်ရုံပဲ။ နားထောင်ပြီး ညကျ ဇရပ်ကွင်းမှာ တီးလုံးတိုက်ကြတာပေါ့။ အချိန်ပြည့် ဒီအလုပ်လုပ်နေတော့ မကောင်းဘဲ ရှိပါ့မလား။ ရွာက နှစ်ဆိုင်းစလုံးက လက်ကောင်းတွေချည်း။

အရှေ့ရပ်ဇာတ်က 'ပုလဲဒါရ'ဇာတ်ထုပ်ဆိုရင် အပိုင်ပဲ။ ဇော်ဂျီရဲ့ သမီးပျောက် အငိုလွမ်းဆို လက်မောင်းမ, မျက်ရည်တို့ ယူရသတဲ့။

'ခရီးကန္တာ သည်းထန်စွာဟိုက်၊ လက်ခြေအများ၊ မလှုပ်ရှား၊ ကျုပ်အားလှိုက်လို့၊ ရင်၌ဖိုဖို၊ သေမလိုဘဲ၊ ဖေလှဲလို့ငိုလိုက်ချင်'ဆိုင်ရင်ပဲ မျက်ရည်စို့လာကြပြီ။

အနောက်ရပ်ဇာတ်ကတော့ 'ကျောက်တံခါးသိုက် သမိုင်း'ဆို အပိုင်။ အဲဒီဇာတ်ထဲက ရသေ့လေပြည်ဆိုရင် ပရိသတ် ငြိမ်ကျသွားတာချည်းတဲ့။

'ကမ္ဘာတစောင်း ကမ္ဘူမြေ ပထဗျာ၌၊ သိကြားကျောင်းအမှု ဖွေရှာပြီးတော့ ဘုရားအလောင်း ယခု မနေပါဘူးရယ်လို့၊ သူ့မေဓာ မင်္ဂလာည်နှင်းမွေ့ရအောင် ဆုခြွေစရာ၊ တဖက်နရမ်း ရွှေလိုက်တော့'ဆိုတဲ့ လေပြည်ကို မုံရွာဇာတ်တစ်ဇာတ်ကတောင် ကူးယူသွားရသတဲ့။

အရှေ့ရပ်ဇာတ်၊ အနောက်ရပ်ဇာတ်က ရွာမှာ တစ်နှစ် လေးငါးခြောက်ပွဲဆိုတာ အနည်းဆုံး ကကြရတာ။ ဒါလည်း အားမရဘူး။ ရွာနီးချုပ်စပ်က တခြားရွာတွေမှာ ပွဲလမ်းရှိလို့ကတော့ ကိုယ့်လှည်းကိုယ်စီး၊ ကိုယ့်စရိတ် ကိုယ်စားပြီး အလကား သွားကကြတာပေါ့။ ရွာခံက ဇာတ်ခုံဆောက်ပြီး ကန်တော့ပွဲပေးရုံနဲ့ တာဝန်ကျေပြီလေ။

အမယ်··· အရပ်ဇာတ်တွေသာ ဖြစ်တာ။ ကိရိယာ တန်ဆာပလာက အပြည့်။ ဇာတ်ဆိုင်းက ပွတ်လုံးဝိုင်းနဲ့။ ပတ်မထမ်း နယားရုပ်နဲ့ အကျအန။ ဇာတ်စင်ကလည်း နဖူးစည်းနဲ့။ အဖွင့်ကတ္တီပါကားနဲ့။ တောကား၊ တောင်ကား၊ နန်းကား၊ တိုက်ကား၊ အိမ်ကား အစုံပါတယ်။ နတ်ခေါင်း၊ ဘီလူးခေါင်း၊ ဗြဟ္မာခေါင်း၊ ဓား၊ လှံ၊ သံလျက် အစုံရှိကြတယ်။ ရွာက အပျိုမလေးတွေဆို မေးကြည့်မနေနဲ့။ ရုပ်ကလေး အတော်အသင့်ရှိရင် လက်ထောက် မင်းသမီးသေချာတယ်။ အရုပ်ဆိုး အိုးကွဲတွေတောင် ယိမ်းသမ အနည်းဆုံးဖြစ်ပြီ။

ဩော်··· စီးပွားရေးကလည်း ကောင်းတာကိုး။ ယာပဲ လုပ်ရပေမယ့် ပဲကလည်း ရ၊ နှမ်းကလည်း ရ၊ ထန်းကလည်း ရနဲ့ လျှုဖို့တန်းဖို့ပဲ လုံးပန်းရုံရှိတော့ ဆိုဖို့၊ တီးဖို့၊ ကဖို့၊ ခုန်ဖို့ စီစဉ်ရုံပေါ့။ တစ်နှစ်မှာ တစ်သီးလောက်

www.foreverspace.com.mm



နဲ့ ထိုင်စားလို့ရတဲ့ အချိန်ကိုး။

ညပိုင်း လူကြီး လက်ဖက်ရည်ဝိုင်းကလည်း မောင်မောင်က ဘယ်လို၊ တင်မောင်က ဘယ့်နှယ့်၊ အခု နောက်တက် ကျော်အောင် အသံက တင်မောင် မီသဗျ။ အောင်ကျော်ညွှန့်နဲ့ ကျော်တင် ဘယ်သူ သာမလဲ။ ဒီစကားပဲ ပြောကြတာ။ ဇရပ်ကွင်းက လူငယ်ဝိုင်းကလည်း ရေဒီယိုကလာတဲ့ ခေတ်ရှင်သီချင်း၊ ခေတ်ပြားအသစ်ထုတ်တဲ့ ပြည်လှဖေသီချင်း။ ဦးဘမောင်ကြီး ဇာတ်ပို့က ဘယ်လိုနဲ့ စီစီညံနေတာ။

ရွာက ဇာတ်ဆရာတွေကလည်း ဇာတ်ထုပ်အသစ်ကိုလည်း ဘုတ်အုပ်တစ်အုပ်နဲ့ အမြဲ ရေးချွတ်နေတာ။ ငိုချင်းအသစ်၊ လေပြည်အသစ်၊ သီချင်းအသစ်နဲ့ နှစ်ဇာတ်စလုံး အသစ်ပြိုင်နေကြတာပေါ့။ ဖတ်ကြ၊ မှတ်ကြ၊ ရေးကြ၊ ချွတ်ကြ၊ ငြင်းကြ၊ ခုန်ကြနဲ့ ရာဇဝင်၊ သမိုင်း၊ နိပါတ်၊ ငါးရာ့ငါးဆယ်၊ ဘယ်ဘက်က စမ်းမလဲ။ လောကီ၊ လောကုတ္တရာ အကုန်ရတယ်။ အရပ်ဇာတ် ဆရာတွေကလည်း ခေသူတွေမှ မဟုတ်တာ။ သဒ္ဒါ၊ သင်္ဂြိုဟ် အကုန်ပြီးပြီးသား။ လူပျိုတော်တွေချည်းကိုး။

ဒီလို လူတော်တွေရှိတော့ လူငယ်လေးတွေမှာလည်း အသိတွေတိုးလို့။ မြို့ဝေး၊ ရပ်ဝေးပေမယ့် ဗဟုသုတ အတော်စုံကြတယ်။ ဘုန်းကြီးကျောင်းတွေကလည်း မြို့က လက်လှမ်းမီသမျှ စာအုပ်စာတမ်းတွေ ဝယ်ပေးထားတယ်။ ဂန္ထလောက၊ ကြီးပွားရေး၊ ဒဂုန်ကအစ မဟာဆွေ၊ မြမျိုးလွင်၊ မြစကြာအဆုံး ဖတ်လို့၊ မှတ်လို့ရတယ်။

မုံရွာမင်းသမီး အုံးကျင်၊ အုံးချင် ညီအစ်မဆို ရွာသူတွေဖြစ်လို့ ရွာက ပြန်ရတယ်မရှိတာ။ ရွာကလည်း စောင့်ရှောက်တယ်။ လေးစားတယ်။ ပြီးတော့ ရှိသေးတယ်။ ရွာက ပြဇာတ်မင်းသား။

သူက မုံရွာမှာ အတန်းကျောင်း နေဖူးတယ်။ ဆုံးအောင်တော့ မနေလိုက်ရဘူး။ မြို့အရောက်အပေါက် များတယ်။ ခေတ်ရှင်တွေ အကြည့်များတော့ ခေတ်ရှင်မင်းသား အိုက်တင်၊ ခေတ်ရှင် သီချင်းတွေ အစုံရတာပေါ့။ သူကလည်း အတန်းကျောင်းသာ မပြီးသာ၊ မြို့ကမင်းသားတွေလို ရှေ့မှာ တက္ကသိုလ်ဆိုတဲ့ နာမည်နဲ့။

ပြဇာတ်မင်းသား တက္ကသိုလ်ရွှေတင် တဲ့။

သူ့ပညာကလည်း မသေးဘူး။ ခေတ်သီချင်းအစုံရတော့ မုံရွာဇာတ်

www.foreverspace.com.mm

က တစ်ခါတစ်ခါ ခြေကောက်ခေါ်သေးတယ်။ သူ ကချင်ပုံကလည်း ပြောစမှတ်ပါပဲ။ ရွာမှာလည်း ဒီလောက် က,ရ။ မုံရွာလည်း လိုက် က,ရနဲ့ မနားရတဲ့ကြားက အလယ်ကျောင်းဘုန်းကြီး ဦးသံဝရ နှာစေးချောင်းဆိုးဖြစ်လို့ ဆွမ်းခံမထွက်နိုင်တာ တစ်ပတ်လောက်လည်းကြာရော ပါးစပ်က 'ဗေထီ၊ ဗေထီ'နဲ့ မြည်နေပြီ။ ပြီးတော့ အရှေ့ကွင်းက ကောင်မလေးတွေကို တိတ်တိတ်လေးစုပြီး လှေလှော်သံသီချင်း သင်ပေးနေလို့ လူကြီးတွေက မသင့်တော်ပါဘူးဆိုပြီး တားထားရတယ်။

ဒီရွာလေးရဲ့ ရာဇဝင်က အရင် အဲဒီလို…

❑

အခုတော့ ရွာမရောက်တာကြာပြီ။ ဆွေမျိုးသားချင်းတွေကလည်း မရှိတော့ဘူး။ အတော်များများကလည်း မျက်စိပွင့်ကုန်ပြီး မုံရွာရောက်၊ မန္တလေးရောက်၊ ရန်ကုန်ရောက် ဖြစ်ကုန်ပြီ။

ဒီနှစ်နွေမှာတော့ မရောက်တာလည်း ကြာ၊ ဦးလေးဝမ်းကွဲတစ်ယောက်က လှူမှာဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ဖြစ်တာပေါ့။

ရွာက အတော်တော့ ပြောင်းလဲနေပါပြီ။ ငယ်ငယ်တုန်းက မြင်ဖူးတဲ့ ဆင်ဝင်ခလောက်ဆွဲနဲ့ အိမ်ကြီးတွေ မရှိတော့ဘူး။ အဲဒီအိမ်ကြီးတွေနေရာမှာ ခြေတံရှည်အိမ်လေးတွေ။ မြင့်မြင့်မားမား နှစ်ထပ်အိမ်ဆိုလို့ လေးငါးအိမ်လောက်ရှိတော့မှာ။ ဘုန်းကြီးကျောင်းကြီးတွေကလည်း ကျောင်းအိုကြီးတွေ ဖြစ်လို့။ ဘုန်းကြီးကျောင်းက စာအုပ်တွေထားတဲ့ စာတိုက်ဗီရိုကြီးတွေကလည်း ဟောင်းလောင်း။ အဖြူအမည်း တီဗီလေးတော့ ရှိရဲ့။

အလှူဝင်မယ့်နေ့ရောက်တော့ အသံချဲ့စက်က ဟဲလို၊ ဟဲလို၊ တက်စတင် ဝမ်း၊ တူး၊ သရီးဆိုတဲ့ အသံနဲ့အတူ ကျွီကျွီ၊ ကွမ်ကွမ် အသံကြားလို့ မဏ္ဍပ်ထဲ သွားကြည့်တော့ ရွာတီးဝိုင်းက အသံညှိနေတာကိုး။ ရွာတီးဝိုင်းဆိုပေမယ့် ကက်ဆီယိုအော်ဂင်လေးတစ်လုံး၊ ဒိုးချောင်းနဲ့ အုပ်စုံပဲ ပါတာပါ။ ရွာက ကောင်လေးတွေ မေးမြန်းကြည့်တော့ ပတ်ဝိုင်းနိုင်သူ၊ နှဲနိုင်သူ မပြောနဲ့ ဒိုးတောင် ကောင်းကောင်းတီးတတ်တဲ့သူ မရှိတော့ဘူးတဲ့။ အခု ဒိုးဆရာကို သာရိးကုန်းက ခေါ်ထားရတာတဲ့။ မုံရွာမှာ ဆယ်တန်းထိ နေဖူးတဲ့ ကောင်လေးက ကက်စီယို နှိပ်တတ်တယ်။ ဒါလည်း တောင်တစ်လုံး မြောက်တစ်လုံး။

ညပိုင်း မဏ္ဍပ်ဝင် ဧည့်ခံတီးတော့ အသံထွက်ရုံပါပဲ။ နားငြီးရုံပါပဲ။

www.foreverspace.com.mm



စည်တိုလေးလုံးက ဒုံးဒုံးဒိုင်းဒိုင်းနှက်ပြီး ဘာသီချင်းတွေမှန်း မသိတော့ဘူး။ ရွာက ကွမ်းတောင်ကိုင်တွေက တက်ကကြွတာလည်း တစ်ယောက်တစ်ပေါက်။

ခရီးကလည်း ပန်းတာနဲ့ စောစောဝင်အိပ်လိုက်တာ ကံကောင်းတယ် ပြောရမယ်။

မနက် အလှူစည့်ခံဖို့လည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါပေမယ့် ကြိတ်မှိတ်ပြီး ဝင့်ခံရုံပေါ့။ ဒီလိုနဲ့ မွန်းတည့်လောက်ရောက်တော့ ဘိသိက်သွန်း မှာတဲ့။ မုံရွာဘိသိက်လား၊ အုန်းတော ဘိသိက်လားဆိုတော့။ မဟုတ်ဘူး။ ဆရာ ကျော် ဘိသိက်တဲ့။ ဆရာကျော်ဆိုတာ ဒီရွာသားတဲ့။ မသိဘူးလား၊ ဦးလဒင်သား ဆန်းကျော်လေးဆိုမှ မှတ်မိတော့တယ်။ ဘယ့်နှယ့် ဆန်းကျော်က ဒီလိုင်းရောက် သွားရတာလဲလို့ မေးကြည့်တော့...

ရွာကနေ ပေါက်ပေါက်ရောက်ရောက် ဖြစ်ပြီး မြို့ရောက်ရောတဲ့။ လေကလည်း ကောင်း၊ လူရာလည်း ဝင်၊ အပေါင်းအသင်းလည်း ဆုံသမို့လား။ ရွာမှာက စာလေးပေလေး တီးခေါက်နိုင်တာ သူပဲရှိတော့ ဟိုပွဲ၊ ဒီပွဲ သူ့ရှေ့တန်း တင်ရတာတဲ့။

ဗေဒင်လေး တွက်ချက်ပြီး အခါပေး၊ စာလေး ရေးချွတ်ပြီး ဩဘာ စာဖတ်နဲ့ဆိုတော့ ဒီအလုပ်ထဲ ရောက်မှန်းမသိ ရောက်သွားတာဆိုကိုး။

ဘာပဲပြောပြော ရွာရဲ့အစဉ်အလာ မပျက်လို့၊ မျိုးရိုးမကောလို့ ဝမ်းသာ ရတာပေ့ါ။ ဒီလို အစဉ်အလာ၊ ဒီလိုအဆက်နွယ်က မတိမ်ကောကောင်းဘူး မဟုတ်လား။

ဒါနဲ့ ဘိသိက်ချိန်ရောက်တော့ သံဃာစင်ပေါ် ဝင်ထိုင်ပြီး ကိုယ့်ရွာ ဘိသိက် အစချီ ရွတ်ဆိုပြီး...

'ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာ၊ ထန်းစွာနိမိတ်၊ ရွှန်းသဒ္ဒါစိတ်နှင့် အသ ဒိဿအလှူ၊ စိတ်ကယူ၍၊ ပူဇော်ဘဂဝါ၊ သာသနာ၊ ဓမ္မာနုဂ္ဂဟာ၊ ချီးမြှင့်ခြင်းအခါ ကျသောကြောင့်၊ ရတနာအလှ၊ သားချစ်စရာ၊ ပါးရှစ်ဖြာ၊ ပရိက္ခရာအစုံနှင့်၊ စိတ်သဒ္ဒါဟုန်၊ မနောပွားပြီးလျှင်' ဘာညာ စအရှိတဲ့ ကျက်ထားတဲ့ စာတွေ ကြက်တူရွေးလို တတွတ်တွတ် ရွတ်တော့တာပါ။

ဘုရားကန်တော့၊ တရားကန်တော့၊ သံဃာကန်တော့၊ မိဘကန်တော့၊ ဆရာသမား အဘိုးအဘွား ကန်တော့ပြီး နတ်ပင့်နတ်နှင်၊ သမားစဉ်အတိုင်း လုပ်သွားနိုင်တယ်။ အသံ ကီးမကိုက်လှပေမယ့် အော်ဂင် ကက်စီယိုကောင်လေး

www.foreverspace.com.mm

ကလည်း အပို့အထောက် မဆိုးလှဘူး။

နောက်တော့ ခြေမန်း၊ ကွင်းစွပ်၊ မင်္ဂလာ ထမင်းခွန့်ခန်းရောက်တော့ သမိုင်း၊ ရာဇဝင်၊ စာစကား ပေစကား ပြောရတာကိုး။ အဲဒီတင် ဇာတိပေါ်တော့ တာပဲ။

'အဲသလိုနဲ့ ရတနာဂီရိ အရှင်နှစ်ပါးရှေ့မှောက်၊ အဘရှာစား စိန်ဗေဒါ ကြီး ရောက်သွားတာကိုး။ ဒီတင် သီပေါအရှင်က ဟဲ့··· နင် မောင်လေးလားဟဲ့ လို့ မေးတယ်။ မှန်လှပါ ဘုရား၊ ကျွန်တော်မျိုးဟာဖြင့် ဆရာဖေကြီး သားမောင် လေးပါ ဘုရားလို့ ပြန်အလျှောက် ကိုယ်တော်ကြီးက ဒါဖြင့် နင် ဒီကို ဘယ်လမ်း က လာခဲ့သလဲဟဲ့လို့ အမေး ကျွန်တော်မျိုး 'ရေရိုး'က လာခဲ့တာပါဘုရား တဲ့။ ဒီတင် သီပေါအရှင်က 'ကိုင်း ရေရိုးက လာတဲ့အတွက် နေမျိုးဗလကျော်သူ ဘွဲ့အပ်နှင်းစေဗျားဆိုပြီး အဲသလို ဘွဲ့ချီးမြှင့်ခဲ့တာကိုးဗျ'

ပတ်မချောင်က ပတ်မကြီးကို 'ဂျိ'ကနဲ မြည်အောင် ဆို့ပေးလိုက်တယ်။ ရှာပရိသတ်ကလည်း သဘောကျလွန်းလို့ 'ဘိသိက်ကျော်'ကွလို့ သြဘာပေးတဲ့ အထိ။

အင်း··· ဆန်းကျော်၊ ဆန်းကျော် အတော်ဟုတ်နေပါလား။ ဆန်းကျော် စကားတော့ တစ်ရှာလုံးက အဟုတ်မှတ်ကြတော့ မှာပါကလား။ ဘယ့်နှယ့် စိန်ဗေဒါကြီး 'နေမျိုးဗလ'ဘွဲ့ရတာ 'ရေရိုး'က လာလို့တဲ့။ သူ ပြောပုံဆိုပုံအရ စိန်ဗေဒါကြီး ကလေးတမူးလမ်းကသွားရင် ဘာဘွဲ့မှ ရပုံမပေါ်ဘူး။

ဒါလို တောင်ရောက်မြောက်ရောက်နဲ့ ဘိသိက်ခန်း ပြီးသွားတယ်။ ရှာ ပရိသတ်က ကြိုက်လိုက်ကြတာ။ ဘုန်းကြီးကအစ ကွမ်းတမြုံ့မြုံ့နဲ့ ကျေနပ် လို့။

ဒါနဲ့ အဲဒီညရောက်လို့ ဆန်းကျော်နဲ့တွေ့တော့ မင်း အရင်က ဒီအလုပ် မဟုတ်ပါဘူး။ (------)လုပ်နေတာဆို၊ အခု ဘယ့်နှယ့် ဘိသိက်ဆရာ ဖြစ် သွားတာလဲဆိုတော့ အင်းမလှုပ်၊ အဲမလှုပ်နဲ့ ဒီလိုပါပဲကွာတဲ့။ အေး လုပ်မယ့် လုပ်လည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် လုပ်ကွာ။ မင်းအဘိုး ဦးတော လူကဖြင့် မုံရွာမင်းသားကြီး သလ္လာစိန် လက်လန်အောင် စာတတ်ခဲ့တာမောင်။ မင်းကျမှ ပေါက်တတ်ကရတွေ ပြောလုပ်မနေနဲ့။ စာဖတ်ဦးကွလို့ ပြောမိတယ်။

ဆန်းကျော်က 'ငါ့လိုပါပဲကွာ၊ မြို့ကလူတွေလည်း ဒီလိုပြောဟောစား နေကြတာပါ။ တတ်လို့ရယ် မဟုတ်ပါဘူး။ ဟော··· သီချင်းကျတော့လည်း

www.foreverspace.com.mm



စွယ်တော်ကြီးရယ်၊ အောင်စေပိုင်စေရယ် ရရင်ပြီးပြီ။ ခေတ်သီချင်းထဲက ရတနာပုံနဲ့ မြနန္ဒာ'လို့ ပြန်ပြောတယ်။

ကက်စီယိုတီးတဲ့ ကောင်လေးကလည်း 'ဟုတ်တယ် ဦးလေးရ'လို့ အားတက်သရော ထောက်ခံတယ်။

အဲဒီနေ့က ရွာမှာ 'ဘိသိက်ကျော်' ကောင်းချက်ကတော့ ပြောမဆုံးကြဘူး။

သူ့အရပ်နဲ့ သူ့ဇာတ်တော့ ဟပ်လို့။

■

**ဆူးငှက်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၁၊ နိုဝင်ဘာ၊ ၁၉၉၄**

www.foreverspace.com.mm

# ခဲတံနှင့်လူ

**နီသွေး**

ခဲတံသည် သူ့အား မိခင်နှင့်ညီဖြစ်သူတို့၏ ချစ်ခြင်းမေတ္တာကို ရပ်ဆိုင်းသွားစေသည်လား

အမှန်စင်စစ် ခဲတံမှာ ခဲတံသာဖြစ်၏

ဘာမှမပြောင်းလဲ

သူ့အဆင်းအင်္ဂါရုပ်နှင့် သူပဲ ဖြစ်သည်

ပြောင်းလဲသွားသည်မှာ သူ့အမေ၊ သူ့ညီလေးနှင့်

သူ့ပတ်ဝန်းကျင်သာ ဖြစ်သည်

www.foreverspace.com.mm

# ခဲတံနှင့်လူ

## နီမေသွေး

၁။

ချွန်မြနေသော ခဲတံကို ကြည့်ရင်းက သူ့မျက်ဝန်းတွင် မျက်ရည်များ စီးကျနေသည်။ ခဲတံကတော့ ဗလာစာအုပ်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။ တကယ်တော့ ခဲတံတွင် အပြစ်မရှိကြောင်း သူ ကောင်းစွာ သိသည်။ ခဲတံသည် သက်မဲ့ရုပ်ဝတ္ထုတစ်ခုဖြစ်ပြီး သူ ကျောင်းစာများ ရေးသားရာတွင် ကူညီပေးနိုင်ရန်အတွက် နေ့လယ်ကမှ သူ့ထံသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ခဲတံ သူ့လက်ထဲ ရောက်လာချိန်မှစပြီး ပြဿနာတက်တော့သည်။ ထိုခဲတံမှာ သူ ဝယ်လာခြင်းမဟုတ်။ အမျိုးသမီးကြီးတစ်ဦးက လက်ဆောင်ပေးလိုက်၍ ရလာခြင်း ဖြစ်သည်။ ခဲတံရလာခြင်းသည် ညီအစ်ကိုနှစ်ယောက်အတွက် အဖုအထစ် အကျိတ်အခဲတွေ ဖြစ်လာစေသည်။ စကားများ ရန်ဖြစ်ကြသည်။ ညီညီ့ကို သူ လက်သီးဖြင့် ထိုးလိုက်သည်။ ထိုအပြစ်အတွက် ညနေကျောင်းဆင်း၍ ကျောင်းပြန်ရောက်သောအခါ မိခင်ဖြစ်သူ၏ ရိုက်နှက်မှုကို ခံရသည်။ ထိုအခါ သူ ဝမ်းနည်း၍ မျက်ရည်ကျရသည်။ ထိုအဖြစ်တွေကို ခဲတံက ဘာမှမသိ။ ထိုကိစ္စနှင့်ပတ်သက်၍ ‘ဒါက ဒီလိုရှိတယ်ကွ’ဟု သူ့ကို မပြော။ သူ စိတ်ညစ်စွာဖြင့် ခေါင်းကိုကုတ်လိုက်သည်။ ခဲတံသည် သူ့အတွက် အဖော်မွန်လား၊ ဒါမှမဟုတ် သူတို့ မိသားစု၏ စားဝတ်နေရေးလား။ ညီအစ်ကိုနှစ်ယောက်၏ ချစ်ခင်မှုကို အဝေးသို့ လွှင့်ထုတ်ပစ်ခဲ့သည့် သက်မဲ့ပစ္စည်းလား စိတ်ထဲမှာ မေးခွန်းတွေ ကုဋေကုဋာ။

www.foreverspace.com.mm

၂။

သူတို့ညီအစ်ကိုနှစ်ယောက် ရပ်ကွက်ထဲက အစိုးရမူလတန်းကျောင်းလေး တစ်ကျောင်းမှာ ပညာသင်ကြသည်။ သူက စတုတ္ထတန်း၊ ညီညီက ပထမတန်း။ သူတို့ညီအစ်ကိုတွင် ဖခင်မရှိတော့။ မိခင်ဖြစ်သူ ခေါက်မုန့်လုပ်ရောင်း၍ ရသောငွေကြေးဖြင့် ချို့ချို့ငဲ့ငဲ့ ကျောင်းတက်ကြရသည်။ သူတို့မိသားစု နေထိုင်ရာ ရပ်ကွက်ကလေးတွင် ကိုယ်ပိုင်ကားစီး၍ ကျောင်းတက်၊ ကျောင်းဆင်းလာကြိုနိုင်သော ကြေးရတတ် လူတန်းစား သိပ်မရှိလှ။ လက်လုပ်လက်စားနှင့် အလုပ်ကြမ်းသမားများ နေထိုင်ရာ ရပ်ကွက်လေးသာ ဖြစ်သည်။

ဆိုတော့ရင် ကျောင်းသူ၊ ကျောင်းသား အများစုသည် သူလိုကိုယ်လိုပင် ကျောင်းဝတ်စုံမှအစ ကျောင်းသုံးစာအုပ် အဆုံး အကုန်လုံး ပြီးပြည့်စုံသည်ဟူ၍ သိပ်မရှိကြ။ သူတို့ညီအစ်ကိုနှစ်ယောက်တွင်လည်း လိုအပ်တာလေး တစ်ခုရှိနေသည်။ ဒါက အခြားမဟုတ်။ ခဲတံဖြစ်၏။

မိခင်၏ နေ့စဉ်ဝင်ငွေ မမှန်ကန်မှုကြောင့် ခဲတံကိုယ်စီ မရှိကြ။ ခဲတံတစ်ချောင်း၏တန်ဖိုးမှာ မပြောပသော်လည်း နေ့စဉ် ပါးစပ်လှုပ်နိုင်ရေးကို အဓိက ထားဖြေရှင်းနေရသဖြင့် သူက မည်သို့ပင် ပူဆာပါသော်လည်း ဝယ်ပေးမည်ဟူသော စကားတစ်ခွန်းသည် ယခုအချိန်အထိ အကောင်အထည် မဖော်နိုင်သေးပေ။

၃။

တစ်နေ့။ ထုံးစံအတိုင်း ညီညီ ကျောင်းဆင်းအလာကို ကျောင်းတံခါးပေါက်က စောင့်နေချိန်တွင် အမျိုးသမီးတစ်ဦး သူ့အနားသို့ ရောက်လာပြီး ‘မင်း ဘယ်သူ့ကို စောင့်နေတာလဲ’ တဲ့။ သူက ညီဖြစ်သူအား စောင့်နေကြောင်း ပြောရာ ထိုအမျိုးသမီးကြီးက ‘ရော့… မင်းအတွက် အဒေါ် ဝယ်လာတာ၊ ယူပါ’ တဲ့လေ။

အစကတော့ သူ လက်တွန့်နေမိသည်။ ‘မယူပါရစေနဲ့’ ဟု သူ ပြောသည်။ အမျိုးသမီးကြီးက ခဲတံကို အတင်းပေးသည်။ သူက ခေါင်းကို တွင်တွင်ခါသည်။ သိပ်ကြာကြာတော့ မဟုတ်။ ခဏလေးပင် ဖြစ်သည်။ သည်လိုနှင့် ခွေးတံဆိပ်ခဲတံတစ်ချောင်း သူ့လက်ထဲသို့ ရောက်လာသည်။ ထိုအမျိုးသမီးကြီးကို ကျေးဇူးတင်သည်ထက် သူ့တွင် လိုအပ်နေသည့်အရာ ဝတ္ထုတစ်ခုကို သိနိုင်စွမ်းသည့် အချက်ကြောင့် ပို၍ အံ့အားသင့်မိသည်။ အမှန်အတိုင်း ပြောရပါလျှင် စားဝတ်နေရေးအတွက် အဓိက ထားနေရသော မိခင်၏ နေရာမှဝင်၍ ကူညီဖြေရှင်းပေးခဲ့သော အမျိုးသမီးကြီးကို ကြည့်ကာ သူ ဝမ်းသာပီတိဖြစ်မိသည်။

www.foreverspace.com.mm

သူသည် နိုင်ငံခြားမှလာသော ခွေးတံဆိပ်ခဲတံအသစ်တစ်ချောင်းနှင့် မိတ်ဆွေဖြစ်သွားတော့သည်။

ပြဿနာက ထိုအချိန်မှစ၍ ဆိုင်းမဆင့်၊ ဗုံမဆင့်ဘဲ သူ့ထံ ရောက်ရှိလာတော့သည်။ အမျိုးသမီးကြီးတစ်ယောက်က သူ့အား ခဲတံအသစ်တစ်ချောင်း ပေးနေသည်ကို သူ့ဘေးတွင် ရပ်နေသော ညီညီက မြင်သွားသည်။ 'ကိုကို အဲဒီခဲတံအသစ်ကလေး ညီညီ့ကို ပေးနော်' ဟု ပြောလာသည်။ သူက နောက်ရက်တွေမှာ တစ်ယောက်တစ်လှည့်စီ ရေးကြရန်ပြောသည်။ ညီညီက လက်မခံ။ သူ့လက်တွင် ရောက်ရှိနေသော ခဲတံကို အတင်းလုသည်။ သူက ခဲတံကို လက်နှင့်တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး 'ညီညီနော်၊ ဒီလိုမလုပ်နဲ့။ ဒီခဲတံက မင်းနဲ့ ဘာမှမဆိုင်ဘူး။ ကိုကို့ကို ဟိုအဒေါ်ကြီးက ပေးသွားတာ' ဟု ပြောပြောဆိုဆို ကျောင်းသားလေးတစ်ယောက်ကို လက်မှဆွဲလျက် သူတို့အား ကျောခိုင်းကာ လမ်းမကြီးဘက်ဆီသို့ ထွက်ခွာသွားသော အမျိုးသမီးကြီးအား လက်ညှိုးညွှန်ပြလိုက်သည်။ ညီညီက ပြော၍မရ။ သူ့အား ခဲတံအတိုလေးကို ထုတ်ပေးပြီး သူ့လက်ထဲမှ ခဲတံကို အတင်းလုယူသည်။ သူ့လက်သီးသည် ဘယ်အချိန်က လှုပ်ရှားသည်မသိ။ ညီညီ့မျက်နှာပေါ်သို့ လွှမ်းမိုးသွားသည်။ ညီညီသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ သူ့အပါးမှ ပြေးထွက်သွားသည်။ လှမ်းအော်ခေါ်သော်လည်း သူ့အား လှည့်မကြည့်တော့။

ကျောင်းတက် ခေါင်းလောင်းထိုး၍ အတန်းထဲသို့ ရောက်သောအခါ သူတို့မိသားစုအကြောင်းကို သိနေသော သူငယ်ချင်းများက တအံ့တသြ ကြည့်ကြသည်။ ကိုကိုအောင်တို့က ခဲတံအသစ်နဲ့ ဘာနဲ့တဲ့။ တချို့က မင်းတို့အမေဝယ်ပေးတာလားတဲ့။ သူ ဘာပြန်ဖြေရမည် မသိ။ 'ဘာကိစ္စ စပ်စုရတာလဲ သူငယ်ချင်းတို့' ဟု သူ မေးလိုက်ချင်သည်။ နှုတ်က ပွင့်ထွက်မလာ။ သူငယ်ချင်းတစ်ယောက်က ခဲတံအသစ်ကို တောင်း၍ ထိုခဲတံမှခဲဖျက်ဖြင့် သူ၏ မှားနေသောစာများကို တစ်အားကြီး ဖိဖျက်သည်။ တစ်ယောက်က သူ့ခဲတံကို ယူ၍ ပုံဆွဲပြန်သည်။ ခဲသွားကျိုးသောအခါ ချွန်စက်ဖြင့် ခဲတံကို ချွန်နေပြန်သည်။

ဘာပဲဖြစ်ဖြစ် ခဲတံ သူ့လက်ထဲရောက်လာမှ စိတ်ညစ်စရာတွေချည်းဖြစ်နေသည်။ ခဲတံကတော့ ဘာမှ မသိသလိုပင်။ သူ့လက်ချောင်းများ၏ လှုပ်ရှားမှုအတိုင်း ဗလာစာအုပ်မျဉ်းကြောင်းတွေပေါ်မှာ ပြေးလွှားနေသည်။ ကျောင်းသင်ခန်းစာများကို သူနှင့်အတူ ကူညီရေးခြစ်နေသည်။

www.foreverspace.com.mm



မည်သို့ပင် စာသင်နေရသော်လည်း နေ့လယ် ကျောင်းမတက်မီအချိန်က ညီညီနှင့် ဖြစ်ခဲ့သော ပြဿနာ အရိပ်မည်းတို့က သူ့ဘေးမှနေ၍ ခြောက်လှန့်နေသည်ဟု ထင်ရသည်။ စာရေးနေရင်းက ခဲတံကို သူ သေချာစွာစိုက်ကြည့်မိသည်။ ခဲတံသည် သူ့ကို အရေးတယူ လုပ်မနေ။ သူ့တာဝန် သူ ထမ်းဆောင်နေကြောင်းကိုသာ ပြသည်။ အိမ်ရောက်လျှင် သူ ရင်ဆိုင်ရမည့် ပြဿနာတွေကို သူ့လို အရေးထားပုံ မရကြောင်း သူ သဘောပေါက်သည်။

ခဲတံမှာ အပြစ်မရှိဘူးဆိုတာ သူ နားလည်နေသော်လည်း အပြစ်မရှိသော ခဲတံကြောင့် သူ အပြစ်ရတော့မည်ကိုတွေး၍ သက်ပြင်းတွေ ချမိသည်။

၄။

ကျောင်းဆင်းသောအခါ လေးတွဲသော ခြေလှမ်းများဖြင့် သူ အိမ်သို့ ပြန်လာခဲ့သည်။ အမေ့ကိုတွေ့သောအခါ ယခင်ရက်များကလို 'သားကြီး၊ ကျောင်းက ပြန်လာပြီလား' ဟု မမေး။ ညီညီ့ကို တွေ့သော်လည်း မကျေနပ်သော မျက်လုံးတွေဖြင့် သူ့ကို စူးစိုက်ကြည့်နေသည်။ အကယ်၍ ညီညီသည် နဂါးတစ်ကောင် ဖြစ်နေပါမူ ဤနေရာတွင်ပင် သူ ပြာအတိ ဖြစ်သွားနိုင်သည်။

'ကိုကိုအောင် လာဦး' ဟု ခေါ်လိုက်သော အမေ့အသံကို ကြားလိုက်ရသည်မှာ မိုးခြိမ်းသံထက်ပင် ဆိုးလိမ့်ဦးမည်ဟု သူ ထင်သည်။ အိမ်ပေါ်သို့ သူ တက်သွားသည်။ အမေ့ရှေ့တွင် လက်ပိုက်၍ ရပ်လိုက်သည်။ 'မင်းမှာ အပြစ်ရှိလား' ဟု မဦးမချွတ် မေးလိုက်သော အမေ့ကို ပြန်၍ 'သား ရှင်းပြပါရစေဦး အမေ' ဟု စောဒကမတက်လိုတော့။ နေ့လယ်က အဖြစ်အပျက်တွေကို ညီညီသည် သူ့ထက်အရင် မိခင်ကို တိုင်ထားပေလိမ့်မည်။ 'ဟုတ်ကဲ့' ဟု ပြော၍ ခေါင်းကို ငုံ့ထားလိုက်သည်။ ဝါးခြမ်းပြားနှင့် သူ့ကျောပြင်ကို ဖက်လှဲတကင်း မိတ်ဆက်ကြသည်။ အံကိုကြိတ်ထားသော်လည်း မျက်ရည်တို့က ပါးပြင်ထက်သို့ တသွင်သွင် စီးကျနေသည်။ မိခင်အား ဘာမှမရှင်းပြလိုပါ။ 'နောက်ကို မှတ်ထား။ ကိုယ့်ထက်ငယ်တဲ့သူကို အနိုင်ကျင့်ရင် ဒီထက်ပိုဆိုးမယ်၊ သွားတော့' ဟု ပြောလိုက်တော့ အမေ့စကားသံအဆုံးတွင် အခန်းထဲသို့ဝင်၍ ငိုပစ်လိုက်သည်။

ငိုနေရင်းက လွယ်အိတ်ထဲမှ ခဲတံကို ထုတ်ယူကြည့်မိသည်။ 'မင်းကြောင့်' ဟု သူ ပြောသောအခါ 'ငါနဲ့ ဘာဆိုင်လို့လဲ၊ မင်းတို့ညီအစ်ကို ဖြစ်တဲ့ကိစ္စတွေ ငါ့ကို လာမပြောနဲ့' ဟု ခဲတံက ပြန်ပြောမည်အထင်နှင့် သူ ကြည့်သေးသည်။ ဟုတ်ပါပြီ။ ခဲတံက သည်အတိုင်းပဲ၊ ရေငုံနှုတ်ပိတ်နေမည့်

www.foreverspace.com.mm



ပစ္စည်းဆိုတော့ သူ ဘာမှမပြောတော့။ ခဲတံကို စာကြည့်ခုံလေးပေါ်သို့ တင်ထားလိုက်သည်။

နောက်တစ်နေ့ ကျောင်းသွားချိန်အထိ အမေက သူ့ကို စကားမပြော။ မနေ့က ကိစ္စကို မကျေနပ်သေးကြောင်း သက်သေပြလိုက်ခြင်း ဖြစ်ဟန်တူသည်။ ညီညီကတော့ သူ့ကို ခပ်ရှောင်ရှောင် လုပ်နေသည်။ မနေ့က အမေဈေးသို့သွား၍ ညီညီ့အတွက် ခဲတံအသစ်တစ်ချောင်း ဝယ်ပေးထားပုံရသည်။ ညီညီသည် ခဲတံကို ဘရိတ်ဓားနှင့် ချွန်နေသည်။ မည်သူကမျှ အခေါ်အပြောမလုပ်သောအခါ သူ စိတ်ညစ်လာသည်။

ခဲတံသည် သူ့ကို အရောင်ဝင်းလက်စေသည်လား၊ အချို့သော သူငယ်ချင်းတို့၏ အထင်ကြီးစိတ်များ ပေါ်ပေါက်စေသည်လား၊ သို့မဟုတ် ခဲတံသည် သူ့အား မိခင်နှင့်ညီဖြစ်သူတို့၏ ချစ်ခြင်းမေတ္တာကို ရပ်ဆိုင်းသွားစေသည်လား။ အမှန်စင်စစ် ခဲတံမှာ ခဲတံသာဖြစ်၏။ ဘာမှမပြောင်းလဲ။ သူ့အဆင်းအင်္ဂါရပ်နှင့် သူပဲ ဖြစ်သည်။ ပြောင်းလဲသွားသည်မှာ သူ့အမေ၊ သူ့ညီလေးနှင့် သူ့ပတ်ဝန်းကျင်သာ ဖြစ်သည်။ သူ စာကြည့်ခုံလေးရှိရာသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။

ခဲတံသည် စာကြည့်ခုံပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။ မည်သူ့ကိုမှလည်း ချေပရှင်းလင်းရန် အကြံမပေး။ သူ ကျောင်းတက်လျှင် သူနှင့်အတူ ကျောင်းသင်ခန်းစာများ ရေးမှတ်ပေးရန်အတွက် အားမွေးနေပုံရသည်။ သူ့ကို ဒုက္ခမပေး။ အထူးသဖြင့် သူ့ကို နေ့စဉ် ကူညီနေသည်။ သူက ကျောင်းသို့ခေါ်သွားလျှင် ငြင်းဆန်ခြင်းမပြု။ တကယ်တော့ ခဲတံမှာ အပြစ်မရှိ။ သို့ရာတွင် အပြစ်မရှိသော ခဲတံတစ်ချောင်းကြောင့် သူ စိတ်ညစ်နေတာ သေချာပါသည်။

■

**နီသွေး**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၁၊ နိုဝင်ဘာ၊ ၁၉၉၄**

www.foreverspace.com.mm

# ရေတိမ်ကြာသို့ တမ်းတခြင်း

**နန်းကျူး**

ခွဲခွာခြင်းရဲ့ ဘဝသီချင်းတစ်ပုဒ်ကို
သံပြိုင် သီဆိုကြရဦးမယ်
မျက်ရည်တွေကို ဖြုန်းတီးမပစ်ပါနဲ့
အထိုးအနှက် အတိုက် အခိုက်တွေကို
အတတ်နိုင်ဆုံး သည်းခံအောင့်အည်းပြီး နေပါကွယ်

www.foreverspace.com.mm

# ရေတော်ကြာသို့ တမ်းတခြင်း

## နန်းကျူး

ချစ်သူ ညီမလေး ပြန်တော့မယ်လို့ ခေါင်းငဲ့အပြော၊ ရင်ထဲ ကျန်လို့နေဆဲ။ ခါတိုင်းလို အိမ်အထိ (မဟုတ်တောင်) ရပ်ကွက် ဓမ္မာရုံနားအထိ (မဟုတ်တောင်) ဒဂုံ-လမ်းမတော် နယ်ခြားလောက်ထိ ပြန်ပို့ချင်တယ်။ ခါတိုင်းဟာ ခု မဟုတ်လို့ ကိုယ် နှုတ်ဆိတ်နေတယ်။ စိတ်ထဲတော့ မကောင်းတာ အမှန်ပါပဲ။

ချစ်သူ ညီမလေး၊ ကိုယ်တို့ချစ်ခြင်းအကြောင်း လူကြီးတွေကို ဖွင့်ပြောပြတော့ သူတို့က သဘောမတူဘူးတဲ့လား။ အဲဒီအတွက် ညီမလေး စိတ်ကျအားငယ်နေသလား။ မျှော်လင့်ခြင်း၊ တေးသံသာ မရှိရင် ပစ္စုပ္ပန်ဟာ ကြိုးမဲ့စွန်တစ်ကောင်ပဲပေါ့။ ယုံကြည်ခြင်း ကင်းမဲ့ခဲ့ရင် အဆုတ်ထဲ ကာဗွန်ဒိုင်အောက်ဆိုက်တွသာ ရှုသွင်းဖြစ်နေမှာပဲ။ ဘဝဟာ ကဗျာတစ်ပုဒ်လို စည်းဝါးရစ်သမ် ကာရန်လှလှဖြစ်နေခဲ့ရင် ချမ်းမြေ့ပကတိ ဖြစ်နေခဲ့ရင် လောကကြီးအလယ် ဘယ်မှာဒုက္ခ ရှိပါ့မလဲ။ ဒုက္ခသားလူဟာ အတက်အဆင်း၊ အပြုံးအငို၊ သီချင်းတောက်ခေါက်သံ၊ နေရောင်ညတို့ကို မျိုးအဆက်ဆက် ပွေ့ဖက်ခဲ့ကြရမြဲ။ အခက်အခဲ အကျပ်အတည်းဆိုတာ ဒီလိုပဲ ထင်ပါတယ်။

ရေဆန်ခရီးဟာ သိမ်ကြမ်းတမ်းနေသလား ညီမလေး။ ရေစီးထဲ မျောပါမသွားစေနဲ့နော်။ ခွန်အားနဲ့မမျှ အတင်းလည်း ဆန်မတက်နဲ့။ အောက်ခံကျောက်သားတွေပေါ် ခြေကုပ်မြဲမြဲ ယူထား၊ အလိုက်သင့်လေး ရွေ့ပေးပါ။ အားတင်းထားဖို့လည်း လိုတယ်။ အရည်ပျော်သွားတဲ့ အိပ်မက်တွေနဲ့အတူ နေ့နေ့အပူရောက်လာရင် နေပူစူးရဲထဲ ဖြတ်ရဲတဲ့သတ္တိ လူတွေမှာ ရှိတယ်။

www.foreverspace.com.mm

ကမ္ဘာလောကဟာ ခံစားဖို့ဖြစ်လာတာပဲ။ ချိုရင်လည်း ချိုမယ်။ ခါးရင်လည်း ခါးမယ်။ ကြုံတွေ့လာတာတွေကို ရဲရဲကြီး ရင်ဆိုင်ခံစားလိုက်ဖို့ပါပဲ။ လူတွေရဲ့ အကြည့်ကို ဘယ်တုန်းကမှ ဂရုမပြုတဲ့၊ ပေကတ်ကတ်နေတတ်တဲ့ ကိုယ်ဟာ ကိုယ့်အရိပ်နဲ့ တစ်ထပ်တည်း ဆက်သွားနေမြဲ။ ကိုယ်လျှောက်နေတဲ့ ဘဝခရီးထဲ တစ်ခုထူးလာတာက ကိုယ်ဟာ ချစ်သူညီမလေးကို စူးစူးနစ်နစ် ချစ်မိသွားခြင်းပဲ။ ဒီ့အရင် မိန်းမပျိုများကို ကိုယ် စိတ်ဝင်စားခြင်းများ ရှိခဲ့ဖူးတယ်။ ချစ်ခြင်းနဲ့ စိတ်ဝင်စားခြင်းဟာ ဝေးကွာလွန်းလှတယ်ဆိုတာ ခံစားသိသိလာရတယ်။ ကိုယ့်အားနည်းချက် တစ်ခုဟာ ခေါင်းမာခြင်းပဲ။ ကိုယ် မယုံနိုင်ရင် လက်ခံနိုင်ခြင်း မရှိရင် လေကုန်အောင် ပြောလည်း ပြောပဲ။ ကိုယ် ထင်ပါတယ်။ ညီမလေးလောက် ဘယ်သူမှ ကိုယ် နားဝင်အောင် မပြောနိုင်၊ မင်း ပြောသမျှ ကိုယ် ခေါင်းခါငြင်းဆန်ခြင်း မရှိနိုင်။

'ကျွေးနိုင်ရင်ခေါ်လေ'လို့ မနောက်နဲ့ကွဲ့ ချစ်သူညီမလေး။

'မကျွေးနိုင်ဘူး ထင်လို့' အနက်ကောက်ပြီး ကိုယ်ခေါ်မိလိမ့်မှာ ယောကျ်ားသိက္ခာဆိုတာ ရှိသည်။ ကျွေးတောင် မကျွေးနိုင်လျှင် ဘာများ အသုံးကျသေးလဲဗျာ။ ဘဝတစ်ခု ထူထောင်ဖို့ဆိုတာ လွယ်လွယ်တွေးရင် လွယ်သလို အခြေတကျ ထူထောင်ချင်ရင်တော့ အခက်သားပဲ။ ဝမ်းဝဖို့ဆိုတာအပြင်ကို ခါးလှဖို့ဆိုတာကလည်း ရှိသေးသည်။ ပကတိ အခက်အခဲတွေကို မင်းကို ကိုယ် မပြောပြချင်ဘူး။ အခုရော၊ နောက်ရော တစ်သက်လုံး။ နေပူထဲ ကိုယ်တစ်ယောက်တည်း ထွက်လျှောက်ပြီး နေရိပ်ထဲမှာ မင်းကို ထားထားချင်တယ်။ မျက်လုံးပိတ်လုမတတ် အားပါးတရ ရယ်မောတတ်တဲ့ဟန်ကို ကိုယ် သဘောကျလို့ မင်းကို အမြဲရယ်မောနေစေချင်တာ။ အပျော်တွေကို ပန်းလိုသီပြီး မင်းခေါင်းထက်မှာ ပန်ပေးချင်တာ။ လက်ဖျောက်တစ်ချက်တီးလို့ ဖျတ်ကနဲ အရာရာ ပြေလျော့စေမယ့် အောင်မြင်စေမယ့်သူပဲ ဖြစ်လိုက်ချင်တယ်။

လက်ထဲရှိတာ ဘွဲ့လက်မှတ်လေးတစ်ခုတည်း၊ အရင်းအနှီးဆိုတာ သန်မာတဲ့ ကိုယ်ရဲ့ခွန်အားတစ်ခုတည်း ဘဝကို ဘယ်လိုရေမျိုးက ဖြစ်ဖြစ် ရုန်းကန်နိုင်ပေမယ့် ဂုဏ်ဒြပ်ဆိုတာ ရှိသေးသည်။ သမာအာဇီဝအလုပ်တိုင်း ဂုဏ်ရှိတယ်လို့ ဘယ်လိုပဲ ကြွေးကြော်နေနေ ခုနေမှာ ကိုယ်ဆိုက်ကား ထွက်နင်းပြီး မင်းလေးကို ဝအောင်ကျွေးလှအောင် ဆင်နိုင်ရင်ရော သူတို့က သဘောတူမယ်တဲ့လား။ ဝန်းကျင်အသိုင်းအဝန်းက သတ်မှတ်တဲ့ ဂုဏ်ဆိုတဲ့ အတိုင်းအတာ

www.foreverspace.com.mm

တစ်ခု ရှိသေးသည်။

ဒီလိုမပြောပါနဲ့ ညီမလေးရယ်။ ကိုယ့်ရင်ထဲမှာ နာကျင်တယ်။ ဖြူစင်တဲ့ မင်းရဲ့ ကိုယ်ကျင့်တရား၊ ရိုးသားတဲ့ ကိုယ့်ရဲ့သိက္ခာတွေအတွက် မင်း ရဲရဲကြီး ဂုဏ်ယူဖို့ မေ့လျော့နေမှာစိုးတယ်။ ကြည်လင်နေတဲ့ မင်းရဲ့ အသိလေးတွေ ညစ်ထေးမှာကို စိုးတယ်။

'မမတို့တုန်းကလည်း ကိုဦး အကျင့်ကို သဘောမကျလို့ ဖေဖေတို့ သဘောမတူဘူး ကို။ ကျောင်းတောင် မပြီးကြသေးဘဲ လွှန်လွှန်ကျွံကျွံ ဖြစ်ကြတော့လည်း ပေးစားရတာပဲပေါ့။ အဲဒီတုန်းကများ မေမေ့မှာ ငိုလိုက်ရတာ။ ဒါပေမယ့် ကိုဦးတို့က အရမ်းချမ်းသာတယ်။ ခုကျတော့လည်း မမကို ဘယ်သူမှ အပြစ်ပြောမနေကြတော့ပါဘူး။ အစစအရာရာ စဉ်းစားပြီး ရှေ့မတိုးဖြစ်တဲ့ ငယ်တို့ကိုကျတော့ သမီးဆိုးဆိုပြီး ပုဒ်မတွေ တစ်ခုပြီး တစ်ခုတပ်လို့။ ဖွတ်တိုးပစ်ရအောင် ကိုရာ၊ ပြီးတော့လည်း ပြီးသွားတာပဲ'

လွယ်လွယ်မတွေးနဲ့ ညီမလေးရယ်။ လူတစ်ယောက်ကို တိုင်းတာတဲ့ ပေတံတစ်ချောင်းနဲ့ တစ်ချောင်းဟာ ပိတ်ဖြတ်တဲ့ ကိုက်တံလို တစ်ထပ်တည်းမှ မကျဘဲ။ မှန်ခြင်းမှားခြင်းဆိုတာ သတ်မှတ်တဲ့သူအပေါ်မှာ တည်သည်။ အချိန်ကာလနဲ့ အခြေအနေ အရပ်ရပ်ပေါ်မှာလည်း တည်သည်။ မှန်ခြင်းမှားခြင်းဆိုတာလည်း တည်မြဲမနေပါဘူးကွယ်။

'အိမ်မပြန်ချင်တော့ဘူးကွာ။ ငယ့်ကို ခေါ်သွားတော့'

အိမ်နဲ့ ပြဿနာဖြစ်ပြီဆို ညီမလေး ပြောတတ်တဲ့ စကား။ ခေါ်တာက လွယ်တယ်ကွဲ့။ ချစ်သူ ညီမလေးရဲ့။ နေဖို့ ကိုယ့်မိဘအိမ်ရှိသည်။ နှစ်နပ်စာက ကိုယ် ရှာနိုင်သည်။ သည်လိုဆို ပြီးရောတဲ့လား။ ဘဝဟာ တာတိုပြေးလမ်း မဟုတ်ပါ။ တာထွက်စောဖို့ဆိုတာ အရေးမကြီးလှပါဘူး။ တာဝေးခရီးမို့ သက်လုံကောင်းဖို့ပဲ အရေးကြီးတယ်။ 'ခေါ်၊ စကားတွေ ထပ်ခါ မပြောပါနဲ့။ ကြာလာလျှင် ကိုယ် စိတ်မထိန်းနိုင်မှာ စိုးသည်'

'စာအုပ်တစ်အုပ်မှ ဖတ်ဖူးတယ်။ မိဘရဲ့ မျက်ရည်ရင်းပြီးတော့ အချစ်သူရဲကောင်းကြီး မလုပ်ချင်ပါဘူး။ ကိုယ့်အသည်းနှလုံးကို နင်းပြီးတော့လည်း သမီးလိမ္မာဘွဲ့ မလိုချင်ပါဘူးတဲ့။ အဲဒီစာကြောင်းလေးကို ကြိုက်တယ်'

မှန်တာပေါ့ ညီမလေးရယ်၊ ကြားကာလလေးမှာ အလိုက်သင့်နေပြီး ခံနိုင်ရည်ရှိဖို့ပါပဲ။ ကြိုးစားရမှာက ကိုယ့်တာဝန်။ ကြိုးစားခဲ့တယ်။ ကြိုးစား

www.foreverspace.com.mm



နေတယ်။ နောင်လည်း ကြိုးစားနေဦးမှာပဲ။ ဒါဟာ ဘဝရဲ့ အဓိပ္ပာယ်၊ ချစ်ခြင်းရဲ့ အဓိပ္ပာယ်ပဲပေါ့။

'တကယ်ဆို ယောကျ်ားတစ်ယောက်ရဲ့ တန်ဖိုးကို ငွေရှာခိုင်းအား တစ်ခုတည်းနဲ့ မဆုံးဖြတ်သင့်ပါဘူးနော်' ဒီလို အဓိပ္ပာယ်နက် စကားတွေကို တစ်ခါတစ်ခါ မင်းလေးဆီက ကြားရတတ်တယ်။ တစ်ခါတလေကျတော့လည်း အားငယ်နေတတ်။ အားပေးကွာဆိုပြီး သူ့လက်ဖဝါးသေးသေးလေးကို ကိုယ့်လက်ဖဝါးကျယ်ကြီးထဲ အတင်းထည့်ပြီး ဆုပ်ကိုင်ထားခိုင်းတတ်သေးတယ်။ မင်းလေးဟာ ကလေးလိုလို လူကြီးလိုလိုနဲ့ စာဖွဲ့ရခက်လှတယ်။

ဝန်ခံရရင် ကိုယ် တစ်ခါတစ်ခါ စိတ်ဓာတ်ကျတယ်။ ဘဝကို တယ်အားမရချင်လှဘူး။ အပြုံးတွေက ထော့နဲ့ထော့နဲ့၊ အသံတွေမှာ ခွန်အားခမ်းခြောက်၊ အမြင်မှာ ရီဝေဝေ။ ကိုယ်ဝန်မခံလည်း ကိုယ့်လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း ကိုယ့်မျက်နှာကို ဖတ်စာလိုဖတ်နေတတ်တဲ့ ညီမလေးရင်ထဲက သိနေမှာပါပဲ။ ဒါပေမယ့် ဖျစ်ညှစ်ပြီး လုပ်လို့မရတဲ့ အခြေအနေမှာ ရွှေပလောင် တောင်တက်နေးတဲ့ကိန်း ဆိုက်ရတာပဲပေါ့။ အသက်ရလေလေ ပိုပြီး ပီပြင်တဲ့ အနာဂတ်ကို ပုံဖော်ချင်လေ၊ ဒီတော့ အသက်ပိုကြီးလာလေလေ ဘဝဆိုတာ အိပ်မက်မဟုတ်ဘူး ကလေးရေ။ တရွေ့ရွေ့နဲ့ ကျော်ဖြတ်ခဲ့တာ ညပေါင်းတစ်ထောင်နဲ့ တစ်ည မကတော့ဘူး။ ❑

ချစ်သူ ညီမလေး ထားရက်ခဲ့တယ် မဟုတ်ပေမယ့် ခေတ္တတော့ ခွဲထားခဲ့ရဦးမည်။ မင်း တားလျက်နဲ့ ခရီးဝေးကြီးကို သွားလို့ ကိုယ့်ကို မငြိုငြင်ပါနဲ့။ အနာဂတ်အတွက်၊ ဘဝတစ်ခုအတွက် အောင်မြင်ချင်လည်း အောင်မြင်မယ်။ ရှုံးနိမ့်ချင်လည်း ရှုံးနိမ့်မယ်။ အောင်မြင်ခြင်း တစ်ခုအတွက် ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် လိုတယ်တဲ့။ (ရင်းနှီးငွေ လိုပါတယ်ဆိုတာကိုတော့ ခဏမေ့ထားရအောင်နော်)။ ဘယ်အရာက ရာနှုန်းဘယ်လောက် ပါဝင်လိုအပ်နေတယ်ဆိုတာကိုတော့ တို့တွေ မှန်းဆဖို့ ခက်လှတယ်။ သစ္စာတရားဆိုတာကို ယုံကြည်ရင် ခဏတော့ မင်းကိုး ထားရစ်ခဲ့မယ်။ ခွဲခွာခြင်းရဲ့ ဘဝသီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုကြရဦးမယ်။ မျက်ရည်တွေကို ဖြုန်းတီးမပစ်ပါနဲ့။ အထိုးအနှက် အတိုက်အခိုက်တွေကို အတတ်နိုင်ဆုံး သည်းခံအောင့်အည်းပြီး နေပါကွယ်။ အားလုံးတော့ စိတ်ကြိုက်ခေါင်ပွင့်တွေချည်း ဘယ်ရမလဲ။ လက်ခြေပွင့်ပဲရရ ကျေနပ်နိုင်စွမ်းတဲ့ သတ္တိကို မွေးရမယ်။ ကိုယ့်ကိုယ်ပိုင် ပျိုးဥယျာဉ်မှ မဟုတ်သေးဘဲ။

www.foreverspace.com.mm

တစ်နေ့ကျဆိုတာတို့ ခေါင်းထဲမှာရှိရင်၊ ရင်ထဲ ယုံကြည်ရင် အဟုတ်ကို ပိုင်ပိုင် ဆုပ်ကိုင်နိုင်တော့မှ ခေါင်ပွင့်တွေချည်း ခေါင်းလုံးအပြည့်ပန်။

ကိုယ်တော့ ဖြတ်သန်းခဲ့ရတာတွေကို ပြန်တွေးလိုက်ရင် ကြည်နူးမိတယ်။ စိတ်တို စိတ်ထိခိုက်စရာတွေအတွက် နားလည်မှုတစ်ရပ် ဖန်တီးနိုင်လာရင် စိတ်စာ ပကတိငြိမ်းအေး၊ ကြည်နူးတယ်ဆိုတာ အဲဒီကျတော့မှ အတိအကျ နားလည်တယ်။ ပျော်ရွှင်မှုဆိုတာ သာယာမှုကိုပဲ ပေးတယ်။ စိတ်ညစ်တာကမှ နားလည်မှုကို တည်ဆောက်နိုင်လာတဲ့ အချိန်မှာ ကြည်နူးမှုကို ပေးတာ။ အခက်အခဲတွေ အမျိုးမျိုးကြားထဲက နှစ်ရှည်ခံ ချစ်ခြင်းအတွက် မင်း ခဏခဏ ကြည်နူးဖူးတယ် မဟုတ်လား။ လူရယ်လို့ ဖြစ်လာရင် လောကရဲ့ အပူအအေး၊ အလင်းအမှောင် တို့တွေ ဘယ်လိုရှောင်မလဲ။ ရင်ဆိုင်ခံစားရင်းနဲ့ပဲ အရေပြားရဲ့ အတွေ့အသိ၊ စိတ်နှလုံးရဲ့ သဘောကို နားလည်လာရင် အရာရာကို ခွင့်လွှတ်စွမ်း ရှိလာမှာပါ။ ငြိမ်းအေးတဲ့ မေတ္တာဟာ အက်ဆစ်ပြီးပါတယ်။

အခြေအနေဆိုးတစ်ရပ်ဟာ နက္ခတ်နဲ့လည်း ယှဉ်တယ်။ ဗေဒဝေဒ မဟုတ်ဘူး။ အချိန်ကို ဆိုလိုသည်။ ကာလနဲ့အမျှ မှေးမှိန်လွင့်ပြယ်သွားမှာပါပဲ။ အခက်အခဲတွေဟာ ငြိမ်းအေးတဲ့ မေတ္တာရိပ်အောက်မယ် သေးကွေးကြုံလို့ မှိန်ပျောက်ကုန်မှာပါ။

(အနာဂတ်အတွက် ချစ်သူညီမလေးအတွက်)

ကိုယ် ကြိုးစားမည်ပဲ။ ပူနွေးတဲ့ ရင်ခုန်သံနဲ့ အနာဂတ်ကို ယုံလို့နေသည်။ စိတ်ရှည်ကြံ့ခိုင်ဖိုပဲ လိုသည်။ စိတ်ရှည်ကြံ့ခိုင်ဖို့ပဲ လိုမည်။

အခြေအနေဆိုးများ မလွင့်ပြယ်ခဲ့ရင်ရော…

ကမ္ဘာကြီးမှာ ကိုယ်တစ်ယောက်တည်း ကျန်သည်ထိ အနာဂတ်တစ်ခုကို ယုံမှတ်စိတ်ဖြင့် အသက်ရှင်နေမည်။

(အကြောင်းကြောင်းကြောင့် ချစ်သူ ချန်နေရစ်ခဲ့လည်း) ကိုယ်တစ်ယောက်တည်း ကျန်သည်အထိ အနာဂတ်တစ်ခုကို ယုံမှတ်စိတ်ဖြင့် အသက်ရှင်နေမည်။

'ယုံကြည်မှုဟာ ဘဝကို ပြဋ္ဌာန်းတယ် ချစ်သူညီမလေး'

■

**နန်းကူး**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၂၊ ဒီဇင်ဘာ၊ ၁၉၉၄**

www.foreverspace.com.mm

# ကြည်လင်သောရေ

**မျိုးငြိမ်းဆွေ**

ခင်ဗျား အနာဂတ်နဲ့
ကျွန်တော့်အနာဂတ်ကို ပေါင်း●ညီးလို့
မရကောင်းတော့ဘူးဆိုတာ မြင်တွေ့မိလို့
ကျွန်တော့်အနာဂတ်ဆီကိုပဲ သွားလိုက်ပါပြီ

www.foreverspace.com.mm

# ကြည်လင်သောရေ

## မျိုးငြိမ်းဆွေ

ဆောင်းဟာ သူ ရောက်လာပြီလို့ ကယောက်ကယက် အိပ်မက်လေးနဲ့ ငါ့ကို လှုပ်နှိုးလိုက်တယ်။

ညတုန်းက အိပ်ရာမဝင်ခင် တိတ်ဆိတ်နေတဲ့ ညထဲကို လမ်းထွက်လျှောက်တော့ နှင်းလေးတွေက တိတ်တိတ်လေး ပါးလျစွာ ခိုးကျနေတယ်။ နှင်းလို့တော့ ထင်တာ ထင်တာပဲလေ။ မြူခိုးပြာပြာတွေကတော့ ဝေနေတာ အမှန်ပဲ။ ခွေးလေခွေးလွင့် နှစ်ကောင်ကလည်း ခွေလိပ်လို့ အိပ်နေကြရဲ့။ မီးလုံးဝါဝါနဲ့ ဖန်ချောင်းပြာပြာတွေကလည်း ညအမှောင် နောက်ခံနဲ့ စူးရဲတောက်လက်လို့။ အလင်းစက်ဝိုင်းတစ်လျှောက်မှာလည်း ပိုးစပ်ကောင်၊ ပိုးဖလံကောင်တွေကလည်း အလုအယက် ပျံသန်းနေကြတော့ ကြယ်ဆီကို ပျံသန်းချင်တဲ့ ပိုးဖလံကောင်လေးများ ပါဦးမှာလားလို့ ရှာကြည့်နေမိသေးရဲ့။ ဘာပဲပြောပြောလေ။ ငါ့နားရွက်ဖျားလေးတွေကလည်း နည်းနည်းအေးလာတော့ ဆောင်းရဲ့ အရိပ်အငွေ့လေးကို ခံစားမိရာကနေ ညအိပ်တော့ ကလေးရုပ်ရှင်တွေလိုမျိုး ဇာတ်လမ်းအစုံစုံနဲ့ အပိုင်းပိုင်း၊ အပြတ်ပြတ်တွေကို အိပ်မက်တယ်။ ဒါဆို ငါ့အတွက် ဆောင်းဟာ တကယ် ရောက်လာပြီပေါ့။

အိပ်မက်က တစ်ညလုံးနီးပါး ထင်တယ်။ အစပိုင်းတော့ ခပ်ဝါးဝါးရယ်။ ဘယ်သူမှန်းတော့ မသိဘူး။ အိုင်းချင်းကဗျာတွေ ရွတ်ပြနေတယ်။ နောက်တော့ စက်ဘီးတွေ စီးနေတာ။ ကသာရထားတွဲ တစ်တွဲ မီးလောင်နေတာ။ အို… စုံလို့ပါပဲ။ ထင်ထင်ရှားရှားနဲ့ ရှည်လျားစွာ မက်နေတာ တစ်ခုက မိုးလင်း

www.foreverspace.com.mm

အထိပဲ။ ဘယ်သူများလဲလို့ မစံ ခင်ဗျားရယ်။ ကျွန်တော့် အိပ်မက်ထဲကို တိတ်တိတ်လေး ဝင်လာခဲ့တယ်။ ချောက်ကမ်းပါးကြီးထဲကို တွန်းချလိုက်လို့ မောဟိုက်သွားတာမျိုး မဟုတ်ပေမယ့် အိပ်ရာကနိုးတော့ ကျွန်တော် မောဟိုက်သွားတာ အမှန်ပဲ။

အိပ်မက် နိမိတ်ကျမ်းလည်း ဖတ်စရာ မလိုပါဘူး။ မောင်ရင်မောင် မမယ်မ ဝတ္ထုထဲက အိပ်မက်ခန်းလိုလည်း အတိတ်ကောက်စရာ မလိုပါဘူး။ ဒါပေမယ့် မစံကို ကျွန်တော် စွဲလမ်းနေမိပြီဆိုတာတော့ အဲဒီမနက်က ကိုယ့်ဘာသာ ဝန်ခံမိတယ်။

ခရစ္စမတ်မှာ မွေးတယ်ဆိုတဲ့ ဆောင်းမင်းသမီးလေး မစံဟာ ဆောင်းဝင်တော့မယ်ဆိုတာနဲ့ ကျွန်တော့်ကို လှုပ်နိုးလိုက်တယ်။

အဲဒီမနက်က အားလုံးရဲ့အစ ဖြစ်နေခဲ့တာကိုတော့ မသိခဲ့မိဘူး။ စောစီးစွာ ကျရောက်လာတဲ့ ဆောင်းရဲ့ စောလွန်းလှတဲ့ တနင်္ဂနွေ မနက်ခင်းမှာ လက်ဖက်ရည်ဆိုင် တံခါးက ဖွင့်ကာစ။ ခဏစောင့်ရမယ်ဆိုတဲ့ အဲဒီနေ့ရဲ့ အစဦးသော လက်ဖက်ရည်ကို စောင့်သောက်ပြီး လူတွေရှင်းတဲ့ ဗန္ဓုလလမ်းအတိုင်း လျှောက်ခဲ့တယ်။ လေးလမ်းလောက်လျှောက်သွားပြီး အနီရောင် အဝတ်စတွေ ခင်းထားတဲ့ လှေခါး ၄၄ ထစ်ကို တက်ပြီးရင်တော့ ဒီနှစ်အဖို့ အလုပ်စဝင် လုပ်ရမယ့် မြန်မာစာ ကျူရှင်ကျောင်းက ကျောင်းသားတွေရဲ့ စာအော်သံကို ကြားရပါပြီ။

'ဟာ… လာဗျာ။ ခင်ဗျားလာမှ လာပါ့မလားလို့ ပူနေတာ။ ဒါပြီးရင်

www.foreverspace.com.mm



ခင်ဗျား အချိန်ဗျ' လို့ စိုးရိမ်သံနဲ့ ပြောနေတဲ့ မောင်စိုးကို 'လာမှာပါကွာ' 'မင်း ကလည်း ပူမနေပါနဲ့။ ဟော့ကောင်… မင်း စားပွဲမှာ ထိုင်နေတာ။ ဘယ်သူလဲဟ'

'သြော်… အဲဒါပေါ့။ ဆရာဦးအေးမင်း သမီးလေ။ ဒီမှာ လူမရှိလို့ ခဏ ကူနေတာပါ'

'မောင်စိုး ငါ ကြိုက်တာ အဲဒီမျက်နှာမျိုးကွ။ မေးရိုးလေက ခပ်ကားကားရယ်။ တောက်ပတဲ့ မျက်စိအရောင်တွေက ပါးပြင်ပေါ်မှာ ဟပ်နေတာကွ။ အသိဉာဏ် ပညာထက်မြက်မယ်။ စိတ်ရှင်းမယ်။ အဲဒါတွေက မျက်နှာပေါ်မှာ ပေါ်နေတာကွ ကြည့်ပါလား။ ဝတ်ထားတာကလည်း ယောကျ်ားရှပ်လက်တိုနဲ့ ယောလုံချည်နဲ့။ ခင်ဗျားကတော့ လုပ်ပြီ။ ဘာစိတ်မှ မရှိဘူး။ ဒီကယောကျ်ားလေး အလုပ်သမားတွေနဲ့ အကုန်ပေါင်းတယ်။ လက်ဖက်ရည် အတူသောက်တယ်။ ယောကျ်ားလေးလိုပါပဲ'

'မင်း ချစ်လိုက်ပါလား'

'ဟာ… ခင်ဗျားပဲ အခု ညွှန်းနေပြီးတော့'

'သြော်… ငါက ချစ်ပါတယ်လို့ ပြောသေးတာမှ မဟုတ်တာ။ သဘောကျတယ်။ ငါ စိတ်ကူးယဉ်ယဉ်နေတဲ့ မိန်းကလေးတစ်ယောက် ပုံသဏ္ဌာန်နီးပါး ကိုက်ညီနေလို့ ပြောပြတာပါ'

'ကဲ… နောက်မှ ပြော။ ဟိုမှာ ဆရာကြီးက ခင်ဗျားကို ခေါ်နေပြီ။ အတန်းနဲ့ မိတ်ဆက်ပေးပြီး အတန်းအပ်တော့မယ်။ သွားသွား'

စာသင်ရမယ့် အတန်းရှေ့က ခုံမြင့်ပေါ် ရောက်သွားရင်ပဲ 'ဟောဒီ ဆရာလေးက မြန်မာစာနဲ့ ဘွဲ့ရပြီးသား။ မင်းတို့ကို စာစီစာကုံးနဲ့ စကားပြေ သင်လိမ့်မယ်။ အဲဒါတွေကတော့ကွာ ဆရာ့ထက်ကို အလွန့်အလွန် သာပါပေတယ်။ သူ့ပါးစပ်က ထွက်သမျှ မှတ်စရာတွေချည်းပဲ အောက်မေ့ကြပေတော့' လို့ ခပ်သာသာလေး မိတ်ဆက်ပေးရင်း…

'ကဲ… ဆရာလေး အတန်းကို အပ်ပါတယ်' ဆိုတဲ့ စကားအဆုံးမှာ မင်္ဂလာပါလို့ နှုတ်ဆက်လိုက်တော့ မိန်းကလေး အတန်းနောက်ဆုံးဆီက 'ဆရာ ပေါက်စ ထောင်ခြောက်လ' လို့ အသံသေးသေးလေးနဲ့ လှမ်းအော်လိုက်တဲ့ အသံကြောင့် ဟိုးနောက်ဆုံးကို ဖေ့ကြည့်လိုက်တယ်။ အော်လိုက်တဲ့ သူကို မတွေ့ပါဘူး။ ကျောင်းစာရေးစာပွဲမှာ ထိုင်နေတဲ့ မစံရဲ့ မယုံသင်္ကာ မျက်လုံးတစ်စုံကို

www.foreverspace.com.mm



တော့ ဖျတ်ခနဲ တွေ့လိုက်ရရဲ့။

စာတစ်ချိန်သင်ပြီးလို့ ကျောင်းသားတွေရဲ့ နှစ်သက်သံ၊ အားရသံ၊ ပျော်ရွှင်ကျေနပ်သံတွေ ရောပြွမ်းနေတဲ့ မင်္ဂလာပါ ဆရာလေးလို့ အော်ဟစ်နှုတ်ဆက်သံတွေရဲ့အဆုံး စာသင်ခုံပေါ်က ဆင်းလာတော့ ဘာမျှခံစားချက် မရှိတဲ့ မျက်နှာနဲ့ မစံ ခေါင်းပြန်ငုံ့သွားတာကို တွေ့လိုက်တယ်။ ဒါဟာ ဘီအေတွဲ့ရဲ့ အချိန်စား ကျူရှင်ဆရာပေါက်စလေးနဲ့ အမ်အေနောက်ဆုံးနှစ်ကျောင်းသူ ကျူရှင်ဆရာမလေးတို့ရဲ့ မထူးဆန်းသော ပထမဆုံး တွေ့ဆုံမှုလေးပါပဲ။

အဲဒါဟာ တို့ဇာတ်လမ်းရဲ့ ဇာတ်ပျိုးခန်းပဲ ထင်ပါရဲ့။

သိပ်မကြာပါဘူး။ စကားပြောဖို့ ဘာသာတူတွေဖြစ်တော့လည်း အချိန်တိုတိုလေးမှာ ရင်းနှီးကြပြန်ရောပေါ့။ မစံက 'အချစ်ဆုံးရယ် ဝမ်းနည်းခြင်းကို ညွှန်းဆိုတဲ့ ဆိုက်ပရပ်စ်ပင်တွေ မစိုက်ပါနဲ့' ဆိုတဲ့ ကဗျာလေးကို ကြိုက်တယ်။ ညနဲ့ ကျွမ်းဝင်သူဆိုတဲ့ကဗျာလေးကို ကြိုက်တယ်။ ရှင်ငြိမ်းမယ် အိုင်ချင်းတွေကို ကြိုက်တယ်။ ဒီလောက်ပါပဲ။ မစံ သိတာ လစ်ထရေချာနဲ့ ပတ်သက်ရင် နည်းနည်းပဲ ခံစားနိုင်တာပဲ။ ခရစ်စတီနာရိုဆက်တီနဲ့ ရောဘတ်ဖရော့စ်ရဲ့ အဲဒီကဗျာ မူရင်းတွေနဲ့ အိုင်ချင်းကဗျာတွေကို အလွတ်ရွတ်ပြခံစားပြရင်တော့ မစံ မျက်နှာလေးက အံ့သြနှစ်ခြိုက်တဲ့ အမူအရာတွေနဲ့ လင်းလက်လို့ 'ခင်ဗျား တကယ်တော်တယ်ဗျာလို့' ချီးမွမ်းပြန်ပါရော။

မစံနဲ့ ကျွန်တော် နှစ်ယောက်တည်းနဲ့ ကမ္ဘာကြီးက ကျယ်နေပြန်ပါပြီ။

ကျွန်တော် စာသင်ချိန် တစ်ချိန်ပြီးတိုင်း ကျောင်းခန်းနဲ့ လက်ဖက်ရည်ဆိုင် တက်လိုက်ဆင်းလိုက်နဲ့ ဘေးနားကပါ ပါလာတတ်တဲ့ မောင်စိုး၊ ကြည်နိုင်တို့လည်း ကြာတော့ သူတို့မသိတဲ့ အကြောင်းအရာတွေ ဒဏ်ကို မခံနိုင်ကြတော့ဘူး။ ဒီတော့လည်း ကျွန်တော်နဲ့ မစံတို့က ပိုလို့တောင် ကျေနပ်လို့။ နောက်တော့ ကမ်းနားက ဆိပ်ခံဗောတံတားကြီးတွေဘက်ကို ခြေဦးလှည့်ကြပြန်တယ်။ တနင်္ဂနွေညနေတွေဆိုရင် နှစ်ယောက်သာ ထပြန်ဖို့ ခက်နေကြလို့။

'အမေနဲ့ အဖေ့လွမ်းတော့ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနဲ့ ပြေတယ်။ မောင့်ကိုလွမ်းတော့ သောက်တော်ရေချမ်း စားတော်ကွမ်းနဲ့ မပြေတော့ဘူး။ သောက်တော်ရေအိုး၊ ကွမ်းထိုးကောင်လို ကြုံရတဲ့ ရှင်ငြိမ်းမယ် ကဗျာလေးမှာ နိမိတ်ပုံ ဘယ်လောက်ကောင်းသလဲ။ အိုင်ချင်းတွေအားလုံး နိမိတ်ပုံတွေ ပြည့်နှက်နေတာပဲ။ ညောင်ရမ်းခေတ်မှာကို နိမိတ်ပုံတွေ သုံးလှပြီ။

www.foreverspace.com.mm



အောက်ဆီဂျင်ဆိုတာ ဟိုးအရင်ကတည်းက ရှိတာပေါ့။ အောက်ဆီဂျင်လို့ အမည် တတ်မထားသေးသလိုပဲ။ နိမိတ်ပုံလို့ ညောင်ရမ်းခေတ်က အမည် မတတ်သေး လို့ပါ' ဆိုတော့ မစံက ကျွန်တော့်ကို အထင်ကြီးလို့။

မစံက ပြောပြန်တယ်။ 'ဟိုက္ကူကဗျာလေးတွေလည်း ဒီလိုပဲနော်။ ပေါ့ပေါ့ပါးပါးနဲ့ တကယ်ခံစားလို့ ရတယ်။ ကြည့်စမ်း You og I Stay, Two Atoms တဲ့။ ဟဲ… ဟဲ… ကျွန်တော်လည်း အဲဒီကဗျာလို ဟိုက္ကူ စပ်ပြမယ်'

'လုပ်လေ'

'You Love, I Love, Two Kiss'

'ဟာ… ခင်ဗျား တကယ်ချစ်ဖို့ကောင်းတယ်'

'တကယ်လား'

'ဟာ… တကယ်ပေါ့'

မစံက ရိုးရိုးသားသား ပြောပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဒိန်းခနဲ ဆောင့်သွားတယ်။ အဲဒီအချိန်မှာပဲ ဆိပ်ခံဗောတံတားကို ရွှေပြည်သာကူးတဲ့ ကူးတို့ရေယာဉ် ထင်ပါရဲ့။ ဒုန်းခနဲ ဝင်ဆောင့်တော့ လန့်ဖျပ်ပြီး မစံ ကျွန်တော့် လက်မောင်းကို ဆုပ်ကိုင်လိုက်လို့ ယောင်ယမ်းပြီး ခေါင်းကို ငုံ့လိုက်မိတယ်။ နောက်ကျိနေတဲ့ ရန်ကုန်မြစ်ထဲမှာ ပိုးကောင်မည်းမည်းလေးတွေ တွန့်လိမ်ကောက် ကွေးလို့ ပေါ်လိုက်ငုပ်လိုက် ဖြစ်နေတာကို မြင်လိုက်ရတာက ကျွန်တော်ပါ။

ဘာပဲပြောပြော ထပြန်ဖို့ ခက်တဲ့ တနင်္ဂနွေညနေများထဲမှာ မစံနဲ့ ကျွန်တော် သာယာနေကြပြီ ထင်တယ်။ သံသရာတွေက တစ်ရက်ထက် တစ်ရက် ရှည်။ ကြိုးတွေက တစ်ရစ်ထက် တစ်ရစ်ချည်လို့။ မစံက ဘာသာစကား (Language) ပိုပြီး အားသန်သူ၊ ပိုပြီး ကျွမ်းကျင်သူ။ ဒီတော့လည်း ကျွန်တော်တို့ နှစ်ယောက်တည်းနဲ့ ကျယ်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ ဘုတ်ကျီးမြွောက်၊ ကျီးဘုတ် မြှောက်ရင်းနဲ့ ကျွန်တော်ကလည်း ပျူစာတွေ ကျောက်စာတွေ ပိုပြီး ချစ်တတ်၊ ခင်တတ်လာ။ မစံက သမိုင်းဆရာကြီးတစ်ယောက်ဆီက တစ်ပတ်မှာ သုံးရက် သွားသင်ထားတဲ့ ပျူစာတွေ ကျွန်တော့်ကို သင်ပေးပြန်ပါရောာ။ သရေခတ္တရာ၊ ဗိဿနိုး၊ မိုင်းမောတွေနဲ့ ကွေးကွေးကောက်ကောက် ပျူစာတွေကလည်း သိပ် လှတယ်လို့ ကျွန်တော် ထင်ရပြန်ရောပေါ့။ မစံ တနင်္ဂနွေတွေဟာ ပြက္ခဒိန်ထဲမှာ ရဲရဲနီလို့ပါလား။

ကျွန်တော်ဇာတ်လမ်းရဲ့ ဇာတ်တက်လို့ ထင်ရတဲ့ အဲဒီတစ်ရက်က

www.foreverspace.com.mm



သီတင်းကျွတ်တဲ့နေ့။ လူတွေ၊ တိရစ္ဆာန်တွေ၊ သစ်ပင်တွေ၊ ကန်ရေပြင်တွေ၊ ကောင်းကင်တွေက ပျော်ရွှင်၊ ကြည်လင်တောက်ပလို့ လန်းဆန်းပွင့်လင်းပုံကို ပြက္ခဒိန် မကြည့်နဲ့ သီတင်းကျွတ်ပြီလို့ ပြောနေကြပြီ။

ညကျတော့ အင်းလျားကန်ပေါင်ပေါ်မှာ ကလေး၊ လူကြီးတွေအားလုံးက မီးရှူးမီးပန်းတွေ ဖောက်လို့ ပျော်ရွှင်နေကြတာ မြင်တော့ စိတ်ထဲမှာလည်း မစံကို တွေ့ချင်တယ်။ မစံကို ဘေးကထားပြီး မီးရှူးမီးပန်းတွေ ပစ်လွှတ်။ ဟိုမှာ အနီ၊ ဟိုမှာ အပြာ၊ ဒီမှာ အစိမ်းနဲ့ မစံကို ပြရင်း ပျော်ရွှင်ချင်တဲ့ ရိုးရိုးသားသား စိတ်အတိုင်း နောက်နေ့မနက်ကျတော့ အဲဒီခံစားမှုလေးကို ရေးထားတဲ့ သီတင်းကျွတ်တဲ့ညဆိုတဲ့ စာလေးကို ရောင်စုံ စာအိတ်လှလှလေးနဲ့ ပေးလိုက်တယ်။ မစံကလည်း တိုက်တိုက်ဆိုင်ဆိုင် စာအိတ်လေး တစ်အိတ် ပြန်ပေးရဲ့။ နေ့ခင်း ထမင်းစားချိန်ကျတော့ တစ်ယောက်စာ တစ်ယောက် ဖတ်ကြပါရော။

ရည်းစားစာထင်ပြီး ရင်ခုန်မနေနဲ့ဦးလို့ စဖွင့်ထားတဲ့ မစံရဲ့ စာလေးက 'လေးလေးနက်နက် စဉ်းစားမိတဲ့အကြောင်းက ခင်ဗျား ကျွန်တော့်ကို လေးနက်လှပသော စကားတစ်ခု ပြောမိမှာစိုးလို့ပါ' တဲ့။ ကျွန်တော် မသိသေးတဲ့ မစံအကြောင်းတွေပါပဲ။ ဆွေမျိုးတစ်ယောက်ရဲ့ အကူအညီနဲ့ အင်္ဂလန်က တက္ကသိုလ်တစ်ခုမှာ မြန်မာစာသင်ဖို့ အလုပ်ရလို့ ကျမ်းပြီးရင် သွားရတော့မှာမို့ ဘယ်သူနဲ့မှ သံယောဇဉ်မတွယ်နှောင်ချင်ပေမယ့် ခင်ဗျားကိုတော့ ကျွန်တော့်ရဲ့ အလိုကိုလိုက်ပြီး အလိုက်တသိ ကူညီဖြည့်ဆည်းမှုတွေကြောင့်ရော၊ ရေစက်ပါတာရောကြောင့်ပါ အစ်ကိုတစ်ယောက်လို ခင်တွယ်မိကြောင်းဆိုပြီး ကျွန်တော့်ကို စည်းတားတဲ့စာပါပဲ။

ပြိုင်တူစာဖတ်ပြီးလို့ မျက်လုံးချင်း ဆုံလိုက်မိတဲ့ အချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ ဒီဇာတ်လမ်းရဲ့ ဇာတ်ထွက်နဲ့ မဝေးတော့ပြီလို့ နားလည်မိတဲ့ အရိပ်အငွေ့တွေက ကျွန်တော်တို့နှစ်ယောက်ရဲ့ မျက်လုံးတွေမှာ စွန်းထင်လို့။ ဒါတွေဟာ အခုချိန် ပြန်ဖတ်ကြည့်မိမှ နှစ်ယောက်စလုံး ကိုယ့်နည်းကိုယ့်ဟန်နဲ့ မျက်နှာဖုံးတွေ တပ်လိုက်ကြတာပါလားလို့ နားလည်မိတယ်။ မစံလည်း ကျွန်တော် တွေးမိသလိုပါပဲ။ ဒိုင်ယာရီ စာအုပ်ထဲမှာ နောက်လာမယ့် ရက်စွဲတွေထဲက ပန်းရောင်နဲ့ ရိုက်ထားတဲ့ ဆန်းဒေး (တနင်္ဂနွေ)ဆိုတဲ့ စာလုံးတွေကို မစံလည်း ရေတွက်ကြည့်နေပြီပေါ့။

မစံက စည်းတားသလို ကျွန်တော့်မှာလည်း တားရမယ့် စည်းကြောင်း

www.foreverspace.com.mm

ကြီးက အထူကြီးပဲကို ရှိတာ။ ပြီးတော့ မစံက 'ကျွန်တော့်ကို ချစ်တဲ့စကား မပြောပါနဲ့' လို့ ရေးထားပေမယ့် ကျွန်တော် နားလည်တာက ပြောင်းပြန်။ အဲဒါ 'ချစ်တဲ့ စကားပြောပါ' ပဲ။ ဘာရည်ရွယ်ချက်နဲ့ ရေးတာလဲတော့ အခုအချိန်အထိ ကျွန်တော် နားမလည်နိုင်သေးပါဘူး။ 'ခင်ဗျားကို ခင်လို့၊ စကားပြောရကောင်း လို့ အတူတူ လျှောက်သွားတာနော်။ ခင်ဗျား အဓိပ္ပာယ် တစ်မျိုး မကောက်ပါနဲ့ လို့ ပြောတာကတော့ အမှန်အတိုင်း ပြောတာလို့ နားလည်မိပြန်တယ်။ ဒါပေမယ့် လည်း မစံ ထမင်းဘူးက နှစ်ယောက်စာဖြစ်ဖြစ်လာ။ တစ်မျိုးမထင်နဲ့လို့ကလည်း ခဏခဏ ပြော။

ဒီလိုနဲ့ နှစ်ယောက်သား မျောပါနေကြတဲ့ ရက်တွေထဲက တစ်ရက်မှာ ဇာတ်ထွတ်နားကို ကျွန်တော်တို့ ကပ်သွားမိတယ်လို့ ထင်တယ်။

'မစံ ဘာလို့ ယောကျ်ားလေးအင်္ကျီတွေပဲ ဝတ်တာတုံး'

'အို… ကျွန်တော်က ယောကျ်ားလေး စိတ်ဓာတ်ဗျ။ ပြီးတော့ အဲဒီ အင်္ကျီတွေ ဝတ်ရတာ လွတ်လပ်တယ်' တစ်ခါတလေ မြန်မာအင်္ကျီလေးဘာလေး ဝတ်ကြည့်ပါဦး။ မစံနဲ့ လိုက်မှာပါလို့ ပြောလိုက်မိပြီး နောက်နေ့ကျတော့ မစံ အချိန်ပိုင်းအလုပ်ဝင်တဲ့ ကြည့်မြင်တိုင် လုပ်သားကောလိပ်မှာ စာမေးပွဲစောင့် ရတယ်။ လာကြိုပေးပါလို့ ပြောလို့ ကျောင်းပေါက်ဝ စောင့်နေတော့ ကျောင်းသူ၊ ကျောင်းသားတွေနောက်က မစံပေါ့။ နီညိုရောင် ယောလုံချည်အဝါနုရောင် အင်္ကျီ လက်စကနဲ့ အင်္ကျီရင်ဖုံးပေါ်မှာ အနီရောင် S ဆိုတဲ့ စာလုံးနဲ့ ဆရာမကတ်ပြား လေးချိတ်လို့ အနက်ရောင် သားရေစလင်ဘက်ခ်ကို လက်က ပွေ့ထားတာတွေ့တော့ 'ဟာ မစံ တကယ်လှတယ်ကွာ'။ မစံမျက်နှာပေါ်မှာ ကျေနပ်နှစ်သိမ့်ခြင်း၊ ပျော်ရွှင်ဝမ်းသာခြင်းနဲ့ ကြည်နူးရှက်ပြုံးတွေက ဖုံးလို့မရအောင် ပေါ်လွင်လို့။ 'ကျွန်တော့်ကို အဖေက ကားနဲ့လာကြိုမလို့ဗျ။ ခင်ဗျားနဲ့ ချိန်းထားလို့ လာမကြိုနဲ့လို့ ပြောထားတာ။ ခင်ဗျား ချီးကျူးလိုက်တော့ အဖေ့ကား မလွှတ် လိုက်နဲ့ပြောတာ မှန်သွားပြီ။ တန်သွားပြီ။ လာ လက်ဖက်ရည် တိုက်မယ်ဗျာ' လို့ အရှက်ပြေပြောပေမယ့် ကျွန်တော့်စကားသံကြားလို့ ကျောင်းသားသုံးလေးယောက် ဝိုင်းဟားလို့ မစံ ထပ်ရှက်ပြန်လေရော။

ကျွန်တော်တို့ရဲ့ မရိုးနိုင်သော ထုံးစံအတိုင်း ရထားသံလမ်းဘေးက အေးချမ်းလှတဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာ ထပြန်နှဖို့ ခက်မယ့် အခြေအနေတွေ ကို အစပျိုးကြပြန်တယ်။ ကြည့်လို့မဝတဲ့ ကျွန်တော့် မျက်လုံးတွေကို မစံ မြင်

www.foreverspace.com.mm

တိုင်း 'ခင်ဗျား အဲလောက် မကြည့်နဲ့ဗျ မနေတတ်ဘူး' လို့ ပြောရင်း ရှက်နေတဲ့ မစံဟာ တကယ့်ကို ဆယ့်ခြောက်နှစ်သမီးလေး ရည်းစားနဲ့ စတွေ့ သလိုမျိုးပါပဲ။ မစံ နေတတ်သွားအောင် ကျွန်တော် တခြားအကြောင်းအရာတွေ ပြောင်းပြန်တော့လည်း တကယ် လှလို့လားလို့ မစံ မေးပြန်တယ်။ ခင်ဗျား ဝတ်ခိုင်းလို့ ဝတ်လာတာဗျလို့လည်း ပြောပြန်ရော။

'ဒီလိုဆိုတော့လည်း မစံက တကယ့်ကို လှတာ'

'ဟိုလိုကျတော့ရော'

'ဟိုလိုလည်း လှပါတယ်ဗျ။ ယောကျ်ားရုပ်တွေ ဝတ်တော့ မြင်ရတဲ့ သူပါ စိတ်ထဲပေါ့ပါးတာပေါ့။ မစံ ဘာပဲဝတ်ဝတ် လှပါတယ်။ သဘောကျစရာ လည်း ကောင်းတယ်'

'တော်ပါပြီ။ မဟုတ်ဘဲနဲ့။ မြှောက်မနေပါနဲ့'

'မစံကလည်း တကယ်ပြောတာပါ။ လူမှာ ရုပ်ရည်ချောမောတာထက် မျက်နှာပေးက အဓိကပါ။ မစံရဲ့မျက်နှာက မစံရဲ့ စိတ်ထား၊ တတ်ထားတဲ့ ပညာ၊ အဲဒီအရောင်တွေက ဟပ်ပြီးနေတာ။ ကြည်လင်ပြီး ရိုးသားသန့်ရှင်းနေတာ တွေ၊ လောကကြီးရဲ့ အလှည့်အပြောင်းတွေကို နားလည်ထားတာတွေက ပေါ်လွင် နေတာ'

'အို··· ပညာက ဒီလောက် မတတ်ပါဘူး'

'ကျောင်းပညာကို ပြောတာ မဟုတ်ဘူးလေ။ ကျောင်းပညာဆိုလည်း မစံအတွက် အမ်အေ အောင်တော့မယ်။ စိတ်ထား ပွင့်လင်းတယ်။ ရိုးသား သန့်စင်တယ်။ မောင်နှမသုံးယောက်မှာ အကြီးဆုံးဖြစ်တယ်။ လောကကြီး အကြောင်းကို အထိုက်အလျောက် သိတယ်'

'အမလေး··· တော်ပါပြီဆိုနေမှ' ပြီးတော့လည်း ချက်ချင်းပဲ မျက်နှာ ထားတည်တည်နဲ့ မစံ ပြန်ပြောတယ်။

'ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော် မှန်သွားပြီ ထင်တယ်'

'ဘာဖြစ်လို့လဲ'

'သြော်··· ကျွန်တော့် တန်ဖိုးကို ကောင်းကောင်းသိတဲ့လူနဲ့ ပေါင်းမိ လို့ပေါ့'

'ဟာ··· မစံ ပတ်ဝန်းကျင်က လူတိုင်းက မစံကို ချစ်ခင်လေးစား အထင်ကြီးကြပါတယ်'

www.foreverspace.com.mm



'အို… အဲဒီလို ပြောတာ မဟုတ်ပါဘူး။ ခင်ဗျားကလည်း လည်ချင်တဲ့နေရာကျတော့ လည်ပြီ။ ကျွန်တော့်မှာ ပထမနှစ်တုန်းက ရည်းစားတစ်ယောက် ပျက်ဘူးတယ်ဗျ'

မစံ ကျွန်တော့်မျက်နှာကို ကြည့်တယ်။ ကျွန်တော်ကလည်း မျက်နှာပေါ်က မနာလိုချင်မှုလေး ရိပ်ခနဲ ဖြတ်သန်းသွားတာကို မဖုံးကွယ်လိုက်ပါဘူး။

'အင်း… ပြောပါဦး'

'ပထမနှစ်ဆိုတော့ ကျွန်တော်ကလည်း စိတ်လှုပ်ရှားစအရွယ်ပေါ့။ ဒါပေမယ့် အဲဒီလူက သာမန်သမီးရည်းစားတွေလို ရုပ်ရှင်ကြည့်လိုက်၊ ချိန်းတွေ့လိုက်နေချင်တာ။ ပြီးတော့ ကျွန်တော် မိန်းကလေး သိပ်မဆန်တာကိုလည်း အားမရဘူး။ ကျွန်တော့်ဗီဇအတိုင်း ယောကျ်ားလေး၊ မိန်းကလေး သိပ်မခွဲခြားတာကိုလည်း မကျေနပ်နိုင်ဘူး။ သူက အလှကြိုက်ဗျ။ သူ့ပတ်ဝန်းကျင်က မိန်းကလေးတွေက သိပ်လှပြီး ကျွန်တော်က သိပ်မလှဘူး။ တိုတိုပြောရရင်ဗျာ ကျွန်တော့်ဆီက သာယာမှုတွေ မရတော့ ကျွန်တော့်ကို သူပဲ ပစ်သွားတယ် ဆိုပါတော့။ ကျွန်တော်ကလည်း အချစ်ရေးနဲ့ပတ်သက်ရင် ကံမကောင်းဘူးဗျ။ စိတ်ထဲမှာလည်း ဒီလိုပဲ စွဲနေတယ်။ ငါက မိန်းမ မဆန်ဘူး။ သိပ်မလှဘူးလို့ပေါ့။ ဒါကြောင့်လည်း ဘယ်ယောကျ်ားလေးမှ သံယောဇဉ် သိပ်မထားဘူး။ ကိုယ်တိုင်လည်း ယောကျ်ားလေးလိုပဲနေပြီး ကိုယ့်ဘဝတက်လမ်းအတွက်ပဲ အမြဲ ကြိုးစားနေမိတာ။ ခင်ဗျားနဲ့ကျတော့ ကျွန်တော့်ကို တော်တော်နားလည်တဲ့သူပဲ ဆိုပြီး နည်းနည်းပျော့ပျောင်းနေမိတာ'

မြို့ပတ်ရထားတစ်စင်း ဖြတ်မောင်းသွားလို့ မစံ စကားသံ ခဏ တိတ်သွားချိန်မှာ မစံ ဒါတွေကို ဘာကြောင့် ပြောနေပါလိမ့်။ စဉ်းစားမိတဲ့စိတ်က ရထားနောက်တွဲနဲ့ ကပ်ပါသွားရင်း လွတ်ထွက်သွားပေမယ့် မစံကပဲ အဲဒီအတွေးတွေကို ဆွဲဖြတ်ပြန်တယ်။

'ပြီးတော့ ဗေဒင်တွေဘာတွေ မယုံပေမယ့်လည်း အမေ ယုံတော့ ကျွန်တော့်အတွက် ခဏခဏ မေးတယ်။ အဲဒီဟောစာတမ်းတွေ အပျင်းပြေ ဖတ်ကြည့်တိုင်းလည်း အချစ်ရေးတွင် ကံမကောင်း၊ ကိုယ်က ချစ်ရသူကို ရမည် မဟုတ်လို့ အမြဲပါတယ်။ ကြာတော့လည်း ကိုယ့်ကိုယ်ကိုယ် သိတာနဲ့ ယှဉ်စဉ်းစားလိုက်ပြန်ရင် အဲဒါက ဟုတ်နေရော။ ထားပါတော့ဗျာ'

www.foreverspace.com.mm



'ခင်ဗျားကလည်းဗျာ၊ ဗေဒင်ဆိုတာ သူ ပြောချင်ရာ ပြောတာပါပဲ။ ကျွန်တော်ကတော့ ကောင်းတာဆို မှန်တယ်၊ မကောင်းတာဆို မမှန်ဘူးပဲ'

'အမယ်··· ဟိုနေ့ကပဲ အမေက ကြုံလို့ မေးလာတော့ ယောကျ်ား ရကိန်းရှိတယ်လို့ ဟောလိုက်တယ်ဗျ။ အမေက ပျာပျာသလဲ ပြန်စစ်ခိုင်းတော့ ဘယ်လို ဟောတယ်မှတ်လဲ။ လက်ရှိ အလုပ်အတူတူလုပ်နေသူ ရွယ်တူ၊ ပညာ၊ ဘာသာချင်းကလည်း အတူတူ၊ ကြာသပတေးသား ဖြစ်ဖို့များပြီး မိမိကို နားလည် မည့်သူနှင့် ဖြစ်သည်တဲ့ဗျ။ ကျွန်တော့်ဖြင့် ခင်ဗျားမျက်နှာကြီး ဘွားခနဲ ပေါ်မြင်မိ တာပဲ။ နောက်နေ့ကျတော့ ခင်ဗျားကို ပြောမလို့၊ တော်ကြာ ခင်ဗျားက ကျွန်တော့် ကို တစ်မျိုးမြင်သွားမှာရယ်၊ ခင်ဗျား မြောက်ကားကြီး ဖြစ်နေမှာရယ်ကြောင့် မပြောတာ'

မစံ စကားဆုံးတော့ ကျွန်တော် သတိလွတ်လွတ်ကင်းကင်းနဲ့ ရေနွေး ခွက် ကောက်သောက်လိုက်တော့ ချက်ချင်း ငှဲ့ထားတဲ့ခွက်မှန်း မသိလို့ ပူသွား လိုက်တာ လျှာကို ကျက်မတတ်ဘဲ။

'အမယ်လေး။ ရှက်သွားတာလား။ ဘဝင်မြင့်သွားတာလား။ ကျွန်တော် က ဗေဒင်လည်း မယုံဘူး။ အဲဒီအချက်အလက်တွေနဲ့ အားလုံးနီးပါး ကိုက်ညီတဲ့ ယောကျ်ားလေး သူငယ်ချင်းတွေလည်း ရှိပါသေးတယ်နော်' မစံက လေးလေး နက်နက်ပြောပြီး ပြန်ဖော့လိုက်ပေမယ့် ကျွန်တော်ကတော့ ထိတ်ခနဲပဲ။ ကျွန်တော် နောက်များ ကျသွားပြီလား မသိဘူး။

ထပြန်ဖို့ခက်တဲ့ ညနေရောက်တော့လည်း အိမ်ရှေ့က ကားဂိတ်ထိ လိုက်ပို့ပါဆိုလို့ လိုင်းကားကို ကျပ်ကျပ်တည်းတည်း ထိုင်စီးကြတော့လည်း မစံနဲ့ ကျွန်တော်ရဲ့ လက်တွေက အပြန်အလှန် ဆုပ်ကိုင်လို့ အဲဒီညက ကျွန်တော် အိပ်မပျော်ခဲ့ပြန်ဘူး။

မနက်ဖြန်ဟာ နောက်မကျသေးဘူးလို့ ဆိုကြပေမယ့် မစံအတွက်ရော ကျွန်တော့်အတွက်ပါ လုံလုံလောက်လောက် နောက်ကျနေပြီ ထင်ပါရဲ့။ မဖြစ် တော့ဘူး။ မစံ ကျွန်တော် ဖွင့်ပြောမှ ဖြစ်တော့မယ်။

ကျွန်တော်တို့ဇာတ်လမ်းရဲ့ ဇာတ်ထွတ်ထိပ်ဖျား ချွန်ချွန်လေးပေါ်ကို ကျွန်တော်ကပဲ အရင်ဦးဆုံး ခုန်တက်လိုက်ပါတယ်။

'မစံ ကျွန်တော့်မှာ ရည်းစားရှိတယ်'

မစံ ဟန်မဆောင်နိုင်ပါဘူး။ တစ်ကိုယ်လုံး တုန်ယင်၊ မျက်နှာလည်း

www.foreverspace.com.mm

သွေးရောင်တွေက ရဲ။ မျက်စေ့တွေ နီ။ မျက်ရည်တွေလည်ရင်းနဲ့ 'ခင်ဗျား မကောင်းဘူးဗျာ'လို့ တစ်ခွန်းပဲ ပြန်ပြောနိုင်ခဲ့တယ်။

ကျွန်တော် မှန်သလားတော့ မသိဘူး။ မမှားဘူးဆိုတာတော့ သေချာ သလောက်နီးပါးပါပဲ။ ဒီလောက်ဖြစ်လိမ့်မယ်လို့တော့ ထင်မထားခဲ့မိပါဘူး။ ဟန်ဆောင်ကောင်းလိမ့်မယ်လို့ ထင်ထားခဲ့တာ။ အဲဒီနေ့က ထပြန်ဖို့ လွယ်ကူ ခဲ့တဲ့နေ့ ဖြစ်ခဲ့ပါတယ်။

အဲဒီနေ့ကစပြီး တရားမဝင်သေးတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ သံယော ဇဉ်ဟာ ပိုပြီးတော့ တရားဝင် ဖြစ်လာတာတော့တာပဲပေါ့။ ထပြန်ဖို့ခက်တဲ့ တနင်္ဂနွေတွေနောက်မှာ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာတွေပါ ပါလာတော့ တာပဲ။ တွေ့တိုင်းလည်း 'ကဲ… ကျွန်တော် မပြောဘူးလား အချစ်ရေးမှာ ကျွန်တော် ကံမကောင်းဘူးဆိုတာ မှန်ပါတယ်'လို့ မစံက ခဏခဏပဲ ပါးစပ်က ပြောလိုက်၊ မျက်သားနီနေတဲ့ မျက်ဝန်းတွေက ပြောလိုက်နဲ့။ အားနည်းသူဘက်ကို ပါတတ်တဲ့ ကျွန်တော်က မစံကို အလိုလိုက်ပြီး ပိုပြီးဖြည့်ဆည်းကူညီ။ အဲဒါကိုပဲ မစံက ပိုပြီး ရယူပိုင်ဆိုင်ချင်။ မစံကို ကျွန်တော် အလိုလိုက်တာထက် မစံကို မစံက ပိုပြီးအလိုလိုက်။ နောက်တော့ မစံရဲ့ ရှုးသွပ်မှုနောက် ကျွန်တော်က တရွတ်ဆွဲပါ။ ကျွန်တော့်ရဲ့ ရှုးသွပ်မှုနောက်က မစံက တရွတ်ဆွဲပါ။ ဒါတွေဟာ မှားသွားပြီဆိုတာတော့ နောက်မှသိရမှာပဲလေ။ ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်သွား ခဲ့ရတာ ကျွန်တော်ပေါ့။

သူငယ်ချင်းအချို့က မှုပျက်ရုပ်ထွေးနေတဲ့ ကျွန်တော့်ရဲ့မျက်နှာကို ဖတ်နိုင်သွားကြပြီ။ ဖွင့်မမေးကြပေမယ့် သိချင်နေကြပြီ။

အလာစိပ်တဲ့ ဖုန်းသံတွေကလည်း သက်သေခံနေကြပြီ။ 'ဟုတ်တယ်၊ မစံမာနကို ထိပါးသွားလိမ့်မယ်လို့ ထင်ထားတာ။ ခါးခါးသီးသီးတွေကို မျှော်လင့် ထားတာ'ဆိုတဲ့ ကျွန်တော့် စကားတစ်ခုတည်းနဲ့လည်း 'ဖုန်း'ဘေးက သူငယ် ချင်းတွေက အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြပြီပေါ့။

မစံ ကျွန်တော့်တို့ ဇာတ်ထွက်ကို ဖြည်းဖြည်းချင်း တက်လှမ်းခဲ့ကြပေ မယ့် ဇာတ်ဆင်းကျတော့ မြန်လိုက်တာ။ အဆင်းကို မစံရဲ့ ကျွန်တော့် အတူနေ သူငယ်ချင်းတွေဟာ သူတော်စဉ်တော့လည်း မဟုတ်ဘူး။ ခေတ်လူငယ်တွေ ဆိုပေမယ့်လည်း ပေါ့ပျက်ပျက်တွေ မဟုတ်သလို ကျွန်တော်ထက်လည်း လက်တွေ့ကျသူတွေပါ။ ပြီးတော့ 'သစ္စာ'ဆိုတာကိုလည်း တိတိကျကျ နားလည်

www.foreverspace.com.mm



ပြီး တန်ဖိုးထားတတ်သူတွေပါ။ သူတို့ဟာ ချစ်ခြင်းမြုမှုန်တွေ ဖုံးလွှမ်းနေတဲ့ မစံရဲ့မာန်တွေကို ပွတ်တိုက်ပေးသူတွေ ဖြစ်သွားခဲ့ပါတယ်။

ကျွန်တော် မရှိတုန်း မစံဆီက ဖုန်းလာတော့ ကျွန်တော့်ကောင်မလေး နာမည်ကိုမေးပြီး 'အခုပဲ မင်းဆီသွားတာ။ မင်းနဲ့ချိန်းထားတာ မဟုတ်လား။ မရောက်သေးဘူးလား' ဆိုတာတွေက တိုက်ဆိုင်တာ မဟုတ်ဘူး မစံ။ သေသေချာချာ ပြေကြတာ။ မစံနဲ့ ကျွန်တော့်ကို ဘဝအမှန်ထဲ ပြန်ခေါ်ကြတာ။ မစံပေးတဲ့စာထဲမှာ 'ဖုန်းကိုင်ပြီး ပြန်ချရတာ မနည်းတော့ပါဘူး။ အဲဒီနာမည်ဟာ ခင်ဗျား အခန်းမှာ သိပ်အရေးပါပုံရပါတယ်။ အဲဒီနာမည် အမေးခံရတိုင်း ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးဟာ သေးငယ်သွားသလို ခံစားရတယ်။ ငယ်ငယ်က သင်ခဲ့ဖူးသလို မှန်ကန်ခြင်း မရှိတော့ ရဲရင့်မှုလည်း မရှိပြန်ဘူးပေါ့' တဲ့။ မစံ အဲဒီစာကြောင်းတွေက ကျွန်တော့်ခန္ဓာကိုယ်လည်း သေးငယ်သွားစေ ပါတယ်။ မစံနဲ့ တွေ့တဲ့အခါ ပါးစပ်တွေကိုလည်း ဆွံ့အစေခဲ့ပါတယ်။

အမေ နေမကောင်းလို့ အညာကို ခဏပြန်ရမယ်ဆိုတော့ မစံက 'ခင်ဗျား တောပြန်တုန်း ကျွန်တော်က အိမ်မှာ တရားထိုင်နေရစ်ခဲ့မယ်' တဲ့။ 'မိသားစုတချို့လည်း တရားထိုင်ဦးမယ်။ ကျွန်တော်လည်း စိတ်တွေ ကစဥ့် ကလျားမို့ သူတို့နဲ့ အတူရောပြီး တရားဝင်ထိုင်ဦးမယ်'

ကျွန်တော့်အထင်တော့ မစံတစ်ယောက် ကြံရာမရ ဘုရားကု ကုတာနေမှာပဲလို့ ထင်မိတယ်။ အညာမှာ မမျှော်လင့်ဘဲ ရက်များစွာ ကြာသွားတယ်။ ဒါပေမယ့် မစံဆီကို ဖုန်းမဆက်ဖြစ်ခဲ့ဘူး။ ပြန်တော့မယ် ပြန်တော့မယ်နဲ့ ဆိုတော့လည်း စာမရေးဖြစ်ခဲ့ဘူး။ မိုးရာသီအတွက် ရက်နည်းနည်းလေး ကျန်တော့တဲ့ ကာလမှာ ရန်ကုန်မြေကို ကျွန်တော် ခြေချပါတယ်။ နောက်နေ့ကျတော့ မစံ ရှိတဲ့ တောင်ငူဆောင်ကို ရောက်ခဲ့ပါတယ်။

သူ ပြန်တော့မယ်လို့ သတိပေးရုံလေး ရွာတဲ့မိုးစက်သေးသေးလေးတွေ အောက်က ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ပေါ်မှာ မစံကို ရှာပေမယ့် မတွေ့ရပါဘူး။ ပြန်ဆင်းခါနီးမှာမှ မစံသူငယ်ချင်း ကျူတာပေါက်စ နီနီက လှမ်းခေါ်ပြီး 'မစံ ဒီမှာ မရှိတော့ဘူး။ ခင်ဗျားအတွက် စာတစ်စောင် ပေးထားတယ်။ ခဏစောင့်။ ကျွန်မ သွားယူလိုက်ဦးမယ်' လို့ပြောရင်း ပျာပျာပျာပျာနဲ့ ထွက်သွားလေရဲ့။ မိုးစက်တွေက ခပ်စိပ်စိပ်ကျလာတယ်။ ပိတောက်ပျိုတွေက ယိမ်းနွဲ့လှုပ်ရှားနေကြတယ်။ 'ဒီမှာရော့။ ကျွန်မ ကျူတိုရီရယ် စောင့်စရာရှိလို့ သွားတော့

www.foreverspace.com.mm

မယ်။ နောက်မှတွေ့ရအောင်’ဆိုပြီး နီနီ ထွက်သွားတော့မှ မစံ အတန်းတက်ခဲ့ဖူးတဲ့ တီ ၂၁၁ စာသင်ခန်းရဲ့ ရှေ့မှာ စာကိုဖွင့်ဖတ်ခဲ့တယ်။

ကျွန်တော့်သူငယ်ချင်းတွေကပဲလား၊ ဗုဒ္ဓရဲ့အဆုံးအမပဲလား၊ မစံ မိဘတွေကပဲလား၊ မစံကိုယ်တိုင်ကြောင့်လားဆိုတာတော့ မတွေးတတ်တော့ပါဘူး။ ဘယ်သူက တိုက်ချွတ်ပေးလိုက်တယ် မသိရပေမယ့် စာရွက်ခေါက်ကလေးကို ဖြန့်လိုက်တာနဲ့ မစံရဲ့ တောက်လက်နေတဲ့ မာနရောင်တွေကို ကျွန်တော် တွေ့ရပါပြီ။

‘ကျွန်တော့်ကို ကျွန်တော် အကြောင်းကြောင်းတွေကြောင့် ထိန်းနိုင်သွားပြီဆိုတာ ခင်ဗျား ဒီစာကို ဖတ်နေရင်း သိနိုင်ပါလိမ့်မယ်။

ကျွန်တော့် အမေက မေးလာတယ်။ အဲဒါ ရည်းစားစာလားတဲ့။ ကျွန်တော် မဖြေနိုင်ခဲ့ဘူး။ အဖေက ပြောပြန်တယ်။ သမီးနဲ့ တွဲနေတယ်လို့ ကြားတယ်။ ယူမှာဆိုရင်လည်း သတ္တိရှိရှိ၊ မယူဘူးဆိုရင်လည်း သိက္ခာရှိရှိ နေပါတဲ့။

ကျွန်တော် အဖေ့ရှေ့မှာ သတ္တိရော၊ သိက္ခာပါ ပျောက်ဆုံးနေခဲ့ရတယ်။ အမေနဲ့အဖေအတွက် အဖြေကတော့ ဝမ်းနည်းသည်းထန်စွာ ငိုကျွေးလိုက်ရခြင်းပါပဲ။

ကျွန်တော့်အဖေဟာ တက္ကသိုလ်ဆရာတစ်ဦးပါ။ လူငယ်တွေအပေါ်မှာ နားလည်နိုင်တာ ခင်ဗျား သိပါတယ်။ ကျွန်တော့် မေတ္တာရေးကို လွတ်လပ်ခွင့်ပေးပါတယ်။ အဲဒီလို ပွင့်လင်းလွတ်လပ်တဲ့ မိဘမျိုးရထားတဲ့ ကျွန်တော့်မှာမှ အဖေ ပြောတဲ့ သတ္တိရော၊ သိက္ခာပါ ဂုဏ်ယူစွာ ထုတ်မပြရဲတဲ့အဖြစ်နဲ့ ကြုံရတယ်။ မိဘတွေကို ငယ်စဉ်ကတည်းက အောင်မြင်မှုတွေ ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ကျွန်တော့်ကတော့ ပတ်ဝန်းကျင်ရှေ့မှာထက် မိဘရှေ့မှာ တစ်ခုခု ကျဆုံးတာ အရှက်ရဆုံးပါပဲ။ အဖေရဲ့ တစ်ခွန်းတည်းသော စကားက ခင်ဗျားကို ချစ်ခြင်းဆိုတဲ့ မြူမှုန်တွေ ဖုံးလွှမ်းနေတဲ့ ကျွန်တော့်အဖြစ်ကို ပြက်ပြက်ထင်ထင် သိမြင်စေခဲ့ပါတယ်။ မရေရာမှုကို ဆုပ်ကိုင်ထားရတဲ့ ကျွန်တော့်အဖြစ်ကို အရှက်ရဝမ်းနည်းမိပါတယ်။

အဲဒီအချိန်မှာပဲ နွေရဲ့အမြီးလို့ ထင်ခဲ့တဲ့ မိုးဟာ ဆောင်းရဲ့ ဦးခေါင်းပါလားလို့ ကျွန်တော် ပြန်မြင်နိုင်ခဲ့တယ်။ ပူပြင်းတဲ့ရန်ကုန်နွေရဲ့အောက်မှာ တရားထိုင်ပြီးတဲ့ အချိန်တိုင်း ခင်ဗျားဆီက ဖုန်းကို စောင့်နေမိတယ်။ စာကို

www.foreverspace.com.mm



မျှော်မိတယ်။ ခင်ဗျားက စဆက်သွယ်မယ်ဆိုတော့ စောင့်ဆိုင်းခြင်းကိုပဲ ကျွန်တော် ပိုင်ဆိုင်ပွေ့ဖက်ရတာပေါ့။ ခင်ဗျားဆီက ဘာမှမလာခဲ့ပါဘူး။ မမျှော်လင့်ထား သေးတဲ့ ကျွန်တော် ငြင်းဆန်ခဲ့ဖူးတဲ့ အင်္ဂလန်က အလုပ်က ဒုတိယအကြိမ်လာဖို့ ဆက်သွယ်ခဲ့တယ်။ ခင်ဗျား အနာဂတ်နဲ့ ကျွန်တော့်အနာဂတ်ကို ပေါင်းစည်းလို့ မရကောင်းတော့ဘူးဆိုတာ မြင်တွေ့မိလို့ ကျွန်တော့်အနာဂတ်ဆီကိုပဲ သွားလိုက် ပါပြီ။ အခုနေဆို အင်္ဂလန်တက္ကသိုလ် ပေါက်စလေးတစ်ခုမှာ မြန်မာစာပြ ဆရာမလေးတစ်ယောက် ဖြစ်နေရောပေါ့။ ထင်ချင်သလို ထင်နိုင်ပါပြီဆိုတဲ့ စကားကို သုံးခွင့်ပြုပါလို့ပြောရင်း နှုတ်ဆက်ပါတယ်။ လှပတဲ့ အနာဂတ်ကို ပိုင်ဆိုင်ရင်း ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ'

မစံ တကယ် သွားခဲ့ပြီပဲ။ မင်း ပြောတဲ့ ဆောင်းရဲ့ဦးခေါင်း မိုးစက် တွေ ပိုပြီး သည်းထန်စွာ ကျဆင်းလျက်ပါပဲ။ တောင်ငူဆောင်ရှေ့က ပိတောက် ပင်ပျိုတွေပေါ်ကို မိုးစက်တွေက အငြိုးနဲ့ သည်းနေပါပြီ။ အဆောင်အောက်ကို ပြန်ဆင်းဖို့တော့ နှုံးချည့်သွားတဲ့ ငါ့ခန္ဓာကိုယ်ရဲ့ နောက်ကျောဖက်က မင်း စာသင်ခဲ့ဖူးတဲ့ အခန်းထဲမှာ ဆရာသစ်တစ်ယောက် ဝတ္ထုသင်ခန်းစာတွေ ပို့ချ နေသံတွေ ကြားလိုက်ရတယ်။ မင်းလည်း သင် သွားခဲ့ဖူးမှာပါ။ 'အီးအမ်ဖော် စတာ'ရဲ့ ဝတ္ထုအတတ်ပညာ သဘောတရားတွေ ပို့ချနေတာ ထင်ပါရဲ့။ ဇာတ် လမ်း ပုံသဏ္ဌာန်အကြောင်းတွေပါ။ သဲနာရီပုံ ဇာတ်လမ်းတဲ့။ အမ်အေ ကျောင်းသူ၊ ကျောင်းသားတွေ နားထောင်နေကြတယ်။ မျက်မှန်နဲ့ အသားညိုညို ဆရာ တစ်ယောက်ပါပဲ။ စကားသံတိုးပေမယ့် ငါလည်း ကြားနေရတယ်။ 'သဲနာရီထဲ မှာ သဲပွင့်လေးတွေ အများကြီးရှိတယ်။ အဲဒီသဲပွင့်လေးတွေ အားလုံး နာရီဖန်ခွက် ခါးလယ်အပေါက်လေးဆီကို ဦးတည်ရွေ့လျားလာကြတယ်။ နောက်ဆုံး ခါးလယ် အပေါက်မှာ သံတစ်ပွင့်က အရင်လွင့်ကျသွားပြီး နောက်သဲတစ်ပွင့်လည်း တခြား တစ်နေရာကို လွင့်ကျသွားတယ်။ အဲဒီသဲနှစ်ပွင့် ပြန်မတွေ့ကြတော့ဘူး။ အဲဒီလိုပဲ တစ်နေရာဆီက ဇာတ်ဆောင်တို့ တစ်ချိန်တစ်နေရာမှာ တွေ့ဆုံတယ်၊ ချစ်ကြပေါင်း ကြတယ်။ နောက် ကွေကွင်းခြင်းနဲ့ဆုံးတဲ့ ဇာတ်လမ်းပုံသဏ္ဌာန်ကို သဲနာရီဖန်ခွက် ပုံသဏ္ဌာန် ဇာတ်လမ်းလို့ မှတ်ယူနိုင်တယ်။ နားလည်ကြလား'တဲ့။

အဆောင်ပေါ်က အမြန်ဆင်းလာခဲ့ရင်း နောက်ဆုံး လက်ကျန် မိုးရေ စက်တွေနဲ့ နေ့ရက်တွေကို ငါ မောပန်းစွာ ဖြတ်သန်းခဲ့ရတော့တယ်။

ဆောင်းဟာ သူ ရောက်လာပြီလို့ ကယောက်ကယက် အိပ်မက်လေးနဲ့

www.foreverspace.com.mm



ငါ့ကို လှုပ်နှိုးလိုက်တယ်။ ခရစ္စမတ်မှာ မွေးတယ်ဆိုတဲ့ ဆောင်းမင်းသမီးလေး မစံဟာ ဆောင်းဝင်တော့မယ်ဆိုတာနဲ့ ငါ့အိပ်မက်ထဲကို ရောက်လာပြန်တယ်။ ဟိုးအရင်နှစ် ဆောင်းတုန်းက မင်း ရွတ်ပြခဲ့ဖူးတဲ့ ကဗျာလေးကိုပဲ ထူးထူးခြားခြား သတိရပါတယ် မစံ။

You Go

I Stay

Two Atoms

မင်းသွားတယ်။

ငါနေခဲ့။

အက်တမ်နှစ်ခုသာ။

မစံ မင်းကတော့ ကြည်လင်တဲ့ရေ ဖြစ်လို့ လွတ်လပ်စွာ စီးဆင်းပါလေ။ ငါသာ နောက်ကျိတဲ့ရော ဖြစ်လို့ အနည်ထိုင်အောင် ကြိုးစားရင်းနဲ့သာ။

အက်တမ်နှစ်ခုမျှသာ ဖြစ်ပါတယ်။

■

**မျိုးငြိမ်းဆွေ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊အမှတ် ၆၃၊ ဇန်နဝါရီ၊၁၉၉၅**

www.foreverspace.com.mm

# ပန်းဆဋ္ဌ

**ခိုင်နွယ်သန့်၊ မန္တလေး၊**

“မြို့င့်ကို မသနားပါနဲ့ ကိုကို
နောက်ပြီး အိမ်ထောင်မှု ဘုရားတည်
ဆေးမှင်ရည် စုတ်ထိုးတွေ
ဘာတွေကြောင့်တော့ မြို့င့်ကို မပေါင်းပါနဲ့
လူကြီးတွေ မျက်နှာပျက်တာတစ်ခုကြောင့်တော့
မြို့င့်ကို မပေါင်းပါနဲ့ ကိုကိုရယ်

www.foreverspace.com.mm

ပန်းဆန္ဒ

## ချိုင်နွယ်သန့်၊ မန္တလေး၊

လွတ်လပ်မှုထက် ကိုကို့အား သူမ ပို၍ မက်မောသောကြောင့် လက်ထပ်ခြင်းကို လိုက်လျောမိသည်။

❑

ညတွင်သာ သင်းပျံ့တတ်သော ထားဝယ်မှိုင်းပန်းရနံ့တို့ သူမကို ကျီစယ်လျက် ရှိသည်။ ဝင်းပသော လရောင်အောက်ဝယ် ပန်းနု၊ ပန်းရင့်၊ အဖြူရောင် ပန်းပွင့်ငယ်ကလေးများကို သစ်ရိပ်လွှတ်ရာဝယ် သူမ မြင်နေရ၏။

သူမ ရပ်နေသော အခန်း၏ ပြတင်းမှ မျှော်ကြည့်လျှင် နက်ပြာရောင် ကောင်းကင်၏ အဆုံးအစမဲ့ခြင်း၊ ကြယ်တို့၏ လင်းလက်ခြင်း၊ ယိမ်းနွဲ့နေသော သစ်ပင်တို့၏ လှပခြင်းတို့ကို မြင်ရလေသည်။ မီးလည်းလာ၊ လလည်းသာသော တင့်တယ်သည့် ညအား ချစ်သူနှင့်အတူ ဖြတ်ကျော်ရလျှင်ဖြင့် ချစ်သူ၏ လက်မောင်းဝယ် ခိုတွယ်လမ်းလျှောက်ရင်း ချစ်သူ၏ ပခုံးဝယ် ခေါင်းတင်မှီနွဲ့ရင်း စကားမဆိုဘဲ တိတ်ဆိတ်စွာ ညကို ခံစားရလျှင်ဖြင့်...

သူမရင်ထဲ နာကျဉ်မှုက ဖြတ်စီးသည်။ မြစ်တစ်စင်း၏ ရေအလျင်လို အဆက်မပြတ် စီးဆင်းနေသော နာကျင်မှုသည် နာကြည်းခြင်းသို့သည် ဘဝတွင် ပြောင်းလဲသွားနိုင်စရာ မရှိကြောင်း သူမ ကောင်းစွာ သိနေပါသည်။ တရားခံကို သူမ မေ့ထားသည်။ တစ်ခါတစ်ရံတွင်တော့ သူမသည်သာ တရားခံဟု အပြစ် မြင်တတ်သည်။

ခုချိန်မှာ...

www.foreverspace.com.mm



နာရီတွေကို သူမ မမြင်ချင်။
မကြည့်ရဲ။
တစ်စုံတစ်ခုသော အတွေးဝင်လာလျှင်ဖြင့် သူမ သေဆုံးသွားချင်သည်။ ပြီးတော့ ကိုကို့ကို သနားသည်။ ပြီးတော့ သူမကိုယ် သူမ အပြစ်တင်ချင်သည်။ (ကိုကို့ကို သူမ နှောင်ဖွဲ့ခဲ့မိတာ)ဟု နှောင်တရ၍ မဆုံးပေ။

ကိုကို့ထက် သူမကိုယ်သူမ ရှေ့တန်းတင်မိတာ။ သူမ တစ်ဖက်တည်းကိုသာ တွေးတောစဉ်းစားခဲ့တာ။ ကိုကို့ဘက်ကို သူမ စိုးစဉ်းမျှ ငဲ့မကြည့်ခဲ့ဖူးပေ။

သက်ပြင်းကို ချမိစဉ် တိုက်ကပ်နာရီမှ နာရီသံကိုကြားရ၏။ မရေတွက်မိဖို့ အသိတရားတို့အား ထိန်းချုပ်ထားမိသော်လည်း မသိစိတ်က ရေတွက်နေသည်။ ဆယ့်တစ်ချက်။ ဒါဟာ ဆယ့်တစ်နာရီ။

ဟိုအရင်ကဖြင့် ကိုးနာရီကျော်လျှင် စင်းကျလာတတ်သော၊ ငိုက်မျဉ်းလာတတ်သော သူမမျက်လုံးများ၏ အိပ်စက်ခြင်းကို ဘယ်သူက ခိုးယူသွားသလဲ။ အိပ်စက်ခြင်းကို ဘယ်လိုကုန်ဆုံးစေရမည်လဲ။ သူမအတွက် ခက်ခဲလို့နေသည်။

စာဖတ် ဝါသနာ မပါသော၊ သီချင်း မနှစ်ခြိုက်သော၊ စာရေးဝါသနာမပါသော သူမအတွက် အချိန်တို့အား မည်သို့ ကျော်ဖြတ်ရမည်လဲ။ စောစောလေးကပင် ကိုကို ငှားလာပေးသော မြန်မာဗီဒီယိုနှစ်ခွေလည်း ပြီးသွားပြီ။ ငြီးငွေ့မှု၊ ခြောက်သွေ့မှုတို့ဖြင့် ပြတင်းကို ကျောခိုင်းလိုက်သည်။ အပြာရောင်အပွင့်အခက်တို့ ယှက်နွယ်ထားသော အိပ်ရာခင်း၊ ခေါင်းအုံးဖုံး တစ်စုံဖြင့် သပ်ရပ်နေသော အိပ်ရာကို သူမ ကြည့်နေသည်။

သူမသည် ကိုကိုနှင့် သူမ၏ အခန်းအား မမြင်ဖူးသလိုလို ငေးနေမိသည်။

နိမ့်သော ခုတင်သည် အခန်း၏ တစ်ဖက်နံရံအနီးတွင် ရှိသည်။ ဗီရိုနှစ်ခုသည် အခန်း၏ ခြေရင်းမှာ ယှဉ်တွဲလျက်။ ဗီရို၏ နံဘေးတွင် အဝတ်စင်တစ်ခု။ အဝတ်စင်ပေါ်တွင် မျက်နှာသုတ်ပဝါနှစ်ခုနှင့် ခေါက်ထားသော ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည် ရှိလေသည်။ ပြတင်း၏ရှေ့တွင် ကိုကို့စာကြည့်စားပွဲသည် သူမ စီရီပေးထားသော စာအုပ်ထူကြီးများဖြင့် ငြိမ်သက်နေလေ၏။

သူမတို့မြို့နှင့် ဝေးကွာသော မိဘတွေဆီ စာရေးရမည်လား။

www.foreverspace.com.mm

ခုချိန်မှာ ရေးမိသော သူမ စာသည် မည်သည့်နည်းနှင့်မျှ စိတ်ပျော်ရွှင်မှုတို့ဖြင့် ပြည့်နှက်နေမည် မထင်။ မိဘတွေကို သူမကြောင့် စိတ်မဆင်းရဲစေလို။ ထိုအသိဖြင့်ပင် သူမသာ မပျော်မရွှင်မှုတို့ကို ကြိတ်မှိတ်ခံစားနေတာ။ သို့မဟုတ် မပျော်ရွှင်မှုကို သူမက မြင်နေရတာ။

ချစ်သူ၏ မပျော်ရွှင်မှုသည် သူမအတွက် စိတ်ဆင်းရဲရမှုသာ။

ဒါကို··· သူမက ကောင်းစွာသိပါသည်။

အထီးကျန်··· တဲ့။ သိပ်လှသော စကား။ ခံစားဖူးသောအခါမှာတော့ ဆိုးရွားလှသည်။ အလွန်ကျွမ်းမြည့်စေသော ခံစားမှုပါပဲ။

သူမ၏ ထွက်ပေါက်သည် အတွေးသာ ဖြစ်သည်။

သူမသည် ခုတင်ပေါ် ခပ်ဖြည်းဖြည်း လှဲချအပြီး ကိုကိုနှင့် သူမ အကြောင်းများကို အစမှ ပြန်လည်တွေးမိသည်။

❑

မစည်ကားလှသော လူဦးရေ၊ မများလှသော မြို့ကလေးတွင် သူမသည် မိဘတွေ၏ သားသမီးလေးယောက်အနက် အငယ်ဆုံးသမီးအဖြစ် အေးချမ်းစွာ မေးဖွားလာခဲ့ပါသည်။ စာမထူးချွန်သော်လည်း စာမညံ့လှသော သူမသည် ဒုတိယ အကြိမ်မြောက် ဖြေဆိုရာတွင် အောင်မြင်သွားသော ဆယ်တန်း၏နောက်ဝယ် စာပေးစာယူဖြင့်သာ ဘွဲ့တစ်ခု ယူခဲ့သည်။

မိဘတွေကို သူမ မခွဲနိုင်။ သူစိမ်းတွေကြားတွင်လည်း သူမ မပျော်တတ်ပေ။

ဖခင်၏ အထည်စက်ရုံလုပ်ငန်းကို သူမ စိတ်မဝင်စားပါ။ ငွေတိုးချေးသော၊ မိခင်၏ ရွှေထည်ပစ္စည်းရောင်းဝယ်သော မိခင်၏ လုပ်ငန်းကို သူမ မကျွမ်းကျင်ပါ။ သူမ ပျော်မွေ့သည်က အိမ်တွင်းမှုသာ။ ဟင်းချက်မည်၊ အိမ်အလှပြင်သည်။ ဆွယ်တာထိုးမည်။

မိဘတွေ၏ ဧည့်သည်တွေ အမြဲမပြတ်သော သူမ၏ ဧည့်ခန်းသည် အစဉ် လှပနေဖို့၊ မိဘတွေရောဂါနှင့် အဆင်ပြေမည့် ဟင်းလျာများ ရွေးချယ်ချက်ပြုတ်ဖို့ တူ၊ တူမတွေအတွက် ဆွယ်တာများ ထိုးပေးဖို့သည်သာ သူမ၏ ဘဝ မွေ့လျော်ရာဖြစ်၏။ အိမ်ခွဲနေကြသော အစ်မ၊ အစ်ကိုမိသားစုများထံ တစ်ခါ တစ်ရံ လည်ပတ်မည်။

သူတို့လာလျှင် သူမ ချစ်သော တူ၊ တူမကလေးများနှင့် နေမည်။

www.foreverspace.com.mm

အေးချမ်းသော သူမဘဝအတွင်း သူစိမ်းယောကျ်ားတစ်ယောက်အား အားကိုးပြုဖို့ အစ်မတွေ တိုက်တွန်းလျှင် သူမ လက်မခံလိုပေ။ သူမ ဘဝအတွက် ယောကျ်ားတစ်ယောက်ယောက်ကို လိုအပ်သည်ဟု မထင်ပါ။ သူမဘဝတွင် မိဘတွေ ရှိသည်။ ပစ္စည်းဥစ္စာရှိသည်။ အသိုင်းအဝိုင်း ရှိသည်။ မာနကြီးသည်ဟု သူမ ငြင်းလိုက်သူများက ဆိုကြသည်။

သူမကတော့ ထိုမာနအတွက် ဂုဏ်ယူသည်။

မာနမှမရှိလျှင် မိန်းကလေးတစ်ယောက်၏ ဘဝကို မည်သို့ဖြင့် ရပ်တည် ရမည်လဲ။ သိက္ခာရှိလျှင်ဖြင့် သူမ ဘဝ ရပ်တည်နိုင်သည်ဟုလည်း ယုံကြည် ပြန်သည်။

အစ်မတွေ လက်လျှော့သွားချိန်…

အသက် ၂၆ နှစ်အရွယ် ကျွန်မအား (အပျိုကြီး)ဟု ကျီစယ်စပြုချိန်…

'သမီးရေ၊ အမေ့မိတ်ဆွေတွေအတွက် အအေးလုပ်ပါဦး။ နှစ်ယောက် သမီး။ မုန့်လေးရော'

'ဟုတ်ကဲ့'

အရောင်းအဝယ်ကိစ္စဖြင့် မပြတ်ရောက်လာတတ်သော ဧည့်သည်များ အား ဧည့်ဝတ်ပြုရခြင်းသည် သူမအတွက် အဆန်းမဟုတ်တော့ပါ။ သို့ပေမယ့် (သမီး ထွက်လာခဲ့နော်။ မိတ်ဆက်ပေးချင်လို့) ဟူသော အမေ့စကားနှင့် ခပ် ပြုံးပြုံးမျက်နှာသည်တော့ ထူးဆန်းနေပါသည်။ အမေ့ဧည့်သည်များအတွက် ခါတိုင်းဆိုလျှင် ကျွန်မ လုပ်ပေးကိုင်ပေးပြီး အဖော်ကောင်မလေးကိုသာ ပို့ခိုင်း လိုက်၏။

သူမ အအေးဗန်းကိုကိုင်ပြီး ထွက်ခဲ့သည်။

'ချိုရေ၊ ဒါ ကျွန်မ သမီး အငယ်ဆုံးလေးလေ။ မြိုင်တဲ့'

'မေ့သမီးက ချောလိုက်တာပါလား။ ကြည့်ပါဦး ဆံပင်တွေကလည်း ကောင်းလိုက်တာ။ တင်ပါးကျော်ထိ အများကြီးပဲ။ မည်းနက်နေတာပဲနော်။ မေတို့ များ ကျွန်မဆီလာရင် သမီးချောကို ခေါ်မလာဘူး။ ဒါပေါ့လေ။ သူ့သမီးကို ဖွက်ထားမှာပေါ့'

'မဟုတ်ပါဘူး ချိုရယ်။ သမီးက အိမ်မှာပဲနေချင်တာ။ ကျွန်မကလည်း အလုပ်ကိစ္စနဲ့ပဲ နှစ်ရက်လောက် နေနိုင်တာဆိုတော့ သူ ခရီးပန်းတာပဲ အဖတ် တင်မှာ။ ဘယ်မှလည်း လိုက်ပို့နိုင်မှာ မဟုတ်ဘူး။ ဒါနဲ့ သူ မလိုက်တာ။

www.foreverspace.com.mm

ရန်ကုန်ကို သူ ငယ်ငယ်ကပဲ ရောက်ဖူးတာ’

‘ဟာ… မေဟာ အတော်နေနိုင်တဲ့ မိခင်ပဲ။ မတရားဘူးနော်။ သည်မှာ မေ၊ ကျွန်မ ပြောမယ်။ သည်တစ်ခါ မေ့အလုပ်ကိစ္စရှိလို့ လာရင် သမီးကို ခေါ်ခဲ့ရမယ်။ ချိုတို့အိမ်လည်း ရောက်ဖူးတာပေါ့။ သမီးကို ဟိုနေရာ သည်နေရာ ပို့ဖို့ သားရှိသားပဲ။ သမီးရေ… ဒါ အန်တီ့သား မင်းခေါင်တဲ့။ မှတ်ထားနော်’

အမေနှင့်ဧည့်သည် အန်တီ၏ စကားတွေအောက်ဝယ် ပျင်းရိနေသော သူမသည် မျက်လွှာကို ပင့်ကြည့်လိုက်၏။

ထိုခဏ….

ကိုကိုသည် သူမ၏အမြင်လွှာမှတစ်ဆင့် အနက်ရှိုင်းဆုံး ခန္ဓာကိုယ် အတွင်း ဝင်ရောက်နေရာယူသွားလေတော့သည်။

မျက်လွှာကို ပြန်ချလိုက်သော်လည်း ကိုကိုသည် သူမ၏ အာရုံထဲ နှလုံးသားထဲဝယ် အမြဲရှိနေတော့လေ၏။

❑

အမေ ရန်ကုန်သို့ ပစ္စည်းအပ်ရန် သွားစဉ် သူမ လိုက်သွားခဲ့သည်။

သူမတို့မြို့သို့ ကိုကို ပါလာစဉ်က နှစ်ရက်လောက်အတွင်း နှစ်ခါသာ မြင်ဖူးသော်လည်း သူမတို့ မခင်မင်မိကြပါ။ စကားနည်းသော ကိုကို့ကို သူမ ကလည်း စတင်စကား မဆိုတတ်ပါ။ သူမထက် ဆယ်နှစ်ကျော်ကြီးသည်မို့လည်း ရှိသေသည့်အရှိန်ဖြင့် မကျွမ်းဝင်ရပါ။

‘ကဲ… မေမေတို့ လုပ်ငန်းကိစ္စပြောရင် သမီး ပျင်းနေလိမ့်မယ်။ သားက ခြံထဲကို ပြပါဦး’

အလွန်ရိုးစင်းနေသော ကိုကို့ မိခင်စကားတွင် သူမ ရင်ခုန်သွားသည်။

‘လာလေ မြိုင်၊ ခြံထဲမှာ မေမေ စိုက်ထားတဲ့အပင်တွေ အများကြီးပဲ’

‘ဟုတ်ကဲ့’

နူးညံ့သော မျက်ဝန်း၊ ပြုံးလဲ့သော နှုတ်ခမ်းတို့တွင် သူမ ရဲဝံ့လာသည်။

သူ၏ အိမ်တွင်တော့ ကိုကိုသည် ---သားပဲ။ သူမကိုလည်း ကလေး လေးလို ယူဆဟန်တူလေသည်။ ခြံထဲတွင် သူမ စိတ်မဝင်စားသော သစ်ခွပန်း ပင်များ။ ကိုကို ရွတ်ပြသော ပန်းအမည်များကို သူ စိတ်မဝင်စားပါ။ သူမ စိတ်ဝင်စားသည်က သူမ၏ နဘေးတွင် ရှိနေသူသာ ဖြစ်လေသည်။ အသားညို သော၊ အရပ်မမြင့်သော၊ မျက်ဝန်းနူးညံ့သော၊ နှုတ်ခမ်းတို့ဖြင့် ပြုံးနေတတ်သော၊

www.foreverspace.com.mm



စကားနည်းသော ကိုကို့ကို သူမ လွန်စွာမြတ်နိုးမိလေသည်။

သူတို့ အိမ်ထဲရောက်သည်ထိ မေမေနှင့် ကိုကို့မိခင်တို့ အတွင်းခန်းထဲမှ ထွက်မလာခဲ့ကြသေးပေ။

'ထိုင်ဦးနော်'

ညှော်မခံတတ်ဘဲ ညှော်ဝတ်ကျေချင်ပုံရသော ကိုကို့ပုံစံကို သူမ နှစ်ခြိုက်နေမိသည်။

'ကျောင်းတုန်းက ရိုက်ထားတဲ့ပုံတွေ။ မြိုင် ပျင်းနေမှာစိုးလို့'

'ဟုတ်ကဲ့'

ဓာတ်ပုံစာအုပ် သုံးခု။

သူမ ကြည့်သောအခါ ဂျူတီကုတ်ဝတ်ထားသော ကိုကို့ပုံစံကို မျက်စိလွှဲမရအောင် မက်မောမိလေသည်။ ကြင်နာတတ်သော မျက်ဝန်းများသည် ဖြူစင်သော ဂျူတီကုတ်နှင့် အရောင်ဟပ်ကာ ပို၍ တောက်ပနေသလို။ ညိုဝင်းသော အသားသည် ပို၍ဝင်းပလာသလို။

တစ်ခုတော့ သူမစိတ်တို့ ညစ်နွမ်းရလေသည်။

ကိုကိုတို့ အုပ်စုထဲမှ ကောင်မလေးသုံးယောက်သည် အလွန်ချောမောလှပလေသည်။

❑

(မောင်မင်းခေါ်ကလေ ရယ်ရတယ်။ သူ့အမေက သမီးအကြောင်းပြောတော့ မြို့ငယ်လေးက 'မြိုင်' ဆိုတော့ ပုံတုံးတုံးလေး မှတ်နေတာတဲ့။ ငါ့သမီးအကြောင်း၊ ဘွဲ့ကို စာပေးစာယူနဲ့ယူပြီး အိမ်မှာပဲ ဟင်းချက်၊ အိမ်ပြင်နဲ့ ဘယ်မှ မသွားတာကြာတော့ အရုပ်ဆိုးဆိုးကလေး မှတ်နေတာတဲ့။ မြင်လိုက်ရတော့ တော်တော်ချောတာပဲ။ နောက်ပြီး ဝတ်တာစားတာလည်း မရိုင်းဘူး။ မရိုးဘူးတဲ့။ သဘောကျနေတာတဲ့)

ရှည်လျားသော အမေ့စကားတစ်လျှောက်လုံး ပြုံးလျက်ကြည်နူးနေမိသော သူမသည် (ကဲ ... ငါ့သမီးလေးကရော) ဟူသော မေးခွန်းတွင်တော့ မျက်နှာ မဖော်ရဲအောင် ရှက်ရွံ့သွားလေသည်။ သူမတွင် ချစ်သူမရှိကြောင်း အမေ သိနေ ပြီပဲ။ သူမ ရှက်ရွံ့ရအောင် မေးမနေပါနဲ့ အမေရယ်ဟု အသံမဲ့တိုက်တွန်းမိလေ၏။

အရင် အစ်မတွေကသာ တစ်ယောက်ပြီးတစ်ယောက် တိုက်တွန်းဖူး

www.foreverspace.com.mm

ကြသော်လည်း သည်တစ်ကြိမ်သာ အမေ သဘောတူကြောင်း သတိပြုမိသည်။ အရင်လူတွေသည် သင့်တော်ပါသည်ဟုသာ မှတ်ချက်ချဖူးလျက် မတိုက်တွန်း၊ မဖျက်ဆီးခဲ့ဖူးချေ။ သူမ သဘောသာ။

ယခုတော့ ကိုကို တော်ကြောင်း၊ ကိုကို့မိခင် ကျွန်မကို သဘောကျကြောင်းတွေပြောရင်း အမေ တိုက်တွန်းလေသည်။

'ဖြေလေ သမီး။ ချိုက လောလှပြီ။ သူ့သား အလုပ်ပြောင်းရရင် တစ်ခါတည်း လက်ထပ်ပေးလိုက်ချင်လို့တဲ့'

'အမေ့ သဘောပါ'

'အမေ ယူမှာမှ မဟုတ်တာ'

ပျော်တတ်သော အမေက ကျီစယ်နေပြန်သည်။ ရယ်မောနေသော အမေ့ရှေ့မှ ပြေးထွက်လာခဲ့၏။ အမေ့ဗိုက်ထဲက သမီးတစ်ယောက်ဆန္ဒကို အမေ သိမှာပါ။

ကိုကို··· ဟု အသံဖွဖွထွက်ကာ ထိုနေ့က ရေရွတ်ကြည့်မိသည်။

ထို့နောက် တစ်စုံတစ်ယောက် ကြားသွားမှာ စိုးစိတ်ဖြင့် ထူပူသွားပြန်သည်။

❑

အထပ်ထပ်၊ အလွှာလွှာတို့ကြား၊ ဝတ်ဆံရှည်ကလေး ထွက်နေသော ပန်းနုရောင်၊ အနီရောင်၊ အဖြူရောင်၊ ခေါင်ရမ်းပန်းပွင့်များအား သူမ မမြင်ပါဘဲ ငေးနေသည်။ ဝါးကျည်တောက်တစ်ခြမ်းပက်လက်ထဲဝယ် တွဲရရွဲကျနေသော ဖောင်းဖောင်းပြည့်ပြည့် မမြင်ဖူးသလို ကိုင်တွယ်နေမိသည်။

မြိုင်···

ခေါ်သံကြားသော်လည်း သူမ လှည့်မကြည့်ရဲပေ။

တိတ်ဆိတ်နေသော သူမတို့မြို့ကလေးတွင် သူမ၏ ရင်ခုန်သံအား ကိုကို ကြားသွားမလား တွေးပူပြန်သည်။

'ရှင်'

ရုတ်တရက် ထွက်သွားသော သူမ အသံကို ပြန်ကြားမိသည်။

'မေမေတို့၊ အန်တီမေလေးတို့ စီမံထားတာ မြိုင် သိတယ်နော်'

'ဟုတ်ကဲ့'

ယခုထက်ထိ ကျောခိုင်းရပ်ထားမိတာကြောင်း သတိရလျှင် ကိုကိုကို့

www.foreverspace.com.mm



အားနာသွားသည်။

သူမ ကိုကိုကို့ မျက်နှာမှုလိုက်၏။ မျက်နှာကိုတော့ မကြည့်ရဲစွာ အဖြူရောင် ရှပ်အင်္ကျီမှ ကြယ်သီးကလေးကိုသာ ငေးနေမိသည်။

'မြိုင် သဘောထားက ဘယ်လိုလဲဟင်'

'အမေ့သဘောပါပဲ'

ကိုကို့မျက်နှာကို သူမ မကြည့်။ ရင်ထဲတွင်တော့ အပြင်းအထန် လှုပ်ရှားလို့နေပေသည်။

❑

ကိုကိုနှင့် သူမတို့၏ မင်္ဂလာပွဲအပြီး နှစ်ပတ်အကြာတွင် ကိုကို တာဝန်ကျရာ မြို့ကလေးသို့ သူမတို့ ပြောင်းရွှေ့ရလေသည်။ အမေ့မျက်ဝန်း၊ အဖေ့မျက်ရည်၊ အစ်ကိုအစ်မတွေ၊ တူ၊ တူမကလေးတွေအား သူမသည် ကိုကို့ လက်အား ခိုတွဲရင်း ကျောခိုင်းရဲခဲ့သည်။

ထိုခဏသည်တော့ သူမ၏ အတ္တဖြင့် ပျော်စရာအတိ ပြီးခဲ့သည်။

ကြင်နာတတ်သော၊ အားနာတတ်သော၊ စကားနည်းသော၊ အလုပ်များသော ခင်ပွန်းအပါးတွင် သူမသည် ပြည့်စုံချမ်းမြေ့ရသော အိမ်ရှင်မတစ်ယောက် ဖြစ်ရသည်။ ကိုကို့ကြောင့် သူမဘဝကို များစွာကျေနပ်မိနေလေသည်။

ကိုကို့နံဘေးတွင် သူမသည် ပြုံးလျက် အမြဲလိုက်၏။

အမေကပင် ထိုသတင်းများကို ကြားရစဉ် သူမထံ အလည်လာခိုက် (အမေ့သမီး အိမ်တွင်းပုန်းမကလေးက ခုတော့လည်း ဆရာဝန်ကတော်ကြီး ဖြစ်ပြီး ပွဲတိုးလို့)ဟု သဘောကျရယ်မောလေသည်။ အမေ ပြန်သွားသောအခါ သားအမိ နှစ်ယောက် မခွဲနိုင်ဘဲ ငိုရသေးသည်။ အဖေက အမေ့ကို ခဏ,ခဏ မသွားရ ဟုတားကြောင်း အမေ စာရေးသည်။ သူမအတွက် ခဏခဏ ခွဲရတာ မကောင်း ဘူးဟု အမေ့ကို တားသည်တဲ့။

သူမ ငိုရသေးသည်။ အမေ့စာထဲ၌ အိမ်တွင် ယောင်ချာချာဖြင့် မနေ တတ်၍ မြေးအကြီးနှစ်ယောက်အား ခေါ်ထားသည်ဟု ပါစဉ် ကျွန်မ နှလုံးသား တွေ နာကျင်ရတော့သည်။ ငိုနေသော သူမအနားသို့ ကိုကို ရောက်လာ၏။

'မြိုင်… အန်တီ့စာလား'

'ဟုတ်။ ကိုကို့အတွက် သံပရာရည် ယူပေးမယ်နော်'

'ကိုယ့်ဘာသာ ယူပါ့မယ် မြိုင်။ နေပါ။ ကိုယ် မသောက်ချင်သေးပါ

www.foreverspace.com.mm

ဘူး။ မြိုင်က ကလေးလေးလိုပဲ'

သူမ ပြုံးလိုက်သည်။ စာကို ခေါက်ကာ အံဆွဲထဲထည့်လိုက်၏။ အဝတ်လဲရင်း ကိုကိုက မြိုင့်ကို ငဲ့ကြည့်သည်။ ပြီးတော့ ပြုံးကာ…

'လာမယ့် ဆန်းဒေးကျရင် ကိုယ့်သူငယ်ချင်းတွေ လာကြလိမ့်မယ်။ ကိုယ်တို့အုပ်စုထဲက စန္ဒီ သည်ကို ပို့စတင်ကျတာကို အားလုံးလိုက်ပို့ရင်း ကိုယ့်ဆီလာကြမှာ။ အဲဒါ မြိုင် လူခြောက်ယောက်စာ အစားအသောက် စီစဉ် ပေးနော်'

'ဟုတ်ကဲ့ ကိုကို'

သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံဖို့ ကိုကို ပျော်ရွှင်နေသည်။ သူငယ် ချင်း မရှိသော သူမအတွက် ချစ်သူထံမှ အပျော်ကူးစက်ကာ အမေ့ကို မေ့လျက် အစွမ်းကုန်ချက်ပြုတ်ဖို့ကို စဉ်းစားလေသည်။

❑

အဖော်မရှိလှသော သူမအတွက် မစန္ဒီသည် အကောင်းဆုံး အဖော် ပါပဲဟု သူမ နှစ်လိုမိသည်။ အစစ အရာရာ တိုင်ပင်မိသည်။

'သမီး… မေမေ စာရေးလိုက်ပါတယ်' …. အစချီသော ကိုကို့ မိခင်၏ စာကို ဖတ်ရစဉ်တွင်တော့ လောကကြီးတွင် သူမသည် အသေးငယ်ဆုံး ဖြစ်သွားလေတော့သည်။ မေမေ့ပူပန်မှုများထက် များစွာပိုကဲသော ပူလောင် ခြင်းများသည် သူမ ရင်ခွင်တွင်း အုံဖွဲ့သည်။

မစန္ဒီသည် ကိုကို့ချစ်သူ။

ထိုအဖြစ်သည် သူမအား အချိန်ပြည့် ခြောက်လှန့်တော့သည်။ မစန္ဒီကို သူမ အရင်လို ခင်မင်မရတော့ကြောင်း ဝန်ခံရပေသည်။ ဝန်တိုခြင်းလား၊ မနာ လိုခြင်းလား သူမ မသိပါ။ သူမ သိသည်က ကိုကို့ကို သနားသည်။

ကိုကို့အား နှောင်ဖွဲ့မိသည့်အတွက် သူမကိုယ်သူမ စတင် မုန်းတီး မိတော့သည်။

ထို့နောက်…

ကိုကို တာဝန်ကျချိန်များတွင် အရင်ကနှယ် အိမ်၌ချက်ရင်း၊ လျှော် ရင်း၊ ရှင်းရင်း အေးအေးမနေနိုင်တော့။ တုန်လှုပ်ရတော့သည်။ သူမ၏ အေးချမ်း မှုများအား ဖျက်ဆီးသူသည် သူမပဲလား။ မစန္ဒီကို မေမေက အနေအထိုင် ကြည့်မရပြီး သဘောမတူဘဲ သူမနှင့် စီစဉ်ခဲ့သည်။

www.foreverspace.com.mm

ကိုကို သူမကို ငြင်းခဲ့သလား။ အမေ့ကို မလွန်ဆန်နိုင်ဘူးလား။

သူမ ခုချိန်ကျမှ အပြင်းအထန် သိချင်နေသည်။ ကိုကိုသည် ယောကျ်ား ပီသစွာ သူမ သဘောထားအား အရင် မေးခဲ့သည်ကို သတိရသည်။ သူမက တော့ ကိုကို့သဘောထားအား မေးမကြည့်ခဲ့ဖူးပေ။

သူမက အတ္တကြီးလိုက်တာ။ တစ်ကိုယ်ကောင်းဆန်လိုက်တာ။ (အမေ့ သဘောပါပဲ) ဟူသော စကားတစ်ခွန်းဖြင့် ကိုကို့ မျှော်လင့်ချက်တွေကို သူမ ပိတ်ပင်လိုက်မိပြီ။

ကောင်းစွာ သဘောပေါက်ချိန်သည် အလွန်နောက်ကျသွားပြီ။

(သားဟာ ယောကျ်ားကောင်းတစ်ယောက် မှန်ပါတယ် သမီးရယ်။ ဒါပေမယ့် မေမေကတော့ သမီးတို့အိမ်ထောင်ရေး ဘာအဖုအထစ်မှ မရှိစေချင် ဘူး။ ငါ့သမီးက ရိုးလွန်းတယ်။ သည်တော့ သမီးက သားကို ထိန်းပါ။ မမှား ပါစေနဲ့) ဟူသော မေမေ့စာ။

ကိုကို့ကို ထိန်းပါ။

ဟင့်အင်း… သူမသည် ကိုကို့အတွက် လှောင်အိမ်တစ်ခု မဖြစ်ချင်။ ဖြစ်ခဲ့ပြီးပြီဆိုရင်လည်း အဆင်သင့် တံခါးဖွင့်ပေးထားသော လှောင်အိမ်တစ်ခု သာ ဖြစ်စေရမည်။ သူမ ချစ်မြတ်နိုးသော ကိုကို ထွက်သွားမည်လား။ သူမ၏ ရင်ကွဲခြင်းကို သိုဝှက်လျက် ကိုကို့ကိုယ်စား သူမ ပျော်ပေးနိုင်မည်။ ထိုမျှအထိ ကိုကို့ကို သူမ…

'ကိုကို ထမင်းစားတော့မလား။ ဟင်း နွှေးလိုက်မယ်'

'စားခဲ့ပြီးပြီ မြိုင်။ ဆေးရုံမှာ သည်နေ့ခွဲတဲ့ လူနာက ခေါက်ဆွဲတွေ တစ်ဝပ်ဒ်လုံး ကျွေးတယ်'

'သြော်'

'မြိုင် ပျင်းရင် ကိုယ်ထိုင်ပြီး ဟင်းစားမယ်လေ'

သိတတ်သော ကိုကို့ကို သူမ ငေးရင်း ငိုချင်လာသည်။

သူမရင်ခွင်ထဲမှာ ကိုကို ထွက်သွားမည်ကို သူမ ရင်မဆိုင်ရဲပါ။ သူမတွင် အင်အားမရှိပါ။ သို့ပေမယ့် သူမ၏ အတ္တကို ချေဖျက်သင့်သည်။ သူမကြောင့် ချစ်သူစိတ်ညှိုးနွမ်းသည်ကို မကြည့်ရက်ပါ။

သွားပါတော့ ကိုကိုရယ်။

နီးပါလျက် ဝေးနေရခြင်း ဆင်းရဲကို ကိုကို ခံစားရလိမ့်မည်။ သူမ၏

www.foreverspace.com.mm

အပျော်တွေကို ချေဖျက်လိုက်ချင်သည်။

'စန္ဒီက မှာလိုက်သေးတယ်။ သူ့ဆီ မြိုင်မလာတာ ကြာပြီတဲ့။ ရန်ကုန်က သိုးမွေးကတ်တလောက် ရထားတယ်တဲ့'

'ဟုတ်။ မအားတာနဲ့ မသွားဖြစ်တာ။ ပြီးတော့ မစန္ဒီက ဆေးရုံက မောမောပန်းပန်း ပြန်လာပြီး နားနေတုန်း သွားရတာ အားနာလို့'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဆရာဝန် မလုံလောက်တော့ သိပ်ပင်ပန်းတာပဲ။ ကဲ... မြိုင့်ဟင်းတွေလည်း ကိုယ် စားလို့ ကုန်တော့မယ်။ ရေချိုးပြီး အိပ်ဦးမယ်'

ကိုကို သွားသည်နှင့် သူမ ဆက်မစားဖြစ်တော့။

ဆေးရုံတွင် ထမင်းလက်ဆုံ စားနေကြမည်ကိုမြင်ကာ ဝမ်းနည်းနေသည်။ ကိုကို့မျက်ဝန်းတွေထဲ သံသယဖြင့် မစူးစမ်းချင်။ ကိုကို့သိက္ခာကို စော်ကားရာ ရောက်လိမ့်မည်။ ကိုကို့ကို လှောင်ပိတ်ထားရာ ရောက်လိမ့်မည်။

ကိုယ်တိုင်ကတော့ မွန်းကျပ်လျက် အချိန်ပြည့် ဝမ်းနည်းနေသည်။

သူမသည် နောက်လူ... ထိုအသိဖြင့် မနေပျော်။ သူမသည် အလွန်တရာ ဝန်တိုတတ်သော မိန်းမတစ်ယောက် မဟုတ်သော်ငြား ချစ်သူ၏ စိတ်မချမ်းမြေ့မှုကိုဖြင့် မရှုစိမ့်ပါ။ ပြီးတော့ သူမက တရားခံ ဖြစ်နေသေးသည်။ သူမ စိတ်မကောင်းပါ။

သူမအား အခွင့်အရေးပေး၍ သဘောထားမေးခဲ့သော ကိုကို့အား သူမကတော့ အခွင့်အရေး ရိုက်ချိုးပစ်ခဲ့မိသည်။ တကယ်ဆို (ကိုကို့ သဘောကရောဟင်)ဟု လမ်းဖွင့်ပေးခဲ့သင့်သည်။ ထိုကဲ့သို့မေးခဲ့လျှင် ကိုကို မည်သို့ ပြန်ဖြေမည်ကို ခုချိန်ကျမှ အပြင်းအထန် သိချင်နေမိသော သူမသည် အရူးတစ်ယောက်သာ ဖြစ်လိမ့်မည်။

စိတ်မကောင်းပါဘူး ကိုကိုရယ်။

သူမ၏ အတ္တတစ်ခုတည်းဖြင့် ချစ်သူကို မပိုင်ဆိုင်ရက်ပါ။ စွန့်လွှတ်နိုင်သည် မဟုတ်သော်လည်း နှောင်ဖွဲ့ထားရာရောက်မှာ ကြောက်သည်။

သူမ မြတ်နိုးခဲ့သော အရှက်၊ မာန၊ သိက္ခာ အားလုံးထက် ကိုကို့ကို ပို၍တန်ဖိုးထားမိလေသည်။ ကိုကို့ ပျော်ရွှင်မှုထက် လောကတွင် မည်သည့်အရာမှ အရေးမကြီးဘူးဟု သူမ ခံယူသည်။

'မြိုင်ရေ'

www.foreverspace.com.mm



'လာပြီ မစန္ဒီ'

ကိုကို့အဝတ်များ မီးပူတိုက်နေရာမှ ခလုတ်ပိတ်ကာ သူမ ထွက်လာစဉ် အိမ်ဝ၌ ခပ်ပြုံးပြုံး ရပ်နေသော မစန္ဒီကို တွေ့ရသည်။ မစန္ဒီ လက်ထဲတွင် အထုပ်အပိုးတွေနှင့်။

'မြိုင် မလာတော့ တို့ကပဲ လာရတာပေါ့'

မစန္ဒီကို တွေ့တော့ သူမ အားနာပြန်သည်။ သူမအပေါ် ညီမငယ်တစ်ယောက်လို ခင်မင်နိုင်သော မစန္ဒီကို သူမစိတ်ထဲမှာ တောင်းပန်မိပြန်သည်။ သူမသည် တရားခံစင်စစ်ပဲ။ ချစ်သူတို့အား ကွေကွင်းစေသူပဲ။ ထိုအခါ သူမ ကြေကွဲသည်။

'မြိုင် မအားလို့ပါ မစန္ဒီရယ်။ သတိတော့ ရပါတယ်။ မနေ့ကတောင် ဘာလချောင်ကြော်တွေ ကိုကိုနဲ့ ထည့်ပေးလိုက်သေးတာပဲ'

'ဟဲ… ဟဲ… အဲဒါကြောင့် မနက်က ထမင်းနှစ်ပန်းကန် ကုန်လာတာပေါ့။ ဒါပဲနော် တို့ ဝလာရင် မြိုင်ကြောင့်ပဲ'

'မစန္ဒီက ဝလည်း လှပါတယ်'

'ဒါပေါ့။ ဒါကြောင့် မြိုင့်အတွက် အင်္ကျီကလေးတွေ ဝယ်လာတာ။ ဟိုနေ့က တို့ညီမ လာသွားတယ်လေ။ အဲဒါ တို့မှာလိုက်တဲ့ အင်္ကျီတွေ ပါလာတယ်။ မြိုင့်အတွက်ပေါ့။ မြိုင် ကြိုက်တဲ့ အင်္ကျီကလေးတွေလေ'

'ဟင် နှစ်ထည်တောင်။ ဟင့်အင်း။ မြိုင် မယူပါရစေနဲ့။ ဟို…'

'မြိုင်နော်၊ မယူရင် ကိုယ် ဖြပစ်လိုက်မှာ'

မစန္ဒီသည် စောစောက အင်္ကျီချုပ်ရင်း ချထားသော ကတ်ကြေးကို ဆွဲယူခြောက်လှန့်သည်။ သူမ အားနာစွာ ယူလိုက်ရ၏။ ပြီးတော့ စိတ်မကောင်း ဖြစ်ရပြန်သည်။ ကိုယ့်အပေါ်ကောင်းကြသူ နှစ်ဦးကိုမှ သူမက ကွဲကွာစေသည်။

'မြိုင် မင်းခေါင် ပြောမှာ စိုးလို့လား။ သူ့ကို ဆေးရုံမှာ ပြောတော့ သူကတောင် ငါ့မိန်းမ ပိုလှလာဦးမှာပဲဆိုပြီး ကျေနပ်နေတာ'

သူမမျက်နှာ ညှိုးနွမ်းနေလိမ့်မည်။

မစန္ဒီ၏ မျက်ဝန်းများကို လှမ်းကြည့်စဉ် ပကတိ ကြည်လင်တောက်ပမှုကို တွေ့ရသည်။

အမေ ပို့လိုက်သော အဖော်ကောင်မလေး ရောက်လာသည်။

သူမသည် မှန်ရှေ့တွင် မစန္ဒီ ပေးသော အင်္ကျီများအား ဝတ်ကြည့်ရင်း

www.foreverspace.com.mm

အလွန်တရာ ဝမ်းနည်းလာလေသည်။ သဘောထားပြည့်ဝလိုက်တာ။ သူမကို ညီမငယ်လို ချစ်ခင်လေသည်။ ဟန်ဆောင်နေခြင်းလည်း မဟုတ်။ ကိုကိုကျတော့ ရော။

သူမအပေါ် ငဲ့ညှာတတ်သည်။

အမေတို့ ချမ်းသာပေမယ့် ကိုကိုသည် လစဉ်ကန်တော့ရန် သူပဲ သူမကို ဆုံးမခဲ့သည်။

ကိုကိုသည် သူမအတွက် ခင်ပွန်းတစ်ယောက်၊ ချစ်သူတစ်ယောက်၊ အစ်ကိုတစ်ယောက်ပါပဲ။ သည်လိုကောင်းသူများအပေါ် သူမ နာကျင်စေခဲ့သည်။

'မြိုင် လှတယ်ကွာ။ ဟင်… မြိုင် ငိုနေတယ်'

ကိုကို အနားရောက်လာမှန်း သူမ မသိလိုက်ပါ။

'အန်တီ့ဆီက စာလာလို့လား'

သူမ ခေါင်းခါပြီး တစ်ခဏ အပြင်ဖက်မှ ကောင်မလေးအသံ ပေါ်လာသည်။ (မမမြိုင် ဟင်းနွှေးလိုက်ရမလား)။ ကိုကိုက 'အေး'ဟု အမြန်ဖြေသည်။ ထို့နောက် မြိုင့်ကို ကြည့်သည့်ကိုကို့ကို မော့ကြည့်သည့်အခါ သူမ ပို၍ငိုချင်လာသည်။

ရှိုက်၍ပင် ငိုလိုက်သော သူမကြောင့် ကိုကို လန့်သွားပုံရသည်။ ထို့နောက် (ကိုကို မြိုင့်ကို ကွာရှင်းပေးပါ)ဟူသော စကားတွင်တော့ ကိုကို ခဏ သေဆုံးသွားသလိုပင်။ ကိုကို့ပျော်ရွှင်မှုအတွက် ပတ်ဝန်းကျင်တွင် သူမသာ အပြစ်တင်ခံလိုသည်။ ကိုကို့အပြစ် မဖြစ်စေချင်။ ကိုကို ပြောထွက်မည် မဟုတ်သော စကားတစ်ခွန်း သူမကသာ ပြောပေးလိုက်သည်။

ကိုကို့ကို လွတ်လပ်ခွင့် ပေးလိုလှသည်။

'မြိုင် ဘာပြောတာလဲဟင်'

ငိုသံနှင့်မို့ ကိုကို နားကြားလွဲသလား ထင်ပုံရ,ရသည်။ ရှိုက်သံတွေကို တိတ်စေပြီးမှ (ကိုကို ကွာရှင်းပေးပါ။ မြိုင် မေမေတို့ဆီ ပြန်တော့မယ်။ ကွာ ပေးပါနော်)ဟု ထပ်မံပြောလိုက်သည်။ ထိုစကားတစ်ခွန်းအတွက် ရင်ထဲ ကြေမွသွားသည်။ သူမ ကိုကို့ကို မကြည့်ရဲပါ။ မစွန့်လွှတ်နိုင်ခြင်း အင်အားတို့အား ကိုကို့ မျက်ဝန်းများက ဖျက်ဆီးလိုက်မှာ စိုးသည်။

'ဘာလို့လဲ မြိုင်။ အဓိပ္ပာယ် မရှိတာတွေ မပြောပါနဲ့ မြိုင်ရယ်။ မြိုင် ဘာဖြစ်နေလဲဟင်။ ကိုယ်ရော ဘာလုပ်မိလို့လဲ'

www.foreverspace.com.mm



'ဟင့်အင်း၊ ကိုကို့မှာ အပြစ်မရှိပါဘူး'

မြိုင် ခေါင်းခါလိုက်သည်။

'အိမ်ထောင်ရေးဆိုတာ ကလေးကစားတာ မဟုတ်ဘူး မြိုင်။ ကိုယ့်ကို ပြောစမ်းပါ။ ဘာဖြစ်နေသလဲ'

'မြိုင့်ကို မသနားပါနဲ့ ကိုကို။ နောက်ပြီး အိမ်ထောင်မှု ဘုရားတည် ဆေးမှင်ရည် စုတ်ထိုးတွေ ဘာတွေကြောင့်တော့ မြိုင့်ကို မပေါင်းပါနဲ့။ လူကြီးတွေ မျက်နှာပျက်တာတစ်ခုကြောင့်တော့ မြိုင့်ကို မပေါင်းပါနဲ့ ကိုကိုရယ်။ မြိုင် မသိခဲ့လို့ပါ။ သိခဲ့ရင် မြိုင့်ကြောင့် ကိုကိုတို့ မဝေးစေရပါဘူး။ မြိုင်··· မြိုင်က ကိုကို့ကို ချစ်တော့ တစ်ကိုယ်ကောင်း ဆန်မိတယ်။ မြိုင် မှားတာ။ မြိုင် အပြစ်ရှိတာ။ ဘေးက ကိုကို့ကို အပြစ်မတင်အောင် မြိုင်က ကွာရှင်းခွင့် တောင်းတာပါ'

သူမသည် နှုတ်မှ အဆက်မပြတ် ရေရွတ်ငိုကြွေးကာ အဝတ်တွေ သိမ်းရန် ဗီရိုဆီ အလှမ်းတွင် သူမ လက်မောင်းများအား ကိုကိုက ဖမ်းဆွဲထား လေသည်။

'မြိုင်'

သူမ ရုန်းလိုက်သည်။

'မြိုင် ကိုယ့်ကို ကြည့်စမ်း'

သူမ ခေါင်းခါကာ ပို၍အားစိုက်ရုန်းစဉ် ကိုကိုက လွှတ်ပေးလိုက်သည်။

'မြိုင် ကိုယ် စိတ်တိုလာပြီနော်။ မြိုင် ရူးနေပြီလား'

'ဟုတ်တယ်။ မြိုင် ရူးနေပြီ။ ပြီးတော့ မြိုင် သေချင်တယ်။ ကိုကို စိတ်ဆင်းရဲရတာကို မကြည့်ချင်ဘူး။ လူ့အသိုင်းအဝိုင်းရဲ့ စည်းမျဉ်းတွေနဲ့ ကိုကို့ကို မချုပ်နှောင်ချင်ဘူး။ ကိုကို့အတွက် မြိုင်ပဲ တရားခံလေ။ မြိုင့်မှာ အပြစ်ရှိတယ်။ မြိုင် မသိလို့ပါ။ မြိုင် တောင်းပန်ပါတယ်။ မေမေတို့ကို မြိုင်ကပဲ အမေကို မခွဲနိုင်လို့ ကွာခဲ့တာ ကိုကို့ကို ချစ်တယ် ထင်ခဲ့တာ။ အခု မချစ်တော့လို့ ကွာခဲ့တာလို့ မြိုင်ပဲ အပြစ်ဖြစ်ခံမယ်။ ကိုကို စိတ်ညစ်နေတာ မြိုင်··· မြိုင် မကြည့်ရက်ဘူး။ ကိုကို့ကို ချစ်လို့ မြိုင် လက်ထပ်တာ။ အဲလိုပဲ ကိုကို့ကို ထင်ထားတာ။ ချစ်မှုပဲ လက်ထပ်ပါ။ အားနာလို့ မိဘတွေကြောင့်တော့ လက်မထပ်ပါနဲ့ ကိုကိုရယ်။ ကိုကို့မေမေကြောင့် မြိုင့်ကြောင့် ကိုကို ဘဝ···

www.foreverspace.com.mm



ဟို…'

သူမသည် တတွတ်တွတ် ရေရွတ်ရင်း ဗီရိုဖွင့်ကာ လက်ဆွဲသေတ္တာထဲ အဝတ်တွေ ထည့်နေရာမှ ကိုကို့ထံ လှမ်းကြည့်သောအခါ ခုတင်ပေါ်တွင် ခြေချထိုင်ရင်း သူမအား ပြုံးကြည့်နေသော ကိုကို့ကို အတွေ့တွင် သူမ ကြောင်သွားသည်။

'မြိုင် ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးနော်။ ငါ့မိန်းမက ဗီဒီယိုတွေ ကြည့်ပြီး တော်တော် စိတ်ကူးယဉ်တာကိုး'

ကိုကို့စကားတွင် သူမ အထွန့်တက်မည်ကြံဆဲ ကိုကိုက တားတာမို့ သူမ ငြိမ်နေရသည်။

ကြမ်းပြင်ပေါ် ထိုင်နေလျက်မှ အဝတ်များ ဆက်မထည့်ဖြစ်ဘဲ ကိုကို့ကို ငေးကြောင်ကြည့်လိုက်မိသည်။

'မြိုင်နဲ့ နေရတာ မပျော်ဘူး၊ ကိုယ် စိတ်ညစ်နေတယ်လို့ ပြောဖူးသလား'

'ဟို… ဒါပေမယ့်'

'အရူးမ'

ခပ်ပြုံးပြုံး ရေရွတ်သော ကိုကို့စကားတွင် သူမ အရည်ပျော်သည်။

'ကိုယ့်မှာ ချစ်သူရှိဖူးသားပဲ။ ချစ်ဖူးသားပဲ။ မြိုင် သိတယ်မှတ်လို့ ပြောမပြဖြစ်တာ။ မြိုင်ကသိရင် ကိုယ့်ကို မယူဘူးပေါ့။ ချစ်သူရှိပြီးသားကြီးဆို မြိုင် မကြိုက်ဘူးပေါ့။ မြိုင့်လို မသန့်စင်လို့ မြိုင် မကြိုက်ဘူးပေါ့'

ခပ်ပြုံးပြုံး မေးငေါ့လိုက်သော ကိုကို့ပုံစံကို ငေးရင်း…

'အဲလိုတော့ မဟုတ်ပါဘူး။ မြိုင့်ကြောင့် ကိုကိုနဲ့ ဟို… ဟို အစ်မနဲ့ ဝေးရမှာမျိုး မဖြစ်စေချင်တာပါ။ မြိုင်က လူကြမ်းဖြစ်မှာ ကြောက်တယ်။ ကိုကို့ကို စိတ်ချမ်းသာစေချင်တယ်'

'တကယ်နော်'

'ဟုတ်'

'ကောင်းပြီ။ ဒါဆို မြိုင် ဘယ်မှ သွားစရာမလိုဘူး။ မြိုင်ရှိမှ မြိုင့်အနားမှာ နေရမှ စိတ်ချမ်းသာမယ်။ အဲ… မြိုင်က ပြောင်းလဲလာတဲ့ ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို လက်ခံနိုင်တယ်ဆိုရင်ပေါ့'

'ဟင် ကိုကိုကလည်း မြိုင်က အဲလို မဟုတ်ပါဘူး'

'မြိုင့်ကို ကိုယ် ချစ်တယ်။ အဲဒါ မြိုင် မသိဘူးလား။ ဟာကွာ…။ ကိုယ့်မိန်းမကို ကိုယ် ရည်းစားစကား ပြောရတာ မနိပ်ပါဘူး။ ရှက်စရာကြီး။ ကဲ… အဝတ်တွေ ပြန်ထည့်တော့။ ထမင်းစားမယ်။ ကိုယ် ဆာပြီ။ မြိုင်လည်း ဆာရောပေါ့။ ငိုရတာ မောပြီ'

သူမသည် ခုမှ ရှက်ရွံ့စွာ မျက်ရည်များကို သုတ်သည်။

အင်္ကျီများ ပြန်ထည့်သော သူမကို ကိုကိုသည် ကြည့်ကာ အော်ရယ်လေသည်။ သူမသည် မနေတတ်အောင် ရှက်ရွံ့သွားလျှက် အင်္ကျီတစ်ထည်အား လုံးခြေကာ ပစ်ပေါက်လိုက်၏။ ကိုကိုသည် အင်္ကျီကို ပြန်ပစ်ကာ…

'ပြန်ချင်ပြန်နော်၊ မတားဘူး'ဟု ကျီစယ်သည်။

(တကယ်ပြန်မှာ)ဟု သူမ ရေရွတ်စဉ် ကိုကိုသည် တမင်တကာ ပြုလုပ်ထားသော ပျာပျာသလဲပုံစံနှင့် တားလေသည်။ ရွှင်မြူးနေသော ကိုကို့ပုံစံကို မမြင်ဖူးသော သူမသည် အထူးအဆန်းဖြစ်ကာ ကြည့်ကောင်းနေ လေ၏။

ထိုနေ့ကမှ…

ကိုကိုနှင့် သူမ ရင်းနှီးကျွမ်းဝင်သွားလေသည်။

သူမ၏ ရင်ထဲတွင် ယုံကြည်ခြင်း၊ ရဲဝံ့ခြင်း၊ နေပျော်ခြင်း၊ ပြည့်စုံခြင်းတို့ မင်းမူတော့သည်။

■

**ခိုင်နွယ်သန့်၊မန္တလေး၊**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၃၊ ဇန်နဝါရီ၊ ၁၉၉၅**

www.foreverspace.com.mm

၆၁

# တင်မြင့်ဦး၊ သံတွဲ၊

ဆရာ မျက်ရိပ်ပြရင်
လူတစ်ယောက်ကို ခြင်တစ်ကောင်လို
သတ်ဖို့လောက် ဝန်မလေးတဲ့ အကောင်တွေလည်း
ကျုပ်လက်အောက်မှာ တစ်ပုံတစ်ပင်
ဒါမျိုးကောင်တွေကိုလည်း
တစ်ဖက်လှည့်နဲ့ မွေးထားရတယ်
ကိုယ်က စီးပွားရေးလည်း အကြီးအကျယ်လုပ်
ဥစ္စာပစ္စည်းကလည်း အပြည့်ဆိုတော့
အစောင့်အရှောက်လိုတယ်

www.foreverspace.com.mm

၆၁

## ထင်မြင့်ဦး၊ သံတွဲ၊

ဟော… ကျုပ်ဆီကို မည်းမည်းကောင်ကြီးတွေ ပြေးလာနေတယ်။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်။ အား… အား ကျုပ် ရေတွက်လို့ မနိုင်တော့ဘူး။ အများကြီးပါလား။ ကျုပ်ဆီကို ပြေးလာနေပုံဟာ စစ်ပွဲတစ်ပွဲကို ဆင်နွှဲဖို့ လာသလိုမျိုး လာနေကြပါလား။ လက်နက်တွေကလည်း အမျိုးမျိုးကိုင်လို့။ ခက်ရင်းခွကြီးတွေ၊ ဓားမောက်ကြီးတွေ နောက်ပြီး ကျုပ် မသိတဲ့ လက်နက်ပုံစံအမျိုးမျိုးတွေ။ အဲဒီကောင်ကြီးတွေ ကိုယ်ပေါ်မှာလည်း ချို(ဂျို)တွေလို ထိုးထိုးထောင်ထောင်နဲ့။ အရေပြားပေါ်မှာ အကွက်၊ အကွက်ကြီးတွေလား။ ငါ့ဆီကို ဘာလို့လာကြတာလဲ။ သွားကြစမ်း။ သွားကြစမ်း။

ကျုပ် ကြားဖူးတယ်။ ငရဲသားဆိုတာ ဒီလိုပဲတဲ့။ လက်နက်တွေကိုင်လို့။ ကိုယ်မှာလည်း ချိုတွေ၊ အမြီးတွေ ပေါက်လို့ဆိုပဲ။ ကျုပ်လို အိပ်ရာပေါ်မှာ ရောဂါဖြစ်နေတဲ့ လူတစ်ယောက်ဆီကို ဘာလို့ လာကြတာလဲ။ ကျုပ် သေပြီကြောင့်လား။ မဟုတ်ဘူး။ မဟုတ်ဘူး။ ကျုပ် မသေသေးဘူး။ ကျုပ် သေလို့ ဘယ်ဖြစ်ဦးမှာလဲ။ ကျုပ်မိန်းမ၊ ကျုပ်သားနှစ်ယောက်နဲ့ သမီး။ ကျုပ်မရှိတဲ့ ဒီလောကကြီးမှာ ဒီရွာမှာ သူတို့ ဘယ်လို ရုန်းကန်နိုင်မှာလဲ။ ဟေ့ကောင်တွေ မင်းတို့ ငါ့ဆီကို မလာကြနဲ့။ ငါ မသေသေးဘူးကွ။

တကယ်လို့ ကျုပ် သေရင်တောင် ဒီလိုကောင်တွေ လာရမှာ မဟုတ်ဘူး။ ကျုပ်က သူများအသက် မသတ်ဘူး။ သူများ ပစ္စည်းကိုလည်း မခိုးဘူး။ ကိုယ့်စီးပွားရေးကိုပဲ စိုက်လိုက်မတ်တတ် လုပ်လာခဲ့တဲ့အကောင်။ ငရဲသားတွေ

www.foreverspace.com.mm



လာစရာမှမလိုတာ။ ခုတော့ ဒီကောင်တွကို ဘယ်သူတွေ လွှတ်လိုက်တာလဲ။ ပြန်စဉ်းစားကြပါဦး။ ကျုပ် လှူခဲ့တဲ့ ပိုက်ဆံတွေ၊ သက်န်းတွေ နည်းတာမှ မဟုတ်တာ။ ဒီကောင်တွေ လွှတ်ချင်တာတောင်မှ အဲဒီကုသိုလ်တွေ ထောက်ထား ပြီး ကျုပ်ကို ထူထူထောင်ထောင်နဲ့ လူ့ပြည်မှာ နေခွင့် ၄ နှစ်လောက် အဲ… အဲ… နောက်ထပ် ၄ နှစ်ဆိုရင် ကျုပ်သား အငယ်ဆုံးလေး ၁၅ နှစ်ပဲ ရှိဦးမှာ။ ၁၅ နှစ်ဆိုတဲ့ လူငယ်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်မှာ မဟုတ်သေး ပါဘူး။ ကျုပ် မရှိတဲ့နောက် ဒီတာဝန်တွေကို ကျုပ် မိန်းမတစ်ယောက်တည်း ဘယ်လိုထိန်းသိမ်းနိုင်မှာလဲ။ နောက်ထပ် ကျုပ်ကို လူ့ပြည်မှာ နေခွင့် ၉ နှစ် လောက်တော့ ပေးပါဦး။ အဲဒီအခါကျရင် ကျုပ် တကယ်ကို လိုက်ပါ့မယ်။ တကယ်ပြောနေတာပါ။

အခုတော့ စဉ်းစားကြည့်စမ်း။ ကျုပ် သားအကြီးဆုံးကလည်း အိမ် ထောင်သာ ကျတယ်။ ကျုပ်အရာကို လက်လွှဲပေးလို့မရသေးဘူး။ အာ… ယောက္ခမအိမ်တို့၊ အိမ်ခွဲတို့ထားလို့ ဘယ်ဖြစ်နိုင်မှာလဲ။ ဒီကောင်က ဘာပဲလုပ် လုပ် တစ်ဇွတ်ထိုး။ လုပ်မယ်ဆို လုပ်မယ်ပဲ သိတာ။ အိမ်ထောင်ပြုမယ်ဆိုတုန်း ကလည်း ကြည့်။ လူဆိုတာ အမြင့်မှန်းရတာပေါ့။ ခုတော့ ဒီလိုမဟုတ်ဘူး။ အချစ်ဆိုတဲ့ဟာလိုလို၊ မေတ္တာဆိုတဲ့ဟာလိုလိုနဲ့ ယူချင်တဲ့မိန်းမ ကောက်ယူ လိုက်တာ။ ဘာအဆင့်အတန်းမှ ရှိတာ မဟုတ်ဘူး။ သူ့မိန်းမ ဆယ်တန်းအောင် တာကိုပဲ ပြောမဆုံးဖြစ်လို့။

ဒီခေတ်ကောင်တွေ ခက်ပါတယ်။ တစ်ခုဆို ပညာတတ်မှ။ ပညာက ဘယ်လိုနဲ့၊ မြို့ကြီးပြကြီးမှာဆို ကျုပ် မပြောပါဘူး။ ဒီလို တံငါရွာမှာ ဘာလုပ် မှာလဲ။ တစ်ရွာလုံးလည်း လျှောက်ကြည့်ဦး။ ငွေရှိဖို့ပဲ လိုတာ မဟုတ်လား။ ငွေရှိရင် ဘုရားဒကာလည်း ဖြစ်တယ်။ ခေါ်ချင်သူလည်း ပေါတယ်။ ပင်လယ် ဆင်းလိုက်၊ လယ်ထွန်လိုက်နဲ့ ထမင်းတစ်လုတ်ကို မနည်း ရှာစားနေရတဲ့အချိန်က ဆို ဘယ်ကောင်မှ ဆွေမျိုးလာမတော်ဘူး။

လောကမှာ ငွေရှိမှ။ ရသလိုနည်းနဲ့ ကျုပ် ငွေရှာခဲ့တယ်။ လုပ်ငန်း ပေါင်းစုံလုပ်ခဲ့တယ်။ အခု ချမ်းသာလာတော့ တော်လာလိုက်တဲ့ ဆွေမျိုး၊ ဘယ် နှဝမ်းကွဲမှန်းတောင် မသိတဲ့လူတွေကလည်း တစ်ယောက်ထိပ် တစ်ယောက် နင်းဆင်းတဲ့ ညီအစ်ကိုတွေလို။ မှတ်ထားဗျ။ ကျုပ်ဆိုတဲ့ကောင်က အဖေနဲ့ညီမ အရင်းကိုတောင် ပြန်ငဲ့ကြည့်တာ မဟုတ်ဘူး။

www.foreverspace.com.mm



လူဆိုတာ ကိုယ့်ဘဝတိုးတက်လမ်းကိုပဲ ရှာရတာပဲ မဟုတ်လား။ အဖေကလည်း ကျုပ်ဘဝအတွက် ဘာမှ အထောက်အပံ့ မပေးခဲ့ဘူး။ ကျုပ် အမေသေတာနဲ့ နောက် မိန်းမယူပြီး အရက်နဲ့ပျော်ခဲ့တာ။ ကျုပ် လူပျိုဘဝမှာ ငွေကို ကုတ်ကုတ်ခြစ်ခြစ် ရှာတယ်။ နောက်ပြီး အဖေ ရောင်းမယ်ဆိုတဲ့ လယ်တွေကို ကျုပ် ဝယ်ခဲ့တယ်။ ကိုယ့်အဖေပစ္စည်းဆိုတော့ ဈေးနည်းနည်းနဲ့ အချောင်ရလိုက်တာပေါ့။ နောက်ကျတော့ အဲဒီကိစ္စမှာ ပြဿနာတက်သေးရဲ့။ ကျုပ်ညီမက ဒီလယ်တွေကို သူ ပါဆိုင်တယ်ပေါ့။ အဖေ့ပစ္စည်းတွေပေါ့။ ဘယ်ဟုတ်မှာလဲ ကျုပ် လူပျိုဘဝနဲ့ ကုန်းရုန်းပြီး ရှာထားရတာ။ ဒီလိုဖြစ်မှာတွေးပြီး စာချုပ်စာတမ်းနဲ့ကို ဝယ်ထားတာ။ ညီမလည်း မရဘူး။ သွားပေါ့။

ကျုပ်မိန်းမဘက်မှာက ပစ္စည်းရှိတယ်။ မိန်းမတစ်ယောက်ယူပြီး ကိုယ့်ဘက်က ဒီလောက်ကလေးမှ မပါရင် ဘယ် မိန်းမအသိုင်းအဝိုင်းက ကြည်ဖြူမှာလဲ။ သိတယ်မဟုတ်လား။ လောကမှာ ငွေရှိဖို့က အဓိက။ ကျုပ်အဖေနဲ့ ဆွေမျိုး အသိုက်အဝန်းကို လုံးဝ လျစ်လျူရှုလိုက်တယ်။ သူတို့မှာက ငွေနဲ့တူတာဆိုလို့ ပုလင်းကွဲတောင် လက်လက်မရှိဘူး။ တစ်ယောက်ကို ငွေ ၁၀၀ ပဲ ကျုပ်ဆီ လာချေး။ ဒီဂိုတ္တောရွာမှာ ကျုပ်ဆွေမျိုးက ရွာတစ်ဝက်လောက်ရှိတယ်။ ကျုပ် မွဲရောပေါ့။ အကူအညီမရတဲ့ အတူတူ ဒီဆွေမျိုးတွေ ဘာလုပ်ဖို့ ဆက်ဆံနေမှာလဲ။ သူတို့ကိုမြင်ရင် ခြံတံခါးပိတ်ပဲ။ ဒါ ကျုပ်ရဲ့ ဗီတိုအာဏာ။

ကျုပ်မိန်းမဘက်က ဆွေမျိုးတွေဆိုရင်တော့ လာခဲ့။ ကျုပ်မိန်းမထက်ကို ကျုပ်က ပျူငှာသေးတယ်။ မပျူငှာလို့ ဖြစ်မလား။ အားလုံးလူမှာ အနည်းဆုံး ကျော့ပိုက်တစ်ဖောင်၊ အုန်းခြံတစ်ခြံတော့ ရှိတာပဲ။ လူဆိုတာ တိုးတက်ချင်ရင် တိုးတက်နေတဲ့ လူနဲ့ ပေါင်းရမှာ မဟုတ်လား။ ခုပဲ ကျုပ်ကို ကြည့်လေ။ တစ်နေ့လုံး နွားနဲ့ရုန်း၊ တစ်နွေလုံး ပင်လယ်ထဲမှာ ကျောတပြောင်ပြောင် ဘဝကနေပြီး ဈေးဆိုင်နဲ့ ဗီဒီယိုနဲ့ အုန်းခြံနဲ့ကို ဖြစ်လို့။ ကျော့ပိုက်ဆိုလည်း နှစ်ဖောင်ရှိတယ်။ ကျုပ်ပိုင်တဲ့ ကွင်းပြင်ကျယ်ကြီးတွေ ကြည့်ဦးမလား။ မျက်စိတစ်ဆုံး ကြည့်ပေတော့။

ကျုပ်မိန်းမကတော့ လောဘသာရှိတာ ဘာမှ တိုးတက်မျက်စိရှိတဲ့ မိန်းမ မဟုတ်ဘူး။ သူ့မှာ အဲဒီလိုစိတ်ရှိတာ တစ်ခုတော့ ကောင်းတယ်။ ဒါကြောင့် ကျုပ်လိုကောင်နဲ့ ရတာပေါ့။ ကျုပ်ဆို ဒီလိုမှဆိုးဖို၊ အရင်သမားရဲ့ သားကို မယူတာ ကျိန်းသေတယ်။ ပတ်ဝန်းကျင်မိသားစုကလည်း ဘာမှ ထောက်ပံ့မယ့်

www.foreverspace.com.mm



သူ မရှိ။ ကိုယ်ကပဲ လက်တွဲခေါ်ရမှာ မဟုတ်လား။ ကျုပ်ဆိုတဲ့ အကောင်ကလည်း ကျုပ်နော်၊ သိတယ်မဟုတ်လား။ အမြင့်ကို မျှော်မှန်းနေတာ။ ကိုယ့်လို သူ့ကို ကောင်မလေးတွေဆိုရင် လှည့်တောင်ယောင်ပြီး မကြည့်ဘူး။

ကျုပ်ဘဝမှာ ကောင်မလေးသုံးယောက်နဲ့ ကြိုက်ဖူးတယ်။ အားလုံး ကုန်သည်သမီး၊ ကျော့ပိုက်ရှင် သမီး၊ ချမ်းသာတဲ့ အသိုက်အဝန်းကပဲ။ ဟိုနှစ်ယောက်ကတော့ မိဘတွေ တင်းတင်းကျုပ်ကျုပ်လုပ်လို့ ကျုပ်စက်ကွင်းက လွတ်သွားတယ်။ ခုရတဲ့ မိန်းမကတော့ ဒီရွာက မဟုတ်ဘူး။ ကျုပ်တို့ရွာနဲ့ ပင်လယ်ခြားတဲ့ မြောင်ရှည်ရွာက။ ဒီရွာက သူ့ကြီးတော်တွေ အိမ်မှာနေပြီး ကျောင်းတက်ရင်း ကျုပ်နဲ့ ဖြစ်သွားကြတာ။ ကောင်မလေးက ၉ တန်းကျောင်းသူ။ ငယ်သေးတယ်။ ကျောင်းတက်ချင်သေးတယ်နဲ့ ဂဂျီဂဂျောင် လုပ်နေသေးတာ။ ကျုပ်ကလည်း ကြီးတဲ့ငါးတွေဆို လွတ်နေကျကောင်ပဲ။ ဘယ်မှာ အလွတ်ပေးလို့ ဖြစ်မှာလဲ။ 'ဂုဏ်တံတိုင်း၊ ငွေတံတိုင်း၊ တံတိုင်း ပတ်ကာခြား' ဆိုတဲ့ သီချင်းတွေ ညဘက် အိမ်ရှေ့မှာ သွားဆိုလိုက်တော့ မောင်မောင့်သဘော ဆိုတာမျိုး ဖြစ်လာရော။

ဟုတ်တယ်လေ။ ငယ်တာ၊ ကြီးတာ မစောင့်နိုင်ဘူး။ ကိုယ့်ဘဝ တိုးတက်ဖို့ဆိုရင် စောသည်၊ နောက်ကျသည် မရှိဘူး။ သူ့မိဘတွေ သိသွားရင် ကျုပ်လိုကောင်နဲ့ ဘယ်လိုလုပ် သဘောတူမှာလဲ။ ဒီတော့ ယူပြီပေါ့။ ခိုးပြီပေါ့။ သူ့မိဘတွေဆိုတာ ယမ်းပုံမီးကျတာ ဘာမဟုတ်သေးလဲ။ ဒါပေမယ့် မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလိုမျိုးပေါ့။

ကျုပ်ကလည်း အလိုက်သိတတ်တယ်။ ဘာပဲခိုင်းလိုက်၊ ခိုင်းလိုက်ပေါ့ခနဲပဲ။ ဒီအဘိုးကြီးနဲ့ အဘွားကြီး ဘာတင်းခံနိုင်မှာလဲ။ နောက်တော့ ကျုပ်ကို ရွှေသမက်လေး၊ ရွှေသမက်လေးကို ဖြစ်လာရော။

ကျုပ်မိန်းမက တစ်ဦးတည်းသောသမီး။ ကိုယ် လိမ္မာရင် ယောက္ခမ ပစ္စည်းအားလုံး ကိုယ့်အတွက် မဟုတ်လား။ ကျုပ်ယောက္ခမတွေက ဟိုးခေတ်တုန်းကပဲ ကုတ်ကုတ်ခြစ်ခြစ် စုလာခဲ့တဲ့ ကော်တစ်ရာကြီးတွေ။ လယ်ဆိုလည်း ကြည့်လိုက်ဦး။ မျက်စိတစ်ဆုံးရော။ အုန်းခြံဆိုတာကလည်း လက်ညှိုးထိုး မလွဲဘူး။ ကျော့ပိုက်၊ ဝိုင်းပိုက်၊ သုံးထပ်တန်း။ ပင်လယ်အတွက်လည်း ပစ္စည်းက အစုံအလင်။ ဘာကြာလိုက်မှာလဲ။ ကလေးသဘောကွယ့် အဖေတို့၊ အမေတို့က အသက်ကြီးလာပြီတဲ့။

www.foreverspace.com.mm

ဒါပေမယ့် ယောက္ခမတွေရွာမှာ ကျုပ် မနေနိုင်ဘူး။ ကျုပ် ရွာကို ပြန်ပြောင်းခဲ့တယ်။ အဲဒီရွာမှာ ဆက်သွယ်ရေးမကောင်းဘူးပေါ့။ မြို့နဲ့ဆိုရင် ပင်လယ်ခြားနေတယ်ပေါ့။ ယောက္ခမတွေကလည်း ကျုပ်ကို လိုလားနေပြီ မဟုတ်လား။ ကျုပ်စိတ်ကူးကို မငြင်းဘူး။ သူတို့ကတော့ အဲဒီချက်မြုပ်က မစွန့်နိုင်ဘူးပေါ့။ ရတယ်။ ကျုပ် လိုချင်နေတာလည်း အဲဒီအတိုင်းပဲ။ တစ်သက်လုံး ဒီသက်ကြားအိုကြီးတွေရဲ့ ခိုင်းတဲ့ကျွန်၊ ထွန်တဲ့နွား လုပ်နေလို့ ဘယ်ဖြစ်မှာလဲ။ ကျုပ်က တိုးတက်ချင်တဲ့ကောင် မဟုတ်လား။ စင်ခွဲထောင်ရမှာပေါ့။

ကဲ… ကျုပ်မှာငွေရှိပြီ။ နေရာဆိုတာကလည်း ကျုပ်ရဲ့လယ်ကွက်တွေက ခေတ်ပြောင်းလဲမှုတွေကြောင့် ဈေးကွက်ကျလာတယ်။ ဒီတော့ ကျုပ်ရဲ့ အကွက်ကျော်ပြီး မြင်တတ်တဲ့ဉာဏ်ကြောင့် လယ်ဆိုတဲ့ နာမည်ပျောက်သွားပြီ။ နေရာအတွက် ဘာပူစရာလိုလဲ ပြီးပြီပေါ့။ စီးပွားရေးလုပ်ဖို့အတွက် အဆက်အသွယ်ကို ကြည့်ဦးမလား။ ဒါတွေကို ကျုပ်က လေ့လာပြီးသား။ ငွေနဲ့ရမယ့်သူဆိုရင် ငွေ၊ အရက်ဆိုတဲ့လူ အရက်၊ ဖဲလားရတယ်။ ဟိုကိစ္စ၊ ဒီကိစ္စ လိုချင်သလား မပူနဲ့။ အဓိက ကျုပ် အမြင့်ကို တက်နိုင်ဖို့ လှေကားရဖို့လေ။

ကျုပ်မိတ်ဆွေတချို့က ကျုပ်ကို ပြောင်သလိုလို၊ နောက်သလိုလိုနဲ့ ပြောကြတယ်။ လူပါး၊ လူနပ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူများ လိုအင်ကိုပဲ ဖြည့်ပေးခဲ့တာ။ အဲဒါတွေကို ဘာတစ်ခုမှ ကျုပ် မလုပ်ဘူး။ ကုန်ကုန်ပြောရင် ဆေးလိပ်တို့ ကွမ်းယာတို့တောင်မှ ကျုပ် မသောက်ဘူး။ မစားဘူး။ ဒါတွေ ဂရုမစိုက်လို့ ဖြစ်မလား။ ကျုပ် ဂိုတ္တောမှာ ပြန်နေလို့ နှစ်နှစ်ပဲ ကြာတယ်။ သားတစ်ယောက်ရပြီ။ ကျုပ် မရှိရင် သူတို့သားအမိ ဘယ်မျက်နှာ ကြည့်နေမှာလဲ။

'အသက်ကို ဉာဏ်စောင့်'တဲ့။ ကျုပ်ဆို လေစိမ်းသုတ်မှာစိုးလို့ အပြင်တောင် ကိစ္စမရှိဘဲ မထွက်ဘူး။ ထမင်းစားရင်လည်း ကြည့်ဦးလေ။ ဝက်သားဆိုရင် ကျုပ် မစားဘူး။ အဲ… ကျုပ်တင် မကပါဘူး။ ခုလက်ရှိ သား၊ သမီးတွေအပြင် မိန်းမပါ မစားရဘူး။ ဝမ်းပျက်မှာစိုးလို့။ ကြက်သားနဲ့ နွားသားဆိုတာကလည်း ဝမ်းကိုက်တတ်တယ် မဟုတ်လား။ စားလို့ကို မဖြစ်ဘူး။ ကျုပ်တို့ရွာက ပင်လယ်နားရွာဆိုတော့ ငါးကြီးတွေလည်း ပေါတယ်။ ကျုပ်က ငယ်ငယ်လေးကပဲ ပင်လယ်ထဲမှာ ရုန်းကန်ခဲ့ရတဲ့အကောင်လေ။ သား ငါးကြီးတွေဆိုလည်း မစားသင့်ဘူး။ အဆီကျိတ်တွေ၊ အတွင်းအူတွေက လူကို အန္တရာယ်

www.foreverspace.com.mm



ဖြစ်စေတတ်တယ်။ တောက်(အဆိပ်သင့်)သွားရင် တစ်ခါတလေဆို လူတောင် သေပါရဲ့။ ဒီတော့ ကျုပ်အိမ်မှာ ချက်ချင်ရင် ခေါင်းတစ်ရာသားကိုပဲ ချက်၊ အသီးအရွက်ကိုပဲချက်။ ဒါတွေကမှ လူကို အာဟာရ ဖြစ်စေတာ မဟုတ်လား။

ဒါပေမယ့် သားသမီးတွေကတော့ ပြောရတာ လုံးဝနားမလည်ဘူး။ ဟန့်ပြန်ရင်လည်း အစိုးရိမ်လွန်တယ်လို့ ပြောပြန်ရဲ့။ လုပ်ငန်းတစ်ခု တိုးချဲ့ရင်လည်း အဖေ့မှာ ကိုယ်မနိုင်ဘဲနဲ့ လုပ်ပြန်ပြီလို့ အပြစ်တင်ရော။ ဒါတွေ မလုပ်လို့ ဖြစ်မလား။ ဒီသားသမီးသုံးယောက်ရဲ့ တာဝန်က ကျုပ်မှာအပြည့်။ ခုလို မျှော်လင့်ပြီး လုပ်လာလို့ ခုလိုဖြစ်နေတာ မဟုတ်လား။ ကျုပ် ရုန်းကန်ခဲ့ရပုံကို ဒင်းတို့တွေ မြင်စေချင်တယ်။

ကျန်တဲ့လူတွေကတော့ ကျုပ်ကို ကွယ်ရာမှာ ပြောကြတာပေါ့။ ဘို့ တစ်လုံးသမားတဲ့။ ရဖို့၊ ဝဖို့ပဲ သိတယ်တဲ့။ မနာလိုလို့ ပြောတာ ပြောကြပါစေ။ ကျုပ် ရှာတာ ကျုပ် မိသားစုအတွက်ပဲ ဖြစ်ရမှာပေါ့။ နောက်ပြီး စီးပွားရှာပါတယ်ဆိုမှ ဝေဿန္တရာလုပ်နေတာမှ မဟုတ်ဘဲ။ ငွေရဖို့နည်းကိုပဲ သုံးရမှာပေါ့။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော ကျုပ် ရှာဖွေလို့ရတဲ့ ငွေတွေကို ကြည့်လိုက်ရင် ကျုပ် စိတ်ချမ်းမြေ့သွားတာပဲ။

ဒါတွေကြောင့် ဒီလို နှစ်တိုတိုလေးအတွင်းမှာ ကျုပ် ဒီလောက် လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် နေနိုင်တာပေါ့။ စီးပွားရေးလုပ်တာမှာ ဘယ်သူ့ကိုမှ ငဲ့စရာမလိုဘူး။ လုပ်စရာရှိတာ ပြတ်ပြတ်လုပ်၊ ဒါပဲပေါ့။ သူတို့ကို ငဲ့ညှာနေလို့ ဘာဖြစ်လာမှာလဲ။ ရောင့်တက်လာရုံပဲ ဖြစ်မယ်။ ကျောင်းက ဆရာတော်ကို သင်္ကန်းဝယ်လှူလိုက်တယ်။ ဒါက ကုသိုလ်ရတယ် မဟုတ်လား။ ကုသိုလ်ဆိုတာ နတ်ပြည်မှာ စည်းစိမ်ခံစားနိုင်ဖို့အတွက် တတ်နိုင်မယ့် လှေကားပဲ။ ဘယ်နေရာမှာမဆို လှေကားကို ရှာရမယ်။ ဒါမှ အမြင့်ကို တက်နိုင်မယ်။ ဘယ်နေရာပဲရောက်ရောက် ကျုပ်က အမြင့်ကို တက်ချင်တာ။

အိမ်ကအကောင် ကျုပ်သား ပြောပါတယ်။ ဘာတစ်ခုမှ ကျုပ် စိတ်ဓာတ်မပါဘူး။ ဟိုဟာလုပ်ပါဆိုလည်း မလုပ်၊ ဒီဟာလုပ်ပါဆိုလည်း မလုပ်နဲ့။ အားလုံး မလုပ်တာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် အလုပ်ဆိုတာ တစ်ခု နှစ်ခုတည်းကို လုပ်ပြီးနေလို့ မဖြစ်ဘူး။ ဘယ်ဟာမဆို သူများထက် အပေါ်က နေနိုင်မှ မဟုတ်လား။

သမီးကတော့ ကျုပ်လို မာနတော့ရှိပါရဲ့။ ဒါပေမယ့် တိုးတက်ဖို့ကျ

www.foreverspace.com.mm

တော့ သူ့အမေလို စိတ်ဓာတ်မျိုး။ ဘာမှ ကြိုပြီး တက်လမ်းကို မမြင်တတ်ဘူး။ မာနကတော့ တော်တော်ကြီးကို ရှိတာ။ ဘယ်အချိန်ကြည့်ကြည့် နှုတ်ခမ်းက တော့စူလို့။ မျက်လုံးကလည်း တစ်ဖက်သားကို ချိုးနှိမ်နေတဲ့ အရောင်လက်လို့။ ဒီလိုဗလာချီကြီးသာ မာနကြီးနေတယ် မာနနဲ့ လိုက်အောင် ဘာတစ်ခုမှ တိုးတက်အောင် မလုပ်နိုင်ဘူး။

အငယ်ဆုံးသားကတော့ ခုမှ ၁၁ နှစ်ရှိသေးတာပဲ။ ကျောင်းနေတုန်း။ သူ့စိတ်ဓာတ်ကတော့ ဘယ်လိုလာမလဲ။ ခုသာ ကျုပ် သေသွားကြည့် ဒီစီးပွားရေးတွေနဲ့ ဒီမိသားစုတော့ ဝါးအစည်းပြေသလို ပြေသွားမှာ ကျိန်းသေတယ်။ ကျုပ်ရှိတော့ ဘယ်သားသမီး အိမ်ထောင်ကျကျ အိမ်ခွဲဆင်းစရာ မလိုဘူး။ သမီးအသက်ကလည်း ၂၀ ကျော်ပါပြီ။ သူ အိမ်ထောင်မကျဘဲနဲ့ ကျုပ် မသေချင်သေးတာ အမှန်ပဲ။ မတော်လို့ ကျုပ်လို ပစ္စည်းမက်လို့ ယူတဲ့အကောင်နဲ့ကျ ဘယ်လိုလုပ်မလဲ။ ကျုပ်ကသာ တက်လမ်းအတွက် စီးပွားရှိတဲ့မိန်းမကို ယူခဲ့တာ။ ကျုပ်သမီးတော့ ဒီလိုမျိုး အဖြစ် မခံနိုင်ဘူး။

သိတယ်မဟုတ်လား၊ ကျုပ်ဆိုတဲ့အကောင်က သူများကိုပဲ လှေကားလုပ်ပြီး နင်းမယ်၊ တက်မယ်။ ကျုပ်ကိုတော့ လှေကား လုပ်မယ် စိတ်မကူးနဲ့ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီသာမှတ်။ ဆရာ မျက်ရိပ်ပြရင် လူတစ်ယောက်ကို ခြင်တစ်ကောင်လို သတ်ဖို့လောက် ဝန်မလေးတဲ့ အကောင်တွေလည်း ကျုပ်လက်အောက်မှာ တစ်ပုံတစ်ပင်။ ဒါမျိုးကောင်တွေကိုလည်း တစ်ဖက်လှည့်နဲ့ မွေးထားရတယ်။ ကိုယ်က စီးပွားရေးလည်း အကြီးအကျယ်လုပ်၊ ဥစ္စာပစ္စည်းကလည်း အပြည့်ဆိုတော့ အစောင့်အရှောက်လိုတယ်။

ဂျိတ္တော့ရွာကိုရောက်ရင် တွေ့လိမ့်မယ့် ကားဂိတ်နားက နှစ်ထပ်တိုက်ကြီးကို ရှေ့မှ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ ဗီဒီယိုနဲ့။ အဲဒါ ကျုပ်ပိုင်တာ တချို့တစ်ဝက်ပေါ့။ တစ်ရွာလုံးမှာ လိုက်ကြည့် နှစ်ထပ်ဆိုလို့ ကျုပ် တစ်တိုက်ပဲရှိတယ်။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေရလာမယ့် လူကိုး။ ဒီလိုအခန်းပေါင်း မြောက်မြားစွာနဲ့ အိမ်ကြီးမဆောက်လို့ ဖြစ်မလား။ အခုတော့ ကြည့်စမ်း။ တခြားလူတွေပေါ်မှာ ကျုပ် ဖြတ်ကျော်ပြီး အောင်မြင်ခဲ့သမျှ ရောဂါက ကျုပ်ကို သက်သက်လာအနိုင်ကျင့်တာပဲ။

မကျန်းမမာ ဖြစ်မှာစိုးလို့ ကျုပ်ဆိုတဲ့အကောင် အရာရာကို ရှောင်ကြဉ်ခဲ့တာကြည့်။ ကျုပ် ဖြစ်တဲ့ အဆုတ်ရောဂါ တခြားလူကို သွားဖြစ်ပါတော့လား။

www.foreverspace.com.mm



ကျုပ် အဖေဆို အရက်၊ ဆေးလိပ်၊ ကွမ်းယာ ဘာတစ်ခုကိုလည်း ရှောင်ကြဉ်ခဲ့တာ မဟုတ်ဘူး။ အသက်ကျတော့ ၉၅ နှစ်အထိ နေသွားရတယ်။ ကျုပ် ခြံစောင့်အလုပ် ခန့်ထားတဲ့ ဘိုးခူလှကြီးကျလည်း အသက် ၈၀ ရှိပြီ၊ သွားလာပြီး ရှာဖွေစားနိုင်တုန်း။

ကျုပ်မှာ ရောဂါလက္ခဏာ မြင်တာနဲ့ သွားကုလိုက်ရတဲ့ ရန်ကုန်။ အဲဒီမှာ မနေရုံတစ်မည်ပဲ။ ဒါတောင် ရောဂါက ကျွမ်းကျွမ်းလာတာဆိုတော့ ကျုပ်လို လူကိုမှ သက်သက်အနိုင်ကျင့်တာပေါ့။ နေကြပါဦး၊ ကျုပ် ရှာဖွေထားတဲ့ ပစ္စည်းတွေနဲ့ အေးအေးဆေးဆေး အနားယူပါရစေဦး။ ကျုပ်ဘဝမှာ ဘယ်အခါမှ အေးအေးဆေးဆေး မနေခဲ့ရဘူး။ ဆေးကုခံနေရတဲ့ အချိန်တွေပဲ အိပ်ရာထဲမှာ ကြာရှည်လှဲနေခဲ့ဖူးတာပါ။ အရင်က နေ့နေ့ညည ဘယ်မှမသွားဘူး။ ကျုပ် လုပ်ငန်း၊ ကျုပ် မိသားစုအတွက် တိုးတက်ဖို့အရေးပဲ ထိုင်ပြီး စဉ်းစားနေခဲ့တာ။

ကျုပ် အေးအေးဆေးဆေး နေဖို့အတွက် အချိန်မပေးနိုင်ရင်တောင်မှ ကျုပ် သမီး ကောင်းကောင်းမွန်မွန် လူချမ်းသာတစ်ယောက်နဲ့ အိမ်ထောင်ကျဖို့၊ ကျုပ်သားအငယ် အသက် ၂၀ ပြည့်ဖို့။ ကျုပ် လုပ်ခဲ့တဲ့ကုသိုလ်တွေကို ထောက်ထားပြီး နောက်ထပ် ၉ နှစ်လောက် နေခွင့်ပေးကြပါဦး။

ဟော့… ဟော့ကောင်တွေ မိစ္ဆာကောင်တွေ သွားကြစမ်း။ ငါ့အနားကို မကပ်ကြနဲ့။ ငါ့လက်တွေကိုလွှတ်။ ခုလွှတ်။ ကျုပ် မသေသေးဘူး။ နေကြပါဦး။ နောက်… နောက်ထပ် ၉ နှစ်။ ဟုတ်တယ် ၉ နှစ်လောက်။ သွား… အား… အား… ငါ့လည်ပင်းကို ဘာလို့ လာညှစ်တာလဲ။ ဟော့ကောင် ဒင်ကြီးတို့ ဘာကြည့်နေတာလဲ လာကြလေ။ ဒီမိစ္ဆာကောင်တွေကို သတ်ပါတော့လား။ မင်းတို့ပဲ ပြောတယ်မဟုတ်လား။ ဆရာကြီးအတွက်ဆို လူတောင် သတ်ပေးမယ်ဆို။ တစ်ကျွန်းက ပြန်လွတ်လာတာဆိုကွ။ မြန်မြန်လုပ်ပါဟ။ အား… အား… ကျုပ် အသက်ရှူ မွန်းလာပြီ။ ကျုပ်ကို မသတ်ပါနဲ့ဦး။ နောက်ထပ် ၉ နှစ်လောက် မဟုတ်ရင်တောင်မှ ၉ လ။ မဟုတ်ရင် ၉ ရက်၊ နေပါဦး အား… အား… ၉ နာရီ၊ အဲ… အဲ… ၉ မိနစ် အား…။

■

**တင်မြင့်ဦး၊သံတွဲ၊**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၄၊ ဖေဖော်ဝါရီလ၊ ၁၉၉၅။**

www.foreverspace.com.mm

# နာရီထဲက တံလျှပ်များ

**ဂျူဗော်**

၃နာရီခန့် ဆေးခန်းကလေးထဲမှာ
မှန်ကန်နေခြင်းနှင့်
အနှစ် ၃၀ ခန့် လောကတစ်နေရာမှာ
မှန်ကန်နေခြင်းသည်
အနှစ်သာရအားဖြင့်
ဘာများကွဲပြား ထူးခြားသေးသနည်း

www.foreverspace.com.mm

# နာရီထဲက တံလျှပ်များ

**ဂျူးဇော်**

နွေနေသည် ပူပြင်းလွန်းလှ၏။ မိုးကုတ် မန္တလေးကားလမ်းတစ်လျှောက်တွင် တံလျှပ်တို့သည် ရေအယောင်ဆောင်နေကြလေ၏။

လွန်ခဲ့သောဆယ်စုနှစ် စွန်းစွန်းအချိန်က ကားလမ်းဘေး ဝဲယာရှိ ရွာကလေးများသည် လူနေကျဲပါးခြောက်သွေ့ခဲ့သော်လည်း ယနေ့အချိန်မှာတော့ ရွှေကျင်၊ ရွှေတူး၊ ရွှေကောက်၊ ရွှေဝယ်သည့် ရွှေတောစခန်း ကျေးရွာကြီးများအဖြစ် စည်ကားဖွံ့ဖြိုးနေလေပြီ။

ကားလမ်းပေါ်ဝယ် ၃က…နံပါတ် ဆန်နီ ဆူပါဆလွန်း ကားကလေးသည် တံလျှပ်များကို ထိုးခွဲကာ တရိပ်ရိပ် ပြေးသွားနေရာမှ တစ်ခုသောကျေးရွာစခန်းကြီးက ဆေးခန်းကြီးတစ်ခုရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်လိုက်လေ၏။ ကားမောင်းသည့် ပုဂ္ဂိုလ်လေးသည် ဆေးခန်းထဲမှာ လူရိပ်လူယောင် မမြင်သဖြင့် တတီတီ ဟွန်းသံပေးလိုက်၏။

ဆေးခန်းတွင်း ဆရာဝန်နားနေခန်းထဲမှာ ရုပ်ပြကာတွန်း တစ်အုပ်ဖြင့် ဇိမ်ကျနေသော ပုဂ္ဂိုလ်သည်လည်း ဆေးခန်းရှေ့သို့ ကပျာကယာ ပြေးထွက်လာခဲ့ရတော့၏။ အဖိုးတန်ကားတစ်စီး၊ ပြောင်ပြောင်လက်လက် ဝတ်စားဆင်ယင်ထားသည့် လူငယ်လင်မယား စုံတွဲကို မြင်တော့ မျက်မှောင်ကုပ်မိသွားသည်။

'ဘာကိစ္စလဲဟေ့'

ဇိမ်ပျက်သွားသောကြောင့် ပုဂ္ဂိုလ်သည် သူ့လေသံနှင့် မျက်နှာပေး နည်းနည်းမာသွားသည်ကို ဂရုပြုမိလိုက်သော်လည်း သူ့နောင်တက နောက်ကျ

www.foreverspace.com.mm



သွားပြီ။

'ဆေးထိုးချင်လို့ပါ ဒေါက်တာ'

တော်သေးရဲ့။ ယောကျ်ားဖြစ်သူက အသံအနည်းငယ် ဝဲယောင်ရှိသော်လည်း ပီပီသသ၊ ယဉ်ယဉ်ကျေးကျေးပင်ပြောလေသည်။ ဆေးထိုချင်လို့ပါ ဒေါက်တာ ဆိုပဲ။

ဒေါက်တာသည် သဘောကျစွာ ပြုံးလိုက်၏။ အသံကိုလည်း တတ်နိုင်သမျှ ချိုသာစေ၊ စကားလုံးကိုလည်း တတ်နိုင်သမျှခန့်ညားစေလျက်-

'အိုကေ၊ ရတာပေါ့။ လာ…လာ၊ ဘာဖြစ်သလဲ။ ခရီးပန်းလာကြတယ် ထင်တယ်။'

'ဟုတ်တယ် ဒေါက်တာ။ ကျွန်တော်တို့ မိုးကုတ်က လာတာ။ မန္တလေး အထိ သွားရမှာ။'

'အင်း… ဆိုပါဦး။ ခု ဘယ်သူက ဘာဖြစ်လို့လဲ'

'သူက ခေါင်းမူးလို့တဲ့ ဒေါက်တာ။ အားဆေးပုလင်းကြီး သွင်းချင်လို့တဲ့။ အဲဒါ ဘယ်လောက်ကျမလဲ။ ဘယ်လောက်ကြာမလဲ။'

'ဟာ… လော်ပန်ကြီးကလည်း ဘယ်လောက်ကျမလဲတွေမေးမနေပါနဲ့။ အကောင်းဆုံး လုပ်ပေးမှာပေါ့။ ကားကို အရိပ်အောက်ရွှေ့ထားလိုက်ပါလား။ ပုလင်းကြီးချိတ်မှာဆိုတော့ သုံးနာရီလောက်တော့ကြာမယ်လေ'

လော်ပန်လင်မယားသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ နောက်တော့ မိန်းမဖြစ်သူက လက်ကိုင်အိတ်ကြီးကိုပွေ့ပြီး၊ ဆေးခန်းရှေ့ ထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ ယောကျ်ားဖြစ်သူလည်း ကားကို နေရိပ်ရှိရာသို့ မောင်းရွှေ့နေလေ၏။

ဒေါက်တာ ပြုံးလိုက်သည်။ သူ့စည်းရုံးရေးအောင်မြင်သွားပြီ။ လော်ပန်ကြီးဟုသာ ခေါ်လိုက်ရသည်။ ပုဂ္ဂိုလ်လေးက သူနှင့်မတိမ်းမယိမ်း။ အသက် ၃၀လောက်ပဲရှိဦးမည်။ အဖိုးတန်အဝတ်အစားတွေ ဝတ်ဆင်ထားသော်လည်း သူ့ဥပဓိရုပ်က မပြောင်ရောင်၊ မသားနား။ ခန္ဓာကိုယ်ကလည်း မထွားကျိုင်း၊ မဆူဖြိုး။ လူဗလံလေးမျှသာ။ နီစပ်စပ်မျက်နှာမှာ ဝက်ခြံပုန်းတွေက ထူနေလိုက်သေး။ သွားတွေကလည်း ကွမ်းစားလွန်းသောကြောင့် ဖြစ်မည်။ နီကြင်ကြင် ဖြစ်နေ၏။

ထိုင်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေသော လော်ပန်ကတော်ကိုလည်း

www.foreverspace.com.mm

ကြည့်လိုက်ဦး။ အသက်ကတော့ ၂၀-ကျော်ကျော်လောက်ပဲရှိဦးမည်။ အကြေကောက်ဆံပင်က သန့်ရှင်းမှုနည်းသဖြင့် နီမွဲခြောက်သယောင်းပြီး ပြောင်ဖူးမွေးခြောက်လို ဖြစ်နေသည်။ မိတ်ကပ်၊ နှုတ်ခမ်းနီတွေကလည်း လိုသည်ထက်ပိုနေပုံရသည်။ သူ မိန်းမတွေအလှပြင်ပုံကို အသေးစိတ် နားမလည်ပါ။ သို့သော် လိမ်းခြယ်ထားမှုက ကြည့်မကောင်းတာတော့ အမှန်ပင်။ အဖိုးတန်အဝတ်အစားနှင့် ရွှေငွေအချို့ ဝတ်ဆင်ထားသော်လည်း နဂိုရည် မရှိသည်က ထင်ရှားလှသည်။

ဧကန္တ သည်လင်မယား၊ ပွဲပေါက်တစ်ခုခု တိုးထားသည်မှာ သိပ်ကြာလှသေးပုံမပေါ်။ ပိုင်ဆိုင်ထားသည့်ဥစ္စာခနေနှင့် သူတို့၏အရောင်အဝါက လိုက်လျောညီထွေမရှိလှ။ သည်လိုပါပဲလေ သူတို့လောက က ခုလမ်းဘေးရောက်နေသော်လည်း တော်ကြာ ရွှေပုံပေါ်မှာ ထိုင်ချင်ထိုင်ရတတ်တာမျိုးကလား။ သို့သော် လော်ပန်လေးကားမောင်းပုံ၊ ကားရွှေ့ပုံတွေက အထူးပင် သေသပ်ကျွမ်းကျင်နေပြန်တော့ အကဲခတ်ရခက်လှသည်။ ဘာပဲဖြစ်ဖြစ်လေ သူ့ဟာသူ မနေ့တစ်နေ့ကပဲချမ်းသာ ချမ်းသာ၊ အရင်ဘဝကပဲ ချမ်းသာ ချမ်းသာ၊ လောလောဆယ် ကိုယ်အပေါ်မှာ ယုံကြည်အားထားမှု အပြည့်ရှိဖို့နှင့် ကိုယ်တောင်းသည့် ဆေးဖိုးဝါးခ ရှောရှောရှူရှူပေးဖို့က အဓိက မဟုတ်ပါလား။

ဒေါက်တာလည်း လော်ပန်ကတော်လေးကို အားဆေးပုလင်းချိတ်ဖို့ ထုံးစံအတိုင်း ပြင်ဆင် ဖျော်စပ်လေတော့၏။

ဒေါက်တာအားဆေးပုလင်း ဖျော်စပ်နေစဉ် လော်ပန်လင်မယားကလည်း ဆေးခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ် အကဲခတ်နေ၏။ လမ်းတုန်းက နာမည်ကြီးသည့် ဆေးခန်းကိုမေးတိုင်း၊ သည်ဆေးခန်းကိုပဲ လက်ညှိုးညွှန်ကြသည်။ ခုကျတော့လည်း လူနာတစ်ယောက်မှ မရှိပါလား။ ပြီးတော့ ဆရာဝန်ကလည်း ကျောင်းဆင်းစ ဖြစ်ဟန်တူသည်။ နာမည်ဂုဏ်နှင့်မလိုက် အသက်အရွယ် ငယ်လွန်းလှသည်။ ဆရာဝန်၏ ဥပဓိရုပ်ကိုလည်း သူတို့သဘောမတွေ့လှ။ ဟတ်ဟန် သေးနုတ်လှသည်။။ တော်သေးရဲ့၊ ဆေးခန်းအဆင်အပြင်၊ ဆေးဗီရိုတွေကဖြင့် ခန့်ညားထယ်ဝါပါပေ၏။ တီဗီတွေ၊ ပန်ကာတွေ၊ လျှပ်စစ်မီးလုံးတွေနှင့် ဆေးဗီရိုထဲမှာလည်း ဘီပီအိုင်ဆေး၊ နိုင်ငံခြားဆေးတွေ စုံလင်လှသည်။ ဆရာဝန်ဥပဓိသည် အဓိကမဟုတ်။ ဆေးကောင်းကောင်းကိုင်ဖို့ ရောဂါမြန်မြန်ပျောက်ဖို့က အဓိက မဟုတ်ပါလား။

ရောဂါမြန်မြန်ပျောက်ဖို့ဟုသာ ပြောရသည်။ သူ့မိန်းမ ဘာမှမဖြစ်မှန်း

www.foreverspace.com.mm



လော်ပန်လေးက သိနေပြန်သည်။ ခရီးဝေးဝေးကားစီးရလို့မူးတာကို ကြီးကြီးကျယ်ကျယ် အားဆေးပုလင်း သွင်းချင်သတဲ့။ ခါတိုင်းလိုသာဆိုလျှင်တော့ တစ်တစ်ခွခွ ပြောပစ်လိုက်မိမည်မှာ အသေအချာပင်။ သည်နေ့တော့ သူ့ဆန္ဒကို အစစ လိုက်လျောဖို့ဆုံးဖြတ်သည်။ ပြီးတော့ မယ်မင်းကြီးမ ပုလင်းချိတ်နေစဉ် သူလည်း အနားယူပြီး တစ်ခွက်၊ တစ်ဖလားမော့ဖို့ စိတ်ကူးထားလေသည်။

'ကျွန်မကို သွေးချိန်ပေးပါဦး ဒေါက်တာ'

'ဗျာ'

'သြော်··သွေးပေါင်များကျနေမလားလို့ပါ။ ကျွန်မက သွေးပေါင်ကျရင် ဒီလိုပဲ၊ မူးတတ်တယ် ဒေါက်တာရဲ့။'

'ဟုတ်လား။ ရတယ်၊ ရတယ်၊ ချိန်ပေးမယ်လေ'

ဒေါက်တာသည် နားကြပ်နှင့်သွေးချိန်တိုင်း ကိရိယာကို တော်တော်ပင် ရှာယူနေရ၏။ သွေးပေါင်ချိန်ပေးလိုက်ပြီး

'ဟုတ်တယ်။ သွေးပေါင် တော်တော်လေးကျနေတယ်။ အဲဒါကြောင့် မူးတာ။ ကိစ္စမရှိပါဘူးလေ။ ပုလင်းကြီးချိတ်လိုက်ရင် သွေးပေါင်ပြည့်ပြီး အမူးပြေသွားမှာပါ။'

'ကိုင်း··· ကျွန်မ မပြောလား၊ သွေးပေါင်ကျနေတာ၊ ပုလင်းကြီးသွင်းမှ ကောင်းမှာပါလို့'

လော်ပန်ကတော်က သူ့ ယောကျ်ားကို လှမ်းပြီးမျက်စောင်းထိုး၏။ လော်ပန်လေးက ငါးသုံးလုံးခဲရင်း ပြုံးလို့သာနေသည်။

ဒေါက်တာသွေးကြောရှာပုံ၊ ဆေးသွင်းပုံတွေက မြန်ဆန်သေသပ်လှသည်။ တော်တော်နာမယ် ထင်ထားတာ။ နာလည်းမနာ။ လော်ပန်ကတော်လေးက ကျေနပ်စွာပြုံးလျက်၊ အဝါရောင်ဆေးပုလင်းကြီးကို ငေးကြည့်နေလေ၏။

ဒေါက်တာ၊ နားကြပ်တွေ၊ သွေးပေါင်ချိန်တိုင်းကိရိယာတွေ ပြန်လည်သိမ်းဆည်းနေစဉ် လော်ပန်လေးသည် ဖော်ရွေသော အပြုံးဖြင့် အနားကပ်လာ၏။

'စိတ်မရှိနဲ့နော် ဒေါက်တာ။ ဒေါက်တာသောက်တတ်သလား'

ဒေါက်တာ မျက်ခုံးပင့်သွား၏။ နောက်မှ ပြုံးစစ မျက်နှာဖြင့်···

'ဘီယာလောက်တော့ သောက်ပါတယ်'

'ဟုတ်ပြီ ဒေါက်တာရေ၊ နေပူကလည်း ပြင်းပါဘိသနဲ့။ ရေငတ်ပြေလေး လုပ်လိုက်ကြရအောင်။ ကျွန်တော်မှာ အသင့်ပါလာပါတယ်'

www.foreverspace.com.mm



လော်ပန်လေးက ကားထဲမှ ဘီယာသံဘူးတွေကော ရမ်ပုလင်းကြီးပါ တစ်ပွေ့တစ်ပိုက်ကြီး ယူချလာ၏။ ဒေါက်တာလည်း လေချဉ်တွေတက်ပြီး ခံတွင်းတွေစိုလာသည်။

'ဖန်ခွက်တော့ လုပ်ဦး ဒေါက်တာ'

လော်ပန်လေးက သူ့ပစ္စည်းတွေ၊ ဆေးခန်းထဲက စားပွဲပေါ်မှာ တည်ခင်းပြင်ဆင်နေ၏။ ဒေါက်တာနောက်ဖေးခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ ဖန်ခွက်နှင့်ဟင်းဘူးတွေ အမြည်းတွေပါလာ၏။

'အာလူးကြော်ရယ်၊ ဝက်အူချောင်းကြော်ရယ်၊ မနက်က ဝယ်ထားတဲ့ ကိုက်လန်ကြော်ရယ်တော့ ရှိတယ်။ ဒါဆို အမြည်းရပါပြီနော်'

'ဟာ··သိပ်ပြည့်စုံသွားပြီပေါ့ ဒေါက်တာ။ ဒီထက်ကောင်းတာတောင် ဒီလောက် မကောင်းနိုင်တော့ဘူး'

'ဟား ဟား၊ ဟားဟား'

လော်ပန်လေးနှင့် ဒေါက်တာလေး ပြိုင်တူပင် ရယ်မောလိုက်ကြလေ၏။

လော်ပန်လေးက ဘီယာနှင့် ရမ် စပ်ပြီးသောက်သည်။ ဒေါက်တာလေးက ဘီယာချည့် သောက်သည်။ သောက်လိုက်၊ စားလိုက်၊ ငါးသုံးလုံး ဖွာလိုက်၊ စကားတွေပြောလိုက်နှင့် ဝိုင်းကနှစ်ယောက်တည်းနှင့် စိုပြည်နေ၏။

'သိပ်လည်း မများစေနဲ့ဦးနော်၊ ခင်ဗျား မန္တလေးထိ၊ ကားမောင်းရဦးမှာ'

'ရပါတယ် ဒေါက်တာရယ်။ မပူစမ်းပါနဲ့။ ကျွန်တော်က မွေးကတည်းက ကားမောင်းလာတာ။ ပြီးတော့ မွေးကတည်းက အရက်သောက်လာတာ ဟား··· ဟား'

လော်ပန်လေးက နည်းနည်း ထွေလာတော့ ပိုပြီး ခင်မင်စရာကောင်းလာ၏။ ခုတင်ပေါ်က လူနာက လှမ်းပြီး မျက်စောင်ထိုးသည်။

'ဒေါက်တာ သူ့ကို သိပ်မသောက်စေနဲ့နော်။ သူက ကြွက်တွင်း။ သောက်မိရင်တော်ချင်တာ မဟုတ်ဘူး။ မူးပြီး မန္တလေးမသွားနိုင် ဖြစ်နေဦးမယ်'

'စိတ်ချပါ။ ခင်ဗျား အမူးပြေတဲ့အချိန်၊ သူလည်း အမူပြေသွားမှာပါ။ ဟဲ··· ဟဲ' ဒေါက်တာလည်း ဘီယာတန်ခိုးဖြင့် အာသွက်၊ လျှာသွက် ဖြစ်လာ၏။

ဘယ်ဘဝက ရေစက်လဲ မသိ။ စကားကလည်း ပြောလို့ကောင်းလှသည်။ သို့သော် ထန်းရေမူး ကျွဲခိုးပေါ်ဆိုသလို စကားအမှားမပါရအောင်၊

www.foreverspace.com.mm



တစ်ဦးနှင့်တစ်ဦး ငြိုငြင်မှု မဖြစ်ရအောင် နှစ်ဦးစလုံးပင် သတိကလေးတွေတော့ ထားနေကြ၏။

'ကျွန်တော်က လိုင်းစုံမကိုင်ဘူး။ အနီတစ်မျိုးပဲကိုင်တာ။ အနီတောင် အဲ··· ဒေါက်တာနားလည်အောင် ပြောရရင် ပတ္တမြားပေါ့ ဒေါက်တာ။ ကြိုက်တာတွေ့ရင် ဝယ်တယ်။ ကြိုက်ဈေးရရင် ရောင်းတယ်။ ကြိုက်ဈေးမရရင် သိမ်းထားလိုက်တာပဲ။ ကိုယ့်ငွေနဲ့ဆိုတော့ အေးအေးဆေးဆေးပဲလေ'

'ဟုတ်တာပေါ့ဗျာ။ ခင်ဗျားတို့လောကက ငွေအရင်းအနှီးတောင့်လေ၊ ပစ္စည်းကောင်းကိုင်နိုင်လေ၊ အမြတ်ကြီးလေပဲလို့ ကျွန်တော် ကြားဖူးထားပါတယ်'

'ဒေါက်တာလည်း ဒီမှာ အဆင်ပြေတယ် မဟုတ်လား။ ကျွန်တော် လမ်းတစ်လျှောက်လုံး စုံစမ်းလာတာ။ ဒေါက်တာ့ဆေးခန်းပဲ လူပြောများတယ်။ ဒီနယ်မှာတော့ ဒေါက်တာတို့လည်း နာမည်တစ်လုံးရရင် သူဌေးမကဘူး။ သူကြွယ်ပဲနော'

'အဆင်ပြေပါတယ်ဗျာ၊ နာမည်ဆိုတာကတော့ စေတနာရယ်၊ အတတ်ပညာရယ်၊ ဆေးကောင်းဝါးကောင်း ကိုင်တာရယ်၊ ဒီသုံးခုပါပဲ။ အဲ··သူကြွယ်တော့ မဖြစ်သေးပါဘူးဗျာ'

'ဒါနဲ့ ဒေါက်တာ ကားဝယ်မယ်ဆိုရင် ကျွန်တော့်ကိုပြောနော်။ ပစ်ကပ်၊ ဆလွန်း လိုချင်တာပြော။ ကျွန်တော်က ကားလည်း ဝယ်ရောင်းလုပ်တယ်။ ရှေ့ပတ္တမြား၊ ရှေ့ကားပေါ့'

'ကျေးဇူးပါပဲဗျာ။ ဒါပေမယ့် ခင်ဗျားလို ၃က···ဆူပါဆလွန်းနားတော့ မကပ်နိုင်သေးဘူးဗျ'

'ဟာ··ဒေါက်တာကလည်း အချင်းချင်းတွေ ဒိုင်လျှိုနေပြန်ပါပြီ။ ဒီနားမှာ အမြတ်ခွန်ရုံး မရှိပါဘူးဗျ။ ဟားဟား'

လော်ပန်လေးနှင့် ဒေါက်တာလေးသည် ကိုယ့်ဂုဏ်ကို ဖော်လိုက်၊ သူ့ဂုဏ် ကိုယ်ဖော်လိုက်ဖြင့် အတိုင်အဖောက်ညီနေစဉ်မှာပင် အားဆေးပုလင်းက ကုန်သွားလေ၏။

'ဒေါက်တာ မြန်မြန်လေး၊ ကျွန်မ အပေါ့သွားချင်လှပြီ'

လော်ပန်ကတော် အိမ်သာသွားနေစဉ် လော်ပန်လေးက ဘယ်လောက်ကျသလဲ ဒေါက်တာဟု မေး၏။

ဒေါက်တာလည်း နှုတ်သွက်အာသွက်ပင် ထုံးစံအတိုင်း ယူနေကျထက်

www.foreverspace.com.mm

နှစ်ဆပိုပြီး ပြောလိုက်၏။ လော်ပန်လေးကလည်း သွက်သွက်လက်လက်ပင် ငွေထုတ်ရှင်း၏။ အနည်းငယ်ပိုနေသောငွေကိုပင် ပြန်မအမ်းပါနှင့်၊ ကျေးဇူးတင်ပါတယ်ဟု ပြောနေသေး၏။

'ဘယ်နှယ့်လဲ၊ အမူးပြေသွားပြီလား'

နောက်ဖေးက ထွက်လာသော လော်ပန်ကတော်ကို ဒေါက်တာက ဖော်ရွေသော အပြုံးဖြင့် မေးလိုက်၏။

'ကောင်းသွားပြီ ဒေါက်တာ၊ ဒေါက်တာ့ဆေးက အရမ်းကောင်းတာပဲ။ ဒါကြောင့်လည်း ဒေါက်တာ နာမည်ကြီးတာပဲကိုး။ ဒါထက် ကျွန်မလူကော မူးများနေပြီလား'

'ခင်ဗျားလူက အရက်ကိုးမောင်း တိုက်တောင်၊ မူးမယ့်လူစားမဟုတ်ဘူးဗျ။ ဟား..ဟား'

'ကဲ..သွားမယ်နော် ဒေါက်တာ၊ ကျေးဇူးပဲ'

လင်မယားနှစ်ယောက်စလုံးပင် ပြုံင်တူနှုတ်ဆက်ကာ ကားဆီသို့ သွားကြလေ၏။

ထိုအချိန်တွင် မန္တလေး၊ မိုးကုတ်၊ ခရီးသည်တင် ကားတစ်စီးသည် ဆေးခန်းရှေ့မှာ ရပ်နေ၏။ ကားခေါင်းခန်းမှ လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ယောက်ဆင်းလာကာ လော်ပန်လင်မယားကို တစ်လှည့်၊ ဆူပါဆလွန်းကို တစ်လှည့် မျက်မှောင်ကုပ်ပြီး ကြည့်နေလေ၏။ တစ်စုံတစ်ရာ မေးမည့်ဟန်ပြင်ပြီးမှ ရပ်ကြည့်နေခြင်းဖြစ်၏။

ဆေးခန်းထဲမှ ဒေါက်တာသည် မျက်လုံး မျက်ဆံ အပြုံးသားဖြင့် တံခါးအကွယ်မှာ ပုန်းနေ၏။ ခရီးသည်တင်ကားလည်း ဆေးသေတ္တာနှစ်လုံးကို ချကာ၊ မိုးကုတ်ဘက်သို့ ခရီးဆက်သွားလေ၏။ လော်ပန်လင်မယားလည်း သွားမယ်ဒေါက်တာဟု ပြိုင်တူအော်ပြီး ဆေးခန်းဘက် လက်ပြကာ မန္တလေးဘက်သို့ ခရီးဆက်သွားလေ၏။ ထိုအခါကျမှ ဆေးခန်းထဲက ဒေါက်တာသည် စပ်ဖြီးဖြီးဖြင့် အပြင်ထွက်လာ၏။

'ဟေ့ကောင်၊ မင်းငါ့မရှိတုန်း ဘာတွေလျှောက်လုပ်နေတာတုံး။ သေတ္တာတွေ အထဲသွင်းလေကွာ'

ပုဂ္ဂိုလ်က အော်လိုက်တော့မှ ဒေါက်တာသည် ကမန်းကတန်းဖြင့် သေတ္တာတွေကို သယ်ပိုးသွားလေ၏။ ပြီးမှ လက်နှစ်ဖက်နောက်ပစ်ပြီး

www.foreverspace.com.mm



သူ့ဆရာရှေ့မှာ ကုပ်ချောင်းချောင်း ပုံစံဖြင့် ရပ်လျက်…

'ခုနက အတွဲက လော်ပန်လင်မယားဆရာ။ မိုးကုတ်ကတဲ့။ ကျွန်တော့်ကို ဆရာဝန်ထင်ပြီး အားဆေးသွင်းခိုင်းတာ။ အဲဒါ ကျွန်တော်လည်း ဆရာ့ပုံစံအတိုင်း အားဆေးသွင်းပေးလိုက်တယ်။ ပိုက်ဆံလည်း ပိုတောင်းလိုက်တယ်။ ဘီယာလည်း သောက်လိုက်ရတယ်။ အဟဲ…'

'ဟေ့ကောင်၊ တဟဲဟဲနဲ့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်မနေနဲ့။ ကွန်ပေါင်ဒါက ဆေးကုတယ်ဆိုပြီး ငါ့ဆေးခန်း နာမည်ပျက်နေဦးမယ်။ ပြီးတော့ အဲဒီလင်မယားက…'

ဆရာဝန်သည် စကားကို ဆက်မပြောတော့ဘဲ အတွေးတစ်ခုရသွား၏။ အဲသည် လင်မယားသည် တကယ်တော့ လော်ပန်လင်မယားမဟုတ်ပေ။ မိုးကုတ်က သူ့မိတ်ဆွေ ရတနာကုန်သည်ကြီး၏ ဒရိုင်ဘာနှင့် အိမ်ဖော်လင်မယားသာ ဖြစ်၏။ သူ့မိတ်ဆွေကြီး၏ ကားကလေးကိုရော၊ သည်လင်မယားကိုပါ သူကောင်းကောင်းမှတ်မိသည်။ ဒရိုင်ဘာလင်မယားက လော်ပန်လင်မယားဂိုက်ဖမ်းပြီး မန္တလေးသွားကြတာကတော့ သူ့အကြောင်းနှင့်သူ ရှိပေမည်။ သူ့တပည့် ကွန်ပေါင်ဒါကတော့ လော်ပန်လင်မယား အစစ်ပဲထင်နေသည်။ 'အဲသည် လင်မယားက လော်ပန်အတုကွ။ ဒရိုင်ဘာ လင်မယားကွ။ မင်းတို့အချင်းချင်း စားသည်နဲ့ ဆားသည်တွေ့မှ တွေ့တတ်ပလေ'ဟု ရယ်ပွဲဖွဲ့မလို့ စကားစပြီးမှ အတွေးတစ်ခု ပေါ်လာခြင်းဖြစ်၏။

ပြီးခဲ့သည့် ၃ နာရီအတွင်းမှာ ဒရိုင်ဘာ လင်မယားသည် သူ့တပည့် ကွန်ပေါင်ဒါကို ဆရာဝန်အစစ်ဟု သတ်မှတ်ခဲ့သည်။ သူ့တပည့်ကလည်း ဆရာဝန်အစစ်၏ ခံစားမှုဖြင့် ကပြခဲ့သည်။ သရုပ်ဆောင်ခဲ့သည်။ တစ်ခါ သူ့တပည့်သည် ဒရိုင်ဘာ လင်မယားကို လော်ပန်လင်မယားအဖြစ် သတ်မှတ်ခဲ့သည်။ ဒရိုင်ဘာ လင်မယားကလည်း လော်ပန်လင်မယားအဖြစ် ခံစားမှုအပြည့်ဖြင့် ကပြခဲ့ကြသည်။ သရုပ်ဆောင်ခဲ့ကြသည်။ သည် ၃ နာရီ အချိန်ပိုင်းအတွင်း သည်နေရာ၊ သည်ဇာတ်လမ်းမှာ သူ့တပည့်လည်း ဆရာဝန် အစစ်အမှန် ဖြစ်ခဲ့သည်။ ဒရိုင်ဘာ လင်မယားလည်း လော်ပန်လင်မယား အစစ်အမှန် ဖြစ်ခဲ့လေသည်။

ရှေ့ဆက်တွေးလိုက်လျှင် သူကရော။

ဆေးကျောင်းမှဘွဲ့ရပြီး ဆ-မလက်မှတ်ရပြီး ကတည်းက သူ့ကိုယ်သူ

www.foreverspace.com.mm



ဆရာဝန်အစစ်ဟု ခံယူခဲ့သည်။ ပတ်ဝန်းကျင်ကလည်း ဆရာဝန်အစစ်ဟု သတ်မှတ်ခဲ့သည်။ ဒါသည်မှန်လှ သည်တစ်ဘဝပေါ့။ အနှစ် ၃၀လောက်ပေါ့။ သူ့မိတ်ဆွေ ရတနာကုန်သည်ကြီးသည်လည်း သူ့ကိုယ်သူ လော်ပန်ကြီး၊ သူဌေး သူကြွယ်ကြီးဟု ခံယူထားသည်။ ပတ်ဝန်းကျင်ကလည်း သည်အတိုင်း အသိ အမှတ် ပြုထားသည်။ ဒါလည်းမှန်လှ သည်တစ်ဘဝပေါ့။ အနှစ် ၃၀လောက်ပေါ့။

၃နာရီခန့် ဆေးခန်းကလေးထဲမှာ မှန်ကန်နေခြင်းနှင့် အနှစ် ၃၀ ခန့် လောကတစ်နေရာမှာ မှန်ကန်နေခြင်းသည် အနှစ်သာရအားဖြင့် ဘာများကွဲပြား ထူးခြားသေးသနည်း။

ဆရာဝန်သည် ဘာစကားမျှ ထပ်မဆိုတော့ဘဲ ဆေးခန်းပေါက်သို့ သွားကာ 'ဆေးခန်း ခေတ္တပိတ်သည်' ဟူသော ဆိုင်းဘုတ်ပြားကလေးကိုသာ ဆွဲဖြုတ်လိုက်လေတော့၏။

■

**ဂျူးဇော်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၆၊ ဧပြီလ၊ ၁၉၉၅**

www.foreverspace.com.mm

# ဦးရဲ့ကိုကို

## ညိုထွန်းလူ

ဦးလေးသည် ကိုကိုဆိုတဲ့ အသံလေးကို
အလွန်တရာမှ နားဝင်ချိုဟန် ရှိသည်
အရင်ကိုကိုကတော့ သူ့ဆီမှာ ၄ လပဲ ခံသည်
ယခု ကိုကိုကတော့ ဘယ်နှလအထိ ခံလေမည်နည်း
ကျွန်တော် မသိပါ
တတိယ မြောက် ကိုကိုက
ဒုတိယက ကိုကိုထက်များ
လက်သံပြင်းလိုက်လျှင်တော့

www.foreverspace.com.mm

ဦးရဲကိုကို

# ညိုထွန်းလူ

၁။

ကျွန်တော့်ဦးလေး ဦးတိုးတစ်ယောက် တတိယမြောက် မိန်းမယူလိုက်သည့် သတင်းကို ကျွန်တော် သိရချိန်မှာတော့ ဦးလေးသည် သူ့ဟာမလေးနဲ့ ချောင်းသာဆိုလား၊ ငပလီဆိုလား နေလို့ကောင်းသည့် အရပ်ဒေသတစ်ခုခုမှာ အပျော်ကျူးနေလောက်ပါပြီ။ တဝုန်းဝုန်း ရိုက်ခတ်နေသည့် ပင်လယ်လှိုင်းသံတွေကို နားထောင်ရင်း တစ်ဦးနဲ့တစ်ဦး လိုက်တမ်းပြေးတမ်း ကစားကြလေမလား။ ဒါမှမဟုတ် လေသွင်းထားသည့် မော်တော်ကား ကျွတ်ပေါ်သို့ တစ်ဦးနဲ့တစ်ဦး အလုအယက် ခုံတက်ကြရင်း ခိုးခိုးခစ်ခစ် ရယ်မောကြသလား စသဖြင့် တွေးရင်း ကြားက ဝင်ပြီး စိတ်ကူးယဉ်လိုက်မိသည်။ ကျွန်တော်တို့ မန္တလေးက ရတနာ အရောင်းအဝယ်လောကမှာ ဦးလေးရဲ့ မိန်းမထပ်ယူသည့် သတင်းက လူပြောချင်စရာ ဖြစ်သည်။ တကယ်တော့ ဦးလေး မိန်းမယူသည်သတင်းသည် ဆန်းကြယ်သည့် ကိစ္စမဟုတ်ပါလေ။ ယောကျ်ားပဲဗျာ။ ကိုယ်ကြိုက်လို့ ကိုယ်ကျွေးနိုင်ရင် ယူချင်သလောက် ယူလို့ရတာပဲ မဟုတ်လား။ ပြီးတော့ ယောကျ်ားကောင်း မောင်းမတစ်ထောင်လို့ ဆိုကြသည်။ အခု ဦးလေးခမျာ သူယူသည့် မိန်းမအရေအတွက်က တစ်ထောင်မပြောနဲ့။ လက်တစ်ဝါးတစ်ဖက်စာပင် မပြည့်သေး။

ဒါပေမယ့် သူ့အသိုင်းအဝိုင်းမှာ သည်ကိစ္စကို ဘယ်လိုပြောကြမလဲ ဆိုတာတော့ ကျွန်တော် သိချင်စမ်းလှသည်။ တို့လူကြီးကတော့ လုပ်ချလိုက်ပြန်

www.foreverspace.com.mm



ပြီပေါ့လို့ ရယ်ပွဲဖွဲ့မလား။ အင်း… အသက်ကြီးတော့ ဖွဲနုလေး ရေစိမ်ကျွေးမှ အစာဝင်သဟဲ့လို့များ ရက်ရက်စက်စက် ပြောကြမလား။ ကျွန်တော် မသိ။ အရောင်းအဝယ်ကိစ္စနဲ့ ရပ်ဝေးသို့ ခရီးထွက်ရာမှ ပြန်ရောက်ရောက်ချင်း ဖင်ပူအောင် မထိုင်ရသေးမီ ဇနီးသည်က ဦးလေးသတင်းကို ကျွန်တော့်အား ပြောပြပါသည်။ ဦးလေးရဲ့ တတိယမြောက်မိန်းမသည် မိုးကောင်းမြို့မှ ဖြစ်ပါသတဲ့။ အရင်က ကွဲသွားခဲ့သည့် ဒုတိယဇနီးထက် အသက် ၅ နှစ်တောင် ငယ်သေးသတဲ့။ ဗုဒ္ဓဟူးသမီး ဖြစ်ပေမယ့် ကောင်မလေးနာမည်က နှေသင့်နံသင့် မဟုတ်ဘဲ ခင်မြတ်ထွေး ဖြစ်ပါသတဲ့။

ကျွန်တော်သည် အသေးစိတ် စုံစမ်းသိရသမျှကို အချက်အလက် စုံလင်စွာနဲ့ ဂုဏ်တင်ကာ ပြောပြနေသည့် ဇနီးသည်အား မျက်လုံးကြီးပြူးကာ ကြည့်နေမိသည်။ သူ့အတွက်တော့ ကိုယ့်လင်သား ခရီးဝေးက ပြန်လာတာ လုပ်ငန်းအခြေအနေ အဆင်ပြေ မပြေ သိဖို့ထက် ဦးလေးကိစ္စ ပြောပြဖို့က အင်မတန်အရေးကြီးနေရှာသည်။ ကျွန်တော့်ဇနီးက သူကြားရသမျှ သတင်းတွေကို ခဏရပ်ပြီး ဤမျှသာ မလုပ်နိုင်သေးအား စိတ်ဝင်တစား စကားဆက်ပြန်ပါ၏။ တတိယမြောက် ကောင်မလေးသည် ဒုတိယကောင်မလေးထက် များစွာ များစွာ လှပသည်။ ကိုယ်လုံးကိုယ်ပေါက်လည်း တောင့်တင်းသည်။ သို့သော် အကျင့်စာရိတ္တတော့ အရင်ဟာနဲ့ ထူးမခြားနား။ အသက် ၂၅ နှစ်အတွင်းမှာ လင် နှစ်ယောက်နဲ့ ကွဲသွားခဲ့ပြီးပြီ။ ဦးလေးနဲ့ မရခင် လေးငါးခြောက်လ အတွင်းမှာပင် တခြားသော ယောကျ်ားများနဲ့လည်း ရှုပ်ရှုပ်သတင်းကြားရသည်။ (မိုးကောင်းက သတင်းတွေကို မန္တလေးက နေပြီး ဘယ်လိုရအောင် စုံစမ်းသလဲဆိုတာကို ကျွန်တော် ဇနီးသည်အား အားလပ်သည့်အချိန်မှ မေးရပေဦးမည်) ဦးလေးကလည်း သည်အကြောင်းတွေကို အားလုံးသိသည်။ ခွင့်လွှတ်နိုင်သည်။ ကောင်မလေးအဖြစ်က ဆင်းဆင်းရဲရဲနဲ့ သနားချင်စရာ ကောင်းသည်ကိုး။ အဲသဟာကြောင့် ရင်ထဲမှာ ချစ်ကြင်နာ သနားဖြစ်လာကာ မန္တလေးသို့ ပြန်ခါနီးတွင် ဦးလေးက…

'ဟဲ့ ကောင်မလေး၊ နင့်ကို ငါ မကြည့်ရက်ဘူး။ ငါနဲ့လိုက်ခဲ့ပါလား။ နင့်ကို တင့်တောင့်တင့်တယ် ထားမယ်'ဟု ပြောသတဲ့။ ဤသို့ဖြင့် နောက်တစ်နေ့တွင် စန်းသော်တာ အမြန်ရထားနဲ့ ခင်မြတ်ထွေးကို ခေါ်ပြီး မန္တလေးကို ဆင်းလာခဲ့ကြသည်။ အဲဗျာ ဒီလိုတော့လည်း ဦးလေး မိန်းမယူတာ လွယ်ကူလှချည့်လား။

www.foreverspace.com.mm



'သူ့မိန်းမကိုများ ဆင်ထားလိုက်တာ ညွှတ်နေတာပဲတော်။ အကုန်လုံး ဒေါ်လေး ဒေါ်သိန်းအိ ပစ္စည်းတွေချည်းပဲ အစ်ကိုရ'

အားမလို အားမရနဲ့ သူ့စကားကို အဆုံးသတ်ပြီး ကျွန်တော့်အား ပြုံးထေ့ထေ့နဲ့ ကြည့်၍နေချေသည်။ ကျွန်တော်က သည်လိုအပြုံးမျိုး သိပ်ပြီး သဘောမတွေ့၊ ဇနီးသည်ရဲ့ အပြုံးသည် ဘယ်အရာကို ရည်ညွှန်းနေရပါသနည်း။ ယောကျ်ားတွေဟာ အသက်ကြီးကြီးငယ်ငယ် ဒီလိုချည်းပဲလို့ ဝါးလုံးသိမ်း ပြောချင်သလား။ အဲဒါမှမဟုတ် တော်တို့အမျိုးတွေက မိန်းမဆိုရင် ငမ်းငမ်းတက် လို့များ ဆိုချင်သလော။ သူ့အမူအရာကို ကျွန်တော် မခန့်မှန်းနိုင်။ ကျွန်တော်က တော့ ဦးလေးကို နည်းနည်း သနားမိသည်။ သူ့ခမျာ တစ်ယောက်မကောင်းလို့ တစ်ယောက် ပြောင်းရင်း ယခုတစ်ခါ တတိယမ္ပိ ပြန်ပါပြီ။ အဲသည် တတိယ မြောက်နဲ့လည်း အိမ်ထောင်ရေး သုခရပ့်မတဲ့လား။ သေချာတာကတော့ ဦးလေး ခမျာ သူ့အနားမှာ မိန်းမ မရှိလျှင် မနေတတ်တော့ခြင်း ဖြစ်ပါသည်။

၂။

လောကတွင် လူရိုးများ ဆန်းပြားဇွဲဖောက်ပြီ ဆိုမှတော့ ဘယ်သူမှ လိုက်မီတော့မည် မထင်ပေ။ ဦးလေးတိုးသည် အမှန်တကယ်ပဲ လူရိုးလူကောင်း ဖြစ်ပါသည်။ ကိုယ့်ဦးလေးမို့ အမွှမ်းတင်လိုက်ခြင်း မဟုတ်ပါ။ အမှန်တော့ ဦးလေးတိုးသည် ကျွန်တော့်အဒေါ် ဒေါ်သိန်းအိနဲ့စပ်မှ အမျိုးတော်ရခြင်း ဖြစ်ပါ သည်။ ဒေါ်လေးနဲ့မရခင်က ဦးလေးတိုးသည် ကျွန်တော်တို့ရပ်ကွက် လမ်းထိပ် မှာ နာရီပြင်ဆိုင်လေး ဖွင့်ထားသည်။ အသက်အရွယ်က ၄ဝ ကျော်။ မိဘမရှိ တော့။ အသောက်အစားကင်း၊ ရိုးသားကြိုးစားသည်။ အားလပ်သည့်အချိန်မှာ တရားအားထုတ်သည်။ ဤကား ဦးလေးတိုးရဲ့ အရည်အချင်း။

ကျွန်တော့်အမေတွင် ညီအစ်မ သုံးယောက်ရှိသည်။ အစ်မအကြီးဆုံး ကြီးတော် ဒေါ်သိန်းရှိ၊ ပြီးမှ ကျွန်တော့်အမေ ဒေါ်သိန်းမိနဲ့ အငယ်ဆုံး ဦးလေး ရဲ့ဇနီး ကွယ်လွန်သူ ဒေါ်သိန်းအိ ဖြစ်ပါ၏။ ညီအစ်မသုံးယောက်ထဲတွင် အသက် ၄ဝ နီးတာတောင် အိမ်ထောင်မပြုနိုင်သေးဘဲ အစ်မကြီးနဲ့ အစ်မလတ်က မွေး ထုတ်သမျှ တူ၊ တူမတွေကိုပဲ ထိန်းကျောင်းနေရရှာသည်။ ဒေါ်လေးက စီးပွား ရေး ကောင်းသည်။ ဈေးချို ရွှေဆိုင်တန်းမှာ ဆိုင်ခန်းရှိသည်။ ကျောက်စိမ်းနဲ့ ပတ္တမြား အရောင်းအဝယ်လည်း လုပ်သေးသည်။ သို့ပေမယ့် ဒေါ်လေးခမျာ သူ့ဘဝကို သူ မပိုင်။ အဆင်မသင့်လျှင် ကလေးတစ်ယောက်လို အစ်မနှစ်ယောက်

www.foreverspace.com.mm



ရဲ့ အဆူအငေါက်ကို ခံရတတ်သည်။ သူ့ခမျာ နေ့စဉ်နဲ့အမျှ အစ်မတွေရဲ့ မျက်နှာ ရိပ် မျက်နှာကဲကိုပဲ ကြည့်နေရရှာသည်။ အလိုမကျလို့ အစ်မတွေရဲ့ အဆူခံ ထိပြီဆိုမှဖြင့် ဒေါ်လေး နေစရာ မရှိပြီ။ အဲသည်လောက်အထိ အစ်မတွေကို ဒေါ်လေး ကြောက်ရရှာသည်။ ဒါကြောင့်လည်း ဒေါ်လေးခမျာ အပျိုကြီး ဖြစ်နေ ရဟန် တူသည်။ အသည်းနှလုံးနဲ့ လူပဲလေ။ တစ်ချိန်တုန်းကတော့ အချစ်ဆိုသည့် အရာသည် သူ့ရင်မှာ ခိုနားကောင်း ခိုနားခဲ့မည်လို့ ကျွန်တော် ထင်သည်။

ဤသို့ဖြင့် ကိုယ့်ထမင်း ကိုယ်ရှာစားပြီး တူ၊ တူမတွေကို ထိန်းကျောင်း ရင်းနဲ့ လူတစ်ယောက်ရဲ့ အနိမ့်အမြင့် မရှိသော ဘဝတစ်ခုကို ပျင်းရိစွာဖြင့် ကုန်ဆုံးလိုက်ဖို့ ဒေါ်လေး စိတ်ကူးထားဟန် တူပါ၏။ ဒါပေမယ့် ဒေါ်လေးမှာ အပျိုကြီးဖြစ်မည့် ကံဇာတာ ပါလာဟန်မတူ။ ကံကောင်းသည်လို့ပဲ ပြောရတော့ မည်။ မြားနတ်မောင်သည် အချိန်အတော်နောက်ကျမှ ဒေါ်လေးနဲ့ ဦးလေးတိုး ကို သတိရသွားခဲ့သည်။

တစ်နေ့မှာ ဒေါ်လေးရဲ့ တစ်တိုနီ လက်ပတ်နာရီလေး ပျက်သွားသည်။ ဤသို့ဖြင့် နံနက်ခင်း ဈေးသွားချိန်မှာ ဦးလေးတိုးရဲ့ ကောင်းမှကောင်း နာရီ ပြင်ဆိုင်လေးဆီသို့ ရောက်လာခဲ့ကြသည်။ 'ဘာကိစ္စပါလိမ့်၊ သြော်··· နာရီ ပျက်လို့လား။ ညနေ ဈေးအပြန်ကျ ဝယ်ယူလှည့်နော်။ ကျွန်တော် အကောင်းဆုံး ဖြစ်အောင် ပြင်ထားလိုက်ပါ့မယ်'

'ဘယ်လောက် ပေးရမလဲရှင့်'

'တစ်ရပ်ကွက်တည်း နေသူတွေပဲဗျာ။ ပြင်ခ မယူပါဘူး'

'အို·· မဟုတ်တာရှင်။ ကျသင့်တာ ယူပါ'

'ကျွန်တော့်ရဲ့ စေတနာပါဗျာ။ မယူပါရစေနဲ့'ဟု ပြောပြီး တစ်တိုနီ နာရီလေးကို တယုတယကိုင်ရင်း မသိန်းအိရဲ့မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူ့အကြည့်တွေကြောင့် တစ်ကိုယ်လုံး အင်အားတွေ ဆုတ် ယုတ်သွားသလို ခံစားရသည်။ 'သြော်···သူရယ်' ရင်ထဲမှာ ဖိုလှိုက်ပြီး မသိန်းအိ ညည်းလိုက်မိသည်။

ဝတ္ထုရေးလျှင် သူတို့နှစ်ယောက် တွေ့ဆုံခန်းလေးသည် သည်လိုပဲ ကြည်နူးဖွယ် ဖြစ်အောင် ရေးဖွဲ့ပေလိမ့်မည်။ ဒါပေမယ့် လက်တွေ့တော့ အဲသလို မဟုတ်။ ဦးလေးတိုးသည် နာရီကို ဖင်ပြန် ခေါင်းပြန် ကြည့်သည်။ ပြီးမှ···

'နာရီချေးဆေးပစ်ရမယ်။ အစိတ်ကျမယ်၊ ညနေ လာယူလှည့်'ဟု

www.foreverspace.com.mm

တုံးတိတိနဲ့ ပြောချလိုက်သည်။ နာရီပျက်လို့ လာအပ်သူက ဘယ်သူဘယ်ဝါ ဆိုတာ ဦးလေးတိုး မော့လည်း မကြည့်။ 'ဟုတ်ကဲ့ရှင့်' ဟု ဒေါ်လေးက ပြော လိုက်သည်။ အဲဒါပါပဲ။ ကဲ… သည်နှစ်ယောက် ဘယ်လိုလုပ်ပြီး ညားနိုင်မလဲ။ သည်အတိုင်းဆို ဘယ်လိုမှ ညားသွားစရာ အကြောင်းမရှိပေ။ ဒါပေမယ့် သူတို့ နှစ်ဦးရဲ့ ဖူးစာကံ ပါလာလေတော့ ဒေါ်လေးနဲ့အတူ ပါလာသည့် ကြီးတော် ဒေါ်သိန်းရှိက ဦးလေးတိုးရဲ့ ပြောဟန်ဆိုဟန်တွေကို ဗလာချီ သဘောကျသွား တော်မူသည်။ သူ့စိတ်ထဲတွင် အသက်အရွယ် မတိမ်းမယိမ်း ဒီနှစ်ယောက်ကို ပေးစားလိုက်ရလျှင် ကောင်းလေစွဟု တွေးမိသည်။ မောင်တိုးဆိုတာ အတွင်းသိ၊ အစဉ်းသိ၊ ပစ္စည်းဥစ္စာ ချို့တဲ့တာက လွဲလို့ တခြားဘာမှပြောစရာ မရှိ။ ဤသို့ ဖြင့် ကြီးတော်သည် ထိုအတွေးကို သူ့ခေါင်းမှာ ရေခဲရိုက်ပြီး ကြာကြာ သိမ်း မထားနိုင်အားဘဲ ကျွန်တော့်အမေ ရှိရာသို့ ကတိုက်ကရိုက် ပြေးလာခဲ့သည်။

အမေက အဝတ်တွေကို တဖုန်းဖုန်းရိုက်လျှော်ရင်း ကြီးတော်ရဲ့စကား ကို ဆုံးအောင် နားထောင်သည်။ ပြီးမှ 'ကောင်းသားပဲ မမရဲ့။ မောင်တိုးဟာ လူရိုးလူကောင်းလေးပဲ။ သိန်းအိအတွက်လည်း စိတ်ချရတာပေါ့' ဟု မဲပေးလိုက် သည်။ ဤမှာပင် ပွဲက ပြတ်သွားခဲ့ပြီ။ ဒေါ်လေးအတွက သည်နှစ်ယောက်က 'မိန်း' မဟုတ်ပါလား။ ထိုအချိန်က ကာယကံရှင် နှစ်ယောက်ခမျာ သည်ကိစ္စ ကို ဘာမျှမသိရှာ။ သိစရာလည်း မလိုတာဘဲ။

၃။

အဲဒီနှစ်က ခန်းမ (၁)မှာ ကျင်းပခဲ့သည့် ဒေါ်လေးတို့ မင်္ဂလာပွဲသည် အစည်ကားဆုံး ဖြစ်ခဲ့သည်။ သည်အသက် သည်အရွယ်ရောက်မှ လက်ထပ်ကြ လို့ အံ့ဩခြင်းဖြစ်ကာ လေ့လာစူးစမ်းရင်း မင်္ဂလာပွဲကို လာကြသလို အင်မတန် မှ ဂဂျီဂကျောင်နိုင်တတ်သော ကိုယ့်အမျိုးက လွဲလျှင် ဘယ်သူ့ကိုမှ အကောင်း မထင်တတ်သော အသိုင်းအဝန်းထဲသို့ ဘယ်လိုလူစားမျိုး ရောက်လာသလဲဆိုတာ သိချင်၍ လာကြသူတွေလည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ဒေါ်လေးနဲ့ လက်ထပ် ပြီးနောက် ဦးလေးလည်း သူ့နာရီပြင်ဆိုင်လေးကို ဖြုတ်ပြီး ဈေးချိုရွှေဆိုင်တန်း ထဲသို့ ရောက်သွားခဲ့ရ၏။ ဒေါ်လေးက ရွှေနဲ့ကျောက်မျက်ရတနာ အရောင်းအဝယ် နည်းနာနိသယများကို ဦးလေးအား သင်ပေးသည်။ ထိုစဉ်က ကျောက်စိမ်း အရောင်းအဝယ်သည် မူဆယ်မှတ်တစ်ဆင့် တစ်ဖက်နိုင်ငံသို့ မှောင်ခိုပို့နိုင်လျှင် အမြတ်အစွန်း ကောင်းကောင်းရသည်။ ဒေါ်လေး အိမ်ထောင်မကျခင်တုန်းက

www.foreverspace.com.mm

တော့ အဲဒီရတနာပစ္စည်းတွေကို ကျွန်တော်ကပဲ ဒိုင်ခံပြီး အရောင်းအဝယ် လုပ်ပေးရဖူးသည်။ ခရီးဝေးသွားစရာရှိလျှင် ကျွန်တော်ပဲ သွားသည်။ ယခု ဦးလေးရှိတော့ ကျွန်တော် အကူအညီပေးစရာ မလိုတော့။

ဦးလေးသည် တခြားသော အရောင်းအဝယ် မိတ်ဆွေအချို့နှင့်အတူ မူဆယ်သို့ ခရီးထွက်သည်။ မန္တလေးမူဆယ်ခရီးသည် တစ်နေကုန် ကားမောင်း ရသည်။ လမ်းပန်းအခြေအနေကလည်း ယခုလို မချောမွေ့သေး။ မော်တော်ကား စထွက်ကတည်းက ဘုရားစာ၊ တရားစာများ ရွတ်ဖတ်ပြီး လိုက်ရသည်။ အန္တရာယ် တစ်ခုခုကြုံလာလျှင် ဘုရားမှလွဲ၍ ဘယ်အရာမှ အားကိုးစရာ မရှိပေ။ ဤကဲ့သို့ စွန့်စွန့်စားစား သွားရောက်ပြီး ရောင်းရငွေသည် ကိန်းဂဏန်း ကြီးမား သည်။ သို့သော် အချို့အရောင်းအဝယ်သမားတွေမှာတော့ ရောင်းရငွေသည် အိမ်သို့ ပြန်ပါမလာတတ်။ ငွေကုန်စရာ အပျော်အပါးကိစ္စတွေကလည်း များသည် ကိုး။ ဦးလေးကတော့ ရှင်းသည်။ အရောင်းအဝယ်ကိစ္စက လွဲလို့ တည်းခိုးခန်း အပြင် ထွက်ခဲ့သည်။ တည်းခိုးခန်းထဲမှာပင် ပုတီးစိပ် တရားထိုင်သည်။ ပြီးလျှင် သူ့လက်စွဲ ဇိနတ္ထပကာသနီ စာအုပ်ကို ဖတ်သည်။

တက်ထရွန်အင်္ကျီလက်တိုနဲ့ ချည်လုံချည် ကွက်စိပ်လေးပဲ အမြဲတမ်း ဝတ်ဆင်သည့် ဦးလေးရဲ့ ပုံသဏ္ဌာန်သည် ကျောက်အရောင်းအဝယ်သမားလို့ ဘယ်လိုပြောလို့မှ ယုံနိုင်စရာ မရှိ။ များသောအားဖြင့် ကျောက်သမားများသည် လက်ထဲမှာ ပိုက်ဆံလေး ဖောဖောသီသီရလာလျှင် မြန်မာ့သတ္တိကို ပြကြသည်။ ကောင်းကောင်းဝတ်သည်။ ကောင်းကောင်းစားသည်။ အရက်ကလေး တမြမြ လုပ်ရင်း တခြားသော အပျော်အပါးကိစ္စတွေဘက်သို့ ရောက်ကုန်ကြတတ်သည်။ ဦးလေးကတော့ အရောင်းအဝယ်ကိစ္စပြီးလျှင် မန္တလေးသို့ ချက်ချင်း ပြန်ဆင်း သည်။ သူ့မိတ်ဆွေများက ခဏတစ်ဖြုတ် နေပါဦးလို့ ပြောတာတောင် ဦးလေး မနေနိုင်။

'မအိ စိတ်ပူနေလိမ့်မယ်ကွဲ့'

'မအိက အရောင်းအဝယ်ကိစ္စ ပြီးပြီးချင်း ပြန်လာရမှာတဲ့'

'မအိက အပိုသုံး မကြိုက်ဘူးကွဲ့' စသဖြင့် သူ့အား တားသမျှ လူတိုင်းကို တအိတည်း အိပြ၍ မန္တလေးသို့ ပြန်ပြေးလေ၏။ ဒါကြောင့်လည်း သူတို့လင်မယား စီးပွားရေးသည် တစ်မဟုတ်ခြင်း တိုးတက်ကြီးပွားသည်။ တိုက်၊ ခြံ၊ ကား စသဖြင့် လက်ထက်ပွားပစ္စည်းတွေကလည်း မနည်းမနော။

www.foreverspace.com.mm


နတ်ဖက် သည့် လင်မယားဟု လူတိုင်းက အားကျပြီး ချီးမွမ်းကြသည်။ ပျော်ရွှင်စရာ ကောင်းသည့် သုခဘုံလေးဖြစ်သည်။ သို့ပေမယ့် ကံကြမ္မာက ကြောက်စရာ ကောင်းသည်။ သည်လင်သည်မယားခမျာ အိုအောင်မင်းအောင် မပေါင်းသင်း လိုက်ရရှာ။

သကြ်န်ကျခါနီးမှာ ဒေါ်လေးတစ်ယောက် ရုတ်တရက် ကောက်ခါငင်ခါ ဖျားသည်။ အပူအားကြီးလွန်း၍ သတိလစ်သွားသည်အထိ ဖြစ်သည်။ ဆရာဝန်ကို အမြန်သွားပင့်သော်လည်း ဒေါ်လေးအသက်ကို မမီတော့။ လောကမှာ ဘယ်အရာမှ မမြဲသည့် အနိစ္စတရားကို ဦးလေး နားလည်ပါသည်။ ဘယ်လိုပဲ သံယောဇဉ်တွေ တွယ်တာလာခဲ့ကြပေမယ့် အချိန်တန်လျှင် ခွဲခွာကြရပေမည်။ ယခုတော့ အချိန်မတန်ခင်မှာ ခွဲခွာခဲ့ရပြီ ဖြစ်သည်။ ယူကျုံးမရသည့် ပူဆွေးမှုတွေကြောင့် အမြဲရှုမှတ်ခဲ့သော အနိစ္စတရားကိုပင် ဦးလေး မေ့သွားခဲ့သည်။ အသက်ဝိညာဉ် ကင်းမဲ့နေသည့် ဒေါ်လေးရဲ့ ခန္ဓာကိုယ်လေးကို ပွေ့ဖက်ရင်း မျက်ရည်တွေတွေ ကျလျက် ရှိသည်။

'မသိန်းအိရယ်၊ မင်း ငါ့ကို တစ်ယောက်တည်း ထားခဲ့ရက်တယ်နော်' ဟု ငိုသံပါကြီးနဲ့ အော်ပြောလိုက်သည်။ အသုဘလာကြသူတိုင်း မည်သူမျှ မျက်ရည်မဆည်နိုင်ကြ။ ဦးလေးရဲ့ ငိုရှိုက်ပြီး ပြောလိုက်သံက ကျွန်တော့်နားထဲမှာ ပဲ့တင် ထပ်သွားသည်။ ဩော်··· သနားစရာကောင်းတဲ့ ဦးလေးရယ်။ ဒေါ်လေးမရှိတော့သည့်နောက်မှာ သူ့ခမျာ တစ်ယောက်တည်း ဘယ်လိုနေရှာမည်နည်း။ ဦးလေးအတွက် တွေးရင်း ကျွန်တော် ရင်မောသွားခဲ့မိသည်။

၄။

တစ်ယောက်တည်း နေရတာကို ဦးလေးခမျာ မနေတတ် မထိုင်တတ် ဖြစ်ဟန်တူသည်။ ဒေါ်လေးဆုံးသွားလို့မှ ၆ လ မပြည့်သေး။ မိန်းမတစ်ယောက် ကောက်ယူလိုက်လေ၏။ ထိုသတင်းကို ကြားခါစက ကိုယ့်နားကိုပင် မယုံချင်။ မကြာခင် ဖြစ်ကြောင်းကုန်စင် သိရတော့မှ အံ့သြရသလို ဦးလေးအတွက် စိတ်မကောင်းဖြစ်ရသည်။ ဦးလေးယူလိုက်သည့် မိန်းမက သူ့ထက် အသက်ထက်ဝက်ခန့် ငယ်သည်။ ပြီးတော့ မိန်းမကောင်း မဟုတ်။

'တို့အပြစ်ပါပဲကွာ။ အပျော်သဘောနဲ့ စရင်းနဲ့ သူ့ကို ထိန်းလို့မရတော့ဘူးဟေ့'ဟု သူ့မိတ်ဆွေတစ်ယောက်က ပြောပြပါသည်။

'မူဆယ်က တည်းခိုခန်းမှာပေါ့ကွာ။ မင့်ဦးလေးကတော့ ထုံးစံအတိုင်း

www.foreverspace.com.mm



အခန်းပိတ်ပြီး ပုတီးစိတ်၊ တရားထိုင်နေတာပဲ။ အဲဒါကို တို့တစ်တွေက အပျော်သဘောနဲ့ မကောင်းတဲ့ကောင်မလေးကို သူ့အခန်းထဲ လွှတ်လိုက်မိတယ်။ ဒါပေမယ့် မောင်တိုးက လက်ဖျားနဲ့တောင် မတို့တဲ့အပြင် ဒီအလုပ်ဟာ မကောင်းတဲ့အကြောင်း တရားဟောလွှတ်လိုက်သေးတာတဲ့။ နောက်တစ်ယောက် လွှတ်လိုက်တော့လည်း အရင်မိန်းကလေးအတိုင်းပဲ။ တို့လည်း မောင်တိုးရဲ့ ကိုယ်ကျင့်သိက္ခာကို တကယ်လေးစားသွားမိတယ်ကွ။ အဲဒီအချိန်မှာ ကျော်မြက ရောက်လာပြီး အကြိုက်မတွေ့သေးလို့ပါဗျာ။ သူ့အကြိုက်တွေ့ရင် ဘာမှမခံနိုင်ဘူး။ ဈာန်ရတဲ့ရသေ့တောင် ဈာန်လျှောသေးတာပဲတဲ့ ပြောတော့ တို့နဲ့ အခြေအတင် စကားပြောကြရင်း မဆီမဆိုင် အလောင်းအစားတစ်ခု ဖြစ်သွားတယ်ကွ။ မောင်တိုးကို ဈာန်လျှောအောင် လုပ်နိုင်တဲ့ မိန်းကလေးရှိရင် ငွေ ၅၀၀၀ ကျပ် ဆုချမယ်ပေါ့ကွာ။ အဲဒီမှာပဲ အခု မင့်ဦးလေး ယူလိုက်တဲ့ ဝေဝေမြင့်က သူ တာဝန်ယူရဲတယ်တဲ့။ မင်းဦးလေး ဈာန်လျှောစေရမယ်တဲ့။ မကြာပါဘူးကွာ။ ပြောသလိုပဲ မောင်တိုး ဈာန်လျှောတော့တာပဲကွ။ အင်း··· လျှောရုံတင် မဟုတ်ဘူး။ မင်းမြင်တဲ့အတိုင်း ဝေဝေမြင့်ကို ယူလိုက်တဲ့အဆင့်အထိ ရောက်သွားတယ်။ တို့က ဘယ်လိုတရားချချ ဘယ်လိုပြောပြော မရတော့ဘူး။ ဝေဝေမြင့်မှ ဝေဝေမြင့်ပဲ။ အတွေ့အကြုံမရှိတော့ စွဲလမ်းသွားပြီလေကွာ။ စွဲလန်းသွားအောင်လည်း ဟိုကောင်မက လုပ်ထားတာကိုး။ အပျက်မဆိုတော့ ဒါမျိုး နှောကြေနေပြီလေ။ ပထမဦးဆုံး မင်းဦးလေးအခန်းကို သွားပလူးပလဲ မလုပ်သေးဘဲ မင်းဦးလေးနဲ့ စကားပြော၊ သူ့အကြောင်းတွေကို မဟုတ်က ဟုတ်က သနားစရာဖြစ်အောင် ပြောတယ်တဲ့။ သူ့ခမျာ ဦးလေးမရှိလို့ ဦးလေးအစားရလို့ ဝမ်းသာမိတယ်တဲ့။ ဒါက အစပျိုးတဲ့နေ့၊ နောက်တစ်ရက်ရောက်တော့ ရင်းနှီးလာပြီလေကွာ။ သူ တရားထိုင်နေချိန်မှာ ယပ်ခတ်ပေးရတာနဲ့၊ ရေပူရေချမ်း ကမ်းလှမ်းရတာနဲ့၊ နောက်ဆုံးတော့ ရက်တစ်ပတ်တောင် မပြည့်လိုက်ဘူး'

ယခုမှ စိတ်မကောင်းဖြစ်နေရှာသည့် ထိုပုဂ္ဂိုလ်အား ဒေါသဖြစ်သွားခဲ့သည်။ သူ့ကို ပိုးစိုးပက်စက် ပြောလိုက်ချင်သည့်စိတ်ကို မနည်းထိန်းထားရသည်။ သူတို့တစ်တွေရဲ့ အပျော်သဘော အလောင်းအစားသည် လူတစ်ယောက်ရဲ့ ဘဝကို အများကြီး ပြောင်းလဲသွားစေခဲ့ပြီပဲ။

'မသိန်းအိနဲ့ ညားခဲ့တုန်းကတော့ အိပ်ရာထဲမှာ ပရပ်ဆီအနံ့ပဲ ရှူခဲ့ရတာကိုးကွ။ အခု ယဒ်ဒလေတို့၊ ဂိုယာတို့နဲ့တွေ့မှ ကောင်းမှန်း သိနေပြီလေ'

www.foreverspace.com.mm



သူ့စကားကို ဆုံးအောင် နားမထောင်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဖြစ်ပြီးမှတော့ ကျွန်တော် ဘာမျှမတတ်နိုင်တော့ပါ။ ဘယ်လမ်း ဘယ်စခန်းအထိ လျှောက်လှမ်းကြမည်ကိုပဲ စိတ်မောစွာ စောင့်ကြည့်ရပေတော့မည်။ သွေးပူနေချိန်မှာတော့ ဂိုယာနဲ့လေးကို ရှူရှိုက်ရင်း ကောင်မလေးဆီက ကိုကို… ကိုကိုလို့ ခေါ်တဲ့အသံကိုပဲ စွဲလမ်းနေမှာ ဖြစ်သည်။ တရားသမားကို တရားပြဖို့ ဆိုတာ လွယ်ကူသော အလုပ်မဟုတ်ပေ။

၅။

ကံကောင်းချင်တော့ ဦးလေးနဲ့ အိမ်ထောင်ကျအပြီး လေးလလောက်မှာ ဝေဝေမြင့်က သူ့ဇာတိရပ်ကို မဖုံးနိုင်တော့။ ဦးလေး ခရီးထွက်နေစဉ် အိမ်က လက်ဝတ်ရတနာ ၁၀ သိန်းဖိုးလောက်ယူပြီး တခြားယောကျ်ား တစ်ယောက်နဲ့ လစ်ပြေးသွားတော့သည်။ အဲဒီ သတင်းကြားရချင်း မန္တလေးသို့ ရောက်ရာအရပ်မှ ဦးလေး ပြန်လာခဲ့သည်။

'မောင်ညိုရာ၊ ဦးလေးကို ကူညီစမ်းပါဦးကွာ။ မိတ္ထီလာမှာ မင်းအမေ ရောက်နေတယ်တဲ့။ မင်း လိုက်သွားပေးကွာ။ ဦးလေးက ခွင့်လွှတ်တယ်လို့ ပြောနော်။ မင်းနဲ့တစ်ပါတည်း ခေါ်ဖြစ်အောင် ခေါ်လာခဲ့ကွာ။ ပြေပြေလည်လည် ဖြစ်အောင် လုပ်ခဲ့။ မင်းအမေက စိတ်ကြီးတယ်ကွ'

ဆောက်တည်ရာ မရဖြစ်နေသည့် ဦးလေးကို ကြည့်ရင်း စိတ်ညစ်သွားရပါ၏။ ကဲ… ဦးလေးစကားကိုပဲ နားထောင်စမ်းပါဦး။ ကျွန်တော့်ထက် အသက်ငယ်တဲ့ သူ့မယားလေးကို မင်းအမေတဲ့။ အမယ့် မိန်းမပျက်က လာလာချေသေး။ စိတ်ကြီးတော်မူသတဲ့ဗျာ။

မ,စိတ်မွန်၍ သင့်မသင့် မချိန်ဆနိုင်သည့် ဦးလေးရဲ့စကားကို ဟုတ်ကဲ့ဟု ပြောပြီး မိတ္ထီလာသို့ လိုက်သွားသည်။ သို့ပေမယ့် ဦးလေးမှာသလိုတော့ ကျွန်တော် မပြောနိုင်။ အကျင့်ပျက်သည့် မိန်းမတစ်ယောက်ကို မေတ္တာတရား အကြောင်း နားလည်အောင် တရားမဟောချင်။ ခပ်ကြမ်းကြမ်းလေး ကိုင်တွယ်မှ ဖြစ်ပေမည်။ ဒါပေမယ့် မိတ္ထီလာရောက်တော့ ကျွန်တော် ကံကောင်းသွား သည်။ ထိုမိန်းမ မရှိတော့ပြီ။ တောင်ကြီးကို တက်သွားသည့်သတင်း ကြားရသည်။ ဦးလေးဆီသို့ သည်ကိစ္စကိုဖုန်းဆက်ပြောတော့ တောင်ကြီးဆက်လိုက်တဲ့။ အမိန့် တော်ပါးလိုက်သည်။ မလွယ်ပါလား။ ရေမြေဆုံးစေတော့ ခင်ဖုန်းကိုတော့ တွေ့အောင် ရှာရတော့မည် ထင်သည်။ ဒါပေမယ့် တောင်ကြီးအထိ ကျွန်တော်

www.foreverspace.com.mm



မသွားတော့။ မိတ္ထီလာမှာပဲ သုံးရက်လောက်နေသည်။ ပြီးမှ မန္တလေးကို ပြန်လာခဲ့သည်။ 'ဦးလေးရှာ၊ တောင်ကြီး၊ ကလော၊ ပင်းတယ နှံ့နေအောင် ရှာတာပဲဗျာ။ စုံစမ်းလို့ မရဘူး'

ခြုံသံပါအောင် ညည်းလိုက်သည့် ကျွန်တော့်ကို ကြည့်ရင်း ဦးလေးခမျာ မျက်စိမျက်နှာ ပျက်သွားရှာသည်။ ဦးလေးကို သနားသွားမိသည်။ ဒါပေမယ့် ဇာတ်လမ်းက ပြီးပြတ်သွားတာမို့လည်း ဝမ်းသာသွားမိသည်။ နောက်တစ်လလောက်ကြာတော့ ကွာရှင်းပြတ်စဲစာချုပ်နဲ့ စာတိုလေးတစ်စောင် ဦးလေးဆီသို့ ရောက်လာခဲ့သည်။

'ကိုကိုရယ်…

ချစ်သူအသစ်တွေ့ခဲ့မိလို့ ရက်စက်တဲ့ အမိုက်မ မိဝေကို ခွင့်လွှတ်ပါနော်'

ဦးလေးကတော့ စာကို ဖတ်ပြီး ကလေးရယ်၊ မိုက်လှချည်လားလို့ မြည်တမ်း၍ နေချေသည်။ ငွေ ၁၀ သိန်းကျော်ဖိုး ဖြောင်သွားတာကိုပင် စိတ်ထိခိုက်ခံစားရဟန် မတူပေ။ ကျွန်တော်သာ ဦးလေးကို မကြောက်ရလျှင် တကယ်မိုက်တာ ဟိုကောင်မ မဟုတ်ဘူး။ ဦးလေးဗျ ဦးလေးဟု ပြောလိုက်မိပေမည်။ ဦးလေးသည် လေးတွဲ့စွာ သက်ပြင်းမှုတ်ထုတ်လိုက်ရင်း နံရံမှာ ချိတ်ထားသည့် ဒေါ်လေးရဲ့ဓာတ်ပုံနားက စိတ်ပုတီးကို ကိုင်ကာ ဘုရားခန်းထဲသို့ ဝင်သွားလေသည်။ ယခုမှပဲ ဘုရားကို ပြန်လည်သတိရဟန် တူ၏။

ယခုတော့လည်း ဘုရားတရားကို ဦးလေး မေ့သွားပြန်ပြီ ထင်သည်။ ထို့အတူ ဒုတိယမြောက် မိန်းမကိုလည်း သတိရဟန် မတူတော့။ တတိယမြောက် ကလေးနဲ့ ပျားရည်ဆမ်းခရီးသည် တစ်လခွဲလောက် ကြာသည်။ ကျွန်တော့်ဆီသို့ လက်ဆောင်ပစ္စည်းတွေ ပို့သည့် အသစ်စက်စက် ဇနီးမောင်နှံကို ဘယ်လိုဆုတောင်းပေးရမှန်း ကျွန်တော် မသိ။ ပင်လယ်ကမ်းခြေမှာ လေကောင်းလေသန့်တွေ ရှူရှိုက်လို့ အကြောအခြင်တွေ ပြေသွားသည်ထင့်။ ဦးလေးရဲ့ရုပ်ခန္ဓာသည် အတန်အသင့် နုပျိုနေသည်။ ဦးလေးက မော်တော်ကားထဲက မဆင်းပါ။ ထီးလင်းတိုက်ကို မင်္ဂလာဆွမ်းကပ်ဖို့ ကိစ္စအတွက် သွားစရာရှိသေးတာကြောင့်ဟု ပြောသည်။

ကျွန်တော်က ဦးလေးနဲ့ စကားပြောရင်း ဦးလေးရဲ့ တစ်ဖက်ခုံမှာ ထိုင်နေသည့် အဒေါ်တော်ရဦးမည့် အမျိုးသမီးကို အကဲခတ်လိုက်သည်။ ဦးလေး

www.foreverspace.com.mm



ကြိုက်မည်ဆိုလည်း ကြိုက်ချင်စရာ ဖြစ်ပါ၏။ မော်တော်ကားအတွင်းသို့ ကပ်သီးကတ်သတ် ဝင်လာခဲ့သည့် နံနက်ခင်း နေရောင်ခြည်များသည် ဦးလေးကတော်ရဲ့ နားနှစ်ဖက်က စိန်နားကပ်ကို ထင်းခနဲ ရှင်းခနဲ လင်းလက်သွားစေခဲ့သည်။ ဒါလည်း ဒေါ်လေးရဲ့ စိန်နားကပ်ပါပဲ။ ကျွန်တော် မှတ်မိသည်လေ။ ဦးလေးက အရောင်းအဝယ်အခြေအနေကို ကျွန်တော့်အား မေးသည်။ လုပ်ငန်းကိစ္စဘက် ရောက်သွားတာကြောင့် စကားအမျှင်က မပြတ်နိုင်။ အနားက မချောက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ရင်း စိတ်ရှည်တော့ဟန် မတူပေ။

'ကိုကို သွားကြစို့လေ။ ဘုန်းကြီးကျောင်းက ပြန်ရင် ဈေးချိုကိုလည်း သွားဦးမှာနော်' ဟု ဦးလေးရဲ့ ပေါင်ကို ပုတ်ရင်း သတိပေးလိုက်သည်။

'သြော်...အေးအေး၊ ကဲ... မောင်ညို၊ ဦးလေး သွားမဟေ့။ ဦးလေးဆီ လာခဲ့ဦးကွာ။ နောက်မှပဲ အလုပ်ကိစ္စအတွက် စကားပြောကြရအောင်'

ဦးလေးရဲ့အသံက ထူးထူးခြားခြား မြူးကြွလို့နေပါသည်။ ကျွန်တော်သည် စက်သံညက်ညောစွာနဲ့ လျှောခနဲ ပြေးထွက်သွားသည့် မော်တော်ကားလေးကိုပဲ ငေးမောကြည့်နေမိသည်။ ဟင်... ဒီတစ်ယောက်ကလည်း ကိုကိုလို့ ခေါ်နေပြန်ပါလား။ ဦးလေးသည် ကိုကိုဆိုတဲ့ အသံလေးကို အလွန်တရာမှ နားဝင်ချိုဟန် ရှိသည်။ အရင်ကိုကိုကတော့ သူ့ဆီမှာ ၄ လပဲ ခံသည်။ ယခု ကိုကိုကတော့ ဘယ်နှလအထိ ခံလေမည်နည်း ကျွန်တော် မသိပါ။ တတိယမြောက် ကိုကိုက ဒုတိယက ကိုကိုထက်များ လက်သံပြင်းလိုက်လျှင်တော့ ဦးလေးခမျာ လန်ကွတ်တီ ဝတ်ပြီး တောရိပ်ခိုဖို့ပဲ ကျန်တော့သည်။ ဦးလေးရဲ့ ကိုကိုတို့ရယ် ကျွန်တော့်ဦးလေးအပေါ်မှာ တစ်ဆိတ်လောက် ကြင်နာသနားကြပါကွယ်လို့ ရင်ထဲမှ ဆုတောင်းပေးရုံက လွဲလို့ ကျွန်တော်ကကော ဘာများ တတ်နိုင်ဦးမည်နည်း။

■

**ညိုထွန်းလူ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၆၉၊ ဇူလိုင်လ၊ ၁၉၉၅**

www.foreverspace.com.mm

# အာဒံသီး

မြဒင်

မီးခွက်ကို လှမ်းပြီး မီးညှိထွန်း
ကမ္ဘာဦးက ယောကျ်ား "အာဒံ' အပေါ်
မိန်းမ "ဧဝ' ထွန်းညှိလိုက်သော ကမ္ဘာတည်မီးနှင့်
ဘယ်လိုမှ ကွာခြားမှုမရှိနိုင်သည့်
မီးမျိုး ဖြစ်●လိမ့်မည် ထင်၏

www.foreverspace.com.mm

# အာဒံသီး

**မြဒင်**

၁။

လေပြည်တစ်ချက် သုတ်ခနဲ တိုက်ပြီး မိုးစက်များ တဖွဲဖွဲကျလာ၏။ အကာအရံမပြည့်စုံသော တဲအတွင်းပိုင်းသို့ လေစိမ်းများ တိုးဝင်လာပြီး စိမ့်ခနဲ အေးသွားသည်။ မိုးနှောင်းမိုးသည် ကောင်းမှကောင်း။ ဘာပဲပြောပြော မိုးကို ကျေးဇူးတင်နေရသည်။

မိုးသိပ်များလာလျှင် မိုးထားတာ ကြာပြီဖြစ်သည့် အင်ဖက်အဆွေး ကလေးတွေ ရိပြဲလာမှာကိုလည်း နည်းနည်းတော့ စိုးရိမ်သည်။

မနက် ဈေးထဲမှာ မိန်းမက အသံလွင်လွင်စာစာလေးဖြင့် 'ကဲ… ဒီဘက်က ဖားလတ်လတ်ဆတ်ဆတ်တွေနော်။ ဝယ်ထားကြမယ်။ ရပ်ကြည့် အမြတ်မရှိဘူး'လို့ ဈေးခေါ်အော်ဟစ်ရောင်းနိုင်မည့် အရေး စိတ်တွင်း ထည့်သို လိုက်မိတော့ စိတ်က ပေါ့ပါးသက်သာသွားပြန်သည်။

ရွာစမ်း။ မစဲတမ်း ရွာထားစမ်း။

အဲ… သို့ပေမယ့် 'နောဇ'လို သင်္ဘောကြီး ဆောက်ရလောက်အောင် ရွာချသော မိုးကြီးလို ရွာချလိုက်လို့တော့ မဖြစ်ပေ။

အားလုံး ဒုက္ခရောက်ကုန်မှာ ဖြစ်သည်။

ဖြောင့်မှန်သူတွေ ဘယ်လောက်နည်းနည်း၊ မဖြောင့်မှန်သူတွေ ဘယ် လောက်ပင် များလာစေ၊ အသက်ကလေး ရှင်သန်နေရခြင်းကို ထိပါးလာမည့် ဘေးအန္တရာယ်ကိုတော့ မလိုချင်။

www.foreverspace.com.mm

လူသားအချင်းချင်း သူများကိုလည်း မသေစေချင်။ ကိုယ်လည်း မသေချင်သေး။ မျှတညီညွတ်သော အကြောင်းတရား အကျိုးတရားများကိုပဲ ဖြစ်စေချင်သည်။ ရှိစေချင်သည်။

ဘယ်အချိန် ဘယ်ကာလမှာပဲဖြစ်ဖြစ် မျှတညီညွတ်သည့် စိတ်နှလုံးဖြင့် အသက်မွေးမှုကိုပဲ ရရှိချင်ခဲ့သည်။

လူတစ်ယောက်အဖြစ် အသက်ရှင် ရပ်တည်နိုင်ရေးအတွက် အသိဉာဏ်၊ ပညာတိုးတက်ထွန်းကားလာမှုများနှင့် အပြိုင် သတ်မှတ်ပြဋ္ဌာန်းချက်များ ဖောင်းပွပြီး တဖြည်းဖြည်း ကျပ်တည်းကျဉ်းမြောင်းလာနေသည်ကလည်း အမှန်။

'ဟောတော်··· မိုးတွေ ရွာလာနေပြီလေ။ မသွားသေးဘူးလား။ ဘာလုပ်နေတာလဲ'

အတွေးဖြင့် ငြိမ်မျောနေတော့ မိန်းမက သတိပေးကြိမ်တို့ပြောလိုက်ပြီး ခေါင်းရင်းမှ မီးခြစ်ကို လှမ်းစမ်း၏။

ဓာတ်ငွေ့မီးခြစ်လေးကို စမ်းမိ။ ဖျာနှင့် ပွတ်တိုက် ထိခတ်သံထွက်။ လက်ဖြင့် ကိုင်ပြီး မီးခြစ် သုံးချက်လောက် ခြစ်ခတ်ပြီးမှ ဖျတ်ခနဲ မီးတောက်လာ။ မီးခွက်ကို လှမ်းပြီး မီးညှိထွန်း။

ကမ္ဘာဦးက ယောကျ်ား 'အာဒံ'အပေါ် မိန်းမ 'ဧဝ' ထွန်းညှိလိုက်သော ကမ္ဘာတည်မီးနှင့် ဘယ်လိုမှ ကွာခြားမှုမရှိနိုင်သည့် မီးမျိုး ဖြစ်လိမ့်မည်ထင်၏။

အိပ်ရာပေါ်က ထလိုက်သည်။ သွပ်ပြားဟောင်းများဖြင့် ပြုလုပ်ထားသော မီးအုပ်ကလေးကို သွားယူလာခဲ့သည်။ ကြမ်းပြင်ပေါ် တစ်ချက်ဆောင့်မှိုင်းခါပြီး မီးခွက်ကို ထည့်သည်။

ဒီဇယ်မီးခွက်ကလေးသည် သိပ်တော့အားမကောင်းလှ။ မီးခိုးမှိုင်းမည်းမည်းများကိုသာ မည်းနက်သွယ်တန်းပြီး ထွက်စေသည်။

ဝတ်ထားသော အင်္ကျီချွတ်။ ညနေက ရေလဲလုပ်သော ဖျင်စဘောင်းဘီတိုရေစိုယူလဲဝတ်။ ပုဆိုးကို ခြေဖြင့်ခတ်ပြီး မိန်းမရှိရာ အိပ်ရာထဲပို့။ သုံးနေကျဝါးခြမ်းပြားကို တိုင်နှင့်ထရံကြားက လှမ်းယူ။ ပြီးတော့ ခြေတစ်လှမ်းစာ အမြင့်တဲပေါ်မှ ဆင်း။

မိုးသည် သဲကြီးမဲကြီး ရွာလို့ ကောင်းနေဆဲ။ လသည် ကမ္ဘာတစ်ဖက်ခြမ်းသို့ အလည်လွန်နေ၏။ အခြေအနေအားလုံး ကောင်းနေသည်။

www.foreverspace.com.mm



တဲနောက်ဖေး ချောင်းကလေး တစ်ဖက်ကမ်းရှိ ကွင်းပြင်ကြီးဆီ ဖြတ်ကူးလာခဲ့၏။ သိပ်မကြာလိုက်။

နွားချေးပုံ မို့မို့ပေါ် အခန့်သား စံမြန်းနေလေသော ခပ်ကြီးကြီး တစ်ကောင်ကို စတွေ့သည်။ အရောင်လက် တောက်ပနေသော မျက်လုံးများဖြင့် အစာဝပြီး မိုးစက်များ၏ အရသာ ခံစားနေရှာတာ ထင်ရဲ့။

'ဖြန်း'

ရိုက်ပစ်လိုက်သည်။ လက်ဆမှန်မှန်ဖြင့် ထိထိမိမိ ပွဲဦးထွက်ရိုက်ပစ်လိုက်ခြင်း။ မိုးရေနူးနေသော နွားချေးပုံ ဟန်ပျက်လွင့်စဉ်သွားပြီး အကောင် ကားခနဲ ဖြစ်သွားသည်။ ဝါးခြမ်းပြားကိုင်သော လက်ဖြင့် ကောက်ယူပြီး ပလိုင်းတွင်း ထည့်လိုက်သည်။

'ဈေးဦးပေါက်··· ဒေါက်ဒေါက်၊ ကမ္ဘာဟင်းသီး၊ ကမ္ဘာဟင်းရွက်'

စိတ်ဓာတ်သတ္တိကို မြှင့်တင်နေကျ ဂါထာလေးတွေ ရွတ်သည်။

ဟော··· လူသွားလမ်း မြက်ခင်းစမှာ တစ်ကောင်။ တီခွေကြီးတစ်ပိုင်း တစ်စကို မျိုချနေဆဲ။

'ဖြန်း'ခနဲ ရိုက်ချပစ်လိုက်သည်။

အသက် ဘယ်လို ဘယ်ပုံစံဖြင့် ထွက်လွင့်သွားသည်ကို မသိရသော အကောင်ကို ကောက်ထည့်လိုက်သည်။

ရှေ့ရောက်သွားလေလေ များများတွေ့လေ။ စိတ်မှန်းကိုက်ပြီး လက်က တဖြန်းဖြန်းရိုက်ရင်း ကောက်ထည့်။ တစ်ကောင်တလေမှ မလွတ်သေး။

ဘယ်လွတ်မည်လဲ။ လက်ကျင့်သည် နည်းတော့တာမှ မဟုတ်တာ။ စိတ်မှန်းနှင့် လက်ကျင့် ဆက်သွယ်မှုသဘောက သည်အတိုင်းပါပဲ။ အဆက်မပြတ် ပြုကျင့်လုပ်ကိုင်နေနိုင်ဖို့သာ လိုသည်။ ကြာရင် အားကောင်းလာတော့တာပါပဲ။ တိတိကျကျ သေသေသပ်သပ် အသုံးချလို့ရမှုကို အားကောင်းစေတော့တာပဲ။ ဘယ်အမှုကိစ္စမှာမဆို အစပဲ လိုသည်။ အလေ့အကျင့်ကို အမြစ်တွယ်စူးဝင်စေမည့် အစ။

အလေ့အကျင့်ကလေးမှ အလေ့အကျင့်ကြီး အလေ့အကျင့်ကြီးတွေ များလာတော့ အထုံသဘော ဖြစ်လာရသည် သတ်မှတ်ရမည်လား မသိ။

ခရီး ဘယ်မျှဆန့်လာခဲ့မိလေပြီ မသိ။ အာခေါင်က ခြွဲကျိုပြီး ချဉ်တင်တင် ရှိလာသည်ကြောင့် ဆေးပေါ့လိပ်ဆီ အာရုံရောက်သွားသည်။ အနောက်

www.foreverspace.com.mm



ဘက် အဝေးသို့ ပြန်လှည့်ကြည့်ကာ ရောက်ရှိသွားရာ ရပ်ဝန်းကို ခန့်မှန်းလိုက်သည်။ အတော်ကြီး လှမ်းခဲ့ပြီ။

ခေါင်းပေါ်တင်ဆောင်းလာသော ခမောက်တွင်းမှာ ပလတ်စတစ်အိတ်ဖြင့် ထုတ်ယူလာခဲ့သော ဆေးပေါ့လိပ်နှင့် မီးခြစ်ပါသည်။ မိုးသည် ကျဆင်းနေဆဲမို့ သောက်ဖွာလို့ ဖြစ်မည် မဟုတ်သေး။

ရှေ့အတော်လှမ်းလှမ်းသို့ လျှောက်လိုက်လျှင် ကားလမ်းမကြီးအနီးတွင် အကြော်ဖိုလေး ရှိသည်။ ဆေးပေါ့လိပ်ကို အကြော်ဖိုလေး ရောက်မှ ခဏနားပြီး သောက်မည်။ သည်စပ်ကြားတွင်တော့ ရိုက်လိုက်၊ ကောက်လိုက်၊ ထည့်လိုက်။ တွေ့၊ ရိုက်၊ ကောက်၊ ထည့်။ တွေ့၊ ရိုက်၊ ကောက်၊ ထည့်။ တွေ့။ ရိုက်။ ကောက်။ ထည့်။

၂။

အကြော်ဖိုလေးသို့ ရောက်သွား၏။

အကြော်ဖိုလေး အရိပ်တွင်း ဝင်လိုက်သည်။ ခါးလောက် မြင့်သော အုတ်ခုံပေါ် မီးပုံးလေး တင်လိုက်သည်။ ဝါးခြမ်းပြားကို ထောင်မှီထားလိုက်သည်။ လွယ်သိုင်းထားသည့် ပလိုင်းကို ပခုံးက ချွတ်ယူလိုက်သည်။ ပလိုင်းသည် အတော်ကြီး လေးပင်နေခဲ့ပြီမှန်း ယခုမှ ကောင်းစွာ သတိထားမိသည်။ ဆန်သုံးပြည်ဝင် ပလိုင်း၊ ထက်ဝက်ကျော်ကျော် ရှိနေခဲ့ပြီ။

မီးပုံးလေး မ,ယူပြီး မီးခွက်ရောင်ဖြင့် ကြည့်သည်။ အပေါ်ဆုံးမှ အကောင်တချို့ မျက်လုံးများ ပြူးကြောင်ကြောင်ဖြင့် အသက် ပြန်ဝင်ပူးနေကြ၏။ မကြာခင် သည်ကောင်တွေ ခေါင်းမူးပြေပြီး ခုန်ထွက်ကျန်ခဲ့ကြတော့မည်က သေချာနေသည်။ သို့ကြောင့် သည်အတိုင်း ဆက်ကြည့်မနေနိုင်။

တစ်ကောင်ပြီး တစ်ကောင် အသာလေး ဖမ်းယူပြီး အုတ်ခုံအမာခံပေါ် ကိုင်ပေါက်လိုက်သည်။

တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်။

အုတ်ခုံပေါ်၌ ခြေလက်ကလေးတွေ တဆတ်ဆတ်တုန်ရင်ပြီး ကိစ္စ လျှောသွားကြသည်။ ဒါမှ သည်ကောင်တွေကို စိတ်ချရမှာ။

ဆေးပေါ့လိပ်နှင့် မီးခြစ်ထုတ်ယူလိုက်သည်။ လေကွယ်ပြီး မီးညှိ သည်။ မီးခွက်ကလေး ရေနံဆီ အလဟဿ မကုန်စေရန် ငြိမ်းသတ်ထားလိုက် သည်။ ဆေးပေါ့လိပ် မီး ရဲခနဲဖြစ်သွားအောင် စုပ်ဖွာလိုက်ပြီး ရင်ခေါင်းထဲထိ

www.foreverspace.com.mm



ရှိုက်သွင်းသည်။ တချို့တစ်ဝက် မီးခိုးငွေ့များကို ပြန်မှုတ်ထုတ်လိုက်သည်။ ချက်ချင်း အမောပြေသွားသလို ခံစားလိုက်ရ၏။

အနောက်တောင်အရပ်ဆီမှ မိုးသက်လေတစ်ချက် ဝေ့ရမ်းတိုက်ခတ်လာသည်။ ဘောင်းဘီတို ရေစိုကလေးသာ ဝတ်ထားသော ကိုယ်က အေးခနဲ စိမ့်ခနဲ ဖြစ်ကျန်ခဲ့၏။

ဆေးပေါ့လိပ်တိုအား ခပ်ပိုပိုလေး စုပ်ဖွာရှိုက်သွင်း လိုက်ရပြန်သည်။ ရင်ခေါင်းတွင်း ပူနွေးကျန်ခဲ့စေရန် ခဏအောင့်ဆိုင်းထားပြီးမှ အလုံးအရင်းဖြင့် ပြန်မှုတ်ထုတ်လိုက်သည်။

ဟိုး… အဝေး သင်တန်းကျောင်းဆီမှ သံချောင်းခေါက်သံသဲ့သဲ့ လှမ်းကြားရ၏။ ဘယ်နှချက်ခေါက်လိုက်မှန်း မှတ်မထားမိ။ သို့ကြောင့် ဘယ်နှနာရီရှိပြီမှန်းလည်း မသိလိုက်ရ။

မီးခွက်ကလေး ကိုင်ပြီး လှုပ်ရမ်းကြည့်၏။ ရေနံဆီ လက်ကျန်က အတော်ကြီး နည်းပါးလျော့ကျသွားပြီ။ ဒီဇယ်ခြောက်ကျပ်ဖိုးက အတော်လေးတော့ ထွန်းရသား။ ဆီရောင်းသည့် ငါးကျပ်သား ခွက်ကလေးဖြင့် တစ်ခွက်သုံးကျပ် ပေးရပေမယ့် ထွန်းပျော်သည်။

ဆေးပေါ့လိပ် ရှိုက်ဖွာလို့ ကောင်းနေဆဲ။

အကြော်ဖိုလေး အနောက်ဘက် ရေအိုင်စပ်ဆီမှ မြွေကိုက်လို့ အော်သည့် ဖားသံ စူးစူးဝါးဝါး မွေးကင်းစ ကလေးငယ်ငိုသံနှင့်တူစွာ ကြားလိုက်ရသည်။ ဘယ်သို့မှ ဆင်ခြင်မနေအားဘဲ မီးခွက်ကလေး ချက်ချင်း ကောက်ထွန်းပြီး ဝါးခြမ်းပြားတုတ်ယူကိုင်ကာ ဖားအော်သံ ထွက်ပြူလာရာဆီ လိုက်သွား၏။

ဖားအော်သံက ကြီးသည်။ သို့ကြောင့် မြွေလည်း ကြီးရမည်။

သူတို့နှစ်ကောင်ကို မြက်ရိုင်းတောကြားမှာ ကိုက်ခဲထားလျက်သား ဆိုက်ဆိုက်မြိုက်မြိုက် သွားတွေ့သည်။

'ဖြန်း…ဖြန်း'

ဖားတစ်ချက်၊ မြွေတစ်ချက်။

'ဖြန်း…ဖြန်း'

ဒုတိယမွိ မြွေတစ်ချက်၊ ဖားတစ်ချက်။

ဖားက နှစ်ချက်လောက် ရိုက်မိတော့ စန့်သွားသည်။ မြွေကို ဆက်

www.foreverspace.com.mm



ရိုက်၏။ အချက်အတော်များများ ရိုက်မိတော့ မြွေလည်း ငြိမ်သွားသည်။

မြွေသေကို အလျင်ဦး ကောက်လိုက်သည်။ ကလေးငယ် လက်မောင်းလောက် လင်းမြွေကြီး တစ်လံကျော်ကျော် ရှည်မည်။

ဝမ်းဗိုက်သား ဖွေးနေသော ပက်လက်လန် သေဆုံးနေသည့် ဖားသေကိုလည်း ကောက်လိုက်သည်။ အကြော်ဖိုလေးဆီ ပြန်လာခဲ့ပြီး ပလိုင်းထဲ ထည့်တော့ ပလိုင်း ပြည့်မောက်သွား၏။

တော်ပြီ၊ ကျေနပ်ပြီ။

ပလိုင်းကို ကောက်ယူလွယ်၊ မီးအုပ်နှင့်ဝါးခြမ်းပြားတုတ်ယူပြီး အကြော်ဖိုလေးထဲမှ ထွက်လာခဲ့၏။

အပြင်မှာလည်း မိုးသည် စဲတိတ်သွားခဲ့ပြီ။

ဟိုးမြောက်ဘက် မြို့ပြရှိရာ မိုးကောင်းကင် မိုးမှုန်များကြားတွင် မြို့တွင်း လျှပ်စစ်မီးရောင်က ရောင်ပြန်ဟပ်ပြူထွက်နေသော အလင်းထုကို လှမ်းမြင်နေရသည်။

ဧရာမ ကွင်းပြင်ကြီးကို ဖြတ်လျှောက်သည်။

ကွင်းပြင်ကြီးအဆုံး ချောင်းကလေးဆီ အရောက် တစ်ဖက်ကမ်းကူးလိုက်တော့ စံနန်းတော်တဲကလေးသို့ ရောက်သွားသည်။

မိန်းမက မြေစိုက်မီးဖိုဆောင်တွင် ဧရာမ မီးဖိုကြီး ဖိုပြီး မီးသွေးချရင်းစောင့်နေသည်။ လွယ်သိုင်းလာခဲ့သည့် ပလိုင်းကို ဖြုတ်ပေးလိုက်သည်။ မြွေသေကို ယူထားခဲ့ပြီး မီးအားကောင်းနေသော မီးဖိုတွင် ချက်ချင်းကင်မြှိုက်လိုက်သည်။ မိန်းမက ဖားသေများကို သံဆန်ခါဖြင့် ကျပ်ကင်သည်။

မြွေမီးမြှိုက်ပြီးသားကို ဗိုက်ခွဲ၊ ဆေးကြော၊ တုံးတစ်၊ ခုတ်စင်း၊ ဟင်းအိုးထဲ အသင့်ထည့်ထားခဲ့ပြီး အိမ်ပေါ် တက်လာခဲ့သည်။ အိပ်ရာက မနိုးကြသေးသည့် ကလေးများ နံဘေးနေရာလွတ်မှာ ဝင်လှဲအိပ်လိုက်သည်။ တစ်ညတာအတွက် ယခုမှ စတင်အိပ်စက်ခြင်းဖြင့်…။

၃။

မနက် ဆယ်နာရီလောက် အရှိတွင် ကလေးများ အော်ဟစ်ဆူညံသံများကြောင့် သူ နိုးလာခဲ့၏။

မိန်းမသည်လည်း ဈေးမှ ပြန်ရောက်နေပြီ။ မြေစိုက်မီးဖိုဆောင်တွင်း တကုတ်ကုတ် ချက်ပြုတ်နေသည်။

www.foreverspace.com.mm



ကလေးများသည် အိမ်ခြေရင်း မန်ကျည်းရိပ်၌ ကစားနေကြသည်။ ကျောင်းနေတတ်သည့်အရွယ် သုံးယောက်ရှိနေပြီ ဖြစ်သော်လည်း ကျောင်းမနေကြ။

သူ အိပ်ရာမှ နိုးပြီး အတော်လေးကြာတော့ ထမင်းဟင်းကျက်သည်။ သို့ကြောင့် ရှစ်ယောက်တည်းဟူသော မိသားစု မနက်စာထမင်းဝိုင်းက စိုစို ပြည်ပြည် မြိုင်မြိုင်ဆိုင်ဆိုင် ဆူဆူညံညံ ရှိလွန်းစွာ အသက်ဝင်နေလေသည်။

မနက်စာ ထမင်းစားသောက်အပြီးတွင်တော့ ကလေးများသည် မိုးလွတ်သည့် အိမ်ခြေရင်း မန်ကျည်းပင်အောက်တွင် ကစားကြပြန်၏။

ဆူဆူညံညံ၊ မြိုင်မြိုင်ဆိုင်ဆိုင်။

ယောကျ်ားနှင့်မိန်းမသည် တစ်ရေးတစ်မော အနားယူအိပ်စက်ရန် တဲခေါင်းရင်းခန်း၌ ကျောလှဲကြသည်။

ယောကျ်ားက ဘာမှဆက်မပြောတော့ဘဲ နေလိုက်လေသည်။ မိန်းမက ယောကျ်ားအုံးနေသည့် ခေါင်းအုံးတစ်ခြမ်းသို့ ဝင်လှဲချလိုက်သည်။ မိန်းမထံမှ ဟင်းကြွေးနံ့သဲ့သဲ့၊ အာခံတွင်းနံ့က ယောကျ်ားဆီ ရစ်ဝဲရောက်လာသည်။

မိုးနှောင်းမိုးသည် ရွာရန် ဟန်ပြင်နေပြန်၏။

ထိုအချိန် အိမ်၏ဦးခေါင်းအရပ်မှ ကမ္ဘာဦးကျမ်း၊ ကျမ်းစာတစ်ပိုဒ် ရွတ်သံသည်လည်း ထွက်ပေါ်လာလေသည်။

'ဘုရားသခင်သည် ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင် အချင်းတို့ များပြားစွာ မွေးဖွားကြလော့။ ပင်လယ်ငါးတို့ကို လည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို လည်းကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းချီးပေးတော်မူ၏။

.....................

သူတို့ကို ကောင်းချီးပေးတော်မူ၏။

■

**မြဒင်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၇၁၊ စက်တင်ဘာလ၊ ၁၉၉၅**

www.foreverspace.com.mm

# နှံ့သာကုန်းမှာ

**ဧဒါင်းနေမင်း**

အခ●ကတော့ ခင်သိုက်ကို
နောက်နောက်ပြောင်ပြောင်နဲ့
ဟိုမေး ဒီမေး လုပ်တဲ့လူကလည်း မရှားဘူး
ရွှေငွေတောင်းတဲ့လူလည်း ရှိရဲ့
အတိတ်ကို ပြန်ပြောခိုင်းတဲ့လူကလည်း
အပျင်းပြေပေါ့လေ

www.foreverspace.com.mm

# နံ့သာကုန်းမှာ

## ဒေါင်းနေမင်း

၁၃ နှစ်အရွယ် ခင်သိုက်ဆိုတဲ့ မိန်းကလေးရဲ့ စိတ်စွမ်းအင်ဟောပြောမှုဟာ သွေးထွက်အောင် မှန်တယ်လို့ မဂ္ဂဇင်းတစ်စောင်ကနေ ရုပ်ရှင်မင်းသမီးတစ်ဦးနဲ့ တွေ့ဆုံခန်း အင်တာဗျူးမှာ သူမ ကိုယ်တွေ့အနေနဲ့ ဖော်ပြပေးလိုက်တဲ့အခါ တိတ်ဆိတ်ငြိမ်သက်ဖွယ်ကောင်းလှတဲ့ နံ့သာကုန်းရွာလေးဟာ လှုပ်လှုပ်ရွရွ ဖြစ်သွားတယ်။

၁။

နံ့သာကုန်းရွာဆိုတာ ရွာငယ်ဇနပုဒ်လို့တောင် ပြောလို့ရတဲ့ တကယ့်သေးသေးကွေးကွေး ဖရိုဖရဲလေး။ အလွန်ဆုံးရှိမှ အိမ်ခြေရှစ်ဆယ် တစ်ရာပဲ။ ရွာထဲမှာ ထည်ထည်ခံ့ခံ့ သွပ်မိုးပျဉ်ထောင်အိမ်ဆိုလို့ သုံးလေးအိမ်လားပဲ ရှိမယ်။ ကျန်တာတွေက ဖြစ်သလို ဆောက်ထားကြတဲ့ သက်ငယ်မိုး ထရံကာတွေချည်းပါ။

ရှေ့မီ နောက်မီ လူကြီးတွေ ပြောသား အလိုရဆို အလျင်က နံ့သာကုန်းဟာ ရွာတောင် မဟုတ်ဘူးတဲ့။ တဲစုလေးဆိုပဲ။ အဲဒါကြောင့် ဘုန်းကြီးကျောင်းတောင် မရှိဘူး။ ရွာ့မြောက်ဘက် (တစ်ဆက်တည်းလို့လည်း ပြောလို့ရတဲ့) ရေပြာရွာဘုန်းကြီးကျောင်းကို နံ့သာကုန်းရွာသားတွေ ကိုးကွယ်ကြရတာ။ ရေပြာရွာက ရွာကြီးပေါ့လေ။ အုပ်ချုပ်ရေးပိုင်းအရလည်း နံ့သာကုန်းနဲ့ ရေပြာကို အုပ်စုတစ်စုတည်းပဲ သတ်မှတ်တယ်။

ရေပြာထက်စာရင် နံ့သာကုန်းဟာ လမ်းပန်းဆက်သွယ်ရေး ပိုကောင်း

www.foreverspace.com.mm



တယ်လို့ ပြောလို့ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နံ့သာကုန်းဟာ ဟိုင်းဝေးလမ်းမကြီး နဘေးတင် ကပ်နေတာကိုး။ ရေပြာရွာသားတွေ မြို့သွားချင်ရင် နံ့သာကုန်းကို ဖြတ်ပြီးမှ လမ်းမပေါ်ကို ရောက်ရတာ။

နံ့သာကုန်းရွာနဲ့ ဟိုင်းဝေး လမ်းမကြီးကြားမှာတော့ အရိပ်ကောင်းကောင်း ပေးနိုင်တဲ့ ကုက္ကိုလ်ပင်ကြီးတစ်ပင် ရှိတယ်။ စိတ်ကူးကောင်းတဲ့ လူတစ်ယောက်က ဝါးလုံးလေးတွေကို တန်းလျားလေးလို ရိုက်ပြီးထားတာမို့ အညောင်းပြေ ထိုင်နားလို့လည်း ရတယ်။ ဒါမှမဟုတ် အမောပြေ ရေသောက်ချင်တယ်ဆိုရင်လည်း အနားမှာ ရေအိုးစင်လေးက အဆင်သင့်။

ခပ်လှမ်းလှမ်း ကားလမ်းဘေးမှာတော့ ဆေးသားတွေ ကွဲအက်ထွက်နေပြီး ဖုန်အလိပ်လိပ်တက်နေတဲ့ နံ့သာကုန်းရွာဆိုတဲ့ ဆိုင်းဘုတ်လေးဟာ ကားပေါ်က ခရီးသည်တွေ လျှပ်တစ်ပြက် ဖတ်မိရင် ဘာရေးထားမှန်း မသိနိုင်လောက်အောင်ကို ရုပ်ပျက် ဆင်းပျက် ဖြစ်နေပြီ။

ရေအိုးစင်ကနေ လှမ်းကြည့်ရင် ခင်သိုက်ဆိုတဲ့ ကောင်မလေးနေတဲ့ အိမ်ကို လှမ်းမြင်နိုင်တယ်။ သပ်သပ်ရပ်ရပ်လေးပါ။ ခင်သိုက်မှာ မိဘနှစ်ပါးစလုံး မရှိဘူး။ ငယ်ငယ်ကတည်းက အဖေနဲ့အမေဟာ အိမ်ထောင်ပျက်ပြီး ကစဉ့်ကလျားဖြစ်သွားတယ်ပြောတာပဲ။ ဘယ်ရောက်ကုန်မှန်းလဲ မသိဘူး။ အဲဒါကြောင့် အဘွားက စောင့်ရှောက်ထားရတာ။ လူပျိုကြီး ဦးလေးတစ်ယောက်ကလည်း သူတို့နဲ့ အတူနေတယ်လေ။ ဝိုင်းလုပ် ဝိုင်းစားပေါ့။

ထူးခြားတာက ခင်သိုက် ငယ်ငယ်လေးကတည်းက စကားကို သွက်သွက်လက်လက် ပြောတာမဟုတ်ဘူး။ တခြားကလေးတွေနဲ့ အရောတဝင် ဆော့ကစားတာလည်း မရှိသလောက်ကို နည်းတာ။ ဘာသာနေတာပဲ။ ဂျီလည်း မကျဘူး။ အရွယ်လေးရောက်လာတော့ အဘွားဈေးရောင်းတာ ဝိုင်းကူ၊ အိမ်မှုကိစ္စလုပ် အားရင် ဘုရားစာတွေရွတ်၊ ဘုရားရှိခိုး ဒါပဲ။ ရွာထဲမှာတော့ သူ့ကို သိုက်က လာတာ၊ ဥစ္စာစောင့်၊ လူဝင်စားဆိုပြီး အမျိုးမျိုးပြောကြတယ်။ တစ်ခါတစ်ခါ ခင်သိုက်တစ်ယောက်တည်းနေရင်း ပါးစပ်က တတွတ်တွတ် ရွတ်နေတာမျိုး တစ်စုံတစ်ယောက်နဲ့ စကားပြောသလိုမျိုး လုပ်နေတာကို မြင်တဲ့လူက မြင်လာတာကိုး။ အစကတော့ ခင်သိုက်ကို နောက်နောက်ပြောင်ပြောင်နဲ့ ဟိုမေးဒီမေး လုပ်တဲ့လူကလည်း မရှားဘူး။ ရွှေငွေတောင်းတဲ့လူလည်း ရှိရဲ့။ အတိတ်ကို ပြန်ပြောခိုင်းတဲ့လူကလည်း အပျင်းပြေပေါ့လေ။

www.foreverspace.com.mm


ခင်သိုက်က သိပ်ရင်းနှီးနေတဲ့လူဆိုရင် ဟိုပြောသည်ပြောနဲ့ ပြန်နောက်တတ်တာမျိုးတော့ ရှိတာပေ့ါ။ သူ့ကို လူတွေ အထူးအာရုံစိုက်လာစေတဲ့ အချက်တစ်ချက်ကတော့ တစ်ခါက ရွာမှာ နွားခိုးခံရတဲ့ ပြဿနာတစ်ခု ကြုံရတယ်။ ဘယ်မှာမှ ရှာမတွေ့လို့ စိတ်ပျက်နေတဲ့ နွားရှင်နဲ့ လိုက်ရှာတဲ့လူတစ်စုဟာ ခင်သိုက်တို့အိမ်ရှေ့မှာ စုမိကြတယ်။ တစ်ယောက်တစ်ခွန်း ပြောကြဆိုကြတာလည်း ပွက်လောကို ရိုက်နေတာပဲ။ အဲဒီမှာတင် ခင်သိုက်က ကောက်ကာငင်ကာ ဝင်တဲ့ပြီး 'ဦးကြီးတို့နွား အသတ်ခံရတယ်။ သင်္ချိုင်းက ဂူပျက်တစ်ခုမှာ ဝှက်ထားကြတယ်' လို့ ပြောတော့ အားလုံးက မယုံတစ်ဝက် ရုံတစ်ဝက်နဲ့။ တစ်ယောက်က သွားရှာတော့ တကယ်ပဲ အပိုင်းပိုင်း လှီးဖြတ်ထားတဲ့ နွားသေကို တွေ့တာ။ အဲဒီမှာင် ခင်သိုက်ရဲ့ ကျော်ဇောသတင်းဟာ ပိုပြီးကြီးသွားခဲ့တယ်။

ရွာနီးချုပ်စပ်ကဆို ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်၊ အိမ်ထောင်ရေး၊ စီးပွားရေးကအစ ခင်သိုက်ဆီ မမေးဖူးတဲ့လူဆို ခပ်ရှားရှား။ မှန်တဲ့အခါရှိသလို မှားတဲ့အခါလည်း ဘယ်သူကမှ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောမနေဘူး။

ဖြစ်ချင်တော့ ရန်ကုန်ကနေ အညာဘက်ကို ရုပ်ရှင်ရိုက်ဖို့ အဖွဲ့တစ်ဖွဲ့က နံ့သာကုန်းရွာထိပ်ရောက်တော့ ကားပျက်ပါလေရော။ ပျက်တာက မင်းသမီးကား၊ ပူညံပူညံဖြစ်လို့။ နေကလည်း ပူ၊ အိုက်ကလည်း အိုက်မို့ ကားပြင်နေတုန်း အဖွဲ့သားတွေအားလုံး နေရိပ်ကောင်းတဲ့ ကုက္ကိုလ်ပင်ကြီးအောက် ဝင်နားကြတယ်။ မီးထိုးသမားနဲ့ ရွာခံတစ်ယောက် စကားပြောဖြစ်ကြတယ်။ ဆိုပါစို့။ ခင်သိုက်အကြောင်း ရောက်သွားတယ်။

ကိုယ့်ရွာရဲ့ ဂုဏ်သိက္ခာကို တင်ချင်လွန်းတဲ့ အဲဒီရွာသားဟာ ခင်သိုက်အကြောင်း တခမ်းတနား အမွှန်းတင်လိုက်တာ ယောကျ်ားနဲ့ကွဲနေတဲ့ မင်းသမီးလွတ်စိတ်ဝင်စားသွားတယ်။ သူ့အဖော် မိတ်ကပ်ဆရာ မိန်းမလျာကလည်း သဲသဲလှုပ်ဆိုတော့ သိပ်တောင် စဉ်းစားချိန်မရလိုက်ပါဘူး။ ခဏကြာ ခင်သိုက်အိမ်ချီတက်ကြပါလေရော။ စူပါမင်းသမီးတစ်ယောက် ဒီရွာကို ရောက်နေတယ်ဆိုတဲ့သတင်း ချက်ချင်းပျံ့သွားတယ်။ ကြည့်ချင်လွန်းတဲ့ ရွာထဲက ပျိုပျိုအိုအို မှန်သမျှလုပ်နေတဲ့အလုပ်တွေပစ်ပြီး ပြေးလွှားလာလိုက်ကြတာ တချို့ဆို ထဘီတောင်ကျွတ်ကျဆိုပဲ။ ရုပ်ရှင်မင်းသမီးကတောင် ခင်သိုက်ဆီကို လာမေးတယ်ဆိုတဲ့သတင်းက ဟိုးလေးတကျော်ကျော်။ အမှန်က ကားပျက်လို့၊ ကြုံလို့ဝင်တာ။

ထားပါတော့။ ဘာပဲဖြစ်ဖြစ် မင်းသမီးရဲ့ ပါးစပ်ဖျားက 'သွေးထွက်

www.foreverspace.com.mm



အောင် မှန်လိုက်တာ ဆရာရယ်’လို့ ဒါရိုက်တာကို ပြန်ပြောတာ အားလုံးကြားရတယ်။ မင်းသမီး ရန်ကုန်ပြန်ရောက်တော့ အင်တာဗျူးတစ်ခုမှာ အဲသည့်အကြောင်းကို ထည့်လိုက်တာ တီဗီမှာ ကြော်ငြာခ မကုန်ဘဲ နေ့ချင်းညချင်း ဆိုသလို ခင်သိုက်သတင်းက ဟုန်းခနဲ နာမည်ကြီးသွားတယ်။ လာလိုက်တဲ့ လူတွေ လူတွေ။ တချို့က ကိုယ်ပိုင်ကားတွေနဲ့။ တချို့က လိုင်းကားနဲ့။ တချို့ဆို ကုန်းတစ်တန်၊ ရေတစ်တန် နေရာမျိုးကနေ ရောက်လာတဲ့ လူတောင်ရှိရဲ့။

အဲဒီမှာတင် နံ့သာကုန်းရွာဟာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတယ် ပြောပါတော့။ ❑

၂။

နံ့သာကုန်းမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ကောင်းကောင်းဖွင့်ဖို့ ပထမဦးဆုံး စိတ်ကူးပေါ်တဲ့လူက ရေပြာရွာက ကျောင်းဆရာ ကိုညိုမြဆိုတဲ့လူပဲ။ သူက ခေတ်ပညာတတ် ဘွဲ့ရတစ်ယောက်ဆိုတော့ မြို့ပြရဲ့လူနေမှုအကျင့်ကို သိနေတယ်။ ကြည့်လေ၊ ခုဆို ခင်သိုက်ဆီမေးဖို့ လာတဲ့လူတွေဟာ အလျင်ကလို လွယ်လွယ်ကူကူနဲ့ ကိစ္စပြီးကြတာ မဟုတ်ဘူး။ များလွန်းလို့ တုန်ကင်နဲ့ ဖြစ်သွားပြီ။ နဂိုကတည်းက ခင်သိုက်ဟာ ရောဂါသည်။ ချူချာတာလည်း လွန်ပါရော။ ၁၃ နှစ်ထဲ ဝင်လာတာတောင် ဖွံ့ဖြိုးမှုအားနည်းလွန်းလို့ ပါးပါးကပ်ကပ်လေး။ နည်းနည်းလေး လှုပ်လှုပ်ရှားရှားလုပ်တာနဲ့ မောနေတတ်တာ။ လူကြီးတွေကို ကိုယ့်ကျန်းမာရေးကို ချိန်ဆတတ်တာ မဟုတ်ဘူး။ ဒါကြောင့် ရွာလူကြီးတွေက ဧည့်သည်တွေကို တောင်းတောင်းပန်ပန်ပြောပြီး နားနားနေနေ ခင်သိုက်ကို ဟောခိုင်းရတာ။ အဲဒီတော့ ကိုယ့်အလှည့်မကျခင် စောင့်ရတဲ့လူတွေက တစ်ပုံကြီး ဖြစ်လာတယ်။ နားခိုဖို့နေရာနဲ့ အချိန်ဖြုန်းနိုင်ဖို့ဆိုတာ မရှိမဖြစ် လိုအပ်လာပြီ။

အဲဒါကြောင့် လက်ဖက်ရည်ဆိုင်ဖွင့်ရင် တွက်ခြေကိုက်မယ်လို့ စိတ်ကူးမိတဲ့ ကိုညိုမြတစ်ယောက် အပြေးအလွှား စီစဉ်ရပြီပေါ့။ ပြောမယ့်သာ ပြောတာပါ။ သူကိုယ်တိုင်က လက်ဖက်ရည်တစ်ခွက်ကို သောက်ရုံသာ သောက်တတ်တာ။ အစပ်အဟပ်တည့်အောင် ဖျော်တတ်တဲ့လူ မဟုတ်ဘူး။ ဒီတော့ လက်ဖက်ရည်သမားတစ်ယောက်ကို မြို့တက်ပြီး သွားငှားရတယ်။ တစ်ဖက်ကလည်း ကျောင်းမှာ စာသင်နေရသေးတာမို့ သားနှစ်ယောက်နဲ့ မိန်းမကို ဆိုင်မှာ တာဝန်ယူဖို့ ရာထားရတယ်။ နေရာအတွက်တော့ အားလုံးနဲ့ အဆင်ပြေရင် ကြိုက်တဲ့နေရာ

www.foreverspace.com.mm



ဆောက်ပဲ။ ကိုယ့်ရွာနဲ့ကိုယ်ဆိုတော့ ဘယ်သူကမှလည်း ကန့်ကွက်မယ့်လူ မရှိပါဘူး။ အဲဒီမှာတင် လက်ဖက်ရည်ဆိုင်လေး သပ်သပ်ရပ်ရပ် လှလှပပလေး ဖြစ်အောင် ကိုညိုမြတစ်ယောက် လုံးပန်းရပြီ ဆိုပါတော့။

ဘာပဲပြောပြော အရီးလေး မယ်တုတ်တောင် ဆန်တစ်ပြည်ချက်ကို ထမင်းကြော်ပြီး လက်တည့်စမ်းလိုက်တာ မနက်ပိုင်းမှာတင် ပြိုက်ခနဲ ကုန်သွားလို့ ဟန်ကျပြီဟဲ့ဆိုပြီး ထမင်းဖြူနဲ့ ဟင်းပါတွဲရောင်းတာ လက်မလည်ဘူး ဆိုပဲ။ တစ်ယောက်တည်း မနိုင်မနင်းဖြစ်တာနဲ့ တူမလုပ်တဲ့ ငွက်ထော်ကို နေ့စားနဲ့ ငှားထားရတယ်။

အမှန်က နံ့သာကုန်းဟာ မြို့နဲ့နီးတာ မဟုတ်ဘူး။ ဘယ်သကောင့်သားမှ ဓာတ်ဆီအကုန်ခံပြီး အစားတစ်လုပ်နဲ့ စားသောက်ဆိုင်ကောင်းကောင်း ရှာမှာ မဟုတ်ဘူး။ မရှိ ရှိတာစားမှာပဲ။ မယ်တုတ်ကို အားကျလို့ ရွာထဲက မိန်းမတွေလည်း စပါးရိတ်မလိုက်၊ မြေပဲပေါင်းသင် မထွက်တော့ဘဲ ကောက်ညှင်းထုပ် ကအစ မုန့်ဟင်းခါးအဆုံး လုပ်တတ်သလိုလုပ်ပြီး ရောင်းကြပါလေရော။ အဲဒါလည်း ကုန်တာပါပဲ။

အဲဒီလမ်းမကြီးပေါ်က ဖြတ်သွားတဲ့ ခရီးသည်တွေဆို ကားတွေ လူတွေ အဖွေးသားတွေ့ရတဲ့ ဒီရွာကို ဘာလုပ်တာလဲလို့ မေးယူရလောက်ထိ စည်ကားနေတာ။ လူကုံထံတွေ ပါသလို သာမန်လက်လုပ်လက်စားတွေလည်း ပါတယ်။ လာမေးတဲ့လူကို ဉာဏ်ပူဇော်ခ ဘယ်ရွှေ့ဘယ်မျှ သတ်မှတ်ထားတာ မဟုတ်ဘဲ စေတနာရှိသလောက် အလှူခံပုံးထဲ ထည့်ရတာဆိုတော့ လူတန်းစားမရွေး မျက်နှာမငယ်ရဘူး။ ရှိတဲ့လူကလည်း ကိုယ်တတ်နိုင်သလောက်လှူ၊ မတတ်နိုင်တဲ့လူကလည်း သဒ္ဓါသလောက်ပေါ့။ ခင်သိုက်အတွက် ရည်စူးပြီး ဘုရားတည်ဖို့၊ အလှူအတန်းလုပ်ဖို့ကလည်း သပ်သပ် အလှူခံပုံးနဲ့။ ဒီတော့ လူတန်းစားမရွေး ရောက်လာကြတာ မဆန်းပါဘူး။

နံ့သာကုန်းမှာ စီးပွားရေးပြေလည်တဲ့ ကိုရိုးကတော့ ရန်ကုန်ထိဆင်းပြီး မီးစက်တစ်လုံး ချက်ချင်းပြေးဝယ်တယ်။ သူလည်း အကွက်မြင်ပြီးသားမို့လား။ တချို့ဆို နံ့သာကုန်းရောက်လာပြီးမှ အချိန်မရှိတော့လို့ မထူးဘူးဆိုပြီး ညအိပ်စောင့်တဲ့လူက တစ်နေ့ကို မရှိဘူးဆိုတာတောင် သုံးလေးဆယ်ယောက် ရှိတာ။ အဲဒီတော့ ညအိပ်ဖို့ အခက်အခဲ ရှိလာတယ်။

ဘုန်းကြီးကျောင်းက မရှိပြန်၊ နီးစပ်ရာအိမ်မှာ တည်းခိုဖို့ဆိုတာလည်း

www.foreverspace.com.mm



တစ်ရက်တန်သည် နှစ်ရက်တန်သည် မဟုတ်တော့ လက်ခံဖို့တော့ မဖြစ်ပြန်ဘူး။ ဒီတော့ ကိုရိုးက ကနားဖျင်းတစ်လုံး ထိုးလိုက်တယ်။ ပြီးတော့ ညအိပ်ရင် ဘယ်လောက်၊ ဖျာတစ်ချပ်၊ စောင်တစ်ထည်ဆိုရင် ဘယ်လောက်ဆိုပြီး ငှားစားတယ်။ အလုပ်ဖြစ်တာ မကျန်ဘူး။ ဒါပေမယ့် ညဘက် မှောင်မှောင်မည်းမည်း ဆိုတော့ သိပ်ဟန်မကျဘူး ဖြစ်နေတယ်။

ကိုညိုမြက သူ့လက်ဖက်ရည်ဆိုင်အတွက် မီးယူချင်တယ်။ မယ်တုတ်နဲ့ တခြားဈေးသည်တွေကလည်း မီးရမယ်ဆိုရင် ညဘက်ပါ ဈေးရောင်းလို့ ရတယ်ဆိုတော့ ကိုရိုး စဉ်းစားသွားပြီ။ ပိုသေချာသွားတာက မြို့မှာ ဗီဒီယိုပြစားတဲ့ ကိုသောင်းစိန်ကပါ မီးစက်အဆင်ပြေရင် အဲဒီမှာ လာပြမယ်လို့ဆိုတာကြောင့် ကိုရိုးတစ်ယောက် မီးစက်ဝယ်ဖြစ်လိုက်တာ။

နောက်ပိုင်းမှာ နံ့သာကုန်းရွာလေးဟာ မြို့အသေးစားလေးနဲ့ ဘာမှ မခြားတော့ဘူး။ အပူသောက်မလား၊ အအေးသောက်မလား အကုန်ရတယ်။ ညဆို ရွာထိပ်မှာ ကက်ဆက်သံတညံညံ၊ အင်ဂျင်မီးတလက်လက်နဲ့။ တစ်ခါ တစ်ခါ ဗီဒီယိုရုံက ဝေါခနဲ ဝေါခနဲ ရယ်မောလိုက်တဲ့အသံတွေကလည်း မကြား ချင်မဆုံး။ သိပ်မဝေးလှတဲ့ ရေပြာ၊ ဇီးကုန်း၊ အင်းမ၊ လက်တက်ကြီးရွာက ကာလသားတွေတောင် ညဘက် အပျင်းပြေ လက်ဖက်ရည်ထွက်သောက်သူ ရှိရဲ့။ ဖြစ်နေကြပုံများ ပြောပါတယ်။ ဘာပဲပြောပြော ခင်သိုက်ကြောင့် ဒီလို ဖြစ်လာတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ချက်ကြီးဆို နံ့သာကုန်းရဲ့ တိုးတက်ပြောင်းလဲလာတဲ့ အခြေအနေအရပ် ရပ်ကို အကဲဖြတ်ပြီး လူငှားအလုပ်က ထွက်လို့ ရေထမ်းရောင်းတယ်။ ရေတစ်ထမ်းကို ငါးကျပ်ဆိုလည်း ဟုတ်၊ တစ်ဆယ်ဆိုလည်း ဟုတ်နေတော့ ချက်ကြီးလက်မှာ ငွေသီးနေတယ်။ လက်ထဲမှာ ပိုက်ဆံလေး စိုစိုပိုပိုသုံးလာရတော့ လက်ဖက်ရည်ဆိုင် ထိုင်တတ်တဲ့အကျင့်လေး ဖြစ်လာတယ်။ တစ်လနေလို့ တစ်ခါသောက်ခွင့်မကြုံတဲ့ လက်ဖက်ရည်ကို မနက်တစ်ခွက် ညတစ်ခွက် ပုံမှန်သောက်ဖြစ်တယ်။ ကိုယ့်ရွာမှာ ဆိုင်ဖွင့်တာကြောင့်လည်း ပါတယ်။ ဒါတင် မကဘူး။ ဟဲပီးမယ်တယ် သီချင်းတွေပါ အရသာခံနားထောင်တတ်တဲ့ အကျင့် ဖြစ်လာတယ်။

'ဟဲပီးမယ်တယ်' ဆိုတာ ဘာလဲလို့ ချက်ကြီးကို သွားမမေးနဲ့။ ကျောင်းဆရာ ကိုညိုမြ ဘာသာပြန်ပေးလို့ လေးလံသော သတ္တု ဒါမှမဟုတ် အပြင်းစား

www.foreverspace.com.mm

သီချင်းတွေ ဆိုတာလောက်ကလွဲရင် ပိုမသိဘူး။ Sound Box က ခုန်ထွက်ပျံ့လွင့်လာတဲ့ သီချင်းတစ်ပုဒ်ကို မျက်လုံးလေးမှေးစင်းထားပြီး ခပ်ဖွဖွလေး လိုက်အော်ရတာကိုက ချက်ကြီးအတွက်တော့ ဇိမ်ပဲ။

အစကတော့ နံ့သာကုန်း ရွာသားတွေဟာ ခပ်ရိုးရိုး ခပ်အအပါပဲ။ ဒါပေမယ့် မြို့ပြဧည့်သည့်တွေ ရောက်လာတော့မှ အမြင်အမျိုးမျိုး ကြုံရပြီး အထူးအဆန်းဆို သတိထားတတ်လာတယ်။ အထူသဖြင့် ရွာထဲက ကာလသား၊ ကာလသမီးတွေဟာ မြို့ရဲ့ဝတ်စားဆင်ယင်ပုံ၊ အပြုအမူအနေထိုင်ကအစ မသိမသာ အတုခိုးလာတယ်။ ပထမတော့ ယောကျ်ားအရင့်အမာကြီး ဖြစ်ပါလျက် နဲ့ ဆံပင်ကို နောက်က စုစည်းပြီး ဖွတ်မြီးကျစ်ထားတာတို့၊ နားတစ်ဖက်တည်းမှာတင် နားကွင်းတွေ သုံးလေးကွင်း ဖောက်တပ်ထားတာတို့ကို ရယ်ပွဲဖွဲ့ စကားဝိုင်းမှာသာ ကဲ့ရဲ့ပြောကြပေမယ့် အမြင်များလာတော့ ရိုးသွားတာပါပဲ။

မကြာပါဘူး။ နံ့သာကုန်း လူငယ်ပိုင်းမှာ ခေတ်စားလာတာကတော့ ဂျင်းဘောင်းဘီကိစ္စပဲ။ ပထမတော့ လူကြီးပိုင်းက မျက်စိထဲ အချိုးမကျပုံပေါ်တယ်။ ဒါပေမယ့် သပ်သပ်ရပ်ရပ် ဝတ်စားထားတာ တွေ့ပြန်တော့လည်း ဘာမှ မပြောတော့ပါဘူး။ အဟောင်းဆိုင်တစ်ဆိုင်က ဈေးပေါပေါနဲ့ ဝယ်လာတဲ့ ဂျင်းဘောင်းဘီတစ်ထည်ကို ချက်ပြီး ဝတ်ပြလိုက်တာက စတယ်လို့ ပြောတယ်လို့ ရတယ်။ သူက အသားလတ်လတ်၊ သန်သန်မာမာ တုတ်တုတ်ခိုင်ခိုင် အရပ်မြင့်မြင့်မို့ ဘောင်းဘီနဲ့ လိုက်ဖက်တယ်။ သူ့အကြောင်းပြချက်တွေကလည်း အများကြီး။ လယ်ထဲပဲ ဆင်းမလား။ တောင်ယာပဲ လုပ်မလား ဘာပဲလုပ်လုပ် ဘောင်းဘီနဲ့က အဆင်ပြေတယ်။ အကြမ်းခံတယ်။ ပုဆိုးကို ခဏခဏ ပြင်မဝတ်ရလို့ အလုပ်ရှုပ်တာလည်း သက်သာတာပေါ့။

အဲဒါနဲ့ လူငယ်ပိုင်းတချို့က ချက်ကြီးအပေါ် အာရုံစိုက်လာကြတယ်။ နောက်တော့ ဂျင်းဘောင်းဘီတစ်ခေတ် ထလာတော့တာပဲ။ ခက်တာက ကျေးရွာဆိုတာ တစ်ယောက်လုပ်တာကို တစ်ယောက်က အားကျရင် မကြာဘူး လိုက်လုပ်ကြတာ။

နံ့သာကုန်းတစ်ရွာလုံး ဂျင်းဘောင်းဘီဝတ်ပြီး ရှိုးနဲ့မိုးနဲ့ စတိုင်ထုတ်နေတာကို ရေပြာ၊ ဇီးကုန်း၊ အင်းမ၊ လက်တတ်ကြီး ရွာသားတွေတောင် အားကျပြီး လိုက်ဝတ်ကြတာ ဘောင်းဘီမရှိရင် ခေတ်မမီတော့တဲ့အထိ ဖြစ်သွားတာ။

ဒါပေမယ့် ဆံပင်အရှည်ကြီးထားပြီး မြင်းမြီးလို စုစည်းတာတို့၊ နားရွက်

www.foreverspace.com.mm



တစ်ဖက်တည်းမှာ နားကွင်းတွေ အများကြီး ဖောက်တပ်တာတို့ကိုတော့ နံ့သာကုန်းရွာသားတွေ လိုက်မလုပ်ကြပါဘူး။ သူတို့နဲ့ သိပ်ပြီး အံမဝင်လှဘူးလေ။ သူတို့က အလုပ်ကြမ်းသမားတွေ။ ဒီလောက် ဆံပင်ရှည်ကြီးကို သန့်သန့်ပြန့်ပြန့် ဖြစ်အောင်လည်း ဖယားအရှုပ်ခံပြီး ထားမနေနိုင်ဘူး။ ဖိုသီဖတ်သီနဲ့။ ချက်ကြီးတစ်ယောက်သာ သူ စထွင်တာကို နောက်လူတွေ လိုက်လုပ်ကြလို့ သဘောတွေ ကျပြီး စတန့်ထွင်ဖက်ရှင်သမားအဖြစ် ခံယူချင်တယ်နဲ့ တူပါတယ်။ နားကွင်းတွေ တပ်ပြပြန်ပါလေရော။ ဒီတစ်ခါတော့ ရွာသားတွေက ချက်ကြီးကို အခြောက်စိတ် ဝင်သွားပြီဆိုပြီး ဝိုင်းနောက်ကြလို့ နားကွင်းတွေလည်း ဘယ်ပျောက်ကုန်မှန်း မသိတော့ပါဘူး။

ခင်သိုက် စန်းထတဲ့နှစ်မှာ ဧည့်သည်လူငယ်ပိုင်း ခပ်များများရဲ့ စိတ်ဝင်စားခြင်းကို ခံရတဲ့သူကတော့ ငွက်ထော်ပဲ။ ကောင်မလေးက လှတယ်၊ အပြောသွက်တယ်။ ချက်ချက်ချာချာ ရှိတယ်။ ပြင်တတ်ဆင်တတ်တယ်။ ရွာခံမိန်းကလေးချင်းတောင် ငွက်ထော်ကို မနာလို မရှုစိမ့်နိုင်ကြတဲ့အထိ။ အရီးလေးမယ်တုတ်ကလည်း ဒါကို သိလို့ ငွက်ထော်ကို ထမင်းဆိုင်မှာ အချိန်ပြည့် ထိုင်ရောင်းခိုင်းတယ်။ ကောင်လေးတွေဆို သူ့ဆိုင်မှာပဲ စားတယ်။ တချို့က သိမ်သိမ်မွေ့မွေ့တွေ ပါသလို တချို့ကလည်း ခပ်နောက်နောက် ခပ်ပြောင်ပြောင်တွေပါ။ တချို့ဆို အချိန်တိုတိုအတွင်းမှာ ငွက်ထော်နဲ့ ရင်းနှီးမှုတွေရပြီး သူတို့လိပ်စာတွေ ပေးလို့ ကမ်းလို့။

'တောသူတွေဟာ မြို့သူတွေလို ပဲမများဘူး။ ရိုးသားပွင့်လင်းတယ်' လို့များ ငွက်ထော်ရှေ့မှာ မြှောက်ပြောရင် သဘောတွေများ ကျလို့။ ဘာပဲပြောပြော စီးပွားလုပ်နေရတာဆိုတော့ ငွက်ထော်အနေနဲ့ကလည်း လူတိုင်းကို အဆင်ပြေအောင် ပေါင်းတတ်ပါတယ်။

ခြုံကြည့်ရင် နံ့သာကုန်း ရွာလေးဟာ ကိုယ်ကျင်လည်ရာကို လုပ်ကိုင်စားသောက်ကြရင်း တချို့ဆို သိသိသာသာ စီးပွားရေးပြေလည်လာတာ တွေ့ရတယ်။ တခြားမကြည့်နဲ့။ ရွာထိပ်က ဆိုင်းဘုတ်လေးတောင် ပန်းချီဆရာနဲ့ မွမ်းမံပြင်ဆင်ထားလို့ သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညားနဲ့ လူတိုင်း ဖတ်လို့ လွယ်ကူနေပြီလေ။ ❑

၃။

တစ်နေ့ ခင်သိုက်တို့ မြေးအဘွား ရန်ကုန်ပြောင်းပြီး နေကြမယ်ဆိုတဲ့

သတင်းက နံ့သာကုန်းရွာသားတွေရဲ့ နားရင်းကို ဖြတ်ရိုက်သလား အောက်မေ့ရအောင် ဖြစ်ကုန်တယ်။ အားလုံးက ထိတ်ထိတ်ပျာပျာ ဖြစ်လို့။ တကယ်ဆို့ သူတို့အားလုံး ခင်သိုက်ကို မှီခိုပြီး လုပ်စားနေကြရတာကိုး။ ဘယ်သူကမှ မပြောင်းစေချင်ကြဘူး။ လက်ရှိ အဆင်ပြေနေတဲ့ဘဝကို မဆုံးရှုံးချင်ကြဘူးလေ။ အမျိုးမျိုး ဝိုင်းပြီး တောင်းပန်ကြတယ်။

ခင်သိုက်တို့ မြေးအဘွားအနေနဲ့ကလည်း ဟိုမှာနေဖို့ ထိုင်ဖို့ အားလုံး အဆင်သင့်ဖြစ်နေပြီ။ ဆန္ဒအပြင်းပြဆုံးကတော့ ခင်သိုက်ဦးလေး ဆိုပါတော့။ နာမည်ကြီး သူဌေးတစ်ယောက်က ခင်သိုက်ကြောင့် စီးပွားဖြစ်တယ်ဆိုပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ ရန်ကုန်မှာ မြေကွက်နဲ့အိမ်ကို တမင်ဝယ်ပေးတာ။ ဘဝပေးကုသိုလ်ကြောင့် ကံထူးတဲ့ ခင်သိုက်လို ပါရမီရှင်တစ်ယောက်အနေနဲ့လည်း အသင့်တော်ဆုံးက ရန်ကုန်ပဲလို့ အားလုံးက တညီတညွတ်တည်း အကြံပေးကြတယ်။ တစ်နှစ်လောက် စုဆောင်းထားတဲ့ငွေကလည်း ခင်သိုက်လက်ထဲ နည်းတာ မဟုတ်ဘူး။

ကိုင်း… မတတ်နိုင်တော့ နံ့သာကုန်းရွာသားတွေ လက်လျှော့လိုက်ရပြီပေါ့။ ခင်သိုက်တို့ ရန်ကုန်ပြောင်းသွားပြီးတဲ့နောက်မှာ နံ့သာကုန်းရွာဟာ ရုတ်ခြည်းပြောင်းလဲသွားတယ်။ တိတ်တိတ်ဆိတ်ဆိတ်ကို ဖြစ်သွားတာ။ အလျှင်ကဆို ကက်ဆက်သံ တညံညံနဲ့ ကျောင်းဆရာ ကိုညိုမြ လက်ဖက်ရည်ဆိုင်လေးဟာ ခုတော့ ဝါးကပ်လေးတွေကာလို့ ပိတ်ထားရတဲ့ အခြေရောက်ပြီ။ ဗီဒီယိုပြစက်ကတော့ နံ့သာကုန်းမှာ လူနည်းလို့ဆိုပြီး ဇီးကုန်းကို ပြောင်းသွားပါလေရော။ ကိုရိုးမီးစက်ကိုလည်း မိုးတွင်း လယ်ထဲရေတင်ဖို့ အလိုက်ရတာကြောင့် ရေစုပ်စက်နဲ့ ဖလှယ်လိုက်တယ်။ အရီးလေးမယ်တုတ်ကတော့ မြေပဲနုတ် ပြန်လိုက်နေပြီ။ လက်ဖက်ရည် မသောက်ရရင် မနေနိုင်အောင် စွဲနေတဲ့ ချက်ကြီး တစ်ယောက် မြို့တက်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ စားပွဲထိုးဝင်လုပ်တယ်ဆိုတာပဲ။ ငွက်ထော်ကတော့ မြို့က ဂျင်မီနဲ့ လိုက်ပြေးတယ်လို့ ပြောသံကြားတယ်။

နံ့သာကုန်းမှာ အမှတ်တရအဖြစ် ကျန်ရစ်ခဲ့တဲ့ အရာကတော့ လူငယ်တိုင်းမှာရှိတဲ့ ဂျင်းဘောင်းဘီလေးတွေပဲပေါ့။

■

**ဒေါ်ခင်းနေမင်း**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၇၁၊ စက်တင်ဘာလ၊ ၁၉၉၅**

www.foreverspace.com.mm

# ကညာမေ ဗျာကေဝိုက်ကယ်က

**ချစ်စရာ**

ငါပြောတဲ့နာရီက
သစ္စာ ဆိုတတ်တဲ့ နာရီဟဲ့
အနုပညာကို မြတ်နိုးသလိုလိုနဲ့
မင်းသမီးကို သံယောဇဉ်စကားပြောတတ်တဲ့ နာရီ
ပွဲတစ်ပွဲကို တစ်လုံးပဲပတ်ပြီး
နောက်ပွဲကူးတဲ့အခါကျတော့
သံပတ်တွေ အလိုလို လျော့သွားပြီး
သံယောဇဉ်တွေ သံချေးတက်သွားတတ်တဲ့ နာရီဟော့

www.foreverspace.com.mm

# ကညာမေ ဗျာကေဝိုက်ကယ်က

**ချစ်စရာ**

ကျေးဇူးတင်လိုက်တာ နာရီမရယ်… ငါလေ နင့်ကျေးဇူးကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ပါဘူး။ ငါတင် မဟုတ်ပါဘူးလေ။ ဟောဒီ အစုန် သင်္ဘောကြီးပေါ်မှာ လိုက်ပါခွင့်ရတဲ့ ဇာတ်သမားတိုင်းလိုလို နင့်ကို ထိုင်ရှိခိုး ချင်လောက်အောင် ကျေးဇူးတင်နေကြတာပါ။ အမြဲတမ်း မူးနေပြီး လူတကာကို လိုက်ရိနေတတ်တဲ့ လူပြက် ဦးအုန်းပွင့်ကြီးကတောင် လူဆိုတာ ပျော်ရာမနေ တော်ရာနေရသတဲ့ သမီးရေ။ ဒီမြို့လေးဟာ နင်နဲ့တော်လို့ နင်နေရစ်ခဲ့ရတာလို့ ဆို့ဆို့ကြီး ပြောလေရဲ့။ မင်းသားကြီး ဘစိန်ကျော်ရွှေကတော့ အရူးအရူးနဲ့ ကိုင်း… အခု အရူးက တစ်မူး၊ တစ်ပဲ၊ တစ်မတ်၊ တစ်ကျပ် အကုန်သာသွားပြီ ဗျား။ စလာကတည်းက တစ်လမ်းလုံး ငါ မျက်စိနောက်ခဲ့သမျှ အခုမှ အတိုးချ ပြီးသာ ကန်တော့လိုက်ချင်တော့တာပဲတဲ့။ သင်္ဘောပေါ်ကို ပဲအိတ်တွေ၊ သကာ ရည်ပိုင်းတွေ၊ ပျဉ်ချပ်တွေ၊ တဒိုးဒိုး တဒိန်းဒိန်းတင်သံတွေ၊ ဈေးရောင်းဈေးဝယ် အော်ဟစ်ခေါ်ထူးသံတွေ၊ နေရာလုသံ၊ ရန်ဖြစ်သံတွေ အားလုံးကို ဖောက်ခွင်းပြီး နင်ဆိုနေကျ သီချင်းသံလေး ကြားယောင်နေမိတယ်။ မြန်မာပြည် နာရီတွေကများ အချိန်တွေ မှန်နိုင်ပါတော့မလားတဲ့။ ဒီသီချင်းကို အမြဲဆိုလွန်းလို့ နင့်ကို နာရီ မလို့ ဝိုင်းခေါ်ခဲ့ကြတာ မဟုတ်လား။

ဟော… သင်္ဘောစက်နှိုးပြီး လှိုင်းနဲ့စက်ဒဏ်ကြောင့် သင်္ဘောတစ်စင်း လုံး တုန်ခါနေတယ်။ မကြာခင် ခရီးတစ်ခု စရတော့မှာပါလားဆိုတဲ့ အသိ ကိုယ်စီနဲ့ သက်ပြင်းတွေတောင် ပြိုင်တူချလိုက်မိတယ် ထင်ပါရဲ့အေ။ ဟော…

www.foreverspace.com.mm



ဥသြဆွဲပြီး ကုန်းဘောင်ပျဉ်ချပ်တွေကို ဖြုတ်နေပြီး ရင်ထဲမှာ နစ်ဝင်နေတဲ့ ဆူးတစ်ချောင်းကို တဖြည်းဖြည်းဆွဲနုတ်နေသလို မြည့်မြည့်ဆွေးဆွေး နာကျင်နေရပါတယ် အေရယ်။ ဒီလိုနဲ့ ဟောဒီ ရေစုန်မှာ ငါတို့တွေ မျောပါသွားမယ်။ နင်ကတော့လေ… အို… ငါတွေးရင်း မျက်ရည်တွေ ကျလာမိတယ်။

'သူ နေသားကျရင် ပျော်သွားမှာပါ သမီးရယ်။ ဒါဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ ဓမ္မတာတရားပါ'

အပျိုတော် အမေစိန်က ဖျောင်းဖျပေမယ့် ငါတော့ ငိုဆဲ ငိုဆဲပါဟာ။

'နင်ဟာ မျက်ရည်ကို လွယ်လွန်းတယ်။ မင်းသမီး လိုက်မကဘဲ ဇယင်ကျူးတွေချည်း သီးသန့်လက်ခံပြီး ကနေဖို့ ကောင်းတယ်'

နင့်ပြစ်တင်စကားတွေလေ ငါနားထဲက မထွက်ပါဘူး။ ငါကတော့ ရင်ထဲက အပူကို မျက်ရည်အဖြစ်ပဲ ထုတ်ပစ်တတ်တာပါ။ သိမ့်ခနဲ တစ်ချက် ဖြစ်သွားပြီး သင်္ဘောဦးလှည့်သွားပြီ။ ငါတို့… ငါတို့ စလာခဲ့ရာ လမ်းအတိုင်း ပြန်စုန်တော့မယ်။ နာရီမရေ ငါ့စိတ်အတွေးတွေကတော့ သင်္ဘောကြီးထက် အရင်စောပြီး ဒီခရီးအစကို ရောက်နေလေရဲ့။

'ဟဲ့ကောင်မ၊ ငါ့ကို နှိပ်စမ်း၊ ငါဟာ ညည်းတို့ ကျေးဇူးရှင်ဖြစ်သွားပြီ၊ အခု နှိပ်လိုက်စမ်း'

ငွေစက္ကူတွေ အထပ်လိုက်တွေ ငါ့ရှေ့မှာ ပစ်ချပြီး ပြုံးဖြီးဖြီး ပြောလာတဲ့ နင့်ကို တအံ့တသြ ငါကြည့်နေတုန်း ငါ့မေးစေ့ချွန်းချွန်းကလေးကို ကိုင်လှုပ်ရင်း…

'အခုအချိန်ကစပြီး နင်တို့ နာရီမအကြောင်းကို သိစေ့ရမယ်။ ငွေမှန်ရင် ရေအောက်တွင်းတူး မြှုပ်ထားပေ့စေ။ ငါ့လက်ထဲ ရောက်ရစေ့မယ်ဟေ့'

'နေစမ်းပါဦးအေ။ နင်ပေါတဲ့ ကိစ္စအသာထားပြီး ဒီပိုက်ဆံတွေက…'

ကတုန်ကယင် မေးလိုက်တဲ့ ငါ့စကားမဆုံးခင်…

'ပွဲတော့ ပွဲမမရဲ့၊ အညာက လာငှားတဲ့ပွဲ သိတော်မူပြီလား။ ပွဲစားတွေ အလုအယက် ဝိုင်းဆွယ်နေကြတဲ့အထဲက ကိုယ့်ဇာတ်ကလေး ထည့်ပါစေတော့ဆိုပြီး ငါ့မယ် မျက်ခုံးလှုပ်ပြရ၊ မျက်စိလှုပ်ပြရနဲ့ အပါဆွဲခေါ်လာရတယ်။ ဘုန်းကြီးပျံပွဲ မူတည်ပြီးတော့ အဲဒီနယ်မှာ ဘုရားပွဲ ကျောင်းပွဲတွေ လုပ်မှာပေါ့ဟာ။ ငှားတဲ့ လူကြီးတွေက ကောင်းရင် ကောင်းသလို ဆုချမယ်၊ ငွေဆိုတာ၊ အကြောင်း မဟုတ်ပါးဘူးတဲ့။ ငါးညကို လေးသိန်းခွဲနဲ့ စာချုပ်လို့ ဇာတ်ဆရာ

www.foreverspace.com.mm



က ငါ့ကို မုန့်ဖိုးပေးလိုက်တယ်လေ။ ပွဲငှားတဲ့ လူတွေကြည့်ရတာ ဒါသမား တွေနဲ့ တူပါရဲ့'

စကားထဲမှာ လက်ထိပ်နဲ့ လက်ခလယ်ထိပ်ပွတ်ပြီး လှည့်ပြလိုက်မှ သြော်… ပွဲနဲ့ ကစားဝိုင်းတွေ ထည့်မှာကိုးလို့ ငါ သဘောပေါက်ခဲ့ရတယ်။ နင်ကတော့ နင့်ပုံစံအတိုင်း မထီတရီလေ။ ဒါကြောင့်လည်း ခန္ဓာကိုယ် အချိုး အဆစ်လှသလောက် မျက်နှာက ပြိုင်လှနေပြီး ရည်းစားထည်လဲတွဲတတ်တဲ့ နင့်ကို နာရီမလို့ နာရီမလို့ နာမည်ပြောင်းပေးထားကြတာ။

'ရည်းစားဆိုတာ လက်ပတ်နာရီတွေလိုပါပဲ။ တစ်မျိုးတည်း စွဲစွဲကြီး ပတ်မထားနဲ့ဟဲ့။ ကြာရင် ပုံရိုးပုံအကြီးတွေ ဖြစ်သွားတတ်တယ်။ အပြောင်းအလွဲ လေးတွေနဲ့ ဆိုတော့ ပျော်စရာမကောင်းဘူးလား။ နင် တစ်ခုသေချာတာတော့ မှတ်ထား။ အချစ်စကားတော့ ပုံစံမျိုးစုံ ကြားရမယ်။ သစ္စာစကားလည်း ပေါင်းစုံ ပဲ။ ဒါပေမယ့် ဘယ်သူ့စကားမှ မယုံလေနဲ့။ ဘယ်ယောကျ်ားသစ္စာကမှ မှန်ကန် တည်မြဲဖူးတယ် မရှိဘူး။ နာရီများ ချို့ယွင်းချက်မျိုးစုံနဲ့ စက်ပျက်သလို သူတို့ ကလည်း အဖေ့ကြောင့်၊ အမေ့ကြောင့်၊ စီးပွားရေးကြောင့်၊ ဘဝခြင်းမတူတာ တွေကြောင့်နဲ့ ညောင်ညိုပင်စခန်းက လမ်းခွဲသွားကြတာချည်း။ ငါကတော့ ချစ်လား အင်း၊ သွားတော့မယ်နော်။ တာ့တာပဲ။ မြန်မာပြည်မှာ နာရီတွေများ အချိန်တွေ မှန်နိုင်ပါတော့မလား၊ အဲဒီသီချင်းသာ အရကျက်ထားဟေ့'

နင့်ပတ်ဝန်းကျင်မှာ ကဲ့ရဲ့မေးငေါ့သံတွေ လှိုင်နေပေမယ့် နင် အသွား အလာမပျက်ဘူး။ အပြုံးအရယ် မပျက်ဘူး။ 'ပြောကြပါစေဟယ်၊ ကိုယ်ငတ် နေတော့ သူတို့ ဆန်တစ်ဆုပ် ရေတစ်ခွက် တိုက်တာမဟုတ်ပါဘူး။ အလကား နားညောင်းတယ်။ ငါ့ကွယ်ရာမှာ ငါ့အတင်းပြောတဲ့ သူဟာ ငါ့ခြေထောက်ကို ရှိခိုးတာပဲ'

အခုလည်း ကြည့်၊ နင်ကြိုးစားလို့ ဒီပွဲကလေးရတာကို မလိုတမာ စကားတွေနဲ့ ဒီကောင်မက ဟိုကျရင် ဘယ်လိုချူလိုက်မလဲဆိုတာ ကြည့်သာ နေကြတို့၊ ဇာတ်သိက္ခာကတော့ နာရီမအတွက် ဗုန်းဗုန်းကျတော့မှာပါတို့ ဝေဖန် ကဲ့ရဲ့ကုန်ကြပြီလေ။ ဒီပွဲက လေးငါးခွင် ခြောက်ခွင်ကို ကရင် ကိုယ့်ညကြေး ဘယ်လောက်ရမယ်။ ကိုယ့်မိသားစုတွေ ထမင်းအိုး ဘယ်လိုစိုမယ်ဆိုတာ မတွက်ဘူး။ ရှိခဲ့ဖူးတဲ့ အရိပ်မည်းနဲ့ စေတနာကို လိုက်ဖုံးကွယ်ပစ်ဖို့ ကြိုးစား နေကြတုန်း။ ဒါပေမယ့် နင်ကတော့ မမှုပါဘူး။ ထုံးစံအတိုင်း မဲ့ပြုံးကလေး

www.foreverspace.com.mm



ပြုံးပြီး ငါ့အတွက် နင် စိတ္တဇဖြစ်မနေနဲ့။ ငါက မတုန်လှုပ်တော့ဘူး။ နင် သိထားဖို့က ငါဟာ အဆိုတော် ပြဇာတ်မင်းသမီး၊ ငါ သီချင်းဆိုတာ ကြိုက်ရင် ဆုချမှာပဲ။ သရုပ်ဆောင်တာ နှစ်သက်ရင် ဆုချမှာပဲ။ အဲဒီလို နယ်မှမဟုတ်ဘူး။ မြို့ပေါ်ပွဲတွေမှာလည်း ငါ ဆုချရနေတဲ့ဥစ္စာ။ အေးလေ… သီချင်းဆိုတယ် ဆိုမှတော့ ကြာလေး ဖျာပါလေးတော့ ထည့်ရတာပေါ့။ လက်ကလေး ခြေကလေး နည်း နည်းလှုပ်ရတာပေါ့။ အဲဒါကို ဝန်တိုပြီး ချူတယ် ချိုင်တယ်ထင်ရင်လည်း ဟာ… ပြောရတာကို ကျက်သရေ မရှိပါဘူး။ နားထဲ ထားမနေနဲ့ဟာ။ အဲလို အတွန်းအတိုက်၊ အပုတ်အခတ်တွေ ကြားထဲကပဲ ဟောဒီ ပညာပွဲခွင်ကို ကဖို့ ခရီးထွက်ခဲ့ရရော ဆိုပါတော့။ ဟဲ့… အခု ငါတို့ သွားကရမယ့်မြို့က နာရီအဆန်း လေးတွေ ပေါလောက်တယ် မဟုတ်လား။ မဆီမဆိုင် မေးလာတဲ့ နင့်မေးခွန်း ကို ယောင်လည်လည် ငါက အို… နင်ရူးနေသလား။ အခု သွားကရမှာက စားပွဲတင်နာရီတော့ ပေါတယ်ဆိုတော့ ရယ်လိုက်တာ။ မျက်စိပေါက်တောင် ပိတ်လုမတတ်။ ပြီးတော့မှ ခပ်တည်တည်ကလေးနဲ့ ငါပြောတဲ့နာရီက သစ္စာ ဆိုတတ်တဲ့ နာရီဟဲ့။ အနုပညာကို မြတ်နိုးသလိုလိုနဲ့ မင်းသမီးကို သံယောဇဉ် စကားပြောတတ်တဲ့ နာရီ။ ပွဲတစ်ပွဲကို တစ်လုံးပဲပတ်ပြီး နောက်ပွဲကူးတဲ့အခါ ကျတော့ သံပတ်တွေ အလိုလို လျော့သွားပြီး သံယောဇဉ်တွေ သံချေးတက်သွား တတ်တဲ့ နာရီဟေ့။ ကုန်းပတ်ပေါ်က ရယ်လိုက်တဲ့ ထိုအသံတွေဟာ ရေဆန်ကို ကျုံးရုန်းနေရတဲ့ သင်္ဘောစက်သံကို လွှမ်းလုနီးပါး၊ နံဘေးက ခရီးသည်တွေတောင် ဝိုင်းကြည့်ကုန်ကြရဲ့။ လူရွှင်တော် ဦးလေး ကိုစက္ကူကတောင် စာဖတ်နေရာက လှမ်းပြီး ဟိုကောင်မနော်၊ ငါ့သမီးတွေကို အတတ်ကောင်း နည်းကောင်းတွေ သင်တန်းပေးမနေနဲ့လို့ လှမ်းပြောတော့ နင်က နင့်လက်ကောက်ဝတ် ဖြူဖြူလေး ပေါ်က ရွှေရောင်နာရီလေးကို မြှောက်ပြပြီး ဟိုကျရင် ဒါဝယ်မလို့ ဦးလေးရေ၊ တိုင်ပင်နေကြတာဆိုတော့ ဦးလေး ကိုစက္ကူက အေးဟ၊ ငါ့လည်း တစ်လုံး ကောင်းလောက် ရှာပေးကြပါဦးလို့ စကားအစအဆုံး မသိဘဲ ဝင်ပြောတော့ ရယ်ကြရပြန်ရော။

လှိုင်းသံ စက်သံတွေကလည်း ဆူလို့ ညံလို့ပါ့။

လက်ခုပ်သံတွေ ဩဘာသံတွေ ဆူညံနေတယ်။ နင့်သီချင်းဆိုကဏ္ဍ ကလည်း ကောင်းတယ်လေ။ မဆိုခင်မှာ နင်ပြောပြမိတ်ဆက်နေတဲ့ စကားသံ ကလေးကိုက စွဲမက်စရာလေး။ မိတ်ကပ်အလှ၊ ကိုယ်နေဟန်ထားအလှ၊ အရည်

www.foreverspace.com.mm



အသွေး၊ အလှတွေနဲ့ ပေါင်းစပ်လိုက်တော့ နာရီမရဲ့ ညဖြစ်သွားတော့မှာ သေချာတယ်။ ပွဲခင်းကို ဝန်းရံထားတဲ့ လောင်းကစားဝိုင်းပေါင်းစုံက အော်သံ ဟစ်သံတွေကလည်း ပွဲခင်းထဲကို တိုးခွေ့ဝင်လာတတ်သေးရဲ့။ မှတ်မှတ်ရရ ငါတို့ဇာတ်ထောင် ဆရာကြီး မူးမူးနဲ့ ငွေလေးသောင်းနီးပါး နိုင်လာတဲ့ နေ့လေ။ တို့တစ်ဇာတ်လုံးကလည်း ဝမ်းတွေသာလို့၊ ပျော်လို့ ဣန္ဒြေမပျက်တဲ့သူဆိုလို့ ဦးလေး ကိုစက္ကူကြီးပဲ။ သူကတော့ မရယ်မပြုံးမျက်နှာကြီးနဲ့ အင်း··· ရလာတာလေး အကောင်းမမှတ်နဲ့။ ကိုယ့်အိတ်ထောင်ထဲ ဘယ်လောက်ရှိသလဲဆိုတာ အလည်လာပြီး ကြည့်တာဗျလို့ ပြောတာကို ဇာတ်ဆရာရဲ့ လူယုံတွေက စိတ်ဆိုးချင်ကြသေးတယ်။ ဦးလေးကိုအုန်းပွင့်ကတော့ သူ့ထုံးစံအတိုင်း မျက်ထောင့်နီကြီးနဲ့ စက္ကူကို စိတ်မဆိုးနဲ့။ ဒီကောင်က လောင်းကစားနဲ့ ဘဝပျက်တဲ့အကောင်။ ပြီးအောင် စောင့်ကြည့်ကြဦး။ အေး··· အုန်းပွင့်တို့ကတော့ နိုင်လာတဲ့ မုန့်ဖိုးလည်း မယူဘူး။ ရှုံးတဲ့အခါလည်း ညကြေးကိုတော့ ငါးပြားမှ မလျှော့နိုင်ဘူး။ ပြတ်ပြတ်ပဲ။ ဒါ မူးနေတုန်း စကားပြောထားတာလို့ အော်ကြီးဟစ်ကျယ် ပြောနေလေရဲ့။

'ဟဲ့ကောင်မ၊ ငါတော့ နာရီတစ်လုံး တွေ့ထားပြီအေ့' ပြဇာတ်အပြီး နှစ်ပါးအတွက် အဝတ်အစားတွေလည်း မိတ်ကပ်ပြန်ပြင်နေချိန်မှာ ရယ်သံတစ်ဝက်နဲ့ ပြောလာတဲ့ ညည်းကို ပြုံးပြီး ကြည့်ရင်း···

'ဘယ်မှာလဲ··· ဘယ်ကတဲ့လဲ'

ညည်းကတော့ မထီတရီ မဲ့ပြုံးလေးနဲ့ ပခုံးတွန့်ပြပြီး···

'ဒီနာရီမျိုးက စက်သိပ်မမှန်တတ်ဘူးအေ့။ ဟောင်ကောင် နာရီမျိုး။ ကစားဝိုင်းက နိုင်လာလို့ ငါ့ကို ဆုချရင်း မိတ်ဆက်သွားတာ ကစားသမားဆိုတာ အခု သရဖူဆောင်းပေမယ့် တော်ကြာ သူတောင်းစားဖြစ်သွားတတ်တာမျိုး၊ ပုံမှန် အိတ်ထောင်မဟုတ်ဘူး။ ဒါကြောင့် ငါ ခပ်မှန်မှန်ပဲ ဆက်ဆံလွှတ်လိုက် တယ်။ အခြေအနေ စောင့်ကြည့်ရဦးမယ်လေ'

ညည်းဝေဖန်တာ မှန်လိုက်တာ နာရီမရယ်၊ ကစားသမားဆိုတာ အခု သရဖူဆောင်းပေမယ့် တော်ကြာ သူတောင်းစား ဖြစ်သွားတတ်တာမျိုးတဲ့ ဟုတ်တာပေါ့။ ဒုတိယညကစပြီး ဇာတ်ဆရာကြီး ရှုံးလိုက်တဲ့ အရှုံး ခွက်ခွက်ကို လန်ပါရောလား။ ဆရာအထိနာတော့ တပည့်တွေက နှာတင်း အရှိုးအရင်းလောက် ရတဲ့ ညကြေးတွေနဲ့ သွားကစား၊ နိုင်ခဏ ရှုံးတော့ ထာဝရ။ ရွှေပေါင်၊ ငွေချေး

www.foreverspace.com.mm



ပွဲကြေးတွေပါ အလွဲသုံးစားပြု ဒီလိုနဲ့ ပွဲခွင်တစ်ခွင် ညကြေးမရှင်းနိုင်၊ နောက်တစ်ခွင် ထပ်ကူး၊ ထပ်ရှုံး အဲဒီမှာ တဖြည်းဖြည်း ပြိုးလာတာက ဦးလေးကိုစက္ကူပဲ 'ကိုင်းဗျာ… ဘယ်နှယ့်ရှိစ၊ ဒေ့သည်ကို နေရာပေးတော့ ခွေးက တက်ဆင်းအိပ်ရကိန်း ဆိုက်ပြီ မဟုတ်လား။ ဒါကြောင့် ခဏအလည်လာတာပါလို့ ပြောရက်နဲ့'

ဘယ်သူမှ မတုံ့ပြန်ရဲကြဘူး။ အဘ စိန်ကျော်ရွှေက ဆိုရင် 'အင်္ဂလိပ်ခေတ် ကစားဝိုင်းပွဲတွေကတည်းက ငါ မင်းသား ကလာတာပါကွာ။ ဘယ်သဘင်သည်မှ ဘဝကျွတ်အောင် နိုင်တယ် မကြားဖူးခဲ့ပါဘူး။ ဖွတ်ဖြစ်ဖို့သာ နီးစပ်တာပါ'

ဦးလေးကိုအုန်းပွင့်ကတော့…

'မီးလောင်တာက ရောင်းစားစရာ မြေကွက်ကျန်ဦးမယ်။ လောင်းကစားဆိုတာက အဲဒီမြေကွက်ပါ၊ ဝါးစားပစ်တာဗျို့။ ငွေမျော ငွေနဲ့လိုက်၊ ငွေနဲ့ လိုက်ရုံမကဘူး။ အခု ဖိုးတွမ်တီးနဲ့ပါ လိုက်ကုန်ပြီ'

လက်ခံထားတဲ့ ပွဲခွင်တွေ ကုန်သွားပြီ။ ပွဲကြေးတွေကလည်း အဖွဲ့ကို မရှင်းနိုင်ဘဲ ကုန်သွားပြီ။ ဇာတ်ပစ္စည်း၊ တီးဝိုင်း မီးခွင်တွေလည်း ကစားဝိုင်းဒိုင်တွေဆီမှာ ကုန်သွားပြီ။ ဇာတ်ထောင်ဆရာကြီးကတော့ နောက်ပွဲတစ်ပွဲ ကပေးကြပါ၊ အဲဒီခွင်မှာ သူ အကုန်လုံး ပြေလည်အောင် ရှင်းပေးပါ့မယ်လို့ အစည်းအဝေးခေါ်ပြီး လက်မှတ်ထိုးတယ်။ အဲဒီပွဲခွင်ဆိုတာ ဆယ့်ငါးရက်လောက်နားပြီးမှ ကရမယ့်ပွဲ။ ရောက်နေတာလည်း သုံးလကျော်ခဲ့ပြီ။ ဇာတ်သမား လက်ထဲမှာလည်း စားလိုက် သောက်လိုက်၊ ကစားလိုက်နဲ့ ငွေမရှိ။ အဲဒီမြို့လေးက ဇာတ်ရုံအိုကြီးထဲမှာ ကုန်းခေါင်ခေါင် သောင်တင်သွားပြီ။ နားတဲ့ရက်မှာ ချက်စားစရာ ဆန်ဖိုးတောင် နတ္ထိ။

ဒါတွေ နင် အပြည့်အစုံ သိမှာမဟုတ်တော့ဘူးလေ။ နင်က နာရီအသစ်ကလေးတစ်လုံး ရသွားပြီကိုး။

'ငါလေ ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ကို အားကိုးတကြီး ချစ်ခဲ့ဖူးတယ် သိလား။ သူ့အတွက် အိမ်က သဘောမတူတဲ့ကြားက ဘဝပါပုံပြီး လက်ထပ်ခဲ့တာ။ ငါလည်း အငြိမ့်မင်းသမီးဘဝက ရာထူးကျပြီး ဗလာဇာတ်ထဲ ရောက်လာခဲ့တာပဲ။ နောက်တဖြည်းဖြည်းနဲ့ ရွှေကိုယ်တော်က ခွာမှန်းမသိ ခွာတော်မူရာ သူက ငါ့အောင်မြင်ကျော်ကြားမှုကို မြတ်နိုးတန်ဖိုးထားတာကိုး။

www.foreverspace.com.mm

ငါ့ကို ဗာလဇာတ်မင်းသမီးအဖြစ် လူပုံအလယ် ထုတ်မပြရဲတဲ့အချိန်မှာ သူ့မေတ္တာ၊ စေတနာဆိုတဲ့ ဥစ္စာတွေက ဘာအရာရောက်တော့မှာလဲ။ ငါကလည်း ထိပ်ချမှ ဓားပြမှန်းသိတာဟဲ့။ ဒါနဲ့ လူများများမသိခင် ကွာပေးလိုက်ပါတယ်။ အဲဒီနောက် မှာတော့ ငါ အချစ်ဆိုတာကို ယုံကြည်ကိုးစားတဲ့ စိတ်ဓာတ်တွေ ကုန်သွားရော။ တကယ်တော့ ယောကျ်ားဆိုတဲ့ သတ္တဝါတွေဟာ ချစ်နေဖို့ပဲကောင်းတာ။ ယူဖို့ တော့ မစဉ်းစားနဲ့၊ အမိတို့ အိပ်ရာထဲမှာ လူရှုပ်နေတာပဲ အဖတ်တင်တာမျိုး'

နင့်အတွေးနဲ့နင်တော့ မှန်မှာပေါ့ဟယ်။ ဒါပေမယ့် နင့်လုပ်ရပ်ကြီးကို နံဘေးက ကြည့်ရတာ အန္တရာယ်ကြီးလွန်းလှတယ်။ အခုပဲကြည့်တော့ လုပ်ငန်း ရှင် အကျင့်ပျက်တာကိုတော့ မပြောရဲကြဘူး။ ရွှေရောင်စူပါကပ်ကလေးနဲ့ လှစ်ခနဲ လှစ်ခနဲ ပျောက်လိုက် ပေါ်လာလိုက် နင့်ကို ဝိုင်းပြီး လက်ညှိုးထိုး မေးငေါ့နေ ကြပြီ။ သူကတော့ အကြိုက်တိုးနေတာပေါ့တို့၊ ဒီလိုနေချင်လို့ ဒီပွဲကို သူ ရှာလာတာလေတို့၊ အို… မလိုတမာစကားတွေ နားနဲ့မဆံ့တော့ပါဘူး။ ပြောမယ့် သာ ပြောနေကြတာ သူတို့အားလုံး စားဖို့ဆန်၊ ဆီနဲ့ ဈေးဖိုးတွေကို နင်က နင့်နာရီလေးဆီက နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းဖန်တီးပေးနေတာလည်း သူတို့အသိ။ ငါတို့ ဇာတ်ဆရာကြီးနဲ့ တပည့်တွေက အရှုံးသမားတို့ ထုံးစံအတိုင်း ကစားဝိုင်း ရှိရာက ပြန်မှ မလာကြတော့တာ။

'မပူကြနဲ့နော်၊ ညကြေးသာ ရှင်းမပေးနိုင်တာ။ ကိုယ့်လူတွေ မငတ် အောင်တော့ ကြံရဖန်ရမှာ။ ကိုယ့်ပွဲဆိုတော့ ကိုယ့်တာဝန်ပဲလေ။ နောက်ဆုံး ကိုယ့်မြို့ကိုယ် ပြန်နိုင်အောင်ထိ ဖန်တီးရမှာပဲ'

ဒီလိုနဲ့ မိုးဖြိုင်ဖြိုင်ရက်တွေကို ရောက်မှန်းမသိ ရောက်လာခဲ့တယ်။ လောင်းကစားနွံမှာ စုန်းစုန်းမြုပ်နစ်တဲ့ ဘဝရောက်နေတဲ့ တို့ဇာတ်ထောင်ဆရာ ကြီး အဖြစ်ကလည်း ရင်နာစရာ။ လောင်းကစားဒိုင် ကန်ထရိုက်ဆီကိုတောင် ပစ္စည်းတွေအားလုံး ရောင်းလိုက်ရတဲ့ဘဝ။ တီးဝိုင်းသမားတချို့လည်း ပြန်သွား ကြပြီ။ ငါတို့ မပြန်နိုင်သေးတဲ့ လူစုကသာ ခါးပြတ်အငြိမ့်ပွဲကလေး ကလိုက်၊ အဆိုကလေး လိုက်လိုက်နဲ့ အသက်ဆက်နေရတုန်း၊ နောက်ကရမယ့် ပွဲခွင်ကို မျှော်လင့်နေတုန်း ဗြုန်းဆို ကစားဝိုင်း အမိန့်မပေးတော့ဘူး။ သက်ဆိုင်ရာက တားမြစ်ဖမ်းဆီးလိုက်တော့ နင့်နာရီ (ယာယီ)လေးလည်း ပါသွားရော။

'ခက်တာပဲ၊ ငါ့လက်ဝတ်လက်စားတွေက ဆရာကြီး ယူပေါင်ထားတာ ဆိုတော့ ဟိုပွဲရွှေးပေးနိုး၊ ဒီပွဲရွှေးပေးနိုးနဲ့ ရက်တွေလည်း ညောင်းနေပြီ။ ပြီးတော့

www.foreverspace.com.mm



နင့်မို့ ငါ ပြောရဦးမယ်' တိုးတိုးကလေး ကပ်ပြောလိုက်ပေမယ့် ငါ့နားထဲမှာ ဗုံးခွဲလိုက်သလိုပဲ။ ငါ ရင်တွေတုန် ခြေတွေလက်တွေ တုန်နဲ့ ဖြစ်သွားပြီ။

'နင် အဲဒါ ဘယ်လိုလုပ်မလဲ ဒုက္ခပါပဲ'

'အရပ်လက်သည်တစ်ယောက်လောက် ရှာရမှာပေါ့။ ဒီအတိုင်းတော့ ပြန်လို့ မဖြစ်ဘူး။ ဟိုမှာလည်း ငါက စပေါ်ယူပြီးသား'

'ဒုက္ခပဲ နာရီမရယ်။ အဖွဲ့ကမှ သောင်တင်နေတဲ့အထဲ'

'ဟဲ့ မပူပါနဲ့။ နင်တို့ကို ပြန်ပို့နိုင်အောင်ကြိုးစားနေတာပါ။ ငါ့ကိစ္စသာ'

ဦးဆောင်ခေါင်းရွက် အကျင့်ပျက်တာ နောက်လိုက်ငယ်သား ဆိုတာက ဘာသားထုထားတာမို့ ခံနိုင်မှာလဲ။ လောင်းကစားဝိုင်း ဇယားကွက်ထဲမှာ ငွေတွေ စည်းစိမ်တွေတင် ရှုံးရတာ မဟုတ်ဘူး။ အကျင့်စရိုက်တွေ၊ အနုပညာသိက္ခာ တွေပါ ရင်းစားပြန်မရစတမ်း စုန်းစုန်းမြုပ်ရှုံးရပြီလေ။ မြစ်ကျဉ်းရေစီးထဲမှာ အလိုက်သင့် မျောပါရင်း ခက်ခက်ခဲခဲ ဆန်တက်လာနေတဲ့ မော်တော်ကလေး တစ်စင်းကို မြင်ရတော့ ဘဝတစ်ခု ရှင်သန်မှုအတွက် အသက်လုရင်း ရုန်းကန်နေရ ရှာတဲ့ နင့်ရဲ့ သည်းထိတ်ရင်ဖို နေ့ရက်တွေကို ငါမြင်ယောင်နေမိတယ်။ ဝါဖျော့ ဖျော့ အသားအရေ၊ မကျွမ်းမကျင် အရပ်လက်သည်ရဲ့ အမှားကြောင့် သွေးအား တွေ တစ်စထက်တစ်စ ဆုတ်ယုလာရင်း ပြည့်ဖောင်းစိုအိ နင့်အလှတွေဟာ ရေစိုဝတ်ကို ညှစ်ချလိုက်သလို ညှိုးချုံးနွမ်းရော် မျက်နှာလေးနဲ့ ငါ့လက်ကို ကယောင်ကရမ်း ဆုပ်ကိုင်ရင်း မပီမသ ဂူးဂူးဝါးဝါးတွေ နင် အော်ဟစ်နေခဲ့တာ။ ကျွမ်းကျင်တဲ့ ဆရာဝန် ရောက်လာချိန်ကျတော့…

'သွေးလွန်နေတဲ့အချိန်မှာ ငှက်ဖျားပိုးဝင်သွားတာပါ။ ကိုယ်ခံအားက နည်းနေတော့…'

စကားကို ရပ်ပြီး လူနာကို တွေတွေစိုက် အကဲခတ်နေတဲ့ ဆရာဝန် မျက်နှာကို ကြည့်လိုက်ကတည်းက နင့်အနာဂတ် လုံးဝအကျည်းတန်သွားပြီဆိုတာ ငါတို့ သိလိုက်ရတယ်'

'မကစားကြပါနဲ့၊ မကစားနဲ့၊ မနိုင်တော့ဘူး။ ပြန်မယ်။ အားလုံးပြန်ကြ မယ်။ သဘော်ကြီးနေပါဦး၊ မနိုင်တော့ဘူး။ ငါ့ကို ကယ်ကြပါ၊ နင်တို့နဲ့အတူ ငါပြန်မယ်၊ ငါ့နာရီ နာရီလေး… သဘော်ကြီး နေပါဦး'

အော်သံ၊ ဟစ်သံ၊ အရုန်းအကန် အငိုအကြွေးတွေကြားမှာ နင်…နင် အားလုံးကို စွန့်ခွာသွားခဲ့ပြီ။ နင်ရှာပေးခဲ့တဲ့ ဆန်တွေ၊ ဆီတွေ ငါတို့ မျိုလို့

www.foreverspace.com.mm



ကျနိုင်ပါတော့မလား နာရီမရယ်။ နင်လေ ငါတို့အားလုံးကို အနိုင်နဲ့ပိုင်းသွားခဲ့တာပါ။ အားလုံး နင့်ရဲ့အလောင်းကလေးကို ပြင်ပြီး ဈာပနအတွက် စီစဉ်တိုင်ပင်နေကြခိုက် ဓာတ်ဆရာကြီး အရက်ခိုးဝေနေတဲ့ မျက်နှာနဲ့ ရောက်လာတယ်။ သူ့ရဲ့ နောက်မှာလည်း ညော့်သည်သုံးယောက် ပါလာတယ်။ ဓာတ်ဆရာမျက်နှာပေါ်က ချွေးတွေသုတ်ရင်း…

'ကဲ… သေတဲ့လူလည်း သေသွားပြီ။ ဒီတော့ ဟောဒီဆရာတွေက နာရီမရဲ့ ဈာပနကို ကန်ထရိုက်ဆွဲချင်တယ်တဲ့။ မင်းတို့သိတဲ့အတိုင်းပဲ။ နာရေးက လွဲရင် ကစားအမိန့်က မရတော့ဘူးလေ။ အဲဒါ သူ့နောက်ဆုံးခရီးလည်း လှသွားအောင် သူတို့လည်း အကျိုးရှိသွားအောင် ညှိကြရအောင်ကွာ'

ဓာတ်တာဝန်ရှိ ပုဂ္ဂိုလ်တွေ စည်းဝေးပြီး လက်ခံလိုက်ကြတယ်။ ငါးရက်နဲ့ ရက်လည်ဆွမ်း ကျွေးမယ့် ကုန်ကျစရိတ်ထိ သုံးသောင်းရသတဲ့။ နာရီမရယ် နင်ဟာ သေတာတောင် သောင်းကျော်တန်နေတုန်းပါလား။ ငွေပေးငွေယူ လုပ်တော့ ဓာတ်ဆရာက…

'ဒါ ဆွမ်းကျွေးစရိတ် ငါးထောင်ရော့၊ ကျန်တဲ့ ဟောဒီနှစ်သောင်းငါးထောင်က ငါ့အရှုံးလေး ပြန်ဆယ်ဖို့'

'ပေးစမ်း'

ဦးလေးကိုအုန်းပွင့် ပိုက်ဆံအထပ်လိုက်ကို ဆွဲလုပြီး ငိုသံပါကြီးနဲ့ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျရင်း…

'မန္တလေးပြန်ရောက်မှ သူ့မိဘတွေကို ခင်ဗျား ပြန်ဆပ်၊ ဒါ… ဒါ ကျုပ်တို့ဓာတ်အဖွဲ့ အပြန်စရိတ်'

အသက်ကို တန်ကြေးဖြတ်ပြီး တို့ဓာတ်ကို စရိတ်ပေးခဲ့တဲ့ နာရီမရယ်။

နင် သိပ်ကတိတည်တာပဲ။ ငါတို့တွေ ကိုယ့်ဓာတိမြေကို ဝမ်းနည်းစွာပြန်ရောက်ကြရတော့မယ်။ ဆူညံနေတဲ့ သင်္ဘောစက်သံတွေကြားမှာ ငါကတော့ နင့်အသံ စူးစူးကလေးကို ကြားနေရတုန်း။

'မကစားနဲ့ မနိုင်ဘူး၊ အားလုံးပြန်ကြမယ်။ သင်္ဘောကြီး နေပါဦး… မကစားကြနဲ့… သင်္ဘောကြီး… ရေ…'

■

**ချစ်စရာ**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၇၁၊ စက်တင်ဘာလ၊ ၁၉၉၅**

www.foreverspace.com.mm

# အောင်ဘာလေနှင့် ရွှေငါးလေးငါးကောင်

**မောင်ကိုကို၊ အမရပူရ၊**

စာပေသမားဘဝဖြင့် ကမ္ဘာလောကကို
ကျွန်တော်တို့ ရင်ဆိုင်ရာမှာ
ဘဝအနေအထား ပြိုကွဲဖွယ်ရာ အကြောင်းများ
လူမှုရေး၊ စီးပွားရေး မလုံခြုံမှုအပေါ်မှာ
ရုတ်တရက် ထိုးနှက် ကုတ်ခြစ်ခံလိုက်ရသော
သွေးစိမ်းရှင်ရှင် ဒဏ်ရာများလည်း
ရရှိလာတတ်ပါသည်

www.foreverspace.com.mm

# အောင်ဘာလေနှင့် ရွှေငါးလေးငါးကောင်

**မောင်ကိုကို၊ အမရပူရ၊**

၁။

ဂျင်းဘောင်းဘီတစ်ထည် ဝတ်ပြီး အုတ်ရေကန်ပေါ် ထိုင်ကာ အုတ်ရေကန်ထဲက ရွှေငါးများစွာကို စောင့်ကြည့်စစ်ဆေးရသည့်အလုပ်ကို ကျွန်တော် သဘောကျပါ၏။ ကိုယ်တိုင်စိတ်ကူးယဉ်လို့လည်း ကောင်းပြီး ပိုက်ဆံလည်း ရသည့်အလုပ်မို့ ရွှေငါးမွေးပြီး သားဖောက်ရောင်းရတာ ပျော်စရာကောင်းပါသည်။

ကျွန်တော်သည် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မန္တလေးမြို့၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်က လူထုစာအုပ် အရောင်းဆိုင်လေးသို့ မရောက်ပြန်တော့ပါ။ လူထုစာအုပ်ဆိုင်ကလေး၏ရှေ့မှာ ဗာဒံပင် စိမ်းစိမ်းဝိုင်းဝိုင်းလေး ရှိပါသည်။ ထိုဗာဒံပင်ကလေး ရှိခြင်းကြောင့်ပင် ညနေခင်းတွေမှာ မွန်းလွဲပိုင်းတွေမှာ ကျွန်တော်တို့တစ်တွေ အရိပ်ရရှိခဲ့ကြဖူးပါသည်။ စာပေသမားဘဝဖြင့် ကမ္ဘာလောကကို ကျွန်တော်တို့ ရင်ဆိုင်ရာမှာ ဘဝအနေအထား ပြိုကွဲဖွယ်ရာ အက်ကြောင်းများ၊ လူမှုရေး၊ စီးပွားရေး မလုံခြုံမှုအပေါ်မှာ ရတ်တရက် ထိုးနှက်ကုတ်ခြစ်ခံလိုက်ရသော သွေးစိမ်းရှင်ရှင် ဒဏ်ရာများလည်း ရရှိလာတတ်ပါသည်။ သို့သော် ထိုဒဏ်ရာဒဏ်ချက်များ၊ သွေးစိမ်းရှင်ရှင်များ၊ အက်ကြောင်းများသည် ဗာဒံပင်လေးအောက်သို့ ရောက်သောအခါတွင် သွေးတိတ်ဆေးများ၊ အားဆေးဘာပလက်များ၊ ဆေးဝါးကုသသူများနှင့် အလိုအလျောက် တွေ့ရတတ်ပါသည်။ ‘ဒီကမ္ဘာမြေမှာ ငါတို့တစ်တွေ တည်ရှိနေကြသည်။ ငါတို့တစ်တွေမှာ အင်အား

www.foreverspace.com.mm



များ ရှိသည်။ ငါတို့သည် ဆေးဝါးကုသခံယူဖို့ မဟုတ်ဘဲ ငါတို့က အမြဲ ကျန်းမာနေပြီး ငါတို့က တခြားလူများကို ဆေးဝါးကုသပေးရမည်' ထို အတွေး အခေါ်များ ကျွန်တော် ရရှိခဲ့ပါသည်။ ဗာဒံပင်အောက်မှ ကျွန်တော့်မိတ်ဆွေများ နှင့် ဝိုင်းဖွဲ့စကားပြောရသောအခါ ဖြစ်ပါသည်။ စိတ်ဓာတ်များလည်း အသစ် တစ်ဖန် လန်းဆတ်နုပျိုလို့။ အဲဒီဗာဒံပင်လေးအောက်မှာ ကိုညို ရှိမည်။ ပိုင်စိုးဝေ ရှိမည်။ ကိုပြေ ရှိမည်။ ကိုသိုက် ရှိမည်။ ဆရာ ဝင်းစည်သူ ရှိမည်။ ကိုညိုထွန်းလူ ရှိမည်။ ကျွန်တော်တို့ အမှန်တကယ် ပျော်စရာ ကောင်းခဲ့ကြပါသည်။

၁၉၈၈ နောက်ပိုင်းမှာတော့ ဘဝလမ်းကြောင်းကိုယ်စီဟာ တစ်မျိုး တစ်ဖုံ ပြောင်းလဲလို့ လာခဲ့ကြသည်။ သူငယ်ချင်းတစ်ယောက်က ကုမ္ပဏီ၏ မန်နေဂျာ ဖြစ်နေသည်။ မိတ်ဆွေတစ်ယောက်က နိုင်ငံခြား ရောက်သွားပြီး အခြားမိတ်ဆွေတစ်ဦးက ဘယ်ရောက်လို့ ရောက်နေမှန်း ကျွန်တော် မသိခဲ့ပါ ချေ။ သူငယ်ချင်းတစ်ယောက်က အေးဂျင့်ယူကာ အီလက်ထရောနစ်ပစ္စည်းတွေ ရောင်းနေသည်။

၂။

ကျွန်တော့်ဘက်ကတော့ ရှင်းပါးသည်။ ကျွန်တော့်ခြံထဲမှာ တစ်ပေ သာသာ အမြင့်ရှိသည့်အုတ်ရေကန်တွေ တန်းစီပြီး တည်ဆောက်ခဲ့၏။ အဲဒီတုန်း က အုတ်ဈေးကလည်း မကြီးမြင့်လှချေ။ နောက်ပြီး မယ်ဇယ်တန်းနံဘေးမှာ အုတ်ဖိုကြီးတွေ များကြီး ရှိပါသည်။ ဦးပညာကတော့ အုတ်ဖိုတွေက အပူဓာတ် တွေဟာ၊ အုတ်ဖိုတွေက မီးခိုးတွေဟာ စိမ်းမှောင်တဲ့ မယ်ဇယ်ပင်တွေရဲ့ အလှကို ဖျက်ဆီးပစ်မှာလား စိုးရိမ်သည်။ မည်သို့ပင်ဖြစ်စေ အုတ်ဖိုများ အောင်မြင်စွာ တည်ရှိခဲ့ပါ၏။ ကျွန်တော် လှည်းငှားကာ အုတ်ခဲများ ဝယ်ပါသည်။

ကျွန်တော် ရွှေငါးကန်တွေ တည်ဆောက်နေချိန်တွင် လူအချို့ လာကြည့် ကြပါသည်။

'ဘာလုပ်မလို့လဲ၊ ရေချိုးကန်တွေ တည်ပြီး ရေရောင်းတော့မှာလား'

လူ့သဘာဝအတိုင်း စပ်စုကြပါသည်။

'မဟုတ်ပါဘူး…ငါးမွေးမလို့'

'ငါးဟုတ်လား၊ မွေးမြူရေးငါးပေါ့နော်။ ဝလာဗီးယားတွေလား၊ ကောင်းတယ်၊ ကောင်းတယ်။ နောက် ငါးဝယ်ရင် ဒီလာဝယ်မယ်၊ လတ်လတ် ဆတ်ဆတ် စားရတာပေါ့နော်'

www.foreverspace.com.mm



'အို…မဟုတ်တာ ကျွန်တော်က ရွှေငါးမွေးမယ့်ဥစ္စာ'

သူတို့တွေက တအံ့တသြ အလန့်တကြားဖြစ်လို့။

'ရွှေငါး ဟုတ်လား၊ ရွှေငါး။ နေပါဦး ရွှေငါးက ဘာလုပ်ဖို့ရာတုံး'

'ရွက်လှပန်းပင်လေးတွေ စိုက်သလိုပေါ့။ ဂမုန်းပင်တွေ၊ အင်ဒိုနီးရှား တရုတ်စကားပန်းပင်တွေ၊ ဘွန်ဇိုင်းတွေ၊ ကက်တပ်စ် ခေါ်တဲ့ ရှားစောင်းပင်ပု လေးတွေ အလှစိုက်သလိုပေါ့။ လူတွေဟာ ရွှေငါးကို အလှမွေးကြ၊ အလှကြည့် ကြမယ်။ ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာမှာ စစ်မရှိဖို့၊ ငြိမ်းချမ်းဖို့၊ လှပဖို့။ အဲဒီအတွက် ကျွန်တော်က ရွှေငါးတွေ မွေးမြူထုတ်လုပ်ရောင်းချသွားမှာလေ'

'သြော်…တခြားဟာနဲ့ကြောင်လို့ အားမရလို့ ရွှေငါးတွေနဲ့ ကြောင် ဦးမှာပေါ့နော်'

ကျွန်တော် ဘာမျှ မတတ်နိုင်ပါ။

ကျွန်တော်ကတော့ ဘာများတတ်နိုင်ပါဦးမည်နည်း။ ကမ္ဘာကြီးကို ငြိမ်းချမ်းလိုသူတစ်ယောက်အပေါ်မှာ စွပ်စွဲချင်သလို စွပ်စွဲကြပါစေတော့။

၃။

အုတ်ကန်များ တည်ဆောက်ပြီးခဲ့ပါပြီ။ ကျွန်တော့်လက်ထဲမှာ ရွှေငါး မွေးမြူနည်းစာအုပ်ကလေးလည်း တွန့်ကြေနေပါပြီ။

ကျွန်တော်သည် မန္တလေးမြို့၊ ၃၃ လမ်းသို့ မရောက်ဖြစ်တော့ဘဲ ၃၅ လမ်းနံဘေးက မှန်ကန်တွေနှင့် ရွှေငါးအရောင်းဆိုင်များသို့သာ ခပ်စိပ်စိပ် ရောက်ဖြစ်ပါတော့၏။ ကျွန်တော် ရောက်ဖူးချင်တာက ရွှေငါး မွေးမြူရေးခြံများ သို့ ဖြစ်ပါ၏။ မန္တလေးမြို့မှာ အုတ်ကန်အကြီး အကြီးကြီးတွေနှင့် ရွှေငါးတွေ အကြီးအကျယ်မွေးတယ်၊ သားဖောက်တယ်ဆိုတာ ကျွန်တော် သိထားပါသည်။ အဲဒီသတင်းအချက်အလက် ရထားပေမည့် အဲဒီနေရာကို ကျွန်တော်စုံစမ်းလို့ မရသေးချေ။ တစ်ဆင့်ယူရောင်းသည့် ၃၅ လမ်းတစ်ဝိုက်သို့သာ ရောက်နေ၏။

ရွှေငါးအရောင်းဆိုင်များက ရွှေငါးမွေးမြူသည့် ပင်ရင်းနေရာများသို့ ညွှန်ပြသည့်အလေ့အထ မရှိပါချေ။

'ဒီရွှေငါးတွေ အများကြီးရအောင် ဘယ်က ဝယ်တာလဲ'

ကျွန်တော်က မေးကြည့်ပါသည်။ စကားရောဖောရော လုပ်ရင်း မေးကြည့်ခြင်းဖြစ်ပါသည်။

'ဒီရွှေငါးတွေလား၊ ကိုယ်တို့ တစ်ပတ်တစ်ခါ ရန်ကုန် သွားဝယ်တာ

www.foreverspace.com.mm



ပေါ့ကွ'

အမျိုးသားကြီးက ပြောသည်။

'ကျွန်တော်တို့က အိမ်နောက်ဖေးမှာ သစ်သားကန်တွေ ရှိတယ်လေ။ သစ်သားတွေနဲ့ ကန်ခပ်နိမ့်နိမ့်လုပ်ပြီး ပလတ်စတစ်တွေခင်း ရိုက်ထားတာပေါ့။ ရေ လုံးဝမယိုဘူး။ တစ်ခုတော့ ရှိတယ်။ အဲဒီပလတ်စတစ် သစ်သားကန်ကို နေရိပ်တဲ့နေရာမှာ ထားရတယ် သိလား။ သစ်ပင်ရိပ်မှာပေါ့လေ။ မနက်နေလေးတော့ ရမှ ကောင်းတာပေါ့။ ကျွန်မတို့ ရွှေငါးသားဖောက်ရာမှာ နေရောင်ခြည် နုနုတော့ လိုအပ်တာပေါ့ရှင်'

အမျိုးသမီးက စကားအပြောအဆို ချောမွေ့သည်။

'အဲဒီရွှေငါးသားဖောက်တာလေးကို ကျွန်တော် ခဏတစ်ဖြုတ် ကြည့်လို့ ရမလားခင်ဗျား'

ရွှေငါးရောင်းသည့် အမျိုးသမီးက ပြုံးပါသည်။

'ကျွန်မတို့ ရွှေငါးသားဥတွေက မှော်ကလေးတွေမှာ ကပ်နေတာ အဲဒီ ဥကလေးတွေက လူစိမ်းဝင်လာရင် ရွှေငါးကလေးတွေ မပေါက်တော့ဘူး'

ကျွန်တော် သူတို့ထံမှ ရွှေငါးအနည်းငယ်နှင့် ရေဂမုန်းပင်လေး တစ်ပင် ဝယ်ခဲ့ပါသည်။ ရေဂမုန်းပင်လေးတွေက မှန်ရေကန်ထဲမှာ ချထားလျှင် အလွန် လှပပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် မန္တလေးမြို့ရှိ ဆိုက်ကားဆရာ တော်တော်များများကို လက်ဖက်ရည်တိုက်ပြီး ရွှေငါးခြံ တည်နေရာကို မေးမြန်းခဲ့ပါသည်။ ဆိုက်ကားဆရာ တော်တော်များများနှင့် တွေ့ဆုံ လက်ဖက်ရည်တိုက် ပြီးနောက် နောက်ပိတ်ဆုံးမှ တွေ့ခဲ့ရသော လူငယ်ဆိုက်ကားဆရာလေး၏ ပို့ ဆောင်မှုကြောင့် မန္တလေးအနောက်ပိုင်း ထင်းဝင်းရပ်မှ ရွှေငါးမွေးမြူရေး ခြံကြီး တစ်ခြံသို့ ကျွန်တော် ရောက်ရှိခဲ့ရပါသည်။ အဲဒီခြံ၏ အဝင်ဝမှာ လေးခန်း အိမ်လောက် ကျယ်ပြီး ကျွန်တော့်တစ်ရပ်လောက်ရှိသည့် အုတ်ကန်ကြီးထဲမှာ ရေမှော်တွေရော၊ ဗေဒါတွေရော၊ ရွှေငါးတွေရော ရေကူးနေကြပါသည်။ တိုက် နောက်ဖေးမှာ ရွှေငါးကန်တွေကလည်း မွစာကြဲနေတာပဲ၊ မှန်ကန်တွေကလည်း အများကြီးပဲ။

Lion Head ခေါ် ခြင်္သေ့ခေါင်းငါးတွေ၊ ဘာသာအိုင်းတွေ၊ ဘလက် မော်လီတွေ၊ အလက်မိုးတွေ၊ အိန်ဂျယ်တွေ၊ ဒစ်စကတ်တွေ၊ အော်စကာတွေ၊

ဆိုတေးတွေ၊ ဂျိုင်းတွေ၊ ငါးကြင်းရွှေဝါတွေ၊ ဖားပြုတ်လိုလို လုံးလုံးဝိုင်းဝိုင်း ရွှေငါးတွေ၊ အို… စုံလို့ပါပဲဗျာ။

'ကျွန်တော်က ဟောဒီတိုက်ကို ရွှေငါးမွေးပြီး ဆောက်ခဲ့တာဗျ'

သူ့နှစ်ထပ်တိုက်ကြီးကို ကြည့်ပြီး ကျွန်တော် အားကျသွားခဲ့သည်။ ကျွန်တော် ရွှေငါးမွေးပြီး မော်တော်ဆိုင်ကယ် ဝယ်စီးရမည်။

ကျွန်တော်သည် သူ့ဆီ မကြာခဏ ရောက်ခဲ့ကာ လက်တွေ့ရွှေငါး မွေးနည်းကို လက်ဖက်ရည်သောက်ရင်း သူ့ထံမှ သင်ကြားခဲ့ရပါသည်။ အခုတော့ ကျွန်တော်က ရွှေငါးကို အထီးအမလည်း ခွဲတတ်ပါပြီ။ မိတ်လိုက်ခိုင်းတတ်ပါပြီ။ သားဖောက်ပြီး ပေါက်လာတဲ့ ရွှေငါး ရာထောင်ကို ရေတီလေးတွေ ပလိတ်ဓားနှင့် တောက်တောက်စင်းကျွေးကာ ရွှေငါး တစ်လသားအရွယ်ရောက်တော့ မန္တလေးမြို့၊ ၃၅ လမ်းမှာ ဖောက်သည်ပေးတတ်ပါပြီ။

၄။

တစ်နေ့မှာတော့ ကျွန်တော်သည် ၃၅ လမ်းမှာ ရွှေငါးအစာ ရေတီ သွားဝယ်ရင်း ၃၃ လမ်းသို့ ဝင်ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းကလည်း ရွှေငါးဆိုင်သို့ လိုက်လာကာ ရွှေငါးကို စိတ်ဝင်စားသွားပြီး ရွှေငါးလေး ငါးကောင် ဝယ်သွားပါသည်။ ကျွန်တော့်သူငယ်ချင်းတို့တိုက် အပေါ်ထပ် လသာဆောင်မှာ မှန်ကန်ကလေးနှင့် အောက်ဆီဂျင် ပေးသွင်းကာ ရွှေငါးလေး ငါးကောင်ကို မွေးထားပါသည်။ အင်ဒိုနီးရှား တရုတ်စကားပင်တွေရဲ့အကြားမှာ ရွှေငါးမှန်ကန်လေးက လှပနေပါသည်။ ကျွန်တော် သူနှင့်အတူ လသာဆောင်ပေါ် လိုက်ပြီး အင်ဒိုနီးရှား တရုတ်စကားပန်းပွင့် အနီများကို ကြည့်ခွင့်ရခဲ့ပါသည်။

နောက်တစ်ကြိမ် ကျွန်တော် အဲဒီ ၃၃ လမ်းရောက်တော့ ကျွန်တော့် သူငယ်ချင်းက ခရီးတစ်ခုသို့ ခေတ္တထွက်သွားပါသည်။ သူ့ရဲ့သား အောင်ဘာလေ က ရွှေငါးလေးတွေကို ဆက်လက်ထိန်းသိမ်း မွေးမြူထားသည်။

အောင်ဘာလေရဲ့ဘွားဘွားက–

'ရွှေငါးလေးတွေကို ကြည့်ပေးပါဦးကွယ်။ လိုအပ်တာလေးတွေ ပြင်ဆင်စရာလေးတွေလည်း အောင်ဘာလေကို ပြောပြပေးပါဦး။ ရွှေငါးလေးတွေ အသက်ရှူ မဝဘူးကွယ့်၊ ရေကော ဘယ်နှရက်မှာ တစ်ခါ လဲရတာလဲ။ လာပါကွယ်၊ အပေါ်လသာဆောင်ပေါ် တက်ကြည့်ပါဦး'

အဲလိုနှင့် အောင်ဘာလေရယ်၊ အောင်ဘာလေရဲ့ ဘွားဘွားရယ်၊

www.foreverspace.com.mm

www.foreverspace.com.mm



ကျွန်တော်ရယ် လသာဆောင်ပေါ်တက်ပြီး ရွှေငါး ကြည့်ကြပြန်ပါသည်။ ကျွန်တော်ကတော့ အပေါ်ရောက်တိုင်း စဥ့်အင်တုံအကြီးကြီးတွေနှင့် စိုက်ထားသော ပင်စည်တုတ်ခိုင်ပြီး အခက်အလက် ဝေဆာသော အပွင့်နီနီရဲရဲများ ပွင့်သော အင်ဒိုနီးရှား တရုတ်စကားပင်များကိုသာ တစိမ့်စိမ့် ကြည့်နေတတ်တာပါပဲ။

ရွှေငါးလေးတွေကို ထားပုံထားနည်း၊ အစာကို ခဏခဏ မကျွေးဘဲ မနက်စောစော တစ်ခါ၊ ညနေ တစ်ခါသာ နည်းနည်းစီ ကျွေးသင့်ကြောင်း ပြောပြပါသည်။

'ရေတီတော့ အမေက မကျွေးစေချင်ပါဘူးကွယ်။ သူများ အသက် မသတ်ချင်ပါဘူး။ ငရဲကို ကြောက်ပါတယ်'

'ရပါတယ် အမေ၊ ကွေကာအုတ်ကျွေးလည်း ရတာပါပဲ။ ဂျုံနဲ့ ကြက်ဥနဲ့ ရောနယ်ပြီး အလုံးလေးတွေ လုံးပြီး အခြောက်ခံကျွေးလည်း ရတာပါပဲ အမေ'

ကျွန်တော်တို့ လသာဆောင်ပေါ်က အတူတူဆင်းလာခဲ့ကြပါသည်။

၅။

ကျွန်တော်သည် နောက်ထပ် တစ်လခန့် ကြာသောအခါ ရွှေငါး အစာ ဝယ်တာသွားရင်း အောင်ဘာလေနှင့် အောင်ဘာလေတို့၏ ဘွားဘွားထံ ရောက်ခဲ့ပါသည်။ အောင်ဘာလေ မွေးထားသည့် ရွှေငါးတွေ၏ ကျန်းမာရေး အခြေအနေ သိလို၍ ဖြစ်ပါသည်။ သူ့အဖေ ခရီးသွားနေဆဲ ကလေး၏ ရွှေငါးလေးတွေကို ကျွန်တော် စောင့်ရှောက်ပေးရမည်။

အောင်ဘာလေကို မတွေ့ရ။ အောင်ဘာလေ၏ ဘွားဘွားနှင့်ပဲ တွေ့ရပါသည်။

'အမေ၊ အောင်ဘာလေရဲ့ ရွှေငါးလေးတွေ ကျန်းမာရေး အခြေအနေ ကောင်းရဲ့လား။ ရွှေငါးတွေ ဘာလိုအပ်နေသလဲ သိရအောင် လသာဆောင်ပေါ် ကျွန်တော် တက်ကြည့်ပေးမယ်လေ'

အောင်ဘာလေ၏ဘွားဘွားက ပြုံးပါသည်။

ထိုအပြုံးများသည် အကြင်နာတရားလည်း ရှိ၊ မေတ္တာတရားလည်း ရှိ၊ နောက်ပြီး လေးနက်မှုလည်း ရှိကာ အဓိပ္ပာယ်တွေလည်း ရှိနေသည်ဟု ကျွန်တော် ခံစားရပါသည်။

'သားရယ် အမေ့မြေးကလေး အောင်ဘာလေက ရွှေငါးတွေကို မှန်ကန်

www.foreverspace.com.mm



ကျဉ်းကျဉ်းလေးထဲမှာ ထားရတာ အနေအထိုင် ဆင်းရဲရှာပါတယ်၊ သနားပါတယ် ဘွားဘွားရယ်လို့ လာပြောတယ်ကွယ့်။ အဲဒါနဲ့ အမေရော အောင်ဘာလေရော ရွှေငါးလေးတွေကို ကျွတ်ကျွတ်အိတ်တစ်လုံးထဲ ထည့်လို့ ကားဆရာကို ကားမောင်းပို့ခိုင်းပြီး ဧရာဝတီမြစ်ထဲကို လွှတ်လိုက်ကြပြီကွယ့် သားရဲ့'

ဧရာဝတီမြစ်ထဲမှာလည်း သစ်ပင်သစ်ခက်တွေ ရှိပါသည်။ ရွှေငါးများမှာ ဘေးကင်းရာ ခိုလှုံတတ်ကြပါသည်။ သူတို့တစ်တွေ တစ်နေရာရာကို သွားပြီး အသက်ရှင်အောင် နေထိုင်ကြမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ထိုနေ့က ကျွန်တော်သည် လသာဆောင်အပေါ်ထပ်သို့ မတက်ခဲ့ရ၍ အင်ဒိုနီးရှား တရုတ်စကားပန်းပွင့်ရဲရဲများကို တွေ့ဆုံခွင့် မရခဲ့ပါ။

■

**မောင်ကိုကို ၊အမရပူ၊**
**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊**
**အမှတ် ၇၂/၇၃ ၊ အောက်တိုဘာ/နိုဝင်ဘာလ၊ ၁၉၉၅**

www.foreverspace.com.mm

# ကွေ့သောမြစ်တွင် မျောပါခြင်း

**မေသက်စု**

ကိုယ့်မြန်မာပြည်သားချင်း တွေ့သည်နှင့်
ကိုယ်တိုင်းပြည်၏ လက်ရှိ အခြေအနေ အမျိုးမျိုးအကြောင်း
ကုန်ဈေးနှုန်းအကြောင်း
ဘယ်နေရာတွေမှာ အော်ပရာစီ Operasi
(Operation ကို မလေးဘာသာဖြင့် ခေါ်သည့်စကား)
ဝင်သွားသည့်အကြောင်း
ပွဲစားကိုဆိုသူက ဒီနိုင်ငံအရာရှိတစ်ဦးနှင့် ပေါင်းပြီး
လေယာဉ်နှင့် လူတွေကို သွင်းနေတဲ့အကြောင်း
စုံတကာစေ့နေအောင် ပြောဖြစ်ကြသည်

www.foreverspace.com.mm

# ကျေသောမြစ်တွင် မျောပါခြင်း

## မေသက်စု

'ယူနီဗာစတီဆေးရုံဆိုတာ ဒါပဲ'ဟု တက္ကစီဒရိုင်ဘာက ပြောလို့သာ ဆင်းလိုက်ရသည်။ အဆောက်အအုံက ကြီးမားခမ်းနားလွန်း၍ ဘယ်နေရာမှ ဘယ်ကို ဆက်သွားရမည်မသိ၊ ခေတ္တတွေဝေသွားမိသည်။ သူ့လိုပဲ တက္ကစီနှင့် လာသူများ၊ ကိုယ်ပိုင်ကားပေါ်မှ ဆင်းလာသူများ၊ ခြေလျင်လျှောက်လာသူများ သူ့ရှေ့တွင် ဥဒဟို သွားချည်ပြန်ချည် အဆက်မပြတ် တွေ့နေရသည်။ ဘယ် အပေါက်ကို ဝင်၍ မည်သူ့ကို မေးစမ်းလုပ်ရမည်ကို နေမကောင်းနေသည့်ကြား မှ အပြေးအလွှား စဉ်းစားနေရသည်။ ဆေးရုံကိစ္စနှင့်ပတ်သက်ပြီး ကူညီနိုင်မည့် သူ၏ အမည်နှင့် တယ်လီဖုန်းနံပါတ်ကို မှတ်ထားသည့် သူ၏လက်တွင်းမှ စာရွက်ကို တစ်ချက်ဖွင့်ကြည့်ရင်း တယ်လီဖုန်း ဘယ်နေရာများ ရှိပါလိမ့်အတွေး နှင့် ဟိုဒီမျက်စိကစားမိပြန်သည်။ 'ဒီအတိုင်းနေလို့တော့ မဖြစ်သေးဘူး ကို ဝင်းလွင်၊ ခင်ဗျား ဒီမှာ ခဏထိုင်စောင့်နေဦး၊ ကျွန်တော် ဖုန်းရှိမယ့်နေရာ လိုက်ရှာကြည့်ဦးမယ်'ဟု ပြောကာ ကူညီမစဖော်ရသည့် အဖော်လိုက်ပေးသူ ကိုမင်းဦး၏ ကျေးဇူးဖြင့် ဖုန်းဆက်ဖို့ အဆင်ပြေသွားလေသည်။ 'ဒီနိုင်ငံမှာ တယ်လီဖုန်းဆိုတာ အလွယ်လေးနဲ့ တွေ့နိုင်မိတယ်' သူ့ကိုယ်သူပြောရင်း တယ်လီဖုန်းနံပါတ် မှတ်ထားသည့်စာရွက်ကို နောက်တစ်ကြိမ် သေချာအောင် ကြည့်မိပြန်၏။ နံပါတ် ခုနစ်လုံး နှိပ်အပြီးတွင် တစ်ဖက်မှ အမျိုးသမီးတစ်ဦး၏ ဟယ်လိုဆိုသည့်အသံကို ကြားရသည်။

'ကိုထင်အောင် ရှိလား'

www.foreverspace.com.mm

'ရှင်··· ကိုထင်အောင်၊ ခုဘယ်က အမိန့်ရှိနေပါလဲရှင်'

'ဟို···ဟို···ကျွန်တော် ယူနီဗာစတီ ဆေးရုံက···'

သူ့စကားမဆုံးမီ တစ်ဖက်မှ အသံဖြတ်ပြီး ဝင်လာသည်။

'ဆေးရုံကဆိုတော့ ကိုထင်အောင့်မိတ်ဆွေများလားရှင်'

'မဟုတ်ဘူးဗျ၊ ကျွန်တော်က နေမကောင်းလို့၊ အဲဒါ ကိုထင်အောင်နဲ့ ဆက်သွယ်ရင် ဆေးရုံမှာ အဆင်ပြေတယ်ပြောလို့ ကျွန်တော် ကိုထင်အောင်နဲ့ စကားပြောချင်လို့'

'သြော်···သြော်'

ဖုံးထဲမှ သြော်···သြော်ဆိုသည့် အမျိုးသမီး၏အသံတွင် အခိပ္ပာယ် တစ်မျိုးထွက်နေသလားပဲဟု သူ တွေးဖြစ်၏။

'ကိုထင်အောင်လည်း ခုအချိန် အဲဒီဆေးရုံမှာပဲ ရှိနေတယ်လေ။ သူနဲ့ စကားပြောချင်ရင် Pager No. ပိတ်ဂျာနံပါတ် 347 သရီးဖိုးဆဲဗင်းနဲ့ခေါ်ပြီး ဆက်သွယ်ကြည့်ပါ'

ဖုန်းချသွားသည်။ ပိတ်ဂျာနံပါတ် သရီးဖိုးဆဲဗင်းဆိုတာ နှုတ်တွင် ရွတ်ကြည့်ပြီး အဖော်ဖြစ်သူ ကိုမင်းဦးကို အကျိုးအကြောင်း ပြောပြဖြစ်၏။ ပိတ်ဂျာဆိုသည်ကို သူတို့ မကြားဖူးခဲ့၊ ကိုထင်အောင်နှင့် ဆက်သွယ်ဖို့ လမ်းစ ပြတ်သွားသည်။ မတတ်နိုင်သည့်အဆုံး ပါးစပ်ပါ ရွာရောက်ထုံး နှလုံးမူ၍ ဟိုမေးသည်မေးဖြင့် လူနာမှတ်ပုံတင်ဌာနသို့ ရောက်သွားဖြစ်သည်။ Passport ပြပြီး နှစ်ကျပ် (မလေး ၂ ဒေါ်လာ)ပေးပြီး မှတ်ပုံတင်ရ၏။ တတ်သမျှ မှတ် သမျှစကားနှင့် မိမိ နေမကောင်းဖြစ်သည့်အကြောင်းကို ဘောင်းဘီအဖြူ၊ ဆာဖရီကုတ်လက်တိုအဖြူဝတ် ကိုယ့်တိုင်းပြည်တုန်းက သူနာပြုများ ဆောင်း သည့် ခေါင်းဆောင်းဝတ်ထားသူ အမျိုးသမီးအား ပြောပြရသည်။ ဒီနိုင်ငံက သူနာပြုဆရာမက တစ်ကိုယ်လုံး အဖြူဝတ်ရတာပါလားဟု သူ တွေးဖြစ်သေး ၏။ ဆရာမ မေးသမျှ ပြောဆိုပြီးသည်နှင့် ဆရာမက သူ့အား ခွဲစိတ်ပြင်ပ လူနာဌာနသို့ သွားရန် ညွှန်းလေသည်။ လူနာမှတ်ပုံတင်ကုတ်ပြား အပြာလေးကို သူ့အား လှမ်းပေးရင်း မည်သို့ သွားရမည်ကိုပါ ပြောပြပေးနေသဖြင့် ကျေးဇူး တင်ကြောင်း ပြောခဲ့ဖြစ်သေး၏။

ဆေးရုံ ပထမထပ်ရှိ ခွဲစိတ်ပြင်ပဆောင်တွင် လူနာများ ပြည့်နေသည်။ တရုတ်၊ ကုလား၊ မလေး၊ ကလေး လူကြီး စုံလှ၏။ အခန်းပေါက်ဝ ကောင်

www.foreverspace.com.mm



တာတွင် စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသော ဆရာမတစ်ဦးကို သူ့ကတ်ပြား အပြာလေးကို ပြလိုက်သည်နှင့် ထိုကတ်ပြားလေးကို ဆရာမက သိမ်းယူလိုက်ပြီး စောင့်ရန် ပြောပါသည်။ ခုံတန်းအားလုံးလိုလို လူနာများနှင့် ပြည့်မတတ်ဖြစ်နေ၏။ သူနှင့် ခပ်လှမ်းလှမ်းတွင် လူတစ်ကိုယ်စာ မရှိတရှိ နေရာလွတ်ကလေးကို တွေ့၍ အသာ တင်ပါးစွန်းကို မေးတင်ပြီး ဝင်ထိုင်လိုက်သည်။ အဖော်ပါလာသူ ကိုမင်းဦးအား သူ့လိုပဲ တိုးတိုးရှိုးရှိုးထိုင်ရန် အခြားတစ်နေရာကို မေးငေါ့ညွှန်ပြဖြစ်သေး၏။ ကိုမင်းဦးမှာ လူလွတ်ရာ အခန်းနံရံတစ်ခုတွင် မှီ၍ မတ်တတ်ရပ်နေရင်းမှ လက်ကာပြနေသဖြင့် 'ဒီလောက် လူများနေတာ တိုးရှိုးမထိုင်လို့ကတော့ ခင်ဗျား ညောင်းပေရော့' တွေးရင်း ဆက်စောင့်နေရသည်။ 'အဲယားကွန်း ရှိပေလို့၊ မဟုတ်ရင် ပူလိုက်မယ့်အမျိုး' များလွန်းသည့် လူနာပေါင်းစုံကို ကြည့်ရင်း စဉ်းစားဖြစ်သည်။ တစ်နာရီကျော်လောက် စောင့်အပြီးတွင် သူ့နာမည်ကို ခေါ်လိုက်သည့် ဆရာမရှိရာ အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် လူနာခုတင်တစ်လုံး၊ ဆရာမတစ်ဦး၊ ဆရာဝန်ငယ် တစ်ယောက်ကို တွေ့ရ၏။ စားပွဲတွင် ဖိုင်တွဲတစ်ခုကို ကြည့်လျက် ဆရာဝန်က သူ့ကို ခုတင်ပေါ် တက်ခိုင်းပြီး စမ်းသပ်စစ်ဆေးမှု ပြုပေးသည်။ ဗိုက်နာတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်တုန်းက စဖျားလာသလဲ၊ ဘာဆေးတွေ သောက်ခဲ့သလဲ စသည်များကို မေးချည်၊ စာရွက်များပေါ်၌ ရေးချည်ဖြင့် ဆယ်မိနစ် ဆယ့်ငါးမိနစ်မက ကြာမည်ထင်ရသည်။ ထိုအခန်းမှာပင် သွေး၊ ဆီးစသည်တို့ စစ်ဆေးပေးသည့်ပြင် Ultra Sound ရိုက်ရန် အခြားအခန်းတစ်ခုကို ထပ်မံညွှန်းပြန်၏။ ပြီးမှခြောက်ထပ်ရှိ ယောကျ်ားခွဲစိတ်ဆောင်တွင် တက်ပြီး ဆက်လက်ကုသခံယူရမည်ဟု ဆိုလေသည်။ ကိုဝင်းလွင် ခုမှ စိတ်သက်သာရာ ရနိုင်တော့သည်။ ဆရာဝန် ဆရာမများ၏ စမ်းသပ်ကုသမှုကို နေ့ဝက်တာမျှလောက်သာ ခံယူရသေးသော်လည်း လူနာတစ်ဦးအတွက် လုပ်သင့်လုပ်ထိုက်သည်များ အတော်အတန် ပြီးစီးသွားပြီဖြစ်၍ အတော်လေး ရင်အေးသွားမိသည်။

ထို့ထက်တွင်မူ သူ့အတွက် အရေးအကြီးဆုံးဖြစ်သည့် ငွေကုန်ကြေးကျမှတ်ပုံတင်ဌာနတွင် ပေးခဲ့ရသည့် ၂ ကျပ်တည်းသာရှိသေးသည်။ ဆေးရုံရောက်စက ဖုန်းဆက်ခဲ့ရသော ကိုထင်အောင်ဆိုသူထံ စိတ်ရောက်သွားပြန်၏။ သူနှင့်ပက်ပင်းမတွေ့တာဘဲ တော်လှပြီ၊ ခု သူ့အကူအညီမပါဘဲနှင့်လည်း အဆင်ကိုပြေလို့၊ တကယ်လို့ သူနဲ့သာ တွေ့ခဲ့ရင် သူဖန်သမျှ ပိုက်ဆံကုန်နေရဦးမှာ။

www.foreverspace.com.mm



အဖော်လိုက်လာသူ ကိုမင်းဦးမှာ သူ့လူနာခုတင်ရှိရာသို့ ပို့အပြီး ပြန်သွားပြီဖြစ်၍ သန့်ပြန့်နေသော အိပ်ရာခင်း အဖြူပေါ်တွင် အမောဖြေ နားနေရင်း ရောက်တတ်ရာရာ တွေးဖြစ်၏။ ဗိုက်ဆာလာသလို ရှိလာပြန်သည်။ 'ဆာပြီပေါ့၊ ညနေပိုင်း သုံးနာရီတောင် ခွဲတော့မှာပဲ'။ လက်ပတ်နာရီကို တစ်ချက်ကြည့်ပြီး ခုတင်ဘေးရှိ ဗီရိုအပုလေးပေါ်တွင် တွေ့သည့် ရေချိုင့်မှ ရေတစ်ခွက် ငှဲ့၍ သောက်ပြီး 'တယ်ဟုတ်ပါလား၊ သောက်ရေလည်း အဆင်သင့်' ပီတိဖြစ်သွားမိလေသည်။ မကြာမတင်မှာပင် ဆရာမတစ်ဦးလာ၍ ဆေးရုံဝတ်စုံ လာပို့သွားပြန်၏။ ဘောင်းဘီပွပွ တစ်ထည်နှင့် ရှပ်အင်္ကျီတစ်ထည် အထက်ရော အောက်ရော ဆင်တူ အပြာရောင်အစင်းများ ပါသည့်ဒီဇိုင်း။ ကိုဝင်းလွင် ပတ်ဝန်းကျင်ကို ကြည့်ဖြစ်သွားသည်။ 'လူနာတိုင်း ဒီအဆင်ချည့်ကိုး၊ လူနာဝတ်စုံပေါ့လေ'တွေးရင်း အင်္ကျီရော ဘောင်းဘီပါ လဲလိုက်သောအခါ နေရထိုင်ရ ချောင်ချောင်ချိချိ ဖြစ်သွားလေသည်။ ခုတင်ပေါ်တွင် ခွေလိုက်ရင်း မျက်စိများကို မှတ်လိုက်မှ ပူနွေးသောခံစားမှုနှင့် ခေါင်းကိုက်သည့် ဝေဒနာကို တစ်ပြိုင်တည်း ရလိုက်သဖြင့် ဆက်၍ အိပ်ပျော်အောင် ကြိုးစားကြည့်ရသည်။ အနီးတွင် လူသံလို ကြားမိ၍ မျက်စိပြန်ဖွင့်ဖြစ်၏။ အိပ်ရာဘေး ဗီရိုပေါ်တွင် ခွက်တစ်ခုမှ အငွေ့တလူလူ ထွက်နေသည်ကို တွေ့ရသည်။ ခုတင် ခြေရင်းဘက်မှ တွန်းလှည်းကို တွန်း၍ ဆေးရုံဝန်ထမ်းတစ်ဦး ထွက်သွားသည်ကို မြင်ဖြစ်၏။ ခွက်ကို ယူကြည့်မိတော့ သြော်…ကော်ဖီတွေပါလားဟု တီးတိုးပြောမိသည်။ 'စောစောက ကြားမိသည်က ဒီကော်ဖီလာပို့တဲ့ အလုပ်သမားရဲ့ အသံကိုး' တွေးလျက် ကော်ဖီကို တစ်ကျိုက်ချင်း မော့ဖြစ်၏။ သူ့အမေ ပြောတတ်လှသည့်စကား 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်'ဆိုတာမျိုးများလား။ စဉ်းစားရင်း ကုန်သွားသည်။ ကော်ဖီခွက်ကို နေရာတကျ ပြန်ထား၍ အိပ်ရာပေါ် ပြန်လှဲဖြစ်ပြန်သည်။ မေးခနဲ အိပ်ပျော်သွား၏။ သူ နိုးလာတော့ ညနေ ၆ နာရီ ထိုးလုပြီ။

သူနှင့် ခပ်ဝေးဝေး ခုတင်ရှိ လူနာအနီးတွင် အင်္ကျီအဖြူ ဖားဖား ရှည်ကြီးများ ဝတ်ထားသည့် လူ လေးငါးဦးကို တွေ့ရသည်။ သူတို့လက်ထဲ နားကြပ်ကိုင်သူက ကိုင်ထားသည်။ 'ဆရာဝန်ကြီးတွေပါလား၊ ဒီအချိန်ရောက်မှ လူနာတွေ လိုက်ကြည့်နေကြတာ၊ သူတို့တစ်တွေ ကိုယ်ပိုင်ဆေးခန်း ဘယ်အချိန်များ သွားထိုင်ကြပါလိမ့်' မြန်မာပြည်တုန်းက ညနေပိုင်းတွင် ကိုယ်ပိုင်ဆေးခန်း

ထိုင်လေ့ရှိသော သူ့မိတ်ဆွေ ဒေါက်တာမျိုးသန့်ဆီ စိတ်ရောက်ရင်း တွေးမိလေသည်။ တဖြည်းဖြည်းနှင့် ဆရာဝန်တွေ သူ့ခုတင်ဆီ နီးကပ်လာသည်။ 'နိုင်ငံခြားလို့သာ ဆိုရတယ်၊ တချို့ဆရာဝန်တွေရဲ့ ရုပ်ကလည်း မြန်မာလိုပါပဲလား' လူနာတစ်ဦးပြီးတစ်ဦး ကြည့်နေသော ဆရာဝန်အဖွဲ့တွင် ကုလားဆင်လိုက တစ်ယောက်၊ တရုတ်ကပြားလို အမျိုးသမီးက တစ်ယောက်၊ မြန်မာရုပ်ရည်နှင့်ဆင်သည်က နှစ်ယောက်တွေ့၍ သူ့တစ်ကိုယ်တည်း ပြောဖြစ်၏။ သူ့ခုတင်ရောက်ဖို့ သုံးလေးကိုက်အကွာလောက်တွင် ဆရာဝန်များ ပြောလာသည့် စကားသံများမှ မြန်မာဆိုသော အသံထွက်တစ်ခုကို ကြားမိ၍ အင်း…ငါ့အကြောင်း ပြောတာထင်ပါရဲ့တွေးရင်း အိပ်ရာတွင် ခွေမြဲ ခွေနေလိုက်မိသည်။ သူတို့အထဲမှ အသက်အကြီးဆုံး ဆရာဝန်ကြီးလက်တွင်းသို့ သူ၏ ခုတင်ခြေရင်းမှ လူနာမှတ်တမ်းကတ်ပြားကို ခပ်ငယ်ငယ် ဆရာဝန်မတစ်ဦးက လက်ကမ်းပေးလိုက်၏။ ဆရာဝန်ကြီးက သူ့ကို တစ်ချက်ကြည့်လိုက်ရင်း မှတ်တမ်းများကို တစ်ရွက်ချင်း ဖတ်နေသည်။ ခဏကြာတော့…

'မင်း အပြင်ဆေးခန်းမှာ ကုခဲ့သေးလား' ဆိုသော မေးခွန်းကို မြန်မာလို ပြောလိုက်၍ အံ့သြလွန်းပြီး အဖြေကို ချက်ချင်း မပေးနိုင်။ ဘယ်လိုမှ မျှော်မှန်းမထားခဲ့သောအဖြစ်၊ နိုင်ငံခြားဆေးရုံကြီးတစ်ခုအပေါ်တွင် ဘယ်သူနှင့်ပင်တွေ့တွေ့ အားလုံးမျက်နှာစိမ်းလူမျိုးခြားများချည်းသာ။ ဒီဆေးရုံသို့ မလာခင်က အပြင်ဆေးခန်းများတွင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ပြခဲ့ဖူးပြီး။ ကုလားဆရာဝန်၊ မလေးဆရာဝန်တို့နှင့်သာ တွေ့ခဲ့မြဲ။ သူ ခံစားရသမျှကို ပြောပြ အကုသခံခဲ့သော်လည်း ခဏပဲ သက်သာပြီး နောက်ပိုင်းတွင် ဒုံရင်းအတိုင်းပဲ ပြန်၍ဖိုက်နာလေသည်။ နောက် အဖျားပါရှိလာတော့ အခန်းသို့ ခဏအလည်လာသူတစ်ဦးက ယူနီဗာစတီဆေးရုံ ကောင်းကြောင်း၊ အကုန်အကျလည်း သိပ်မများကြောင်း ပြောပြီး ဖုန်းနံပါတ်တစ်ခုနှင့် ကိုထင်အောင်ဆိုသူ၏ အမည်ကို ပေးပြီးဆက်သွယ်ကြည့်ခိုင်း၍ ဤနေရာသို့ ရောက်လာခဲ့ရသည်။ ယခုလို မြန်မာဆရာဝန်နှင့် တွေ့သည်အထိ အဆင်ပြေမည်ဟု သူမမျှော်လင့်ဖူးခဲ့။

ဆရာဝန်ကြီး၏အမေးကို ဟုတ်ကဲ့ဟုသာ ဖြေနိုင်သည်။ သူ၏ Ultra Sound ကို အသေအချာကြည့်ပြီး ဆရာကြီးက သူ့ကို ပက်လက် အနေအထားအိပ်ခိုင်း၍ အင်္ကျီကို ဖွင့်ပြီး ဝမ်းဗိုက်ပေါ် လက်တင်၍ ဖြည်းဆေးစွာ စမ်းသပ်ကြည့်ပြန်သည်။ ဆရာကြီး လှုပ်ရှားသမျှကို ဘေးမှ ဆရာဝန်ငယ်လေးများက

www.foreverspace.com.mm



ဝိုင်း၍ ဂရုစိုက်နေကြသည်ကို သတိပြုမိသေး၏။

'မင်းအသည်းထဲမှာ ပြည်တွေ ရှိနေတယ်၊ အထဲက ပြည်တွေကို စုပ်ထုတ်ပေးမယ်၊ မခွဲရဘဲ ကောင်းသွားမှာပါ'

သူ့အင်္ကျီစကို ရင်ဘတ်ပေါ်တွင် ပြန်ဖုံးပေးရင်း အေးဆေးစွာ အမူအရာဖြင့် ပြောနေသော ဆရာဝန်ကြီး၏မျက်နှာကို လေးစားစွာ ပြန်လည်ကြည့်ရင်းက ခေါင်းညိတ်၍သာ အဖြေပေးနိုင်သည်။ ဆရာကြီးတို့အားလုံး တခြားလူနာများဆီသို့ ကူးသွားကြ၏။ သူ မျက်စိကို စုံမှိတ်၍ လူ့ကံတရားအကြောင်း တွေးမိပြန်သည်။ အပြင်ဆေးခန်းများတွင် လူမျိုးခြား ဆရာဝန်များနှင့် တွေ့ခဲ့ရစဉ်က မတတ်တတတ် အင်္ဂလိပ်စကားကို အိုးနင်းခွက်နင်းဖြင့် သူ ခံစားရသမျှကို ပြောပြခဲ့ရသည်များ၊ အကြောဆေးပုလင်းသွင်းရုံ၊ သောက်ဆေးလေး ပေးရုံမျှဖြင့် တစ်ခေါက်သွားတိုင်း ပိုက်ဆံတွေ သုံးဆယ်လေးဆယ်မက ကုန်ကျခဲ့သည်များ၊ ခုတော့...

'မနက်က တို့အိမ်ကို ဖုန်းဆက်တာ မင်းလား'

မေးသံနှင့်အတူ စောစောက ဆရာဝန်ကြီးတစ်ဦးတည်း သူ့အနားပြန်ရောက်လာသည်။ 'ဘုရား' တဖြစ်၏။ သူ အဖြေမပေးနိုင်မီ တည်သည်လည်း မဟုတ်၊ ပြုံးသည်လည်းမမည်သည့် မျက်နှာထားဖြင့်-

'တို့ကို လူနာပွဲစားထင်မှတ်တယ်'

'ကျွန်တော့်အစ်ကိုဝမ်းကွဲ ဆက်တာပါဗျ'

သူ ဖြောင့်ညာဖြစ်၏။ မတတ်နိုင်တော့၊ ဒီနိုင်ငံတွင် အလုပ်ပွဲစား၊ လူခေါ်ပွဲစား၊ တုံးအတုပွဲစား၊ ပွဲစားတွေနှင့်ချည့် ဆက်သွယ်ခဲ့ရသည်မှာ များလွန်းပြီဖြစ်၍ ယခုဆေးရုံတက်ဖို့ကိုလည်း ပွဲစားကတစ်ဆင့်ပဲ သွားရမည် ထင်မှတ်ခဲ့သည်။ ပြောသည့်သူကလည်း နာမည်ရှေ့က ဒေါက်တာလေးတောင် ထည့်ပြောမသွားခဲ့။ သူ ရေးပေးသည့်အတိုင်း ကိုထင်အောင်လို့ပင် ခေါ်၍ ဖုန်းဆက်မိခဲ့သည်။ ခုတော့ အသက်က ကိုယ့်အဖေအရွယ်လောက်။ ဒါ့ထက် အရေးကြီးတာက ကိုယ့်ရောဂါကို ကုသပေးမည့် ဆရာဝန်ကြီး။ ဒါကြောင့် ငါ မနက်က ဖုန်းခေါ်တော့ ဟိုပြောတဲ့ အမျိုးသမီးရဲ့ 'သြော်...သြော်ဆိုတဲ့အသံက တစ်မျိုးဖြစ်နေပါတယ်လို့ ထင်သား' အမျှင်မပြတ် တွေးရင်း ဆရာကြီးကို ဘာမှ ထပ်မပြောရဲရုံမက မျက်နှာချင်းဆိုင်ဖို့ပင် ခက်ခဲသွားမိသည်။ သို့သော်-

'မင်းဆီ ခုညနေပိုင်း ဘယ်သူမှ မလာဘူးလား'

www.foreverspace.com.mm



'…ဘယ်မှာ အလုပ်လုပ်လဲ'

'ဘယ်နေရာမှာလဲ'စသည်တို့ကို ဆရာကြီးက ဆက်လက် မေးဖော် စမ်းဖော်ရသည်ဖြစ်၍ 'ငါ့ကို စိတ်ခုသွားပြီ မှတ်တာ၊ တော်ပါသေးရဲ့'ဟု ဟင်းချနိုင်သွားလေသည်။ နောက်နေ့များတွင် ဆရာကြီးကို စေ့စေ့မကြည့်ရဲ၊ မေးသမျှ ဖြေသည်ကလွဲ၍ အတတ်နိုင်ဆုံး မျက်နှာလွှဲထားမိသည်။ သူ့ကို ဆရာကြီးတို့အဖွဲ့ ပထမဆုံးညနေ လာရောက်စမ်းသပ်စစ်ဆေးပြီးသည့် ညမှစ၍ အကြောဆေး သွင်းပေးသည်။ ဆေးထိုးအပြီး နှစ်ဆယ်စီစီဝင် ဆေးထိုးပြွန်ကို ချွတ်လိုက်သောအခါ သူ့လက်ကောက်ဝတ်တွင် ပိုက်ပျော့တန်းလန်းနှင့် အပ် လေးသည် အကြောထဲ သွင်းလျက် ကျန်ခဲ့၏။ ပိုက်ကလေးကို အလိုက်သင့် ခွေ၍ ပလာစတာဖြင့် အသားတွင် ကပ်ထားခဲ့သည်။ နောက် ရစ်နာရီကြာလျှင် တစ်ခါလာ၍ ဆေးထိုးဦးမည့်အကြောင်း ပြောသွားသေး၏။ 'ဆေးထိုးတိုင်း မနာမကျင်ရလေအောင် လုပ်ထားသည်ပဲ'ဟု တွေးရင်း တစ်ဆက်တည်း ဒီကို ထွက်မလာမီ ဝမ်းကိုက်၍ ဆေးခန်းတစ်ခုတွင် သွားပြစဉ် အကြောဆေးသွင်း ခဲ့ရသည်ကို ပြန်လည် မြင်ယောင်မိ၏။ လက်မောင်းရင်းတွင် အပ်ကြီးနှင့် ဖောက်ခနဲ ထိုးသွင်းလိုက်၊ သွေးကြောမတွေ့၍ ပြန်ဆွဲထုတ်လိုက်၊ နောက် တစ်ခေါက် ပြန်အကြောရှာလိုက်၊ (၃)ကြိမ်မက သွင်းချည်၊ ထုတ်ချည်လုပ်၍ ဆေးထိုးခံခဲ့ရသည်ကို တွေးပြီး ပခုံးတွန့်မိမတတ် ခံစားရလေသည်။

နောက်နေ့တွင် သူ့လက်ယာဘက် နံခုံအောက်ဘက်ကို ထုံဆေးပေး၍ အတွင်းမှ ပြည်များကို စုပ်ထုတ်ပေးသည်။ ထွက်လာသည့် ငှက်ပျောဖူး တစ်ပုလင်းစာမျှလောက် ပြည်များကို ကြည့်ရင်း စဉ်းစားလျက် သူ့အား လာ ရောက် ကုသပေးသည့် ဆရာဝန်၏ လုပ်ရှားမှုများကို ကြည့်နေမိသည်။ လက်ကောက်ဝတ်တွင် ဆေးသွင်းသည့်နည်းတူ၊ ပြည်များကို စုပ်ထုတ်ပြီးသော အခါ ဝမ်းဗိုက်ဖောက်သည့်နေရာတွင် အုန်းတံမြက်စည်းတံမျှလောက်ရှိ ပိုက်ရှည် တစ်ချောင်းတပ်လျက် ကျန်ခဲ့သည်။ ထိုပိုက်၏ ထိပ်အစွန်းကို ပလတ်စတစ်အိတ် နှင့် တွဲလိုက်၍ အိတ်ကို ခုတင်ဘေးဘောင်တွင် ချည်ပေးခဲ့သည်။ အသည်းထဲတွင် ကြွင်းကျန်ရစ်သော ပြည်စက်တို့ တစ်စက်ချင်း အိတ်တွင်းသို့ ကျလာ၏။

ဆေးရုံတွင် ၇ ရက်မှ ၈ ရက်သို့ ကူးလာသောအခါ သူခံစားခဲ့ရသော ဗိုက်နာခြင်း၊ တရှိန်ရှိန်ဖျားနေခြင်းဟူသော ဝေဒနာများ တစ်စတစ်စ သူ့ဆီမှ ခွာစပြုလာသည်။ အနာမှ ပြည်စက်တို့လည်း တဖြည်းဖြည်း မကျဆင်းသလောက်

www.foreverspace.com.mm



ရှိလာ၍ ဝမ်းဗိုက်မှ ပိုက်ကို ဖြုတ်ပစ်လိုက်ကြပြီဖြစ်၏။ လက်ကောက်ဝတ်မှ သွင်းနေသော ဆေးကိုမူ ရှစ်နာရီကြားတစ်ခါ လာရောက်သွင်းပေးမြဲ၊ ဆရာကြီး ဦးထင်အောင်ဆိုသူမှာလည်း အနည်းဆုံး တစ်ရက်ခြားလို သူ့ဆီ သတင်းလာ မေးမြဲ၊ စမ်းသပ်ပေးမြဲ ဖြစ်လေသည်။ ဤသို့ လာရင်း ပြောရင်းဆိုရင်းမှ ဆေးရုံတက်ရသည့်စရိတ်စကအားလုံးကို ဆေးရုံဆင်းချိန်မှာမှ ပေးရသည်ဆို သည်များကိုလည်း ဆရာကြီးကပင် ပြောထား၍ သူသိပြီး ဖြစ်နေလေသည်။ သို့နှင့် ၁၂ ရက်ပြည့် ညနေပိုင်းတွင် ထုံးစံအတိုင်း ဆရာကြီး လူနာများကို လာကြည့်ခိုက် ‘မနက်ဖြန်မှစ၍ သူအိမ်သို့ ခဏပြန်နေလို့ရပြီဖြစ်ကြောင်း၊ တစ်လပြည့်လျှင် ပြန်လာပြဖို့ လိုကြောင်း’များ ပြောခဲ့၏။ လွန်ခဲ့သည့် ၂ ရက်၊ ၃ ရက်ကပင်စ၍ လူကောင်းပကတိအတိုင်း နေကောင်းနေပြီဖြစ်၍ သူ အိမ်ပြန်ချင်နေခဲ့သည်။ ယခုအထိ ဆေးရုံ၏ ဆေးဖိုးဝါးခကို ဘယ်သူမှ ဘာ စကားမျှ မစလာသေး၍ အကုန်အကျမရှိသေးသော်လည်း အလုပ်မလုပ်နိုင်သ၍ ဝင်ငွေမရှိ၊ သူ့ခေါင်းထဲတွင် ဝင်ငွေ…ဝင်ငွေဟူသော စကားလုံးတို့သည် နာကျင်ကိုက်ခဲမှုတို့၏နေရာတွင် အစားထိုး ဝင်ရောက်လာ၏။ ညနေပိုင်း အကြောဆေး သွင်းအပြီး လက်ကောက်ဝတ်မှ ဆေးသွင်းပိုက်ကလေးကို ဆရာမ က ဖြုတ်ယူလိုက်သောအခါ ဆေးရုံမှ ဆင်းလိုသည့် ပြင်းပြသည့်စိတ်အစဉ်သည် လေအဟုန်တွင် လွင့်ပျံမတတ် ခံစားမိလေသည်။

ထိုနေ့ညတာသည် ခါတိုင်းထက် ပိုမိုရှည်လျားစွာ ကုန်လွန်သွားခဲ့သည် ဟုပင် သူတွေးဖြစ်၏။ နောက်နေ့မနက် မိုးလင်းသည်နှင့် ပါလာသော ကျော ပိုးအိတ်ကို ဆွဲလျက် ဆယ့်နှစ်ရက်တာ နားခိုခဲ့ရသော ယူနီဗာစတီဆေးရုံမှ ပေါ့ပါးလှသောခြေလှမ်းများဖြင့် သူ ထွက်ခွာလာခဲ့လေသည်။

သွေးတွေ၊ ဆီးတွေ စစ်ဆေးရုံမက Ultra Sound ရိုက်၍ ကုသပေးခဲ့ သည်များ၊

ဆရာဝန်၊ ဆရာမတို့၏ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည်များ၊

နေ့စဉ်စားဖွယ်သောက်ဖွယ်အပြည့်ကို တင်ဆောင်လာသော တွန်းလှည်း ပေါ်မှ ယူ၍ စားသုံးခဲ့ရသော နံနက်စာ နေ့လယ်စာ ညနေစာများ၊

မည်သည့်တံစိုးလက်ဆောင်မျှ ပေးကမ်းမှု မပြုရဘဲ၊ တန်းတူညီမျှ အခွင့်အရေးရခဲ့ပုံများ၊

ဆရာကြီး ဦးထင်အောင်၏ ကြည့်ရှုစမ်းသပ်ပေးခဲ့သည်များ…..

www.foreverspace.com.mm



အရာရာသည် သူ့နောက်ကျောတွင် မှေးမှိန်စွာ ကျန်ရစ်ခဲ့၏။

❑

ကျန်းမာရွှင်လန်းစွာဖြင့် ကိုဝင်းလွင် အလုပ်ခွင်သို့ ပြန်လည် ဝင်ရောက်နိုင်ခဲ့လေပြီး ရက်မှ လသို့ ကူးပြောင်းလာ၏။ နေထိုင်မကောင်းစဉ်က လျော့ပါးသွားခဲ့သည့် စငွေအတွက် ယခုအတိုးချ၍ ရှာဖြစ်သည်။ တစ်လပြည့်လျှင် ပြန်လာခဲ့ပါဆိုသည့် ဆေးရုံမှ မှာကြားခဲ့သည်ကိုလည်း မေ့ချင်ယောင် ဆောင်ထားလိုက်၏။ နေကောင်းနေပြီပဲ။ သို့သော် တစ်ပတ်တွင် တနင်္ဂနွေတော့ သူနားဖြစ်အောင် နားသည်။ 'ကြာကြာဝါးမည့်သွား၊ အရိုးတော့ ကြည့်ရှောင်ဦးမှ' သူ့ကိုယ်သူ ဆုံးမမှုပြု၍ တနင်္ဂနွေတစ်နေ့စာ ရမည့်လုပ်အားခကို အလျှော့ပေးလိုက်ရသည်။ သူ အားရက်ယူသော တစ်နေ့တွင် သူနှင့် တစ်ခန်းတည်းနေသူ ကိုစိုးမြင့်ဆိုသူ၏ သူငယ်ချင်း လင်မယားနှစ်ယောက် အလည်ရောက်လာကြ၏။ ကိုယ့်မြန်မာပြည်သားချင်း တွေ့သည်နှင့် ကိုယ်တိုင်းပြည်၏ လက်ရှိအခြေအနေ အမျိုးမျိုးအကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း၊ ဘယ်နေရာတွေမှာ အော်ပရာစီ Operasi (Operation ကို မလေးဘာသာဖြင့် ခေါ်သည့်စကား) ဝင်သွားသည့်အကြောင်း၊ ပွဲစားကို…ဆိုသူက ဒီနိုင်ငံအရာရှိတစ်ဦးနှင့် ပေါင်းပြီး လေယာဉ်နှင့် လူတွေကို သွင်းနေတဲ့အကြောင်း၊ စုံတကာစေ့နေအောင် ပြောဖြစ်ကြသည်။ သာမန်လူငယ်များတွင်မက အထူးကုဆရာဝန်ကြီးများပါ ဒီနိုင်ငံ၌ အတော်များများ ရှိနေကြောင်းပါ စကားစပ်မိ၍ ဆရာကြီး ဦးထင်အောင်ဆီသို့ ကိုဝင်းလွင် စိတ်ရောက်သွားလိုက်သေး၏။

ဆက်လက်၍ ဧည့်သည်အမျိုးသမီးက ယခင်နှစ်တွင် သူ့ခြေထောက်နာသဖြင့် ကေအယ်လ်(ကွာလာလာမ်ပူ) ဆေးရုံကြီး၌ သူ့အသိဆရာဝန်၏ ထောက်ပံ့မှုဖြင့် ဓာတ်မှန် ရိုက်ခဲ့ရကြောင်း၊ ပြင်ပဆေးခန်းများတွင် တစ်ရာ့ငါးဆယ် နှစ်ရာမျှ ကုန်ကျမည်ကို ဆေးရုံကြီး၌ ဆေးဖိုး တစ်ဆယ့်ရှစ်ကျပ်ပင် ကုန်ခဲ့ကြောင်းများကို အားပါးတရ ပြောပြနေ၏။ ဤတွင် ကိုဝင်းလွင်မှာ နောက်တစ်ကြိမ် ပြန်၍ နေမကောင်းဖြစ်လျှင် အဆင်ပြေသည့် လမ်းစသစ်တော့ ရပြီဟူသောအတွေးဖြင့် ထိုအမျိုးသမီးကို ကြည့်ရှု ကူညီခဲ့သော ဆရာဝန်ကြီး၏ အမည်၊ လိပ်စာ စသည်တို့ကို မေးလိုက်ဖြစ်သည်။

'အမယ်လေး သွားဖို့တော့ စိတ်မကူးပါနဲ့ရှင်၊ သူ ကျွန်မကို ကြည့်ပေး၊ ဓာတ်မှန်ရိုက်ဖို့ စီစဉ်ပေးခဲ့တဲ့ ကျေးဇူးရှိလို့၊ ကျွန်မလေ ဖုန်းနဲ့ဆက်ပြီး

www.foreverspace.com.mm



ပြောလည်း ရတဲ့ဟာကို အပင်ပန်းခံပြီး၊ သူ့အိမ်ကို ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်ကြောင်း သွားပြောပါတယ်။ ကြုံချင်တော့ အဲဒီရက်က သူတို့ တစ်မိသားစုလုံး မြန်မာပြည် ခဏပြန်ခါနီးရက်နဲ့ သွားဆုံတယ်။ အဲဒီဆရာဝန်က ကျွန်မတို့ လမ်းထိပ်မှာ နေတာလေ။ ဒါနဲ့ ကျွန်မက ကျွန်မမိဘတွေအတွက် ပန်းသီးဆယ်လုံး ဝယ်သွားပေးပါ၊ ပိုက်ဆံပေးပါ့မယ်လို့ ပြောတာကို ဆရာဝန်ကတော်က ဘာပြောတယ် ထင်လဲ၊ ပစ္စည်းတွေ ပေါင်ချိန်ပိုနေလို့ သူတို့အိမ်ဖို့တောင် ပန်းသီး မသယ်ဘူးတဲ့။ ရန်ကုန်က ပန်းသီးက ဒီကဟာထက်တောင် အရသာရှိသေးသတဲ့လေ။ တကယ်ဆို ဟိုဆရာဝန်ကြီးကလည်း ဒီကမိန်းကလေး တစ်ယောက်က ပြောနေတဲ့ဟာကို ယူပေးလိုက်ပါ၊ ဘာညာပြောပေးပါလား၊ ခုတော့ ပါးစပ်ကြီးကို ပိတ်လို့။ အဲဒီကတည်းက သူတို့ကို ကျွန်မ မဆက်သွယ်တော့ဘူး'

ကိုဝင်းလွင်အတွက် အရေးကြုံလျှင် ထွက်ပေါက်ရာဖို့ လမ်းစအတွက် ဤတွင် ပိတ်သွားလေသည်။

'အို… ငါ ကျန်းမာနေပြီပဲ၊ ပြန်ဖြစ်တော့ရော အရေးလား၊ ဆေးရုံရှားတာလိုက်လို့' သူ့ကိုယ်သူ အားတင်းစကား ဆိုဖြစ်၏။ သို့သော် ဂရုစိုက်နေသည့်ကြားမှ အလုပ်ချိန်များခြင်း၊ အစားအသောက် မမှန်ခြင်းကြောင့်လား မသိ။ ဆေးရုံမှ ဆင်းအပြီး လေးလကျော်အကြာတွင် ဝမ်းဗိုက်မကောင်းသလို ခံစားရ၍ အတော်လေး စိတ်လှုပ်ရှားသွားမိ၏။ ဆေးရုံမှ ပေးလိုက်သော စားဆေးများလည်း ကုန်ခဲ့ပြီဖြစ်၍ အမေပို့သော လေဆေး၊ လျက်ဆား စသည်တို့နှင့် စိတ်ဖြေရသည်။ ကံကောင်းသည်ပဲလား မပြောတတ်၊ တစ်ရက် နှစ်ရက်ကြာတော့ ပြန်၍ နေကောင်းသွားသော်လည်း ကိုဝင်းလွင် နေလို့မဖြောင့်တော့။ တကယ်လို့သာ အရင်တစ်ခါလို ပြန်ဖြစ်လျှင် ဆိုသည့်အတွေးသည် သူ့အား လွှမ်းမိုးနေတော့သည်။

တစ်လပြည့်လျှင် ပြန်လာပါဆိုသည်ကို မေ့ထားပစ်ရုံမက ဆေးရုံမှ သူ့အတွက် ကုန်ကျစရိတ်မှန်သမျှကိုလည်း မျက်ကွယ်ပြုခဲ့မိပြီ။ ဆရာကြီး ဦးထင်အောင်ကိုလည်း အနည်းဆုံး ဖုန်းလေးနဲ့ပဲဖြစ်ဖြစ် ကျေးဇူးတင်ကြောင်းလေးတောင် မပြောဖြစ်ခဲ့။ ဆေးရုံပြန်သွားရမည့်ရက် စေ့စဉ်က အလုပ်ပျက်၍ ဝင်ငွေလျော့ပါးမှာ ဆေးရုံ၏ ကျသင့်ငွေများအတိုင်း ရှင်းပေးလိုက်ရလျှင် အနည်းဆုံး ငွေ ငါးရာခြောက်ရာလောက် ကုန်ကျသွားမှာ စသည်တို့ကို တွေးပြီး သူ

www.foreverspace.com.mm

အဝေးကြီးဝေးအောင် ရှောင်ရှားခဲ့မိ၏။ ယခု သူ့ရောဂါဟောင်း ပြန်ထ ပြန်လေပြီလား၊ စိုးရိမ်ပူပန်မှုတို့ ရေဆူအမှတ်နားတိုင်လာလေသည်။ သူ့နဖူးနှင့် လည်ပင်းကို သူ့လက်ခုံဖြင့် စမ်းသပ်ကြည့်ပြီး 'ငါ အစိုးရိမ်လွန်နေတာ ထင်ပါရဲ့၊ အသားအရေတွေလည်း ကောင်းလို့ပါ' တနင်္ဂနွေဖြစ်သော်လည်း အခန်းဖော် အားလုံးလိုလို အလုပ်ဆင်းသူဆင်း၊ မြို့ထဲ ထွက်သူထွက် ဖြစ်သဖြင့် ကိုဝင်းလွင် တစ်ဦးတည်း ရောက်တတ်ရာရာ တွေးချည်ငေးချည်ဖြင့် ခြေတွေလက်တွေ ဆွဲ၍ မခံရသလို ခံစားနေမိသည်။

'ဟာ…တစ်အိမ်လုံးလည်း ငြိမ်လို့ပါလား၊ ခင်ဗျားတစ်ယောက်တည်းလား' ဆိုသည့်အသံကြားမှ လှုပ်ရှားဖြစ်၏။

'သြော်…ကိုစိုးငြိမ်း…ခင်ဗျား မလာတာတောင် ကြာပြီ၊ ကိုတင်ထွန်းဦးနဲ့အောက်မှာ မတွေ့ခဲ့ဘူးလား၊ စောစောလေးကပဲ ဆင်းသွားတယ်၊ ခင်ဗျားကို စောင့်နေတယ် ပြောတာပဲ'

ကိုစိုးငြိမ်းဆိုသူမှာ ကိုဝင်းလွင်နှင့်အတူနေသူ ကိုတင်ထွန်းဦး၏ မိတ်ဆွေရင်း ဖြစ်၏။ သုံးလတန်သည်၊ လေးလတန်သည် တစ်ခါလောက် လာရောက်လည်ပတ်တတ်၍ အရင်းနှီးကြီး မဟုတ်သော်လည်း သိကျွမ်းနေကြသူများ ဖြစ်လေသည်။

'ဟုတ်လား၊ ဆေးလိပ် ဆင်းဝယ် ထင်ပါရဲ့၊ ဒီလူတော့ ဆေးလိပ်ဖိုးနဲ့ပဲ မွဲမယ်၊ ရပါတယ်၊ စောင့်တာပေါ့၊ အချိန်ရပါသေးတယ်' နာရီကို ကြည့်လျက် သူ့လက်မှ ဆွဲလာသော ကျွတ်ကျွတ်အိတ်ကို ခုံတန်းပေါ်တင်ရင်း ကိုဝင်းလွင်အနီး လာထိုင်၏။

'ဒါဆို ခရီးဆက်ကြဦးမယ် ထင်တယ်'

'အေးဗျာ၊ ပီဂျေဘက် သွားမလို့၊ ဒီလူ့ လာခေါ်တာ၊ သူ ဟိုတုန်းက ပီဂျေက စက်ရုံတစ်ရုံမှာ လုပ်ဖူးတော့ အဲဒီဘက် ကျွမ်းမယ် ထင်တာပဲ'

'ကိုစိုးငြိမ်းက အဲဒီဘက် အလုပ်ပြောင်းမလို့လား'

'မဟုတ်ဘူးဗျ၊ ကျွန်တော် ပြီးခဲ့တဲ့လက ဆီးစပ်ထဲက အောင့်အောင့်နေလို့ဗျာ၊ အဲဒါ အလုပ်ထဲကတစ်ယောက်က ညွှန်တာနဲ့ ဒေါက်တာ ဦးထင်အောင် ဆိုတဲ့ ဆရာကြီးနဲ့ သွားပြတယ်'

'ဆေးရုံကိုလား'

ကိုစိုးငြိမ်း စကားမဆုံးမီ အလောတကြီး သူ ဝင်၍ မေးဖြစ်၏။

www.foreverspace.com.mm



'မဟုတ်ဘူး၊ သူ့အိမ်ကို အဲဒါ စမ်းသပ်ကြည့်ပြီး ဆေး ၂ မျိုး ဝယ်သောက်ခိုင်းတယ်၊ ဆယ့်ငါးကျပ် (မလေး ၁၅ ဒေါ်လာ)လောက်ပဲ ကုန်ပါတယ်။ ကျွန်တော် လုံးလုံး နေကောင်းသွားတယ်၊ အဲဒါ ဆရာကြီးဆီ သွားကန်တော့မလို့။ ကိုယ့်တိုင်းပြည်မှာတောင် အထူးကုနဲ့ ပြချင်ရင်၊ လက်မှတ် ကြိုယူရ၊ ဟိုလူဒီလူကို မျက်နှာလုပ်ရပြီး ငွေတွေလည်း ကုန်ပါလေ့၊ ခု သွားပြောတာနဲ့ ချက်ချင်း ကြည့်ပေးတာ၊ ကိုယ်က ခုလို သွားလာထားတယ်ဆိုတော့ နောက်တစ်ခါ တစ်ခုခုဆိုရင် အကူအညီ တောင်းရလွယ်တာပေါ့ဗျာ'

ကိုဝင်းလွင် ဘာစကားမှ မဆိုနိုင်။ သူ့စိတ်တွေ ယူနီဗာစတီ ဆေးရုံနှင့် ဒေါက်တာ ဦးထင်အောင်တို့ဆီ ကူးချည်သန်းချည် ရောက်နေသည်။

'ဒီမှာ ခင်ဗျားတို့ လိုတဲ့အခါ သွားလို့ရအောင် ဒီကတ်ပြားလေး ယူထားပါလား'

ကိုစိုးငြိမ်းက စေတနာကောင်းနေပြန်သည်။ လိပ်စာကတ်ပြားလေးတစ်ခုကို သူ့အင်္ကျီအိတ်မှ ထုတ်ယူကာ ကိုဝင်းလွင်ဆီ ကမ်းလာသဖြင့် အလိုက်သင့် ယူထားလိုက်ရသည်။ မျက်လုံးတစ်ချက် အကြည့်တွင် ဒီဂရီတွေ နှစ်ခု သုံးခုတန်းလျက် စာတန်းကို ဒေါက်တာထင်အောင်ဆိုသည့် အမည်အောက်တွင် တွေ့နေရ၏။ ပြီးတော့ ဖုန်းနံပါတ် အသေအချာပါပဲ။ လွန်ခဲ့သော လေးလ ကျော်ကာလက သူ့လက်ညှိုးဖြင့် နှိပ်ခဲ့မိသော ကိန်းဂဏန်းများ။

ကိုစိုးငြိမ်းမှာ စကားပြောပြီး အာခြောက်သွားပုံရ၏။ မီးဖိုခန်းဘက်ဝင်၍ ရေသောက်အပြီး တံခါးဝဆီသို့ ခြေဦးလှည့်ရင်း-

'ကျွန်တော် အောက်ထပ် လက်ဖက်ရည်ဆိုင်မှာ တင်ထွန်းဦးကို သွားရှာလိုက်ဦးမယ်၊ ဒီလူ ဘယ်နေရာမှာ လေကြောမိနေလဲ မသိဘူး' ဆို၍ အပြင်ထွက်မည်ဟန်ပြင်သည်။ ကိုဝင်းလွင်သည် ကိုစိုးငြိမ်းအား တံခါးပေါက်အထိ လိုက်ပါပို့ဆောင်ပြီး အခန်းတွင်း ပြန်အဝင်တွင် ကိုစိုးငြိမ်း ခုတင်ပေါ်တင်ထားခဲ့သည့် ကျွတ်ကျွတ်အိတ်ဆီ မျက်စိရောက်ဖြစ်၏။ ဘာတွေပါလိမ့်အတွေးဖြင့် အသာဖွင့်လိုက်မိသည်။ ကော်ဖီမှုန့်တစ်ပုလင်းနှင့် နို့ဆီဘူး ငါးလုံး၊ ကပျာကယာ စျေးနှုန်းလေဘယ်ကို ကြည့်မိတော့ ကော်ဖီမှုန့်က ဆယ့်နှစ်ကျပ် ပြားကိုးဆယ် (m$ 12.90) နို့ဆီဘူးက တစ်ကျပ်ဆယ့်ငါးပြား (m$ 1.15) 'အားလုံးပေါင်းလိုက်ရင် ငါ့ရဲ့ တစ်နေ့ ဝင်ငွေထက်ဝက်တောင် မရှိပါလား' လက်နှင့်မျက်စိများက လှုပ်ရှားသည့်နည်းတူ စိတ်ကလည်း အတွက်အချက်ဖြင့် အနားမနေ

www.foreverspace.com.mm



ဖြစ်။ ဒီလောက် ကုန်တာလေးနဲ့လည်း ကျေးဇူးပြုလို့ ရတာဖြစ်ပေမယ့် သူ တစ်ခါမျှ မစဉ်းစားဖြစ်ခဲ့သည့်ကိစ္စတစ်ခု။ ကိုစိုးငြိမ်း ပြောတာတွေ မှန်သလိုလို ရှိသော်လည်း၊ အို…ဆေးရုံပဲဟာ ပေးမှကမ်းမှ လုပ်ပေးတာမျိုးမှ မဟုတ်တာ၊ သူက အိမ်သွားပြတာပဲ၊ ငါနဲ့ ဘာမှ မဆိုင်ပါဘူး'

မည်သို့ပင် 'မဆိုင်ပါဘူး' ဆိုသည့်အတွေးဖြင့် တင်းထားပါသော်လည်း ကိုစိုးငြိမ်း၏ '….တစ်ခုခုဆိုရင် အကူအညီတောင်းရ လွယ်တာပေါ့ဗျာ' ဟူသော စကားသည် ကိုဝင်းလွင်နားတွင် ပဲ့တင်သံကဲ့သို့ မြည်ဟီးနေလေသည်။ ■

**မေသက်စု**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၈၀ ၊ ဇွန်လ၊ ၁၉၉၆**

www.foreverspace.com.mm

# ပုံဆိုးမ

ခင်ခင်ထူး

ကျွန်မလေး ဗိုက်ဆာပေမယ့်
ဘယ်ကိုမှ ဝင်မဓားရဲတော့ဘူး
မောလိုက်တာလည်း အလွန်ပါပဲ
ဒါနဲ့ လမ်းဘေး ဓာတ်တိုင်အောက်မှာ ခွေနားလိုက်တယ်
ဓာတ်တိုင်က မီးမလာလို့ တော်သေးရဲ့
ကျွန်မကို ဘယ်သူမှ ကောင်းကောင်း မမြင်တော့ဘူးပေါ့

www.foreverspace.com.mm

ပုံဆိုးမ

# ခင်ခင်ထူး

ကျွန်မတို့မိသားစု ဘယ်လိုက ဘယ်လို ကွဲကွာလာခဲ့ကြတယ်ဆိုတာ ကျွန်မ မသိပါဘူး။ ကျွန်မ သိတာက ကျွန်မ ဗိုက်အရမ်းဆာနေပြီဆိုတာပါပဲ။ ဗိုက်ထဲမှာ ဆာလွန်းလို့ အစားစားရဖို့ ချောင်းနေခဲ့တယ်။ ကျွန်မ ရောက်နေတဲ့ လမ်းမကြီးပေါ်မှာ ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်မောင်းနေတာကလွဲလို့ စားစရာဆိုတာ ဘာမှမရှိဘူး။

တစ်အိမ်အိမ်ကို အလစ်ဝင်မစားရင် ဘယ်ကမှ ကျွန်မ စားရမှာ မဟုတ်ဘူး။

ကားလမ်းဘေးမှာ တိုက်ကြီးတွေပဲ များတယ်။ အားလုံးဟာ အခိုင်အမာ လုံခြုံနေလေတော့ ကျွန်မ ဝင်ဖို့မလွယ်ဘူး။ အဲသလို ကျွန်မ စိတ်ညစ်နေတုန်းမှာ ကားတစ်စီး မောင်းထွက်သွားတဲ့ခြံဟာ တံခါးပွင့်နေတာ တွေ့လိုက်ရတယ်။ သံတိုင်တွေ စိုက်ထားတဲ့ အုတ်နံရံလေးဘေးမှာ ပြေးကပ်လိုက်ရင်း ဟိုဟိုသည်သည် ကြည့်လိုက်တယ်။ လူရိပ်လူယောင် မမြင်တာနဲ့ ကျွန်မလည်း ရဲရဲတင်းတင်းပဲ တိုက်ဘေးကို ကွေ့ဝင်လိုက်တယ်။ နောက်ဖေးဘက်ဆီကို ခြေလှမ်းဖွဖွလေး လှမ်းမယ်ပြင်တုန်း…

'ဝေါင်း… ဝေါင်း'

အမယ်လေး၊ လန့်လိုက်တာ။ ကျွန်မ ရင်တွေ တုန်သွားတာပဲ။ အသံလာရာဆီ ကြည့်လိုက်တော့ လားလား နည်းတဲ့ ခွေးကြီးလား။ အမွေးတွေ ဖွာရရာနဲ့ ကျားရဲကြီးတစ်ကောင်လို ကျွန်မကို ကိုက်ဆွဲဖို့ ပြင်နေတယ်။ ဒါပေမယ့်

www.foreverspace.com.mm



သူ ကျွန်မဆီ လာလို့မရဘူး။ ကျွန်မလို လွတ်လွတ်လပ်လပ် မဟုတ်ဘူး။ ကြောက်ကြောက်လန့်လန့်နဲ့ ကျွန်မ စွတ်ပြေးတော့ တံခါးပေါက် မျက်စိလည်နေတယ်။

'ဘလက်ကီ ဘာဟောင်နေတာလဲ ထကြည့်စမ်း' ဆိုတဲ့အသံနဲ့အတူ ကောင်လေးတစ်ယောက် ဘွားကနဲ ပေါ်လာတယ်။

'အိုး··· ဘယ်ကခွေးလဲ ခွေးသူခိုး ဝင်တာဟေ့' ဆိုပြီး ကျွန်မနောက်ကနေ လိုက်ချောက်ကြတယ်။ သည်တော့မှ တံခါးပေါက်တွေ့ပြီး ကျွန်မ တအားသုတ်ပြေးခဲ့ရတယ်။ ခွေးကြီးရဲ့ တဝေါင်းဝေါင်း ဟောင်သံကြီးကတော့ ဆူညံနေရစ်ခဲ့လေရဲ့။ ကြောက်လွန်းလို့ ဗိုက်ဆာတာတောင် ဘယ်ပျောက်သွားမှန်းမသိတော့ဘူး။ ခွေးကြီးကို ချည်ထားလို့သာရယ်ပေါ့။ ချည်မျှားမထားရင် ကျွန်မအသားတွေ တစ်စစီ ပြတ်ထွက်အောင် ကိုက်ဆွဲမှာပဲ။ လမ်းမ ဟိုဘက်ရောက်တော့ ခြံတံခါးပိတ်သံနဲ့အတူ···

'ဒီလို ခွေးလေခွေးလွင့်တွေ ဝင်မှာစိုးလို့ တံခါးပိတ်ထားရတာပေါ့။ ထွီ···' ဆိုတဲ့ အသံကို ကျွန်မ ကြားလိုက်ရတယ်။ ခပ်လှမ်းလှမ်းရောက်တော့ လမ်းဘေး ထယ်ပင်ရိပ်အောက်မှာ ခဏနားလိုက်တယ်။ ဆာလိုက်တာ။ သည်အတိုင်းနေလို့တော့ မဖြစ်သေးပါဘူး။ လမ်းထဲက အိမ်တွေကို လှမ်းမျှော်ကြည့်တော့ အားလုံး အခိုင်အမာ ပိတ်ထားတဲ့ တိုက်တာတွေချည်းပဲ။ ကျွန်မ ဘယ်ဝင်လို့ဖြစ်မလဲနော်။ ကျွန်မလည်း စိတ်ပျက်လက်ပျက်နဲ့ အနောက်စူးစူးကို ဆက်လျှောက်လာခဲ့တယ်။

ဟော··· ကြည့်စမ်း၊ စားသောက်ဆိုင်တစ်ဆိုင်ပါလား။ အထဲမှာ လူတွေစားသောက်နေလိုက်ကြတာ။ ကျွန်မဟာ ဘာလို့များ စောစောကတည်း က သည်လိုဆိုင်မျိုးကို မစဉ်းစားမိတာပါလိမ့်။ သူဌေးတိုက်ထဲ စွတ်ဝင်သွားမိ လို့ အမောသာ အဖတ်တင်ရဲ့။ ဘာအနံ့မှတောင် မရခဲ့ဘူး။

ဆိုင်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ကျွန်မ အမြီးကို တဖျတ်ဖျတ် နန့်မိတယ်။ ဒါပေမယ့် ဘယ်သကောင့်သား တစ်ယောက်ကမှ ကျွန်မကို အရေးမစိုက်ကြပါဘူး။ သူတို့ဟာ စားလိုက်ကြ၊ သောက်လိုက်ကြ၊ တဝါးဝါး တဟားဟား ရယ်မောလိုက်ကြနဲ့။ ဘယ်သူကမှ ကျွန်မကို သတိမထားမကြတာ တစ်မျိုးတော့ ကောင်းပါတယ်။ ဆိုင်ထဲကို ကျွန်မ ခိုးဝင်လိုက်တယ်။

အားပါး··· မွှေးလိုက်ကြိုင်လိုက်တာ အနံ့တလှိုင်လှိုင်နဲ့ စားပွဲတွေ

www.foreverspace.com.mm

အောက်ကို ဝင်ခိုရင်း အားရပါးရ မွှေးရှိုက်လိုက်တယ်။ ကျွန်မမှာ အဆာပြေသွား သလိုပါပဲ။ ကျွန်မကို ဘယ်သူမှ ဂရုမပြုမိကြဘူးဆိုတာ သိတော့ ဆိုင်နောက် ဖေးကို စွတ်ဝင်သွားလိုက်တယ်။ ဖြစ်ချင်ရာ ဖြစ်တော့ပေါ့။

အို… ကြည့်စမ်း။ ဒီခြင်းတောင်းထဲမှာ စားကြွင်းစားကျန်တွေမှ မနည်း ဘူး။ ကျွန်မလေ စားချင်ဇောနဲ့ သွားရည်တွေ တမြားမြား ကျလာတယ်။ ခြင်းတောင်းကို လက်နှစ်ဖက်နဲ့ တွယ်ကုပ်ပြီး အားရပါးရ စားမယ်လုပ်တုန်း…

'ဟဲ့ခွေး၊ အံမာ အတင့်ရဲလိုက်တာဗျာ။ ငါတို့အစုကို နင် လာလုတာ ပေါ့လေ'ဆိုပြီး ဆိုင်က အလုပ်သမားလေးက တုတ်နဲ့လိုက်ဆော်လို့ ဖဝါးနဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရတယ်။ ကျွန်မရဲ့ ကျောကုန်းကို တစ်ချက်၊ ဖင်မြီးကို တစ်ချက်၊ နှစ်ချက်မိသွားတယ်။ ဗိုက်က ဆာရတဲ့အထဲ နာတဲ့ဒဏ်တိုးလာလို့ စိတ်တောင်ပျက်မိပါရဲ့။

ဒါနဲ့ပဲ ကျွန်မ ခရီးဆက်ခဲ့ပြန်တယ်။ ဒီတစ်ခါတော့ လမ်းမကြီးအတိုင်း မသွားဘဲ လမ်းသွယ်ထဲချိုးကွေ့လိုက်တယ်။ အိမ်တွေက ကျပ်သိပ်လို့၊ အနံ့တွေ ကလည်း လှိုင်လို့။ ကျွန်မကပဲ ဆာလွန်းနေလို့လား မသိဘူး။ အနံ့ခံကောင်းနေ လိုက်ပုံ၊ အိမ်ကြိုအိမ်ကြားထဲဝင်ပြီး စားကြွင်းစားကျန်ကို ရသလောက် ကောက် စားဖို့ ဆုံးဖြတ်လိုက်တယ်။

ဘယ်နှယ့်ရှင်၊ ကျွန်မ ဆာလွန်းနေပြီလေ။ ဒီတော့ အိမ်တစ်အိမ်ထဲ စွတ်ဝင်လိုက်ပြီး အနံ့လာရာ မီးဖိုချောင်ထဲ အရောက်ဝင်ခဲ့တယ်။ ပတတ်ရပ်ပြီး ဟင်းအိုးအဖုံးကို နှုတ်သီးနဲ့ ထိုးလှန်ချလိုက်တယ်။ ဘာရယ်ညာရယ် ကျွန်မ မစဉ်းစားတော့ပါဘူး။ အတင်းထိုးစားပစ်တယ်။ စားကောင်းနေတုန်းရှိသေးရဲ့ ကျွန်မနောက်က…

'ဟာ၊ ဟင်းအိုးကို ခွေးသူခိုးလှန်စားနေတယ်၊ လိုက်စမ်း။ ဟိုဘက် က တစ်ယောက်ပိတ်၊ ဒီဘက်က တစ်ယောက်ပိတ် မလွတ်စေနဲ့'

ညာသံတွေပေးပြီး ကျွန်မကို ထုကြတယ်။ တုတ်၊ အုတ်ခဲကျိုး ခဲတွေ ဟာ မိုးသီးမိုးပေါက်တွေလို ကျွန်မကိုယ်ပေါ်ကို ကျလာတယ်။ ဘယ်လိုမှ ရှောင်လို့ မလွတ်ဘူး။ ကျွန်မရဲ့ နဖူးတည့်တည့်ကို အုတ်ခဲကျိုး ဝင်မှန်တော့ သွေးတွေ ဖြာစီးကျလာတယ်။ နာလိုက်တာလေ။ ကျွန်မ တဂိန်ဂိန်အော်ရင်း ထွက်ပြေးခဲ့ ရတယ်။ စားထားတဲ့ အစားလေးလည်း ဘယ်နံမှာ ကပ်သွားတယ် မသိလိုက် ရပါဘူး။ ကျွန်မလေ နာကျင်လွန်းလို့ မျက်ရည်တွေ ကျလာတယ်။

www.foreverspace.com.mm



'သြော်… ငါ့အဖြစ်က ဟာနေတဲ့ ဝမ်းကလေး ဖြည့်ဆည်းဖို့အတွက် တောင် မလွယ်ပါလား။ ဟိုကပစ်၊ ဒီကရိုက်နဲ့ ဆိုးလှချည်ရဲ့' လို့ တွေးမိပြီး ကျွန်မ ငိုတာပေါ့။ ဒဏ်ရာဒဏ်ချက်တွေက နာလွန်းလို့ ဘာမှလည်း စားချင်စိတ် မရှိတော့ပါဘူးလေ။ လေးကန်တဲ့ ခြေလှမ်းတွေနဲ့ ခြေဦးတည့်ရာကို တရွေ့ရွေ့ လျှောက်လာခဲ့မိတယ်။ သည်တုန်းမှာပဲ ကျွန်မဘေးမှာ ရန်သူတွေ ဝိုင်းလာတယ်။ ကျွန်မကို တဂီးဂီး တဂဲဂဲ မာန်ဖီပြီး ကျွန်မနောက်ကို ခွေးတွေ အုံလိုက်လာတယ်။ ကျွန်မ ကြိုးစားပြီး ပြေးတယ် ရှေ့မှာလည်း ခွေးတစ်အုပ်။ ကျွန်မ ဘယ်ကို ပြေးရပါ့မလဲရှင်။ မပြေးလို့ကလည်း မဖြစ်ဘူး။ သူတို့တစ်တွေကသာ ဝိုင်းဆွဲလိုက်၊ ကိုက်လိုက်ရင် ကျွန်မ နေရာမှာပဲ ပွဲချင်းပြီးနိုင်တယ်။

ပြေး… ပြေး။ ကျွန်မကို ကျွန်မ အားပေးရင် တအားပြေးပေမယ့် မလွတ်ပါဘူးရှင်။ သူတို့ ကျွန်မကို ဝိုင်းကိုက်ကြတယ်။ ကျွန်မ အသံကုန် အော်ရင်းက ဘာမှပြန်ပြီး မခုခံနိုင်တော့ပါဘူး။ အော်ရလွန်းလို့ ငယ်သံတွေတောင် ပါကုန်ပါပြီ။

'ဟဲ့… ခွေးတွေ။ သြော်… ဒီခွေးမလေးကိုပဲ ဝိုင်းကိုက်နေကြတယ်။ သွား… ကဲဟာ… ကဲဟာ'

ကျေးဇူးကြီးလိုက်ပါဘိရှင်။ ကျွန်မကို ဝိုင်းကိုက်နေတဲ့ခွေးတွေကို မောင်းထုတ်ပေးတဲ့ လူကြီးကို ကျေးဇူးတင်လိုက်တာ။ ကျွန်မကို အနိုင်ကျင့်တဲ့ ခွေးတွေဟာ သူတို့ကို နိုင်သူပေါ်တော့ တချိုးတည်း လစ်တော့တာပေါ့။ တော်တော်လည်း ဟုတ်တဲ့ ခွေးတွေလေ။ ကျွန်မဘက်က လူတစ်ယောက် ရှိလာပြီမို့ အားကိုးတကြီး မော့ကြည့်လိုက်မိတယ်။

'သွား… တဂိန်ဂိန်နဲ့ အော်မနေနဲ့ နားညည်းတယ်'

အို… လူဆိုတာ အမျိုးမျိုး ပြောင်းလဲတတ်ပါလား။ အခုပဲ ကျွန်မကို ကူညီခဲ့တယ်။ အခုပဲ မောင်းထုတ်ပြန်တယ်။ ဒယီးဒယိုင်နဲ့ ကျွန်မ ထပြေးခဲ့ရတယ်။ တော်ကြာ၊ ကျွန်မကို ထကန်လိုက်ရင် ဒုက္ခ။

သည်လိုနဲ့သာ ပြေးနေရတယ်။ ကျွန်မဝမ်းထဲမှာ ဘာအစာမှ ကောင်းကောင်း မသွင်းရသေးပါဘူး။ တစ်ကိုယ်လုံးလည်း နာလှပြီ။ နဖူးထက်က သွေးတွေကလည်း စီးကျနေတယ်။ မိုးကလည်း တဖြည်းဖြည်း ချုပ်လာပြီ။ အမှောင်ကို ရောက်တော့မယ်။ ကျွန်မလေ ဗိုက်ဆာပေမယ့် ဘယ်ကိုမှ ဝင်မစားရဲတော့ဘူး။ မောလိုက်တာလည်း အလွန်ပါပဲ။ ဒါနဲ့ လမ်းဘေး ဓာတ်တိုင်အောက်

www.foreverspace.com.mm



မှာ ခွေနားလိုက်တယ်။ ခေတ်တိုင်က မီးမလာလို့ တော်သေးရဲ့။ ကျွန်မကို ဘယ်သူမှ ကောင်းကောင်း မမြင်တော့ဘူးပေါ့။

ဒါပေမယ့် မကြာပါဘူး၊ အရက်သမားတစ်ယောက် ရောက်လာတယ်။ ကျွန်မနားကို ကပ်လာတော့ ကျွန်မကို တက်နင်းမိမှာ စိုးတာကြောင့်မို့ ယောင်ပြီး သူ့ကို ထခဲလိုက်မိတယ်။

'ဟာ… ဒီခွေး၊ ကဲဟာ'

သူက ခဲတစ်လုံးကောက်ပြီး ကျွန်မကို ထုတယ်။ ကျွန်မလည်း ပြေးရပြန်တာပေါ့။ တော်သေးရဲ့။ အမူးသမားက လက်မတည့်လို့။ လက်များ တည့်ခဲ့ရင် ကျွန်မရင်ဝကို မှန်မှာ အသေအချာပါပဲ။

တဖြည်းဖြည်းနဲ့ ပြေးလာလိုက်တာ တာရိုးကြီးတစ်ခုပေါ် ကျွန်မ ရောက်လာတယ်။ တာရိုးပေါ်မှာ ခေတ္တနားရင်း လူတွေ၊ ခွေးတွေ မြင်တာနဲ့ တာရိုးအောက်ဘက် ချိုင့်ထဲကို ဆင်းပြေးခဲ့တယ်။ ဝင်းခြံခတ်မထားတဲ့ အိမ်စုတွေကိုမြင်တော့ ကျွန်မ အားနည်းနည်း တက်မိတယ်။ ညကလည်း အတော်မှောင်လာပြီ။

အမှန်ပြောရရင် ကျွန်မ ဗိုက်ဆာပေမယ့် စားချင်စိတ် မရှိတော့ပါဘူး။ ဒီတစ်ခါ စားမိရင် ထပ်ရမယ့် ဒဏ်ရာကိုလည်း ကျွန်မ မခံနိုင်တော့ပါဘူး။ ဒါကြောင့် အတော်လေး ချောင်ကျတဲ့ တဲကလေးတစ်လုံးရဲ့ ခုတင်အောက်ကို ခိုးဝင်လိုက်တယ်။ ကလေးအော်သံတွေ ကျွတ်ကျွတ်ညံနေလို့ ကျွန်မ ဝင်တာကို အိမ်ရှင်တွေ မသိကြပါဘူး။ ကျွန်မကိုလည်း သူတို့ သတိထားမိကြမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ စားရေးသောက်ရေးအတွက် အခုမှ ထင်းမီးလက်လက်လေးတွေနဲ့ ချက်ပြုတ်နေကြတုန်း။

ကျွန်မလည်း မောမောနဲ့ ခုတင်အောက်မှာ အိပ်ပျော်သွားတယ်။ တစ်မှေးတင်ရယ်ပါ။ ဇလုံသံ၊ ဇွန်းသံတွေကြောင့် ကျွန်မပြန်နိုးလာတယ်။ ကြည့်စမ်း… ကလေးတွေထမင်းစားနေတဲ့ဘေးမှာ ထမင်းလုံးတွေ၊ အရိုးတွေ။ ကျွန်မ ဗိုက်တွေပြန်ဆာလာပြန်တယ်။ ဒါပေမယ့် သွားမစားရဲဘူး။ စားရမှာထက် အရိုက်အနှက်ခံရမှာကို ပိုကြောက်နေမိတယ်။ သည်တော့ ခုတင်အောက် မှာပဲ ငြိမ်ငြိမ်လေးဝပ်နေရတယ်။ တစ်ကိုယ်လုံးလည်း နာနေလေတော့ လှုပ် တောင် မလှုပ်ချင်တော့ဘူး။ ခေါင်းကို ပြန်အချမှာ အရိုးတစ်ရိုးက ကျွန်မနဲ့ မလှမ်း မကမ်းကို လွင့်ကျလာတယ်။ ဘာပြောကောင်းမလဲ ကျွန်မ ပြေးဟပ်မိတာပေါ့။

www.foreverspace.com.mm



'ဟေ့… ဟိုမှာ ခွေးလေး'

'အို့… အို့… ဒီမှာ ရော့၊ ရော့'

ကလေးတွေကလေ ကျွန်မကို ခေါ်ပြီး ထမင်းပုံကျွေးတယ်။ သူတို့ထိုင်နေတဲ့ မြေကြီးပေါ်မှာပဲ ပုံကျွေးတာ။ ကျွန်မ မစားရဲစားရဲ ဖြစ်နေတုန်း…

'ဟာ… ခွေးလေးမှာ သွေးတွေနဲ့'

ကျွန်မအနားကို ကလေးတွေ ရောက်လာတယ်။ ကျွန်မကို ဝိုင်းအုံကြည့်ကြတယ်။

'သနားပါတယ်ကွာ။ ဘယ်သူက ရိုက်လွှတ်လိုက်တယ် မသိဘူး'

'အို… ဟုတ်ပါရဲ့။ အဖေ၊ အဖေရေ ဒီမှာ ခွေးလေးဗျ၊ သွေးတွေနဲ့'

ကလေးတစ်ယောက်က အော်ပြောတော့ လူကြီးတစ်ယောက် ကျွန်မနားကို ရောက်လာပြန်တယ်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ ထပြေးမယ်လုပ်တုန်း လူကြီးက ကျွန်မခေါင်းကို လာကိုင်တယ်။ ပြီးတော့ ကျွန်မကို ကြင်ကြင်နာနာပဲ သွေးတွေ ဆေးကြောသုတ်သင်ပေးတယ်။

'ခွေးလေးကိုကွာ၊ ဘာလို့ ဒီလောက် ထုလွှတ်လိုက်ကြတာပါလိမ့်။ လူမဆန်တဲ့ဟာတွေ'

ကလေးတွေက သူတို့ ဇလုံထဲက ထမင်းတွေကို ပုံကျွေးတယ်။ ကျွန်မ မစားရဲတာမို့ လူကြီးကို မော့ကြည့်လိုက်တယ်။

'စား၊ စား ညည်း ဆာနေတယ်မို့လား'

အို… ကျွန်မ အိပ်မက်တွေများ မက်နေရော့သလား။ တစ်နေကုန်တစ်နေခန်း မရပ်မနား ပြေးလွှားခဲ့ရတဲ့ ကျွန်မကို ကြင်နာသနားတတ်တဲ့ လူဆိုတာ ရှိပါသေးလား။ ကျွန်မ ဝမ်းနည်းလိုက်တာလေ။ ထမင်း မစားနိုင်လောက်အောင်ပါပဲ။ ကျွန်မ ခုတင်အောက်ကို ပြန်ဝင်ခဲ့တယ်။

'သနားပါတယ်။ ထမင်းတောင် မစားနိုင်ရှာဘူး'

ကျွန်မ မျက်စိထဲမှာ တိုက်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ၊ လမ်းပေါ်က ဗိုလ်ကျချင်တဲ့ ခွေးကြီးတွေကို မြင်ယောင်လာတယ်။ ပြီးတော့ ကျွန်မတွေ့ခဲ့ရတဲ့ လူတွေ၊ ကျွန်မကို ကြင်နာတတ်တဲ့ မိသားစုလေး။ ဩော်… လူမျိုးချင်း မတူညီကြပါလားနော်လို့သာ အောက်မေ့လိုက်ရပါတယ်။

နောက်တစ်နေ့ မနက်ရောက်တော့ ကလေးတွေက ကျွန်မကို လာကိုင်တယ်။ တစ်ညတာ အိပ်စက်လိုက်ရလို့လား၊ ကျွန်မကိုယ်ကျွန်မ စိတ်ချနေရ

www.foreverspace.com.mm

လို့လား မသိဘူး၊ ကျွန်မ လန်းဆန်းနေတယ်။ သူတို့ ကျွေးတဲ့ ထမင်းရည်တွေကို တစ်ဝကြီးသောက်ပစ်လိုက်တယ်။

'ဖေဖေ၊ ဒီခွေးလေးကို ကျွန်တော်တို့ မွေးရအောင်နော်'

'သူ နေချင်ရင် နေပေ့စေပေါ့ကွာ။ တို့မှာ ထမင်းရည်တော့ တိုက်နိုင်ပါတယ်'

အို… သခင်။ ဝမ်းသာလိုက်တာ။ ဒါ ကျွန်မရဲ့ ပထမဆုံး သခင်တွေပါပဲ။ ကျွန်မလေ သူတို့ကို လျှာနဲ့ လိုက်လျက်တယ်။ ခေါင်းနဲ့ ပွတ်တယ်။ အမြီးကို နန့်ပြတယ်၊ ဝပ်ပြီး ရှိခိုးတယ်။

'လိမ္မာတယ်နော်။ ဒါပေမယ့် အရုပ်က ဆိုးတယ်'

ဟုတ်ပါရဲ့။ ကျွန်မက ရုပ်ကသိပ်ဆိုးပါတယ်။ ကျွန်မကိုယ်ပေါ်က အမွေးတိုတိုလေးတွေဟာ အချို့ ဝဲစားလို့ ကျွတ်နေတယ်။ ကျွန်မရဲ့ အဆင်းကလည်း အဖြူနဲ့အနက် ကြောင်ကြောင်ကျားကျား။ နားရွက်က တိုတို။ မျက်နှာက လုံးပွပွနဲ့မို့ အမြင်တော့ ဆိုးသရှင်။

'အဖေ၊ သူ့ကို နာမည်ပေးရအောင်'

'အင်း… အရုပ်ဆိုးတယ်ဆိုတော့ ပုံဆိုးမလို့ နာမည်ပေးလိုက်ကွာ၊ ဟား… ဟား… ဟား…'

ကြည့်စမ်း၊ ကံများ တက်လာချင်တော့ ခွေးသူခိုးမ၊ ခွေးလေမဆိုတဲ့ အမည်ကနေ ကျွန်မကိုလေ ပုံဆိုးမလို့ သခင်က အမည်ပေးလိုက်ပြီ။

'ပုံဆိုးမ'

ပျော်လိုက်တာ။ ကျွန်မ သိပ်သဘောကျတာပဲ။ ကျွန်မမှာ သခင် ရှိပြီ။ ကိုယ်ပိုင်နာမည်ရှိပြီ။ ကိုယ်ပိုင်စားခွက် ရှိလာပြီ။ ကျွန်မ ဟိုဝင်သည်ထွက် ခိုးစားစရာ မလိုတော့ဘူး။ ကျွန်မ ခိုးမစားတော့ဘူး။

သူတို့တစ်တွေ နေတဲ့ တာရိုးအောက်ချိုင့်က ရပ်ကွက်လေးဟာ စည်းရိုးမရှိ၊ အကာမရှိဆိုတော့ ကျွန်မ လွတ်လွတ်လပ်လပ် သွားချင်ရာ သွား၊ ရန်မူမယ့်သူ မရှိဘူး။ ခွေးတွေအားလုံးလည်း တစ်ကောင်နဲ့တစ်ကောင် မကိုက်ကြဘူး။ အားလုံး တစ်သားတည်း။ ဘယ်ခွေးစားအိုးကို ဝင်စားစား ငေါက်မယ့် ပစ်မယ့် ခတ်မယ့်သူ မရှိဘူး။ ထမင်းရည်တွေ တင်းနေအောင် သောက်ရတာကိုပဲ ကျွန်မ ကျေနပ်ပါပြီ။

သခင်တို့ မိသားစုလေးနဲ့ ကျွန်မဟာ အတော်ကလေး ချစ်ချစ်ခင်ခင်

www.foreverspace.com.mm



ရင်းရင်းနှီးနှီး ရှိလာတယ်။ သခင့်ကလေးတွေ ကစားတဲ့နေရာ၊ ရေချိုးသွားတဲ့ နေရာတွေကို လိုက်သွားပြီး ကလေးတွေကို ကျွန်မ စောင့်ရှောက်တယ်။ ကလေးတွေကလည်း ကျွန်မကို တွယ်တာကြတယ်။

'ပုံဆိုးမ၊ ပုံဆိုးမ အို့… အို့'

ကျွန်မကို ခေါ်သံကြားတာနဲ့ သခင့်ဆီ အပြေးသွားလိုက်တယ်။ သခင်က လွယ်အိတ်ထဲကို လက်နှိုက်ပြီး ထုတ်လိုက်တော့ အို… အမဲရိုးတွေ။

'စားစမ်း ပုံဆိုးမ။ ငါ ဈေးထဲက ကောက်လာတာ'

ကျွန်မအပေါ် အဲသလို စေတနာကောင်းတဲ့ သခင်တို့ မိသားစုကို ကျွန်မ အသက်နဲ့လဲ ကာကွယ်စောင့်ရှောက်မယ်လို့ အမဲရိုးစားရင်း သစ္စာပြုလိုက်ပါတယ်။

ဒါပေမယ့်ရှင်၊ တကယ်တမ်းကျတော့ ကျွန်မ မတတ်နိုင်တာတွေက အများကြီးပါ။ သခင်တို့ မိသားစု ထမင်းချက်နိုင်တဲ့အခါ သခင့်ကလေးတွေ ဆာလောင်ငိုကြွေးကြတဲ့အခါ ကျွန်မ မတတ်နိုင်ခဲ့ဘူး။ ကျွန်မကိုယ်တိုင် ထမင်းရည် မသောက်ရတဲ့ ရက်တွေမှာ သခင်တို့ကို သနားမိတယ်။ ကျွန်မ ကြေကွဲရပါတယ်။ အဲသလို ကြေကွဲနေရတုန်း မမျှော်လင့်ဘဲ ကျွန်မ ရင်ကွဲရတော့တာပါပဲ။ သခင်တို့ မိသားစု အိမ်ပြောင်းကြတော့မယ်။ သခင်တို့တစ်တွေ အိမ်လေးကို ဖျက်နေကြပြီ။

ကျွန်မကို ခေါ်မှာလား သခင်။ မထားခဲ့ပါနဲ့နော်။ သခင့်နားကို ပွတ်သီးပွတ်သပ်လုပ်ရင်း တောင်းပန်ပေမယ့် သခင်ဟာ ကျွန်မကို အရေးမစိုက်နိုင်ပါဘူး။ သူ လုပ်စရာရှိတဲ့ အလုပ်တွေကိုပဲ ကုန်းကျုံးလုပ်နေတယ်။ ကျွန်မ ရင်တွေပူလိုက်တာ။ တဖျတ်ဖျတ်နဲ့ ရှေ့ပြေးလိုက် နောက်ပြေးလိုက် လုပ်နေမိတယ်။ ကျွန်မကို ဘယ်သူမှ သတိထားမိကြပုံ မရပါဘူး။ ကျွန်မမှာသာ…

ဟော… ကားကြီးလာပြီ။ သခင်တို့ အိမ်ကို သယ်ဆောင်သွားမယ့် ကားကြီး လာနေပြီ။ လူကြီးတွေ ပစ္စည်းတွေ တင်ကြ၊ သယ်ကြ လုပ်နေတုန်း ကလေးတွေနား ကျွန်မ တိုးကပ်သွားလိုက်တယ်။ ကလေးတွေက ကျွန်မကို ဖက်ထားကြတယ်။ ကျွန်မလည်း သူတို့လက်တွေ ပါးတွေ ခြေထောက်တွေကို အငမ်းမရ လျက်နေမိတယ်။

'ကလေးတွေ တက်ကြလေ။ ဩော်… ပုံဆိုးမ'

သခင်ဟာ ကျွန်မကို သတိရသွားပြီး သခင့်ရှေ့ကို သွားပြီး ကျွန်မ

www.foreverspace.com.mm



ဝပ်လိုက်တယ်။ သခင့်ခြေထောက်ကို လျှာနဲ့လျက်တယ်။ ကျွန်မ ခြေထောက်တွေနဲ့ သခင့်ကို ကုတ်တယ်။ ကျွန်မကို ခေါ်နော်လို့ ကျွန်မ ပြောနေတာပေါ့။ ဒါပေမယ့် သခင်ဟာ စိတ်ရှုပ်ထွေးနေဟန်နဲ့ ကလေးတွေကိုပဲ လှမ်းအော်တယ်။ ကလေးတွေက…

'အဖေ ပုံဆိုးမရော မခေါ်ဘူးလား'

သခင်က ရင်အုံကြီး မောက်ကြွသွားပြီး သက်ပြင်းကို ချလိုက်တယ်။

'ပုံဆိုးမရယ်၊ ငါတို့တောင် ဘယ်လိုနေရဦးမယ်မှန်း မသိသေးဘူး။ အဆင်ပြေရင် နင့်ကို လာခေါ်မယ်၊ ဘယ်မှ မသွားနဲ့ ကြားလား'

ကျွန်မကို သခင် ထားခဲ့မယ်ပေါ့။ မခေါ်ဘူးပေါ့။ ကျွန်မလေ သခင့်ခြေထောက်နောက်ကို အတင်းတွယ်ကုတ်လိုက်တယ်။ ကားကြီးပေါ် သခင် တက်သွားတော့ ကျွန်မ လိုက်မတက်နိုင်တော့ဘူး။ ကားကြီး မောင်းသွားပြီ။ ကျွန်မ အပြေးလိုက်တယ်။

'ပုံဆိုးမ နေခဲ့။ အရှေ့ရပ်ထဲက ခွေးတွေ ကိုက်လိမ့်မယ်'

ကားပေါ်က လှမ်းငေါက်လိုက်တဲ့ သခင့်စကားကြောင့် ကျွန်မ ခြေလှမ်းတွေ ရပ်ပစ်လိုက်တယ်။ ဩော်… သခင်ဟာ ကျွန်မကို အရှေ့ရပ်ထဲက ခွေးတွေ ကိုက်မှာစိုးသတဲ့လား။ ကျွန်မ ကြေကြေကွဲကွဲနဲ့ ငူငူကြီး ရပ်နေမိတယ်။ သည်တုန်းမှာ ဘေးက ကားတစ်စီး ဖြတ်မောင်းလာလို့ ရှောင်လိုက်ရတယ်။ ကားပေါ်မှာ အောင်နက်ရဲ့သခင်တွေ။

အောင်နက်ရော ပါသွားလား။ ကျန်ရစ်ခဲ့သလား သိချင်စောနဲ့ ရပ်ကွက်လေးထဲကို ကျွန်မ ပြန်ပြေးခဲ့တယ်။ အောင်နက်၊ တိုးပွား၊ ဝိုင်းလုံး… သူတို့အားလုံး ကျန်ရစ်ခဲ့ကြတာပါလား။

ကျွန်မလိုပဲ သူတို့လည်း လဟာပြင်ကွင်းထဲ လျှောက်သွားနေကြတာပါလား။

ကျွန်မရဲ့ ပတ်ဝန်းကျင်မှာတော့ ကျွန်မလို ဘဝတူ ခွေးတွေ၊ ကြွက်တွင်းထဲ ဝင်လိုက်ထွက်လိုက် လုပ်နေတဲ့ ကြွက်တွေ၊ ပြီးတော့ ဘာမှ မရှိတော့တဲ့ တလင်းကွင်းပြင် ကျွန်မကို သခင် ဘယ်တော့ လာခေါ်မှာလဲ။

■

**ခင်ခင်ထူး**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၈၂၊ ဩဂုတ်၊ ၁၉၉၆**

# ဆင်ဆယ်တန်

## ကံချွန်

“တော့်သာ အားကိုးမိရင်

ငါးပါးသီလ မယူဘဲ ဥပုသ်စောင့်နေရတာ ကြာပြီ

ခုဟာက ကျောင်းတွေဖွင့်တော့ တော့်အားကိုးမရလို့

ဆင်ဆယ်တန် အားကိုးမလို့

အဲဒါ ဘာဖြစ်လဲ’

www.foreverspace.com.mm

# ဆင်ဆယ်တန်

## ကံချွန်

'ကိုသစ္စာ'

'ဘာလဲ'

'တော့်ဆီ ဆင်ဆယ်တန် မရှိဘူးလား'

'ဘာ ဆင်ဆယ်တန်လဲ'

'ဆင်ရုပ်နဲ့ တစ်ဆယ်တန်နော် အပြာလေးတော်'

'မရှိဘူး။ မင်းက ဘာလုပ်ဖို့လဲ'

'အဲဒီအပေါ် အင်းရေးပြီး ဆောင်ထားရင် ငွေမပြတ်တော့ဘူး'

'ရှုးပါ့ကွာ'

ကိုသစ္စာ၏ မှတ်ချက်ကြောင့် မဖော့က မျက်စောင်းကို ခေါင်းပါရမ်း၍ ထိုးလိုက်သည်။

'လူဆိုတာ ကိုယ့်အားကိုယ်ကိုး ရတယ်ကွ'

'ကျုပ်အား ကျုပ်ကိုးလို့ ထမင်းစားနေရတာပေါ့။ တော့်သာ အားကိုးမိရင် ငါးပါးသီလ မယူဘဲ ဥပုသ်စောင့်နေရတာ ကြာပြီ။ ခုဟာက ကျောင်းတွေဖွင့်တော့ တော့်အားကိုးမရလို့ ဆင်ဆယ်တန် အားကိုးမလို့၊ အဲဒါ ဘာဖြစ်လဲ'

မဖော့၏ စကားကြောင့် ကိုသစ္စာ ငြိမ်သွားသည်။ ရှေ့ဆက် တိုးပါက သူသာ နာဖွယ်ရာ ရှိသောကြောင့် ငြိမ်လိုက်ရခြင်း ဖြစ်ပါသည်။ မဖော့က ဆေးပေါ့လိပ်ကို နှစ်ဖွာ၊ သုံးဖွာ ဖွာလိုက်ပြီးမှ...

'တော့်ဆီ စာတိုက်က စာမူခ လာတယ်မဟုတ်လား'

www.foreverspace.com.mm



'လာလို့ မင်းကို လေးရာ ပေးလိုက်တာလေ'

'အဲဒါက ကြွေးဆပ်လို့ ကုန်ပြီ။ တော် သုံးဖို့ဆို ယူထားတဲ့ တစ်ရာ ရှိသေးတယ် မဟုတ်လား'

ကိုသစ္စာက မျက်လုံးအပြူးသားနှင့် ကြည့်လိုက်သည်။

'အဲဒီအထဲက ကျုပ်ကို ငါးဆယ်ပေး'

'ဘာလုပ်မလို့လဲ'

'ပေးမှာသာ ပေးစမ်းပါတော်'

သို့ဖြင့် မဖော့သည် ကိုသစ္စာထံမှ ငွေငါးဆယ်ကို ယူကာ ထွက်သွားတော့သည်။ ကွမ်းတစ်ရာညက်ခန့်အကြာတွင် ဆင်ဆယ်တန်နှင့်အတူ မဖော့ ပြန်ရောက်လာသည်။

'ဒီမယ် ရခဲ့ပြီ'

'ဘယ်ကရတာလဲ'

'ဈေးကောက် ကိုစံပြူးဆီက ငါးဆယ်နဲ့ ဝယ်လာတာ'

'ဟေ...'

ကိုသစ္စာမှာ ဟေမှတစ်ပါး အခြားပြောရန် မရှိ၍ 'ဟေ'ဟူသော အသံကို ပြုပြီးနောက် ရပ်သွားသည်။

'ကိုစံပြူးဆီမှာက ဆင်ဆယ်တန် နှစ်ရွက်ရှိတယ်။ ဒါနဲ့ တောင်းပန်ပြီး တစ်ရွက်ဝယ်လာတာ။ ဒီမယ်... တော့်မျက်လုံးကြီးက မင်း အ,ရန်ကောဆို ကြည့်နေတာ မဟုတ်လား။ ကျုပ်လည်လို့ ငါးဆယ်နဲ့ ရခဲ့တာနော်။ ဟို အရက်သမား ဖိုးတေဆီက ဆင်ဆယ်တန်ဆိုရင် စိန်ပွဲစား ဒေါ်မမလေးက သုံးရာပေး ဝယ်သွားတာ'

'ဩော်... မင်းထက် အ,တဲ့လူ ရှိသေးသကိုး'

'ဒီမယ် ကိုသစ္စာ'

'ပြော'

'မနော်ဟရီလမ်းက ဒေါက်တာ စိန်အေးတို့ ဈေးထောင့်က ရေ့နေမ ဒေါ်ယုယုတို့ရော အ,တာပဲလား'

'ဘာဆိုင်လို့လဲ'

'သွားကြည့်စမ်း၊ သူတို့ တိုက်အဝင်ဝမှာ ဆယ်ဆယ်တန်ကို တွဲလောင်း တွဲလောင်းနဲ့ ပလတ်စတစ်လောင်းပြီး ဆွဲထားတာ'

www.foreverspace.com.mm



'သွားကြည့်မနေနဲ့ ဟုတ်တယ်'

မဖော့ဘက်မှ ထောက်ခံရင်း ဝင်လာသူက မောင်မြေဖွား ဖြစ်ပါ၏။

'ကျွန်တော်တောင်မှ အမေက ဆင်ဆယ်တန် ရှာပေးပါဆိုလို့ ရှာပေးခဲ့ရပြီ'

'နေပါဦး။ အဲဒီ ဆင်ဆယ်တန် ဇာတ်လမ်းက ဘယ်ကစ ပေါ်လာတာလဲ'

'ကျွန်တော့်အိမ် သယ်လာတာကတော့ ကိုချစ်စရာပဲ'

ကိုချစ်စရာမှ မန္တလေးမှ လူရွှင်တော် စာရေးဆရာ ကိုချစ်စရာ ဖြစ်ပါသည်။

'ကိုချစ်စရာ ပြောတော့ အင်းရေးပေးတာက 'ဘဘ'တဲ့။ မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်နဲ့။ အသက် ၇၀ လောက် ရှိပြီ ပြောတာပဲ'

'ကိုချစ်စရာကရော ယုံသတဲ့လား''

'သူကတော့ အရင်က ဖဲရှုံးပြီဆို အကုန်ပြောင်တာ။ ခုတော့ အနည်းဆုံး အဲဒီတစ်ရွက်ဖြစ်ဖြစ် ကျန်နေရစ်လို့ ငွေမပြတ်ဘူးဆိုတာတော့ မှန်တယ်လို့ ပြောတာပဲ'

မောင်မြေဖွားက ပြုံးစိစိနှင့် ပြောသည်။ မဖော့က မျက်စောင်းထိုးပြီး ထိုင်နေရာက ထ,ထွက်သွားသည်။

❑

ကိုသစ္စာသည် သူ့အိတ်ထဲမှ လက်ကျန်ငွေ ငါးဆယ်အတွက် ရင်တမမ ဖြစ်နေရပါသည်။ မနေ့က မဖော့လက်မှ ဆင်ဆယ်တန်က ရောက်နေပြီ။ ဒီနေ့ အင်းရေးရန် ဘဘဆီသွားမည်ဟုဆိုသည်။ ဘဘဆီ သွားရန် စရိတ်က လိုသေးသည်။ ကိုသစ္စာမှာ ဆင်ဆယ်တန်ကြောင့် တော်တော် စိတ်ညစ်ညျုးနေသည်။

ကိုးနာရီထိုးပြီ။ ခုထိတော့ မဖော့က သူ့ထံ စရိတ်မတောင်းသေး။ မဖော့သည် ကလေးတွေကို ကျောင်းပို့ပြီးကတည်းက သူ၏ တစ်ထည်တည်းသော အကောင်းဆုံးဟု သတ်မှတ်ထားပါသည့် ပါတိတ်လုံချည်ကို ထုတ်ဝတ်သည်။ အင်္ကျီလဲသည်။ သနပ်ခါးလိမ်းသည်။ သွားရန် ဟန်ပြင်ပြီးပြီ။ ကိုသစ္စာက မသိမသာ အကဲခတ်ပြီး ခေါင်းကိုငုံ့ကာ စိတ်မဝင်စားဘဲနှင့် စာတစ်အုပ်ကို ဖတ်နေသည်။

'တီတီ'

www.foreverspace.com.mm



အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ကိုသစ္စာ လှမ်းကြည့်လိုက်သည်။ မန်နေဂျာတစ်ယောက်၏ ဖနီးကို တွေ့ရသည်။ မဟာသိပ္ပံဘွဲ့ ရပြီးသား။

'လာပြီ၊ လာပြီ'

မဖော့က အသံပေးရင်း ထရပ်သည်။ ကိုသစ္စာ သူ့မျက်လုံး သူ ပွတ်ကြည့်သည်။ အမြင်မမှားပါ။ မဖော့ ကားပေါ်တက်နေစဉ်…

'နေရာတော့ မဖော့ သိတယ်နော်'

'သိပါတယ်'

'မဖော့က ကံကောင်းတာ။ ကျွန်မ နှစ်ရာတောင် ပေးလိုက်ရတယ်။ ရတာကတော့ အသစ်ကလေးကို ရတာပါ'

■

**ကံချွန်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၈၃၊ စက်တင်ဘာလ၊ ၁၉၉၆**

www.foreverspace.com.mm

# မြူမှုန်တစ်ခု၏ ထုထည်

**မောင်ကျော်သာ (ပဲခူး)**

ထားပါလေ ခင်ဗျား နှမလေးပဲ ဖြစ်ဖြစ်
ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ
ဒီပြာတွေကို ခင်ဗျား ယူသွားတော့ကော
ခင်ဗျားမှာ ဘာအကျိုးထူးလာမှာမို့လို့ လဲ
ကျွန်တော်တို့က ဒါတွေကို အမြဲမြင်နေရတော့
လူ့ဘဝဟာ ဘာမှမဟုတ်ဘူးဆိုတာ သိလာတယ်
ဒီလို ဘာမှမဟုတ်တဲ့ ဘဝကနေပြီး
ဟုတ်အောင် လုပ်ရတာကိုပဲ
လူ့ဘဝလို့ မြင်လာတယ်

www.foreverspace.com.mm

## မြူမှုန်တစ်ခု၏ထုထည်

**မောင်ကျော်သာ၊ ပဲခူး၊**

သန့်ရှင်းလတ်ဆတ်တဲ့ ဆောင်းဦးလေကို ရှူရှိုက်ရတိုင်း သူ့ရင်မှာ လွှန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကို ပြန်ရောက်သွားသည်ဟု ခံစားရမြဲ ဖြစ်၏။ ဒါပေမယ့် ဆောင်းဦးလေတွေသာ အသစ် အသစ်ဖြစ်ပေါ်လာတတ်ပေမယ့် လူတစ်ယောက်ကတော့ ဆောင်းဦးလေတွေလို အသစ် အသစ် မဖြစ်တော့တာ သေချာနေသည်။ ဆောင်ဦးလေးတွေက အမြဲလန်းဆန်းနေ၏။ လူတွေကတော့ တဖြည်းဖြည်း ရင့်ရော်ညှိုးနွမ်းသွားကြသည်။

ခုလည်းပဲ ပတ်ပတ်လည်မှာ ရင့်မှည့်ဝင်းဝါစ စပါးခင်းတွေ၊ တဖြူး ဖြူး ဖြတ်သန်းနေတဲ့ ဆောင်းဦးလေတွေ၊ တရွေ့ရွေ့ ခရီးနှင်နေတဲ့ တိမ်တိုက် ဖြူဖြူတွေ ပြည့်နှက်နေသည့် လယ်ကွင်းကြီးတစ်ခု ရှိနေ၏။

ထိုလယ်ကွင်းပြင်ကြီးထဲမှာ တောင်နှင့်မြောက် ဖြတ်ဖောက်ထားသည့် အဝေးပြေး လမ်းမကြီးရှိ၏။ ထိုလမ်းမကြီးကို အရှေ့ဘက်က ထောင့်မှန်ကျ ထိုးဝင်လာသော မြေနီလမ်းတစ်ခု ရှိ၏။ ထိုလမ်းက မြို့သစ်သုသာန်သို့ သွား သော လမ်းဖြစ်၏။ လောလောဆယ်တော့ ထိုလမ်းပေါ်က အသုဘပို့ယာဉ်တစ်စီး မှာ သူ လိုက်ပါလာခြင်း ဖြစ်သည်။ ကောင်းကင်ကြီးကသာ စီးကြည့်လိုက်လျှင် ဝါဝင်းစိမ်းစို လယ်ကွင်းကြီးကြား မြေနီလမ်းလေးပေါ်မှာ ဝမ်းနည်းဆိတ်ငြိမ်စွာ တရွေ့ရွေ့ သွားနေသည့် ကားတန်းလေးကို လှမ်းမြင်ရပေမည်။

အရှေ့ဆုံးက ကားလေးဟာ သုသာန်ကို အရင်ဆုံး လာခဲ့ရသူ တစ်ယောက်ရဲ့ ကားဖြစ်ပြီး နောက်ဘက်က ကားတွေကတော့ သုသာန်ကို

www.foreverspace.com.mm



အနေးနှင့်အမြန် လိုက်လာကြရမည့် လူတွေပါသည့် ကားတွေဖြစ်သည်။

ကားပေါ်မှာ လိုက်ပါရင်း လူတစ်ယောက်၏ ဘဝဆိုတာကို သူ တွေး လာမိ။ အသက်လေးဆယ်ဆိုတာ လူ့ဘဝအကြောင်းကို သေသေချာချာ သိနိုင် သည့် လုံလောက်သော အချိန်ဖြစ်ပေမယ့် သူကတော့ လူ့ဘဝဆိုတာကို သေသေ ချာချာ မသိသေးတာ သေချာနေသည်။ သည်လိုပဲ လူတိုင်းဟာ လူ့ဘဝကို မသိဘဲ ရောက်လာပြီး မသိဘဲ ပြန်သွားရတာပဲလား။

သူငယ်ချင်း ကဗျာဆရာတစ်ယောက်ကတော့ 'လူ့ဘဝဆိုတာ သဘာဝ ရဲ့ မတော်တဆ လျှပ်ပေါ်လောလီမှုဗျ။ အခုတော့ ဒီလျှပ်ပေါ်လော်လီမှု ကြားမှာ ကျုပ်တို့ဟာ ဆပ်ပြာပူဖောင်းလို ခဏလေး ဖြစ်ပြီး ဆပ်ပြာပူဖောင်းလို ခဏ လေး ပျက်စီးရတော့မယ်'ဟု သူ့ကို အရက်မူးမူးနှင့် ပြောပြဖူးသည်။ ထိုသူငယ် ချင်းက ကဗျာတွေကို နည်းနည်းရေးပြီး အရက်တွေကို များများသောက်သော သူငယ်ချင်းဖြစ်သည်။ သူ အရက်သောက်သည့်အခါ သူ့ကဗျာတွေထက် ကောင်း သော စကားတွေ ထွက်လာတတ်သည်။

ခြေထောက်နှစ်ဖက်စလုံး မရှိသည့် သူငယ်ချင်းစာရေးဆရာ တစ်ယောက်ကတော့ လူ့ဘဝကို တစ်မျိုးမြင်၏။

'လူ့ဘဝဆိုတာ လူတွေရဲ့ခံနိုင်ရည်ကို စမ်းသပ်တဲ့ လက်သည်ဗျ။ ခင်ဗျားသာ ကျုပ်နေရာမှာဆိုရင် ခင်ဗျား ဘယ်လိုနေမယ် မသိဘူး။ ကျုပ် ပထမဦးဆုံး လုံးချင်းထွက်ခါနီးမှာပဲ ကျုပ်ဘဝက ကျုပ်ကို ရိုက်လှဲခဲ့တယ်။ ခြေထောက်နှစ်ဖက်စလုံး ဒူးဆစ်နားက ဖြတ်ရမယ်ဆိုတဲ့နေ့က ကျုပ် အတော် ကို တုန်လှုပ်ချောက်ချားခဲ့တာ။ ဒီခြေနှစ်ဖက်သာ မရှိရင် ကျုပ်ဘဝကို ဘယ်လို ရပ်တည်ရမလဲဆိုတာ တွေးပြီး ကျုပ် တုန်လှုပ်ခဲ့တာ။ ကျုပ် သေဖို့အထိတောင် စိတ်ကူးခဲ့တာ။ ဒါပေမယ့် ဘဝက ကျုပ်ကို သေခွင့်မပေးခဲ့ဘူး။ ဘဝက ကျုပ်ကို ခြေနှစ်ဖက်ပဲ ဖြတ်ပေးခဲ့တယ်။ ဒီခြေနှစ်ဖက်ပြတ်ဘဝနဲ့ လောကကို ဘယ်လို ဆက်ကမလဲဆိုတာ သွေးတိုးစမ်းခဲ့တယ်။ ကျုပ်သာ လမ်းမလျှောက် နိုင်ရင်တော့ သူ့ကို ဦးညွှတ်ရမှာပဲဆိုပြီး ကျုပ်ကို အနိုင်ကျင့်ခဲ့တယ်။ ဒါပေမယ့် သူ ထင်သလို ဖြစ်မလာခဲ့ဘူး။ ဒါကြောင့်မို့ လူ့ဘဝဆိုတာ လူတွေရဲ့ ခံနိုင်ရည်ကို သွေးတိုးစမ်းတဲ့ လက်သည်ဗျ'ဟု ထိုသူငယ်ချင်း စာရေးဆရာက ဆိုသည်။

သူက ခြေနှစ်ဖက်ပြတ်လျက်ပင် လုံးချင်း ခြောက်အုပ် ရေးနိုင်ခဲ့၏။ ခြောက်အုပ်ပြီးသည့်အခါ အကြောင်းကြောင်းကြောင့် ထုတ်ဝေသူက ရပ်သွား

www.foreverspace.com.mm



ခဲ့၏။ ဒါပေမယ့် ထိုခြောက်အုပ်ထဲက တစ်အုပ်မှာ ရုပ်ရှင်ရိုက်ဖို့ ဝယ်ယူခြင်း ခံခဲ့ရပြန်၏။ သည်လိုနှင့်ပဲ ဝတ္ထုရှည်တွေ ခဏဘေးဖယ်ပြီး ဝတ္ထုတိုတွေ သူ ရေးဖြစ်ခဲ့သည်။ သူ့အိမ်ကို ရောက်သည့်အခါ သူနေသည့်အခန်းကျဉ်းလေးဟာ ပူအိုက်လှောင်မြိုက်နေသည်။

ခုနစ်ပေ ပတ်လည်ခန့်သာ ရှိသော ထိုအခန်းလေးမှာ စာအုပ်တွေ၊ စာရွက်တွေ၊ ချဉ်စော်နံနေတဲ့ ခေါင်းအုံးတွေ၊ ခြေရင်းဘက်မှာ ထောင်ထားတဲ့ ခြေတုတွေနှင့်အတူ သတ္တဝါတစ်ကောင်နှင့်တူသော သူငယ်ချင်း ရှိနေ၏။ သူ့ဆီသို့ ရောက်သွားတိုင်း ပူပူလောင်လောင် အခန်းလေးထဲမှာ အင်္ကျီဗလာနှင့် အိပ်နေတတ်သော သူငယ်ချင်းကို သူ နှိုးယူရ၏။

တစ်ခါကတော့ 'ကျုပ်လည်း လင်းနို့တွေလို ဖြစ်နေပြီဗျ။ တစ်ညလုံး စာရေး၊ မိုးလင်းခါနီးမှ အိပ်၊ ဆယ်နာရီလောက်မှာ ထမင်းထစားပြီး တစ်နေ့လုံး ပြန်အိပ်၊ ဘယ်နှင့်လဲ··· ကျုပ်က လင်းနို့တစ်ကောင်နဲ့ မတူဘူးလား'ဟု ရယ်ရင်း မောရင်း သူငယ်ချင်းက ဆိုဖူးသည်။

သူကတော့ သူငယ်ချင်းကို ကြည့်ပြီး ရင်မောဖူး၏။ ဒါပေမယ့် သူငယ်ချင်းက ထိုအခန်းကျဉ်းလေးထဲမှာပဲ ဝတ္ထုတွေရေးပြီး စာပေဗိမာန်စာမူဆု တစ်ဆု ရအောင်လည်း လုပ်သွားခဲ့၏။ ပြီးတော့ အမေနှင့်ညီတွေကို မြို့မှာထားခဲ့ပြီး သူက အမျိုးတွေရှိရာ တောကို ပြောင်း၏။ တောမှာ အိမ်တစ်လုံးဆောက်၏။ သူ့ဝတ္ထုတွေထဲက သူ နာမည်ပေးထားတဲ့ စင်ရောမဆိုသည့် လှေကလေးလို မျိုး လှေလေးတစ်စင်း ဝယ်ပြီး ဘဲတွေမွေး၏။ စပါးပေး ပဲပေး ပေး၏။

သူ့လှေလေးက သူ့ခြေထောက်ဖြစ်ခဲ့၏။ ရွာကထိန်မှာ သူက ပြဇာတ်ရေးပြီး အငြိမ့်ပွဲတစ်ခုကို လုပ်လိုက်သေး၏။ ဒါကြောင့်မို့ပဲ 'လူ့ဘဝဆိုတာ လူတွေရဲ့ ခံနိုင်ရည်ကို စမ်းသပ်တဲ့ လက်သည်ဗျ'ဟု သူက ဆိုခဲ့ခြင်းဖြစ်သည်။

ကားတွေ သုသာန်သို့ မရောက်ခင်မှာပဲ သုသာန်ဘက်က ပြန်လာသည့် ကားတချို့ကို ရှောင်ရင်း လမ်းဘေးမှာ ထိုးရပ်နေရ၏။ တိမ်တိုက်တစ်ခုက နေကို ဖုံးထားသဖြင့် စပါးခင်းကြီးတချို့မှာ နေရောင်ခြည် တောက်ပနေသည်။ ဘဝဆိုတာကလည်း လင်းတဲ့အပိုင်းက လင်းပြီး မှောင်တဲ့အပိုင်းက မှောင်နေသည့် စပါးခင်းတွေပဲလား။

ဘဝကို ပေါ့ပေါ့ပါးပါး နေတတ်သော သူငယ်ချင်းတစ်ယောက် အကြောင်းက သူ့ခေါင်းထဲ ဝင်လာပြန်သည်။ ထိုသူငယ်ချင်းက မိန်းမဘက်မှာ

www.foreverspace.com.mm



စွံသည်။ သူ မိန်းမစွံပုံက ဘေးကလူတွေ မနာလိုလောက်အောင် စွံခြင်းမျိုး ဖြစ်သည်။ အိမ်ထောင်ရှိသူကော အိမ်ထောင်မရှိသူပါ မိန်းမတွေက သူ့ကို ငြိနေကြ၏။ ထိုမိန်းမတွေကြားမှာ သူငယ်ချင်းက နေလို့ရအောင် ကွေ့ပတ်ပြီး နေခဲ့၏။ ထိုမိန်းမတွေကို မြင်မှပဲ မိန်းမဆိုတာ သိမ်ဖျင်းပျော့ညံ့ပြီး ဆင်ခြင်မဲ့တဲ့ သတ္တဝါဟု သူ မြင်လာသည်။ (သူ့အမြင် မှားချင် မှားနိုင်ပါသည်) ထိုသူငယ်ချင်းက လိမ်ပြောဖို့ကော ညာပြောဖို့ကော ကြွားပြောဖို့ကော အချိန်မရွေး ပြောရဲ၏။

ပထမဦးဆုံး မိဘတွေ ချမ်းသာသည့် ရှစ်တန်းကျောင်းသူလေးကို ယူသည်။ ထိုမိန်းမနှင့် ကွဲသည့်အခါ သားကြီး၊ သမီးကြီးနှင့် ဆရာဝန်မ တစ်ယောက်ကို ထပ်ယူ၏။ ထိုဆရာဝန်မ ပစ္စည်းတွေ သုံးဖြုန်းပြီး ကုန်သလောက်ရှိသောအခါ အခြားပိုက်ဆံရှိသည့် အိမ်ထောင်ပျက် မိန်းမတစ်ယောက်ကို ယူပြန်သည်။ ထိုမိန်းမရှိလျက်နှင့်ပင် အခြားမိန်းကလေးတွေနှင့် ခြေချင်းလိမ်နေပြန်သည်။ ယောက်ျားဖြစ်ပြီး သူ့ပါးစပ်က ပြောသည့်စကားမှာ ပက်ကျိတစ်ကောင်လို ချွဲကျိကျိ ဖြစ်နေတတ်၏။

သူ့ကျတော့လည်း ဘဝဆိုတာ မိန်းမနှင့်ငွေဟု ထင်ထားပုံရသည်။ ထိုအယူအဆနှင့်ပဲ အပေါင်းအသင်းတွေက သူ့ကို ခွာသွားကြပေမယ့် သူကတော့ သူ့ဝသီအတိုင်း မိန်းမနှင့်ငွေနောက်ကိုသာ ဆက်လိုက်ဆဲ ဖြစ်သည်။ လူဟာ ဆိုးရင်ဆိုးမယ်၊ ယုတ်တော့ မယုတ်နဲ့ ဆိုသည့်စကားကို ကြားတိုင်း သူငယ်ချင်းကို သူ သတိရနေ၏။

ကားတွေက တဖြည်းဖြည်း သုသာန်ကို ရောက်လာ၏။ အလောင်းတင်သည့် ကားလေးက မီးသင်္ဂြိုဟ်စက်ရှေ့မှာ သွားရပ်၏။ လူတချို့က ကားတွေပေါ်က ဆင်းပြီး လူတချို့က ကားတွေပေါ်မှာတင် ထိုင်စောင့်နေကြသည်။ သေသူရဲ့ မိန်းမက အလောင်းဆီသို့ ပြေးပြီ 'အိမ်မှာ မနေချင်တဲ့လူကြီး၊ ခုတော့ရှင် အိမ်က အပြီးအပိုင် ထွက်သွားရပြီပေါ့'ဟု ဆီးခါ အော်ငိုနေပြန်သည်။

ထိုမိန်းမ ငိုသံကို ကြားသည့်အခါ မဆီမဆိုင် သူ့သူငယ်ချင်း လူပေကြီးတစ်ယောက်ကို သူ သတိရသွားပြန်သည်။ ထိုလူကြီးက သူနှင့် ကြီးမှသိသော လူကြီးဖြစ်ပြီး သူ့ကို လာခင်နေခြင်း ဖြစ်သည်။

တစ်နှစ်မှာ သုံးလေးခါက်လောက် သူ့အိမ်ကို ရောက်တတ်ပြီး ကျန်ရက်တွေမှာ ထိုလူကြီး ဘယ်ရောက်နေသည်ကို သူ့မိန်းမပင် မသိဟု ဆို၏။

www.foreverspace.com.mm

တစ်ခါတလေ တောင်ကြီးကို ထိုလူကြီး ရောက်သွားတတ်၏။ တစ်ခါတလေ တော့လည်း သူ့ဇာတိမြေဖြစ်ရာ တောင်တွင်းကြီးကို ထိုလူကြီး ရောက်နေတတ် ပြန်သည်။ တစ်ခါတလေကျတော့လည်း ပုဇွန်တောင်က ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ထိုလူကြီး ညအိပ် ညနေ ကပ္ပိယဖြစ်နေတတ်သည်။ ပိုက်ဆံပြတ် သည့်အခါ စားနေကျ ထမင်းဆိုင်မှာ ထမင်း အလကားရအောင် တောင်းစား တတ်ပြန်သည်။

ထိုလူကြီးက ကိုယ့်ဘာသာကိုယ် ဆယ်တန်းကို အပြင်က ဖြေခဲ့ပြီး တောကြိုအုံကြားမှ ရန်ကုန်မြို့ကြီးသို့ ရောက်လာရသူ ဖြစ်၏။ ဆရာချစ်စံဝင်း ကတော့ သူ့ကို အသက်လေးဆယ်မှ နာရီကြည့်တတ်သူဟု သူ့စာအုပ်တစ်အုပ် မှာ ရေးခဲ့ဖူးသည်။

ထိုလူကြီးက ဗုဒ္ဓစာပေတွေ နှံ့စပ်သူ ဖြစ်သည်။ ဗုဒ္ဓစာပေနှင့် ပတ် သက်သည့် စာစီစာကုံးပြိုင်ပွဲတွေမှာ သူ မကြာခဏ ပထမရခဲ့ဖူးသည်။ ပြီးတော့ စာပေဗိမာန် စာမူဆုနှစ်ဆုလည်း ရခဲ့ဖူးသည်။ သို့သော် သူ့မိန်းမကတော့ သူ့ ဘာသာ ရှာစားရသူဖြစ်၏။

ဒါကြောင့်မို့လည်း 'ကျုပ်မိန်းမကို အိမ်ထောင်ကျကတည်းက ဘာ တစ်ခုမှ မှတ်မှတ်ရရ မပေးဖူးသေးပါဘူးဗျာ' ဟု ဆိုခါ နောက်ဆုံး စာပေဗိမာန် စာမူဆုရတုန်းက သူ့ဆီ လာပြီး လက်စွပ်တစ်ကွင်း လာလုပ်ခိုင်းဖူးသည်။ ထို လက်စွပ်ကလည်း နောက်တော့ မိန်းမလက်မှာ မရှိဘဲ အပေါင်ဆိုင်သို့ ရောက် သွားပုံ ရပါသည်။

ဘာပဲဖြစ်ဖြစ် သူပျောက်နေပြီး သူ့ကို ပြန်တွေ့သည့်အခါ ထူးထူးဆန်း ဆန်း စာမူတွေ သူ့ဆီမှာ ပါလာတတ်သည်။ ချင်းရွာတွေအကြောင်း၊ ပအို့ရွာ တွေအကြောင်း၊ နာဂရွာတွေအကြောင်း သူ့ဆီမှာ ပါလာတတ်သည်။ သူ့မိန်းမနှင့် ကလေးတွေကတော့ သူ အိမ်က ထွက်ထွက်သွားတတ်တာလောက်ကို ရိုး၍နေပြီ။ မိန်းမက သူ့ဘာသာသူ ရှာဖွေစားသောက်တတ်သည့် အလေ့အကျင့်ကို ရနေတတ် ပြီး ယခုလည်း မြို့သစ်က ဈေးတစ်ခုမှာ ဈေးရောင်းနေသည်။

တစ်ခါတလေ သူ အိမ်ပြန်ရောက်သည့်အခါ မိန်းမဖြစ်သူက 'ဧည့်သည် ကြီး အိမ်မှာ ဘယ်နှစ်ရက်လောက် တည်းမှာလဲ' ပြောတတ်သည်ဟု ဆို၏။ သူကတော့ ထိုအပြစ်တွေ အားလုံးကျေဖို့ စာအုပ်ရိုက်ဖြစ်သည့်အခါ ကျေးဇူး တင်သည့် လူတွေစာရင်းမှာ သူ့မိန်းမနာမည်ကို ထည့်တတ်သည်။

'လူတစ်ယောက်ဟာ လာတုန်းကလည်း အမှုန်လေးအဖြစ် လာပြီး ပြန်တော့လည်း အမှုန်ကလေးအဖြစ် ပြန်ရတာပဲ'

သူ့ဘေးက အသံတစ်သံကြောင့် သူ့အတွေးများလည်း ပြတ်တောက်သွား၏။ သူ့လိုပဲ ကားပေါ်မှာ ထိုင်ကျန်နေသူ တစ်ယောက်က မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်မှ မီးခိုးပြာတွေကို ကြည့်ပြီး တစ်ယောက်တည်း ပြောနေခြင်း ဖြစ်သည်။

ထိုလူဟာ တကယ်ပဲ လူ့ဘဝကို သံဝေဂရနေတာလား၊ သူကော တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ တွေးမိနေလို့လား ဆိုတာကတော့ သူမှပဲ သိပေမည်။ မကြာမီ ကားတွေပေါ်ကို လူတွေ ပြန်တက်ကြ၏။ တချို့ ကားတွေကလည်း လူတွေကို မစောင့်ကြဘဲ ပြေးဖို့ ပြင်ဆင်နေသည်။ လူတစ်ယောက်ရဲ့ နောက်ဆုံးခရီးမှာ ထိုလူကို လေးစားသောအားဖြင့် ဒီလောက်ကြီး ဖုတ်ပူမီးတိုက် လုပ်ဖို့တော့ မကောင်းပါဘူး။

ဘာပဲဖြစ်ဖြစ် ကားတွေကတော့ သူတို့ကိစ္စမပြီးသေးခင် အမြန်ဆုံးပြန်ပြေးဖို့ပဲ လောကြီးနေကြသည်။ ထိုလုပ်ရပ်တွေကြောင့် လူတွေက ကားသမားဆိုလျှင် ရွံစရာကောင်းသည့် သတ္တဝါလို မြင်လာကြသည်။ ကားတွေက အပြန်လမ်းကို သူ့ထက်ငါ အလောတကြီး မောင်းလာကြ၏။ မြေနီလမ်းက ကတ္တရာလမ်းသို့ မဝင်ခင် အကွေ့အလွန်မှာ အခြားအသုဘကားတွေက ဝင်လာပြန်သည်။

ထိုကားတွေမှာ ဒေါ်သီတာလွင် အသက် ၃၇ နှစ်ဟူသော စာတန်းကို သူ မြင်လိုက်သည့်အခါ သူ့စိတ်ထဲမှ ဒိန်းခနဲဖြစ်သွားခဲ့သည်။ သီတာလွင် ဆိုတာ သူချစ်ခဲ့ဖူးသည့် (သူ့ဘက်က တိတ်တိတ်ချစ်ခဲ့ဖူးသည့်) မိန်းကလေးတစ်ဦး၏ နာမည်မဟုတ်ပါလား။

လမ်းကွေ့လေးမှာ ကားတွေ အရှိန်လျှော့ပြီး ရှောင်ကြခိုက် အပြန်ကားပေါ်မှ သူခုန်ဆင်းပြီး အလာကားတစ်စီးပေါ်သို့ အပြေးတက်ခဲ့သည်။ သူ ကားပေါ်ရောက်သည့်အခါ ကားပေါ်က လူတွေက သူ့ကို အထူးအဆန်းလို လှမ်းကြည့်နေကြသည်။

သူ့စိတ်ထဲမှာတော့ သူ့ရဲ့သီတာလွင် မဖြစ်ပါစေနှင့်ဟုသာ တဖွဖွ ဆုတောင်းနေမိသည်။ သီတာလွင်နှင့် သူက ရုံးတစ်ရုံးမှာ အတူလုပ်ခဲ့ဖူး၏။ ညနေပြန်သည့်အခါ ဖယ်ရီနှင့်အတူ ပြန်ကြ၏။ သီတာလွင်ဆီက ပိုက်ဆံသုံးဆယ်ကို သုံးခါ သူ ချေးဖူးသည်။ သီတာလွင်က သူ့ကို လက်ဖက်ရည်နှစ်ခါ

www.foreverspace.com.mm



တိုက်ဖူးသည်။ ထမင်းပေါင်း တစ်ခါ ကျွေးဖူးသည်။

ဒါပေမယ့် သူ့စိတ်ထဲမှာ သီတာလွင်နှင့် သူ မတန်ဟု ထင်ကာ သီတာလွင်ကို ညီမတစ်ယောက်လိုပဲ ဆက်ဆံခဲ့သည်။ သီတာလွင်ဟာ ရှားရှားပါးပါး နှင်းဆီပန်းပြာတစ်ပွင့်နှင့်တူပြီး သူကတော့ အပေါစား မြေအိုးတစ်လုံးနှင့် တူသည်ဟု သူ့ကိုယ်သူ သိမ်ငယ်ခဲ့ဖူး၏။ ဒါကြောင့်ပဲ သူနှင့်တန်သည့် ရွက်လှပန်းတစ်ခက်ကို သူ့မြေအိုးမှာ ထိုးစိုက်ဖြစ်ခဲ့သည်။ ဒါပေမယ့် သူ မင်္ဂလာဆောင်သောနေ့က စပြီး သီတာလွင် ခွင့်တစ်လ ယူသွားခဲ့သည်။

ထိုအချိန်ကျမှပဲ သီတာလွင်နှင့်ပတ်သက်ပြီး အမှားတစ်ခု သူ လုပ်ခဲ့ပြီကို သိလိုက်ပေမယ့် ထိုအမှားက ပြင်လို့မရသော အမှားဖြစ်သွားခဲ့၏။

သည်လိုနှင့်ပဲ သူ ရုံးက ထွက်ပြီး အခြားလုပ်ငန်းတစ်ခုကို လုပ်ကိုင်သည့်အခါ သီတာလွင်နှင့် ပို၍ဝေးရာသို့ ရောက်သွားခဲ့သည်။ ငါးနှစ်ခန့်အကြာမှာတော့ သီတာလွင် အိမ်ထောင်ကျသည့်သတင်းကို သူ ကြားခဲ့ရ၏။ သီတာလွင် အိမ်ထောင်ကျသည့် သတင်းကို ကြားတုန်းက သူ တစ်နေ့လုံး ငိုင်ပြီး ထိုင်နေခဲ့သည်။ အခုအချိန်မှပဲ သူနှင့်သီတာလွင်ဟာ လုံးဝ ဝေးကွာခဲ့ပြီကို သူ သိလိုက်သောကြောင့် ဖြစ်သည်။ ထိုအခါမှပဲ သူ လက်ထပ်စဉ်က သီတာလွင် ဘယ်လိုခံစားရမည်ကို သူ ပိုပြီး ကိုယ်ချင်းစာလာမိသည်။

ကားတွေ သုသာန်ကို ဆိုက်ချိန်မှာပဲ သူ ကားပေါ်မှ ခုန်ဆင်းကာ လူတွေ ဝိုင်းကြည့်နေရာ သီတာလွင့်အလောင်း ရှိရာသို့ အမြန်လာခဲ့၏။ အခေါင်းထဲကို ငုံ့ကြည့်လိုက်ချိန်မှာတော့ သူ့တစ်ကိုယ်လုံး စကြဝဠာထဲ မြောက်တက်သွားသည်ဟု ခံစားလိုက်ရသည်။ သူထင်ခဲ့သလိုပဲ သူ့ရဲ့ သီတာလွင်မှ သီတာလွင်အစစ်။

ချက်ချင်းပဲ ရုံးမှာလုပ်စဉ် သူနှင့်ခင်ခဲ့ဖူးသော ရုံးအုပ်ကြီးက သူ့ကို မှတ်မိသွားသည်။ သူ့ကို လာနှုတ်ဆက်ရင်း ‘သီတာလွင် ဆုံးရှာပြီကွာ’ဟု ဝမ်းနည်းပက်လက် ဆိုသည်။ ပြီးတော့ သီတာလွင့်ကို အမိန့်စာပြန်ကြသည်။ ရုံးလုပ်ငန်းမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်သည့်အတွက် ဂုဏ်ယူကြောင်း၊ ယခုအခါမှာ တာဝန်တွေက ဖယ်ရှားလိုက်သည့်အတွက် သွားလိုရာ သွားနိုင်ပြီ ဖြစ်ကြောင်း အမိန့်စာပြန်ကြသည်။ သီတာလွင့်ယောကျ်ားက စီးကျလာသည့် မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် သုတ်ပစ်နေသည်။ သီတာလွင့်အမေနှင့် ညီမတွေ ရုံးက သူငယ်ချင်းတွေကတော့ အသံထွက်ပြီး ငိုနေကြသည်။

www.foreverspace.com.mm



မကြာမီ သီတာလွင့်အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲ ထည့်ကြ၏။ မီးခိုးခေါင်းတိုင်မှ မီးခိုးတွေ မပျောက်မီမှာပဲ ကားတွေကလည်း သုသာန်မှ ပြန်လည်ထွက်ခွာသွားကြ၏။ ဒီလိုပဲ လူတစ်ယောက် သေသွားသည့်အခါ လူတွေဟာ လွယ်လွယ်နှင့် မေ့ပစ်လိုက်ကြပါသလား။ လွယ်လွယ်နှင့် မမေ့ဘဲ တမြည့်မြည့် သတိရနေလို့ကော ဘာများ အကျိုးထူးမှာပါလဲ။

ဘာပဲဖြစ်ဖြစ် အခုအခါမှာတော့ သီတာလွင်နှင့် ပတ်သက်လို့ သူတစ်ယောက်သာ သုသာန်မှာ ကျန်ရစ်ခဲ့၏။ သီတာလွင်ဟာ သူ့ဘဝမှာကော လောကကြီးမှာကော တကယ်ရှိခဲ့သလို သီတာလွင်ဟာ သူ့ဘဝမှာကော လောကကြီးမှာပါ တကယ်မရှိတော့သည်ကို သူ သိနေသည်။ ဒါဟာ လောကကြီးရဲ့ လှည့်ဖြားမှု သက်သက်ပေါ့။

'ကျွန်တော် စောစောက မိန်းကလေးရဲ့ ပြာတစ်ဆုပ်လောက် ရနိုင်မလား ဗျာ'

မီးသင်္ဂြိုဟ်စက်က ပုဂ္ဂိုလ်တွေကို စီးကရက် ထုတ်တိုက်ရင်း သူ မေးလိုက်ခြင်း ဖြစ်သည်။

'ခုတင်ပဲ အလောင်းသုံးလောင်းလောက် မီးရှို့ထားတာ။ ခင်ဗျားလိုချင်တဲ့ မိန်းကလေးရဲ့ ပြာက ဘယ်ဟာဆိုတာ သေချာနိုင်မလားဗျာ။ နေပါဦး၊ ခင်ဗျားက သေသူမိန်းကလေးရဲ့ ယောကျ်ားလား'

'သေသူက ကျွန်တော့်ရဲ့နှမလေးလို ဖြစ်ခဲ့ဖူးတာပါ'

မှသားစကား သုံးလိုက်မိပြီကို သတိရလိုက်ပေမယ့် သူ့ပါးစပ်ကို တားဆီးချိန် မရလိုက်တော့။

'ထားပါလေ ခင်ဗျား နှမလေးပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီပြာတွေကို ခင်ဗျား ယူသွားတော့ကော ခင်ဗျားမှာ ဘာအကျိုးထူးလာမှာမို့လို့လဲ။ ကျွန်တော်တို့က ဒါတွေကို အမြဲမြင်နေရတော့ လူ့ဘဝဟာ ဘာမှမဟုတ်ဘူးဆိုတာ သိလာတယ်။ ဒီလို ဘာမှမဟုတ်တဲ့ ဘဝကနေပြီး ဟုတ်အောင် လုပ်ရတာကိုပဲ လူ့ဘဝလို့ မြင်လာတယ်။ ခင်ဗျား နားရှုပ်သွားပလား မသိဘူး။ တကယ်တော့ လူ့ဘဝဆိုတာ ကိုယ်အသက်ရှင်နေထိုင်ခဲ့စဉ် ကာလမှာ ကိုယ်ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတဲ့ ပုံသဏ္ဍာန်ကလွဲရင် ဘာမှမဖြစ်နိုင်ဘူး။ ကျုပ်ဆီက ဒီစကားတွေ ကြားရလို့ သိပ်ပြီး ကြီးကျယ်တယ်လို့တော့ မထင်နဲ့နော်။ ကျုပ်က ပန်းချီရေးတဲ့လူပါ။ ဒီဘက်က လယ်ကွင်းကြီးတွေ မိုးတိမ်တွေ စပါးခင်းတွေ

www.foreverspace.com.mm



ဟင်းလင်းပြင်တစ်ခုရဲ့ အင်အားတွေကို အောက်ဒိုးလာလာရေးရင် ဒီက အဖွဲ့တွေနဲ့ ရင်းနှီးလာပြီး သူတို့အလုပ်တွေ ဝင်လုပ်ကြည့်နေတာပါ'

ထိုလူ့စကားကြောင့် ထိုလူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လိုကြည့်ရင်း သူ အံ့သြနေမိ၏။ ထိုလူက ခင်ဗျားမယုံဘူးလားဆိုသည့် သဘောနှင့် သူ့ကားဆီသို့ သွားပြီး သူ့ပန်းချီခန်း လိပ်စာကတ်လေးကို သူ့အား ထုတ်ပေးလိုက်သည်။

သည့်နောက်မှာတော့ သူနှင့် ပန်းချီဆရာ မိတ်ဆွေဖြစ်သွားကြသည်။ ထိုနေ့က သုသာန်မှာ ပန်းချီဆရာနှင့် စကားလက်ဆုံကျရင်း ညနေစောင်းမှ ပန်းချီဆရာနှင့် မြို့ဘက်ကို ပြန်ခဲ့ကြသည်။ ပန်းချီဆရာက သူ့မာဇဒါဆီဒင်ကားအိုလေးနှင့် လယ်ကွင်းတွေကို ဖြတ်ပြီး သုသာန်သွားသည့် လမ်းနီလေးအတိုင်း သူ့ကို တင်လာခဲ့ခြင်း ဖြစ်သည်။

လမ်းမှာ လယ်ကွင်းပြင်ကြီး၏ နေဝင်ချိန်ကို ကားပေါ်မှ ဆင်းကြည့်ခိုက် ဆောင်းဦးလေတွေက သူတို့နှစ်ယောက်၏ ကိုယ်တွေကို ပွတ်တိုက်ဖြတ်သန်းသွားကြပြန်သည်။ ပန်းချီဆရာကတော့ 'ကျုပ်က ဒီညနေခင်းကြီး တကယ်ရှိတယ်ဆိုတာကိုရော ဒီညနေခင်းကြီး တကယ်မရှိဘူး ဆိုတာကိုရော တစ်ပြိုင်နက်တည်း ဆွဲချပြချင်တာ'ဟု သူ့ကို ပြော၏။

ဘာပဲဖြစ်ဖြစ် သူကတော့ ထိုညမှာပဲ ဆောင်းဦးလေတွေအကြောင်း လယ်ကွင်းပြင်ကြီးနှင့် တိမ်တွေအကြောင်း၊ မြို့သစ်သုသာန်နှင့် ပန်းချီဆရာအကြောင်း၊ သူချစ်ခဲ့ရသော သီတာလွင်နှင့် သူမြတ်နိုးရသော လူ့ဘဝကြီးအကြောင်း စတာတွေကို စာရွက်ပေါ်မှာ ရေးချနေမိသည်။

■

**မောင်ကျော်သာ၊ပဲခူး၊**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၈၆၊ ဒီဇင်ဘာလ၊ ၁၉၉၆**

www.foreverspace.com.mm

# မို့မို့မြင့် အောင်နတ်

**သုမောင်**

မြန်မာ●လေ့တွင် နတ်ကြီးသည်
နတ်ခိုက်သည် နတ်လိုက်သည်●သဖြင့်
အကောင်အထည်ရှိသည်၊ မရှိသည်၊ အပထားလို့
"နတ်" ဟူသော ဝေါဟာရကို အသုံးချသော
အလေ့တာ●ခု ရှိခဲ့ပြီး ဖြ●ပါသည်
ဆိုပါ●ို့ . . . ရုပ်ရှင်ရိုက်ရာတွင်ပင်
"ကင်မရာနတ်" ကြီးသည်ဟု ဆိုတတ်ကြပါသည်

www.foreverspace.com.mm

# မို့မို့မြင့်အောင်နတ်

## သုမောင်

၁။

ကျွန်တော်က မို့မို့မြင့်အောင်နတ် ဟူ၍ ခေါင်းစည်းတပ်လိုက်သဖြင့် အတွင်းအပြင်(၃၇)မင်း အစရှိသော နတ်များကို ယုံကြည်ကိုးကွယ်ကြသူများက 'အောင်မလေး၊ မဆီလေးရယ်တဲ့ ဘာမဆိုင်-တန်ရာတန်ရာ ထားစမ်းပါ' ဟူ၍ ကျွန်တော့်အားအပြစ် မမြင်ကြပါကုန်နှင့်။ မို့မို့မြင့်အောင်လို နာမည်ကြီး တစ်ယောက် သူတို့နတ်စာရင်းထဲ ဝင်လာပြီဟူ၍လည်း ဝမ်းမသာပါကုန်နှင့်။ ဥပစ္စေဒကံဖြင့်သေမှနတ်ဖြစ်ရသောကြောင့် မို့မို့ကိုသေတွင်းပို့ရက်သည်ဟူ၍လည်း မို့မို့ချစ်ပရိသတ်က ကျွန်တော့်အား ရွှေမေတ္တာပို့ကြမှာ ကြောက်လှပါသည်။

ထို့အတူ ယင်းနတ်အမျိုးအစားများကို လုံးဝ အယုံအကြည် မရှိသူတို့ ကလည်း ကျွန်တော့်အား နတ်ယုံသူ ခေတ်နောက်ပြန်ဆွဲသူဟု စွဲချက်မတင်ကြ စေ့ချင်ပါ။

ရိုးရာယဉ်ကျေးမှုတစ်ရပ် အနေနှင့် လက်ခံကြသော သူတော်ကောင်း အပေါင်းတို့ကလည်း ယဉ်ကျေးမှု အမွေကို ရပ်ရှင်မင်းသမီးနှင့် ထပ်တူပြု၍ ဖျက်ဆီးသည်ဟု မျက်စောင်းထိုးတော် မမူကြပါရန်ဗျာ…။ ❑

ကျွန်တော်က စာရေးလျှင် ခေါင်းစည်း၊ ခေါင်းစဉ်ကို ဆန်းဆန်းပြားပြား မဟုတ်သော်လည်း ရိုးရိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းအောင် တပ်ဆင်တတ် ပါသည်။ ကျွန်တော်၏ စာကိုယ်၊ စာစုများကို ဖတ်ချင်လာအောင် မြှူဆွယ်ခြင်း သဘော ဖြစ်ပါသည်။ သို့သော်··ခေါင်းတခြား၊ ကိုယ်တခြားတော့ ကျွန်တော်

www.foreverspace.com.mm



မပြုပါ။ ပတ်သက် ဆက်နွယ်အောင် ကြိုးစားပါသည်။

ယခု ဤစာစုသည် မို့မို့မြင့်အောင်နှင့် ပတ်သက်သဖြင့် မို့မို့မြင့်အောင်ကို အသုံးချပါသည်။ ပြီးတော့…နတ်။

ကျွန်တော်တို့ မြန်မာဓလေ့တွင် နတ်ကြီးသည်၊ နတ်ခိုက်သည်၊ နတ်လိုက်သည်စသဖြင့် အကောင်အထည်ရှိသည်၊ မရှိသည်၊ အပထားလို့ ‘နတ်’ ဟူသော ဝေါဟာရကို အသုံးချသော အလေ့တစ်ခု ရှိခဲ့ပြီး ဖြစ်ပါသည်။ ဆိုပါစို့..ရုပ်ရှင်ရိုက်ရာတွင်ပင် ‘ကင်မရာနတ်’ ကြီးသည်ဟု ဆိုတတ်ကြပါသည်။ ရေလုပ်သား တံငါသည်များသည် ငါးမရသောနေ့ကို ‘နတ်မလိုက်တဲ့နေ့’ ဟု ဆိုကြပါသည်။ ဝပ်ရှော့ ဆရာများသည်လည်း မတတ်တတတ်နှင့် စက်ပစ္စည်း ကလိသူများကို ‘နတ်မတင်လို့’ ဟုဆိုတတ်ပါသည်။ နင်မတတ်လို့ဟု ပြောင်းပြန် အဓိပ္ပာယ် ကောက်ခြင်းပါ။

သဘောကတော့…ဟုတ်သည်၊ မဟုတ်သည် အပထားလို့ တစ်စုံ တစ်ရာ ထူးထူးခြားခြား ဖြစ်လာသော ကိစ္စများကို ‘နတ်’ နှင့် ထပ်တူပြုတတ်သော အလေ့အထသည် ပညာတတ်ရော၊ ပညာမဲ့ပါ အလိုလို အသုံးပြုနေမိသည်ဟု ကျွန်တော်ကတော့ထင်ပါသည်။

ခုပင်ကြည့်။ ကျွန်တော်သည် မို့မို့မြင့်အောင်ကို နတ်နှင့် ထပ်တူပြု နေပါပြီ။ အဘယ်ကြောင့်ပါနည်း။ စောစောကပြောသလို ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့်လည်း တိုက်ဆိုင်နေပြီး မို့မို့မြင့်အောင်နှင့်လည်း ပတ်သက်နေ သောကြောင့်ပင်။ မို့မို့မြင့်အောင်၏ အရှိန်အဟော် ကြီးမားခြင်းကလည်း ကျွန်တော် ၏ အသုံးအနှုန်းကို အထောက်အကူပြုမည်ဟု ထင်ပါသည်။

၂။

ကျွန်တော့်ဖခင် ဦးသာဓုပိုင် ခြံကြီးသည် သုံးဧက ကျယ်ဝန်းပါသည်။ ဟိုယခင် အဖေဝယ်စဉ်ကတော့ သရက်တောကြီးမျှသာ ဖြစ်သဖြင့် ကာလတန်ဖိုး နှင့် ဈေးသိပ်မကြီးခဲ့ပါဟု ထင်ပါသည်။

အဖေသည် စာရေးဆရာဘဝမှ ရုပ်ရှင်သမားဘဝသို့ ကူးပြောင်းသော အခါ နံပါတ်တစ် ခြံမြေကို အလျင်ဝယ်သည်။ နေအိမ်ဆောက်သည်။ အလုပ် သမားတန်းလျားများ ဆောက်သည်။ ရုပ်ရှင်ရိုက်စတူဒီယို ဆောက်သည်။ ပြီးတော့ မှ ယင်းစတူဒီယိုနှင့် အိမ်တန်းလျားများကို ဝါရင့်ရုပ်ရှင်သမားကြီးများအား ဈေးသက်သက်သာသာနှင့် ရုပ်ရှင်ရိုက်ရန် ငှားစားသည်။ သဘောကတော့

www.foreverspace.com.mm



သူတို့တွေ ရုပ်ရှင်လာရိုက်ကြသည်ကို အဖေက စာရေးရင်းမှ တစေ့တစောင်း လေ့လာသည်။ ပညာလည်းရ၊ ဝမ်းလည်းဝ သဘောဖြစ်သည်။ ထို့ကြောင့် ဆရာကြီး သော်တာဆွေက 'မင်းအဖေက သိပ်လူပါး၀တဲ့ကောင်'ဟု မကြာ မကြာ ပြောတတ်ခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဤသို့ လူလည်ကျခဲ့သော အဖေ၏ အစီအစဉ်သည် အောင်မြင်ခဲ့ပါသည်။ မည်သူ့ထံမှလည်း အောက်ကျနောက်ကျခံပြီး ပညာသင် စရာ မလို။ လာရိုက်သမျှသော ရုပ်ရှင်ဆရာကြီး ဆရာလေးတို့ထံမှ အကောင်း၊ အဆိုး ပညာနှစ်မျိုးလုံးကိုလည်း ရလိုက်သည့်အပြင် သူတို့အိတ်ထဲမှ ငွေစများကို လည်း တရားဝင်ဆွဲထုတ်ပြီးသား ဖြစ်ခဲ့ရသည် မဟုတ်လား။ ဤသို့ဖြင့် ခပ် တည်တည်ပင် ထုတ်လုပ်သူ ဒါရိုက်တာ ဝင်လုပ်ခဲ့လေရာ အောင်မြင်သွားတော့ ၏။

သို့သော် ရေစီးကြောင်းကား ပြောင်းလဲနေသည့် သဘာဝအတိုင်း အဖေကိုယ်တိုင်ရော ရုပ်ရှင်နယ်ကြီးတစ်ခုလုံးပါ အပြောင်းအလဲဒဏ်ကို ခံကြ ရပေသည်။ သူတို့ရိုက်သော ရုပ်ရှင်ကားများ ဈေးကွက်သိပ်မဝင်တော့။ ဝင်အောင် ရိုက်ဖို့ကလည်း သူတို့ စိတ်နှင့်မဖြစ်ကြတော့။ အထူးသဖြင့် ဆက်တင်ခေါ် အခမ်းအနားများ ဆောက်လုပ်ရိုက်ကူးမည့် အလေ့အထများ ပျောက်ပျက်၍ အိမ်လုံးချင်းငှားရိုက်သော စနစ်များ ပေါ်လာခြင်းသည် အဖေ၏ ရုပ်ရှင်စတူဒီယို ကြီး စီမံကိန်းသည် ပျက်သွားပါတော့၏။ ဘာပဲဖြစ်ဖြစ် ရုပ်ရှင်ကို စိတ်ပျက် လက်ပျက်နှင့် ၁၅ နှစ်၊ အနှစ် ၂၀ လောက် ပစ်ထားလိုက်ပြီးသော ကာလ၌ ကား။

စောစောကပြောသော အဖေပိုင်ခြံကြီးထဲတွင် ကျွန်တော်တို့အပါအဝင် အရင်းအချာများ ဆွေနီးမျိုးစပ်များ၊ အလုပ်သမားများ စသဖြင့် ကိုယ့်အိမ်ကိုယ့် ရာ ထူထောင်ကြ၊ လက်ရှိ ဆက်တင်အဆောက်အအုံများတွင် နေထိုင်ကြနှင့် ရပ်ကွက်ကြီးလို ဖြစ်လာခဲ့ရတော့သည်။ ပို၍ ဆိုးသည်မှာ တောင်ဘက်အိမ်မှ သမီးနှင့် မြောက်ဘက်အိမ်မှ သား အိမ်ထောင်ကျ၊ အရှေ့တောင်ထောင့်တွင် တဲထိုးနေကြ။ အနောက်မြောက်ထောင့်မှ သကောင့်သားနှင့် အရှေ့မြောက်ထောင့် မှ မအပျွာတို့ ဟိုဒင်းဖြစ်ကြ၊ အိမ်နောက်ဖေး အဖီဆွယ်လိုက်ကြနှင့်။ နောက် တော့ အဖေ စီမံစဉ်က ဆက်တင်သဘော ဖြစ်သော်လည်း ယခုအခါ တကယ့် အပီအပြင် ဟောလိဝုဒ်ငယ်ကလေးလို ဖြစ်လာရတော့သည်။ တိုက်ကြီးများမှ

www.foreverspace.com.mm



အစ တဲပုတ်ငယ်အဆုံး ခြံထဲတွင် အကုန်ရှိနေပါသည်။ ပိုက်ဆံရှိသော လူကုံထံများရှိသလို ကျွန်တော်တို့လို ပညာရှင်များလည်း ရှိကြ၏။ အဆုံးစွန် ရေခဲရေရောင်းသမားမှအစ အနှိပ်သည်အဆုံး ဗေဒင်ဆရာပါမကျန် ခြံထဲမှာ အကုန်ရှိလေသည်။

ဤတွင် အဖေသာခု ကွယ်လွန်သွားသော်လည်း အဖေ၏ စီမံကိန်းကြီးသည် ယခုမှတစ်ဖန် တစ်ပတ်လည်၍ ခေတ်စားလာပြန်တော့၏။ ဟောကြည့်။ အခု ဗီဒီယိုခေတ်၊ ဆက်တင်အခမ်းအနား မလို။ တဲငှား၊ အိမ်ငှား၊ တိုက်ငှား ရိုက်ကြသည်။ ကျွန်တော်တို့ခြံကြီးက ကျယ်လည်း ကျယ်သည်။ အနီးအဆောက်အအုံ ပုံစံမျိုးစုံလည်း ရှိသည်။ ရုပ်ရှင်ပါးဝနေသော လူတန်းစားမျိုးစုံလည်း ရှိသည်။ ဟန်ကို ကျလို့။ ခွင်တိ။

သည်လိုနှင့် သာခုခြံကြီးသည် ဗီဒီယိုသမားများ၏ စားကျက်ကြီးဖြစ်လာခဲ့ပေချေ၏။ သို့သော် အဖေ့လက်ထက်တုန်းကလိုတော့ သူတို့အိတ်ထဲကငွေ ကျွန်တော်တို့ မရပါ။ ယူလို့လည်း မသင့်ပါ။ အဲ… တဲငှားသူ တဲခရ၊ အိမ်ငှားသူ အိမ်ငှားခရ။ စားကြပါစေပေါ့။ ကုသိုလ်တောင် ရသေးသည်။ သာဓုပါ။

ကျွန်တော်တို့ကတော့ ဗီဒီယိုပညာသာ သူတို့ဆီက ရစရာ ရှိပါသည်။ ဟုတ်ပဲ့။ ဗီဒီယိုပညာ။ နောက်တာ မဟုတ်ပါ။ တကယ့်ကို ယနေ့ဗီဒီယိုပညာ ကျွန်တော် မတတ်ခဲ့ပါ။

အင်း… ရှေးလူကြီးများ အမြော်အမြင် တယ်ကြီးဆိုတာ မှန်လှပါကလား။ အဖေသည် တစ်ချိန်ချိန် သည်လိုဖြစ်လာလိမ့်မည်ဟု မသေခင် ကြိုတင်တွက်ချက်ခဲ့ပုံ ရပါသည်။ ❑

၃။

တမြန်နေ့ဆီက မို့မို့မြင့်အောင် တစ်ယောက် ကျွန်တော့်အိမ်ဘေးက အလုပ်သမား တဲတစ်လုံးမှာ ရုပ်ရှင်လာရိုက်ပါသည်။ သင်းက ကျွန်တော်တို့ခြံထဲသည်တစ်ခါလာ ရိုက်ဖူးသည်။ မင်းသား မင်းသမီး တော်တော်စုံပြီ ဖြစ်သော်လည်း ထူးထူးခြားခြား မို့မို့ လာရိုက်သည်ဆိုတော့ တစ်ခြံလုံး တရုန်းရုန်းပေါ့။ အထူးအဆန်း ဖြစ်နေတာလည်းပါပါသည်။ မို့မို့ ဆိုတာကြောင့်လည်း ပါကောင်းပါမည်။ ပြီးတော့ သင်းက ကျွန်တော့်ကို ချစ်သည်။(အစ်ကိုကြီးလိုပြောတာ)ကျွန်တော့်အိမ်လာသည်။ ဖက်လဲတကင်းနေသည်။ ကျွန်တော့်အိမ်ဆိုတာ

www.foreverspace.com.mm



သူ လာရိုက်သောနေ့က မျက်နှာပွင့်လိုက်တာ ဘာပြောကောင်းမတုံး။ သူ့မျက်နှာနှင့် ကျွန်တော့်မှာ ပါးပြောင်လိုက်ရပါသည်။

❑

စောစောက ပြောသလို ခြံထဲမှာက လူမျိုး တစ်ရာ့တစ်ပါး ရှိသည်။ အားလုံးကလည်း ရပ်ရှင်ပါးဝနေကြပြီး ဖြစ်သည်။ တော်ရုံဇာတ်ပို့လောက်ကတော့ တခြား လိုက်ရှာငှားနေစရာမလို။ ခြံထဲမှာပင် ကောက်သင်းကောက်လိုက်ရုံ ရှိသည်။ ကိုင်း… သည်လိုနှင့် မို့မို့မြင့်အောင်တို့ ကျွန်တော့်အိမ်ဘေးက တဲကလေးမှာ ဗီဒီယိုရိုက်ကြသည် ဆိုကြပါစို့ရဲ့။

လာလာပြီး ရိုက်ကြတာ များလှပေမည့် ကျွန်တော်သည် ကိုယ်နှင့် အလွန်ရင်းနှီးသူ မဟုတ်လျှင် ခပ်ကင်းကင်းသာ နေခဲ့ပါ၏။ ဆိုလိုတာက သူတို့ထံ ကျွန်တော် မသွား။ ကျွန်တော့်အား ချစ်ခင်ကြသူများက ကျွန်တော့်အိမ်အလည်လာမှ သို့မဟုတ် ကျွန်တော်ပိုင်ပစ္စည်းများ အလကား အကူအညီလာတောင်းမှ သူတို့နှင့် တွေ့ခွင့်ကြုံပါသည်။ ဘာတွေရိုက်လို့ ဘာတွေဖြစ်နေကြသည်ကို ကျွန်တော် မှတ်မှတ်ရရ တစ်ခါမျှ မသိခဲ့ဖူးဘူးပါ။

ခုလည်း မို့မို့ မို့သာ အိမ်မှာ ခေတ္တညည့်ခံစကားပြောလိုက်ရသော်လည်း သူတို့ ဘာရိုက်နေသည်၊ ဘာအခန်း မမေးမိပါ။ ကြည့်ရတာကတော့ မို့မို့သည် စုတ်စုတ်ပြတ်ပြတ်နှင့် သူဆင်းရဲမသဏ္ဌာန် ဆင်မြန်းထားသဖြင့် ဆင်းရဲသားခန်းဖြစ်မှာပါပဲ။ မို့မို့ဖြစ်နေသောကြောင့် တန်ရုံ တော်ရုံ ဆင်းရဲလို့မရ။ ဆံထုံးတော်ကြီး တမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်… မြင်မြင်သမျှ စိတ်ပျက်အောင်လုပါတဲ့ 'မရေသည်' လို အခန်းမျိုးသာ ဖြစ်ရပေလိမ့်မည်။

ကျွန်တော့်အိမ်နားက အလုပ်သမား တဲပုတ်မှာ အနိမ့်စား မသာအိမ်သဖွယ် မို့မို့မြင့်အောင်၏ ငိုချင်းရှည်ဖြင့်သာ တစ်နေကုန်ပါတော့သည်။ ညနေနေဝင်ခါနီးလောက်တွင် အပြင်ခန်း ရိုက်စရာရှိသည်ဟု မို့မို့က လာနှုတ်ဆက်လိုက်မှ ကျွန်တော့်မှာ သရုပ်ဆောင် မသာအိမ်၏ ဒုက္ခမှ ကင်းလွတ်ရပါတော့သည် ဟူသတတ်။ ❑

၄။

ကျွန်တော့်အိမ်အတွက် ဘုရားပန်းကို ဈေးမှာ တကူးတကန့် သွားဝယ်စရာ မလိုပါ။ ခြံထဲတွင် ပန်းသည်ရှိပါသည်။ သူသည် တစ်ခြံလုံး ပန်းလည်ရောင်းရင်း ဒုက္ခိတသားငယ်နှင့် တစ်ဝမ်းတစ်ခါး လုနေရသူဖြစ်၏။ စကား

www.foreverspace.com.mm



ပြောလည်း ကောင်းပါသည်။ ကောင်းမှာပေါ့။ နံနက် ပန်းလည်ရောင်းပြီး နေ့လယ် နေ့ခင်းမှာ မတောက်တခေါက် အနိုပ်သည်ကိုး။

သည်မနက် ကျွန်တော် အိပ်ရာက နိုးတော့ ကျွန်တော့်ဇနီး အေးဘုံက သူ့ထံမှ ပန်းဝယ်နေသည်ကို အသင့်တွေ့ရ၏။ ကျွန်တော့်ကို မြင်လိုက်တော့ အေးဘုံနှင့် ပြောလက်စ စကားဖြတ်လိုက်ပြီး…

'လာပါဦး ဆရာရယ်၊ ဆရာ့ကိုမှ ပြောချင်နေတာ' ဟု အထက်စီးနှင့် အောက်ကျို့ခေါ်ပါသည်။ ကျွန်တော်ကလည်း သည်လို လူမျိုးတွေကိုမှ အရေး ပေးတတ်သော အလေ့ရှိသူမို့ သူတို့အနား သွားထိုင်ပါသည်။ ကျွန်တော်က ကုလားထိုင်တွင် ထိုင်သော်လည်း သူတို့က ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့် ထိုင်လျက်ပါ။

'ဆရာ မနိုးသေးဘူး ထင်လို့ ဆရာမကို အားရအောင် ပြောနေတာ။ ခု အတော်ပဲ။ ဆရာ့ကို ပြောရဦးမယ်'

ဘာအကြောင်းအရာမှန်း မသိသော်လည်း သူတို့ဈေးသည်စကား တစ်လုံးတလေသည် ကျွန်တော့်အဖို့ စာစုတစ်စု မဖြစ်တောင် ဝေါဟာရ တစ်လုံး တော့ တိုးတတ်သည်မို့ အလိုက်သိ နားထောင်ရပါသည်။

လမ်းလျှောက်ဈေးသည်လည်း ဖြစ်၊ မတောက်တခေါက် အနိုပ်သည် လည်း ဖြစ်သဖြင့် စကားကြောက အတော်ရှည်ပါသည်။ မြန်မာ ဟုတ်ဟန်မတူ၊ တိုင်းရင်းသား မြန်မာမျိုးနွယ်စု ဖြစ်ပုံရသဖြင့် ဝဲကလည်း ဝဲလှပါသည်။ အတော့်ကိုနားထောင်ယူရ၏။ သို့သော် သူ့စကားအနှစ်ချုပ်ကို ယူသည်ရှိသော်…။ စောစောက ကျွန်တော်ပြောခဲ့သလို မို့မို့မြင့်အောင်တို့ အုပ်စုသည် ကျွန်တော်အိမ်ဘေးက တဲငယ်တွင် မသာအိမ် သရုပ်လုပ်၍ ဗီဒီယိုရိုက်ကူး ပြီးသကာလ အောက်ဒိုးခေါ် အပြင်ခန်းရိုက်ရန် ထွက်ခွာကြရာ၌ အရန်သရုပ် ဆောင်များအဖြစ် ခြံထဲမှ ရေထမ်းသမား၊ ပုလင်းကောက်သမားများ မှစ အဲ့ဒီပန်း သည်မကြီးအထိသော လူလေးငါးဆယ်ယောက်ကိုပါ ခေါ်ဆောင်သွားကြပါသည် တဲ့။ ရိုက်ကူးမည့် အခန်းကလည်း သင်္ချိုင်းကုန်းမှာ အလောင်း မြေချခန်းတဲ့။ အင်း အိမ်မှာ ငိုလို့ အားမရသဖြင့် ကျွန်တော်တို့၏ ဇာတ်လိုက်မကြီး မို့မို့ သင်္ချိုင်းမှာ အားရပါးရ ငိုရပုံကို မျက်စိထဲ မြင်လာမိပါသည်။

'ဆရာရယ်‥အဲဒီမှာ မို့မို့မြင့်အောင်က မြေပုံဘေး လူးလိမ့်ငိုရာကနေ တက်သွားပါလေရော'

www.foreverspace.com.mm



'တကယ်ပဲ တက်သွားရောလားဗျာ' ဟု ကျွန်တော်က ရယ်ကျဲကျဲ ပြောလိုက်ရာ···

'ဘယ်ကလာ ဆရာကလဲ သူက အကယ်ဒမီ မင်းသမီးပဲ၊ အိုက်တင် လုပ်တာပေါ့။ ခက်တာက ကျွန်မရှင့်···ဒီလိုဆရာရဲ့'

တကယ်တော့ မို့မို့မြင့်အောင်ခမျာ ငိုယိုခြင်း၏ အထွတ်အခေါင် ဖြစ်သော တက်ချက်သွားရခြင်း သရုပ်ကိုဆောင်လေရာ ပီပြင်လွန်းသဖြင့် ပန်းသည်ကြီးခမျာ တကယ်ပင် ဗီဒီယိုရိုက်ရင်း တက်သွားသည်ဟု အထင်ရောက်ရရှာလေ၏။ သူကလည်း ဇာတ်ဝင်ခန်းတွင် မင်းသမီးသတိလစ်ပြီး တက်ချက်သွားသဖြင့် ဝိုင်းဝန်းဖေးမရသော အိမ်နီးချင်း မသာပို့သူအဖြစ် ပါဝင်သရုပ်ဆောင်ရသည် ဖြစ်ပေရာ··။(ကျွန်တော်ပြောခဲ့သော **ရုပ်ရှင်နတ်** ဝင်စီးပြီ ထင်ပါ၏။)

သူ့ခမျာ သရုပ်ဆောင်အာရုံစားသွားသည်လည်း တစ်ကြောင်း၊ မို့မို့မြင့်အောင်၏ သရုပ်ပီမှုကို အထင်ရောက်သည်လည်း တစ်ကြောင်း အဲ··မူလ အလုပ်ကို အနှိပ်သည်ဆိုတော့ကာ သတိလစ်သွားဟန်ဆောင်သော မို့မို့မြင့်အောင် ကို သူတတ်သည့် ပညာဖြင့် ရင်ဘတ်ဖိ၊ ခြေမချိုး၊ ဆံပင်ဆွဲ၊ ဂုတ်ပိုးအုပ် လုပ်ပါလေတော့သည်တဲ့။

'ဟီးဟီး ခုမှသာ ရယ်နိုင်တာ ဆရာရေ့··· အဲဒီတုန်းကများ မင်းသမီး တစ်ခုခု ဖြစ်သွားမှာ စိုးလို့ ပူရတာက တစ်ပိုင်း၊ မင်းသမီးက နာလွန်းလို့ ထအော်ပြီး ငိုရာကနေ ရယ်လိုက်တာက တစ်ပိုင်း၊ ဒါရိုက်တာက ကြိမ်းတာက တစ်ပိုင်းနဲ့ ကျွန်မဖြင့် ကြောက်လိုက်တာလေ၊ သူတို့အလုပ် ကျွန်မကြောင့် ပျက်ရတယ်မဟုတ်လား'

အကယ်တည်တု လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်ကာလ စာရေးဆရာ အငယ်စားဘဝကဆိုလျှင် ဤမျှလောက် သိရရုံဖြင့် ကျွန်တော့်မှာ ဝတ္ထုတို တစ်ပုဒ် ရနေပါပြီ။ သို့သော် ခုချိန်မှာကား သည့်ထက် လေးနက်ပြီး သည့်ထက်ရိုးသားသော အကြောင်းအရာကို ရှာနေတတ်သော ကျွန်တော့်မှာ ပြုံးရုံသာ ပြုံးမိပါ၏။ ကျွန်တော်က ပန်းသည်မကြီးကို အပြောင်အပြက် မေးပါသည်။

'သရုပ်ဆောင်ခကော ရရဲ့လား'

သူ့မျက်နှာသည် မထေ့တထေ့ သဘောမျိုး၊ မထီမဲ့မြင် သဘောမျိုး

www.foreverspace.com.mm



ရွဲ့သွားပါသည်။

'အမလေး··· ဆရာရယ် ၁၅၀ ရတာပါ၊ ဟင်း ဘာလုပ်ရမှာလဲ။ ကျွန်မ ပန်းရောင်းတာနဲ့ လည်နှိပ်တာ၊ တစ်နေ့ ၄၀၀ ကျော်လောက် စီနေမင့်ဟာ။ ကျွန်မအဖို့တော့ မို့မို့မြင့်အောင်နဲ့ တွဲလိုက်ရတာ အမြတ်ပါပဲ၊ ဘုရားစူးစေ့'

သူသည် သူ့ဈေးဗန်းကို ခေါင်းရွက်ရန် ဟန်ပြင်ရင်း တစ်ခုခု သတိရဟန်ဖြင့် အားကိုးတကြီး ပြောလိုက်ပါသေးသည်။

'ဆရာရယ်၊ ဆရာတို့ မင်းသား မင်းသမီးဆိုတာ တစ်ယောက် တစ်ယောက် ပြောရင်ရပါတယ်၊ နောက်နောင်လည်း မို့မို့မြင့်အောင်နဲ့ တွဲရမယ်ဆို ဘယ်အခန်းဖြစ်ဖြစ် ခေါ်သုံးစမ်းပါလို့ ပိုက်ဆံ မယူပါဘူးလို့'

ပြောပြောဆိုဆိုပင် သူ၏ ပန်းဗန်းသည် သူ့ခေါင်းပေါ် ရွက်ပြီး အသင့်ဖြစ်နေပါပြီ။ အင်း···ရုပ်ရှင်နတ်သာမက မို့မို့မြင့်အောင်နတ်ပါ သူ့ခမျာ အစီးခံရပေပြီကိုး။ ❑

သူသည် ကျွန်တော့်အား လည်းကောင်း၊ ကျွန်တော့်ဇနီးအား လည်းကောင်း ရည်ရွယ်ဟန် မတူဘဲ သူ့သဘောသူ ညည်းသလိုလို ပြောသွားသော စကားသံ တိုးတိုးကိုကား ကျွန်တော့်နားထဲမှ ထုတ်ပစ်လို့ကို မရတော့ပါ။ မို့မို့မြင့်အောင်၏ ဟိုတမြန်နေ့က ငိုချင်းရှည်ထက် ပို၍ စူးရှသည်ဟု ကျွန်တော် ကတော့ ထင်လိုက်ပါသည်။

'အင်း··မနေ့ကလည်းထမင်းစား မကောင်းတော့ဘူး၊ ဒီနေ့လည်း စားကောင်းမှာ မဟုတ်တော့ဘူး။ အဲဒီနေ့က သူတို့ ဗီဒီယိုအဖွဲ့က ကျွေးတဲ့ ထမင်းတစ်နပ် တယ်ကောင်းတာပဲ၊ ဟင်းတွေကို စုံလို့'

❑

ကျွန်တော်ကတော့ တစ်မျိုးသာ တွေးလိုက်ပါသည်။ သည်မိန်းမကြီး 'တ'သတ်နှင့်'ပ'သတ်ကို မသိဘူးထင်ပါရဲ့။ **နတ်**နှင့်**နပ်** ကိုနားလည်ဖို့ ကျွန်တော်ကတော့ ဘယ်လိုလုပ်ပြီး ရှင်းပြရပါမည်နည်း။ သူ့အဖို့ရာကား 'တ'သတ်နတ်တွင်သာမက 'ပ'သတ်နတ်ပါ စီးသွားရှာပြီတကား။

■

**သုမောင်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၈၇၊ ဇန်နဝါရီလ၊ ၁၉၉၇**

www.foreverspace.com.mm

# ပျို့ခန်းသာ ဝိုက်ကာ မွှေးတယ်

**ကြူးနေစိ**

ဒေဝစ္ဆရာပိုင်ရှင် ဝင်ရောက်လာလျှင်
မိန်းကလေး ရှစ်ယောက်သည်
နေမထိ ထိုင်မထိ
စိတ်ကျဉ်းကျပ်နေလေ့ ရှိကြသည်
အဘယ်ကြောင့်ဟူမူ ဦးဇော်ညွန့်သည် အမှိုက်ပုံတစ်ပုံအနီးတွင်
မိမိအတွက် စားကောင်း သောက်ဖွယ်တစ်ခုခု
ရှာဖွေစူးစမ်းနေသော ခွေးလေတစ်ကောင်နှယ်
မိန်းမပျို ကလေးတို့အနီးတွင်
နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံတတ်သောကြောင့်ပင်တည်း

www.foreverspace.com.mm

# ပျို့ခန်းသာ ဝိုက်ကာ မွေးတယ်

**ကြူးနစ်**

ပိတ်ထားသော အနီရောင်သွပ်ပြားတံခါး၏ အခြားတစ်ဖက်မှ လည်ပတ်နေသော စက်တစ်လုံး၏ အော်မြည်သံကို သူတို့အားလုံး ကြားနိုင်ကြသည်။ နေ့စဉ်လိုလို မြည်နေကျ စက်သံသည် သူတို့တစ်တွေ၏ နားအာရုံများကို ညင်ညင်သာသာ ငြီးငွေ့စေလိုသည့်အလား ညင်သာစွာ ပံ့လွင့်လျက်ရှိသည်။ သို့တစေ သူတို့မှာ ငြီးငွေ့ချိန်မရကြပါ။ အော်မြည်နေသောစက်က သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့လျှင်လည်း သူတို့မှာ ညည်းတွားပြစ်တင်ခွင့် မရှိကြပါ။ အော်မြည်နေသော စက်ရှိရာအခန်းထဲသို့လည်း သူတို့တစ်တွေ ဝင်ရောက်ခွင့်မရှိပါ။ သွပ်ပြားတံခါးရွက်တွင် အနီခံ၌ အဖြူရောင်ဆေးဖြင့် ရေးထားသော 'မဝင်ရ' စာလုံးပြူးပြူးကြီးက သူတို့ကို အမြဲတစေ အသံတိတ်သတိပေး တားမြစ်နေသည့်အလားပင် ဖြစ်သည်။ အော်မြည်နေသော စက်ရှိရာအခန်းထဲသို့ သူတို့သည် ဝင်ထွက်ခွင့် လုံးဝမရှိကြပါ။ ထိုအခန်းသည် 'ဒေဝစ္ဆရာ' အသားလှသနပ်ခါးဆီ ထုတ်လုပ်ရေး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏ ထိပ်တန်း လျှို့ဝှက်ဓာတ်ခွဲခန်းနှင့် သနပ်ခါးဆီဖြည့်ဆည်းရေးခန်းပင် ဖြစ်သည်။ ထိုအခန်းထဲသို့ ဝင်ထွက်ခွင့်ရှိသူ အနည်းငယ်ထဲ၌ အသက် ၃၀ ကျော်ခန့် အသားညိုမောင်းမောင်း၊ ကြွက်သားတောင့်ထွားထွား၊ မျက်လုံးပေါက်ကျဉ်းကျဉ်းနှင့် 'တလုတ်ဖြူ' ပါဝင်သည်။ တလုတ်ဖြူသည် ဒေဝစ္ဆရာ၏ ပိုင်ရှင်နှင့် ဆွေမျိုးနီးစပ်တော်သည်ဟု ဆိုကြသည်။

အော်မြည်နေသော စက်ရှိရာအခန်းမှ အနီရောင်တံခါးသည် တစ်နေ့လျှင် ကြိမ်ဖန်များစွာ ပွင့်လာတတ်ပြီးလျှင် ပွင့်လာတိုင်း တလုတ်ဖြူက စက္ကူဂျပ်

www.foreverspace.com.mm



ပုံးတစ်ပုံးကို နိုင်နင်းစွာ ပွေ့ပိုက်သယ်ယူလာတတ်သည်။ သယ်ယူလာသော ဂျပ်ပုံးကို ခွာတ်ခွဲခန်းနှင့်ကပ်လျက် 'ထုတ်ပိုးရေးခန်း'မှ ကြမ်းပြင်တစ်နေရာတွင် ချထားကာ တလုတ်ဖြူသည် 'မဝင်ရ'အခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားလေ့ရှိ၏။ ကိုယ်ခန္ဓာအောက်ပိုင်းနှင့် အထက်ပိုင်းကို တစ်ဆက်တည်း ဖုံးလွှမ်းထားသည့် စက်ပြင်အလုပ်သမားဝတ်စုံ 'အိုဗာရော' နှင့်တူသော အဖြူရောင်ဝတ်စုံ ပွပွကြီးကို ဝတ်ထားသည်။ ထွားကျိုင်းမြင့်မားသော တလုတ်ဖြူကို သူတို့ထဲမှ တစ်ယောက်က 'ဝင်ရိုးစွန်း ဝက်ဝံဖြူကြီး'ဟု နာမည်ပြောင် မှည့်ထားသည်။

သူတို့အားလုံး ရှစ်ယောက်ဖြစ်သည်။ အားလုံး အသက် ၂၀ မကျော်ကြသေးသည့် မိန်းကလေးချည်း ဖြစ်သည်။ အားလုံး အိမ်ထောင်မရှိသူချည်း ဖြစ်သည်။ သို့သော် အားလုံးချောမောလှပသူချည်းတော့ မဟုတ်။ အားလုံး ရုပ်ဆိုးကျည်းတန်ချည်းလည်း မဟုတ်။ ထုတ်ပိုးရေးစခန်းတွင် ယောကျာ်းအလုပ်သမားများကို ခိုင်းစေရန် ဘယ်တုန်းကမျှ စိတ်ကူးခဲ့ပုံ မရပါ။

ကျော့ကျော့စံသည် မကြာမီက တလုတ်ဖြူ စုပုံထားရစ်ခဲ့သော စက္ကူဂျပ်ပုံးများဆီသို့ တကျီကျီမြည်နေသော တစ်ဖက်ခန်းမှ စက်သံ၊ တဖောက်ဖောက် ပြောနေကြသော လုပ်ဖော်ကိုင်ဖက်တွေ စကားသံများကို ဖြတ်သန်း၍ လျှောက်လာသည်။ စက္ကူဂျပ်ပုံးတစ်ပုံးကို ညောင်းညာထုံကျဉ်နေသော လက်နှစ်ဖက်ဖြင့် အားစိုက်မ,ယူသည်။ သူမ၏ အလုပ်မှာ ဂရုတစိုက်ချသည်။ စက္ကူဂျပ်ပုံးထဲတွင် အစီအစဉ်မကျနစွာ စုပုံရောထွေးနေကြသည့် အချင်းနှစ်လက်မခန့် အထူ တစ်လက်မခန့်ရှိ ဆင်စွယ်ရောင် ကော်ဘူးဝိုင်းကလေး တစ်ရာခန့်ရှိလိမ့်မည်။ ထိုကော်ဘူးဝိုင်းကလေးများထဲတွင် နိုင်ငံတစ်ဝန်းအသုံးများ ကျော်ကြားနေသော 'ဒေဝစ္ဆရာ' အသားလှသနပ်ခါးဆီ ပျဉ်းတွဲတွဲအနှစ်များကို စနစ်တကျ ဖြည့်သွင်းထားပြီး အဖုံးလုံအောင် စနစ်တကျ ပိတ်ထားခဲ့ပြီ ဖြစ်သည်။ ကျော့ကျော့စံက ဘူးဝိုင်းကလေး၏ ပတ်လည်ဘေးသား အမှတ်တံဆိပ်စက္ကူကလေးကို ရေစိုခံကော်ဖြင့် သပ်ရပ်ညီညာစွာ ကပ်ပေးရမည် ဖြစ်သည်။ ယင်းသည်ပင်လျှင် ဒေဝစ္ဆရာအလုပ်ခန်းရုံးကလေး၌ ကျော့ကျော့စံ ရက်သတ္တပတ် တစ်ပတ်လျှင် ၆ ရက်တိတိ ဆောင်ရွက်ရသည့် အလုပ်တာဝန်ဖြစ်လေသည်။ လုပ်ခမှာ ပုတ်ပြတ်စနစ်ဖြစ်၏။ ဘူးတစ်ရာကို တံဆိပ်ကပ်ပြီးတိုင်း ကျော့ကျော့စံကို အလုပ်ရှင်က ငွေကျပ်နှစ်ဆယ်ပေးရသော အလုပ်သည် ညောင်းညာလေးလံခြင်းမှအပ စိတ်ပျက်စရာတော့ မရှိ။ စိတ်တည်ငြိမ်ခြင်းကိုသာ ရဖွယ်ရှိသည်။ တစ်နေရာ

www.foreverspace.com.mm

တည်းတွင် တစ်မျိုးတည်းသော ကိုယ်နေဟန်ထားဖြင့် ထိုင်လျက် တစ်ပုံစံတည်းသော လက်နှစ်ဖက်လှုပ်ရှားမှုကို တစ်နာရီပြီး တစ်နာရီ ဆက်တိုက်ထိုင်နေခြင်းအားဖြင့်ပင် နှလုံးသည် တည်ငြိမ်ခိုင်မတ်သော စွမ်းအင်တစ်ရပ်ကို သိမ်းပိုက်လာနိုင်စွမ်းပါသည်။ သို့သော် တစ်ဆယ့်ငါးနှစ်ရွယ် အပျိုဖျန်းကလေးတစ်ယောက်အဖို့ရာ သုခမ္မာဇရပ်ထဲမှ အသက်ခြောက်ဆယ်ကျော်အရွယ် မိန်းမအို ယောဂီတစ်ဦးကဲ့သို့ သမာဓိထူထောင်ရန် လိုအပ်တော့မှာ မဟုတ်။

ဒေဝစ္ဆရာမှ ထုတ်ပိုးရေးစခန်းသည် လှပစွာ ပွင့်လန်းနေသော ပန်းကလေး တစ်ပွင့်သာ ဖြစ်သည်။ သန့်ရှင်းသစ်လွင်သော အဝတ်အစား၊ ခေတ်နောက်မကျန်သော ခြယ်မှုန်းပြင်သမှု၊ လန်းရွှင်တက်ကြွသော ဟန်ပန်စကားသံတို့ဖြင့် ရှင်သန်လှုပ်ရှားနေကြသည့် မိန်းပျိုကလေးရှစ်ယောက်သည် ဒေဝစ္ဆရာအလုပ်ရုံရှိ အရပ်ခန်းများ၏ တန်ခိုးကြီးသော ဝိညာဉ်တစ်ပါးနှယ်။ တသီးတသန့်စိုးစံလျက်ရှိ၏။ သူတို့ထံသို့ ယောကျ်ားတိုင်း လာခွင့်မရှိ။ သနပ်ခါးဆီဘူးများသယ်ဆောင်လာပေးသည့် တလုတ်ဖြူ (တလုတ်ဖြူ မအား၊ မရှိလျှင် အလုပ်ရုံမှအထွေထွေလုပ်သား အဘိုးအို ဦးမောင်ခင်)နှင့် အလုပ်ရှင် ဦးဇော်ညွှန့်တို့သာ ထုတ်ပိုးရေးခန်းသို့ ဝင်ရောက်နိုင်ခွင့် ရှိသည်။

ဦးဇော်ညွှန့်သည် ရွှေဘိုဇာတိ၊ အသည်းမည်းပြောင်ပြောင်၊ အရပ်ခြောက်ပေခန့် ရုပ်ဆိုးသွားခေါ လူထွားကြီး ဖြစ်သည်။ သူ့ဇနီး ဒေါ်ခင်မူကတော့ မိုးဦးကျနံနက်ခင်းထဲမှာ မြေသားထဲမှ ထိုးထွက်စ ကောက်ရိုးမှိုငုံကလေးလို ဖြူသွယ်သေးလှီသလောက် ယမင်းရုပ်ကလေးအလား ချောမောတင့်တယ်သည်။ ထိုအသားမည်း လူ့ဘီလူးကြီးက အလှကြိုက်သလို အမွေးနံ့သာလည်း အလွန်အကဲ ခုန်မင်ရူးသွပ်တာတော့ အလွန်မတန် သေချာသည်။

သူ၏ အရေးကြီးဆုံး လုပ်ခွင်စည်းကမ်းများကို ရှုပါဘိ။ ထုပ်ပိုးရေးမှ မိန်းကလေးများ အလုပ်သို့ လာလျှင် ရေချိုး၊ အလှပြင်၊ လျှော်ဖွပ်၊ မီးပူတိုက်ဝတ်စုံသစ်ကို ဆင်မြန်းခဲ့ရမည်။ အလုပ်ခန်းသို့မဝင်မီ ခြေလက်တို့ကို ပြောင်သန့်စင်ကြယ်အောင် ဆေးကြောရန် မမေ့ရ။ ဓမ္မတာပန်းပွင့်ချိန်တွင် အလုပ်မဆင်းနှင့်။ ချွေးထွက်သန်သူများသည် ဝတ်စုံအပိုများ ယူဆောင်လာဖို့ရန် အမေ့အလျော့မရှိစေနှင့်။ အလုပ်ခန်းထဲမှာ မည်သည့်အစားအစာမျှ ရှိမနေစေရ။ ထမင်းစားပြီးလျှင် လက်များသာမက ပါးစပ်ကိုပါ ပြောင်စင်အောင် သန့်ရှင်းကြပါ။ အလုပ်ခန်းထဲ၌ ဖိနပ်စီးလျှင် အလုပ်မှ ထုတ်ပယ်ခြင်း ခံရမည်။ လုံးဝ ဆေးလိပ်

www.foreverspace.com.mm

မသောက်ရ။ ပီကေ မဝါးရ။ နှပ်ညှစ်၊ တံတွေးထွေးလိုလျှင် အလုပ်ခန်းအပြင်သို့ ထွက်ကြရန်။

'အမွှေးအကြိုင်ဆိုတာ လူတိုင်းရဲ့ သည်းခြေကြိုက် ဣဋ္ဌာရုံပဲ သမီးတို့ရဲ့။ နတ်တွေ အထက်ပုဂ္ဂိုလ်တွေလည်း အမွှေးရနံ့ကို အလွန်နှစ်သက် သဘောကျတော်မူကြတယ်။ ဒါကြောင့် ဦးဟာ အမွှေးနံ့ကြာရှည်ခံတဲ့အပြင် အသားအရေကို ချောမွေ့စေတဲ့ ဒေဝစ္ဆရာ သနပ်ခါးမိတ်ကပ်ကို တီထွင်ခဲ့တာပဲ သမီးတို့ရဲ့။ ဦးပြောချင်တာက သမီးတို့ဟာ မွှေးကြိုင်သင်းပျံ့တဲ့ အလှကုန်ပြုလုပ်နေတဲ့သူတွေ ပီပီ သမီးတို့ကိုယ်တိုင် အနံ့မစော်ဘဲ အမြဲတမ်းမွှေးထုံနေဖို့ပဲ'

ထုပ်ပိုးခန်းထဲသို့ ဝင်လာပြီး မကြာခဏ ပြောကြားတတ်သော ဦးဇော်ညွန့်၏ သြဝါဒကထာတစ်ပုဒ် ဖြစ်သည်။ သူလာတိုင်း သူ့ထံမှ ထိုင်းနိုင်ငံဖြစ် ချွေးနံ့ပျောက်ဆေးငွေ့များသည် ကျော့ကျော့စံတို့ ရှစ်ယောက်ကြားတွင် လှိုင်းထနေလေ့ ရှိ၏။

ထုပ်ပိုးရေးခန်းထဲသို့ ဒေဝစ္ဆရာပိုင်ရှင် ဝင်ရောက်လာလျှင် မိန်းကလေးရှစ်ယောက်သည် နေမထိ ထိုင်မထိ စိတ်ကျဉ်းကျပ်နေလေ့ ရှိကြသည်။ အဘယ်ကြောင့်ဟူမူ ဦးဇော်ညွန့်သည် အမှိုက်ပုံတစ်ပုံအနီးတွင် မိမိအတွက် စားကောင်းသောက်ဖွယ်တစ်ခုခု ရှာဖွေစူးစမ်းနေသော ခွေးလေတစ်ကောင်နှယ် မိန်းမပျိုကလေးတို့အနီးတွင် နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံတတ်သောကြောင့်ပင်တည်း။

ထိုလူကြီးသည် အသန့်အပြန့်လည်း ထူးထူးကဲကဲ ကြိုက်သေး၏။ 'မိမိ၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ဖြင့် ဒေဝစ္ဆရာ၏ အရည်အသွေးကို မြင့်သထက်မြင့်အောင် မြှင့်တင်အံ့'ဟူသော ဆောင်ပုဒ်ကို အလုပ်ခန်းတိုင်းတွင် ထင်ရှားစွာ ရေးထားသည်ကို တွေ့နိုင်ကြပါသည်။ ကျော့ကျော့စံ စိတ်ညစ်ညျူးမိသော အသေးစိတ်နိုင်လွန်းမှုမှာ ဦးဇော်ညွန့်က သူမ၏ လက်ချောင်းများကို အမှတ်မထင် ဆွဲကိုင်ပြီး ကြည့်ရှုစစ်ဆေးတတ်ခြင်း ဖြစ်လေသည်။

'လက်သည်းမှန်မှန် ညှပ်နော် ဖြူတုတ်ကလေး၊ အရှည်ထားရင်လည်း လက်သည်းခွံအောက်မှာ ချေးတွေ ကပ်မနေစေနဲ့'

(ကျော့ကျော့စံ၏ ဖွံ့ထွားဖွေးစင်သော ကိုယ်နေဟန်ထားကို ရည်ရွယ်ပြီး ဦးဇော်ညွန့်က ဖြူတုတ်ကလေးဟု ခေါ်တတ်ခြင်းကို သူမက အနည်းငယ်မျှပင် နှစ်မြို့ခြင်း မရှိသော်လည်း ထိုသို့မခေါ်ရန် တားမြစ်ခြင်း မပြုဝံ့ခဲ့ပါ)

www.foreverspace.com.mm



သူမ၏ အရင်းနှီးဆုံး အလုပ်ဖော်မကလေး နီလာထွေး၏ အဖြစ်ကတော့ သူမ၏လက်ကို အဘိုးကြီးက ကိုင်ဆွဲခံရခြင်းထက် ပိုမိုဆိုးရွားခဲ့သည်။

'မှန်း… အဆိုတော် မေခလာနဲ့တူတဲ့ ငါ့သမီး ခြေသည်းတွေက ရှည်နေပါလား'

အဘိုးကြီးက စကက်ဝတ်ထားသည့် နီလာထွေး၏ ဝင်းစိုသော ခြေသလုံးတစ်ဖက်ကို ကိုယ်တွယ်ဆွဲယူခဲ့ခြင်းပင် ဖြစ်တော့သည်။ နီလာထွေးမှာ ရုတ်တရက် အသက်ပျောက်သွားသည့်နယ် မလှုပ်မယှက် ဖြစ်သွားရှာ၏။

'အလကား နှာဘူးကြီး မျက်စိနဲ့ကြည့်ရင် ရရဲ့သားနဲ့ တမင် အရသာခံပြီး ကိုင်တာ။ သူ့ပုံက ငါ့ခြေထောက်ကို နမ်းတော့မယ့်အတိုင်းပဲ'

နီလာထွေးသည် အလုပ်ရှင်ကို ရက်ပေါင်းများစွာကြာအောင် ကျိန်ဆဲနေခဲ့သည်။

တစ်ခါတစ်ရံမှာသာ ပေါ်ပေါက်တတ်သည့် ယင်းသို့သော အလုပ်ရှင်၏ အတိကလွန်သေ စည်းကမ်းကလေးတွေ၊ အဆီအငေါ်မတည့်သော အပြုအမူကလေးတွေအပြင် ဓာတ်ခွဲခန်းအလုပ်သမား တလုတ်ဖြူ၏ ရံဖန်ရံခါ အကျီစားသန်မှုကလေးတွေကလည်း မိန်းကလေးရှစ်ယောက်ကို ကသိကအောင့်ဖြစ်စေတတ်ပါသည်။ တလုတ်ဖြူသည် မိန်းကလေးတစ်ဦးဦး၏ မျက်နှာကို လက်ဝါးတွင် ဝှက်ထားသော သနပ်ခါးမိတ်ကပ်စေးများဖြင့် အလစ်ဖမ်း တို့လိမ်းတတ်သည်။ ကျော့ကျော့စံမှာ တလုတ်ဖြူ၏ အပြောင်အနောက်ကို အကြိမ်အများဆုံး ခံရသည်။ ခံရတိုင်း ရင်တဒိန်းဒိန်းခုန်အောင် ဒေါသထွက်ရပြီး ရယ်ဖြဲဖြဲလုပ်နေသည့် တလုတ်ဖြူအပေါ် အမြစ်တွယ်နေသည့် မကျေချမ်းစိတ် တိုးပွားရသည်သာပင်။ သူဌေးတူဆိုပြီး သိပ်လက်ရဲဇက်ရဲနိုင်တာပဲ။ နှာမချင်း မစာနာဘူး။ ဒီတစ်ခါလာစရင် သူ့နှမဝမ်းကွဲ သူဌေးသမီး ကောလိပ်ကျောင်းသူတွေကို မိတ်ကပ်နဲ့သွားတို့ပြီး ငါ့ကို လုပ်သလို ပါးကို လိမ်ဆွဲခိုင်းပစ်လိုက်ဦးမယ်။ သို့တစေ တလုတ်ဖြူကို ဘယ်ခါမျှ မာရေကျောရေ မပြောဝံ့ခဲ့။ ရွှန်းတောက်ဖို့ အားယူနေသော မျက်စိကျဉ်းကျဉ်းတွေကိုလည်း သူမ ရင်မဆိုင်ဝံ့ခဲ့။ တလုတ်ဖြူဆိုသောလူသည် ဒေဝစ္ဆရာတွင် သူဌေး၏ လက်ရုံး အရေးပါသော ပုဂ္ဂိုလ်ဖြစ်သည်ဆိုသည့်အချက်ကို ကျော့ကျော့စံ မေ့လျော့ပေါ့ပျက်၍ မရပါ။

ဤသို့ ဤနှယ် စိတ်ကွက်ဖွယ်ကလေးတွေကို မေ့နိုင်ခဲ့လျှင် ဒေဝစ္ဆရာသည် သူမအတွက် ငွေကြေးနှင့် ကြည်နူးမှု အဆက်မပြတ်ပေးနေရာ အလုပ်

www.foreverspace.com.mm



ဌာနဗိမာန်နန်းတစ်ဆောင် ဖြစ်လာတော့သည်။ သူဌေး၏ နှစ်ထပ်တိုက်အိမ်ကြီး ရှေ့မှာ ရပ်လိုက်ရသည့် အရသာသည်ပင်လျှင် ချီးမြှောက်ကူမမည့် နတ်ကွန်းကြီး ရှေ့မှာ ရပ်မိသလို ခံစားရ၏။ တိုက်အိမ်ကြီးနောက်ဘက်မှာရှိသော ကြီးမား ကျယ်ပြန့် သန့်စင်တောက်လက် ဟိတ်ဟန်အပြည့်နှင့် အလုပ်ရုံကြီးဆီသို့ လျှောက် အလာ အင်္ဂတေလမ်းနံဘေးတစ်လျှောက်ရှိ အလှစိုက်ပန်းပင်အမျိုးမျိုး အရိပ်ရ သစ်ပင်အမျိုးမျိုးတို့အနီးသို့ ရောက်စဉ် ကမ္ဘာ့အံ့ဖွယ် မိုးပျံဥယျာဉ်ကြီးထဲသို့ ရောက်သွားသူနှယ် မြို့ကြီး၏ ဆင်ခြေဖုံးရပ်ကွက်ငယ် အသီးသီးမှာ လှည့်လည် ကြီးပြင်းခဲ့ရသော တစ်ဆယ့်ငါးနှစ်သမီးကလေးမှာ ငြိမ့်မောဝေရီနေတတ်မြဲ ဖြစ် သည်။ ပန်းရနံ့တို့ကို ရှိုက်မက်၍မဆုံးမီ အလုပ်ခန်းထဲသို့ ဝင်လိုက်သည်နှင့် သင်းသင်းလှိုင်လှိုင် မွှေးရနံ့မျိုးစုံက သူမကို ဆီးကြိုပွေ့ဖက်လာပေလိမ့်မည်။ လုပ်ဖော်မိန်းကလေးတွေကြားမှာ ဖြတ်သန်းမိပြန်သော် ညွတ်ပျောင်းပုံ့ချိုသော အမွှေးဓာတ်က သူမကို ရစ်ပတ်သိမ်းပိုက်ဦးမည်။ သူမ၏ ဖွေးကစ်ကစ် ကိုယ်လုံး ကလေးဆီမှာတော့ အလုပ်မှ မပြတ်မလပ် လက်ဆောင်ရသည့် ဒေဝစ္ဆရာအသား လှ သနပ်ခါးဆီရနံ့ပျပျသည်သာ။ ၄င်းထက် ပြင်းရှသိပ်သည်းသော မွှေးရနံ့ ထုထည်ကြားဝယ် မဝံ့တဝံ့ လူးလွန့်နေရှာလိမ့်မည်။ လုပ်ဖော်တချို့လို တန်ဖိုး ကြီး နိုင်ငံခြားဖြစ် ရေမွှေး မသုံးစွဲနိုင်ခြင်းအတွက် ကျော့ကျော့စံ ဘယ်သောအခါ မျှ စိတ်အားငယ်ခြင်း မဖြစ်မိပါ။

သူမသည် အလုပ်စားပွဲတွင် စက်တစ်လုံးကို စည်းချက်မှန်မှန် လှုပ် ရှားလျက် ရှိ၏။ ဖြူဝင်းသော်လည်း အနည်းငယ်တုတ်တိုဟန်ရှိသော လက်ချောင်း ကလေးများသည် ဘူးဝိုင်းကလေးများ၊ တံဆိပ်စက္ကူကပ်နှင့် ကော်ဘူးတို့ကြား တွင် အရပ်အနားမရှိ သက်ဝင်ပြေးလွှားနေစဉ် ခါးတိုင်းခါတိုင်း စိန်ပွင့်လို တောက်စိုသည့် မျက်လုံးဝိုင်းကလေးတွေမှာ ပုလင်းကွဲစလို ညှိုးဖျော့မှိုင်းလျက်၊ ခါတိုင်းခါတိုင်း သူမနှင့် မျက်နှာချင်းဆိုင်နေရာမှာ သူမလို တံဆိပ်ကပ်သည့် နီလာထွေးနှင့် ရောက်တတ်ရာရာ စကားဖွဲ့သီနေကျ ပါးစပ်ကလေးအစုံက အကြားအလပ်မရှိ ပကတိစေ့ပိတ်ငြိမ်ဝပ်နေကြ၏။ အခြားသူတစ်ယောက်ယောက် နှင့် သူမ စကားမပြောချင်ပါ။ နှုတ်ဖျားမှ အသံတစ်စုံတစ်ရာပြုဖို့ပင် မစွမ်းနိုင် လောက်အောင် ညစ်ထွေးစိတ်ဖြင့် သူမ၏ လည်မျိုထဲမှာ ပူခြောက်မွန်းလှောင်နေ သည်။

သူ တဖြည်းဖြည်း လွန်လာပြီ။ ဟိုလူကြီးလည်း ဒီအတိုင်းပဲ။ တစ်စနဲ့

www.foreverspace.com.mm

ကဲလာပြီ။ သူက ရဲတယ်။ ဟိုလူကြီးက ပျော့ပျော့နဲ့နုံမယ့် ကြောင်ချေး။ သူက အားလုံးအလစ်မှာ ငါ့လက်မောင်းကို သူ့လက်ကြီးနဲ့ ကိုင်တယ်။ ငါဟာ သိပ်လှတယ်တဲ့။ အလုပ်သမားတွေထဲမှာ အချောဆုံး၊ အလှဆုံးပဲတဲ့။ အလှမယ်အဖြစ် ရွေးလိုက်ပြီတဲ့။ တီဗီကြော်ငြာရိုက်ရင် ငါ့ကို သုံးဖို့ သူဌေးကို ပြောပေးမတဲ့လေ။ တနင်္ဂနွေနေ့ကျရင် သူနဲ့ရုပ်ရှင်လိုက်ကြည့်ပါလားတဲ့။ ကြည့်စမ်း၊ ငါ့ကို အထင်သေးလိုက်တာများ။ ဟိုလူကြီးလည်း ငါ့ကို အထင်သေးတာပဲ။ ဟိုလူကြီးက ငါအလုပ်ကအပြန် လမ်းထိပ်က စောင့်ပြီး စကားရော ဖောရောလုပ်တာ နှစ်ခါရှိပြီ။ အရက်နံ့ကြီးကလည်း ဆိုးလိုက်တာ လွန်ပါရော။ အဖေ့ကိုသာ တိုင်လိုက်ရင် ဘုရား··· ဘုရား···။

'အလို ဖြူတုတ်ကလေးက ငါလည်း ကပ်လာရော နှာခေါင်းရှုံ့နေပါလား။ ဘာလဲ၊ ငါ့ကိုယ်က ဘာစော်နံနေလို့လဲ'

အဆီပြောင်ပြောင် မျက်နှာကြီးက ရွှင်ပျစွာ ပြုံးနေသည်။ ဦးဇော်ညွန့် ချဉ်းကပ်လာသည်ကို သတိမထားမိအောင် ကိုယ့်အာရုံနှင့်ကိုယ် နစ်မျောမိသည်။

'မ··· မဟုတ်ပါဘူး အန်ကယ်ကြီး၊ သမီး နှာခေါင်းယားသလိုလို ရှိလို့ အမှတ်တမဲ့ နှာခေါင်းရှုံ့လိုက်တာပါ'

ဟိုလူကြီးပါးစပ်က အရက်နံ့ဟာ ခုထိ ငါ့ကို ဒုက္ခပေးတုန်းပါလား။ အဲဒီအနံ့ကို တွေးမိရုံနဲ့ ယောင်ယမ်းပြီး အော်ဂလီဆန်မိတာပေါ့လေ။

'ဖြူတုတ်ကလေးက ဘော်ဒီစပရေးနံ့ကို မကြိုက်ဘူးနဲ့ တူတယ်'

ဒေါနဆီနံ့ လွန်ကဲဟန်ရှိသော ချွေးနံ့ပျောက်ဆေးအနံ့သည် တိမ်တိုက်ကြီးတစ်အုပ်လို ကျော့ကျော့စံ၏ ဦးခေါင်းထက်သို့ ပိကျလာသည်။ သူမ၏ အလုပ်ရှင်၏ လက်ဝါးကြီးအောက်တွင် သူမ၏ ဦးခေါင်းကို မလှုပ်မရှေ့ ငြိမ်နေလိုက်မိ၏။ စက္ကန့်နှစ်ဆယ်ခန့် ကြာအောင် ဖွဖွသာသာ ဖိပွတ်ပြီးသော် စက်ပြင်ဆရာတစ်ယောက်လက်ဝါးလို ကြမ်းရှရှ လက်ဖဝါးကြီးသည် လင်းတတစ်ကောင် ထပျံသည့်ပမာ လေးတွဲ့တွဲ့ လွင့်ဖယ်သွားသည်။ အဘိုးကြီး၏ လက်ချောင်းများဆီမှ အနွေးဓာတ်လှိုင်းသည် သူမ၏ ဆံပင်များမှတစ်ဆင့် တစ်ကိုယ်လုံးကို ရှိန်းရှိန်းပူအောင် စီးဆင်းလျက် ခြေဖဝါးဆီမှာ ဖြည်းဖြည်းချင်း ရပ်နားပြယ်ပျောက်သွားဟန် ရှိသည်။

'သမီးကတော့ သဘကြီးရဲ့ ဘော်ဒီစပရေးနံ့ကို သဘောကျတယ်'

သူမ စိတ်အနှောင့်အယှက်ဖြစ်သွားပုံကို ရိပ်မိပြီး သူမဘက်မှ စာနာ

www.foreverspace.com.mm



မှုဖြင့် နီလာထွေးက အတည်ပေါက် 'ရီ'လိုက်မှန်း ကျော့ကျော့စံ ရိပ်မိလိုက်၏။ သူ့ငွေးကမူ သူ့ကို ကတ္တီပါလက်အိတ်စွပ်၍ ထိုးခဲ့မှန်း သိပုံမရ။ နီလာထွေးကိုသာ ကျေနပ်ရွှင်ပျမှုဖြင့် ပြုံးပြနေသည်။

'အန်ကယ်ကိုယ်တိုင် အခုသုံးနေကျ ဘော်ဒီစပရေးထက် အရည်အသွေးကောင်းတဲ့ ဘော်ဒီစပရေး လုပ်နိုင်သားပဲ သမီးရဲ့၊ ဒါပေမယ့် ခက်တာကပြည်တွင်းမှာ ဘူးခွံမလုပ်နိုင်သေးတာဘဲ။ ဘူးခွံလုပ်နိုင်တဲ့တစ်နေ့မှာ အန်ကယ်ဟာ မြန်မာပြည်မှာ ပထမဆုံး ဘော်ဒီစပရေးထုတ်လုပ်သူ ဖြစ်ပြီပေါ့'

စကားတတွတ်တွတ်ပြောရင်း အလုပ်ရှင် လူထွားကြီးသည် နီလာထွေးအနီးသို့ တရွေ့ရွေ့ လှမ်းလျှောက်သွား၏။ ခွေးခြေခုံပေါ်မှာ တောင့်တောင့်ကလေးထိုင်နေသည့် နီလာထွေး၏ ကျောပြင်နှင့် မသိမသာ စူထွက်နေသော သူ၏ဝမ်းဗိုက်တို့ ထိမတတ် ရပ်နေလိုက်ပြန်သည်။

ကျော့ကျော့စံက ယခုချိန်တွင် ထုပ်ပိုးရေးခန်းနှင့်ကပ်လျက် ရုံးခန်းထဲမှာ ရှိနေမည်ဖြစ်သော ဒေဝဠ္ဍရာ၏ တစ်ဦးတည်းသော စာရင်းကိုင် စာရေးမမေသွယ်စိုးကို မြင်ယောင်လိုက်သည်။ မေသွယ်စိုးကား ဇာတ်ခုံပေါ်မှ မင်းသမီးတစ်လက်လို ပြင်ဆင်ခြယ်မှုန်းလေ့ ရှိသော်လည်း မင်းသမီးလို လှပသည်တော့မဟုတ်။ သူမ၏ခန္ဓာမှာ ရှိရှိသမျှသော အသားတို့သည် သူမ၏ တင်နှင့်ရင်နှစ်နေရာတည်းမှာသာ စုဝေးနေသည်ဟု ထင်ရလောက်အောင် သူမ၏အလှပြင်အတတ်ကလည်း ညံ့ဖျင်းသည်။

'အဘိုးကြီးရဲ့ ကားပေါ်မှာ အဘိုးကြီးနဲ့ နှစ်ယောက်တည်း စီးစီးသွားတာ ငါ ခဏခဏ တွေ့နေကျ။ ပြီးတော့ ရုံးခန်းထဲမှာ သူတို့နှစ်ယောက်တည်းပဲ အများဆုံးရှိတာ။ ကောင်မလေးကလည်း အပျိုသာဆိုတယ်၊ အပျိုပုံမထွက်တော့ပါဘူးဟာ။ ဒီကုမ္ပဏီမှာ လုပ်သက်အကြာဆုံး နုနုပြောတာကတော့ မေသွယ်စိုးဟာ အဘိုးကြီးရဲ့ တရားဝင် 'ကီပင်'တဲ့ဟ'

နီလာထွေးပြောဖူးသော စကားလုံးတွေကိုလည်း ကျော့ကျော့စံ အမှတ်မထင် ကြားယောင်မိပြန်၏။ ကီပင်တဲ့။ ကီပင်ဆိုတော့ တိတ်တိတ်ပုန်းမယားပေါ့။ ကျော့ကျော့စံက သူ့ငွေးကို ခိုးကြည့်ရင်း မုန်းတီးရွံရှာစိတ်တွေ မွေးထုတ်နေမိလေသည်။ ဟုတ်တယ်၊ နီလာထွေးပြောသလို အဘိုးကြီးက နှာဗူးပဲ။ တလုတ်ဖြူလည်း နှာဗူးပဲ။ အိမ်ရှေ့အိမ်က ဟိုအရက်သမားလည်း နှာဗူးပဲ။

အကောင်းပကတိ အနေအထားမှသည် သူမ၏ဦးခေါင်းမှာ လေးလံစွာ

www.foreverspace.com.mm



လှုပ်ခါလာသည်သို့ ထင်မှတ်လာရ၏။ အလုပ်လုပ်ချင်စိတ် ရုတ်တရက် တန့်ခြောက်ခန်းသွားရသဖြင့် သူမ၏လက်နှစ်ဖက် ငြိမ်သက်သွား၏။ ရက်ပေါင်းများစွာကတည်းက သူမ၏စိတ်နှလုံးကို ဖွဖွကလေး ညှစ်ညည်းပမ်းလာခဲ့သော သောကဒဏ်သည် ယနေ့ ပြင်းထန်လာခဲ့ရလေပြီ။ တစ်နေရာဆီမှ ခွဲခွဲခြားခြား ငုပ်လျှိုးနေခဲ့ကြပုံရသော ရင်တွင်းဒုက္ခသုံးရပ်သည် ယခုမှပင် တစ်နေရာတည်းမှာ တစ်ပြိုင်နက်တည်း စုစည်းပေါင်းစပ်လိုက်သကဲ့သို့ ဖြစ်သည်။ သူမက အရိပ်အငွေ့ဟု ပေါ့ဆစွာ ယုံမှတ်ထားခဲ့မိသည်။ စိတ်အနှောင့်အယှက်သုံးမြွာသည် ရွံမုန်းဖွယ် အကောင်ကြီးတစ်ကောင်အဖြစ် သူမမျက်လုံးတွေအနီးမှာ ကိုယ်ထင်ပြလာသည့်နှယ်လည်း ဖြစ်တော့သည်။

အလုပ်မှပြန်လာချိန် ဘတ်စ်ကားနှစ်ဆင့်စီးပြီး ဆင်းရမည့်မှတ်တိုင်တွင် ဆင်းခဲ့သောအခါ သူမသည် တစ်စုံတစ်ခုသော ထူးဆန်းသည့် ကြောက်မက်ခြင်းတစ်ရပ်ကို ခံစားလာရသည်။ သူမ အိမ်မပြန်လိုခြင်းသည် ကြောက်မက်စိတ်ကို ဆန့်ကျင်နေခြင်း ဖြစ်သည်။ သို့သော် ထုံကျဉ်ကျဉ်ခြေထောက်တွေကမူ သူမအား သူမ၏အိမ်ရှိရာသို့ တာဝန်ကျေပွန်ရန် ကြိုးစားနေသော လုပ်သားနှစ်ဦးပမာ သယ်ဆောင်နေကြလေသည်။

ဘတ်စ်ကားပေါ်မှ ဆင်းလျှောက်ခါစတွင် သူမ ရှုရှိုက်မိသော လေထဲ၌ ကတ္တရာလမ်းပေါ်မှာ ဥဒဟိုပြေးလွှားနေကြသည့် ကားများဆီမှ လောင်စာဆီညှော်နံ့၊ ကားမှတ်တိုင်တစ်တိုင်ရှိ လင်းထိန်ဆူညံသော ကဖီးဆိုင်များ၊ စားသောက်ဆိုင်ဘားများဆီမှ ပျံ့လွင့်လာသည့် အစားအသောက် အညှော်နံ့မျိုးစုံနှင့် အနံ့ဟု မသိသာသော ဖုန်နံ့တို့ ရောထွေးနေကြသည်။ ရက်သတ္တပတ် တစ်ပတ်တွင် ၆ ကြိမ်တိတိ ရှူနေကျအနံ့ ဖြစ်လင့်ကစား ဤအနံ့အသက်များသည် ကျော့ကျော့စံအတွက် ရိုးအီထုံလေးသွားခြင်း မရှိ။ ရှုရှိုမိတိုင်း ဆန်းသစ်နေသည်။ သူမသည် ဘတ်စ်ကားပေါ်ကတည်းက လက်ထဲမှာကိုင်ထားခဲ့သော လက်ကိုင်ပဝါကလေးဖြင့် နှာခေါင်းကို ဖွဖွအုပ်ထားရန် မည်သည့်ခါမျှ မေ့လျော့လေ့ မရှိခဲ့ပါ။ ဒေဝစ္ဆရာ၌ အလုပ်ရခါစတုန်းကမူ ဤဝန်းကျင်မှ အနံ့များကို သူမ ခံနိုင်ရည်ရှိ၍ ယဉ်ပါးနိုင်ခဲ့၏။ ယခုလို ဒေဝစ္ဆရာ၌ အလုပ်ရပြီး ရှစ်လကြာမြင့်ချိန်မှာမူ ယင်းတို့သည် အနံ့ရိုင်းတွေ ဖြစ်သွားကြပေပြီ။ အဆိုးဆုံးမှာ လမ်းထောင့်ကွေ့ရှိ လက်တွန်းလှည်းပလာတာဆိုင်မှ ပလာတာညှော်နံ့ ဖြစ်သည်။ ပလာတာကြော်စဉ် ထွက်ပေါ်လာသော ညှော်နံ့ကလေးသည် မည်သည့်အရပ်ဘက်သို့ ဦးတည်

www.foreverspace.com.mm



နေသည်ဖြစ်စေ။ သူမထံသို့သာ တိုက်ရိုက်ပြေးဝင်လာသည်ဟု ထင်ရသည်။

ပလာတာဆိုင်ကို အမြန်ဆုံးဖြတ်ကျော်ခဲ့ပြီးနောက် သူမသည် လမ်းမီးတိုင်များ ခပ်ကျဲကျဲစိုက်ထူထားသော မြောင်းပုတ်စော်အမြဲနံနေသည့် လမ်းသွယ်တစ်ခုထဲသို့ ဝင်ရောက်သွားသည်။ လမ်းသွယ်၏ အလယ်လောက်တွင် သူမသည် လမ်းမီးတိုင်မဲ့ ပို၍ငယ်သော ကျဉ်းသော ကောက်ကွေ့သော လမ်းသွယ်ကလေးထဲသို့ ချိုးကွေ့ဝင်ရောက်ခဲ့ရပြန်ပါသည်။ ထိုလမ်းသွယ်ကလေးသည် လူနှစ်ယောက် ရှောင်တိမ်းသာရုံကလေးသာ ကျယ်ဝန်းပြီး မညီမညာ ဖုထစ်ကြမ်းတမ်းလျက် ရှိပါသည်။ အရုပ်ဆိုးသောလမ်း၏ မျက်နှာပေါ်သို့ လမ်းသွယ်နှစ်ဖက်ရှိ မှိန်ကုပ်ကုပ်စုတ်ချာချာ လူနေအိမ်များဆီမှ ဝါကျင်မှိန်ဖျော့သည့် အလင်းတန်း အလင်းကွက်များနှင့်အတူ ချိုးရေ၊ သုံးရေစီးကြောင်းများ ဖိတ်ဝင်ကျနေကြသည်။ မတော်တဆများ ရေအိုင်ကွက်ပေါ်သို့ တက်နင်းမိပြီဆိုလျှင် မသတီစရာအနံ့ဆိုးက ကောင်းကောင်းစလာတတ်တော့သည်။ ထိုအဖြစ်ထက် ဆိုးဝါးသည်ကတော့ လမ်းပေါ်ရှိ မှောင်ရိပ်အကွက်အပြောက်တွေထဲမှာ ပုန်းအောင်းနေတတ်ကြသော ခွေးချေးပုံများပေါ်သို့ နင်းလျှောက်မိခြင်းသာ ဖြစ်သည်။ သူမသည် အရာအားလုံးထက် ခွေးချေးနံ့ကို ပို၍ မုန်းတီးပါသည်။ ထိုလမ်းသွယ်ကလေးကို ဖြတ်လျှောက်ရခြင်းမှာ သူမအတွက်မူ အန္တရာယ်ပြွမ်းသည့် ရှေးဟောင်းဝင်္ကပါဂူမှောင်မှောင်ကြီးတစ်လုံးထဲတွင် ရင်တထိတ်ထိတ်ဖြင့် လျှောက်ရခြင်းနှင့် တူလွန်းလှသည်။ ခွေးချေးပုံနှင့် ရေအိုင်ညစ်ညစ်တွေကတော့ ဂူနံရံအမှောင်ထုထဲမှ အဆိပ်ပင့်ကူတွေ သွေးစုတ်လင်းနို့တွေ ဖြစ်ချိမ့်မည်။

လမ်းသွယ်ကလေး အဆုံးသတ်အနီးတွင် လမ်း၏ဝဲဘက်၌ ဝါးလုံးသုံးလုံးတွဲ၍ အလျားလိုက်ခင်းထားသည့် လက်ရမ်းမဲ့ဝါးတံတား ခနော်နီ ခနော်နဲ့ကလေးက သူမကို မှောင်ရိပ်ထဲသို့ ခေါ်ဆောင်သွားပေဦးမည်။ ဝါးတံတားကလေးသည် အိမ်တစ်ဆောင်၏ ခြေရင်းမှ ဖြတ်သန်းနေပြီး အခြားအိမ်ငယ်ငယ်စုတ်စုတ်တစ်လုံးကမူ ဝါးတံတားကလေးကို မျက်နှာပြုထားသည်။ သူမသည် ဝဲဘက်ရှိ အိမ်နံရံနှင့် ညာဘက်ရှိ ဓနိတံစက်မြိတ်တို့ကြားမှ မြွေတစ်ကောင်လို တွန့်လိမ်တိမ်းဖယ်ပြီးလျှင် မည်သည့်ပုံစံဟု ခေါ်ရန် ခက်ခဲသည့်ပုံစံဖြင့် တည်ဆောက်ထားသော ယိုင်ချည့်ချည့် ဓနိမိုးထရံကာအိမ်ငယ်ကလေးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်သွားခဲ့သည်။ ထိုအိမ်ကလေးသည် ကျဉ်းမြောင်း၍ အမြဲလိုလိုရေပုပ်တွေဝပ်နေသော ခြံဝင်းငယ်ငယ်တစ်ခုထဲတွင် ပူးပူးကပ်ကပ် တည်ဆောက်

www.foreverspace.com.mm

ထားကြသည့် အိမ်သုံးလုံးအနက် အငယ်ဆုံးနှင့် အစုတ်ချာဆုံးပဲ ဖြစ်သည်။ မည်သို့ဖြစ်စေ၊ ဤဘုံဌာနသည် ကျော့ကျော့စံတစ်ယောက် သူမ၏ မိသားစုနှင့် အတူတကွ နေထိုင်ရာ နေအိမ်သာ ဖြစ်တော့သည်။

အိမ်ကလေးသည် အခြားအိမ်ငါးလုံး၏ ကြားထဲတွင် ညပ်ပိတ်နေပါသည်။ အခြားအိမ်ငါးလုံးက သူမတို့အိမ်ကလေးကို ဝိုင်းရံအကာအကွယ်ပေးထားသည်ဟု ထင်စရာကောင်းနေပါသည်။ အိမ်ကလေးအောက်တွင် ဆယ့်နှစ်ရာသီပတ်လုံး ညစ်နောက်နောက်ရေများ ပြည့်နှက်နေပြီး ထိုရေထဲတွင် ငါးအချို့နှင့် ငါးရှဉ့်အချို့ ပျော်ရွှင်စွာ မှီတင်းနေထိုင်လျက်ရှိကြောင်း တွေ့ရပါလိမ့်မည်။ ထို့ပြင် ရေပြင်တစ်နေရာရာတွင် သူမ၏ မောင်ငယ်၊ ညီမငယ်ကလေးများ စွန့်ပစ်ထားသော မစင်တုံးအချို့ ပေါလောမျောနေကြပါသေးသည်။ ထိုရေပြင်၏ အနံ့သည် ဒေဝစ္ဆရာရှိ အလုပ်ခန်းမှ အနံ့နှင့် များစွာကွဲပြားနေသည်။

သူမ ပြန်ရောက်ချိန်၌ အိမ်ကလေး၏ ဝါးကြမ်းပြင်တစ်နေရာတွင် သူမ၏ မောင်ငယ်၊ ညီမငယ်ငါးယောက်သည် သူမ၏မိခင် ပန်းနာရင်ကျပ်ရောဂါသည်မကြီးနှင့်အတူ ရေနံဆီမီးခွက်တစ်ခု၏အလင်းကို ဗဟိုပြုလျက် ညစာထမင်းဝိုင်းဖွဲ့နေသည်။ ထမင်းဝိုင်းမှ ငါးဟင်းနံ့ပြင်းပြင်းသည် ရေမှန်မှန်မချိုးသော ကလေးငါးဦး၏ ကိုယ်နံ့များ၊ ရေချိုးပျင်း အဝတ်လျှော်ပျင်းသော မိန်းမကြီး (အသက် ၃၅ နှစ်ရွယ်ကို မိန်းမကြီးဟု ခေါ်မည်ဆိုပါက)၏ ကိုယ်မှ မီးခိုးနံ့၊ ကြက်သွန်နီနံ့၊ ငါးပိငံပြာရည်နံ့များနှင့် လုံးထွေးရောယှက်နေမှန်း သိသာ၏။

ကလေးနှစ်ယောက်က ပလုတ်ပလောင်း ထမင်းဝါးရင်းမှ သူမကို ဗလုံးဗထွေး နှုတ်ခွန်းဆက်ဆီးကြိုစဉ် သူမကလည်း ဘာမျှစိတ်ဝင်စားဖွယ်မကောင်းသော စကားလုံးအချို့ဖြင့် သူမ၏မိခင်အား နှုတ်ဆက်နေသည်။ ထို့နောက် သူမသည် နင်းလိုက်တိုင်း ဂျိုးဂျိုးဂျောင်းဂျောင်းမြည်နေသည့် ကြမ်းပေါ်မှ ဖြတ်လျက် တစ်အိမ်လုံးတွင် တစ်ခုတည်းသာရှိသော မှောင်မည်းသည့် အခန်းကလေးတစ်ခန်းထဲသို့ ကျင့်သားရသည့် မျက်လုံးများဖြင့် စူးစမ်းကြည့်ရှုရင်း တိုးဝှေ့ဝင်လာခဲ့သည်။

မှောင်မည်းသော အခန်းကလေးထဲရှိ ခင်းထားသော အေးစက်စက် သင်းဖြူးဖျာအဟောင်းအမြင်းကလေးပေါ်ဝယ် သူမ တွန့်လွဲခြင်းခံရသလို တုံးလုံးပစ်လှဲချလိုက်၏။ သူမသည် အသက်မရှူမိဖို့ ကြိုးစားနေသည်။ သူမ၏ နှုတ်ခမ်းနှစ်လွှာသည် မှောင်ခြည်ထုထဲတွင် ပိတ်ချေ ဖွင့်ချေဖြစ်နေသည်။ သူမ၏ ကိုယ်ပိုင်

www.foreverspace.com.mm



အခန်းငယ်ကို သူမ မုန်းတီးစိတ်ပျက်နေမိ၏။ သူမ၏ ညာဘက် သုံးပေခန့်အကွာမှာ ကျိုးကျဲပြိုပေါက်စ အိမ်နံရံ ထရံရှိသည်။ ထိုထရံအပြင်ဘက်တွင် (တစ်လက်မပင် မကွာဝေးဘဲ) သူမတို့ 'ယိုအိမ်' ရှိနေသည်။ ယင်းနှင့် ကျောချင်းကပ်လျက်တွင် အခြားမိသားစုနှစ်စု အတူတကွ အသုံးပြုသော ယိုအိမ်တစ်လုံး ရှိနေပြန်၏။ သူမ၏ နှာခေါင်းနှင့် ပေအနည်းငယ်အခွာတွင် လူအယောက် နှစ်ဒါဇင်ကျော်အသုံးပြုသည့် စည်းကမ်းမဲ့သော ယိုအိမ်နှစ်လုံး ရှိနေပါသည်။ သူမ၏ ကျောပြင်ဖိကပ်ထားရာ ပါးလှပ်သော သင်ဖျူးဖျာ၊ ထိုဖျာနှင့်ကပ်လျက် ကျိုးတိုးကျဲတဲ ဝါးကြမ်းခင်းအောက်ဘက် သုံးပေခန့်အကွာတွင် အမှိုက်သရိုက်အညစ်အကြေးများ (အိမ်နီးချင်း မုန့်ဟင်းခါဖတ်ဖိုမှ စွန့်ပစ်သော ပုပ်အဲ့အဲ့ မုန့်သိုးရည်များအပါအဝင်) ပျော်ဝင်စီးမွှေ့နေသည့် ရေညစ်ရေဆိုး ထုထည်ပြင်လွှာကြီးလည်း ရှိနေပြန်ပါသည်။ ဤနေရာတွင် သန့်ရှင်းလတ်ဆတ်သော လေစီးကြောင်းများအတွက် နေရာလပ်မရှိပါ။ ဘယ်သောအခါမျှ နေရာလပ်မရှိပါ။

အိမ်ကလေးထဲတွင် မလျှော်ဖွပ်ဘဲထားသည့် အဝတ်ဟောင်းအချို့မှ မှိုနံ့အောက်သိုးသိုးများ၊ ကြပ်ခိုးမီးခိုးမှိုင်းနံ့ မွှန်ရှုရှုများ၊ ရေချိုးသန့်စင်ခြင်းနှင့် ဆပ်ပြာအသုံးပြုခြင်းကို နားလည်ပုံမရသည့် လူ့ခန္ဓာကိုယ်အချို့မှ ဟောင်စော်သော အနံ့အငွေ့များက နေရာမလပ် ပြည့်နှက်နေသည်ဟု ထင်ရသည်။ ဝါးလုံးတန်းတစ်နေရာတွင် တွဲလောင်းချိတ်နေသည့် ပိတ်ခြင်ထောင်အိုကြီးဆီမှ ကလေးသေးဟောင်းနံ့ လှိုင်နေသည်။ ထွန်းညှိထားသည့် ရေနံဆီမီးခွက်ဆီမှလည်း ရေနံညှော်နံ့ လွင့်နေပေသေး၏။ မကြာမီ ပိုမိုဆိုးရွားသည့် အနံ့ဆိုးလှိုင်းလုံးတစ်လုံး အိမ်ကလေးထဲသို့ လိမ့်ဝင်လာဦးမည်။

ကျော့ကျော့စံ၏ဖခင် မော်တော်ယာဉ်စက်ပြင်အလုပ်သမားသည် စက်ဆီစက်ချေးမျိုးစုံ ပေကျံနေသည့် မူလအရောင်အသွေးကို ခန့်မှန်း၍ လုံးဝမရတော့သည့်ဝတ်စုံဖြင့် အလုပ်မှ ပြန်လာတော့မည်။ သူ့ခန္ဓာကိုယ်မှ ချွေးနံ့၊ စက်ဆီအမျိုးမျိုး၏ အနံ့များနှင့်အတူ သူ၏ ပါးစပ်နှင့်နှာခေါင်းမှ အညံ့စားအရက်ဖြူနံ့များသည် အိမ်တွင်းရှိ နှလုံးမသာယာဖွယ် အနံ့ပေါင်းစုံနှင့် ကြည်ဖြူစွာ ရောနှောပေါင်းစည်းသွားကြလိမ့်မည်။ ယခုရက်များအတွင်း သူမမှာ ဖခင်ဖြစ်သူအနီးသို့ သွား၍ စကားပြောရမည့်အစား အရှိန်ပြင်းပြင်းမောင်းနှင်နေသော ထရပ်ကားကြီးရှေ့သို့သာ ဝမ်းလျားထိုး ဝပ်စင်းပစ်လိုက်ချင်နေမိ၏။ သေးနံ့ဟောင်နေသော ခြင်ထောင်စုတ်ကြီးထဲမှာ ကလေးနှစ်ယောက်နှင့် သူမ၏မိခင်တို့သည်

www.foreverspace.com.mm



သူမ၏ဖခင်နှင့်အတူ ညစဉ်ညတိုင်း ညည်းညူပြစ်တင်ခြင်း မရှိဘဲ အိပ်စက်နိုင်ကြသည့်ဖြစ်ရပ်မှာ သူမအတွက် လောကမှာ နားအလည်ရအခက်ဆုံး ပုစ္ဆာတစ်ပုဒ်ဖြစ်နေတော့သည်။

စက်ပြင်ဆရာ အရက်ချိုးကြီး ပြန်မရောက်မီ ရေချိုးထမင်းစားပြီး စောစောအိပ်ရာဝင်ဖို့ သူမ စီစဉ်သည်။ မှောင်ထဲ၌ အလုပ်ခွင်ဝတ်ထားခဲ့သည့် အင်္ကျီနှင့်ဘော်လီအင်္ကျီကို ချွတ်နေစဉ် သူမသည် စိတ်မချမ်းမြေ့ဖွယ် အကြောင်းတစ်ခုကို အလိုအလျောက် တွေးမိပြီး ရင်အခုန်မြန်လာသည်။ အသားစိုင်တွေကို ထုတ်ပိုးကာရံထားသည့် ဘော်လီသည် အချွတ်ရခက်အောင် ခုမှ ဟောခနဲထွက်အန်လာသည့် ချွေးစေးတွေနှင့် ငြိနေလေသည်။

ဟိုလူကြီး ဟိုလူကြီး ထရံနားမှာ ရှိများနေမလား။ လမ်းမှာလည်း မတွေ့ခဲ့ဘူး။ အရက်ဆိုင်မှာပဲ ရှိနေပါစေ။ အိမ်မှာ မရှိပါစေနဲ့၊ မရှိပါစေနဲ့။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုမဲ့စွာဖြင့် ဆက်တိုက်ဆုတောင်းနေမိသော်လည်း ဟိုလူကြီး (အောင်ကျော်စိုး)၏ နီဖန့်ဖန့်မျက်လုံးကြီးတွေကို စိတ်အာရုံမှာ ထင်ထင်ရှားရှား တွေ့မြင်နေသည်။ သူမအနီးကပ်ပြီး စကားပြောစဉ်က လွင့်ပါးရိုက်ခတ်ခဲ့သော စူးရှရှအရက်နံ့ကိုလည်း ယခုပင် ရှူရှိုက်မိသည့်အလား တုန်ယင်စွာ ခံစားနေရပြန်၏။

အောင်ကျော်စိုးသည် ဓားထိုးမှုဖြင့် ထောင်ကျဖူးပြီး ကလေးနှစ်ယောက်မွေးဖွားခဲ့သည့်ဇနီးနှင့် ကွဲကွာနေသည်။ အစ်ကို၏မိသားစုနှင့် အတူလာနေသည်မှာ လအနည်းငယ်မျှသာ ရှိသေးသည်။ သူ မည်သည့်အလုပ်အကိုင်နှင့် အသက်မွေးမှန်း မသိသော်လည်း အဝတ်အစား သစ်လွင်ခေတ်ဆန်စွာ ဝတ်ပြီး အရက်မှန်မှန်သောက်နိုင်အောင် သူ့မှာ ငွေရှိနေခြင်းကတော့ သူမ မစဉ်းစားချင်ဘဲ စဉ်းစားမိသည့် အံ့သြစရာ ပဟေဠိဖြစ်သည်။ သူ့လို သူမထက် အသက် တစ်ဆယ့်ငါးနှစ်ခန့် ပိုကြီးသော တစ်ခုလပ်အရက်သမား ထောင်ထွက်တစ်ယောက်က သူမကို ထိကပါး ရိကပါး လုပ်လာခြင်းကို ရှစ်တန်းအောင်သည့်တိုင် ကျောင်းဆက်မတက်နိုင်ဘဲ မိသားစုဝမ်းရေး ကသီလင်တ မဖြစ်ရအောင် အလုပ်ဝင် ငွေရှာခဲ့ရသည့် သူမ၏ဘဝအတွက် ဝမ်းနည်းမိခြင်းထက် ပို၍ သာ၍ ဝမ်းနည်းရင်နာရှက်ရွံ့သည်။ ဆင်းရဲလို့ ပျက်စီးသွားတဲ့ မိန်းကလေးတွေနဲ့ တစ်တန်းတစ်စားတည်း ငါ့ကို စာရင်းသွင်းလိုက်တာပဲ။ လွယ်လွယ်နဲ့ ရမယ်ဆိုပြီး ငါ့ကို အထင်အမြင် နှိမ့်ချပစ်လိုက်ကြတာပဲ။

သူမ ရေချိုးရသောနေရာက သူမတို့အိမ်ကလေးရှေ့မှ သူမတို့၏ တစ်လုံးတည်းသာရှိသော ချိုးရေ၊ သုံးရေ ရောသုံးသည့် သံစည်ပိုင်းကလေးမှာ ဖြစ်၏။ သံစည်ပိုင်းက အောင်ကျော်စိုးတို့ အိမ်ရှေ့ပိုင်း ဝရန်တာနှင့် သုံးပေခန့်သာ ဝေးမည်။ ဝါးခြမ်းပြားတွေ ကြက်ခြေခတ်ရိုက်ထားသည့် ဝရန်တာနောက်တွင် သူမ ရေချိုးချိန်၌ အောင်ကျော်စိုးက မယောင်မလည်ရပ်ရင်း လစ်လျှင် လစ်သလို အကြောင်းမရှိ အကြောင်းရှာ စကားစတတ်သည်။ ဘက်ထရီ မီးချောင်း အလင်းထဲတွင် အရက်ဆီပျံနေသည့် မျက်နှာနှင့် နီဖန့်ဖန့်မျက်လုံးကြီးတွေကို မြင်လိုက်မိပါက သူမမှာ လဲခွေကျမတတ် တုန်လှုပ်ရင်ပူသွားမိ၏။

'ညီမလေး ထမင်းစားပြီးပလား'

'ရေချိုးတာ မချမ်းဘူးလား ကျော့ကျော့စံ'

'အလုပ်က ပင်ပန်းလား ညီမလေး'

သူမသည် သူ့အား တစ်ကြိမ်တစ်ခါမျှ စကားတစ်ခွန်းမျှ ပြန်မပြောဖူးခဲ့။ ဝရန်တာနောက်မှာ သူရှိနေလျှင် သူမသည် ထဘီကို လည်ပင်းအောက်ခြေနှင့် ထိမတတ် မြှင့်၍ ရင်လျားကာ သူ့ကို ကျောပေး၍ ရေချိုးသည်။ သို့သော် သူမ၏ အဝတ်လွတ်ဟာသော အသာများမှာ သူက လှမ်းကိုင်သလို သူ့နှုတ်ခမ်း မွေးသဲ့သဲ့ဖြင့် ပွတ်သပ်လာသလို ယားယံနွေးရှိန်းနေတတ်သည်။

ဝရန်တာနောက်ဘက်သို့ သူမ ခိုးကြောင်ခိုးဝှက် လှမ်းကြည့်သည်။ သူ ရှိမနေပါ။ ရင်ထဲမှ အကျိတ်အခဲ ကွဲကြေပျော့ပါးသွားပြီး ပထမဆုံးရေတစ်ခွက်ကို လှမ်းခပ်သည်။ ပခုံးပေါ်သို့ လောင်းချမည့်ဆဲဆဲ လေထဲတွင် မွှန်စူးစူး အနံ့တစ်ခုကို ရှုမိလိုက်၏။ သုံးပေခန့်အကွာမှ လွင့်စီးလာသော အနံ့ဆိုးဖြစ်သော်လည်း သူမ၏ နှာခေါင်းထဲသို့ အနီးကပ် မှုတ်သွင်းသလို မွှန်းဆို့လာမိ၏။

သတ္တုရေဖလားသည် လက်ထဲမှ လွတ်ကျသွားသည်။

ဟိုလူကြီး ဝရန်တာနောက်မှာ ရောက်နေပြီ။

■

**ကြူနှစ်**

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၉၁၊ မေလ၊ ၁၉၉၇**

www.foreverspace.com.mm

# ဆုံးသွားတဲ့အကြွေး

**ဇင်သန့်**

မိဘဆိုသည်မှာ ပူစရာမလိုပါဘဲလျက် ပူရသည်
ကားတွေ ကျပ်နေသည်လား
ကားပေါ်မှ လိမ့်ကျနေမည်လား
ကားကို နောက်က တွယ်စီးရာမှ
နောက်ကားက ဝင်တိုက်သဖြင့်
ခြေထောက်ကျိုးရသည် မျိုးတွေလည်း
မိမိ တွေ့ဖူးနေသည်
သားကလေး ထိုသို့များ ဖြစ်နေမည်လား
တစ်ခါတလေ လမ်းတွင် မူးရူးနေသည့်
လူငယ်တွေနှင့် ဆုံရာမှ
ရန်စသဖြင့် ရန်ဖြစ်နေမည်လား

www.foreverspace.com.mm

# ဆုံးသွားတဲ့အကြွေး

**ဇင်သန့်**

၁။

ဝတ္ထုကို ဖတ်နေသော်လည်း စိတ်က စာမျက်နှာပေါ်မှ စာလုံးများတွင် မရှိ။ စာလုံးတွေကို ကြည့်နေလျက် စိတ်အာရုံတွင် ပုံရိပ်က မပေါ်။ အာရုံတွင် ရှိနေသည်က တခြား။

မနေ့က မိတ်ဆွေတစ်ယောက် လက်ဆောင်ပေး၍ Robin Cook နောက်ဆုံးရေးသည့် Invasion ဟူသော ဝတ္ထုသစ်တစ်အုပ် ရခဲ့သည်။ Robin Cook ရေးသည့် စာအုပ်များကို မိမိအလွန်ကြိုက်သဖြင့် ထိုစာအုပ်လက်ဆောင်ပေးသော မိတ်ဆွေကိုလည်း ကျေးဇူးတင်၍မဆုံး။

ယခု အလွန်ကြိုက်သော ဝတ္ထုကောင်းတစ်အုပ်ကို ဖတ်နေရသော်လည်း ဝတ္ထုသည် မိမိ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခြင်း မရှိခဲ့။ ခြေသံကြားတိုင်း အပြင်သို့ လှမ်းကြည့်နေရသည်။

ခေါင်းထဲတွင် နောက်ကျိလာသည်။ ရင်ထဲတွင် ပူလောင်လာသည်။ ထို့ကြောင့် စာမျက်နှာကို စက္ကူကလေး တစ်စည္ဟပ်၍ မှတ်ပြီး စာအုပ်ကို ပိတ်သည်။ ပြီးတော့ အပြင်ကို တစ်ချက် လှမ်းမျှော်ကြည့်၏။ သား၏ အရိပ်အယောင်ကား မတွေ့ရသေး။

ည ရှစ်နာရီခွဲပြီးလေပြီ။ သား အိမ်ပြန်နောက်ကျလွန်းသည် ထင်၏။ သြော်... အယ်ဒီတာဆိုတော့လည်း ဖောင်ပိတ်ရက် နောက်ကျမည်ပေါ့။ သားက မဂ္ဂဇင်းတိုက်တစ်တိုက်တွင် လက်ထောက်အယ်ဒီတာဖြစ်၍ မိမိခြေရာနင်းသည်ဟု

www.foreverspace.com.mm



ဆိုရမည်။ မိမိကလည်း အယ်ဒီတာဟောင်းတစ်ယောက် မဟုတ်လား။ သား အယ်ဒီတာအဖြစ်လာ၍ မိမိရင်၌ ပီတိဖြစ်ရသည်။

အယ်ဒီတာဆိုသော်လည်း သားက အသက် ၂၃ နှစ်သာ ရှိသေးသည်။ တချို့ကတော့ သည်အရွယ်ကို မငယ်တော့ဟု ဆိုသည်။ အသက် ၁၈ နှစ်ဆိုလျှင် အရွယ်ရောက်ပြီ။ အနောက်နိုင်ငံများတွင် ထိုအရွယ်တွင် မိဘနှင့်ခွဲ၍ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ် နေထိုင်သည်မျိုးပင် ရှိကြသည်။ ၂၃ နှစ်ဆိုသည်မှာ မိမိဘာသာ လွတ်လပ်စွာ ဆုံးဖြတ်လုပ်ကိုင်နိုင်သော အရွယ်။

သို့သော် သားကိုတော့ ဥမမယ်၊ စာမမြောက် ကလေးတစ်ယောက် အဖြစ်သာ မိမိ မြင်နေသည်။ ရင်ခွင်တွင် ပွေ့ထား၍မရသည့်တိုင် တစေ့စေ့ ကြည့်နေချင်သည်။ မပီကလာ စကားတွေ ပြော၍ တတောက်တောက် ဆော့နေသော နှစ်ခါလည်အရွယ် သားငယ်ကို ကြည့်၍ ပီတိဖြစ်နေရသည်မျိုး။

သား အိမ်ပြန်နောက်ကျတိုင်း စိတ်က အမြဲပူနေရသည်။ သားကတော့··

'သားအတွက် မပူပါနဲ့ ဖေဖေရယ်၊ သားက ကလေးမှ မဟုတ်တာ'

မမကလည်း···

'မောင်လေးကလည်း ပူတတ်ရန်ကောကွယ်။ မင်းရဲ့သားက ကလေးမှ မဟုတ်တာ။ လူကြီးဖြစ်နေပြီပဲ။ မနေလို့ မိန်းမယူရင် ကလေးအဖေတောင် ဖြစ်နေလောက်ပြီ'

ညီမဖြစ်သူကလည်း···

'ကိုကိုကလည်း သူ ဒီလိုပဲ နောက်ကျနေကျဟာ။ တစ်နေ့တလေ နောက်ကျတာမှ မဟုတ်တာ'

ဟုတ်တော့လည်းဟုတ်ပါသည်။ သားမှာ နေ့စဉ်နောက်ကျနေကျ။ အလုပ်ကစော၍ပြန်ရလျှင်လည်း ရန်ကင်းမှသူ့ရည်းစားအေမီ၏ အိမ်ကိုဝင်နေတတ်သည်။ သားနှင့် ထိုးမိန်းကလေး စေ့စပ်မထားရသေးသော်လည်း နှစ်ဖက်မိဘတွေက သိပြီးသား။ သဘောတူကြပြီးသား။ သား၏ရည်းစား အေမီမှာ မိမိတို့သားအဖ ရန်ကင်းတွင် တိုက်ခန်းတစ်ခန်း သွားငှားနေစဉ်က မိမိတို့အပေါ်ထပ်မှ မိန်းကလေး ဖြစ်သည်။ ငြင်းစရာမလိုလောက်အောင် သင့်တော်သည့် မိန်းကလေးပါ။

နောက်ကျနေကျဆိုပေမယ့် ရင်ထဲက မပူအောင် မည်သို့မျှ တားဆီး၍ မရ။ မိမိငယ်စဉ်က လျှောက်လည်သဖြင့် အိမ်ပြန်ညဥ့်နက်လျှင် ဖေဖေနှင့် မေမေ မအိပ်ဘဲ ထိုင်စောင့်နေသည်ကို အမှတ်ရသည်။ သည်တုန်းက မိမိလည်း

www.foreverspace.com.mm



မိဘတွေကို ယခုသား မိမိအားပြောသလို ပြောခဲ့သည်လေ။ ဖေဖေကတော့…

'အေး… မင်း သားသမီးရမှ သိမယ်'

ဖေဖေ့စကား မှန်နေပါပြီ။ မိဘဆိုသည်မှာ ပူစရာမလိုပါဘဲလျက် ပူရသည်။ ကားတွေ ကျပ်နေသည်လား။ ကားပေါ်မှ လိမ့်ကျနေမည်လား။ ကားကို နောက်က တွယ်စီးရာမှ နောက်ကားက ဝင်တိုက်သဖြင့် ခြေထောက်ကျိုးရသည် မျိုးတွေလည်း မိမိ တွေ့ဖူးနေသည်။ သားကလေး ထိုသို့များ ဖြစ်နေမည်လား။

တစ်ခါတလေ လမ်းတွင် မူးရူးနေသည့် လူငယ်တွေနှင့် ဆုံရာမှ ရန်စသဖြင့် ရန်ဖြစ်နေမည်လား။ လမ်းခုလတ် ကားစီးရန်ခက်သည့်နေရာကျမှ သားစီးလာသော ဘတ်စ်ကားပျက်၍ သား ဒုက္ခရောက်နေသည်လားအထိ အမျိုး မျိုး တွေးပူရသည်။

နောက်ပြီး သားမှာ သွေးကျရောဂါ ရှိသည်။ တစ်ခါတလေ သွေးကျ ပြီဆိုလျှင် သူ့မျက်လုံးတွေ ပြာလာသည်။ မူးဝေလာသည်။ ဘာကိုမျှ မမြင်ရတော့။ နောက်ဆုံး ထိုးအန်ပစ်တော့သည်။ ထိုတစ်နေ့အဖို့တော့ အိပ်ရာထဲတွင် တုံးလုံး။

သွားရင်းလာရင်း သည်လိုမျိုးဖြစ်ခဲ့သည်မှာလည်း အကြိမ်ကြိမ်။ ထိုသို့ ဖြစ်လာလျှင် သူ အိမ်ကို ကြိုးစား၍ ရောက်အောင်ပြန်သည်။ အိမ်ရောက်တော့ ခုတင်ပေါ် ပစ်လဲတော့သည်။ ဤတွင် ပျာယာခတ်ရသည်က မိမိ။ ချက်ချင်း ဓာတ်ဆားထုပ်ပြေးဝယ်၊ ပြီးတော့ ရေကျက်အေးကြို၊ ဓာတ်ဆားကို ရေကျက်အေး တွင် ဖျော်ကာ သားကို တိုက်ရသည်။ ထိုတစ်နေ့အဖို့တော့ ကျွေးသမျှ အန်သဖြင့် ဘာကျွေး၍မျှ မရ။ နောက်တစ်နေ့မနက်ကျတော့ ပြန်ကောင်းသွားတတ်သည်။

ဘတ်စ်ကားတွေကလည်း သိပ်ကျပ်သည်။ ကားကို တွယ်စီးရင်း ရုတ် တရက်သွေးကျကာ ကားပေါ်မှပြုတ်ကျနေမည်လား။ ပူစရာတွေက စုံလို့။ ❑

၂။

ဝတ္ထုစာအုပ်ကိုချ၍ အပြင်သို့ ထွက်ခဲ့သည်။ ရင်ထဲမှာလည်း ဆာနေ သည်။ သည်အချိန် နွားနို့သောက်ရလျှင် ကောင်းမည်။ နွားနို့ဆိုင်သို့ မရောက်သည် မှာလည်း ကြာပြီ။ စဉ်းစားမိသည်နှင့် နွားနို့သောက်ချင်စိတ် ဖြစ်လာမိ၏။

နွားနို့ဆိုင်မှာ သား ပြန်မည့်လမ်းပေါ်တွင် ရှိသည်။ ထိုဆိုင်တွင် သား အဖနှစ်ယောက် သွားသောက်နေကျ။ သားက မိမိထက် နွားနို့ပိုကြိုက်သည်။ သားက အခါလည်နှင့် နို့ဖြတ်ခဲ့ရသည့်ကလေး မဟုတ်လား။ အနည်းဆုံး နှစ်နှစ် သားအရွယ်အထိ မိခင်နို့မစို့ရသော ကလေးမှာ ချူချာတတ်သည်ဟူသော

www.foreverspace.com.mm



အနောက်တိုင်း ဆေးပညာအဆိုကို ပြောပြထား၍လည်း သားက နွားနို့ကို ပို၍ ဂရုစိုက်သောက်နေခြင်း ဖြစ်သည်။

မဂ္ဂဇင်းတိုက်များသို့ မိမိစာမူသွားပို့ပြီး ပြန်လာသည့်အခါ သတိရလျှင် သားအတွက် နွားနို့ဝယ်လာလေ့ရှိသည်။ မိမိသောက်ချင်လျှင် နှစ်ထုပ်ဝယ်သည်။ မသောက်ချင်လျှင် သားအတွက်သာ ဝယ်လာခဲ့တော့သည်။

သားငယ်ငယ်တုန်းကတော့ မိမိ ရုံးမှပြန်လာလျှင် ပြေးကြိုပြီး 'ဖေဖေ မုန့်ပါလား' ဟု မေးလေ့ရှိသည်။ ကြီးလာတော့ ထိုသို့မမေး။ သို့သော် မိမိစိတ်ကတော့ အစဉ်အလာမပျက် ဝယ်ခဲ့နေကျ။

သူ့အတွက် 'ဖေဖေ မုန့်ပါလား' ဟုသာ မေးစရာရှိသည်။ 'မေမေ မုန့်ပါလား' ဟု မေးစရာ မရှိဘဲ။ သား လေးနှစ်သားပြည့်ရန် နှစ်ရက်အလိုတွင် သားမေမေ ဆုံးသွားသည်။ သူ့မိခင် တီဘီရောဂါနှင့် မဆုံးမီတွင်လည်း သားမှာ မိခင်ရင်ခွင်တွင် နေရသည်ဟူ၍ မရှိခဲ့။ ရောဂါကူးမည်စိုး၍ အခါလည်နှင့် သူ့ကို နို့ဖြတ်ခဲ့သည်။ နောက်ပြီး သားအမေက ရုံးဝန်ထမ်းမို့ နို့စို့ရစဉ်ကလည်း မနက်တစ်ချိန်၊ ညတစ်ချိန်သာ။ မိခင်အလုပ်သွားချိန်မှာတော့ နို့မှုန့်နှင့်သာ စခန်းသွားခဲ့ရသည်။

နောက်ပြီး သားရှစ်လသားအရွယ်တွင် သူ့မိဘနှစ်ပါး ကွဲသွားရသည်မို့ အိမ်ထောင်ရေးမုန်တိုင်းဒဏ်ကို သားက အခံရဆုံး။ မွေးဇာတာ မကောင်းခဲ့လေသလား မသိ။

သားမေမေဆုံးတော့ သားကို မိမိခေါ်၍ မွေးမြူခွင့်ရခဲ့သည်။ အိမ်ကို ရောက်လာတော့ သားမှာ အခါလည်နှင့်လေးလသာရှိသေးသည်။ ကလေးဘဝမှာပင် မိဘနှစ်ပါး၏ဒဏ်ကို စိတ်ရော ရုပ်ပါ ခံစားခဲ့ရသည့် သားကလေးပါပေ။

အိမ်ရောက်လာတော့ သားကို ကြည့်ရသည်မှာ အမြဲတမ်း ချောက်ချားနေဟန်ရှိသည်။ တွေ့သမျှကို ကြောက်နေတတ်၏။ သူ့မိခင်အရွယ် မိန်းမတွေကို တွေ့တိုင်း မိခင်အထင်နှင့် ဖက်တွယ်ထားတတ်သည်။ ဖခင်ရုံးသွားသည့်အခါတွင်လည်း တွေ့ရာလူကို ကပ်ကာ မခွာတော့။

အဆိုးဆုံးက မိခင်၏ရောဂါကို အရိပ်အငွေ့ အမွေရခဲ့ခြင်း ဖြစ်သည်။ ထိုအတွက် တစ်နှစ်ဆေးထိုးကာ ကုခဲ့၍သာ လူစဉ်မီခဲ့ရခြင်း ဖြစ်သည်။

သည်လို မိဘတို့၏ဒဏ်ကို ခံခဲ့ရသောသားအား နောက်ပိုင်းတွင် ဆက်၍ မခံစေချင်တော့။ သားကလေးကို စိတ်ဓာတ်အားအင်တွေ ကောင်းကာ

www.foreverspace.com.mm



ကျန်းမာရေးပြည့်စုံပြီး ပညာတတ်တစ်ယောက်ဖြစ်အောင် လုပ်ပေးတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုရည်မှန်းချက်ကို အတားအဆီးမဖြစ်စေရန် အိမ်ထောင်ပင် ထပ်မပြုတော့။

အိမ်ထောင်သက် တစ်နှစ်ခွဲနှင့် အသက် ၂၉ နှစ်အရွယ်တွင် မုဆိုးဖို ဖြစ်နေရသော်လည်း သားရှိနေပြီမို့ မိမိဘဝအတွက် ပြည့်စုံပြီဟု ခံယူသည်။ နောက်အိမ်ထောင်ပြုလိုက်လျှင် ထိုအိမ်ထောင်သည် မိမိနှင့်သားအကြား ကာဆီး ထားသည့် တံတိုင်းတစ်ခုဖြစ်ဖို့သာ ရှိသည်။ ထိုအခါ သားကို မိမိဖြစ်စေချင်သလို ဖြစ်အောင် ပြုပြင်နိုင်မည် မဟုတ်တော့။

ယခုတော့လည်း မိမိ၏စီမံကိန်းတွေ ရာနှုန်းပြည့်မဟုတ်သည့်တိုင် ကျေနပ်လောက်အောင်တော့ အကောင်အထည်ဖော်နိုင်ခဲ့သည်။ သားကို မရိုက်၊ မမာန်ဘဲ သူ့ကို အရိပ်တကြည့်ကြည့်နှင့် အကဲခတ်၍ သွန်သင်လာခဲ့ရာ သားလိမ္မာ လေးတစ်ယောက် ဖြစ်လာသည်။ လူငယ်တွေထဲတွင်တော့ 'တော်သတဲ့'ဟု အများ၏ ချီးကျူးမှုကိုလည်း သူ ရခဲ့သည်။ ❑

၃။

သားလာမည့်လမ်းကို လှမ်းမျှော်ကြည့်ရင်း လျှောက်လာသည်။ သည်အချိန်ဆိုလျှင် မိမိတို့အိမ်နားတွင် ဂိတ်ထိုးသော ဘတ်စ်ကားလိုင်းပိတ်ပြီမို့ သားမှာ ကြားကားစီး၍သာ ပြန်ရဖွယ်ရှိသည်။ ကြားကားဆိုလျှင် သူဆင်းရမည့် နေရာမှ အိမ်သို့ မိနစ် ၂၀ ခန့် လျှောက်ရမည်။

သူလာမည့်လမ်းပေါ်တွင် နွားနို့ဆိုင်ရှိသည်မို့ ထိုဆိုင်အနီးတွင် သားအဖ နှစ်ယောက် ဆုံလျှင်ကောင်းမည်။ နှစ်ယောက်အတူ နွားနို့သောက်ကြမည်။

လျှောက်လာရင်း ဟိုတလောက မိမိလဲကျသည့် လမ်းဘေးတစ်နေရာ ကို ရောက်တော့ ထိုညကအဖြစ်ကို ပြန်သတိရမိသည်။ ထိုနေ့က စာမူသွားပို့ ၍ စာမူခထုတ်ပြီးအပြန် သူငယ်ချင်း စာရေးဆရာတွေနှင့် ဝိုင်းဖြစ်ခဲ့သည်။ ပြန်လာတော့ အတော်လေးညဥ့်နက်နေပြီ။ မူးလည်း မူးနေပြီ။ မူးပြီး ဤနေရာ တွင် လဲခဲ့ခြင်း ဖြစ်၏။

အရက်သောက်သည်ကို သားက မကြိုက်သဖြင့် အရက်ကို ကြိုက် လျက် နေ့စဉ် မသောက်ဖြစ်။ ယခုလို မြို့ထဲသို့ ထွက်သည့်အခါ မိတ်ဆွေ အပေါင်းအသင်းတွေနှင့်ကြုံလျှင် ဆုံဖြစ်ကြခြင်း ဖြစ်သည်။

အိမ်ပြန်ရောက်တော့ သားက အိပ်နေလေပြီ။ တံခါးထဖွင့်ပေးရမည်

www.foreverspace.com.mm



စိုး၍ တံခါးကို ခပ်ဟဟလုပ်ထားသည်။ မိမိလို မပူတတ်ရန်ကောဟု စဉ်းစားလိုက်မိသေးသည်။ သားနောက်ကျ၍ မိမိစိတ်ပူကာ ထွက်ကြိုသည်မျိုးသာ ရှိသည်။ မိမိနောက်ကျလျှင်တော့ သူ အိမ်တွင် အိပ်ရေးပင်မပျက်။ သူနေမကောင်းသည့်အခါ မိမိမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။ မိမိနေမကောင်းလျှင်မူ သူ စိတ်ပူဟန်ပင် မရှိ။ သို့သော် 'စုံရေသာရှိသည်၊ ဆန်ရေမရှိ'ဟူသော စကားက ရှိနေသည် မဟုတ်လော။

တစ်ချိန်တည်းတွင် သားငါးနှစ်သားအရွယ်က အဖြစ်တစ်ခုကို ပြန်လည်မြင်ယောင်မိသည်။

'ဖေဖေ သားဖိနပ်ပြတ်သွားပြီ'

သားက သိပ်ဆော့သည်။ ထို့ကြောင့် ခိုင်သည့်ရာဘာဖိနပ်ကလေး ဝယ်ပေးထားရ၏။ ရာဘာဖိနပ်ပင် မကြာခဏ ပြတ်သည်။ ပြတ်တော့ နောက်တစ်ရံဝယ်ပေးရမည်။ သို့သော် ဖိနပ်အသစ်မဝယ်မိ။ လောလောဆယ် စီး၍ရရုံ သွပ်ကြိုးကလေးနှင့် တုပ်ပေးဦးမှ။

သား၏ဖိနပ်ပြတ်ကို သွပ်ကြိုးနှင့်တုပ်ရန် လိုအပ်သည့်ပစ္စည်းများယူ၍ ဖိနပ်ချွတ်တွင် ထိုင်လိုက်စဉ် မိမိ၏ဖခင် ထိုင်နေသည်ကို မမြင်မိ။ အမှတ်တမဲ့ တင်ပါးချင်းတိုက်လိုက်မိသဖြင့် ဖေဖေ့ကို လှည့်ကာ···

'ဖေဖေ ဘာလုပ်နေတာလဲ'

'ဒါလေး အခုနေချုပ်ထားမှကွ။ မချုပ်ရင်နောက်ဆိုဒါထက်ဆိုးသွားမယ်'

ကြည့်လိုက်တော့ ဖေဖေသည် ကျွန်တော်၏သားရေဖိနပ် ခေါင်ပြုတ်နေသည်ကို ကြိုးနှင့်ချုပ်ပေးနေကြောင်း တွေ့လိုက်ရသည်။ ထိုဖိနပ်ခေါင်ကြိုး ပြတ်နေသည်မှာ နှစ်ရက်ခန့်ရှိပြီ။ ဖိနပ်ဆိုင်တွင် ချုပ်ခိုင်းမည်လုပ်သော်လည်း မချုပ်ဖြစ်သေးသဖြင့် သည်အတိုင်းပင် စီးနေခဲ့သည်။

ယခု ဖေဖေက တွေ့သဖြင့် မနေနိုင်ဘဲ ချုပ်ပေးနေခြင်း ဖြစ်၏။

'သြော်···'ဟုသာ ရေရွတ်လိုက်မိသည်။ ပြီးတော့ မိမိလည်း မိမိသား၏ ဖိနပ်ပြတ်ကလေးကို သွပ်ကြိုးနှင့်ဆက်၍ တုပ်နေမိတော့သည်။ ❑

၄။

မိမိ လမ်းထိပ်ပင် မရောက်လိုက်။ လမ်းမီးရောင်မှုန်ပျပျဖြင့် သားပြန်လာသည်ကို လှမ်းတွေ့လိုက်ရသည်။ ယခုမှ ရင်ထဲမှအပူတွေလည်း ငြိမ်းသွားရတော့သည်။ နွားနို့ဆိုင်မှ အတော်လေးဝေးသေးသဖြင့် သားအဖနှစ်ယောက်

www.foreverspace.com.mm



သွားသောက်မည်ဟုလည်း သားကို မပြောရက်တော့။ သား ပင်ပန်းလှရှာမည်။

အနီးကို ရောက်တော့မှ သားလက်ထဲတွင် နွားနို့ထုပ်ကလေးကို တွေ့လိုက်ရသည်။ သြော်··· သိတတ်လိုက်တဲ့သားလေ။ ဖအေ နွားနို့သောက်ချင်နေသည်ကို အာရုံဖြင့် သိနေသည်လား မသိ။

သားပြန်လာပြီမို့ သားအတွက် စိတ်အေးရပြီ။ အပြင်ထွက်လက်စနှင့် ဟိုဘက်လမ်းတွင် ဆောင်ရွက်စရာကိစ္စတစ်ခု ရှိနေ၍ တစ်လက်စတည်း သွားလုပ်လိုက်ဦးမည်။

'သား နောက်ကျလိုက်တာကွာ'

'ဟုတ်တယ်ဖေဖေ။ ဖောင်ပိတ်နေလို့'

မိမိ စိတ်ပူတတ်၍သာ ပူနေသည်။ ဖောင်ပိတ်သည့်အခါ မဂ္ဂဇင်းအယ်ဒီတာတွေ သည်လိုပဲ နောက်ကျမြဲမဟုတ်လား။ သားမို့ ဒီအချိန်ပြန်ရောက်ခြင်း ဖြစ်သည်။ မိမိတို့တုန်းကဆိုလျှင် ဖောင်ပိတ်ပြီးသည်နှင့် မန္တလေးကလပ်တို့၊ ပဲခူးကလပ်တို့ကို တန်းပြေးနေကျ။

'ဖေဖေ ဟိုဘက်လမ်းသွားလိုက်ဦးမယ် သားရေ။ ဖေဖေတော့ စားပြီးပြီ။ သားဘာသာ ခူးစားတော့။ ဝက်သားဟင်းလည်း ရှိတယ်။ ချဉ်ရည်ဟင်းလည်း ရှိတယ်။ ရေချိုးတာ နောက်မကျစေနဲ့။ အအေးပတ်နေဦးမယ်'

'အင်း···အင်း'

သားကို ငယ်ငယ်ကတည်းက 'ဟုတ်ကဲ့'ဟု ပြောတတ်အောင် သင်ခဲ့သော်လည်း ကြီးလာတော့ ထိုဝေါဟာရမှာ အသံနှစ်လုံးဖြစ်နေ၍ ထင်၏။ တိုတိုတုပ်တုပ် အသံတစ်လုံးတည်းသော 'အင်း'ကိုသာ သုံးတော့သည်။

သားထွက်သွားပြီးနောက် ဟိုဘက်လမ်းကို သွား၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လိုက်သည်။ အိမ်ကို ပြန်ရောက်တော့ သားမှာ ရေချိုး၊ ထမင်းစားပြီးဖြစ်၍ စားပွဲတွင် ထိုင်ကာ တိုက်မှအလုပ်များကို ဆက်လုပ်နေသည်။

မိမိ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်စဉ် သားက လုပ်လက်စအလုပ်ကိုနား၍ မီးဖိုဘက်ဆီသို့ ထသွားသည်။ ပြန်လာသောအခါ သူ့လက်ထဲ၌ မတ်ခွက်တစ်ခုနှင့် နွားနို့ထုပ်လည်း ပါလာ၏။ ပြီးတော့ နွားနို့ကို မတ်ခွက်ထဲသို့ သွန်ထည့်နေသည်။

မိမိကသာ သားအတွက် နွားနို့ဝယ်လာနေကျ။ သားက ဝယ်မလာစဖူး ဤတစ်ကြိမ် မိမိအတွက် ဝယ်လာသဖြင့် ရင်ထဲတွင် ပီတိဖြစ်သလိုလို ရှက်

www.foreverspace.com.mm



သလိုလို ဖြစ်မိသည်။ ထို့ကြောင့် မသိယောင်ဆောင်ကာ မျက်နှာလွှဲနေလိုက်၏။

'ဖေဖေရယ်၊ အေမီဖျားနေလို့ မနက်က ဆေးခန်းသွားပို့နေရသေးတယ်။ ဆရာဝန်က ရာသီဖျားပါတဲ့၊ ကိစ္စမရှိပါဘူးတဲ့။ ဒါပေမယ့် ချောင်းက အရမ်းဆိုးနေတော့ သား တအားစိုးရိမ်သွားတယ်။ ဒါကြောင့် အထူးကုနဲ့ ထပ်ပြတယ်။ အထူးကုညွှန်တဲ့ဆေးတွေလည်း ပြေးဝယ်ရသေးတယ်။ ဒါကြောင့် မနက်က အလုပ်တောင် နောက်ကျသွားတယ်။ ညနေကလည်း စိတ်ပူလို့ ခဏဝင်ကြည့်ခဲ့ရသေးတယ်။ ဒါကြောင့် နည်းနည်းနောက်ကျသွားတာ'

'သြော်…ဟုတ်လား၊ မနက်ဖြန် ဆရာဝန်ကို ထပ်ပြလိုက်ဦးပေါ့ သားရယ်'

သားက သူ့စကားဆုံးတော့ မတ်ခွက်ထဲမှ နွားနို့ကို တစ်ကျိုက်သောက်လိုက်သည်။ ပြီးတော့…

'ဖေဖေ… သောက်ဦးမလား'

နွားနို့ရောင်နောက်ခံထဲမှ အနက်ရောင် သား၏မျက်လုံးတောက်တောက်ကလေးကို စိုက်ကြည့်လိုက်မိသည်။ စင်လိုက်ပါဘိ။

'မသောက်တော့ပါဘူး သားရယ်။ သား ဝအောင်သောက်ပါ။ ဖေဖေ ညနေကပဲ သွားသောက်ခဲ့သေးတယ်'

သားကို ညာပြောလိုက်မိသည်။ သားက နွားနို့သိပ်ကြိုက်သည် မဟုတ်လား။

■

**ဇင်သန့်**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၉၃၊ သြဂုတ်လ၊ ၁၉၉၄**

www.foreverspace.com.mm

[illegible]

**ဝင်းငြိမ်း**